ပဲခူးမြို့-မင်းကျောင်းဆရာတော်

## ဦးပဏ္ဍိ

ပြုစုစီရင်အပ်သော

# ဧည့ဝတီရာဇဝင်သစ်

## ပါဠိဆရာဦးဖြေ

ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည်။

၁၂၇၁–ခုနှစ်၊ တန်းဆောင်မုန်းလ။
ရန်ကုန်မြို့။

မာတိကာ


| ပုဒ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ဝါသုဒေဝစသော ဒသဘာတိက ညီနောင်တကျိပ်တို့ ဒွါရာဝတီမြို့ကို ပိုက်အုပ်စိုးလျက် ထီးနန်းစံတော်မူသောအကြောင်းအရာကို အရင်းမှုစ၍ ဝတ္ထုနှင့်တကွ ပြခြင်း။ | ၉ |
| ၂ | ဝါသုဒေဝမင်းကြီးသားတော် မင်းသားငယ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ရ-ကဏှဒိပါနရသေ့ကို ပြစ်မှား၍၊ ဝါသုဒေဝမင်းမျိုးတို့ ပျက်စီးသည့်အခြင်းအရာကို ပြဆိုခြင်း။ | ၂၁ |
| ၃ | ရထားစီး၍ထွက်ခွာသွားသော မင်းလေးပါးတို့တွင် ဝါသုဒေဝ-ဗလဒေဝ မင်းနှစ်ပါး လမ်းခရီး၌ သေကြေပျက်စီးသည် အခြင်းအရာကို ပြဆိုခြင်း | ၂၃ |
| ၄ | အဥ္စနဝေဒီနှင့် ပုရောဟိတ်ပုဏ္ဏားကို ဝေသာလီရွှေနန်းကို သိမ်းမြန်းစိုးစံသော အကြောင်းအရာကိုပြခြင်း။ | ၂၄ |
| ၅ | သားတော်ဗြဟ္မသုန္ဒရမင်းသားနှင့် သီရိန္ဒရမင်းသမီးတို့ ဝေသာလီရွှေနန်းကို စိုးစံသည်မှစ၍ ကစ္ဆပနဒီမြစ် အရှေ့ဘက်-အနောက်ဘက် မြို့အမည်ကို ပြခြင်း။ | ၂၆ |
| ၆ | ဝေသာလီမြို့ကို ဘီလူးဝင်စား၍ ပျက်ပြားသောအကြောင်းအရာကို ပြဆိုခြင်း။ | ၃၀ |
| ၇ | ကပိလဝတ်ပြည့်ရှင် အဖ္ဖုနသာကီမင်းကြီး သားတော် မာရယုမင်း-ထီးနန်းစိုးစံတော်မူသော အထုပ္ပတ္တိကို ပြခြင်း။ | ၃၂ |
| ၈ | သင်ထွေးပြည် တကောင်းမြို့မှ- အဘိရာဇာသာကီဝင်မင်းကြီးသားတော် ကံရာဇာကြီးမင်း-ထီးနန်းစိုးအုပ်တော်မူသော အထုပတ္တိကိုပြခြင်း | ၄၁ |
| ၉ | မင်းသီရိရာဇာလက်ထက် အိပ်မက်တော်၏ အထုပ္ပတ္တိကို မင်းဘုန်းစားအမတ်-ပြောင်းမြာစား ဒေဝကျော်အမတ်တို့ လျှောက်တင်ခဏ်းကို ပြဆိုခြင်း | ၄၄ |
| ၁၀ | စန္ဒသူရိယမင်းကြီးမယ်တော် ဝမ်းတိုက်၌-ပဋိသန္ဓေနေသည်မှ မင်းအဖြစ်သို့ ရောက်လတ်သော်၊ အမှူးအမတ်တို့ လျှောက်တင်ခဏ်း၊ ဘုရားရှင်ကို ပင့်ခဏ်း၊ ဘုရားကိုယ်တိုင် ကြွတော်မူလာ၍ သေလာဂိရိကျောက်တော်တောင်ထိပ်၌ ဗျာဒိတ်ကြားတော်မူခဏ်း- မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ဘုရားရှင် ကိုယ်တော်တိုင် သွန်းလုပ်တော်မူသော အထုပ္ပတ္တစသည်ကို အကျယ်ပြခြင်း။ | ၄၆ |
| ၁၁ | မဟာတိုင်း-စန္ဒရားမင်းအစ၊ စူဠတိုင်း-စန္ဒရားမင်းအဆုံး။ စန္ဒရားမင်းကိုးဆက်။ ထိုမင်းတို့လက်ထက်၌ လက်နက်စကြာ အရိန္ဒမာလှံပျံကို သိကြားမင်းဆက်သတော်မူခြင်း၊ ရတနာမိုယ်းရွာခြင်း စသော အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း | ၈၄ |
| ၁၂ | စန္ဒာဒေဝီမိဖုရားနှင့် မြုံမင်းသုံးယောက်တို့ အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း | ၉၆ |
| ၁၃ | စန္ဒာဒေဝီမိဖုရား သားတော်ငပင် ငတုံးမင်း၏ အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။ | ၁၀၁ |
| ၁၄ | စန္ဒကူးမင်းသားတော် ခေတ္တသင်မင်းသားကို ပုဂံပြည့်ရှင် အလောင်းစည်သူကြီး နန်းတင်လာသော အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း | ၁၀၃ |
| ၁၅ | မင်းဘီလူးကို အမတ်သခ်ယာပုန်စားပြီးလျှင်၊ ထီးနန်းစိုးစံသော အထုပ္ပတ္တိကို ပြဆိုခြင်း | ၁၀၄ |
| ၁၆ | မင်းရဲဘယသားတော် လက်ျာမင်းနံကို ပုဂံပြည့်ရှင် အလောင်းစည်သူငယ်မင်း ရက္ခိုင်ပြည်တွင် ထီးနန်းတင်လာသော အထုပ္ပတ္တိကို ပြဆိုခြင်း | ၁၀၆ |

| ပုဒ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၇ | ကောလိယမင်းသားတော် ဒသရာဇာမင်းကြီးလက်ထက်၊ လေးလက်နက်စကြာ ရခြင်းကို အမှူးအမတ်တို့ လျှောက်တင်ခဏ်း။ မဟာမုနိရုပ်ရှင်တော်မြတ် ကွယ်ပျောက်လျှက်နေတော်မူသည်ကို အမတ်ထားပိုင်ကြီးတို့ကိုစေလွှတ်၍ ပင့်ပြီးလျှင်။ သီရိကုဋ္ဋတောင်တော်၌ တန်ဆောင်းတော်ကြီးဆောက်လုပ်၍ လှူဒါန်းခြင်း စသောအထုပ္ပတ္တိကို ပြဆိုခြင်း။ | ၁၀၉ |
| ၁၈ | နေထိမ်းမင်းကြီး၏သားတော် အနလုံမင်းကြီးလက်ထက် အမှူးအမတ်ကြီးတို့ လျှောက်ခဏ်း-သံတော်ခဏ်း စသောမင်း၏အထုပ္ပတ္တိကို ပြဆိုခြင်း | ၁၂၀ |
| ၁၉ | မင်းဘီလူးသားတော် မင်းထီးသက်တော် ကိုးနှစ်အရွယ်က ထီးနန်းတက်တော်မူ သည်မှစ၍- မင်း၏အမိန့်အာဏာ ဘုန်းကျက်သရေကြီးမြင့်ခြင်း၊ မှူးကောင်း မတ်ကောင်းတို့ လျှောက်တင်ခဏ်းစသော အထူးထူးအနည်းနည်း မှတ်သားဘွယ် အခြင်းအရာကို ပြဆိုခြင်း။ | ၁၂၃ |
| ၂၀ | မင်းထီးသားတော် ဝရဓမ္မမင်းလက်ထက်၊ မင်းကျင့်တရားနှင့် မင်း၏အမိန့်အာဏာ မှတ်သားပိုင်းခြားထားသော အခြင်းအရာ အထုပ္ပတ္တိကိုပြခြင်း | ၁၃၀ |
| ၂၁ | ၎င်းသားတော် မင်းစောမွန်လက်ထက် ရက္ခိုင်ပြည်ပျက်၍ အနောက်ဘင်္ဂ ၁၂ မြို့ သို့ ပြောင်းရွှေ့နေထိုင်ရသော အထုပ္ပတ္တိကိုပြဆိုခြင်း။ | ၁၃၄ |
| ၂၂ | ၎င်းညီတော် အလီခင်မင်းလက်ထက် အဝနရပတီကြီးက စစ်နှင့်ရောက်လာသော် လည်း မင်းနှစ်ပါး တရားပြည့်ဝကြသူချည်းဖြစ်၍ မဟာမိတ်ကြီးဖြစ်ကြသော အထုပ္ပတ္တိကိုပြဆိုခြင်း။ | ၁၃၉ |
| ၂၃ | မင်းဗာကြီး နန်းတက်တော်မူသည်မှ ဘုန်းတန်ခိုးအာဏာ ထွန်းတောက်ပ၍ မှူးကောင်းမတ်ကောင်းနှင့် ပြည့်စုံခြင်း စသောအံ့သြလောက်သော အထုပ္ပတ္တိ ကို ပြဆိုခြင်း။ | ၁၄၃ |
| ၂၄ | ၎င်းသားတော် မင်းဖလောင်းကြီးလက်ထက်တော်၌ တိုင်းပြည်စည်ပင် ပြန့်ပွားခြင်း။ ပညာရှိအမတ်လိမ္မာမဟာပညာကျော်စသော မှူးကောင်း မတ်ကောင်းတို့ လျှောက်တင်ခဏ်း စသော ဆန်းဆန်းကြယ်ကြယ်အဓိပ္ပါယ် နက်နဲသော အခြင်းအရာကို ပြဆိုခြင်း။ | ၁၅၄ |
| ၂၅ | ၎င်းသားတော်မင်းရာဇာကြီးလက်ထက်မှာ တိုင်းပြည်အထူးသာယာစည်ပင် သဖြင့် ပဲခူးမြို့ ဟံသာဝတီကို ယိုးဒယားမင်းတိုက်လေရာ ရခိုင်မင်းစစ်ကူလာ၍ ချမ်းသာရခြင်း စသော အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။ | ၂၀၆ |
| ၂၆ | ၎င်းသားတော် မင်းခမောင်း၊ ၎င်းသားတော် သီရိသုဓမ္မရာဇာမင်းတို့၏ အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။ | ၂၁၅ |
| ၂၇ | နရပတိကြီးမင်း လက်ထက်တော်မှစ၍ အမရပူရမြို့တော်သို့ လိုက်သွားရသော မဟာသမ္မတမင်းတိုင်၊ ၂၇-ဆက်သောမင်းတို့၏ အထုပ္ပတ္တိကို လျော်ရာလျော်ရာ ပြဆိုခြင်း။ | ၂၁၉ |
| ၂၈ | မြန်မာမင်းတို့နှင့် အင်္ဂလိပ်မင်းတို့ အချင်းချင်းမသင့်၊ စစ်မက်ကြီးစွာ ဖြစ်ပေါ်လာသော အထုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။ | ၂၅၃ |

# နိဒါန်း

သောင်းစက္ကဝါ။ ဘူသိခရာ။ မြေပထဗျာတွင်။ မဟာပဝရ။ အုလဇ္ဈေ။ ဝိသိဋ္ဌဥက္ကဋ်။ တမွတ်ခေါင်ဖျား။ ဘုရားပစ္စေကာ။ စကြာမန္ဓာတ်၊ မြင့်မြတ်တောက်ထိန်။ တေဇိန္ဒြေ။ တေဇုတ္တမ။ သုံးလောကမျက်ရစ်။ ဓမ္မရာဇ်သခင်။ ဘုရင်ဓိပတိ။ ဝိသုဒ္ဓိနတ်မင်းအစစ်။ ဖြစ်ကြီးဖြစ်တော်မူသော-သကျံစ်မှန်ကူ။ သယမ္ဘူနေနတ်။ ဘုရားကိုယ်တော်မြတ်တို့။ ကိန်းဝပ်ထွန်းလင်းရာ။ လက်ျာအငူ၊ ကျွန်းဇမ္ဗူတွင်။ ပြိုင်တူမရ။ မဇ္ဈိမဗဟိုဋ္ဌ။ ရာဇဂြိုဟ်သာဝတ္ထိ။ နိုင်ငံကြီးအဝဝ။ သောဠသအဝင်ပါ။ မဟာဝိဟိတ။ ရက္ခပူရီ၊ ဓညဝတီ ရွှေပြည်တော်ကြီးကို။ ဘုန်းမီးတေဇာ၊ အာဏာမိန့်ချက်။ ကနက်ထီးဖြူ။ ဥကသ်ဘွင့်တော်မူသော။ ဥဏ္ဏဂူနေနတ်။ သမ္မုတိမင်းမြတ်တို့၏။ ဝံသန္ဓယ်လာ။ မဟာသမ္မတ။ မင်းမှစ၍။ အသမ္ဘိန္န။ ခတ္တိယနွယ်ရိုး။ ဘေးဘိုးဆင်းသက်။ နွယ်မပျက်ဘဲ။ ဆက်လက်စပ်ကာ။ အစဉ်လာခဲ့ရာ။ အသိတဥ္စနပြည်ကြီးရှင်-မဟာကံသ မင်းကြီးသမီးတော် ဒေဝဂဗ္ဘာမင်းသမီး၏ ရင်သွေးသည်းချာ။ ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ သဇ္ဇုန၊ ဃတပဏ္ဍိတ၊ အင်္ကုရဟူ၍၊ ဒသဘာတိက၊ တေဇထွန်းပြောင်၊ မင်းညီနောင်တကျိပ်တို့၊ ဘုန်းရိပ်ရှိန်ဇော်၊ စက်လက်နက်အာဏာတော်ဖြင့်၊ အမော်ကျွန်းငူ၊ ဇမ္ဗူလက်ျာ၊ ကျွန်းအောင်ချာကို၊ အာဏာဘုန်းရောင်၊ တန်းခိုးပြောင်လျက်။ တောက်လောင်ထွန်းလင်းစဉ်ခါ။ ဒွါရာဝတီ။ ခွန်ဆီပြည့်ဖြိုးသော သံတွဲမြို့ကြီး၌။ ရွှေထီးရွှေနန်းစိုက်ဆောက်တော်မူပြီးလျှင်။ ဇမ္ဗူဒီပါ လက်ျာတရိုးကို အုပ်စိုးတော်မူလေသည်။ ထိုမင်းညီနောင်တကျိပ်တို့ နတ်ရွာစံတော်မူပြီးသည်နောက် နှမတော် အဥ္စနဒေဝီ-ဖြပ္ပသုန္ဒပုရောဟိတ်ပုဏ္ဏားတို့၊ ဓညဝတီ-ဝေသာလီရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူပြန်သည်။ ထိုအဥ္စနဒေဝီ-ပုဏ္ဏားမင်းကြီးတို့ နတ်ရွာစံလွန်တော်မူသည်မှ သားတော်အစဉ်-မြေးတော်အဆက်-မြစ်တော်အညွန့်၊ အစဉ်ထွန်းလျက်လာခဲ့ရာ။ တရံရောအခါ၊ ဘီလူးဘေးဖြစ်ပေါ်လာ၍ ဝေသာလီပြည်ပျက်စီးနေသည်ကို သိကြားမင်းကိုယ်တိုင် လက်နက်ငါးပါးနှင့် မာရယုမင်းသားကို မြှောက်စားချီးမြှင့်တော်မူ၍ ဘီလူးဘေးကင်းလတ်သော်၊ ဝေသာလီပြည်၌ သာကီဝင်အဥ္စုနမင်းဆက်-မာရယုမင်း ရွှေနန်းတက်တော်မူသည်။ ထိုမာရယုမင်းနန်းတက်သည်မှစ၍၊ အသမ္ဘိန္နခတ္တိယ၊ အာဒိစ္စနွယ်ဝင်၊ သာကီဝင်မင်းတို့၏ သားမြေးစဉ်ဆက်၊ ငါးဆဲ့လေးဆက်မြောက်တွင်။ သာကီဝင်မာရယုမင်း၏ အနွယ်တော်-နွမ်းလျော် ကွယ်ပျောက်လေသော်။ နိဇဂ်လမင်းတို့ လေးနှစ်နှင့်ရှစ်လမြောက်။ ထီးနန်းအစဉ် ပျက်စီးစဉ်အခါ၊ သင်းတွဲပြည်မှ-မဟာအဘိရာဇာ သာကီဝင်မင်းကြီး၏ သားတော်ရင်း သည်းချာ-ကံရာဇာကြီးလာ၍၊ ရှေးဦးစွာ ဓညဝတီရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူလေသည်။ ထိုသာကီဝံသနွယ်လာ-ကံရာဇာဘုရင်မင်းကြီးသည်။ ရွှေထီးရွှေနန်း သိမ်းမြန်းပိုက်ထုပ် စိုးအုပ်တော်မူသည်ကစ၍။ အာဒိစ္စဝံသ။ အသမ္ဘိန္န၊ ခတ္တိယနွယ်တော်လာ သီရိသုဓမ္မရာဇာမင်းတိုင်အောင်။ ဘုန်းရောင်ထွန်းလင်း။ သာကီဝင်မင်းပေါင်း။ တရာ့သုံးယောက်မြောက်။ မိုးအောက်တပြင်။ ထက်ကောင်းကင်အဝန်းမှာ။ အာဏာစက်အမိန့်တော်ချလျက်။ ဤရက္ခပူရီ၊ ဓညဝတီရွှေနန်းကို၊ သိမ်းမြန်းစိုးစံတော်မူသောအခါ၊ အသမ္ဘိန္န၊ ခတ္တိယနွယ်ပွား၊ စန္ဒသူရိယစသော မင်းကောင်းမင်းမြတ်များတို့သည်။ ဒသရာဇဓမ္မ-သင်္ဂဟလေးပါး-မင်းကျင့်တရား၌ ကောင်းစွာတည်ကြသဖြင့်။ ဤရက္ခပူရတိုင်းသည် ရာမညတိုင်း-သီရိခေတ္တတိုင်း-ဇေယျာဝဓနတိုင်း-တမ္ဗဒီပတိုင်း-ကမ္ဗောဇတိုင်း စသော အတိုင်းတိုင်း-အပြည်ပြည် မင်းနေမြို့ဟူသမျှတို့ထက်။ အလွန်အကျူး အထူးကြီးကျယ်သော မြို့ပြခရိုင်နိုင်ငံကြီးဖြစ်သဖြင့် ထိုစန္ဒသူရိယစသော မင်းကောင်းမင်းမြတ်တို့သည်၊ စိုးကွပ်အုပ်ချုပ်မင်းလုပ်စဉ်အခါ၊ အမျုးအမတ်၊ အတတ်လိမ္မာ။ ပညာသတိ။ သိဒ္ဓိဝိဇ္ဇာခိုရ်တို့။ ပြည်ကျော်တိုင်းသိ။ ကဝိတန်းခွန်။ ဟာသ-ဇဝန-တိက္ခ-ဂမ္ဘီရဉာဏ်။ ထက်သန်မြော်မြင်။ တိုင်းလုံးမော်သော မဟာကျော်အမတ်။ ဥတ္တမကျော်အမတ်။ ဝိခုရ်အမတ်။ ကဝိကျော်အမတ်။ ပြောင်းမြာစား ဒေဝကျော်အမတ်၊ မင်းတုန်းစားဝိမလအမတ်။ ဓမ္မဇေယျအမတ်။ ပညာဝံသအမတ် စသော အမျုးအမတ်ကြီးတို့။ ပြည့်ရှင်မင်းကြီးထံ သံတော်ဦးလျှောက်တင်ခဏ်း စသော ထုံးဥပဒေသက်သေဝတ္ထု၊ အစုစုသော ဓမ္မပဒေသ။ ဝစနာလင်္ကာရ၊ ဝစသောဘဏ၊ ဉာဏအဆီ။ ဂမ္ဘီနက်နဲ။ လွန်ခက်ခဲသော အမေးပုစ္ဆာ အရာတို့ကို။ ရှစ်သောင်းလေးထောင်။ နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်းကို။ ထွင်းဘောက်လှန်ပြန်ခါ။ မြေဆီသြဇာကို။ ထုတ်ယူကာပြသကဲ့သို့။ သိမ်မွေ့နက်နဲ။ ခဲခက်သောအရာများကို။ ပြည့်ရှင်မင်းတရားတို့၏ အထံ၌။ မကြောက်မရွံ့၊ ကိုယ့်အသက်ကို စွန့်လျက်။ လျှောက်တင်ခဏ်း စသောနည်းအလုံးစုံကို။ သိမ်းကျုံးပြီးခါ။ ဤဓညဝတီရာဇဝင်သစ်မှာ။ လျော်စွာထည့်သွင်းလျက်။ လွယ်လင့်တကူ။ ကြည့်ရှုဘတ်ရွတ်နိုင်ရန်။ ဂဏန်းစဉ်ဖြင့် ပြထားပြီးခါ၊ ဤမင်းတရားလက်ထက်တော်၌။ ဤသို့ခေါ်ဝေါ်အပ်သော အမတ်ပညာရှိဟု မိမိရရ၊ အမည်နာမကို။ ကြေးမုံဝအပြင်တွင်။ တင်၍ပြသော မျက်နှာရိပ်ကဲ့သို့၊ ဤဓညဝတီရာဇဝင်သစ်တွင်။ ထုတ်ဘော်၍ပြခြင်း။ သာကီနွယ်ဝင်။ သီရိသုဓမ္မရာဇာမင်းတရား နတ်ရွာလားပြီးနောက်၊ လောင်းကြက်စား-

ငကုသလအမတ်မင်းကြီး၊ ဓညဝတီရက္ခိုင်ပြည်မြောက်-ဥရွှေမြို့တော်ကြီးကို။ စိုးအုပ်ပိုင်နင်း မင်းပြုတော်မူလေသည်။ ယင်းကစ၍ မဟာသမ္မတရာဇာမင်းတိုင်ရောက်။ နှစ်ဆဲ့ခုနစ်ဆက်မြောက်။ နိဇင်္လသာကီဝံသ မဟုတ်သော မင်းမျိုးတို့ စိုးအုပ်ပိုင်နင်းတော်မူလေရာ။ မင်းနှင့် မှူးမတ်တရားလွတ်ကြသဖြင့်၊ တစ်နေ့တစ်ခြား၊ တစ်လတစ်ပါး၊ တစ်နှစ်တစ်မျိုး၊ ဘုန်းတော်၊ ကြက်သရေတော်၊ တိုင်းနိုင်ငံအရေးသည်။ တဖြေးဖြေး အားနည်းသေးသိမ်။ တန်းခိုးမှိန်၍။ အရောင်အရှိန် မထွန်းလင်းသော၊ လမင်းနေမင်းပမာ။ တိုင်းနိုင်ငံယုတ်လျော့ အားငယ်လျက်ရှိစဉ်အခါဝယ်။ သီရိပဝရဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇဓိရာဇာ၊ တံဆိပ်နာမကို ခံတော်မူသော အမရပူရ-ပဥမမြို့တည်-အင်းဝ ရွှေနန်းရှင် ဘိုးတော်မင်းတရားကြီးသည်။ ရက္ခိုင်ပြည်မြောက်ဦးမြို့ ရွှေနန်းတော်ကို သိမ်းမြန်းတော်မူလေသည်။ ယင်းက စ၍ ယခုငါတို့လက်ထက်ကျအောင် မင်းဆက်ကင်းပြတ်ရှိသည်မှာ။ တစ်ရာနှစ်ဆဲ့ငါးနှစ်ရှိပေသောကြောင့်၊ နောင်လာနောက်သား မျိုးလေးပါးတို့သည်။ ရှေးရှေးပဝေဏီ။ ဓညဝတီတိုင်းပြည်ကြီး၌။ မကိုင်၌ဦးစွန်း။ ထီးနန်းစိုးစ •တော်မူသော။ ရက္ခိုင်ပြည်ရှင်။ သမ္မုတိနတ်မင်းတို့၏ တန်ခိုးတေဇာ၊ အာဏာလက်ရုံး၊ ဘုန်းကြက်သရေတော်၊ ကြီးမြင့် တော်မူသည်ကို၊ မကြားမနာဘူးပါက။ ငါတို့၏တိုင်းပြည်၌၊ ဤကဲ့သို့သာ ဖြစ်တန်ရာသတည်းဟု-ရှေးရှေးကာလကိုမမြင်။ ယခုမျက်မှောက် အထင်နှင့်။ နှလုံးသွင်းမမှားရအောင်။ မေတ္တာကရုဏာစိတ်ကို ရှေးဆောင်ပြီးလျှင်။ ရမ္မဝတီမြို့မ၏ အရှေ့ဘက်မျက်နှာ။ တမိုင်ခန့်ကွာဝေးသော။ ကြက်သရေရွာတွင် ဘွားသန့်စင်ပြီးမှ။ အသက်တစ်ဆဲ့ခြောက်နှစ်မြောက်။ ရတနာပုံ နေပြည်တော်-မန္တလေးရွှေမြို့တော်သို့ ရောက်၍။ အခေါက်ခေါက် အဘန်ဘန်။ ပိဋကတ်ကျမ်းဂန်တို့ကို။ ဆရာတော် ဘုရားကြီးတို့၏ အထံဝယ်။ နည်းနာနိဿယခံ၍ ပြန်လည်ခဲ့ရာ။ ဟံသာနဂရ။ ပဲခူးမြို့မအရှေ့မျက်နှာ။ မင်္ဂလာသမိုက်။ မင်းကျောင်းတိုက်တွင်။ လေးအင်ယာပထ။ မျှတမွေ့လျော် ပျော်စဉ်အခါ၊ ရှေးရှေးသော ဆရာပဏ္ဍိ။ ကဝိတစ်ဆူပြုတော်မူကြသော ပုဂ္ဂိုလ်ကျော်တို့၊ ရေးသားစီရင်အပ်သော ဓညဝတီရာဇဝင်သမိုင်း-ကျောက်ရိုး အရေးတော် ပုံ စသော ရှေးရာဇဝင်ကျမ်းဟောင်း အစောင်စောင်တို့သည်။ ရက္ခိုင်လူမျိုးတို့ပြောဆိုသော စကားသို့ အစဉ်လိုက်၍ ရေးသားလျက် ရှိလေရာ။ ၎င်းကျမ်းစာစကားကို။ မြန်မာတလိုင်း အမျိုးသား-အချို့သော ရက္ခိုင်တိုင်းသားတို့သည်။ ဘတ်ရွတ်ကြည့်ရှု ခြင်းငှာ လွန်စွာခဲယဉ်းသည်ကိုလည်းကောင်း။ အက္ခရာပုဒ်ပါဌ်-အသတ်-အဖြတ်- အစပ်အဟပ်- ယွင်းချွတ်ရှေးနောက်-အဘောက်ဘောက်အပြန်ပြန် အဓိပ္ပါယ်အမှန်ယူနိုင်ရန် မရှိသည်ကိုလည်းကောင်း။ အောက်မေ့ဆင်ခြင်မိသဖြင့်။ ဤရက္ခပူရီ ဓညဝတီရာဇဝင်တော်ကြီးသည်။ အချည်းနှီးပျက်စီးရပေတော့မည်တကားဟု ယောနိသော၊ နှလုံးထားပြီးခါ၊ ရာဇဝင်-သမိုင်း-ကျောက်ရိုး-အရေးတော်ပုံ စသော ကျမ်းအစောင်စောင်ကိုရှာ၍၊ ၎င်ကျမ်းစာအရပ်ရပ်တို့၌ ညီညွတ် သောအရာကိုယူ၍။ မညီညွတ်သောစကားတို့ကို ပယ်ရှားပြီးလျှင်။ စကားသွားသန့်စင်အောင်- ဂဏန်းပုံပြင်နှင့် ထားပြီး မှ။ အစောင်စောင်သောကျမ်းတို့နှင့် ထောက်လှမ်းနှိုင်းဆ။ ခု-နှစ်-သက္ကရာဇ်ကျန၊ အဓိပ္ပါယ်သွားလှပအောင်။ ဓညဝတီ ရာဇဝင်သစ်ကို ပြုပြင်ရေးသားပေသတည်း။

# ဉာဏ၀တီရာဇ၀င်သစ်

ပဏာမ။

(၁) ဇယံ ဒါနံ ဇယေသီနံ၊ ဇယုဿဝံ ဇယဒ္ဓဇံ။
ဇယပါနံ ဇယန္တာနံ၊ ဇယာတီတံ ဇယံနမေ။ ။
(၂) သုခါရက္ခံ သုခေသီနံ၊ သုခံသာရံ သုခတ္တယံ။
သုခါ၀ဟံ သုခတ္ထီနံ၊ သုခါမတံ သုခံနမေ။ ။
(၃) ဂုဏေဟိ ယော သီလာဒီဟိ၊ ယုတ္တော ခေတ္တံ သုခေသိနံ။
ဝန္ဒေတံ အရိယသံဃံ၊ နိရင်္ဂဏံ ဂဏုတ္တမံ။ ။
(၄) ဇဝံ မေ နမသာနေယျံ၊ ဝန္ဒိတာ ရတနတ္တယံ။
ပုညာဘိသန္ဒံ ယံ လဒ္ဓံ၊ တဿတေဇေန သောသေတွာ။
ဥပဒ္ဒဝေ အသေသတော။
(၅) ပေါရာဏကရာဇဝံသံ၊ ဒုန္နိက္ခိတ္တပဒက္ခရံ။
နဋ္ဌဝိပလ္လာသံ ဒိသွာ၊ နစေကတော နသောဘဏော။ ။
(၆) တသ္မာ ကရိဿာမိသုဘံ၊ သုသုန္ဒရပဒက္ခရံ။
နဝရာဇဝံသဂန္ထံ၊ ပရိပုဏ္ဏသုသောဘဏံ။ ။

ဤခြောက်ဂါထာတို့တွင်။ ရှေးသုံးဂါထာအစဉ်ဖြင့်။ ရတနတ္တယပဏာမ-ပဏာမိတဗ္ဗ-ပဏာမဟေတု-ဤသုံးပါးတို့ကို ပြတော်မူ၏။ နောက်ဆုံးဂါထာသုံးရပ်တို့တွင်။ ရှေးဖြစ်သော ပဉ္စမဂါထာဖြင့် ပဏာမပယောဇဉ်ရှိခိုးခြင်းစေတနာ၏ အကျိုးကို ပြတော်မူ၏။ နောက်ဆုံးဂါထာနှစ်ရပ်တို့ဖြင့် ပဋိညာ-ပဋိညာတဗ္ဗ-ကရဏပ္ပကာရ-ပကရဏာဘိဓာန-ဤလေးပါးတို့ကို တိုက်ရိုက်အားဖြင့် ပြတော်မူ၏။ သညာ-နိမိတ်-ကတ္တား အနုသင်္ဂီကပယောဇဉ်-ဤလေးပါးတို့ကို ဖလျပစာရတ္ထအားဖြင့် ပြတော်မူ၏။ ။

အဟံ၊ ငါသည်။ ဇယေသီနံ၊ တထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူအပေါင်းကို အောင်မြင်တတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော အောင်ဆုကို တောင့်တသဖြင့် ရှာကုန်သော လူနတ်ပြဟ္မာသတ္တဝါတို့အား။ ဇယံ၊ အောင်တတ်သော အရဟတ္တမဂ်ဉာဏ်၏ အကြောင်းဖြစ်သော အောင်ဆုမင်္ဂလာကို။ ဒါနံ၊ ဒေသနာဉာဏ်-ပါဋိဟာရိယဉာဏ်အစရှိသည်တို့ဖြင့် နတ်လူပြဟ္မာဝေနေယျတို့အား ပေးသနားတော်မူတတ်သော။ ဇယုဿဝံ။အောင်ရာအောင်ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော အောင်ပွဲသဘင်လည်း ရှိတော်မူထသော။ ဇယဒ္ဓဇံ၊ အောင်ညွန့်လူလူ၊ အောင်သူတကာတို့ ထက်မြက်သော အောင်ပန်းဖြစ်သော သဗ္ဗညုတဉာဏ်တည်းဟူသော အောင်တန်းခွန်ကို စိုက်တော်မူသော။ ဇယန္တာနံ။ အောင်ခြင်း၏အဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ရထိုက်ကုန်သော သူတို့အား။ ဇယပါနံ၊ အောင်ဆုဟုဆိုအပ်သော-မဂ္ဂင်ရှစ်ပါးတည်းဟူသော အဖျော်ကု သောက်စေတတ်ထသော။ ဇယာတီတံ၊ အောင်အပ်သော ကိလေသာတည်းဟူသော ရန်သူတို့ကို အောင်သဖြင့် လွန်ပြီးသောနိဗ္ဗာန်ရှိတော်မူထသော။ ဇယံ၊ နတ်နှင့်တကွသော လူအပေါင်းတို့တွင်။ အောင်ခြင်းမင်္ဂလာဖြင့် အတုမရှိသော ဇယမင်္ဂလာကြီးဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမေနမာမိ၊ ရှိခိုးပါ၏။ ။ (ဗုဒ္ဓပဏာမ)။

အဟံ၊ ခန္ဓာငါးခု-ရုပ်နာမ်စုကို-သမုတ်ပညတ်-ငါဟုခေါ်ဝေါ်အပ်သောငါသည်။ သုခေသီနံ၊ ခပ်သိမ်းသော ဝဋ်ဒုက္ခတို့မှ ထွက်မြောက်ခြင်းကို တောင့်တသဖြင့် ချမ်းသာကိုရှာကုန်သော လူနတ်ပြဟ္မာသတ္တဝါတို့အား သုခါရက္ခံ၊ ချမ်းသာကိုပေးသဖြင့် စောင့်ပေတတ်ထသော။ သုခံသာရံ၊ မဘောက်မပြန်သဖြင့်၊ အမြဲချမ်းသာခြင်းအနှစ်သာရ ရှိတတ်သော။ သုခတ္တယံ၊ လူချမ်းသာ-နတ်ချမ်းသာ-နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာသုံးပါးကို။ သုခတ္ထီနံ၊ ချမ်းသာ သောသဘောဖြင့် ကောင်းသောကုသိုလ် ကမ္မပထတရားဆယ်ပါး၌ လေ့ကျက်သဖြင့် ချမ်းသာကို အလိုရှိသော သူတို့အား၊ သုခါ၀ဟံ၊ ချမ်းသာသုံးပါးကို ရွက်ဆောင်ပေတတ်ထသော။ သုခါမတံ၊ ချမ်းသာသဖြင့် သတ္တဝါအပေါင်းတို့အား အမြိုက်ဆေးသဖွယ် ဖြစ်ထသော။ ချမ်းသာသော မင်္ဂလာဟူသမျှတွင်၊ အတုမရှိသော သုခမင်္ဂလာဖြစ်သော တရားတော်ကို။ နမေနမာမိ။ ရိုသေမြတ်နိုးရှိခိုးပါ၏။ ။ (ဓမ္မပဏာမ)

ယောအရိယသံယော၊ အကြင်မဂ္ဂဋ္ဌာန်-ဖလဋ္ဌာန်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသင်္ဃာတော်မြတ်အပေါင်းသည်။ သီလာဒီဟိ၊ သီလအစရှိကုန်သော။ ဝါ-သီလ-သမာဓိ-ပညာ-ဝိမုတ္တိ-ဝိမုတ္တိဉာဏ ဒဿနအစရှိကုန်သော။ ဂုဏေဟိ၊ ကျေးဇူးအပေါင်းတို့နှင့်။ ယုတ္တော၊ ယှဉ်ထသော။ သုခေသီနံ၊ သုခဇသီနံ၊ လူနတ်နိဗ္ဗာန်-သုံးတန်ထွတ်ချာ- မြတ်ရတနာကို ရှာကြံဆည်းပူးလျက်ရှိကြကုန်သော နတ်လူပြဟ္မသတ္တဝါတို့၏။ ခေတ္တံ၊ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ထသော။ နရင်္ဂဏံ၊ အပါယ်လားကြောင်း မကောင်းမှုတည်းဟူသော ကိလေသာအညစ်အကြေးလည်း ကင်းစင်ထသော။ ဂဏုတ္တမံ၊ နုတ်အပ်ပြီးသော အဝိဇ္ဇာမောဟလည်း ရှိထသော၊ ဝါ၊ ကျော်စောသော ပုထုဇဉ်သာမည ပုဂ္ဂိုလ်တို့ထက်-အထူးသဖြင့် ကျော်စောထသော။ တံအရိယသံဃံ၊ ထိုမဂ္ဂဋ္ဌာန်-ဖလဋ္ဌာန်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသင်္ဃာတော်မြတ်အပေါင်းကို။ အဟံ၊ ခန္ဓာငါးဝ-နာမ်ရုပ်မျှကို-ကိုယ်ဟုသမုတ်-အကျွန်ုပ်သည်၊ -ဝန္ဒေဝန္ဒာမိ၊ ကာယဝစီ၊ မနောမှီလျက်၊ သုံးလီဒွါရ၊ ပဏာမဖြင့်၊ တုပ်ကွရိုကျိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏။။
။(သံဃပဏာမ)။

ဧဝံ၊ ဤသို့ရတနာမြတ်သုံးပါးတို့အား ရှိခိုးပူဇော်ရသောကောင်းမှုစေတနာဖြင့်၊ နမဿနေယျံ၊ ရှိခိုးပူဇော်အပ်ပူဇော်ထိုက်သော။ ရတနတ္တယံ၊ လူသုံးပါးတို့ အထွတ်ရတနာမြတ်သုံးပါးတို့၏ အပေါင်းကို။ ဝန္ဒတာ ဝန္ဒန္တေန၊ ရှိခိုးပူဇော်ခြင်းကိုပြုသော။ မေမယာ၊ ငါသည်၊ ယံပုညာဘိသန္ဒံ၊ အကြင်ပဏာမကုသိုလ်အယဉ် ကုသိုလ်အစုကို။ လဒ္ဓံ၊ ရအပ်အားထုတ်အပ်ပြီ၊ တဿပုညဿ၊ ထိုရတနာမြတ်သုံးပါးအား ရှိခိုးပူဇော်ရသော ပဏာမကောင်းမှုစေတနာ၏။ တေဇေန၊ တန်းခိုးတေဇော်အာနုဘော်ဖြင့်။ ဉပဒ္ဒဝေ၊ ထွင်းပသန္တာန်-အန္တရာယ်ဆိုး- ဘေးဉပဒ္ဒဝေါတို့ကို။ အသေသတော၊ အကြွင်းမဲ့။ သောသေထွာ၊ ကုန်ခမ်းသွေ့ခြောက်စေ၍။ ။(တသ္မာကရိဿာမိဠ်စပ်)။ ။ ဒုန္နိက္ခိတ္တပဒက္ခရံ၊ အရေးအသားအစီအကုံးမှား၍-ချွတ်ချော်တိမ်းပါး၊ မကောင်းသဖြင့် ထားအပ်သော ပုဒ်အက္ခရာ ရှိထသော။ နဋ္ဌဝိပလ္လာသံ၊ နောက်ပြန်ရှေ့ရောက်-ဦးစောက်ပြောင်းပြန် -ပုံဟန်မယွင်း၊ ဘောက်ပြန်ခြင်းကြောင့်၊ ချွတ်ယွင်းပျက်စီးသော ပုဒ်အက္ခရာဝါကျလည်း ရှိထသော။ ပေါရာဏက ရာဇဝံသံ၊ ပညာရှိသူ- ကဝိမူသော ရက္ခပူရ၊ ရက္ခိုင်တိုင်း ဆရာကြီးတို့ပြုစုအပ်သော ရှေးရာဇဝင်ဟောင်း-သမိုင်း-အရေးတော်ပုံ-ကျောက်ရိုးစသောကျမ်းကို။ ဒိသွာ၊ တွေ့မြင်ကြည့်ရှုရ၍။ ဝါ၊ တွေ့မြင်ကြည့်ရှုရသောကြောင့်။ နဝရာဇဝံသ ဂန္ထံ၊ အသစ်ဖြစ်သော ရာဇဝင်ကျမ်းကို။ မေမယာ၊ ငါသည်။ (မေမယာကား ထည့်ပုဒ်တည်း)။ စေနကတော၊ အကယ် စင်စစ် မရေးသား-မစီရင်-မပြုပြင်လိုက်သည်ဖြစ်အံ့။ ယသ္မာ၊ အကြင်ကြောင့်။ နသောတဏော၊ မကောင်း၊ ဝါ၊ မတင့်တယ်။ မလျောက်ပတ်။ ။ တသ္မာ၊ ထို့ကြောင့်။ သုဘံ၊ အနက်သဒ္ဒါသချာရှေ့နောက်-မဘောက်မယွင်းပြည့်စုံခြင်းကြောင့်၊ ကောင်းခြင်းအထူးနှင့်လည်း ပြည့်စုံထသော။ သုသုန္ဒရပဒအက္ခရံ၊ မှားသောအက္ခရာပုဒ်ပါဌ်-အစပ်အသတ်-အစီအစဉ် ဟူသမျှကို ပယ်ချဖျက်ဆီးလျက်၊ အစီအစဉ် အသတ်အစပ်-ပုဒ်ပါဌ်အက္ခရာတို့ကို မှန်စွာကျနထည့်သွင်း၍ ပြုစီရင်ရသဖြင့် သာသနာကြည့်ရှုကြသူ-ရှင်လူအပေါင်း တို့၏ စက္ခုဒွါရစသည်၌ တင့်တယ်လျောက်ပတ်၊ အလွန်ကောင်းမြတ်သော၊ ပုဒ်အက္ခရာလည်း ရှိထသော၊ ပရိပုဏ္ဏသုဘောဘဏံ၊ မင်းစဉ်မပျက်-ဂဏန်းကွက်မမှား၊ ဝါသုဒေဝ၊ ဒွါရဝတီ-ထီးနန်းတည်စဉ်ကို အစချီလျက်၊ ဧည္ဝတီမင်းဆက်ပြတ်ကင်းတိုင်ရောက်အောင် ပြဆိုခြင်းကြောင့်။ တနည်းကား။ မင်းစဉ်မပျက်-ဂဏန်းကွက်မယွင်း-ရက္ခပူရပြည်ရှင်ဘုရင်တရားတို့နှင့်၊ အမတ်ကြီးဝိမလ-ပြောင်းမြစား ဒေဝကျော်-မဟာပညာကျော်စသော မျုးတော် မတ်တော်တို့လျှောက်ချက်တင်ခဏ်း စသောစကားလမ်းအသွယ်သွယ်-ပရိယာယ် အဖြာဖြာ-ဝစနာလင်္ကာရ-အဖုံဖုံ-ဉပမာနည်းမျိုးစုံတို့နှင့်တကွ- သုဒုဒ္ဒသ-သုနိပုဏ-ဂမ္ဘီရတ္ထဖြစ်သော တရားအထုံး တရားအဘွဲ့ ခက်ခဲနက်နဲသော အရာများကို၊ ဝဇိရဉာဏ်သွားဖြင့်-ပိုင်းခြားပြီးပြတ်စီရင်အပ်သော အချက်အလက်-အဓိပ္ပါယ်ထွက်စကားကျ-သဘာဝဂမ္ဘီ-ဉာဏ်အဆီပြည့်သျှမ်းသော ဤရာဇဝင်သစ်ကျမ်းကို၊ မှတ်နာခံသမျှသူ-ရှင်လူအပေါင်းတို့အား၊ အလွန်အကဲ နက်နဲကောင်းမြတ်-ခဲကတ်သောပုဒ်ပါဌ်အက္ခရာ သဒ္ဒါဗျဉ္ဇနတို့နှင့်တကွ ထက်ဝန်းကျင်ပြည့်စုံခြင်းကြောင့်။ တင့်တယ် ကောင်းမြတ်။ ထက်ဝန်းကျင်ပြည့်စုံစေအပ်သော စကားရပ်-စကားနက်-စကား ခက်ဆစ်လည်း ရှိထသော။ နဝရာဇ ဝံသဂန္ထံ၊ ရက္ခပူရီ-ဌာနီအုပ်စိုး- နေမင်းမျိုးတို့၏ နွယ်တော်ဝံသ အစဉ်ကိုပြရာပြကြောင်း သိစေရာသိစေကြောင်း ဖြစ်သော ဧည္ဝတီရာဇဝင်ကျမ်းသစ်ကို။ ကရိဿမိ၊ ပြုစီရင်ပေအံ့သတည်း၊

--------------***---------------

## ၁–ဝါသုဒေဝ စသောဒသဘာတိက ညီနောင်တကျိပ်တို့ ဒွါရာဝတီမြို့ကို ပိုက်စိုးအုပ်လျက်၊ ထီးနန်းစံတော်မူသော အကြောင်းအရာကို အရင်းမှစ၍ ဝတ္ထုနှင့်တကွ ပြခြင်း။

လူတို့အသက် နှစ်သောင်း နေရသောကာလ။ ဥတ္တရ မဓုရ အမည်ရှိသောပြည်၌ သာဂရဒေဝ အမည်ရှိသော မင်းသည် ဖြစ်လတ်၍။ တန်းခိုးလက်ရုံး၊ ဘုန်းအာဏာတော် အရည်အသွေးနှင့် ပြည့်စုံ၏။ ထိုသာဂရဒေဝမင်းကြီး၌ မဟာသာဂရဟူသော သားတော်တစ်ပါးရှိသတတ်၊ ခမည်းတော် လွန်လေလျှင်၊ ခမည်းတော်၏ရိုက်ရာတော်ဖြစ်သော ထီးနန်းစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမဟာသာဂရမင်းကြီး၌ သာဂရ ဥပသာဂရဟူသော သားတော်နှစ်ပါး ရှိသတည်း။

ထိုအခါဝယ်၊ ဥတ္တရာပထတိုင်း အသိတဥ္စနပြည်တွင်လည်း၊ မဟာကံသမည်သော မင်းကြီးသည် မင်းပြု၏။ ထိုမဟာကံသမင်းကြီးအား ကံသ, ဥပကံသ,ဟူသော သားတော်နှစ်ယောက် ရှိကုန်၏။ ဒေဝဂဗ္ဘာဟူသော သမီးတော် တစ်ယောက်ရှိ၏။ ထိုဒေဝဂဗ္ဘာမင်းသမီးကို ဖွားသောနေ့၌ပင်၊ နိမိတ်ဘာသ်ဖတ်ကုန်သော ပုဏ္ဏားတော်တို့သည်။ ဤမင်းသမီးဝမ်းတွင် ဖြစ်လတ္တံ့သော သားတကျိပ်တို့သည် ကံသမင်း၏အနွယ်ကို ဖျက်ဆီးကုန်လတ္တံ့ဟု မဟာကံသ မင်းကြီးအား လျှောက်ကြားကုန်၏။ မဟာကံသမင်းကြီးသည် ပြင်းစွာချစ်ခြင်းကြောင့် သမီးတော်ကို ဖျက်ဆီးခြင်းငှါ မတတ်နိုင်၊ မောင်တော်တို့သည် မသိကုန်လတ္တံဟု၊ စိတ်ကိုဆောက်တည်၍၊ မဟာကံသမင်းကြီးသည် နတ်ရွာလားလေ၏။

ထိုမဟာကံသမင်းကြီး နတ်ရွာလားသည်ရှိသော်၊ သားတော်ကြီးကံသမင်းသည် မင်းပြု၏။ ညီတော် ကံသမင်းသည် အိမ်ရှေ့မင်းဖြစ်၏။ ထိုညီတော် နောင်တော်တို့သည် ကြံကြကုန်၏။ ငါတို့နှမတော် ဒေဝဂဗ္ဘာမင်းသမီးကို အကယ်၍ ဖျက်ဆီးကုန်အံ့။ ကဲ့ရဲ့ခံရသည် ဖြစ်ကုန်လတ္တံ့။ ထိုကြောင့် နှမတော်ကို တစုံတယောက်သောမင်းအား မပေးမူ၍၊ လင်မရှိသည်ကိုပြု၍ စောင့်ရှောက်ကုန်အံ့ဟု-ကြံကြကုန်၏။ ကြံပြီး၍၊ ထိုမောင်တော်နှစ်ပါးတို့သည်၊ တစ်ခု သော တပင်တိုင်နန်းပြာသာဒ်၌ နေစေကုန်၏။ ထိုမင်းသမီး၏ အလုပ်အကျွေးအစောင့်အရှောက်သည် နန္ဒိဂေါပါလာ အမည်ရှိ၏။ ထိုနန္ဒိဂေါပါလာ၏လင်ဖြစ်သော အဏ္ဍကဝေဏ္ဍုမည်သောကျွန်သည် စောင့်ရှောက်ခြင်းကို ပြု၏။

ထိုအခါ၌၊ ဥတ္တရမဓုရပြည်ဝယ်၊ ဥပသာဂရမည်သော အိမ်ရှေ့မင်းသည် နောင်တော်သာဂရမင်းကြီး၏ နန်းတွင်း၌ ပြစ်မှား၍။ နောင်တော်ကို ကြောက်ရွံ့သည်ဖြစ်၍ ထွက်ပြေးပြီးလျှင်။ ကံသမင်းမျိုးတို့၏ သုံးဆောင်ရာနေရာ ဖြစ်သော အသိတဥ္စနမြို့၌၊ အိမ်ရှေ့မင်း ဥပကံသအထံသို့ သွားလေ၏။ ထိုအိမ်ရှေ့မင်း ဥပကံသည်၊ ထိုဥပသာဂရ အိမ်ရှေ့မင်းအား ကြီးစွာသော စည်းစိမ်ချမ်းသာကို ပေး၏။ ထိုဥပသာဂရ အိမ်ရှေ့မင်းသည်၊ ကံသမင်းကြီးအား ခစားအံ့သောငှာ သွားသည်ရှိသော် နှမတော်စံရာ တပင်တိုင်နန်းပြာသာဒ်ကိုမြင်၍၊ ဤပြာသာဒ်သည် အဘယ်သူ၏ နေရာပြာသာဒ်နည်းဟုမေး၏။ ထိုအကြောင်းကို ကြားသိရလျှင်၊ ဒေဝဂမ္ဘာမင်းသမီး၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၏။ ဒေဝဂဗ္ဘာမင်းသမီးသည်လည်း တစ်နေ့သောနေ့၌၊ ဥပသာဂရမင်းသားသည် မောင်တော် ဥပကံသအိမ်ရှေ့မင်းနှင့်အတူ မင်းအားခစားခြင်းငှာ လာလတ်သည်ကိုမြင်၍၊ ဤမင်းသားသည် အဘယ်မင်းသားနည်းဟု မေး၏။ မဟာသာဂရမင်း ကြီး၏သားတော်ဖြစ်သော ဥပသာဂရမင်းသားတည်းဟု နန္ဒိဂေါပါလာ အမည်ရှိသော အလုပ်အကျွေးအထံမှ ကြားသိရ လျှင်၊ ထိုဥပသာဂရမင်းသား၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၏။ ဥပသာဂရမင်းသားသည် နန္ဒိဂေါပါလာမည်သော အထိန်းတော်အား တံစိုးပေး၍၊ နှမ ငါ့အား ဒေဝဂဗ္ဘာမင်းသမီးကို ပြခြင်းငှါ တတ်နိုင်အံ့လောဟုဆို၏။ ထိုနန္ဒိဂေါပါလာ မည်သော အထိန်းတော်သည်၊ အရှင်မင်းသား၊ ထိုဒေဝဂဗ္ဘာမင်းသမီးကို ပြခြင်းသည် ဝန်မလေးဟု-ဆို၍၊ ထိုအကြောင်း ကို ဒေဝဂဗ္ဘာမင်းသမီးအား တင်လျှောက်၏။ ထိုဒေဝဂဗ္ဘာမင်းသမီးသည် ပကတိအားဖြင့်လည်း ထိုဥပသာဂရမင်းသား၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍၊ ထိုစကားကို ကြားရလျှင် ကောင်းပြီဟု ဝန်ခံ၍။ နန္ဒိဂေါပါလာမည်သော အထိန်းတော် သည် ဥပသာဂရမင်းသားအား အမှတ်ကိုပေး၍၊ ညဥ့်အတို့၌ ထိုဥပသာဂရမင်းသားကို ပြာသာဒ်သို့တင်၍၊ ဥပသာဂရမင်းသားသည် ဒေဝဂဗ္ဘာမင်းသမီးနှင့် မွေ့လျော်ပျော်ပါးခြင်း ကိုပြု၏။ ထိုအခါ ထိုနှစ်ယောက်ကုန်သော မင်းသားမင်းသမီးတို့သည် အဘန်တလဲလဲ မွေ့လျော်ပျော်ပါးခြင်းကြောင့် ဒေဝဂဗ္ဘာမင်းသမီးသည် ကိုယ်ဝန်ရ၏။ နောက်အဖို့၌ ဒေဝဂဗ္ဘာမင်းသမီးအား ကိုယ်ဝန်တည်ခြင်းသည် ထင်ရှားသည်ဖြစ်၍ နန္ဒိဂေါပါလနှင့် အစောင့်ထားသော သူတို့သည် မိမိတို့၌ ခံရလတ္တံ့သောဘေးကို ကြောက်သောကြောင့် လျှောက်ကြားလေကုန်၏။ နန္ဒိဂေါပါလမည်သော

အထိန်းတော်ကိုခေါ်၍ မေးစစ်တော်မူသော်၊ အကျွန်ုပ် တစ်ဆံခြည်မျှ မသိပါဟု-လျှောက်လတ်သော်။ ကံသမင်းကြီးသည် အစောင့်ထားသောသူပင် အရိပ်အခြေအမူအရာ ထူးခြားသည်ကိုမျှ မရိပ်မိ-မသိဆိုသောစကားသည် မဟုတ်ချေဟု အမျက်ထွက်တော်မူ၍ ကြီးစွာသောဒဏ်ကိုပေး၍ မေးလတ်လျှင်၊ နန္ဒိဂေါပါလာကျွန်မသည် ဤသို့နားတော်လျှောက်လေ၏။

အရှင်မင်းကြီး၊ ဝေးစွာသောအရပ်က ဥပသာဂရမင်းသား သွားလာသည်ကို၊ နှမတော်ကြည့်၍ပြုံးသည်ကို အကျွန်ုပ်မြင်ပါသည်ဟု-လျှောက်လေလျှင်။ ဥပသာဂရမင်းသားသည် တက္ကသိုလ်ဆရာအထံ၌ သင်ကြားဘူးသော အတတ်တို့သည်-ငါတို့ကဲ့သို့ တတ်လေသောကြောင့်။ သိမ်မွေ့သော ဥပါယ်မန္တန်ဖြင့် ပြီးသည်မှန်သည်။ ထို့ကြောင့် နှမတော်နှင့် ယဉ်ပါးလိမ့်မည် ငါထင်သည်ဟု-မိန့်တော်မူလျှင်။ ညီတော်အိမ်ရှေ့မင်း အစရှိသော အမတ်အပေါင်းတို့ကို ခေါ်၍ တိုင်ပင်ကြလေသော်၊ အမတ်အပေါင်းတို့သည်။ အရှင်မင်းကြီး၊ ဥပသာဂရမင်းသား၊ နှမတော် ဒေဝဂဗ္ဘာ၊ နန္ဒိဂေါပါလာ အထိန်းတော်တို့ကို ကွပ်မျက်တော်မူသင့်သည်ဟု-လျှောက်ကြကုန်၏။ ကံသမင်းကြီးလည်း ဤသို့မိန့်တော်မူ၏။ ဥပသာဂရမင်းသားသည် ဥပါယ်မန္တန်တို့ကို သိမ်မွေ့စွာ တတ်လှသောကြောင့် ဖြစ်ရလေသည်သာ။ နန္ဒိဂေါပလာနှင့် နှမတော်တို့မှာ အပြစ်ရှိမည်မထင်။ လှည့်ဖြားသောသူသည်သာလျှင် အပြစ်ရှိမည်ဟု-မိန့်တော်မူ၏။ မှူးတော်မတ်တော်တို့သည် ဥပသာဂရမင်းသားအား ကွပ်မျက်အံ့ဟု-ကြံကုန်၏။

ထိုအကြောင်းကို ကံသမင်းကြီး ကြားသိတော်မူလေလျှင်-ဤသို့မိန့်တော်မူ၏။ အပြစ်မယူရာသောသူတို့ကား တကျိပ်နှစ်ယောက်တည်း။ တကျိပ်နှစ်ယောက်ဟူသည်ကား အမိ၊ အဘ၊ ဆရာ၊ အဘိုး၊ အဘွား၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ သဃ်ာ၊ သီလရှိသောရသေ့၊ ပုဏ္ဏား၊ အစ်ကိုအကြီး၊ ဤတစ်ကျိပ်နှစ်ယောက်သောသူတို့၌ အပြစ်ရှိသော်လည်း သည်းခံသဖြင့် အပြစ်ကိုမယူရာ။ ဤဥပသာဂရမင်းသားသည်-အသက်သေအံ့သောဘေးမှ ကြောက်၍ပြေးဝင်လာသည်ကို ငါတို့ကယ်ဆယ်ချီးမြှောက်ထောက်ပံ့သဖြင့်။ အသက်စည်းစိမ်မပျက် နေထိုင်ရာ၊ ငါတို့ကို မှီခို၍နေလာပေသော အထ္ထက္ခာယီခင်ပွန်းဖြစ်၏။ ဤသို့သောသူကို ဥပါဒ်ဘေးဒဏ် အသက်အန္တရာယ်စသော အကြောင်းဖြင့် ဖျက်ဆီးခြင်းကို မပြုသင့်ဟု-ကံသမင်းကြီးမိန့်တော်မူလေလျှင်။ ညီတော်ဥပကံသ အိမ်ရှေ့မင်းသားလည်း-တရားတော်နှင့် လျှောက်ပတ်သော နောင်တော်မင်းကြီးစကားကိုကြားလတ်လျှင်-ဤသို့ဆိုတော်မူ၏။ အချင်းတို့-သားယောကျ်ားမွေးမှသာ ငါတို့ရန်သူဖြစ်ပေသည်၊ သမီးမိန်းမဖွားသော်ကား အဘယ်ရန် ရှိအံ့နည်းဟု- ယောကျ်ားမွေးခြင်း၊ မိန်းမမွေးဘွားခြင်းကို သိကြစေ။ များစွာသော အစောင့်အရှောက်ကိုသာ လုံခြုံစွာစောင့်ရှောက်ရမည်ဟု-အမိန့်တော်ရှိပြီးလျှင်-များစွာသောသူရဲလက်နက်ကိုင်တို့ကို အစောင့်အရှောက်ထား၏။ ညီနောင်မင်းနှစ်ပါးတို့သည်-ဥပသာဂရမင်းသားအား နှမတော်ဒေဝဂဗ္ဘာမင်းသမီးကို ဆောင်နှင်းကုန်၏။ နန္ဒိဂေါပါလာနှင့် အဏ္ဍကဝေဏ္ဏုဟူသော ကျွန်နှစ်ယောက်ကို အကျိုးစီးပွားဆောင်၊ အတွင်းသူလျှိုဖြစ်စေခြင်းငှါ အစောင့်ထား၏။

ဒေဝဂဗ္ဘာမင်းသမီးလည်း ဆယ်လစေ့လျှင် သမီးတော် ဥဒုမ္ဗရဒေဝီကို ဘွားမြင်လေ၏။ အစောင့်ထားသော သူတို့သည် သမီးမွေးဖွားကြောင်းကို ကံသမင်းကြီးရှေ့တော်တွင် ယူ၍ပြလေကုန်၏။ အိမ်ရှေ့မင်း-မှူးတော် မတ်တော်တို့သည်၊ ဗေဒင်ကျော်တို့စကားသည်-ချွတ်လေစွတကားဟု အမှတ်မှားကြကုန်၏။ တဖန်လည်း ဒေဝဂဗ္ဘာမင်းသမီးသည် ကိုယ်ဝန်ကို ရပြန်၏။ နန္ဒိဂေါပါလာမည်သော အထိန်းတော်နှင့် တစ်နေ့-တစ်နာရီတည်း-မင်းသမီးသားဖွား၏။ အထိန်းတော်မှာ သမီးဖွားလေ၏။ အထိန်းတော်သမီးနှင့် ဒေဝဂဗ္ဘာမင်းသမီး သားတော်ကို ဥပါယ်တမည်ဖြင့် လျှို့ဝှက် ပြောင်းလွှဲလျက် ထားကြကုန်၏။ ထိုသို့ပြောင်းလွှဲ၍ ထားသောအကြောင်းကို မသိကြ၍၊ အစောင့်ထားသောသူတို့သည်-ဒေဝဂဗ္ဘာမင်းသမီး၌ သမီးဖွားကြောင်းကို ကံသမင်းကြီးအား လျှောက်ကြားကုန်၏။ ထိုအခါ အိမ်ရှေ့မင်းစသော မှူးတော် မတ်တော်တို့သည်-ဗေဒင်ကျော်တို့ ထွက်ဆိုသောစကားသည် ချွတ်ယွင်းလေပြီတကားဟူသော အမှတ်ကို စွဲဆိုကြသဖြင့် အစောင့်အရှောက်ထားခြင်းကိုမျှ မေ့လျော့လျှက်နေကြကုန်၏။ ဒေဝဂဗ္ဘာမင်းသမီး သားတကျိပ်လုံးကိုပင် နန္ဒိဂေါပါလာသမီးတကျိပ်နှင့် ပြောင်းလွှဲ၍ထားလေ၏။

ထိုတကျိပ်သော မင်းသားတို့၏အမည်ကား ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ သဇ္ဇုန၊ ဃတပဏ္ဍိတ၊ အင်္ကုရ၊ ဟူသောမင်းသားတကျိပ်ဖြစ်၏။ ရှေးဦးစွာဖွားသော သမီးတော် ဥဒုမ္ဗရဒေဝီ မင်းသမီးကား မကြာမြင့်ခင် လွန်လေသည်။ နောက်ဆုံးမွေးသော သမီးတော်ကိုကား အဉ္စနဒေဝီဟု မှည့်လေ၏။ ထို တကျိပ်သော မင်းသားတို့၏အမည်ကိုကား မယ်တော် ခမည်းတော်တို့မှည့်သော နာမည်မဟုတ်။ ကကုသန်ဘုရားကို ကြည်ပန်း-ရေပန်းတို့ဖြင့် ပူဇော်၍ ကြာသီးဆွမ်းကို လှူဒါန်းခဲ့ဘူးသော အကျိုးဆက်ကြောင့် တာဝတိံသာနတ်ပြည်မှာ

ဖြစ်လေကုန်၏။ ထိုတာဝတိံသာနတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်းတွင် ပဋိသန္ဓေနေသော အခါ နတ်သားတို့၏ အမည်ကိုသာ ခမည်းတော်အား အိမ်မက်ပေးလာသောအမည်ကိုသာ မှည့်ကုန်သည်။ သမီးတော် အဥ္စနဒေဝီကိုလည်း ထို့အတူ နတ်တို့မှည့်သောအမည်ကိုပင် မှည့်သတည်း။

ထိုမင်းသားတကျိပ်တို့သည် ငယ်သောအရွယ်ကပင်လျှင် သူငယ်ချင်းတို့ကို ဘိစီးနှိပ်စက် သတ်ပုတ်ညှင်းဆဲလေ၏။ ကံသမင်းကြီး၏သား-သူဌေး၊ သူကြွယ်၊ အမှုးအမတ်ဟူ၍ ရှောင်ရှားညှာတာခြင်းမရှိ။ ညီနောင်တကျိပ်တို့သည် ဆင်ပြောင်တစ်စီးအား ရှိသောကြောင့် လူချင်းချင်းတို့ကို ပမာဏမျှ မခန့် ပြုရဲဝံ့ကုန်၏။ နောက်အရွယ်သို့ ရောက်ကြလေလျှင်-မည်သူကိုမျှမကြောက် ဘမ်းဆီးလုယက် ယူငင်စားသောက်ကြကုန်၏။ ပြည်သူပြည်သားတို့သည် နန္ဒိဂေါပါလာမည်သော အထိန်းတော်သည်-မင်းကြီးကျွန်ရင်း ဖြစ်သောကြောင့်၊ စကားတုန့်ပြန်-မပြောဆိုဝံ့ကုန်ဘဲ နေကြကုန်၏။ နောင်မှတတန် မြို့၌လည်ကောင်း၊ ရွာကြီးရွာငယ်တို့၌လည်းကောင်း၊ စားသောက်ဝတ်ဆင်လိုသော အစားအဝတ်ပုဆိုးတို့ကို လုယက်ဝတ်စားကုန်၏။ လုယက်ဘန်များလတ်သော်-ရွာသူပြည်သူတို့သည် သည်းမခံနိုင်သောကြောင့် ကံသမင်းကြီးထံ လျှောက်ကြလေကုန်၏။ မင်းကြီးလည်း နန္ဒိဂေါပါလာမည်သော အထိန်းတော်ကို ခေါ်၍။ သင်၏သားတို့သည်-ငါ၏ပြည်ရွာတိုင်းကားတို့ကို အဘယ့်ကြောင့် လုယက်ဖျက်ဆီးကျင့်လေဘိသနည်းဟု မိန့်တော်မူလေလျှင်၊ နန္ဒိဂေါပါလာမည်သော အထိန်းတော်လည်း အကျွန်ုပ် မတတ်နိုင်ပါ။ ခေါ်၍ ကွပ်မျက်တော်မူပါဟု လျှောက်လေသော်။ မင်းကြီးသည် ထိုသူတို့ကို ဖမ်းလေဟု စေတော်မူသော်လည်း၊ တစ်စုံတစ်ယောက်မျှ-ရအောင်မဖမ်းနိုင်ချေ။ ဤသို့ဖြစ်ဘန်များလတ်သော် အဘယ်သူအားမေးသော် အကြောင်းကို သိလွယ်ရအံ့နည်းဟု အောက်မေ့ပြီးလျှင်၊ နန္ဒိဂေါပါလာ၏ လင်ဖြစ်သော အဏ္ဍကဝေဏ္ဍုကို စစ်မေးလေ၏။ အဏ္ဍကဝေဏ္ဍုလည်း သေအံ့သောဘေးကို ကြောက်လှ၍ ဟုတ်သောအတိုင်း အကြောင်းခပ်သိမ်းတို့ကို လျှောက်ကြားပေ၏။ ကံသမင်းကြီးသည် အလွန်ထိတ်လန့်ခြင်းဖြစ်၍ သင်တို့ကိုငါသည် အစောင့်အရှောက်ထားလျက်-ငါ့အားအကြောင်းမျိုးတို့ကို မလျှောက်မူ၍ အဏ္ဍကဝေဏ္ဍုလင်မယားတို့ကို ကွပ်မျက်လေဟု သူသတ်တို့ကို အပ်လေ၏။

ထိုခဏ၌ ညီတော်အိမ်ရှေ့မင်း ခစားအံ့သောငှာ ဝင်လာသည့်အခိုက်တွင်။ သူသတ်တို့နှင့် အဏ္ဍကဝေဏ္ဍုလင်မယားတို့ကို တွေ့လေလျှင်။ ငဲ့ဆိုင်းပါဆို၍ နန်းတော်သို့ တက်လေပြီးသော် ဤသို့လျှောက်လေ၏။ အရှင်မင်းကြီး အဏ္ဍကဝေဏ္ဍုတို့လင်မယားတို့သည်၊ နှမတော်အပါးမဟုတ်ဘဲ-စောင့်ရှောက်စေသော်ကား၊ ကွက်မျက်တော်မူသင့်သည်။ ကျွန်တို့သဘောသည် အရှင့်အာဏာကို ဆန်ရိုးမဟုတ်။ မယားတို့သဘောသည် လင့်အာဏာကို ဆန်ရိုးမရှိ။ သားတို့သဘောသည် မိဘတို့အာဏာကို ဆန်ရိုးမရှိ။ တပည့်တို့သဘောသည် ဆရာ၏အာဏာကို ဆန်ရိုးမရှိ။ အာဏာကိုတည်မြဲဖြစ်ပါသည်။ တနည်းလည်း။ အရှင်သွေးထွက်က ကျွန်သွေးထွက်သည်ဟူ၍ ကျမ်းဂန်တို့၌လာသည်။ တနည်းကိုယ်ကောင်းသော် မယား။ မယားကောင်းသော် သား။ သားကောင်းမှ ပစ္စည်းဝန်ဆန်ဆိုပါသည်။ တနည်းလည်း၊ ကိုယ်အစား မယား၊ မယားအစား သား။ သားအစား ကျွန်။ ကျွန်အစား ပစ္စည်းဝန်ဆန်ဟုဆိုကုန်၏။ ထိုကျွန်နှစ်ယောက်တို့သည် အသက်မသေသမျှ အစေအပါးကို ခံသောကျွန်ဖြစ်ပါသည်။ မဖျက်ဆီးကောင်းပါ။ အပြစ်ပြု၍ မကွပ်မျက်ကောင်းပါဟူ၍ လျှောက်လေလျှင်။ အစောင့်ထားသမျှသော လူအပေါင်းတို့နှင့် ဒဏ်ကိုသာပေး၍ လွှတ်လိုက်တော်မူလိုက်၏။

နှမတော်ဒေဝဂဗ္ဘာကိုခေါ်၍ သင်သည် ငါတို့၏အမျိုးအနွယ်ကို မချစ်၊ ငါတို့မောင်အားလည်း မချစ်-မနှစ်သက်။ ပျက်ဆီးခြင်းကို အလိုရှိသည်ဟူ၍ဆို၏။ အမျက်ထွက်ရှိလတ်လျှင်၊ နှမတော် ဒေဝဂဗ္ဘာမင်းသမီးလည်း ဝမ်းကထွက်သောသားကို မိဘတို့သဘောသည် မသေမပျက်စေရက်။ ကိုယ့်အသက်ထက်-မြတ်နိုးကရုဏာရှိသောကြောင့် အကျွန်ုပ်မှားလေပြီဟု လျှောက်လေ၏။ ယောက်ဘတော် ဥပသာဂရမင်းသားလည်း မိမိအပြစ်ကို သည်းခံတော်မူပါဟု လျှောက်လေ၏။ တဘန်လည်း နှမတော် ယောက်ဖတော်တို့သည် ဤသို့နားတော်လျှောက်ပြန်၏။ အရှင်မင်းကြီး ကျွန်ုပ်တို့သားဟူ၍ အရုပ်အဆင်းကိုမျှ မမြင်ဘူးပါ။ ကွပ်မျက်တော်မူပါလျှင် ရှေးကံကြမ္မာကြောင့်သာ ခံရပါမည်ဟု နားတော်လျှောက်လေသော်။ ကံသမင်းကြီးလည်း အလွန်လျှင် နှလုံးကြည်ကွဲဘွယ် ဖြစ်ခဲ့ရကား။ ရှေးကပုဏ္ဏားတော်တို့ ဟောပြောသော စကားသည် တဆံခြည်မျှ ချွတ်ယွင်းခြင်းမရှိခဲ့တကားဟု အားကျတော်မူ၍ မှူးတော်မတ်တော်အပေါင်းတို့နှင့် တိုင်ပင်ကြလေသော်။ ဤတကျိပ်သောသူတို့ကို ဘမ်းရမှသာ ပြည်ထဲရေးရာ ငြိမ်းချမ်းသာပါမည်ဟု လျှောက်ကုန်သော် ကံသမင်းကြီးလည်း ရအောင်ဖမ်းဟု အမိန့်တော်ထား၍၊ သူရဲကောင်းတို့ကို ဆုလာတ်များစွာပေးလျက်၊ လမ်းဝလမ်းဆုံတို့၌ အစောင့်ထား၍ ချောင်းမြောင်းကြလေ၏။

မင်းညီနောင်တကျိပ်တို့ ညနံနက်သာ ထွက်ကြလတ်၍၊ အထူးထူးသောပျော်ပါးခြင်းတို့ဖြင့် ကစားမြူးထူးကြကုန်၏။ ထိုအခါ-မင်းကြီးအစောင့်ထားသော သူရဲကောင်းတို့သည်၊ ဝိုင်းရံလေကုန်၏။ ရှေးကုသိုလ်အကျိုးဆက်ကြောင့်-ဘုမ္မစိုးနတ်တို့ ဝှက်ထားကုန်၏။ ရှာသော်မမြင်မတွေ့ဘဲ ကွယ်ပျောက်လေကုန်၏။ တစ်ကြိမ်တုံလည်း-ရေကန်ဝယ်ကစားကုန်၏။ သူရဲကောင်းတို့သည်လည်း ဝိုင်းရံမြဲရံလေကုန်၏။ ထိုအခါ ကမ်းနားဝယ် ညောင်စောင့်နတ်သည်အမြစ်ကို ရေထဲသို့ အခေါင်းပြု၍ ဝှက်ထားကုန်၏။ တစ်ကြိမ်လည်း တံငါသည် ရွာကို လုယက်ဖျက်ဆီးစားသောက်ကြကုန်၏။ ဆင်စီးမြင်းစီးသူရဲတို့သည် ဝိုင်းရံလေကုန်၏။ အာကာသာစိုးတို့သည်-ချီကာချီကာ ကောင်းကင်သို့ထင်၍ထားကုန်၏။ ဤသို့ချည်း အကြိမ်ကြိမ် မရနိုင်လတ်မှ၊ ကံသမင်းကြီးနှင့်တကွ အိမ်ရှေ့မင်းသား စသောအမှုးအမတ်အပေါင်း စသည်တို့သည် အလွန်ထိတ်လန့်ခြင်း ကြောက်ရွံ့ခြင်းဖြစ်လတ်၍ ပုဏ္ဏားတော်တို့ကို ခေါ်၍ အဘယ်အကြောင်းဖြင့် ဤမင်းသားတို့ကို ဘမ်း၍မရနိုင်သနည်းဟု မေးမြန်းကုန်လတ်သော်၊ ပုဏ္ဏားတော်သည်-အရှင်မင်းကြီး၊ တူတော်တို့ကို ဖြားရောင်းသိမ်းမြန်းပိုက်ထုပ်မှသာလျှင် သင့်လျော်မည်ထင်ပါသည်-လျှောက်ကြားကုန်၏။ ကံသမင်းကြီးလည်း ရန်သူကို သိမ်းမြန်းပိုက်ထုပ်နိုင်မည့်အရေးလည်း အလွန်ခဲယဉ်းလှသည်၊ လက်တော်တွင် ရောက်မူကားစည်းစိမ်ဟူသော ဝတ္ထုကို ပေးသဖြင့်လည်းကောင်း၊ မာန်ဟူသော လက်နက်ကို ချသဖြင့်လည်းကောင်း၊ ရတနာဆင်မြင်းသမီးကညာပေးသဖြင့် လည်းကောင်း၊ သစ္စာဟူသော ကြိုးကိုနှောင်ဘွဲ့သဖြင့်လည်းကောင်း သိမ်းမြန်းပိုက်ထုပ်နိုင်ရာသည်။ ရနိုင်သော်ကား၊ ပုဏ္ဏားတော်တို့ လျှောက်ချက်အရ ကောင်းမြတ်လှ၏ဟု မင်းကြီးမိန့်တော်မူလျှင်။ အမတ်သူရဲကြီးတို့သည် အာမခံတော်မူ ကုန်၏။ ထိုအကြောင်းကို မင်းသားညီနောင်နှစ်ပါးတို့သည် ကြားသိလေလျှင်-ဟိမဝန္တာတောသို့ ဝင်ပြေးကြကုန်၏။

ဟိမဝန္တာတောခမ်းဝါ၌ ပုဗ္ဗေကတ-ဒါနမျိုးစေ့ အထူးကြဲခဲ့ဘူးသော တစ်ဦးသော ရသေ့ပညာရှိနှင့် တွေ့၍၊ အင္ဂါရသ၊ တဆဲ့ရှစ်ဝသော အတတ်တို့ကိုလည်းကောင်း၊ ဂါထာမန္တန်စသော အတတ်တို့ကိုလည်းကောင်း၊ သင်ကြားတတ်မြောက်ပြီးမှ၊ ဆရာရသေ့ကို ပူဇော်ကန်တော့ကြပြီးလျှင် ဟိမဝန္တာတောအပြင်မှ ထွက်ခဲ့ကြရာ။ အသိတဥ္စနပြည်သို့တဘန်ရောက်ပြန်လာ၏။ ထိုအခါ ကံသမင်းကြီးနှင့်တကွ အိမ်ရှေ့မင်းစသော အမှုးအမတ်တို့သည် ဘမ်းဆီး၍မရနိုင်သဖြင့် အတိုင်းထက်အလွန် ကြောက်ရွံ့ကြ၍၊ အရှင်မင်းကြီး ထိုတကျိပ်သော ညီနောင်တို့သည် လက်ဝှေ့သတ်ခြင်း၊ လက်ပမ်းလုံးခြင်း၌ ကြူးကုန်၏။ မြို့တော်၌ လက်ဝှေ့ပွဲသဘင်ကို ပြုတော်မူပါလျှင် ၎င်းရန်သူတို့ လာရောက်ပါလိမ့်မည်။ လာရောက်၍ဘမ်းဆီးရသော် လွယ်လင့်စွာ ရတော်မူပါမည်ဟု လျှောက်ကြလေလျှင်၊ မြို့တော်၌ လက်ဝှေ့ပွဲသဘင်ကြီးကို ဆင်ယင်တော်မူလေ၏။ မင်းနှင့်တကွ ပြည်သူတို့သည် စည်းဝေးရာ များစွာသော ပွဲသဘင်အလယ်တွင်၊ မင်းတမန်တို့သည် လက်နက်ကြိယာနှင့်တကွ စည်းကြပ်၍နေထိုင်ကြကုန်၏။

မင်းသားညီနောင်တို့သည် လာလတ်ကုန်၍၊ ထမင်းရောင်းသောခရီး၊ နံ့သာရောင်းသောခရီး၊ ကဝါသည်တို့၌ လုယက်ဖျက်ဆီး၍ နီသောအဆင်းရှိသော ပုဆိုးတို့ကိုဝတ်၍။ နံ့သာရောင်းသောဈေး၊ ပန်းရောင်းသောဈေးတို့၌ ပန်းနံ့သာတို့ကို ပန်ဆင်လိမ်းကျံပြီးသော်။ ရွှေနားဋောင်းဝတ်လျက်၊ ကြွေးကြော်ကုန်လျက်၊ လက်ပမ်းပေါက်ခတ်ကုန်လျက် လက်ဝှေ့ပွဲသဘင်သို့ ဝင်ရောက်လာကုန်၏။ ထိုခဏ၌ စာရူမြည်သော လက်ပန်းသည်သည် လက်ပမ်းပေါက်ခတ်လျက် ပွဲသဘင်အလယ်၌ လှည့်ပတ်၏။ ဗလဒေဝမင်းသားသည် စာရူရမည်သော လက်ပမ်းသည်ကိုမြင်၍၊ ထိုလက်ပမ်းသည်ကို လက်ဖြင့် မထိစေအံ့ဟု ဆင်တင်းကုတ်မှ ကြီးစွာသော ဆင်ချည်ကြိုးကို ယူ၍ ကြွေးကြော်ကြုံးဝါးလျက်ဆင်ချည်ကြိုးကို ပစ်၍ စာရူရလက်ပမ်းသည် ဝမ်း၌ရစ်၍။ လွှန်စ-နှစ်ဘက်တို့ကို တပေါင်းတည်းပြု၍ ကျစ်ပြီးလျက်-မြောက်၍ ဦးခေါင်းထက်၌ ချာချာလှည့်၍ မြေ၌ရိုက်ခတ်သတ်ပြီးလျှက်။ ပွဲပင်၌သူကောင်းချရာ တူးသောတွင်းသို့ပစ်လိုက်၏။ စာရူရလက်ပမ်းသည် သေသည်ရှိသော်။ ကံသမင်းကြီးသည် မုဋ္ဌိကမည်သော လက်ပမ်းသည်ကို စေ၏။ ထိုမုဋ္ဌိက လက်ပမ်းသည်ထ၍ ကြွေးကြော်ကြုံးဝါး၍ လက်ပမ်းပေါက်ခတ်၏။ ဗလဒေဝမင်းသားသည် ထိုမုဋ္ဌိကမည်သော လက်ပမ်းသည်ကိုလည်း ပုတ်ခတ်၍ အရိုးတို့ကို မုန့်မုန့်ညက်ညက်ကြေစေ၍ လက်ပမ်းသည်ဟူသည်အမောင်လောဟု-မေး၏။ ငါလက်ပမ်းသည် တကားဟူ၍ဆို၏။ ဆိုစဉ်ပင်လျှင် ငါသည် သင်လက်ပမ်းသည်၏အဖြစ်ကိုလည်းကောင်း၊ လက်ပမ်းသည်မဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေအံ့ဟုဆိုပြီးလျှင် လက်၌ကိုင်၍မြေ၌ရိုက်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ပွဲပြင်၌ သူကောင်ချရာ တူးသောတွင်းသို့ ပစ်ချလိုက်၏။ ထိုမုဋ္ဌိကလက်ပမ်းသည် သေခါနီး၌ ဆုတောင်းခြင်းကို ဖြစ်စေလျှက် တာလပတ္တိကမည်သော တောအုပ်၌ ဘီလူးဖြစ်လေ၏။ ဦးရီးတော် ကံသမင်းကြီးသည်-ကျွန်သားညီနောင်တစ်ကျိတ်တို့ကို ဘမ်းကြကုန်ဟုဆို၍ ထ၏။ ထိုသို့ ထသောခဏ၌

ဝါသုဒေဝမင်းသားသည် စက်လက်နက်ကို ပစ်၏။ ထိုစက်လက်နက်သည် ဦးရီးတော်မင်းနှစ်ပါး၏ ဦးခေါင်းကို ချစေ၏။ လူများအပေါင်းတို့သည် ကြောက်ထိတ်လန့်သည်ဖြစ်၍အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်ပါကုန်လော့ ဟု ဆိုကြကုန်လျက်၊ ထိုညီနောင်တကျိတ်တို့၏ ခြေ၌တုပ်ဝပ်၍ လျှောက်ကုန်၏။

ထိုညီနောင်တကျိပ်တို့သည် အသိတဥ္စနမြို့၌ မင်းစည်းစိမ်ကိုယူ၍ မယ်တော်-ခမည်းတော်တို့ကို အသိတဥ္စနမြို့၌ ထား၍နေစေကုန်၏။ ထိုတကျိပ်သောမင်းညီနောင်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော မင်းအဖြစ်ကို ယူအံ့ဟု မြို့မှထွက်၍ အစဉ်အားဖြင့် ကာလယောနကမည်သော မင်း၏နေရာဖြစ်သော အယုဇ္ဇပူရမြို့သို့ရောက်လျှင်၊ မြို့ကို ခြံရံ၍တည်သော ကျုံးသစ်ပင် ခြံပိတ်ပေါင်းတို့ကို ထွင်ပြီးလျှင်၊ မြို့တံတိုင်းတို့ကို ဖျက်ဆီး၍၊ *ဉယာနမင်းကို ဘမ်းပြီးလျှင်။ (ရာဇဝင်ဟောင်း၌ကား *ယောနကမင်းကိုဟု-ဆို၏)။ ထိုအယုဇ္ဈပူရပြည်ကို မိမိတို့လက်သို့ရောက်သည် ကိုပြု၏။ ထိုအခါ မင်းညီနောင်တကျိတ်တို့သည် ဒွါရာဝတီမြို့သို့ အစဉ်အားဖြင့် ရောက်လေကုန်၏။ ထိုဒွါရာဝတီမြို့ကို ဆင်ခေါင်းအရပ်ကနေ၍ စစ်ပြုလာ၏။(*ဆင်ခေါင်းဟူသည်ကား ငါတို့ ဂေါတမဘုရားအလောင်းတော်သည် ဆင်မင်း ဖြစ်၍ ခန္ဓာရှေ့လျှောလေလျှင်၊ ခေါင်းချရာအရပ်ဖြစ်၍ ဆင်ခေါင်းဟု ယခုတိုင်တွင်၏။ ဝါသုဒေဝမင်းကြီး စီးတော်မူ သော တပင်တိုင်သင်္ဘောမသွားသာ၍-လူရှစ်သောင်းတို့ တူးဘောက်သည့်အရပ်ကို ယခုတိုင် စတုံပေါက်ဟု တွင်၏) ထိုဒွါရာဝတီမြို့ တဘက်မျက်နှာမှာကား သမုဒ္ဒရာ။ တဘက်မျက်နှာမှာကား တောင်ရှိ၏။ ထိုဒွါရာဝတီမြို့ကို ဘီလူးတို့ သိမ်းဆည်းသည်ဖြစ်သတတ်။ ထိုမြို့ကို စောင့်ရှောက်သော ဘီလူးတို့သည် ရန်သူတို့ကိုမြင်၍ မြည်း၏အသွင်ဖြင့် မြည်း၏အသံဖြင့် မြည်သံကိုပြု၏။ ထိုသို့မြည်သောခဏ၌၊ ဘီလူးတို့၏ အာနုဘော်အားဖြင့် မြို့အားလုံးသည် ကောင်းကင်သို့ပျံတက်၍ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်၌တည်၏။ ရန်သူတို့သွားကုန်သည်ရှိသော်၊ တဘန်ပြန်လတ်၍ မိမိနေရာ၌သာလျှင်တည်၏။ ထိုမင်းညီနောင်တို့သည် ဒွါရာဝတီမြို့သို့ စစ်ပြုခြင်းငှာ လာပြန်ကုန်၏။ တဘန်လည်း မြည်းသည် ထိုရှေးအတူသာလျှင် မြည်သည်ကို ပြုပြန်၏။ ထိုမင်းညီနောင်တကျိတ်တို့သည် ထိုမြို့ကို မမြင်ကုန်၍ ပြန်ကုန်သည်ရှိသော် တဘန်လာပြန်၍ မိမိနေရာအရပ်၌တည်၏။ ထိုမင်းညီနောင်တို့ ရောက်သောအခါ၌လည်း မြည်းယောင်ဆောင်သောဘီလူးသည် ထိုမင်းညီနောင်တကျိပ်တို့ လာခြင်းကိုသိ၍ မြည်း၏မြည်ခြင်းကို မြည်၏။ ထိုမြို့ကောင်းကင်သို့ ပျံတက်၍ သမုဒ္ဒရာကျွန်းငယ်၌ တည်၏။ ထိုမင်းညီနောင်တို့သည် ထိုမြို့ကို မမြင်ကုန်၍ပြန်ကုန်သည်ရှိသော်၊ တဘန်လာပြန်၍ မိမိနေရာအရပ်၌တည်၏။ ထိုမင်းညီနောင်တို့သည် ဒွါရာဝတီမြို့သို့ စစ်ပြုခြင်းငှါလာပြန်ကုန်၏။ တဘန်လည်း မြည်းသည်-ထိုရှေးအတူသာလျှင် မြည်သည်ကို ပြုပြန်၏။ ထိုမင်းညီနောင်တကျိပ်တို့သည် ဒွါရာဝတီပြည်၌ မင်းအဖြစ်ကို ယူခြင်းငှါမတတ်နိုင်သည်ဖြစ်၍။ ကဏှာဒီပါယနအမည်ရှိသော ရသေ့အထံသို့ သွားပြီးလျှင်။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဒွါရာဝတီမြို့၌ မင်းအဖြစ်ကို ယူခြင်းငှါ မတတ်နိုင်ပါကုန်။ အကျွန်ုပ်တို့ အား တစ်ခုသောအကြောင်းကိုပြုတော်မူပါကုန်လော့ဟု-မေးလျှောက်ကြကုန်၏။ ထိုရသေ့က- ကျုံးပြင်အရပ်၌ တစ်ခုသော ဘီလူးမ ပြည့်ဝသည် မြည်းယောင်ဆောင်၍ နေ၏။ ထိုမြည်းသည် ရန်သူတို့ကို မြင်၍မြည်၏။ ထိုသို့မြည် သော ခဏ၌ မြို့သည် ပျံ၍သွား၏။ သင်တို့သည်-ထိုမြည်း၏ခြေတို့ကို ကိုင်၍ တောင်းပန်လေကုန်။ ဤသည်လျှင် သင်တို့ အလိုပြီးခြင်း၏ အကြောင်းတည်းဟု-ဆိုလတ်သော်။ ထိုမင်းညီနောင်တကျိပ်တို့သည် အရှင်ရသေ့ကို ရှိခိုးပြီးလျှင် သွားကြလေ၏။ ထိုမင်းညီနောင်တကျိပ်တို့သည် မြည်း၏ခြေ၌ကိုင်ပြီးလျှင် ဝပ်၍။ အရှင်ကိုထား၍ အရှင်မှတပါးသော သူသည် ကိုးကွယ်ရာမရှိပါ။ ငါတို့ ဤမြို့ကို သိမ်းယူသောအခါ၌ မမြည်ပါလင့်ဟု တောင်းပန်ကုန်၏။ မြည်းသည် ငါသည် မမြည်ဘဲနေခြင်းငှါ မတတ်ကောင်း။ သင်မင်းသားတို့သည်ကား ရှေးဦးစွာ လာလတ်ကုန်၍ လေးယောက်ကုန် သောသူတို့သည် သံချောင်းတို့ကိုယူ၍။ မြို့တံခါးလေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်းတို့ကို မြေ၌စိုက်၍ မြို့၏ အလယ်၌လည်း သံတံသင်းငုတ်တို့ကို နှက်၍ မြို့၏ဦးခေါင်းလည်ပင်းတို့ကို ဖြတ်။ မြို့သည် ပျံအံ့သောကာလ၌ သံချောင်းတို့ကိုကိုင်၍ သံချောင်း၌ တွဲအပ်သော သံကွင်းကို သံတံသင်း၌ စွပ်ရမည်။ မြို့သည် ပျံခြင်းငှာ မတတ်နိုင်လတ္တံ့ ဟု-ဆို၏။ ထိုမင်းညီနောင်တကျိပ်တို့သည် ကောင်းပြီဟုဆို၍။ ထိုနေ့ညဉ့်သန်းခေါင်ယံ၌ပင်လျှင် သံချောင်းတို့ကိုယူ၍ မြို့တံခါး လေးမျက်နှာတို့၌ သံတံသင်းတို့ကို မြေ၌စိုက်၍ တည်ကုန်၏။ ထိုခဏ၌မြည်းသည်မြည်၏။ မြို့သည် ပျံခြင်းငှာ အားထုတ်၏။ တံခါးလေးမျက်နှာတို့၌ တည်သောမင်းသားတို့သည် လေးခုသောသံချောင်းတို့ကို မြဲစွာကိုင်ကုန်၍။ သံချောင်း၌ တွဲအပ်သောသံကွင်းတို့ကို သံတံသင်းတို့၌ တွဲ၍ကိုင်ကုန်၏။ မြို့သည်ပျံခြင်းငှါ မတတ်နိုင်ကုန်။ မင်းညီနောင် တကျိပ်တို့သည် မြို့သို့ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို ယူကုန်၏။ (သံနှင့်တွဲ၍ပြုပြင်စီရင်ရာမှ ရသော ကြောင့် *သံတွဲဟု-ယခုတိုင် တွင်၏။ အရပ်လေးမျက်နှာမှ လူအပေါင်းတို့ ထွက်ဝင်သွားလာနိုင်သောကြောင့် *ဒွါရာဝတီ

ဟု-ရှေးကပင် တွင်၏။)

ဤသို့လျှင် မင်းညီနောင်တကျိပ်တို့သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးဝယ်၊ ခြောက်သောင်းသုံးထောင်သောမင်းတို့ကို စက်လက်နက်ဖြင့် အသက်ကုန်ခြင်းသို့ ရောက်စေ၍၊ ဒွါရာဝတီပြည်၌နေကုန်လျက်၊ ပြည်ထောင်အပေါင်းတို့ကို ဆယ်စုစု၍ ခွဲဝေကုန်၏။ နှမတော် အဥ္စနဒေဝီကိုကား သတိမေ့လျော့၍ မအောက်မေ့မိကုန်။ ထို့နောင်တဘန် တဆဲ့တစ်စုစု၍ ဝေဘန်အံ့ဟု-ဆိုသည်ရှိသော် အင်္ကုရမင်းသားသည် အကျွန်ုပ်၏အစုတစ်စုကို နှမတော်အဥ္စနဒေဝီအား ပေးတော်မူကုန်လော့။ အကျွန်ုပ်သည် ကုန်သွယ်ခြင်းကို ပြု၍ အသက်မွေးပါအံ့။ နောင်တော်တို့သည် မိမိတို့၏ဇနပုဒ်၌ အကျွန်ုပ်အား ကင်းခွန်ကို လွှတ်တော်မူပါလော့ဟု-ဆို၏။ ထိုနောင်တော်မင်းသားတို့သည် ကောင်းပြီဟု-ဝန်ခံကုန်၏။ ထိုအင်္ကုရမင်းသား၏ အစုကို နှမတော်အဥ္စနဒေဝီအားပေး၍၊ ထိုနှမတော်အဥ္စနဒေဝီနှင့် ကိုးယောက်ကုန်သောမင်းသားတို့သည် ဒွါရာဝတီ ပြည်ကြီး၌နေကုန်၏။ ညီတော်အင်္ကုရမင်းသားသည် ကုန်သွယ်ခြင်းကိုပြု၍ အသက်မွေး၏။ ထိုသို့လျှင် မင်းညီနောင်တို့ သည် နောက်အဘို့၌ သားသမီးတို့ဖြင့် ပြန့်ပွားကုန်သည်ဖြစ်၍။ ရှည်မြင့်စွာသောကာလ လွန်လတ်သော်၊ မယ်တော် ခမည်းတော်တို့သည် နတ်ရွာလားတော်မူလေကုန်၏။

ထိုမင်းညီနောင်တို့လက်ထက်၌ ဟိမဝန္တာတောတွင် ကုဏ္ဍာလမည်သောအိုင်ကြီး၌ အလောင်းတော်ဆင်မင်းသည် ဆင်ရှစ်သောင်းခြံရံလျက်၊ မပြတ်ရေကစား၍ ကမ်းသို့တက်လေလျှင် နောက်ဆုံးကျသောဆင်ကို ကုဏ္ဍာလဗုဇွန်သည် ဘမ်း၍စား၏။ အလောင်းတော်ဆင်မင်းသည် အခြွေအရံနည်းပါးသည်ကို မြင်သဖြင့် အကြောင်းကို စုံစမ်းလေသော် ဗုဇွန်စားသောအဖြစ်ကိုသိ၍။ တစ်နေ့သောနေ့၌ ရေကစားပြီးသော် ဘုရားအလောင်းတော်ဆင်မင်းသည် နောက်ချန်၍နေ၏။ အလောင်းတော်ဆင်မင်းကို ကုဏ္ဍာလဗုဇွန်သည် ဘမ်းမြဲဘမ်းလေ၏။ အလောင်းတော်ဆင်မင်းသည် ကြီးသောခွန်အားဗလရှိသည်ဖြစ်၍၊ ဗုဇွန်၏လက်မနှစ်ချောင်းတို့ကို နင်းချိုးလေသော်၊ လက်မနှစ်ချောင်းကျိုး၍ မျောလေလျှင်၊ သမုဒ္ဒရာသို့ရောက်သဖြင့် တစ်ချောင်းကို အသူရာနတ်တို့ဆယ်၍၊ တိုက်စည်ကြက်၍၊ သိကြားနှင့် စစ်ထိုးလေသော်။ အသူရာရှုံးသောကြောင့် သိကြားမင်းရလေ၏။ အဠှမ္ဗရစည်တော်ဟူ၍ မှည့်လေသည်။ တစ်ချောင်းကိုကား၊ ဝါသုဒေဝမင်းသားညီနောင်တို့သည် ဒွါရာဝတီမြစ်ကမ်းပါး၌ ရေကစားသောသဘင်ဝယ် မျောလျက်ပါလာသောကြောင့်။ ယူပြီးလျှင် တိုက်စည်ကြက်ပြီးမှ၊ အာဠမ္ဗရစည်ဟူသောအမည်ကို မှည့်၍တီးခတ်လေလျှင်၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ရှိသော အခွန်ဘဏ္ဍာတော်တို့ ပို့ဆက်ကြရလေ၏။ နောင်လာမင်းအပေါင်းတို့သည် အာဠမ္ဗရတော်ကို မရသောကြောင့် တိုက်စည်ကြက်၍ အောင်စည်ဟု-တီးကြလေကုန်သည်။ (ဤသည်ကား ရှေးသူဟောင်းတို့ ဥဒါန်းစကားတည်း။) ထိုမင်းညီနောင် တစ်ကျိပ်တို့သည်။ ရှည်မြင့်စွာ ကာလပတ်လုံး မြို့ပြခရိုင် နိုင်ငံအလုံး၌ရှိသော-ခြောက်သောင်းသုံးထောင်သောမြို့၌ရှိသော ပြည်သူလူအပေါင်းတို့ကို သင်္ဂဟတရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး၊ ရာဇဓမ္မဆယ်ပါးဖြင့် ဆုံးမတော်မူလျက်၊ ထိုထိုမြို့ရွာ နိဂုံးဇနပုဒ်တို့သည် စည်ပင်ကြီးပွား ပြန့်ပြောလျက် ရှိလေ၏။

----------******-----------

## ၂-ဝါသုဒေဝမင်းကြီးသားတော် မင်းသားငယ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ရ-ကဏှာဒိပါယနရသေ့ကို ပြစ်မှား၍ ဝါသုဒေဝမင်းမျိုးတို့ ပျက်စီးသည့် အခြင်းအရာကို ပြခြင်း။

ဤကဲ့သို့ ရှိစဉ်အခါ။ ညီနောင်မင်းတစ်ကျိပ်တို့၏ သားတော်ဖြစ်ကုန်သော မင်းသားအပေါင်းတို့သည်၊ ဝါသုဒေဝမင်းမျိုးတို့ ပျက်စီးရအံ့သောကိန်းခန်းသည် ကျရောက်လာသည်နှင့်၊ အရှင်ဒိပါယန ရသေ့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ရှိ၏ဟု ဆိုကြကုန်၏။ စုံစမ်းကုန်အံ့ဟု ထိုမင်းသားတို့သည် တစ်ယောက်သောမင်းသားငယ်ကို တန်းဆာဆင်၍၊ ကိုယ်ဝန်ရှိသော အခြင်းအရာကိုပြု၍၊ ဝမ်း၌သားရေကိုဘွဲ့၍၊ အရှင်ရသေ့ထံသို့ ဆောင်ယူပြီးလျှင်။ အရှင်ဘုရား၊ ဤသူငယ်မသည် အဘယ်ကို သွားလတ်အံ့နည်းဟုမေး၏။ ကဏှာဒိပါယန ရှင်ရသေ့သည် ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသည်ရှိသော် ညီနောင်တစ်ကျိပ်တို့၏ အမျိုးအဆက်သည် ပျက်စီးအံ့သောအခါရောက်ပြီ။ ငါ၏အာယုသင်္ခါရသည်ကား အဘယ်သို့ သဘောရှိအံ့နည်းဟု ကြည့်လတ်သော်။ ယနေ့ပင် ငါ့အားသေရခြင်းသည် ဖြစ်လတ္တံ့ဟု သိ၏။ မင်းသားတို့ သားဘွားအံ့သောအကြောင်းဖြင့် သင်မင်းသားတို့အား အဘယ်အကျိုးရှိအံ့နည်းဟုဆို၏။ အရှင်ဘုရား၊ ဆိုတော်မူလော့ ဟု ဆိုသည်ရှိသော်။ ဤသူငယ်မသည် ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ ရှားတုံးကို ဘွားလတ္တံ့။ ထိုရှားတုံးဖြင့် ဝါသုဒေဝ မင်းမျိုးတို့သည် ပျက်စီးလတ္တံ့။ စင်စစ်သော်ကား သင်မင်းသားတို့သည် ဘွားလတ္တံ့သော ရှားတုံးကိုယူ၍ မီးဘုတ်ပြီးလျှင်

ပြာကို မြစ်ပြင်၌ ချလေကုန်လော့ဟုဆို၏။

ထိုသို့ဆိုသောအခါ၌ မင်းသားတို့သည် ကဏ္ဍာဒိပါယနရသေ့ကို၊ ဟဲ့ စဥ်းလဲသောရသေ့။ ယောကျ်ားသည် ဘွားသော မည်သည်မရှိတကားဟုဆို၍။ ယက်ကန်းကြိုးဖြင့် ထန်းဘူးစည်းစည်း၍ ညဥ်းဆဲခြင်းမည်သည်ကို ပြုကုန်၏။ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ညီနောင်မင်းကြီးတို့သည် မင်းသားငယ်တို့ကို ခေါ်စေကုန်၍၊ အဘယ့်ကြောင့် ရှင်ရသေ့ကို သတ်ကုန်သနည်းဟုမေး၍၊ အလုံးစုံသောအကြောင်းကိုသိလျှင် ကြောက်ကြကုန်သည်ဖြစ်၍၊ ထိုသူငယ်အား အစောင့်အရှောက်ကို ပေးပြီးလျှင်၊ ခုနှစ်ရက်မြောက်သောနေ့၌ ထိုသူ၏ဝမ်းမှဘွားသော ရှားတုံးကို မီးဖုတ်၍ ပြာကိုမြစ်၌ ပြစ်ချကုန်၏။ ထိုပြာသည် မြစ်သို့မျောသည်ရှိသော် မြစ်ဝနံပါးတစ်ဘက်၌ တင်လေ၏။ ထိုနောက်မှ ပြိန်းမြက်သည်ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ မင်းအပေါင်းတို့သည် သမုဒ္ဒရာရေသဘင်ကစားခြင်းကို ကစားကုန်အံ့ဟု-မြစ်သို့သွားကြကုန်၍၊ ကြီးစွာသောမဏ္ဍပ်ကို ဆောက်စေပြီးလျှင် တန်းဆာဆင်သောမဏ္ဍပ်၌ စားကုန်သောက်ကုန်လျက်၊ ကစားသည်၏အစွမ်းအားဖြင့် ဖြစ်ကုန်သည်ရှိသော်၊ လက်ခြေထိပါးကြကုန်သည်ဖြစ်၍၊ နှစ်ကွဲကွဲကုန်၍ ကြီးစွာသောခိုက်ရန်ကို ပြုကုန်၏။ ထိုသို့ ခိုက်ရန်ဖြစ်ကြကုန်လတ်သော်၊ တစ်ယောက်သောသူသည် တစ်ပါးသော ဆောက်ပုတ်တုတ်လုံ့ဒဏ်ကို မရသည်ဖြစ်၍၊ ပြိန်းမြက်တောမှ ပြိန်းရွက်ကိုကိုင်၏။ ထိုပြိန်းရွက်သည် ကိုင်မိကာမျှဖြင့်သာလျှင် ရှားကျည်ပွေ့ဖြစ်၏။ ထိုယောကျ်ားသည် ထိုရှားကျည်ပွေ့ဖြင့် လူအပေါင်းကို ရိုက်ပုတ်၏။ ထို့နောက်တစ်ပါးသော အလုံးစုံသော ပြိန်းပင်အပေါင်းတို့သည်လည်း ကိုင်းတိုင်း ကိုင်းတိုင်း ရှားကျည်ပွေ့တို့သည်သာလျှင် ဖြစ်ကုန်၏။ ထိုလူများအပေါင်းတို့သည် အချင်းချင်းရိုက်ပုတ်ကြကုန်၍ ကြီးစွာသော သေကြေပျက်စီးခြင်းသို့ ရောက်ကုန်၏။ ထိုလူများအပေါင်းသည် ကြီးစွာသောပျက်စီးခြင်းဖြင့် ပျက်စီးကုန်သည်ရှိသော်၊ ဝါသုဒေဝမင်းကြီး, ဗလဒေဝမင်းကြီး, နှမတော် အဥ္စနဒေဝီ, ပြဟ္မသုန္ဒရပုရောဟိတ်ပုဏ္ဏား, ဤလေးယောက်ကုန်သောသူတို့သည် ရထားစီး၍ ဒွါရာဝတီမြို့မှ ထွက်ပြေးကုန်၏။ ကြွင်းကုန်သော မင်းမျိုးမတတ် စသောသူတို့သည် ပျက်စီးကြကုန်၏၊

----------******-----------

## ၃-ရထားစီး၍ ထွက်ခွာသွားသောမင်းလေးပါးတို့တွင်၊ ဝါသုဒေဝ၊ ဗလဒေဝ မင်းနှစ်ပါးလမ်းစရိုး၌ သေကြေပျက်စီးသည့် အခြင်းအရာကိုပြခြင်း။

လေးယောက်ကုန်သောမင်းတို့သည် ရထားစီးလျက် ပြေးကြကုန်သည်ရှိသော်၊ တာလပတ္တိကမည်သော တောအုပ်သို့ ရောက်ကုန်၏။ မုဋ္ဌိကမည်သော လက်ပမ်းသည်သည် ဗလဒေဝမင်းသားကို၊ ဘီလူးဖြစ်၍ စားရလိုသောဟု ဆုတောင်းခြင်းကိုပြု၍၊ ထိုတောအုပ်၌ဘီလူးကြီး ဖြစ်၏။ ဗလဒေဝမင်းလာသည်၏အဖြစ်ကို သိလျှင်၊ ထိုတောအုပ်၌ ရွာဖန်ဆင်း၍ လက်ပမ်းသည်၏အသွင်ကို ယူပြီးလျှင်၊ အဘယ်သူသည် လက်ပမ်းလုံးလိုသနည်းဟု ကြွေးကြော် ကြုံးဝါးလျက်၊ လက်ပမ်းပေါက်ခတ်လျက် လှည့်လေ၏။ ဗလဒေဝမင်းသည် ထိုလက်ပမ်းသည်ကို အယောင်ဆောင်သောဘီလူးကို မြင်၍၊ နောင်တော် ဝါသုဒေဝမင်းကြီးကို ဤလက်ပမ်းသည်နှင့် လုံးထွေးအံ့ဟုဆို၍၊ ဝါသုဒေဝမင်းကြီးသည် တားမြစ်စဥ်ပင်လျှင်၊ ရထားမှဆင်းသက်ပြီးလျှင်၊ ထိုဘီလူးထံသို့သွား၍ ဟစ်အော်ကြုံးဝါးလျက် လက်ပမ်းပေါက်ခတ်၏။ ထိုအခါ ဗလဒေဝမင်းသားကို ဘီလူးသည် ဆန့်သောလက်၌သာလျှင် ကိုင်၍၊ ကြာစွယ်ကြာရင်းကိုကဲ့သို့ စား၏။ ဝါသုဒေဝမင်းကြီးသည် နှမတော်အဥ္စနဒေဝီကိုလည်းကောင်း၊ ပြဟ္မသုန္ဒရ ပုရောဟိတ်ပုဏ္ဏားကိုလည်းကောင်းယူ၍၊ ညဥ့်သုံးယံပတ်လုံး ပြေးသွား၍၊ နေထွက်သောအခါ၌၊ တစ်ခုသော ရွာစွန်အရပ်သို့ရောက်လျှင်၊ ထမင်းကိုချက်၍ ဆောင်ခဲ့ကုန်လော့ဟု နှမကိုလည်းကောင်း၊ ပုရောဟိတ်ကိုလည်းကောင်း၊ ရွာသို့စေလိုက်၏။ မိမိသည် တစ်ခုသော ချုံထဲ၌ အိပ်၏။

ထိုအခါ၊ ဝါသုဒေဝမင်းကြီးကို၊ ဇရာမည်သော တစ်ယောက်သော မုဆိုးသည် ချုံလှုပ်သည်ကို မြင်လျှင်၊ ချုံ၌ဝက်ရှိသည်ဖြစ်လတ္တံ့ဟူသောအမှတ်ဖြင့် လှံကိုလွှတ်လိုက်သော်၊ ခြေ၌စူး၏။ အဘယ်သူသည် ငါ့ကိုထိုးသနည်းဟု-မေးလတ်သော်၊ လူကိုထိုးမိသောအဖြစ်ကိုသိလျှင်၊ ကြောက်သည်ဖြစ်၍၊ ပြေးခြင်းငှာအားထုတ်၏။ ဝါသုဒေဝမင်းကြီးသည် သတိကိုဆောက်တည်၍ ထပြီးလျှင်၊ ဦးရီး၊ မကြောက်လင့်လာလှည့်ဟု ခေါ်၍လာလတ်သော်၊ မုဆိုးကို သင်သည် အဘယ်အမည်ရှိသနည်းဟု-မေး၏။ အရှင်၊ အကျွန်ုပ်သည် ဇရာအမည်ရှိသတတ်ဟု-ဆိုသည်ရှိသော်၊ ဇရာမည်သော သူသည် ထိုး၍ သေလတ္တံ့ဟု- ငါ့ကိုပညာရှိသော သူတို့သည် ဟောဘူးကုန်၏။ မချွတ် ယနေ့လျှင် ငါသေရအံ့။ ဦးရီး မကြောက်လင့်လာလှည့်။ ငါ့ခြေကို ကျပ်စဥ်းပါလော့ဟု-ဆို၏။ ထိုဇရာမည်သော မုဆိုးသည်-လှံစူးရာအရပ်ကို ကျပ်စည်း

ပြီးလျှင်၊ ဇရာမည်သော မုဆိုးကို လွှတ်လိုက်၏။ ဝါသုဒေဝမင်းကြီးသည် ပြင်းစွာသောဝေဒနာဖြစ်သည်ရှိသော်၊ နှမတော်, ပုရောဟိတ်တို့ဆောင်ယူခဲ့သော အစာကို စားတော်ခေါ်အံ့သောငှါ မတတ်နိုင်။ ထိုအခါ နှမတော်, ပုရောဟိတ်တို့ကို ခေါ်၍၊ ယနေ့ငါသေရလတ္တံ့ဟု ဆို၍၊ သင်တို့သည် နူးညံ့သော ကိုယ်ရှိကုန်၏။ တပါးသောအမှုကို ပြု၍ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့။ ဤအတတ်မန္တန်ကို သင်ကြားကုန်လော့ဟုဆို၍၊ တစ်ခုသောမန္တန်ကို သင်စေပြီးလျှင် လွှတ်လိုက်၏။ ဝါသုဒေဝမင်းကြီးသည် ထိုချုံ၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။ ဤသို့လျှင် နှမတော်အဥ္စနဒေဝီကိုထား၍ အလုံးစုံသော မင်းညီနောင်တစ်ကျိပ်နှင့်တကွ၊ သားတော်မြေးတော် မှူးတော်မတ်တော် စသောဒွါရာဝတီ ပြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ ရောက်လေကုန်၏။ ခပ်သိမ်းသော တေဘူမကသင်္ခါရတရားတို့သည် အမြဲ အားဖြင့် မရှိကုန်။ ဆင်းရဲခြင်းအကြောင်းသာ ဖြစ်ကုန်သတည်း။ ။ သဗ္ဗေသင်္ခါရာ အနိစ္စာ။ ။ အနိစ္စာ ဝတသင်္ခါရာ၊ ဥပ္ပါဒ-ဝယဓမ္မိနော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူသမော သုခေါ။ ။

----------******----------

## ၄– အဥ္စနဒေဝီနှင့် ပရောဟိတ်ပုဏ္ဏားတို့ ဝေသာလီရွှေနန်းကို သိမ်းမြန်းစိုးစံသော အကြောင်းအရာကို ပြခြင်း။

ဝါသုဒေဝမင်းကြီး နတ်ရွာစံတော်မူလျှင်၊ ဗြဟ္မသုန္ဒရ ပုရောဟိတ်ပုဏ္ဏားနှင့်၊ အဥ္စနဒေဝီတို့သည် ထိုတောအရပ်မှလာခဲ့၍ တစ်ခုသောတောအရပ်သို့ ရောက်လေသော်၊ ယောကျ်ား မိန်းမတို့အား အိမ်ယာတည်ထောင်ခမ်းစကားကို အပေးတင်၍ပြောဆိုကြပြီးမှ လင်မယားဖြစ်ကြ၏။ (အပေးတင်သော အရပ်ကို*အပေးတင်ဟု-ရှေးကအမည်တွင်၏။ ယခုလူတို့ကား *ပတင်ကျွန်းဟု-ခေါ်ကြကုန်၏)။ ထိုအရပ်မှတဖန် သွားကြပြန်သော်၊ တောတစ်ခုသို့ရောက်၍၊ တောင်ထက်၌နေသော ငှက်တိရစ္ဆာန်တို့သည် မြည်တွန်ကျူးရင့်ကြသော အသံကိုကြားလျှင်၊ အလွန်သာယာဘွယ် ကောင်းပေစွတကားဟု-လည်မို့၍ကြည့်ပြီးလျှင်-တန့်ခွ့်၍နေ၏။ (လည်မို့၍ကြည့်သောအရပ်ကို *မို့တောင်ဟု ယခုတိုင် အောင် တွင်၏။ တန့်ခွ့်၍ နေသည့်အရပ်ကို *တန့်ခွ့်ဟု-ရှေးကတွင်၏။ ယခုလူတို့ကား *တန်းလွှဲဟု-ခေါ်ကြ၏)။ ထိုအရပ်မှတဖန် သွားကြပြန်သော်၊ တစ်ခုသော တောအရပ်သို့ ရောက်ပြန်လေ၏။ အဥ္စနဒေဝီမင်းသမီးသည် ဤအရပ်ကို အဘယ်အမည်တွင်သနည်းဟု-မေးသော်။ ပုရောဟိတ်ပုဏ္ဏားလည်း မင်းသမီး၊ ရှေးအခါ ရွှေငွေများစွာရှိသောကြောင့်။ *ဟိရညစရတောင်ဟု-တွင်၏။ (ယခုအခါကား၊ ဝါလမ္ဗုဘီလူးနေသောကြောင့် *ဝါလမ္ဗုတွင်သတည်းဟု ပြော၏)။ ထိုမှတဖန် သွားကြပြန်သော် အခွန့်ရှည်စွာသော မြစ်ကွေ့ကို မြင်လေလျှင်၊ အဥ္စနဒေဝီသည် ပုရောဟိတ်ပုဏ္ဏားအား ဤမြစ်ကွေ့ကား အဘယ်မျှအခွန့်ရှည်သနည်းဟု-ရင်ကိုကော့လျက်ပြော့၍ကြည့်ပြီးသော်၊ ပတဲချောင်းတကားဟု-ဆို၏။ထိုပြော့၍ကြည့်သောအရပ်ကို။ မယ်ပြော့မြစ်ဟု-ရှေးကတွင်၏။ ယခုကား *ပတဲချောင်းဟု-တွင်၏။ ထိုကတဖန် သွားကြပြန်သော်၊ ချောင်းတစ်ခုသို့ ရောက်ပြန်လေ၏။ ထိုချောင်းမှနေ၍ကြည့်လတ်သော်၊ အရပ်ရပ်သည် စိမ့်စမ်းတွေ နေဘွယ်တကားဟုဆို၏။ ထိုအရပ်ကိုရှေးက*စမ်းနေဟု-တွင်၏။ (ယခုလူတို့ကား *စနည်းဟု-ခေါ်ကြ၏)။ ထိုအရပ်မှ တဖန်သွားကြပြန်သော်၊ တစ်ခုသောတောအရပ်သို့ရောက်၍ ကြည့်လတ်သော်၊ ဤတောအရပ်ကား အံ့ဘွယ်ကောင်းစွ တကားဟု ဆို၏။ (ထိုတောအရပ်ကို ယခုလူနေဖြစ်လာ၍ *အမ်းမြို့ဟု-ခေါ်ကြ၏)။ ထိုကတဖန် သွားကြပြန်သော်၊ ချောင်းတစ်ခုသို့ ရောက်လေ၏။ ထိုချောင်းနားတွင် နေသောသူတို့သည် ဤအရပ်သို့မလာပါနှင့် တားလင့်သောကြောင့်။ ထိုအရပ်ကို *တားလက်ဟု-ရှေးကတွင်၏။ (ယခုလူတို့ကား *ဒါးလက်ဟု ခေါ်ကြကုန်၏)။ ထိုအရပ်မှတဖန် သွားကြပြန် သော် ဝေသာလီမြို့သို့ ရောက်တော်မူကြလေ၏။

ထိုဝေသာလီမြို့တွင်လည်း မင်းကြီးသေလွန်၍၊ ထီးလျာနန်းစံထိုက်တန်သော မင်းမျိုးမင်းနွယ်ပြတ်သောကြောင့်၊ အမှူးအမတ်စသော ပြည်သူအပေါင်းတို့သည် မင်းလောင်းမင်းလျာရှာလေသော်၊ ဗြဟ္မသုန္ဒရပုဏ္ဏား၊ အဥ္စနဒေဝီတို့ကို တွေ့မြင်လေလျှင်၊ ခြေလက်အင်္ဂါလက္ခဏာ သမ္ပတ္တိနှင့် ပြည့်စုံသည်ကိုမြင်၍၊ ပုဏ္ဏားတော်တို့နှင့်တကွ ပြည်သူအပေါင်းတို့ သည် ဤသူကား ထီးဆောင်နန်းလျာတည်းဟု-ဆောင်ယူပြီးလျှင်။ ဝေသာလီမြို့၌ ပြည်စည်းစိမ်ကို ဆောက်နှင်းလေ၏။ ထိုပုရောဟိတ်ပုဏ္ဏားအဥ္စနဒေဝီတို့သည် ပြည်ရွာတိုင်းကား၏ အကျိုးစီးပွားချမ်းသာကိုသာရွက်ဆောင်၍၊ ကာလ မြင့်ရှည်စွာ စံပျော်ပြီးမှ မင်းကြီးသေလွန်၏။

----------******----------

## ၅–သားတော်ပြဟ္မသုန္ဒရမင်းသားနှင့် သီရိနန္ဒရမင်းသမီးတို့ ဝေသာလီရွှေနန်းကို စိုးစံတော်မူသည်မှစ၍ ကစ္ဆပနဒီမြစ် အရှေ့ဘက်–အနောက်ဘက်မြို့အမည်ကိုပြခြင်း။

မင်းကြီးသေလွန်လေလျှင်။ သားတော် ပြဟ္မသုန္ဒရမင်းသားသည် သီရိနန္ဒရမင်းသားသည် သီရိနန္ဒရမင်းသမီးနှင့် အဘိသိက်သွန်း၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်ပြန်၏။ ထိုပြဟ္မသုန္ဒရမင်းကား ဒါန၊ သီလ စသည်တို့၌ အလွန်မွေ့လျော်၏။ ကောင်းမြတ်ယဉ်ကျေးသော စိတ်နှလုံးတော်ဖြင့် ပြည်သူပြည်သားတို့အား ချစ်ခင်မြတ်နိုး၍ မိဘကဲ့သို့ ချီးမြှင့်ထောက်ပံ့၏။ ထိုမင်းသည် ဝေသာလီမြို့မှပြောင်း၍၊ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ဖြစ်သောအရပ်၌ ငခွေးသင်းတောင်မြို့ကို တည်လေ၏။ ထိုမြို့၌ကား ထိုမင်း၏သားမြေးအစဉ်သည် ခြောက်ဆက်သာနေခဲ့၍ နန်းစဉ်မပြတ် ဆက်ကာဆက်ကာ တည်ထောင်သော မြို့တို့သည်ကား ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်၌ ကိုးဆဲ့ကိုးမြို့။ အနောက်ဘက်၌ လည်း ကိုးဆဲ့ကိုးမြို့ တည်လေ၏။

အရှေ့ဘက်၌ ကိုးဆဲ့ကိုးမြို့ဟူသည်ကား။

၁- ဒွါရာဝတီမြို့။
၂- ပန္နဝတီမြို့။
၃- သိဗ္ဗလိမြို့။
၄- မင်းသမီးပြင်မြို့။
၅- မင်းသားပြင်မြို့။
၆- သက်တင်ဝန်မြို့။
၇- ဆင်ထုမြို့။
၈- ပြောင်လောင်တိုင်မြို့။
၉- တိုင်ချိုင်မြို့။
၁၀- ကာဝန်တောင်မြို့။
၁၁- ကျွန်းပေါင်လောင်မြို့။
၁၂- အင်းချောင်းမြို့။
၁၃- နန္ဒွင်းတောင်မြို့။
၁၄- သောက်ရှုပြင်မြို့။
၁၅- စည်ဘောင်းတောင်မြို့။
၁၆- မူလေးတောင်မြို့။
၁၇- ဂင်္ဂါပြင်မြို့။
၁၈။ ဒေါင့်ဖြူးတောင်မြို့။
၁၉- ထီးဝန်တင်မြို့။
၂၀- မုဋ္ဌရီမြို့။
၂၁။ ဝေဋ္ဌုပဗ္ဗတမြို့။
၂၂- ထင်းရှူးတောင်မြို့။
၂၃- ငန့်တောင်မြို့။
၂၄- ရေချမ်းတောင်မြို့။
၂၅- ရွှေပန်းတောင်မြို့။
၂၆- ပဋ္ဌာမြို့။
၂၇- ကျောက်ပန်းတောင်းမြို့။
၂၈- သီရိကုဋ္ဋမြို့။
၂၉- ဓညဝတီမြို့။
၃၀။ ဆင်ကျုံးမြို့။
၃၁- ကန်သုံးဆင့်မြို့။
၃၂- အဇ္ဇဝတီမြို့။
၃၃။ သီရိမာဝတီမြို့။
၃၄- မလ္လာယုမြစ်ဖျား၌ရာဇဂြိုဟ်မြို့။
၃၅- ရန္ဒဝတီမြို့။
၃၆- သေလာဝတီမြစ်နား၌ဝေသာလီမြို့။
၃၇- ပဋ္ဌဝတီမြို့။
၃၈- သမ္မာဝတီမြို့။
၃၉- ကျစ္ဆဝတီမြို့။
၄၀- ကုမ္ဘာဝတီမြို့။
၄၁- ကရဏီသုဝဏ္ဏဂိရိမြို့။
၄၂- ကြွေပြင်မြို့။
၄၃- လေညှင်းတောင်မြို့။
၄၄- ပါသိဝံမြို့။
၄၅- ခဋ္ဌနာမြို့။
၄၆- သဝင်ကိုင်းမြို့။
၄၇- ပြိုင်တိုင်မြို့။
၄၈- ငခွေးတောင်မြို့။
၄၉- ဝါးရဲတောင်မြို့။
၅၀- ဆေးဒန်းမြို့။
၅၁- ကြက်သရေတောင်မြို့။
၅၂- စည်သဘင်တောင်မြို့။
၅၃- ငါးရံ့ချောင်းမြို့။
၅၄- စမ္ဘဝက်မြို့။
၅၅- ပေါင်းဘူးတောင်မြို့။
၅၆- ပြိုင်တိုင်တောင်ဖြူမြို့။
၅၇- ကြမ်းသာမြို့။
၅၈- သလွန်တောင်မြို့။
၅၉- ပိန္နဲချောင်းမြို့။
၆၀။ ဆင်ဖြူကျွန်းမြို့။
၆၁- ထွေးပြားဖြူမြို့။
၆၂- ကာတန်တောင်မြို့။
၆၃- အမ္ဗနဒီမြစ်နား၌ပုသင်တက်မြို့။
၆၄- သေလာအိုင်မြို့။
၆၅- ရင်ခတ်တိမ်းမြို့။
၆၆- စမ္ပာနဒီမြို့။
၆၇- ပရိန်းမြို့။
၆၈- မာရ်အောင်မြို့။
၆၉- ပန်းနံ့သာမြို့။
၇၀- ကျွန်းနံ့သာမြို့။
၇၁- မဋ္ဌမြို့။
၇၂- ကျွန်းသာမြို့။
၇၃- ဆီမီးတောက်မြို့။
၇၄- လင်းလိုမြို့။
၇၅- သီတာကန်မြို့။
၇၆- စမွယ်မြို့။
၇၇- ကရပဗ္ဗတနန်းတောင်မြို့
၇၈- လုံ့ရိုးပုံမြို့။
၇၉- တောင်သုံးဆယ်မြို့။
၈၀- သရဏ္ဍာန်မြို့။
၈၁- နဂါးတောင်မြို့။

| | | |
|---|---|---|
| ၈၂- တပင်တိုင်မြို့။ | ၈၃- တောင်ဖြူတောင်မြို့။ | ၈၄- နီလာတောင်မြို့။ |
| ၈၅- ရိုးပေါ်၌လွန်းရောတောင်မြို့။ | ၈၆- တောင်ငူ၌ ဂုတ်မြို့။ | ၈၇- လင်းဟုမ်းမြို့။ |
| ၈၈- ဝါသုမြစ်နား၌ ကမ္ဗလာမြို့။ | ၈၉- သရက်တောင်မြို့။ | ၉၀- မုနိမြို့။ |
| ၉၁- စစ်တလင်းမြို့။ | ၉၂- ကျောက်လှေကားမြို့။ | ၉၃- လက်မယာမြို့။ |
| ၉၄- မှန်ကူမြို့။ | ၉၅- လင်းမြို့။ | ၉၆- မြေမြို့။ |
| ၉၇- နေရဥ္စရာမြို့။ | ၉၈- ကုသာဝတီမြို့။ | ၉၉- ပဗ္ဗတမြို့။ |

ဤကား ကစ္ဆပနဒီ အရှေ့လက်ယာဘက် ကိုးဆဲ့ကိုးမြို့တည်း။

**အနောက်လက်ဝဲဘက် ကိုးဆဲ့ကိုးမြို့ဟူသော်ကား။**

| | | |
|---|---|---|
| ၁- ကျိန်းသီရိမြို့ | ၂- ကုလားပန်းစင်မြို့။ | ၃- ပြံုမားမြို့။ |
| ၄- ကန္တမစ္ဆိမာမြို့။ | ၅- ယင်ကရမြို့။ | ၆- ဂဇင်္ဂလမြို့။ |
| ၇- သန္တလမြို့။ | ၈- ဂန္ဓာလရာဇ်မြို့။ | ၉- စည်းကူးတရာဇ်မြို့။ |
| ၁၀- သောတာကာရာဇ်မြို့။ | ၁၁- မဟာပဗ္ဗတရာဇ်မြို့။ | ၁၂- စူဋကရာဇ်မြို့။ |
| ၁၃- ကလိင်္ဂရာဇ်မြို့။ | ၁၄- ပဥ္စလိင်္ဂရာဇ်မြို့။ | ၁၅- ကပ်ပင်ဝါကူမြို့။ |
| ၁၆- စန္ဒာသာရာဇ်မြို့။ | ၁၇- ပန်းခလာမြို့။ | ၁၈- အဥ္စနနဒီမြို့။ |
| ၁၉- ပဥ္စကာဝတီမြို့။ | ၂၀- ဘဥ္စရဥ္စပေါ်မြို့။ | ၂၁- အဇ္ဇတန်မြို့။ |
| ၂၂- သုဝဏ္ဏဂိရိမြို့။ | ၂၃- ဝေဠုတရမြို့။ | ၂၄- ပဋိခလာနဂရမြို့။ |
| ၂၅- လောရပါမြို့။ | ၂၆- ပတ္တနဂိုရ်မြို့။ | ၂၇- ရမ္မာပူရမြို့။ |
| ၂၈- ပေါက္ခရနဒီမြို့။ | ၂၉- သမာဝါရမြို့။ | ၃၀- ဝေလာပန်တောင်မြို့။ |
| ၃၁- ဂဂ္ဂရမြို့။ | ၃၂- ငတန်သရဲမြို့။ | ၃၃- မလ္လာရာဇ်မြို့။ |
| ၃၄- ယက္ခဂန္ဓာရမြို့။ | ၃၅- သမ္မာဂိရိမြို့။ | ၃၆- စန္ဒဂီရိမြို့။ |
| ၃၇- စတူရမြို့။ | ၃၈- ပုလိန္တရာဇ်မြို့။ | ၃၉- အဝန္ဒိမြို့။ |
| ၄၀- ကောကာဂရာဇ်မြို့။ | ၄၁- ဆားတလင်းမြို့။ | ၄၂- ခမောင်းတုမ်းမြို့။ |
| ၄၃- သရက်အိုင်မြို့။ | ၄၄- ကြည်ထောင်မြို့။ | ၄၅- ပန်းပြင်မြို့။ |
| ၄၆- သပိတ်တောင်မြို့။ | ၄၇- ယင်ပေါင်တောင်မြို့။ | ၄၈- အင်ကြင်းတောင်မြို့။ |
| ၄၉- ရွှေစကြာမြို့။ | ၅၀- ဆင်သေမြို့။ | ၅၁- ဆဒ္ဒန်အိုင်မြို့။ |
| ၅၂- သစင်ကျွန်းမြို့။ | ၅၃- စင်တန်တင်မြို့။ | ၅၄- သမက်မြို့။ |
| ၅၅- ယောက္ခမမြို့။ | ၅၆- ဆံထုံးဆွဲမြို့။ | ၅၇- သလူတောင်မြို့။ |
| ၅၈- တပ်မြို့။ | ၅၉- တောင်ကျွန်းမြို့။ | ၆၀- ကြက်တောတောင်မြို့။ |
| ၆၁- ကာသုရမြို့။ | ၆၂- တောက်ဆုံမြို့။ | ၆၃- တဲလမုချောင်းမြို့။ |
| ၆၄- ပေကောက်မြို့။ | ၆၅- ပေးကျွန်မြို့။ | ၆၆- ခမောင်းဆိပ်မြို့။ |
| ၆၇- နီလာပန်းတောင်းမြို့။ | ၆၈- ခဲလူမြို့ | ၆၉- သုရနန္ဒမြို့။ |
| ၇၀- သမန္တရာဇ်မြို့။ | ၇၁- ဝိတကောမြို့။ | ၇၂- တံတိုင်းသင်မြို့။ |
| ၇၃- ခြသေ့်တောင်မြို့။ | ၇၄- မြင်းသေတောင်မြို့။ | ၇၅- ဘန္တရာဇ်မြို့။ |
| ၇၆- ကင်ပိအိုင်မြို့။ | ၇၇- မင်းကုန်းမြို့။ | ၇၈- ရေးရိုးပင်တိုင်မြို့။ |
| ၇၉- သေမသောက်မြို့။ | ၈၀- သားပျိုငိုမြို့။ | ၈၁- ကျောက်တံခါးမြို့။ |
| ၈၂- တရုပ်ကန်မြို့။ | ၈၃- ခွေးသေးမြို့။ | ၈၄- ဩရမမြို့။ |
| ၈၅- စက္ကဝဏ္ဏမြို့။ | ၈၆- ဝေရဥ္စမြို့။ | ၈၇- တရုပ်မြို့။ |
| ၈၈- သာယာမြို့။ | ၈၉- မလ္လာမြို့။ | ၉၀- အောင်သာမြို့။ |
| ၉၁- နီလာပြင်မြို့။ | ၉၂- ငကြီးတောင်မြို့။ | ၉၃- ဆင်ဖြူတောင်မြို့။ |
| ၉၄- ညောင်ချောင်းမြို့။ | ၉၅- စိန်ညင်းပြင်မြို့။ | ၉၆- တိုင်စင်မြို့။ |

၉၇- နဂရမြို့။ ၉၈- လောမာရမြို့။ ၉၉- ပျားသယူးမြို့။

ဤကား ကစ္ဆပနဒီမြစ်၏ အနောက်လက်ဝဲဘက် ၉၉မြို့တည်း။

----------******-----------

## ၆–ဝေသာလီမြို့ကို ဘီလူးဝင်စား၍ ပျက်ပြားသော အကြောင်းအရာကိုပြခြင်း။

အသမ္ဘိန္နခတ္တိယအနွယ်ဖြစ်သော ဝါသုဒေဝမင်းတို့၏ အစဉ်သည်။ ဤကစ္ဆပနဒီမြစ်၏အရှေ့ဘက်။ အနောက်ဘက်မြို့ရွာတို့ကို တည်ထောင်၍ အုပ်စိုးကုန်လျက်။ နောက်ဆုံးဖြစ်သော သရဗ္ဗာန်မင်းသည်။ သိဒါသီမည်သော မိဖုရားနှင့် ဝေသာလီမည်သော ရွှေပြည်ကြီးကို တဖန်တည်ထောင်အုပ်စိုးပြန်၍။ ထိုမင်း၏ သားမြေးမြစ်အစဉ်၊ ဆွဲခြောက်ဆက်တိုင်အောင် ဝေသာလီပြည်ကြီး၌ စိုးအုပ်တော်မူကြကုန်၏။ ထိုအခါ၊ ဟိမဝန္တာတောဝယ်။ မျောက်ဘိုနှင့် ဆတ်မသည်-အချင်းချင်းပေါင်းဘက်ဆက်ဆံ၍ နေကြစဉ်။ လေမုန်တိုင်း သည်းထန်စွာထလျက်၊ မိုယ်းသည်းထန်စွာ ရွာလတ်၍၊ မှီတင်း၍နေသောညောင်ပင်နှင့် သဖန်းပင်လဲ၍၊ ရေအယဉ်ဖြင့်-ကစ္ဆပနဒီမြစ်ညာမှသည် အစဉ်အတိုင်း မျောကြလတ်သော်၊ သေလာဂီရိကျောက်တော်တောင် ခြေရင်းဝယ် ပါးကြလေ၏။ မျောက်ဖိုနှင့် ဆတ်မသည် တောသို့ ဝင်၍၊ ကာလမြင့်ရှည်စွာ ဆက်ဆံပေါင်းဘက်၊ သားသမီးသုံးကျိပ်နှစ်ယောက် ဘွားမြင်၏။ ထိုသားတို့တွင် အချို့ကား လူဖြစ်၍။ လူအပေါင်းအဘော်သို့ ဝင်ကြလေ၏။ အချို့ကား ဘီလူးဖြစ်၍ တောင်တစ်ခုဝယ် နေကြကုန်၏။ တောလာ-ထင်းခွေသူတို့ကို ဆင်အယောင်ဆောင်၍ ဘမ်း၍စားသောကြောင့်။ *ဘီလူးဆေးတန်တောဟု-ယနေ့တိုင်အောင် တွင်၏။ ထိုဆေးတန်ညီ-ဘီလူးပက္ခမီကား။ ကူးတို့သမားအယောင်ဖြင့် လူတို့ကို လှေသို့တင်၍ ချောင်းငယ်တစ်ခုကို အမှတ်ပြုလျက် မှိုင်းချ၍စားသောကြောင့်။ထိုချောင်းဝကို မှိုင်းချောင်းဝဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုဘီလူးကူးတို့ခံသော အရပ်ကိုကား* ပက္ခမီကူးတို့ဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုပက္ခမီ၏ညီဖြစ်သော ဘီလူးငရက္ခိုက်ကား တောင်တစ်ခု၌ နေ၏။ ထိုတောင်သို့တက်သောလူတို့ကိုလည်းကောင်း၊ တောင်ခြေရင်းသို့ ရောက်ပေါက် လာသောလူတို့ကိုလည်းကောင်း၊ ဘမ်း၍စားသောကြောင့်။*ရက္ခတောင်ဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုဘီလူး၏နှမဖြစ်သော ရက္ခိုက်မသည် ရေကန် တစ်ခု၌နေ၍။ ထိုရေကန်၌ရေကိုသောက်သော သူတို့ကို တစ်ယောက်မျှ မပြန်ရအောင် စားလေ၏။ ထိုကန်ကိုကား* ရက္ခိုက်မကန်ဟု-ယနေ့တိုင်အောင်တွင်၏။ ထိုဘီလူးမအောက်ဖြစ်သော မောင်ငယ်ဘီလူးကိုကား *ဘီလူးရာဟု-ဟု ခေါ်၏။ ထိုဘီလူးရာဟုသည်ကား ရက္ခိုက်မကန်မှသည် အောက်စူးစူးအရပ်တွင်၊ တစ်ခုသော တောင်ဝယ်နေ၏။ ညဆည်းဆာ၌ လူအယောင်ဖြင့် ပြိုင်းပြိုင်းရပ်၍နေလင့်သောကြောင့်၊ ခရီးသွားတို့သည် လူဟု-မှတ်ထင်၍။ ချဉ်းကပ်မိ လေသောသူတို့ကို စားလေကုန်၏။ ထိုတောင်ကို*ပြိုင်းတောင် ဟု ယနေ့တိုင်အောင်တွင်၏။ ထိုဘီလူး၏ညီဖြစ်သော ငပိတ်သဲနှင့် ငလက်ခုပ်သည်-အလွန်မဲနက်သောကြောင့်။ နှမ-အစ်ကိုတို့သည် အပေါင်းအသင်း မပြုလိုဟု-ခြားနား၍ ထားလေလျှင်။ သားငှက်တို့ကို ဖမ်းသတ်၍ စားလေ၏။ တောသို့ ထင်းခွေရောက်သောသူတို့ကို လည်း ဘမ်း၍စားလေ၏။ ထိုအရပ်ကို *ငလက်ခုပ် ငပိတ်သဲဟူ၍ ဤနေ့တိုင်အောင် ခေါ်ဝေါ်ကြကုန်၏။ ဤသို့လျှင် ဘီလူးတို့သည် အသီးအသီး ဖမ်းစားလေသောကြောင့်။ ဝေသာလီမြို့၌နေသော လူတို့သည် တစ်နေ့တစ်ခြားလူနည်းပါး လတ်သော်၊ ထိုဘီလူး စားသောအကြောင်းကိုသိ၍၊ တောထဲလွင်ပြင်-မဝင်မထွက်ဝံ့ကုန်ဘဲ-အိမ်တွင်သာနေကြကုန်၏။ ယင်းသို့ တောထဲ လွင်ပြင်-မဝင်မထွက်ကြလျှင်။ ဘီလူးတို့သည် မစားရသော်။ ငတ်မွတ်လှသောကြောင့် ညဆည်းဆာ- နံနက်ဆည်းဆာကို ဝေသာလီမြို့သို့ဝင်၍။ တစ်အိမ်မှတစ်အိမ် သွားလာသောသူတို့ကို ဘမ်းငင်စားလေ၏။ ထို အကြောင်းကို လူအပေါင်းတို့ သိလေသောကြောင့်။ နံနက်ဆည်းဆာ-ညဆည်းဆာကို အိမ်ပေါ်မှမထွက်။ အောက်သို့ မသက်ဘဲလျှင်။ ရှောင်ကြဉ်ကြကုန်၏။ ထိုအခါကစ၍၊ *ဆည်းဆာဘီလူးလာသည်ဟူ၍ ဆိုကြကုန်၏။ ဤသို့အစဉ်အဆက်အားဖြင့်။ ဆည်းဆာဘီလူး လာသည်ဟူ၍ ဤနေ့တိုင်အောင် ရှောင်ကြဉ် ကြကုန်၏။ ထိုအခါ ဝေသာလီမင်းကြီးသည် ဘီလူးကိုဖမ်းခြင်းငှာ စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် တောကစားရာဝယ်။ ဘီလူးဆေးတန်သည်။ ဆင်အဟန်ပြု၍ ခြိမ်းမောင်း၍လိုက်လေ သော်၊ ရဲမက်ဗိုလ်ပါတို့သည်၊ ထိုမှဤမှပြေးကြရသောကြောင့်၊ မင်းကြီးကို ဖမ်း၍စားလေ၏။ မင်းကြီးမရှိလျှင် ဝေသာလီ ရွှေနန်း၌ မိဖုရားကြီးနှင့် သမီးတော်တစ်ပါးသာ ရှိ၏။ ထိုအခါဝယ် ကပိလဝတ်ပြည်၌ အဇ္ဇုန္နမည်သော သာကီဝင်မင်းကြီးသည် မင်းပြုလေ၏။

----------******-----------

## ၇-ကပိလဝတ်ပြည်ကြီးရှင် အဇ္ဈနသာကီဝင်မင်းကြီး သားတော်မာရယူမင်း ထီးနန်းစိုးစံတော်မူသော အဋ္ဌုပ္ပတ္တိကိုပြခြင်း။

ထိုမင်းကြီး**သည်** ညဥ့်အခါ၌ နေလနှစ်ပါးကို ပိုက်၍ အိပ်မက်သောကြောင့်။ မိမိ၏ပညာဖြင့် ဤသို့ကောင်စွာ ကြံမိ၏။ လမင်းကို မြင်မက်သည့်အလိုကား။ မြတ်စွာဘုရားတို့သည် ထင်ရှားပွင့်လတ္တံ့သော အကြောင်းလျှင်တည်း။ နေမင်းကိုမြင်မက်သောအလိုကား။ နေနှင့်တူသော တရားရောင်ခြည်ကိုလွှတ်၍ လူနတ်ဗြဟ္မာသတ္တဝါတို့ကို ချွတ်တော်မူလတ္တံ့သောအကြောင်းတည်း။ ငါတို့သည်လည်း ထိုဘုရားပွင့်တော်မူသောအခါဝယ်၊ အကျွတ်တရားကို ရအောင်ကြိုးစားအံ့ဟု-တစ်သောင်းခြောက်ထောင်သော မင်းမောင်းမ အပေါင်းတို့ကို စွန့်၍၊ မိမိ၏သားတော်ရင်းဖြစ်သော ဓမ္မသေန မင်းသားအား တိုင်းပြည်ကို အပ်ခဲ့၍ ဟိမဝန္တာတောသို့ ဝင်လေသော်။ နတ်တို့သည် နောင်ဖြစ်လတ္တံ့သော အကြောင်းကို မြင်၍၊ အဇ္ဈနရှင်ရသေ့အား မည်သည့်တောင်၊ မည်သည့်တောအရပ်၌ မပျော်မွေ့ရှင်သည်ဖြစ်၍၊ တစ်နေ့တစ်နေ့ တစ်ရွှေ့ တစ်ပါး ခရီးသွားရသောကြောင့်။ ကစ္ဆပနဒီမြစ်ဖျားသို့ရောက်မှ။ မွေ့လျော်သည်ဖြစ်၍ ဤသို့ကြံ၏။ ဟိမဝန္တာနှင့်နီးချေကလည်း အချမ်းပြင်းသဖြင့် သီလစောင့်ခြင်း၌ နှောင့်နှေးသည်ဖြစ်လတ္တံ့။ လူ့ရွာနှင့်နီးချေကလည်း သီလမစင်ကြယ်သည်သာ ဖြစ်လတ္တံ့။ ထို့ကြောင့် ဤအရပ်သည်ပင်လျှင် သီတင်းသုံးအံ့သောငှါ ဂေါစရဂါမ်အရပ်တည်း ဟု၊ ပြည်ညောင်ပင်ကြီး ရင်းဝယ် မြတ်သောသီလကို ဆောက်တည်၍ နေ၏။ ထိုညောင်ပင်စောင့်နတ်သည် ရသေ့တန်းခိုးကြောင့် အပင်ပေါ်တွင် မနေဝံ့၍၊ မျောက်အယောင်ဖန်ဆင်းပြီးလျှင်၊ တောဝတွင်နေရှိသော မျောက်အပေါင်းတို့ကို။ ငါတို့ ညောင်ပင်ရင်းဝယ်၊ သီတင်းသုံးလာသော ရှင်ရသေ့သည် သီလစင်ကြယ်စွာ၏။ ဘုန်းတန်းခိုးကြက်သရေ အရှိန်အစော်နှင့်လည်း ပြည့်စုံ၏။ ငါတို့ ဤတောအရပ်ဝယ် နေရကြသည်ထက် ရှင်ရသေ့ထံ ဆည်းကပ်ရသော်ကောင်း၏ဟု-တိုင်ပင်ပြောဆိုသော်။ မျောက်မင်းလည်း ကောင်းပေစွဟု ဝန်ခံ၏။ အခြံအရံတစ်ထောင်နှင့်တကွ ရှင်ရသေ့ထံဝယ် ဆည်းကပ်လေ၏။ တောသစ်သီးသစ်ရွက်ဖြင့် လုပ်ကျွေးကြလေ၏။ ထိုညောင်စောင့်နတ်လည်း ဆတ်အယောင်ဘန်ဆင်း၍ ဆတ်မကို ဆိုလေသော်။ ဆတ်မင်းလည်း အခြံအရံတထောင်နှင့် ဆည်းကပ်လေ၍ လုပ်ကျွေးကြကုန်၏။ ထိုဆတ်အရွယ်အသင်း၌ပါသော ဣန္ဒမာရုမည်သော ဆတ်မသည်ကား။ ကေသရာဇာခြင်္သေ့မင်း၏သမီးဖြစ်သော အမိလာတွင်မြင်သောကြောင့်။ ခြင်္သေ့မင်း၏မြေးရင်းတည်း။ ဘုန်းတန်းခိုးလည်း ကြီး၏။ ကပိလအဇ္ဈနရှင်ရသေ့သည် ရှေးသုံးဘဝပတ်လုံး အခြားမဲ့ မယားဖြစ်ခဲ့ဘူးသောကြောင့်။ ထိုဣန္ဒမာရုဆတ်မကိုမြင်လျှင် အလွန်ပင် တပ်သောစိတ်ဖြစ်ပေါ်လာ၏။ အို-ဤဆတ်မ ကား။ တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်း မိဖုရားသုနန္ဒာနှင့် တူ၏ဟု-ထိုဆတ်မကို သုံးသပ်လေသော်။ ဆတ်မလည်း လင်ဟောင်းဖြစ်သောကြောင့်၊ ပုဗ္ဗေသန္နိဝါသ၏ အစွမ်းဖြင့် တပ်သောစိတ် ရှိသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ နှစ်လိုစွာသော စိတ်ဖြင့်ပေါင်းဖော်၍ နေကြလေ၏။

ထိုအခါ ငါတို့ဝေသာလီမြို့၌ ဆတ်မ၏သား ဘီလူးဆေးတန်ညီနောင်တို့သည် လူအပေါင်းတို့ကို ဖမ်း၍စားသဖြင့်၊ လူကုန်လတ်သည်ကို သိကြားမင်း ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလတ်သော်-မြင်သိတော်မူ၍။ ဤဝေသာလီပြည်ကြီးသည်ကား၊ အဆူဆူသော မြတ်စွာဘုရားတို့၏ သာသနာတော်တည်ရာအရပ်ဖြစ်သည်ဖြစ်၍ မပျက်စီးကောင်းဟု-နှလုံးပိုက်၍၊ အဘယ်သူလျှင် ဤဘီလူးကိုခွင်း၍ ချမ်းသာအောင် စောင့်ဆည်းနိုင်အံ့နည်းဟု-ကြည့်လတ်သော်။ သောဏခတ္တိယ နတ်သားကို မြင်လေ၏။ အဘယ်သူ၌ ပဋိသန္ဓေနေလတ္တံ့နည်းဟု-ကြည့်လတ်သော်။ ဆတ်မဝမ်းတွင် ပဋိသန္ဓေနေသောသူသာလျှင် ခွင်းနိုင်ရာ၏။ ဝေသာလီပြည်ကိုလည်း စောင့်ရှောက်နိုင်ရာ၏ဟု-မြင်လေ၍ သောဏခတ္တိယဗိမာန်သို့ သွားလေပြီးသော်၊ အချင်းနတ်သား၊ လူ့ပြည်တွင် ဝေသာလီ မြို့၌ လူများကို ဆတ်မနှင့် မျောက်ဖိုတို့တွင် ဖွားမြင်သော ဘီလူးမောင်နှမတို့သည် စား၍ကုန်လေပြီဖြစ်သောကြောင့် သာကီယမင်းဖြစ်သော ကပိလဝတ်ပြည်ကို အစိုးရသော၊ အဇ္ဈနကပိလ ရှင်ရသေ့၏မယားဖြစ်သော ဣန္ဒမာရုဆတ်မ၏ဝမ်းဝယ် ပဋိသန္ဓေနေလျှင်၊ ထိုဘီလူးတို့ကို ခွင်းနိုင်ရာ၏။ ဝင်သောနေကဲ့သို့ ကျင့်သည်ရှိသော်ကား၊ ထိုဘီလူးတို့ကို မနိုင်ရာ၊ ထွက်သောနေကဲ့သို့ ကျင့်မှသာ၊ ထိုဘီလူးတို့ကို နိုင်ပေရာသည်ဟု သင်ကြားလိုက်၏။ သုံးကြိမ်စေ့အောင် တောင်းပန်ပြီးမှ၊ သောဏခတ္တိယနတ်သားလည်း သိကြားအမိန့်အာဏာဖြင့် မနေပိုင်သောကြောင့် ဝန်ခံ၍၊ ဣန္ဒမာရု ဆတ်မဝမ်းဝယ် ပဋိသန္ဓေနေလာ၏။ ဆယ်လမစေ့မီ သိကြားမင်း ကိုယ်တိုင်လာ၍၊ ဆတ်မသည် လူ့ပြည်သို့သွား၍ သားဘွားမှ ကြံတိုင်းပြီးမည်ကို သိသဖြင့်။ ဝလာဟကနတ်သားကို ခေါ်၍ အချင်းနတ်သား၊ ကပိလရှင်ရသေ့နေသည့် ညောင်ပင်ကို၊ လဲအောင်လေမုန်တိုင်းတိုက်လေဟု၊ အမိန့်ပေး၏။ နဂါးမင်းကိုလည်းခေါ်၍။ ထိုညောင်ပင်အောက်မှာ ဥမင်တူး၍ ညောင်ပင်အမြစ်ကို ဖြတ်လေဟု၊ အမိန့်ပေးတော်မူ၏။

ပဇ္ဇုန္နနတ်သားကိုခေါ်၍ မိုယ်းကြီးပြင်းစွာ ရွာပလေ စေဟု အမိန့်ပေးတော်မူ၏။ နဂါးမင်းလည်း ဥမင်တူးလေ၏။ မိုယ်းနတ်သားလည်း ပြင်းစွာမိုယ်းရွာစေ၏။ လေနတ်သား လည်း လေပြင်းစွာတိုက်လေ၏။ ထိုသို့ပြုလျှင် ညောင်ပင်သည် လဲ၍ ကပိလအဇ္ဇုနရှင်ရသေ့စသော သူအပေါင်းတို့သည် အပေါင်းအဖော်ကိုစွန့်၍ ဖရိုဖရဲပြေးရှာလေကုန်၏။ ဣန္ဒမာရုဆတ်မသာလျှင် ညောင်ပင်ထက်တွင် စီး၍ပါလေသဖြင့်။ ကစ္ဆပနဒီမြစ်ညာမှသည် အစဉ်အတိုင်းမျောလေလျှင်၊ ဆတ်မလည်း အခြွေအရံနှင့်တကွ ရှင်ရသေ့ကို အောက်မေ့လျှက် ပါလေသော်။ ကြိမ်ပျစ်တောကိုမြင်လတ်၍ ကူးအံ့ဟု-လက်သက်သောကြောင့် ထိုအရပ်ကို *လက်သက်ဟု ဤနေ့တိုင်အောင် တွင်၏။

ထိုအရပ်မှသည် ကွေ့ရှည် ကွေ့လျား မျောလတ်သော်၊ ကူးအံ့ဟု လက်တန်းလျက် ဆင်းသက်သောအရပ်ကို *ကူးလတန်းဟုတွင်၏။ ယခု ရခိုင်ပြည်သားတို့ကား *ကလတန်ဟု -ခေါ်တွင်ကုန်၏။ ထိုအရပ်မှသည် အစဉ်အတိုင်း မျောလတ်သော်၊ ပင်ပန်းမိန်းမောသည့်အရပ်ကို *မိန်းအရပ်ဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုမိန်း၏ အကြေတကွေ့ လောက်သော အရပ်၌။ စတုလောကပါလနတ်သား လေးယောက်တို့သည် ထက်ကြပ်စောင့်လျက် ပါသောကြောင့်။ တင်အပ်ပြီဟူ၍ တင်လေသောအရပ်ကို *ငတင်ကြီးဟူ၍ ဤနေ့တိုင်အောင် တွင်၏။ ထိုနှင့်မနီးမဝေးသောအရပ်၌ ဆတ်မမင်းသားကို နတ်မင်းကြီးတို့ တွန်းသောအရပ်ကိုကား *ငစေထွန်းဟူ၍တွင်၏။ ထိုသားသည် ဓမကရိုဏ်မှ ထွက်သကဲ့သို့ ဘွားလတ်လျှင်၊ ခုနစ်တောင်မျှလောက်သောအရပ်၌ နှံ့အောင်မီးရောင်ကဲ့သို့ ကိုယ်မှအရောင်တို့သည် တောက်လေ၏။

ထိုအခါ အောင်လာဟူသော မြို့သင်းကြီးသည် ခွေးနှင့်တကွ တောလည်သွားသောအခါ၊ ဆတ်မကား လူသံ ခွေးသံကို ကြားလေလျှင် ကြောက်သောကြောင့်၊ သား၏ကြင်နာခြင်းကို စွန့်၍ပြေးလေ၏။ သင်းကြီးအောင်လာသည် ထိုအရောင်ကိုမြင်လျှင် အရောင်ထဲသို့ဝင်၍ ရှာလေသော်၊ ဤမီးကား မလောင်ပါတကားဟု-ဝင်၍ကြည့်လေသော်။ သူငယ်ကို မြင်လေလျှင် တန်းခိုးအာနုဘော်ရှိသောသူ ဖြစ်သောကြောင့်၊ သင်းကြီးအောင်လာသည် ရင်၌ဖြစ်သောသားကို ကဲ့သို့ ကြင်နာစုံမက်ခြင်းဖြစ်၏။ ဆောင်ယူလျက်မွေး၏။ ဣန္ဒမာရုဆတ်မကို စွဲ၍၊ သားကိုလည်း *မာရယု ဟူသော အမည်ကိုမှည့်၏။ ထိုသားငယ်ကို မြို့ရွာခပ်သိမ်းတို့မှ လူအပေါင်းတို့သည် ကြည့်ကြလာကုန်၏။ အံ့အဲသရဲပြုလျှက် လက်ခုပ်တီးသောအရပ်ကို *ငလက်ခုပ်ဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုအရပ်ကသည် မနီးမဝေးသောအရပ်သို့ ဆောင်လေ၏။ မြို့မျှားပျော်ပါးမြူးထူးကြသည့်အရပ်ကို ⁕ငရေမြူးဟူ၍ ယနေ့တိုင်အောင်တွင်၏။ သူငယ်ကြီးမြင့်လတ်သော် အဆင်းသဏ္ဍာန် ခွန်အားဗလနှင့်လည်း ပြည့်စုံ၏။ လေးမြားစသော အတတ်ပညာ၌လည်း အလွန်တတ်မြောက် သောကြောင့်၊ မြို့အပေါင်း တို့သည် ဤသူငယ်ကို မင်းပြုစေအံ့ဟု သင်းကြီးအောင်လာသမီးဘီလူးနှင့် လက်ထပ်ပြီးလျှင်၊ တောင်ကြီးတလုံးသို့ ဆောင်၍၊ တဲကြီးခုနစ်ဆောင် ဆောက်လျက် မင်းမြှောက်ကြလေ၏။ ထိုတဲကြီးခုနှစ်ဆောင် ဆောက်သော တောအရပ်သည်။*ခုနစ်ဆောင်တောဟူ၍ ဤနေ့တိုင်အောင် တွင်လေ၏။

ထိုမာရယုမင်းကို မင်းမြှောက်သောနေ့၌ပင်လျှင် သိကြားမင်းကိုယ်တိုင်လာ၍ အရိန္ဒမာ လုံ့စကြာနှင့်တကွ လေးမြားစသောလက်နက်ငါးပါး စကြာရတနာတို့ကို ဆောင်နှင်းလာ၏။ ထိုတောမှထွက်ပြီးလျှင် သိကြားပေးသော လေးစကြာဖြင့်။ ထိုဝေသာလီပြည်သို့ဝင်၍၊ လူကိုစားသောဘီလူးတို့ကို ပစ်ခွင်းလေ၍၊ သိကြားပေးသော သန်လျက်ဖြင့် ပိုင်းဖြတ်ပြီးလျှင်၊ ထိုဝေသာလီမြို့၌ မင်းအဖြစ်ကို ယူလေ၏။ ထိုဘီလူးရက္ခိုက်တို့ကို အစွဲပြု၍ ရက္ခပူရတိုင်း*ရက္ခိုင်ပြည် ဟူ၍။ ဤနေ့တိုင်အောင်တွင်၏။ ထိုဘီလူးတို့ကို အောင်မြင်ပြီးမှ၊ ဘီလူးစားသောမင်း၏မိဖုရားနှင့် သမီးတော်ရုစိတ မာလာတို့ကို ခေါ်ပြီးလျှင်။ မိဖုရားကြီးကိုကား ယောက္ခမအရာ၌ ထားလေ၍။ သမီးတော် ရုစိတမာလာကိုကား မိဖုရားအဖြစ်သို့ မြှောက်လေ၏။ မင်းအဖြစ်သို့ ရောက်ပြီးမှ ဘီလူးမိစ္ဆာတို့ဝင်၍ စားလေသောမြို့ဖြစ်သောကြောင့်။ နေအံ့သော်ငါ မအပ်ဟု -ထိုဝေသာလီမြို့ကိုစွန့်၍ မြောက်သို့တူရူသွားလေ၍ မြို့တည်အံ့သောနေရာကို ရှာလေသော်။ သိရိမာမြစ်ဖျား လက်ျာဘက်၌ ကောင်းကင်ပျံနာကိဿရရသေ့ကို တွေ့လေ၏။ ရှင်ရသေ့လည်း အဘယ့်ကြောင့်လာ သနည်းဟုမေးသော်။ မြို့ရာမြေရှာသတည်းဟု ကြားလေသော်။ ဤအရပ်သည် ဘူမိနက်သန် အလွန်ကောင်းမွန်၏ဟု ဆိုပေသော်။ ထိုမာရယုမင်းကြီးသည် ဘူမိနက်သန်မှန်သောမြေအဖြစ်ကို အကျွန်ုပ်တို့ မသိနိုင်သောကြောင့်၊ သခင်ရသေ့ ပင် ပြစေချင်သည်ဟု တောင်းပန်လတ်သော်။ ရှင်ရသေ့သည် ဘူမိပါလသုတ်ကို ရွတ်လေသော်။ ဆင်သံကဲ့သို့ ဟိန်းလျက်၊ ကောင်းကင်သို့ တက်လတ်သည်ကို မြင်မှ။ ဤသည်လျှင် ဘူမိနက်သန်မြေတည်းဟု-ဆို၍။ ထိုအရပ်၌ မြို့ကြီးစွာ တည်လေ၏။ ထိုမြို့ဝယ် စပါးမိုယ်းလည်း ရွာလေကုန်၏။ ဤမြို့ကို အဘယ်သို့သော အမည်ကိုမှည့်ရအံ့နည်းဟု မေးလေသော်၊ ရှင်ရသေ့လည်း ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရတော်မူသောကြောင့်၊ မင်းကြီး၊ ဤမြို့ကို အမည်ရှာအံ့

အခွင့်မရှိ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ရှေးရှေးမြတ်စွာဘုရားတို့သည် ဤပြည်ကို ဓညဝတီဟု အမည်တွင်လတ္တံ့ဟူ၍၊ အမည်ဟောင်းကို အကြောင်းပြု၍၊ ပညတ်ကြလေ၏။ ဤသို့ဆိုခဲ့ပြီးသော်။ အရှင်နာကိဿရ ရသေ့လည်း ဟိမဝန္တာတောသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေ၏။

ထိုမာရယုမင်းကြီးသည်ကား ဘီအမည်ရှိသော မျောက်သားတော်လည်းတစ်ယောက်၊ ရုစိတမာလာ မင်းသမီး လည်းတစ်ယောက် ဤနှစ်ယောက်သော မိဖုရားကြီးတို့နှင့်တကွ၊ မောင်းမမိဿံခြံရံလျက်၊ မနောစည်းစိမ်ချမ်းသာကို ခံစားတော်မူ၍။ ပြည်ရွာတိုင်းကားကို စိုးအုပ်တော်မူလျက်။ အမျိုးလေးပါးတို့၏ ချမ်းသာစီးပွားကို စောင့်ရှောက် ရွက်ဆောင်တော်မူ၏။ ထိုမာရယုမင်းကား အိမ်နိမ့်တစ်ဆဲ့ရှစ်နှစ်၊ နန်းစည်းစိမ်ခြောက်ဆဲ့နှစ်နှစ်၊ နှစ်စုသက်တော် ရှစ်ဆယ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလျှင်၊ မိဖုရားရုစိတမာလာ၌ ဘွားသော မာရဇေတုမည်သော သားတော်သည်၊ ဘုမ္မိဇေဟူ သော မိဖုရားနှင့် အဘ၏ရိုက်ရာတော်ဖြစ်သော ထီးနန်းစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား။ အိမ်နိမ့် သုံးဆယ့်ခြောက်နှစ်၊ နန်းစည်းစိမ် သုံးဆဲ့နှစ်နှစ်။ နှစ်စုသက်တော် ခြောက်ဆယ့်ရှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်မရအုံမင်းသည်၊ ဂေါရဇေဟူသော မျောက်သားတော်နှင့်။ အဘိသိက် ခံ၍၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းအိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ် ငါးဆဲ့သုံးနှစ်၊ နှစ်စုသက်တော် ခုနစ်ဆဲ့သုံးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်လေလျှင်၊ သားတော် မာရရွှယ်မင်းသားသည် တုလဘီဟူသော မင်းသွီးနှင့် အဘိသိက်ခံလျက်၊ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆယ်၊ နန်းစည်းစိမ် လေးဆဲ့ရှစ်နှစ်၊ နှစ်စုသက်တော် ခုနစ်ဆဲ့ရှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်လေလျှင်၊ သားတော်မာရတင်မင်းသားသည် သီလဘီဟူသော နှမတော်ရင်းနှင့် အဘိသိက်ခံ၍၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား၊ အိမ်နိမ့်နှစ်ဆဲ့ငါးနှစ်၊ နန်းစည်းစိမ် ငါးဆဲ့ငါးနှစ်၊ နှစ်စုသက်တော် ရှစ်ဆယ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်လေလျှင်၊ သားတော်မာရဇိန်မင်းသည် တုတ္တဘီဟူသော မိဖုရားနှင့် အဘိသိက်ခံ၍။ ပြည်ကြီး စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆဲ့တစ်နှစ်၊ နန်းစည်းစိမ်သုံးဆဲ့သုံးနှစ်၊ နှစ်စုသက်တော် ခြောက်ဆဲ့လေးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင် သားတော်မာရကင်မင်းသားသည် တူမတော်အရင်းနှင့် ဘိသိက်ခံ၍၊ ပြည်ကြီးစည်း စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမာရကင်မင်းသားသည်ကား၊ ကစားမြူးတူး အပျော်အပါး၌ အလွန်မွေ့လျော်၏။ ထိုမင်း၏သူရဲကြီးလေးယောက်တို့သည် ထောင်လွှားဝါကြွားတတ်ကုန်၏။ အရာမရောက်သရွေ့သော်ကား ကောင်းကင် ပျံသကဲ့သို့။ အရာရောက်သော်ကား မြေအောက်လျှိုးဝင်သကဲ့သို့ ရှိကြောင်းကို သိကြလေလျှင်၊ ဘဏ္ဍာစိုးအမတ် ငဆတ်အိုသည်။ ထိုသူရဲလေးယောက်တို့နှင့်တကွ မာရကင်မင်းကို သတ်လေ၏။ ထိုမင်းကား အိမ်နိမ့်ခြောက်ဆယ်၊ နန်းစည်းစိမ် နှစ်ဆဲ့နှစ်နှစ်၊ နှစ်စုသက်တော် ရှစ်ဆယ့်နှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ အမျိုးခြား ငဆတ်အိုသည် သဝမ္ဘီဟူသောမိဖုရားနှင့်တကွ မင်းပြုလေ၏။ ထိုက စ၍ ဆတ်မအနွယ်ကို ငဆတ်အိုသတ်လေသည်ဟု-ဆိုကြ၏။ ထိုငဆတ်အိုမင်းသည် အိမ်နိမ့်ခြောက်ဆယ့် ခြောက်နှစ်၊ နန်းစည်းစိမ် နှစ်ဆယ့်တစ်နှစ်၊ နှစ်စုသက်တော် ရှစ်ဆယ့်ခုနစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုငဆတ်အိုမင်းသည် အရှင်မာရကင်မင်းကို ပုန်ကန်သောအခါ၊ ပြည်သူတို့ လျှို့ဝှက်၍ထားသော၊ သားတော် ဒေါစန္ဒရားမင်းသားသည် ဝေဠုတာဘီမည်သော အိမ်နိမ့်မယားနှင့် အဘိသိက်ခံ၍ ပြည်စည်းစိမ်ကို စိုးအုပ်ပြန်လေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်၊ နန်းစံလေးဆယ်၊ နှစ်စုသက်တော် ခြောက်ဆယ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော် သောဠသစန္ဒရားသည် ခတ္တိယမည်သော မျောက်သားတော်နှင့် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်သုံးနှစ်၊ နန်းစည်းစိမ် သုံးဆယ့်သုံးနှစ်၊ နှစ်စုပေါင်း သက်တော် ငါးဆယ့်ခြောက်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်စန္ဒသူရိယမင်းသည် ဓမ္မဒေဝီ အမည်ရှိသော မိထွေးတော်ရင်း၏သမီး နှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို အုပ်စိုးတော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်လေးဆယ်၊ နန်းစံသုံးဆယ့် နှစ်နှစ်၊ နှစ်စုသက်တော် ခုနစ်ဆယ့်နှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင် သားတော် ကာလစန္ဒရားမင်းသည် သူရိယာဘီမည်သော မိဖုရားနှင့် အဘိသက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ် လေးဆယ်၊ နှစ်စုသက်တော် ခြောက်ဆယ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်တဠန္ဒရားသည် ဓမ္မဟိတမိဖုရားနှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ် သုံးဆယ့်တစ်နှစ်၊ နှစ်စုသက်တော် ငါးဆယ့်တစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ ထိုမင်း၏သားတော် မစုရစန္ဒရားမင်းသားသည် သွတ်သောဘီမည်သော မိဖုရားနှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်ခုနစ်နှစ်။ နန်းစည်းစိမ် နှစ်ဆယ်၊ နှစ်စုသက်တော်လေးဆယ့်ခုနစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်ဇေယျစန္ဒရားမင်းသည် သုနာရုပ္ပီမည်သော မျောက်သားတော်နှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်သုံးနှစ်၊ နန်းစည်းစိမ် လေးဆယ့်ခုနစ်နှစ်၊ နှစ်စုသက်တော် ခုနစ်ဆယ်တွင် လွန်တော်မူလေ၏

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော် မောက္ခစန္ဒရားမင်းသည် တူလဘီမည်သော မျောက်သားတော်နှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆယ့်နှစ်နှစ်၊ နန်းစည်းစိမ် သုံးဆယ့်ခြောက်နှစ်။ နှစ်စုသက်တော် ခြောက်ဆယ့်ရှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင် သားတော် ဂုဏာစန္ဒရားမင်းသည် မိဖုရား သုနမ္ပီနှင့် အဘိသိက်ခံ၍၊ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုဂုဏာစန္ဒရားမင်း၌ သူရိယငယ်ဟူသော သားလည်းတစ်ယောက်၊ ကာလစန္ဒရား ဟူသော သားလည်းတစ်ယောက်၊ ယင်းသို့ သားနှစ်ယောက်ရှိကုန်၏။ ထိုမင်းသား၏ ငယ်ကျွန်ဖြစ်သော မျိုးသားသုံးယောက်တို့သည်လည်း ရှိကုန်၏။ ထိုသုံးယောက်တို့ကို အမတ်ကြီးအရာကို မြှောက်စားတော်မူလေ၏။ မျိုးသားဖြစ်သော အမတ်သုံးယောက်တို့သည် မိမိအရှင်ဖြစ်သော ဂုဏာစန္ဒရားမင်းကို သတ်လေသည်။ ထိုမင်းကား အိမ်နိမ့်သုံးဆယ့်ခြောက်နှစ်။ နန်းစည်းစိမ် တစ်ဆယ့်နှစ်နှစ်။ နှစ်စုသက်တော် လေးဆယ့်ရှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်း၏ သားတော်နှစ်ယောက်ကိုလည်း မျိုးသားသုံးယောက်တို့ သတ်လေ၏။ မျိုးသားအမတ် သုံးယောက်တွင်။ တစ်ယောက် ခုနှစ်ရက်၊ တစ်ယောက်ကား သုံးလ။ တစ်ယောက် ရှစ်လ မင်းပြုကြ၍ အချင်းချင်းသတ်ကြသည်တွင်၊ ဂုဏာစန္ဒရားမင်းသားတော် သူရိယငယ်တွင် ဖွားမြင်သောသားတော် ကံရာဇာကြီးသည်။ ထိုမျိုးသားသုံးယောက်ကို သတ်၍အဘိုးမင်း၏အရာဖြစ်သော ထီးနန်းစည်းစိမ်ကိုယူပြန်လေ၏။ ကံရာဇာကြီးမင်း၏ မိဖုရားသည်ကား စောမာလာတည်း။ ထိုမင်းသည် ဘုန်းတန်ခိုးကြီး၏။ ဝီရိယ၊ ပညာ၊ သဒ္ဓါ၊ သီလတို့နှင့်လည်း ပြည့်စုံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစည်းစိမ် လေးဆယ့်တစ်နှစ်၊ နှစ်စုသက်တော် ခြောက်ဆယ့်ရှစ်နှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်ကံရာဇာငယ်သည် စောပန်းကုန်းဟူသော မင်းသမီးနှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကု စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အဆင်းအင်္ဂါ ဘုန်းတန်းခိုး အစွမ်းခွန်အားနှင့်ပြည့်စုံ၏။ ထိုမင်းသည် အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ် သုံးဆယ့်ခြောက်နှစ်၊ နှစ်စုသက်တော် ငါးဆယ့်ခြောက်နှစ်တွင် နတ်ရွာစံတော်မူလေ၏။ ။ (ဤသို့ဆိုခဲ့ပြီးသော ကံရာဇာငယ်မင်းမှစ၍ ဆိုလတ္တံ့သော မင်းငယ်ပျော့လှမင်းတိုင်အောင်။ သုံးဆယ့်ခုနစ်ဆက်သော မင်းတို့၏အိမ်နိမ့်စံ၊ ထီးနန်စံ၊ အသက်တို့၏အပိုင်းအခြားကို အကျယ်မဆိုပြီ။ အကျည်းပြမင်းစဉ်နာမည်များကို ဂဏန်းပုံပြင်မှာ ကြည့်၍မှတ်လေ)။

မင်းငယ်ပျော့လှမင်း နတ်ရွာစံပြီးသည်နောက်။ ထိုမင်း၏မိဖုရားကြီး စောစစ်သည်။ သမီးတော် သုန္ဒရီနှင့် ညီမတော် ဖွားတော်သွေး၊ သမီးတော်နှစ်ယောက်နှင့်၊ စမ္ပာဝက်မြို့မှသည် သွား၍ နီလာပန်းတောင်းမြို့ကို တည်ထောင်ပြုစု၍ နေကြလေကုန်၏။ ထိုအခါ ငါတို့ ဂေါတမမြတ်စွာပွင့်တော်မမူမီ၊ ကောသလတိုင်း၊ ပဥ္စာလရာဇ်တိုင်း၊ တိုင်းနှစ်ခုတို့ကို အစိုးရသော ပဥ္စာလရာဇ်မင်းကြီးသည် ကောလိယမင်းအား အမျိုးဆက်ဆံလိုသောဆန္ဒနှင့်။ အမတ်တို့ကို သမီးတောင်းစေလွှတ်ရာ။ ကောလိယမင်းသည် ဇာတိမာန်တက်သဖြင့်။ အမျက်ဒေါသနှင့်တကွ မချေမငံသောစကားကို ဆိုလိုက်သောကြောင့်။ ပဥ္စာလရာဇ်မင်းနှင့် ကောလိယမင်းတို့၊ အချင်းချင်း စစ်ကြီးဖြစ်ကြရာ။ ပဥ္စာလရာဇ်မင်းက နိုင်၏။ ကောလိယ၊ ဒေဝဒဟ၊ ကပိလဝတ်မည်သော၊ သုံးပြည်ထောင်သော သာကီဝင်မင်း စစ်ရှုံးလေလျှင်။ သုံးဖြာကွဲ၍ သာကီဝင်မင်းတို့ ပျက်စီးလေ၏။ ထို့နောက်တစ်ဖန် တည်ထောင်ပြန်သဖြင့်။ သာကီဝင်မင်း သုံးပြည်ထောင်တို့သည်

စည်ပင်ပြန့်ပွား ပြန်ကုန်၏။

----------******-----------

## ၈-သင်းထွေးပြည်-တကောင်းမြို့မှ၊ အဘိရာဇာသာကီဝင်မင်းကြီး သားတော် ကံရာဇာကြီး မင်းထီးနန်းစိုးအုပ်တော်မူသော အဋ္ဌုပ္ပတ္တိကိုပြခြင်း။

ယင်းတို့ သာကီဝင်မင်းတို့ ပျက်စီးစဉ်အခါ၊ အဘိရာဇာမည်သော သကျသာကီဝင်မင်းကြီးသည်၊ ကပိလဝတ်ရွှေပြည်တော်မှ ခွာထွက်ခဲ့၍၊ ဗိုလ်ခြေအလုံးအရင်းကိုယူ၍၊ သက်သာရဋ္ဌ-သင်းထွေးမည်သော တကောင်းပြည်သို့ ကြွလာပြီးလျှင်။ သင်းထွေးပြည်-တကောင်းမြို့ကို တည်ထောင်လျက် ထီးနန်းစံနေတော်မူ၏။ ထိုသင်းထွေးမည်သော တကောင်းပြည်ကြီးသည်။ ကကုသန်ဘုရားလက်ထက်တော်၌ သံသရပူရပြည်ဟု အမည်တွင်၏။ ကောဏာဂုံဘုရားလက်ထက်တော်၌ကား ရဋ္ဌပူရပြည်ဟု အမည်တွင်၏။ ကဿပဘုရားလက်ထက်တော်၌ကား သင်းထွေးပြည်ဟု အမည်တွင်၏။ ငါတို့ဂေါတမရှင်တော်ဘုရားလက်ထက်၌ကား တကောင်းပြည်ဟု အမည်တွင်၏။ ထိုတကောင်းပြည်ကြီး၌ အဘိရာဇာမည်သော သကျသာကီဝင်မင်းမြတ် စိုးကွပ်အုပ်ချုပ်လျက်၊ လောကီချမ်းသာကို ခံစား၍၊ အစဉ်သဒ္ဓါရတရား အားလျော်စွာ နတ်ရွာစံလွန်တော်မူလေ၏။

သားတော် ကံရာဇာကြီး၊ ကံရာဇာငယ် မင်းညီနောင်နှစ်ပါးတို့ ထီးနန်းလုယက်တော်မူကြရာ။ ထိုမင်းသားတို့၏ အပင်းအသင်းဖြစ်ကြသော တိုင်းပြည်သူအပေါင်းတို့သည် နှစ်စုကွဲကြလျက် စစ်ပြိုင်ကြအံ့သောအစီအရင်ကို ကြံကြလတ်သော်။ ပညာရှိအပေါင်းတို့သည်၊ လက်နက်မီးဖြင့် ဆုံးပျက်သေကြခြင်း ဖြစ်လတ္တံ့။ ဤသို့သောအကြောင်းကိုမြင်၍၊ မင်းသားနှစ်ပါးတို့အား အကြောင်းကို လျှောက်လေ၏။ အရှင့်သားတို့သည် တရားသဖြင့် ကုသိုလ်စစ်ကိုသာ ထိုးကြကုန်။ အောင်သောသူ မင်းပြုတော်ကြကုန်ဟု လျှောက်ကြသော်။ အသို့လျှင် ကုသိုလ်စစ်ကို ထိုးရအံ့နည်းဟု မေးလေသော်။ အရှင်ျမင်းသားနှစ်ပါးတို့သည် အလှူကြီးပေးအံ့သောငှာ။ တစ်ယောက်တစ်ဆောင်စီ မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍၊ တည၌ခြင်းပြီး၍ အထူးကောင်းသောသူသည် ပြည်စည်းစိမ်ကို ယူတော်မူဟု လျှောက်ကြကုန်၏။ မင်းနှစ်ပါးတို့သည် မြင်လောက်သောတောင်တစ်လုံးစီ၊ မဏ္ဍပ်တဆောင်စီ အသီးအသီးဆောက်လုပ်ကြလေသော်။ မင်းသားအကြီးမှာမူကား ကြီးစွာသောသစ်တို့ဖြင့် ဆောက်လုပ်၏။ မင်းသားအငယ်မှာမူကား၊ သိမ်မွေ့နက်နဲသောပညာပဋိဘာန်တို့ဖြင့် ဝါးကို ဆောက်လုပ်စေ၏။ အပေါ်က ပုဆိုးကိုလွှမ်းပြီးသော် ထုံးဖြူမံလေ၏။ ထိုဆောက်သောမဏ္ဍပ်ကို မိုးသောက်လျှင် ဖွေးဖွေးဖြူမြင်သော်။ နောင်တော်မင်းကြီးသည် ငါ့ညီကား ပညာဖြင့် ပြည့်စုံလှပေသည်ဟု ဝန်ချပြီးသော်။ ဆယ်ကုဋေမျှမကသော ရဲမက်ဗိုလ်ခြေတို့နှင့်တကွ၊ ဧရာဝတီမြစ်အောက်သို့ စုန်၍၊ ချင်းတွင်းမြစ်ညာသို့ ဆန်တက်ပြီသော်။ ဖိုးခေါင်တောင်ရိုးကို လွှဲကျော်၍သွားလေသော်။ လမ်းခရီးတွင် ဂန္ဓာလရာဇ်နတ်မင်း၏သမီးဖြစ်သော စောပဋ္ဋနာရီကိုလည်း ရခဲ့၍။ အစဉ်အတိုင်း လာလတ်ပြီသော်၊ မိန်းချောင်းဖျား- ကျောက်ပန်းတောင်း တောင်ထက်ဝယ်၊ နေ့ခြင်းပြီးအောင် မြို့ကြီးတည်လုပ်တော်မူ၏။ ထို့နောက် ရတနာပြဿဒ်ခုနစ်ဆောင် ဆောက်တော်မူ၏။ ရတနာတန်းဆောင်း တစ်ဆယ့်ကိုးဆောင်ကိုလည်း ဆောက်လုပ်တော်မူစေ၍ စောပဋ္ဋနာရီနတ်သမီးနှင့် မြူးလွန်စံပျော်တော်မူလေ၏။

အထက်ဆိုခဲ့ပြီးသော မင်းငယ် ပျော့လှစည်သူကို၊ မြို့အမတ်သုံးယောက် ပုန်စားသောအခါ မိဖုရားစောစစ်သည် သမီးတော်သုန္ဒရီ၊ ညီမတော် ဖွားတော်သွေးဟူသော သမီးတော်နှစ်ယောက်နှင့်။ နီလာပန်းတောင်းမြို့ဝယ် နေရှိသည်ကို ကံရာဇာမင်းကြားတော်မူလေ၍၊ ကိုယ်တော်တိုင် သွားဆောင်ယူပြီးသော်၊ စောစစ်မိဖုရားကိုကား ယောက္ခမအရာ၌ ထား၏။ သမီးနှစ်ပါးကိုကား မိဖုရားမြှောက်တော်မူလေ၏။ ထိုကံရာဇာကြီးမင်းသည် စောပဋ္ဋနာရီ မိဖုရားနှင့်တကွ မိဖုရားသုံးယောက် ဖြစ်သတည်း။ ထိုကံရာဇာကြီးမင်းကား ကျောက်ပန်းတောင်းမြို့တွင် နှစ်းဆယ့်လေးနှစ် စံတော်မူ၏။

စောပဋ္ဋနာရီမင်းသမီးသည်၊ ဝှမ်းဝှမ်းသာယာသောမြေပြင်ကြီးကိုမြင်၍။ ရှင်မင်းကြီး ဤတောင်ထက်တွင် နေရသောထက်။ ထိုမြင်ရသော-ပြင်ဝှမ်းသာယာသို့ထွက်၍ နေရသော်ကောင်းလှ၏ဟု-လျှောက်လေသော်။ ထိုကံရာဇာကြီးမင်းသည်၊ ထိုကျောက်ပန်းတောင်းမြို့မှထွက်၍။ သင်ထုတ်အဖျား သီရိကုဋ္ဋအရပ်ဝယ် မြို့တည်ထောင်လေ၏။ ထိုမြို့ကို တည်ထောင်သောအခါ၊ ကြမ်းလှစွာသော မြေလည်းဖြစ်သည်။ သဗ္ဗညုရုပ်ရှင်တော်၏ကိုယ်စားတော်ဖြစ်သော မဟာမြတ်မုနိကိန်းဝပ်တော်မူမည့်နေရာတော်လည်း ဖြစ်သောကြောင့်။ ဆင်, မြင်း, ရဲမက်ဗိုလ်ပါတို့သည်

များစွာသေပျောက်ခြင်း ဖြစ်လတ်၍။ ၎င်းနေရာ၌ မြေ၏အဆင်းသဏ္ဌာန်ကို တူးဖော်၍ကြည့်ကြလတ်သော်။ သုံးဆယ့်ခုနှစ်တောင်လောက်မျှသောမြေ၏အကျည်သည်။ လက်ျာရစ်လှည့်လျက်။ ဖြူစင်သောအဆင်းဖြင့်။ နဂါးလှည့်သဏ္ဌာန် ရှေ့နောက်ပြန်၍ ရှိနေသည်ကိုမြင်၍။ မင်းကြီးအား အကြောင်းကို ထင်ရှားသိစေခြင်းငှါ။ နတ်တို့သည် ဟူးရားကျော်တို့ထံပူးကပ်၍ ရုပ်ရှင်တော်မြတ်-မဟာမုနိကိုယ်စား တော်ကို တည်ထားအံ့သော မြေနေရာဖြစ်သောကြောင့်။ ဆင်, မြင်း, ရဲမက်ဗိုလ်ပါတို့ပါ ပျက်စီးပါကြောင်းကို လျှောက်ကြားလေပြီးမှ။ မြို့အသစ်တည်အံ့သောငှါ။ မြို့နေရာရှာကြအံ့ဟု ကြံစည်လျက်နေစဉ်။ သိကြားမင်းသည် အိပ်မက်နှင့် ဓညဝတီမြို့ဟောင်းနေရာကို ညွှန်ပြလေသော်။ မင်းကြီးနှင့်တကွ၊ မြို့တည်ရာဌာနသို့ သွားကြ၍ ကြည့်ရှုလေသော်။ သိကြားမင်းလည်း မြို့တည်အံ့သောအရပ်ကို ပြလေ၏။ မင်းကြီးနှင့်တကွသော တိုင်းသူပြည်သား လူအများတို့သည် မြို့တည်အံ့သောငှါ အားထုတ်ကြကုန်၏။

ထိုအခါ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေသော မင်းအပေါင်းတို့ကိုလည်း မိမိတို့တာဝန်းချ၍ လုပ်စေတော်မူ၏။ ထိုမင်းကြီး၏ ရှေးပုညကြောင့် နတ်, နဂါး, ဂဠုန်၊ ကုမ္ဘဏ်တို့သည်လည်း အသီးအသီးတာဝန်ချ၍ လုပ်ဆောင်ပြုပြင်လာကြသောကြောင့်။ တစ်နေ့ခြင်းပင် မြို့ပြအိုး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ ဥယျာဉ်၊ ရေကန် စသော မြို့အင်္ဂါခုနစ်ပါးတို့သည် ပြီးမြောက်လေ၏။ ထိုကံရာဇာကြီးမင်း၏ ဘုန်းတန်းခိုး လက်ရုံးအာဏာတော်တို့သည် နေလကဲ့သို့ ထွန်းတောက်ပသောကြောင့်။ ဇမ္ဗူဒိပ်မြေအပြင်၌ ပြည်ထောင်မင်းအပေါင်းတို့သည် ရှိညွှတ်ကျိုးနွံကြောက်ရွံ့ခန့်ညားကုန်၏။ နှစ်စဉ်မပြတ် လက်ဆောင် အတုတ်အခွန်ဘဏ္ဍာတို့ကို ဆက်လာရကုန်၏။ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်သမားတို့၏ ကျီကြဘဏ္ဍာ-ရတနာအပေါင်းတို့ဖြင့် ပြည့်ဝကုန်၏။ မြားမြောင်စွာ စည်ပင်ပြန့်ပြော သာယာငြိမ်းချမ်းခြင်းဖြစ်သဖြင့်။ အထက်သုတိတာ နတ်ပြည်ကဲ့သို့ သာယာစည်ပင်ကုန်၏။ ထိုမင်း၏မိဖုရား စောပဋ္ဌာနာရီဝယ်၊ သီဟရာဇာ ဟူသော သားတော်တစ်ယောက်သာ ဖွားမြင်သတည်း။ မိဖုရား သုန္ဒရီမှာကား သားသမီးမဖြစ်ပွား။ ညီမတော်ဖွားတော်သွေး မိဖုရား၌ကား သုဝဏ္ဏာဟူသောသမီးတော်။ သုဘာသဟူသော သမီးတော် ဤနှစ်ယောက်လျှင်ဖြစ်သတည်း။ ထိုကံရာဇာကြီးမင်းသည်၊ သီဟရာဇာမင်းသားနှင့် မင်းသမီးဖွားတော်သွေးတွင် ဖွားမြင်သော သုဝဏ္ဏာ၊ သုဘာသဟူသော သမီးတော်နှစ်ပါးနှင့် ထိမ်းမြားတော်မူပြီးသော်။ အိမ်ရှေ့မင်းအရာကို ဆောက်နှင်း၏။ ထိုကံရာဇာကြီးမင်းသည်၊ အိမ်နိမ့်သုံးဆယ်၊ နန်းစံကျောက်ပန်းတောင်းမြို့တွင် နှစ်ဆယ့်လေးနှစ်၊ ဓညဝတီမြို့တွင် တစ်ဆယ့်သုံးနှစ်။ သုံးစုခြောက်ဆယ့်ခုနစ်နှစ်တွင် မင်းကြီးလွန်တော်မူ၏။

ထို့နောက် သားတော်သီဟရာဇာမင်းသားသည် နှမတော် သုဝဏ္ဏာ, သုဘာသတို့နှင့် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုသီဟရာဇာမင်းကား ကုသိုလ်ကောင်းမှုတို့၌လည်း အလွန်မွေ့လျော်တော်မူ၏။ ကင်းခွန်၊ ဆိပ်ခွန်၊ ဈေးခွန်တို့ကိုလည်း ထက်ဝက်လျှော့၍သာ တောင်းခံသောကြောင့်။ ပြည်တိုင်းကားတို့ဝယ်-အမျိုးလေးပါးတို့သည် လမင်း၏အရိပ်ဝယ် နေရဘိသကဲ့သို့ ဖြစ်သောကြောင့်၊ စည်ပင်သာယာပြန့်ပြော၏။ အရိပ်အသီးအရသာနှင့် ပြည့်စုံသောသစ်ပင်ကြီးကို ကျေးငှက်အပေါင်းတို့သည် ခိုအောင်းဆည်းကပ်လာသကဲ့သို့။ အရပ်ရှစ်မျက်နှာတို့မှ ခပ်သိမ်းသော သူတို့သည် မှီတင်းခိုကိုးရာဖြစ်၏။ ထိုသို့သောမင်းအပေါင်းတို့၏ လည်းလျောင်းဆည်းကပ်ကြရာလည်း ဖြစ်ကုန်၏။ ထိုသီဟရာဇာမင်းကား၊ အိမ်နိမ့်နှစ်ဆယ့်သုံးနှစ်၊ နန်စည်းစိမ်လေးဆယ့်ရှစ်နှစ်၊ နှစ်စုသက်တော် ခုနစ်ဆယ့်တစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။ ။(ဤဆိုအပ်ခဲ့ပြီးသော သီဟရာဇာမင်းမှစ၍၊ သိရိရာဇာမင်းတိုင်အောင် နှစ်ဆယ့်ခုနစ်ဆက်သော မင်းတို့၏ အိမ်နိမ့်စံ, နန်းစံ, အသက်အပိုင်းအခြားကို အကျယ်မဆိုပြီ။ အကျဉ်းပြဇာန်းပုံပြင်မှာ ကြည့်ကြလေ။ ထိုမင်းတို့လက်ထက် အထူးမှတ်သားဖွယ်မရှိသည်ဖြစ်၍၊ အကျယ်မရေးလိုက်သည်)။

----------******-----------

### ၉-မင်းသိရိရာဇာလက်ထက်၊ အိပ်မက်တော်၏ အဋ္ဌုပ္ပတ္တိကို မင်းတုန်းစားအမတ်၊ ပြောင်းမြစား ဓေဝကျော်အမတ်တို့ လျှောက်တင်စကားကို ပြဆိုခြင်း။

ထိုနှစ်ဆယ့်ခုနစ်ဆက်အဆုံး။ ဝိသုကရာဇာမင်း နတ်ရွာစံတော်မူပြီးနောက်။ သားတော်သိရိရာဇာမင်းသည် ဝိမလကုမာရီဟူသော မင်းသမီးနှင့် အဘိသိက်ခံ၍ သက်တော်နှစ်ဆယ့်နှစ်နှစ်တွင် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူ

လေ၏။ ထိုသီရိရာဇာမင်းကြီးသည် တိုင်းသူပြည်သား မှူးတော်မတ်တော်များတို့အား သင်္ဂဟလေးပါး၊ နာယကဂုဏ် ခြောက်ပါး၊ ရာဇဓမ္မဆယ်ပါးတို့ဖြင့် အမှားမယွင်းစေရ-ချီးပမြှောက်စားတော်မူလေ့ရှိ၏။ တိုင်းနိုင်ငံလည်း အလွန်စည်ပင် ပြန့်ပွား၏။ ထိုသီရိရာဇာမင်းမြတ်သည်၊ တစ်နေ့သောအခါ စက်တော်မူရာ၌။ နေလကို ဆွတ်ယူ၍ မိဖုရားကြီး ဝိမလဒေဝီသို့ ပေးမက်တော်မူလေသော်၊ မင်းပွဲခံတော်မူရာ၌ မှူးမတ်တို့ကို အိပ်မက်ကို ပြန်ကြားတော်မူရာ၊ ယင်းသို့သော အခါ၊ မင်းတုန်းစား ဝိမလအမတ်၊ ပြောင်မြာစားဒေဝကျော်အမတ်တို့ လျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ သူရိယ-နေကိုသာ ဆွတ်ယူ၍ပေးမက်တော်မူလေသော်။ စကြာမန္ဓာတ်မင်းနှင့် ထိုက်သောသမီးတော်ကို ဘွားမြင်မည် အမှန်ဖြစ်ပါသည်။ ယင်းသို့အကြောင်း ရှေးထုံးဟောင်းအလာ ရှိပါသည်။ ယခုထင်မြင်တော်မူသော အိပ်မက်တော်တွင် နေလအစုံကို ဆွတ်ယူတော်မူ၍။ မိဖုရားကြီးသို့ ပေးမက်တော်မူသည့်အလို။ ဇမ္ဗူဒီပါကျွန်း၌ အဘက်မရှိအောင် ဘုန်းရောင်ထွန်းလင်း၊ အမင်းမင်းတို့၊ ဝပ်စင်းညွတ်လာရသော သားတော်မြတ် ဖွားမြင်တော်မူပါမည်။ လရောင်ပမာ၊ ချမ်းစွာလျှင်၊ သတ္တဝါတို့ အထွတ်အထိပ်ဖြစ်တော်မူသော၊ ဘုရားလောင်းတို့ ဓမ္မတာ၊ ဝိဇ္ဇာဉာဏ်ပွင့်၍ သားတော်နှင့် ဖူးတွေ့မည် အမှန်အကြောင်းအရာ၊ မဟာမင်္ဂလာကြီးမြင်မက်သော အိပ်မက်တော်ဖြစ်ပါသည်ဟု ပညာရှိအမတ်တို့ လျှောက်ကြကုန်သော်။ ပြည့်ရှင်မင်းက-တထောင်တန်သော ပတ္တမြားလက်စွပ်တစ်ကွင်း။ ဆင်ပေါက်တစ်စီးစီ၊ အမတ်နှစ်ယောက်အား ဆုပေးတော်မူလေ၏။

ထိုသို့မှူးမတ်ပညာရှိတို့ လျှောက်တင်သောစကားကို၊ သီရိရာဇာမင်းကြီး ယုံကြည်အားရတော်မူသဖြင့်။ မိဖုရားကြီးဝိမလဒေဝီအား ပြန်ကြားတော်မူ၏။ အလှူပေးခြင်း၊ သီလသီတင်းဆောက်တည်ခြင်းကို ပြုစေတော်မူ၏။ မောင်းမ မိဿံ၊ ခြွေရံနန်းသူအများကိုလည်း ထိုက်တန်ရာသော ဆုလာဘ်ကို ပေးသနားတော်မူ၍ သီလသီတင်း ဆောက်တည် စေ၏။ ဘုရင်မင်းမြတ်လည်း နိစ္စဘတ်အလှူကြီးစွာ ပေးလျက်။ သီလသီတင်းမပြတ် ဆောက်တည်တော်မူလေ၏။

----------******-----------

### ၁၀–စန္ဒသူရိယမင်းကြီး မယ်တော်ဝမ်းတိုက်တော်၌ ပဋိသန္ဓေနေသည်မှ။ မင်းအဖြစ်သို့ ရောက်လတ်သော်။ အမှူးအမတ်တို့ လျှောက်တင်ဇကား။ ဘုရားကိုပင့်ဇကား။ ဘုရားကိုယ်တိုင်ကြွတော်မူလာ၍။ သောလဂိရိကျောက်တောင်ထိပ်၌ ဗျာဒိတ်ကြားတော်မူဇကား။ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ဘုရားရှင်ကိုယ်တော်တိုင် သွန်းလုပ်တော်မူသော အဋ္ဌုပ္ပတ္တိစသည်ကို အကျယ်ပြခြင်း။

ဝိမလဒေဝီမိဖုရားကြီးသည် သန္ဓေကပ်ငြိစွဲလာ၍ ရင့်မာသော သမယ၊ ကိုးလလွန်သဖြင့်၊ ဆယ်လတွင်းဝယ်၊ စာရင်းမရွှေ့ လရက်စေ့သဖြင့်၊ ချမ်းမြေ့ကြည်လင်စွာ၊ သားတော်မြတ်ရတနာကို ဘွားမြင်တော်မူလေ၏။ ထိုသို့သားတော် ကို ဘွားမြင်ကြောင်းကို ခမည်းတော်မင်းကြီးအား သံတော်ဦးတင်လျှင်။ ယခင်ပညာရှိတို့စကားနှင့် မပြားထပ်တူ၊ သားတော်မြတ် ဘွားမြင်တော်မူပြီဟု- ရွှင်ကြည်အားရ၊ ဘိသေကမင်္ဂလာ၊ မဟာသဘင်၊ နန်းစဉ်ကနက်၊ ရှစ်ချက်သော ထီးဖြူတော်ကို ဖွင့်လှစ်ခြင်း။ စောင်းညင်းပတ်သာ၊ တူရိယာအစုံတီးမှုတ်လျက် ဥကင်မင်္ဂလာဖွင့်လှစ်ခြင်း၊ ထောင်တွင် သွင်းထား၊ ရာဇဝတ်ကောင်၊ အကျဉ်းသားများကိုလည်း ဘေးမဲ့ပေးသနားတော်မူခြင်း။ အလုံးစုံသော နန်းသူ,နန်းသား, မှူးတော်မတ်တော်၊ စော်ဘွားစသော ပြည်သူပြည်သားတို့အား ဘုန်းတော်ကြီး၍ သက်တော်ရာကျော်ရှည်စေကြောင်းဖြင့် ဆုတောင်းမင်္ဂလာပြုစေခြင်း၊ ပုဏ္ဏားတော် ရှစ်ယောက်နှင့်တကွ-ဗြာဟ္မဏအဝင်အပါ၊ ရှစ်ရာသော ပုဏ္ဏားမျိုးတို့အား ခရုသင်း ရေနှင့်သပြေပန်းလက်စွဲလျက်၊ အနဲနဲအဖုံဖုံ။ အလုံးစုံသော မန္တန်မန္တရားတို့ကို ရွတ်ဘာသ်မန်းမှုတ်၍၊ ဘိသိက် မင်္ဂလာပြုစေခြင်း။ အဆိုအက၊ ကျွမ်းသမား၊ ဇာတ်သမားကြီး စသောတီးမျိုးမှုတ်မျိုးဟူသမျှတို့ကို တစ်ပြိုင်နက်တစ်ချက် တည်း မြို့တော်ကြီး၏ လေးမျက်နှာတွင်။ သဘင်ပွဲလမ်းပြုလုပ်စေခြင်း၊ ယင်းသို့ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပြီးလျှင်၊ သားတော်မင်းသားအား နာမည်ပေးအံ့သော မင်္ဂလာအခမ်းအခါနေ့၌၊ ပြုဗ္ဗဝိဒေဟကျွန်းမှ၊ ယူဇနာငါးဆယ်ရှိသောနေဝန်းထွက်ပေါ်ခြင်း၊ အပရဂေါယာန်ကျွန်းမှ လေးဆယ့်ကိုးယူဇနာရှိသော လဝန်းထွက်ပေါ် ခြင်း။ ပဋိသန္ဓေတည်နေမည့်အခါ-နေလနှစ်ပါးကို ခမည်းတော်မင်းကြီး အိပ်မက်မြင်တော်မူခြင်း၊ ယင်းသို့မခြားနှစ်ပါး သောနေလကို သာဓကအမည်ထင်လျက်။ စန္ဒသူရိယဟု နာမတံဆိပ်၊ ခတ်နှိပ်ပေးသနားတော်မူလေ၏။ ထိုသို့

စန္ဒသူရိယမင်းသားကို အမည်ပေးတော်မူအံ့သောနေ့အခါ၊ ကြယ်ဥပါသပိတ်လုံးခန့် အနောက်အရပ်က ပျံလာ၍၊ နန်းတော်ပြသာဒ်အထွတ်၌ ကျလာရာ။ ထိုအကြောင်းကို အမတ်ပညာရှိ မင်းတုန်းစား ဝိမလလျှောက်သည်ကား။ ။ အရှင်မင်းမြတ်၊ ဥပါကြယ်ကြီးသည် အနောက်မျက်နှာက ပျံလာလျှက် နန်းတော်ပြာသာဒ်မှာ ထွန်းသည့်အလို၊ သားတော်လက်ထက်တော်၌၊ ဘုံသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရား ကောင်းကင်ခရီးဖြင့်။ မဇ္ဈိမဒေသက ကြွတော်မူခဲ့၍။ ဤရက္ခပူရတိုင်း-ဓညဝတီမြို့သို့ ရောက်တော်မူမည့်အကြောင်းကို ပြလော တိတ်နိမိတ် မင်္ဂလာဖြစ်ပါသည်ဟု လျှောက်လေသော်၊ ပြည့်ရှင်မင်းကြီးက-စားကျေးတစ်မြို့ပေးတော်မူလေ၏။ ခမည်းတော် သီရိရာဇာမင်းကြီးသည် အိမ်နိမ့်နှစ်ဆယ့်နှစ်နှစ်။ နန်းစည်းစိမ် သုံးဆယ့်ငါးနှစ်။ နှစ်စုသက်တော် ငါးဆယ့်ခုနှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်။ သားတော် စန္ဒသူရိယမင်းသားသည် စန္ဒမာလာမင်းသမီးနှင့် အဘိသိက်ခံ၍ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် ဆင်ဖြူရတနာ ကိုးစီးပိုင်တော်မူ၏။ ဘုန်းတန်ခိုး အာနုဘော်ကြောင့်။ နတ် နဂါး ဂဠုန်တို့သည်လည်း မပြတ်ဆည်းကပ် ကြာလာကုန်၏။ အမတ်အပေါင်းလည်း တစ်သိန်းနှစ်ထောင်ရှိ၏။ ပြည်စွယ်၊ ပြည်ဝမ်း၊ ပြည်မျက်စိ၊ ပြည်တန်ဆောင်၊ ပြည့်တန်းခွန်၊ ပြည်အမွေး၊ ပြည်အရေး၊ ပြည့်တန်းဆာတို့သည် အလွန်လျှင် စည်ပင်ထွန်းပ၏။ ရတနာ ဆင်, မြင်း, ရထား, ခြေသည်သူရဲ, စစ်အင်္ဂါလေးပါးတို့သည် မိုယ်းမြေကောင်ကင်တန်လှုပ်မျှ။ မဆိတ်မည့်သော အသံတို့ဖြင့် အလွန်လျှင်ချောက်ချားကုန်၏။ နောက်တစ်ဖန် တစ်ဆယ့်ခုနှစ်စီးသော ဆင်ဖြူတို့ကို ရတော်မူပြန်၏။ ဇမ္ဗူဒီပါတစ်ကျွန်းလုံး၏ အတုန်အခွန်တို့ကိုလည်း ရတော်မူ၏။ ထိုစန္ဒသူရိယမင်းကား၊ ဒါန, သီလ, စာဂ၌သာလျှင် အမြဲမွေ့လျော်တော်မူ၏။ ဘုန်းတန်ခိုး အာနုဘော် အာဏာစက်တို့သည် တက်သစ်သော နေမင်းကဲ့သို့ တိုးတက်တော်မူသတည်း။

ထိုအခါ စန္ဒသူရိယမင်းသည် မြတ်စွာဘုရား ပွင့်တော်မူသော အကြောင်းကို။ ရှေးမင်းတို့ကျောက်ကမ္ပည်းနှင့် ရေးသားသော နန်းစဉ်ကျမ်းစာစကား။ လူအပေါင်းတို့ပြောကြား စကားဖြင့် ဘုရားပွင့်တော်မူကြောင်းကို ကြားတော်မူလတ်လျှင်။ အလွန်လျှင် ဖူးမြင်လိုသောစိတ်ရှိတော်မူ၏။ ရံခါရံခါ ဘုရားရှင်ကို အောက်မေ့တသကာ ဆောက်တည်ရာမရ-မိန်းမောကာ ရှိရ၏။ တရံရောအခါ၊ ဆရာပုဏ္ဏားတော်တို့အား မြတ်စွာဘုရားကို ပင့်ချေဟု စေတော်မူ၏။ ဆရာပုဏ္ဏားတို့သည် ပင့်၍ကြွမည်မဟုတ်ပါဟု လျှောက်လေ၏။ စန္ဒသူရိယမင်းသည် ဘုရားရှင်၌ သဒ္ဓါခြင်းပြင်းစွာရှိသည်ဖြစ်၍ ပုဏ္ဏားတော်တို့ လျှောက်တင်သောစကားကို နားမျှမကြားနိုင်အောင် ရှိသဖြင့်။ ဆရာပုဏ္ဏားတော်တို့ကို တောသို့ ထုတ်နှင်လေဟု မိန့်တော်မူလေ၏။ ဘိုးတော် နရပတိ ဝင်းစားသည် ဆရာပုဏ္ဏားတော်တို့ကို တောသို့မနှင်ထုတ်အပ်ပါဟု လျှောက်သော်။ ဘိုးတော် နရပတိ-ဝင်းစားကိုလည်း တောသို့နှင်ထုတ်လေဟု အမိန့်ပေးတော်မူ၏။ တောင်ဆောင်မိဖုရား စန္ဒာဒေဝီသည် ဘိုးတော်နရပတိကို မနှင်ထုတ်ထိုက်ပါဟု လျှောက်လေသော်။ မိဖုရားစန္ဒာဒေဝီကိုလည်း ပြည်မှနှင်ထုတ်လေဟု အမိန့်ပေးတော်မူလေ၏။ မြောက်မိဖုရား အဥ္စနဒေဝီသည် မိဖုရားကြီးအား မနှင်အပ်ပါ အရှင်မင်းကြီးဟု လျှောက်လေသော်၊ အဥ္စနဒေဝီကိုလည်း ပြည်မှနှင်ထုတ်လေဟု အမိန့်ပေးတော်မူ၏။

နှမတော်အထွေး ဥဒုမ္ဗရဒေဝီလည်း မောင်တော်မင်းကြီးအား ဤသို့လျှောက်ပြန်လေ၏။ အရှင်မင်းကြီး မြတ်စွာဘုရားသည် ရောက်အံ့သော အကြောင်းရှိလျှင် ဖူးရပါလိမ့်မည်ဟု လျှောက်လေသော်။ စန္ဒသူရိယမင်းကြီးလည်း လိမ္မာသော အမတ်ကြီးတစ်ယောက်ကို ခေါ်တော်မူ၍ တိုင်ပင်စူးစမ်းမေးမြန်းတော်မူလေသော်။ အမတ်ကြီးလည်း ဤသို့နှာ်းတော်လျှောက်လေ၏။ အရှင်မင်းကြီး မြတ်စွာဘုရားကို ရည်မှတ်တော်မူ၍ တန်းခွန် ငါးရာ၊ သင်္ကန်းအစုံ ငါးရာ၊ သပိတ်ငါးရာ၊ ပြာသာဒ်ငါးရာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ရည်မှတ်၍ ပူဇော်တော်မူပါဟု လျှောက်လေသော်။ စန္ဒသူရိယမင်းကြီးလည်း အမတ်လျှောက်တင်တိုင်းပင်လျှင် မြတ်စွာဘုရားကို ရည်မှတ်၍ ခုနစ်ရက်ပတ်လုံး ပူဇော်တော်မူလျှင်။ ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မြတ်၌ ပရိသတ်လေးပါးတို့အား တရားဟောတော်မူပြီးသောအဆုံး၌ ဉာဏ်တော်ဖြင့် ကြည့်လတ်သော်။ ဓညဝတီရက္ခိုင်ပြည်ကြီးကို အစိုးရသော စန္ဒသူရိယမင်းကြီးသည် ငါဘုရားအား မဖူးမမြင်ရလျှင်၊ ခန္ဓာပင် လျှောကျအံ့သတည်း။ ဘဝများစွာ သံသရာက မေတ္တာကရုဏာများစွာ ရှိဘူးသောကြောင့်လည်းကောင်း၊ ငါ၏ကိုယ်စားတော်နှင့် သာသနာတော်ကို တည်ထားရအံ့သော အကြောင်းကို မြင်တော်မူ၍လည်းကောင်း၊ ညီတော်အာနန္ဒာနှင့် ရဟန်းအပေါင်းတို့ကို မိန့်တော်မူပြီးလျှင်၊ သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့ ဖန်ဆင်းသော ယာဉ်ရှင်ပျံပြာသာဒ်ငါးရာတို့ကို စီးတော်မူလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူလတ်သော်။ အရပ်ထက်ဝန်းကျင်ကို ကြည့်တော်မူ၍၊ ကစ္ဆပနဒီမြစ် အရှေ့ဘက်ကမ်းထိပ်ဝယ် သေလာဂီရိအမည်ရှိသော

ကျောက်တော်တောင်ထိပ်သို့ ရောက်တော်မူလေလျှင်။ ရပ်တော်မူလျက် အရပ်ထက်ဝန်းကျင်ကိုကြည့်၍ ပြုံးတော်မူ၏။ မြတ်စွာဘုရားတို့ ပြုံးတော်မူလျှင်၊ စွယ်တော်လေးချောင်းမှ ထန်းလုံးမျှရှိသော ရောင်ခြည်တော်တို့သည် အရပ်မျက်နှာသို့ ရှေးရှု၍ ထွန်းလေသည်ကို ညီတော်အာနန္ဒာမြင်တော်မူ၏။ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုး၍ အကြောင်းကို လျှောက်လေသော်။ မြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူသတည်း။ အာနန္ဒာ၊ မဇ္ဈိမတိုက်ဖြစ်သော၊ သောဌသနဂိုရ်တွင်။ ဤရက္ခပူရတိုင်းမြတ်သည် ကြီးကျယ်တင့်တယ်စွာ၏။ အဘယ်သို့ ကြီးကျယ်တင့်တယ်စွာ ဖြစ်သနည်းဟူမူကား။ ငါးရာ့ငါးစင်းသော မြစ်တွင် အကျုံးဝင်သော ဤကစ္ဆပနဒီမြစ်ကြီး၏ အရှေ့ဘက်လည်း ကိုးဆယ့်ကိုးမြို့။ အနောက်ဘက်လည်း ကိုးဆယ့်ကိုးမြို့နှင့် ပြည့်စုံခြင်းကြောင့် ကြီးကျယ်ထင်ရှားသတည်း။ ငါတို့သာကီဝင်မင်းတို့၏ အနွယ်။ အဖွဲ့နကပိလ မင်းဆက်သည် မှီလာသောကြောင့်။ ဤပြည်ကြီးကို မြတ်၏ဟူ၍ မိန့်ဆိုတော်မူသတည်း။

အာနန္ဒာ၊ ရှေးအန္တရဘဝ-သံသရာက သုံးဆယ်သောပါရမီ၊ ငါးလီသောစာဂတို့ကို ဖြည့်ကျင့်တော်မူသောအခါ၊ ဤတိုင်းပြည် မြို့ရွာတို့၌ အကြိမ်များစွာ ကျင်လည်ဘူးသည်။ အသို့လျှင် ကျင်လည်ဘူးသနည်းဟူမူကား။ ရှေးအတိတ်ဘဝက ဤဓညဝတီမြို့ကြီး၌ ခြောက်သောင်းသောတပည့်တို့၏ အမျူးဖြစ်သော ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့ဘူးသောကြောင့် ယခုငါ၏ကိုယ်စား ရုပ်ရှင်သဏ္ဌာန်သည် မဟာမုနိဟူ၍ ဘုံသုံးပါးဝယ်၊ ထင်ရှားစွာ သာသနာငါးထောင်ပတ်လုံး တည်လတ္တံ့သတည်း။ ။ ဤငါရပ်တော်မူသော သေလာဂီရ ကျောက်အတိပြီးသော မောရပဗ္ဗတတောင်ထက်၌။ ပန်းပွတ်သမား ဖြစ်တော်မူခဲ့သောကြောင့်။ ငါပရိနိဗ္ဗာန် လွန်တော်မူလေလျှင်။ ငါ၏ကျောက်ရိုးတော်ဓာတ်သည် တည်လတ်၍။ ကျောက်တော်စေတီဟု တွင်လတ္တံ့သတည်း။ ။ ထိုသေလာဂီရိမည်သော ကျောက်တော်တောင်မှသည် ကစ္ဆပနဒီမြစ်၏အရှေ့ဘက် မျက်နှာအဘို့မှ အစဉ်အတိုင်း ကြည့်တော်မူလတ်သော်။ မဥ္ဇူပဗ္ဗတတောင်ကို မြင်လိမ့်မည်။ ချစ်သားအာနန္ဒာ။ ဤမဥ္ဇူပဗ္ဗတတောင်၌လည်း မြွေမင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါလွန်တော်မူလေလျှင်၊ ငါ၏ချက်တော်ဓာတ်သည် တည်လတ်၍ ချက်တော်စေတီဟု တွင်လတ္တံ့သတည်း။ ။ ဤသေလာဂီရိတောင်မှသည် တောင်စူးစူးအရပ်၌၊ နန္ဒဒေဝီမည်သော မြစ်၏လက်ျာဘက်မှ သေလာနဒီဟူသော ချောင်း၏အဖျား၌ မိဂပဗ္ဗတမည်သော တောင်ကြီးထက်၌ သမင်မင်း ဖြစ်ခဲ့ဘူးသောကြောင့်။ ငါလွန်တော်မူလျှင် နဖူးသင်းကျစ်တော်ဓာတ်သည် တည်လတ်၍၊ သင်းကျပ်တော် စေတီဟု တွင်လတ္တံ့သတည်း။ ။ ထိုမိဂပဗ္ဗတတောင်၏အနီး၌။ နန္ဒပဗ္ဗတမည်သော တောင်သည်ရှိ၏။ ထိုတောင်၌လည်း ရွှေကြက်မင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါပရိနိဗ္ဗာန်လွန်တော်မူလျှင်။ ပါးမွေးရှင်တော်ဓာတ်သည် တည်လတ်၍။ ပါးမွေးစေတီဟု တွင်လတ္တံ့သတည်း။ ထိုပါးမွေးစေတီမှသည်။ တစ်ဂါဝုတ်မျှလောက်သောခရီး၌ ဝေဠုပဗ္ဗတမည်သော တောင်ထက်ဝယ်။ ယုန်မင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါပရိနိဗ္ဗာန်စံလွန်တော်မူလျှင်။ နားရင်းတော်ဓာတ်သည် တည်လတ်၍။ နားလိပ်တော်စေတီဟု တွင်လတ္တံ့သတည်း။ ။ ထိုပါးမွေးတော်စေတီမှသည် တယူဇနာမျှလောက်သော အရပ်၌၊ မဥ္ဇူပဗ္ဗတမည်သော တောင်ကြီးသည်ရှိ၏။ ထိုတောင်ထက်၌လည်း ပုဏ္ဏားရသေ့ဖြစ်ခဲ့ဘူးသောကြောင့်။ ငါပရိနိဗ္ဗာန်စံလွန်တော်မူလျှင်၊ လက်ျာပါးရိုးတော်ဓာတ်သည် တည်လတ်၍။ ပြင်တိုင်းစေတီဟု ခေါ်ဝေါ်ကြလတ္တံ့သတည်း။ ထိုမဥ္ဇူပဗ္ဗတတောင်ထက်၏အရပ်မျက်နှာမှသည် မနီးမဝေးလွန်းသောအရပ်၌။ ကာဠာဂိရိမည်သော တောင်သည်ရှိ၏။ ထိုတောင်ကြီးထက်ဝယ်၊ ရွှေကျေးမင်းဖြစ်ခဲ့ဘူးသောကြောင့်၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူလေလျှင်။ ငါ၏လျှာရင်းတော်ဓာတ် တည်လတ်၍၊ ဇိဝှါဓာတ်စေတီတော်ဟု တွင်လတ္တံ့သတည်း။ ထိုကာဠာဂိရိတောင်၏အနီးဝယ်။ ကပေါတဂိရိမည်သော တောင်သည်ရှိ၏။ ထိုတောင်၏အလယ်ထိပ်ဝယ် ချိုးမင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါလွန်တော်မူလျှင်။ ငါ၏လည်ရိုးတော်ဓာတ်သည် တည်လတ်၍ ဘားမင်းဖြစ်ခဲ့ဘူးသောကြောင့်။ နောင်လာလတ္တံ့အခါ။ ငါဘုရား၏ ပေါင်တော်ဓာတ်သည် တည်လတ်၍။ ပေါင်တော်စေတီဟု တွင်လတ္တံ့သတည်း။ ။ထိုစူဠပဗ္ဗတတောင်၏အနီးဝယ်၊ ရေဏုသာရမည်သော တောင်သည်ရှိ၏။ ထိုတောင်ထက်ဝယ် မြင်းမင်းဖြစ်ခဲ့ဘူးသောကြောင့်။ နောင်လာလတ္တံ့သော အခါ၊ လက်ဝဲပါးတော်ဓာတ်သည် တည်လတ်၍၊ ပါးမွေးရှင်စေတီဓာတ်ဟု တွင်လတ္တံ့သတည်း။ ။ ထုရေဏုသာရတောင်မှ သည်။ အနောက်တောင်ထောင့် တဂါဝုတ်ရှိသောအရပ်၌။ ပါမန္တရမည်သော တောင်သည်ရှိ၏။ ထိုတောင်၌လည်း လက်ပမ်းသည်သားဖြစ်ခဲ့ဘူးသောကြောင့်။ နောင်လာလတ္တံ့သောအခါ၊ ငါဘုရားလက်မောင်းတော်ဓာတ်သည် တည်လတ်၍၊ မောဆွဲစေတီဟု တါင်လတ္တံ့သတည်း။ ။ ထိုရေဏုသာရတောင်မှသည် နှစ်ယူဇနာရှိသော တောအရပ် ပင်လယ်နားဝယ်၊ ဇလာပဗ္ဗတမည်သော တောင်တည်ရှိ၏။ ထိုတောင်ထက်၌လည်း ဇဏီမည်သော သားမင်းဖြစ်ခဲ့ဘူး သောကြောင့်။ နောင်လာလတ္တံ့သောအခါ၊ ငါဘုရား၏ရင်ရိုးတော်ဓာတ်သည် တည်လတ်၍၊ ရင်ငုံစေတီတော်ဟု တွင်လတ္တံ့သတည်း။ ။ ထိုဇလာပဗ္ဗတတောင်မှသည်။ တယူဇနာခွဲရှိသော အနောက်မျက်နှာအရပ်ဝယ်။ ကစ္ဆပနဒီ

မည်သောမြစ်၏အနီး၌ အရှေ့ဘက်ဖြစ်သော သမုဒ္ဒရာဝယ်။ သေလာပဗ္ဗတတောင်၌လည်း တံငါသည်သား ဖြစ်ဘူးသော ကြောင့်။ နောင်လာလတ္တံ့သောအခါ၊ ငါဘုရား၏မေးတော်စေတီသည် တည်လတ်၍၊ မဲးငုံစေတီတော်ဟု တွင်လတ္တံ့ သတည်း။

ချစ်သားအာနန္ဒာ၊ ဤသေလာပဗ္ဗတတောင်မှသည် နီလာပဗ္ဗတတောင်သို့ ငါဘုရားကြွရောက်တော်မူလတ္တံ့။ ထိုသို့ ကြွရောက်တော်မူသောအခါ၊ နဂါးကြောင်-နဂါးပတ်- နဂါးခွေး-နဂါးပြောက်-နဂါးဖြူ-နဂါးမွေး- နဂါးနီ-နဂါးနက် ဤရှစ်မျိုးသော နဂါးအပေါင်းတို့သည် ငါဘုရားအား လျှောက်ထားတောင်းပန်သောကြောင့်၊ နမ္မဒါမြစ်ကမ်းယံ၌ ခြေတော်ရာတစ်ဆူ။ နီလာပဗ္ဗတတောင်ထက်၌ ခြေတော်ရာတစ်ဆူ၊ ဆံတော်ရှင်တစ်ဆူ၊ ဤသုံးဆူသော စေတီတော်တို့သည် နောင်အစဉ်တည်လတ္တံ့သတည်း။ ဤသို့ အသီးအသီး ဗျာဒိတ် တော်ပေးပြီးသော်။ ကစ္ဆပနဒီအနောက်ဘက်သို့ ကြည့်တော်မူ၍၊ အာနန္ဒာအား ဤသို့မိန့်တော်မူပြန်၏။ ချစ်သား အာနန္ဒာ၊ ဤကစ္ဆပနဒီမြစ်ကြီး၏ အနောက်ဘက် မြေအပြင်ဝယ်၊ ငါဘုရား ကျင်လည်တော်မူခဲ့ဘူးသောအရပ်တို့သည် များစွာလျှင် ရှိသတည်း။ အဘယ်သို့လျှင် ရှိသနည်း ဟုမူကား။ ဤငါဘုရားရပ်တန့်တော်မူသော သေလာဂိရိ ကျောက်တော်တောင်မှသည်၊ အနောက်တောင်ထောင့် တယူဇနာ အလွန်ရှိသောအရပ်၌ မလ္လပဗ္ဗတမည်သောတောင်သည်ရှိ၏။ ထိုတောင်၌ ဟိန္ဓုမည်သော သားမင်းဖြစ်ခဲ့ဘူးသောကြောင့်။ နောင်သောအခါ၊ ငါဘုရား၏ ဦးစွန်းတော်ဓာတ်သည် တည်လတ်၍၊ ဦးစွန်းတော်စေတီဟု တွင်လတ္တံ့ သတည်း။ ။ ထိုမလ္လပဗ္ဗတတောင်၏ အနီးဝယ် ဝေဠုဝန္ဒ မည်သောတောင်သည် ရှိ၏။ ထိုတောင်၌လည်း မြွေစပါးကြီး ဖြစ်ခဲ့ဘူးသောကြောင့်။ နောင်လာလတ္တံ့သောအခါ၌၊ ငါဘုရား၏ နှာရိုးတော်ဓာတ်သည် တည်လတ်၍၊ နှာသစေတီတော် ဟု တွင်လတ္တံ့သတည်း။ ။ ထိုဝေဠုဝန္ဒမည်သော တောင်၏အနီးဝယ် သန္ဓာဂိရိမည်သော တောင်သည်ရှိလတ္တံ့သောအခါ၊ လက်ဝဲနားတော်ဓာတ်သည် တည်လတ်၍။ ကဏ္ဏဓာတုစေတီတော်ဟု တွင်လတ္တံ့သတည်း။ ။ ထိုသန္ဓာဂိရိတောင်မှသည် တောင်အရပ်မျက်နှာ၊ တယူဇနာမကသော အရပ်ဝယ်၊ သာလမယမည်သောတောင်သည်ရှိ၏။ ထိုတောင်၌လည်း ဥယျာဉ်သည်သားဖြစ်ခဲ့ဘူးသောကြောင့်။ နောင်လာလတ္တံ့သောအခါ၊ ငါဘုရားစားမြုံတော်ဓာတ်သည် တည်လတ်၍၊ စားမြုံစေတီတော်ဟု တွင်လတ္တံ့သတည်း။ ထိုသာလမယတောင်မှသည် မြောက်ဘက်တောင်မျက်နှာ၌။ သေလာပဗ္ဗတ မည်သော ကျောက်ရဲတောင်သည်ရှိ၏။ ထိုတောင်၌လည်း၊ ဗေဒင်လေးပုံအလုံးစုံကို အကုန်တတ်မြောက်သော ပုဏ္ဏား ဖြစ်ခဲ့ဘူးသောကြောင့်။ ငါလွန်တော်မူလေလျှင်။ လုံးပတ်နှစ်ညှိုခန့်လောက်သော ဦးခေါင်းခွံဓာတ်တော်သည် တည်လတ်၍၊ ဦးရစ်တော်စေတီတော်ဟု တွင်လတ္တံ့ သတည်း။ ထိုသေလာပဗ္ဗတမည်သောတောင်၏ အနောက်မျက်နှာ အဘို့ဝယ်။ သုံးဂါဝုတ်မျှရှိသောအရပ်၌၊ မလ္လာယု မြစ်ကြီး၏အရှေ့ဘက်၌၊ စာရုပဗ္ဗတမည်သော တောင်ကြီးသည် ရှိ၏။ ထိုတောင်၌ ဆဒ္ဒန်ဆင်အမျိုး၌ ဖြစ်ခဲ့ဘူးသောကြောင့်။ ငါလွန်တော်မူလေလျှင်၊ ဦးကင်းတော်ဓာတ်သည် တည်လတ်၍။ ဦးကင်းတော် စေတီဟု-တွင်လတ္တံ့သတည်း။ ။ ထိုဆဒ္ဒန်ဆင်မင်းသည်၊ ထိုစာရုပဗ္ဗတမည်သောတောင်၌ နေစဉ်အခါ၊ ကဆုန်လ၌ မြူမှုန်သည်းစွာ ကျလတ်၍၊ ဆာအိုက်ညစ်ညူးလှသောကြောင့်။ တဂါဝုတ်ခန့် ဝေးကွာသော မြောက်ရပ်တောင်မြိုင်ရိပ် တွင် ခိုအောင်း၍ နေလေလျှင်။ မြူမှုန်စင်မှ လွင်ပြင်သို့ ထွက်၍၊ ကျက်စားနိုင်သည်ဖြစ်သောကြောင့်၊ နောင်သောအခါ ထိုလွင်ပြင် မြင်ရာအရပ်ကို၊ မှုန်စည်ကျွန်းပြင်ဟု တွင်လတ္တံ့သတည်း။ ထိုမလ္လာယုမြစ်၏အနောက်ကမ်းပြင်- သမုဒ္ဒရာအနီး၌၊ ကာသိမည်သော တောင်ကြီးထက်ဝယ် ရွှေဥဒေါင်းမင်းဖြစ်ခဲ့ဘူးသောကြောင့်၊ ငါလွန်လေလျှင် လည်ရိုးတော်ဓာတ်သည် တည်လတ်၍၊ လည်ရိုးတော်စေတီဟု တွင်လတ္တံ့သတည်း။ ဤသို့လျှင် အာနန္ဒာမထေရ်အား ရွှေဗျာဒိတ်-တံဆိပ်တော်ကို မြွက်ဘော်တော်မူသည်၏အဆုံး၌။ မြင့်မိုရ်သတ္တရတန်-ခုနစ်တန်သီတာ၊ စကြာဝဠာတိုက် အလုံးသည် တဖြုံးဖြုံးတုန်လှုပ်လေ၏။ အားကြီးစွာတော်လည်း၏။ ဥပါပျံ၏၊ သမုဒ္ဒရာလေးစင်းဆူပွက်၏။

ဤသို့ တိတ်နိမိတ်ကြီးစွာ ဖြစ်ပေါ်လာသည်ကို၊ မဟာစန္ဒသူရိယမင်းကြီး မြင်တော်မူလေလျှင်၊ အလွန်ပင်ထိတ် လန့်သည်ဖြစ်၍။ ပညာရှိတို့နှင့် မေးမြန်းတိုင်ပင်ကြသော်။ အရှင်မင်းကြီး အကြောင်းတပါးမမြင်၊ ဘုရားသခင် ကြွရောက် တော်မူမည့်အခင်းကြောင့်။ သို့စင်ကြီးကျယ်သော တိတ်နိမိတ်ဖြစ်ပါသည်ဟု လျှောက်ကြားလေသော်။ မှူးတော်မတ်တော် အပေါင်းတို့၊ ဘုရားသခင် ကြွလာတော်မူသည့်အခင်းကြောင့်။ သို့စင်ကြီးစွာ၊ တိတ်နိမိတ် မင်္ဂလာဖြစ်တော်မူပါလျှင်။ မြန်စွာယခု-ဗိုလ်ပေါင်းစု၍။ ယခုလျင်စွာ-ဆင်, မြင်း, ရထား, ခြေသည်သူရဲများနှင့်တကွ။ မောင်းမမိဿံ။ ခြွေရံအများတို့ အသွားအလာ နေရာကျနအောင် ပြုကြရမည်ဟု အမိန့်တော်ရှိပြီးလျှင်။ အချိန်သင့်လှ မိဘုရားစန္ဒမာလာကို။ များစွာ သောင်းပြောင်း၊ သောင်းခြောက်ထောင်သော မင်းမောင်းမတို့ကို ခြံရံစေလျက်။ တသိန်းသောအမတ်တို့ကို ရှေ့ကသွား

စေ၍၊ ဆင်, မြင်း, ရထား, ထမ်းစင်များတို့ကို မစီးကြဘဲ။ အလွန်လျှင် သဒ္ဓါခြင်းပြင်းသည်ဖြစ်၍၊ အခိုးအထုံ ပန်းနံ့သာ စသည်တို့ကို လက်၌စွဲကိုင်လျက်။ သဗ္ဗညု မြတ်စွာဘုရားအား ဖူးမြင်အံ့သောငှါ သွားတော်မူလေလျှင်။ လမ်းခရီးတွင် ပင်ပန်းစွာဖြစ်လတ်၍၊ တန့်နားတော်မူသောအခါ၊ စားတော်ပွဲဆက်တော်မူလာ၍၊ လျင်စွာစားတော်မူလျှင်။ ပွဲတော် ထမင်းမျှကိုသာ စားတော်ခေါ်မိသည်။ ဟင်းလျာရှိသည်ကိုမသိ၊ သတိမျှမရ။ ဘုရားကို တောင့်တသည့် သဒ္ဓါဆန္ဒ-ပြင်းပြအားကြီးသောကြောင့်။ ထိုပွဲတော်တည်သော အရပ်ကို ယနေ့တိုင်အောင် ဟင်းမစားဟု တွင်၏။

ထိုအရပ်မှချီတော်မူလေလျှင် ပြင်ကြီးတပြင်သို့ ရောက်လေသော်။ ထက်ဝန်းကျင်-မိုယ်းတိမ်ဖုံးအုပ်သည်ဖြစ်၍၊ ညဥ့်မိုးချုပ်သည့်ပမာ။ သွားရမည့်ခရီးလမ်းတာကိုမျှ မမြင်ကြရသောကြောင့်။ ကြောက်ထိတ်လန့်ကြ၍၊ ဂေါတမနွယ် ပွား မြတ်စွာဘုရားသည်။ သနားကရုဏာကယ်ဆယ်တော်မူပါဟု လက်ဆယ်ဖြာ ညွတ်လျှိုး၍၊ ရှိခိုးပူဇော်ဖူးမြော် ဆည်းကပ်ခြင်းကို ပြုကြကုန်၏။ ထိုသို့ ကိုးကွယ်ဆည်းကပ်ခြင်းကို ဘုရားသခင်သိတော်မူလေ၍။ ကိုယ်တော်ဝယ်ဖြစ် သော ခြောက်သွယ်သော ရောင်ခြည်တော်ကို လွှတ်တော်မူမှ၊ အလင်းမြင်ကြရလေကုန်၏။ အစဉ်အတိုင်း သွားကြလေ ကုန်သော် ထိုသွားသောအရပ်ကို ရှေးက *မှုန်မြင်ပြင်ဟူ၍ ခေါ်ကြကုန်လေ၏။ ယခုလူတို့ကား *ပုံပြင်ဟူ၍ခေါ်ကြကုန်၏။ ထိုအရပ်က တဖန်သွားကြပြန်သော်။ ဈာန်ပံ့ကျထိ-မုနိထွတ်တင်-ဘုရားရှင်၏စက်ရင်းတော်အောက်၊ ရောက်တော်မူကြ လေလျှင်။ ဘုရားသခင်၏ခြေတော်စုံကို-ကြာငုံပမာ-ထိပ်ပေါ်မှာလက်တင်လျက်။ ကရမက်ပန်းနံ့သာ။ တန်ဆောင်ဆီမီး တို့ဖြင့်။ မိုယ်းပေါက်ပမာ-များစွာကြဲမြှောက် ပူဇော်ကြလေကုန်၏။ ဘုရားမြတ်စွာ စိန္တေယျာလည်း ရောက်လာသော ပရိတ်သတ်တို့အား သနားကရုဏာမေတ္တာရေအေးဖြင့်။ ငါးပါး, ဆယ်ပါး, ရှစ်ပါးအင်္ဂါ-ဓမ္မရာဇခံ-ဆယ်တန်သော တရားစကားကို ဟောကြားတော်မူလေလျှင်။ ဓညဝတီပြည်ရှင် စန္ဒသူရိယမင်းကြီးသည် ပီတိပါမောဇ္ဇသောမနဿလွန် အိ၍၊ ဂွမ်းဆီထိပမာ-အလွန်ကြည်ညိုခြင်းသဒ္ဓါဖြစ်၍၊ မြတ်စွာဘုရားအား ဤသို့နားတော်လျှောက်ကြားလေ၏။ လူသုံးပါးတို့၏ မကိုင်း့တန်ဆောင်-ဥဿျောင်မှန်ကင်းတရားမင်းဘုရား၊ အကျွန်ုပ်ကစ၍ ပြည်သူသတ္တဝါ-ဝေနေယျာ တို့အား သနားတော်မူခြင်း ကရုဏာကို အကြောင်းပြု၍ ပြည်တော်သို့ ကြွတော်မူစေချင်၏ဟူ၍ လျှောက်ထားတောင်း ပန်လေသော် မြတ်စွာဘုရားလည်း ပဋိညာဉ်ပေးတော်မူ၏။ ထိုအခါ စန္ဒသူရိယမင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် မြို့တော်သို့ ပြန်တည်ကြကုန်၏။

ဘုရားသခင်သည် ဘုရင်သိကြား ဝိသကြုံနတ်သားတို့ ဖန်ဆင်းထားသော ပြာသာဒ်ရှင်ငါးရာ-ယာဉ်စကြာဖြင့်။ အဇ္ဈောနန်း-ကောင်းကင်လမ်းဖြင့်-ကြွမြန်းတော်မူလာ၍၊ မဟာစန္ဒသူရိယမင်း၏နန်းတော်တွင်းသို့ ရောက်ခါနီးမှ။ ယာဉ်စကြာမှဆင်းသက်ကြ၍၊ နန်းမရင်ပြင်သို့ ဝင်တော်မူလတ်ကြသော်။ မင်းမြတ်မဟာ၊ စန္ဒသူရိယသည်လည်း။ နန်းမပြင်တွင် ဘုရားရှင်ကို သီတင်းသုံးစေတော်မူ၍။ ရေမန္ဒောသော ယာနန္ဒိဆွမ်းစသော အထူးထူးသော အမြိန် အရသာ ဩဇာ အဖျော်တို့ဖြင့်။ ခုနစ်ရက်ပတ်လုံး လုပ်ကျွေးလှူဒါန်းတော်မူ၏။ ဘုရားမြတ်စွာလည်း ရောက်လာတော်မူ လျှင်။ မင်းစ၍ ရှိသမျှ ဗိုလ်လူတို့နှင့်။ ထိုက်လိုက်လျောက်ပတ်စွာသော တရားစကားကို ခုနစ်ရက်ပတ်လုံး ဟောကြားတော်မူ လေလျှင်။ မင်း, မိဖုရား, သားတော်, သမီးတော်မှစ၍၊ ဓညဝတီ ပြည်သူပြည်သား သတ္တဝါများတို့သည် အချို့ကားသောတာပန်၊ အချို့ကား သကဒါဂါမ်။ အချို့ကား အနာဂါမ် စသည်တည်ကုန်၏။ အချို့ကား သရဏဂုံ ပဥ္စသီတည်ကုန်၏။

မြတ်စွာဘုရား ပြန်ကြွတော်မူအံ့သောအကြောင်းကို စန္ဒသူရိယမင်းသည် သိ၍။ ဤသို့နားတော်လျှောက်ပေ ၏။ လူသုံးပါးတို့၏ မကိုင်း့ဥဿျောင် တန်ဆောင်မှန်ကင်း တရားမင်းဘုရား။ ကိုယ်တော်မြတ် ဒေသစာရီ ကြွချီတော်မူခဲ့ သော်။ အကျွန်ုပ်တို့သည် ကိုးကွယ်ရာမရှိသည်ဖြစ်ပါအံ့။ ထိုသို့ဖြစ်ပါသောကြောင့်၊ အကျွန်ုပ်မှစ၍ ပြည်သူသတ္တဝါ ဝေနေယျာတို့၏ကိုးကွယ်ရာဖြစ်ပါအောင်။ ကိုယ်တော်၏အစား၊ ရုပ်ရှင်တစ်ဆူ ထားတော်မူစေချင်ပါသည်ဟု ဝပ်စင်းညွတ်ပြောင်း တောင်းပန်လေသောအခါ၊ သဗ္ဗညုဘုရားမြတ်စွာသည်။ ဉာဏ်တော်ဖြင့် ကြည့်တော်မူလတ်သော်။ နောင်သောအခါ-ပသောနဒီ ကောသလမင်းတောင်းပန်ခြင်းကြောင့်။ စန္ဒသူရိယမည်သော ရုပ်ရှင်တော်တစ်ဆူရှိတော်မူ သော်လည်း။ ဒိဋ္ဌိမင်းတို့ပိုင်နင်း အုပ်ချုပ်သောအခါ၊ သိကြားမင်းလာ၍၊ ရတနာရွှေပလ္လင်နှင့်တကွ သိုဝှက်ထားရ၍။ လူတို့ကိုးကွယ်ရမည်မဟုတ်။ ယခု ငါဘုရားသည် ဘဝသံသရာက။ အခါခါကျင်လည်ဘူးသော ဤဓညဝတီတိုင်းပြည် ကြီးသည်။ ရှစ်သောင်းလေးထောင်သော ပြည်များထက် မြတ်သောပြည် ဖြစ်ပေသည်။ ဤတိုင်းပြည်ဝယ်-ငါထားတော် မူခဲ့သော ရုပ်ရှင်တော်ဘုရားသာလျှင်၊ ငါပရိနိဗ္ဗာန်စံလွန်၍၊ ရှည်ကြာမြင့်ညောင်း၊ ငါးထောင်ပတ်လုံးတည်လတ်သဖြင့်၊ လူ, နတ်ပြဟ္မာတို့၏ ကိုးကွယ်ရာ အစစ်ဖြစ်ပေလတ္တံ့ဟု မြင်တော်မူ၍။ မင်းကြီးတောင်းပန်သောစကားကို ပဋိညာဉ်ပေး

သနားတော်မူလေလျှင်။ စန္ဒသူရိယမင်းလည်း အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍၊ ရတနာကိုးကုဋေကို တပေါင်းတည်း စုပြီးလျှင်၊ ဘုရားရှင်အား လျှောက်ကြားတော်မူလေသော်။ မြတ်စွာဘုရားလည်း သိကြားမင်းနှင့် ဝိသကြုံနတ်တို့ကို ခေါ်တော်မူ၍ ငါ၏ကိုယ်တော်နှင့် တဆံခြည်မျှမယုတ်မလွန်စေရ-အတိုင်းအရှည် ပမာဏရှိသော ရုပ်ရှင်တော်ကို။ ဤမျှသော ရတနာတို့ဖြင့် သွန်းလုပ်၍ပြီးလျှင်စေဟူ၍ လက်တော်ခုနစ်လက်ခုပ် ကျုံးပြီးသော်။ သိကြားမင်းအား အပ်နှင်းလေလျှင်။ ရွှေခင်ဖျင်းသော ရွှေပန်းတောင်းဝယ်ထည့်လျက်။ ရတနာဆင်ဖြူထက်သို့ တင်၍၊ ရတနာထီးဖြူတော် အုပ်လျက် ထားလေ၏။ မြတ်စွာဘုရားကိုလည်း ရုပ်ရှင်တော်မြတ်ပြီးရုံ နေစိမ့်သောငှါ တောင်းပန်လေ၏။

သိကြားမင်းနှင့် ဝိသကြုံနတ်သားလည်း ဧညဝတီမြို့၏ အရှေ့မြောက်ထောင့်အရပ်၌၊ သီရိကုဋ်မည်သော တောင်ထိပ်ထက်ဝယ် မဏ္ဍပ်ကန္နား-ကြီးမားသာယာစွာ ဘန်ဆင်း၍။ အထူးထူးအပြားပြား ဆန်းပြားထူးကဲသော တန်းဆာတို့ဖြင့် တင့်တယ်စွာ ဆင်ယင်စေ၍။ ခုနစ်ရက်ပတ်လုံး စည်စောင်းညင်း, ကခြင်း, တီးမှုတ်ခြင်းတည်းဟူသော ပဉ္စင်္ဂတူရိယအသံတို့ဖြင့်။ ဝတီယံနတ်ပြည်ဝယ်၊ သုဓမ္မာနတ်ပွဲသဘင်ကဲ့သို့ အလွန်လျှင်မွေ့လျော်ဘွယ်ကောင်းသော သဘင်ကြီးကို ဆင်ယင်တော်မူသောအခါ။ စကြာဝဠာတိုက် အနန္တရှိသမျှ နတ်ဗြဟ္မာအပေါင်းတို့သည် လာရောက်ပူဇော်ကြလာကုန်၏။ ၎င်းသီရိကုဋ်တောင်ဟူသည် ဖြူစင်သောငွေအဆင်းကဲ့သို့။ လက်ျာရစ်ခရုသင်းသဏ္ဌာန်နှင့် တူသောကြောင့်*သီရိကုဋ်ဟု ဆိုကြကုန်၏။ မြတ်သောကျေးဇူးရှိသောတောင်ဖြစ်သောကြောင့် *အဂ္ဂညုတတောင်ဟူ၍လည်း ခေါ်ဆိုကြကုန်၏။ ဘီလူးသုံးခုတို့သည် ရင်ဆိုင်ပူး၍ နေကြဟန်ရှိသောကြောင့် *တြိကုမ္ဘတောင်ဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။ ခြင်္သေ့မင်းသည် တိရစ္ဆာန်တို့ကို ဟောက်၍ဘမ်းဟိန်းဟန် ပုံသဏ္ဌာန်ရှိသောကြောင့်* သီဟရာဇာတောင်ဟူ၍လည်း ခေါ်ကြကုန်၏။ ဝက်မရင်ပတ်တွင်၊ ဝက်ငယ်ဝင်၍နေဟန် ပုံသဏ္ဌာန်ရှိသောကြောင့် *ဝက်သစို့တောင်ဟူ၍လည်း ခေါ်ကြကုန်၏။ တစ်နည်းလည်း ဘုရားအလောင်းတော်သည် အရုံငါးရာနှင့် ဝက်မင်းဖြစ်သောအခါ။ ဒေဝဒတ် အလောင်း ကျားမင်းဖြစ်၍ ကိုက်စားမည်ကြံလျှင်။ အလောင်းတော်ဝက်မင်းသည် အရုံငါးရာနှင့်တကွ ဥမင်တူး၍ ပြေးလေမှ၊ အသက်ဘေးကင်းလွတ်သောကြောင့် *ဝက်သတိုးတောင်ဟူ၍လည်း ခေါ်ကြကုန်၏။ ဤသို့လျှင် တောင်၏ အမည် ငါးပါးကို အာနန္ဒာအား မြတ်စွာဘုရားဟောတော်မူ၏။

ထိုသို့အမည် ငါးပါးပြားသော သီရိကုဋ်တောင်သို့ မြတ်စွာဘုရား ကြွတော်မူလေလျှင် သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့သည် ရုပ်ရှင်တော်မြတ်၏ တန်းခိုးကြီးခြင်းကို ဖြစ်စေလိုသောကြောင့်။ ကိုယ်တော်မှဖြစ်သောအငွေ့ကို လက်တော်ဖြင့်ယူ၍၊ သဗ္ဗညုမြတ်စွာဘုရားနှင့် အလားတူမျှ ပုံသဏ္ဌာန်ကျနသော ရုပ်ရှင်တော်မြတ်ဖြစ်အောင်၊ ဆောက်တည်ဖန်ဆင်းသတည်း။ ထိုအခါ လူနတ်သိကြား၊ နဂါးဗြဟ္မာ၊ သတ္တဝါခပ်သိမ်းတို့၏ မျက်စိတွင်၊ ဘုရားရှင်နှစ်ပါး၊ တစ်ပြိုင်နက်ဖြစ်သကဲ့သို့ ထင်ရှားစွာဖြစ်၏။ ထို့ကြောင့်၊ စန္ဒသူရိယမင်းမှစ၍ ပြည်သူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လျက်။ အထူးထူးသော ပန်းနံ့သာ တန်းခွန်ပေါက်ပေါက် ဆီမီးတန်းဆောင်တို့ဖြင့်လည်းကောင်း၊ ဦးရစ်ပုဆိုးပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြကုန်၍၊ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ကြကုန်သတည်း။ ခြောက်ထပ်သော နတ်ပြည်၌ရှိသော နတ်အပေါင်းတို့သည်လည်းကောင်း၊ ဗြဟ္မာအပေါင်းတို့သည်လည်းကောင်း၊ ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုမြတ်စွာဘုရား သစ္စာလေးပါးပွင့်တော်မူသော နေ့အခါကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်၍။ နတ်တို့သည် ပန်းမိုးယိုးရွာခြင်း စသည်ဖြင့် ပူဇော်ကြကုန်၏။ ဗြဟ္မာအပေါင်းတို့သည် သောင်းသောင်းကြည်းဟည်း-လက်ပမ်းပေါက်တီးကြကုန်၏။ မြင့်မိုရ်သီတာ သတ္တရဘန်စသော စကြာဝဠာတိုက်တို့သည် တုန်လှုပ်ချောက်ချားကုန်၏။ ဤသို့ အထူးထူးအပြားပြား များစွာသော အံ့ဘွယ်သူရဲ နိမိတ်ပြာဋိဟာတို့ကို မြင်လတ်သော်။ စန္ဒသူရိယမင်းသည်ကား သဒ္ဓါပီတိအဟုံ-မွှန်းထုံပျံ့အိသည်ဖြစ်၍၊ ဘုရားသခင်ခြေတော်စုံကို လက်နှစ်ဘက်ဖြင့် ကိုင်လျက် မိန်းမောလေ၏။ တဖန် သတိရပြန်လတ်သော်၊ ရုပ်ရှင်တော်မြတ်မုနိကို ရတနာပလ္လင်ထက်တင်လျက်။ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော စုလစ်မွန်းချွန်တပ်သော ကျောင်းတော်ကို ဆောက်လုပ်၍၊ ပရိက္ခရာအမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော်တော်မူ၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားအား တဖန်ပင့်လျှောက်ပြန်သော်။ မြတ်စွာဘုရားသည် တပည့်သားအပေါင်း ခြံရံလျက်၊ ဘုရား၏တင့်တယ်ခြင်းဖြင့် စမွာယ်တော်မူလျက်။ မြင်သာတောင်ပို့ထက်သို့ တက်၍၊ ရုပ်ရှင်တော်ကို တန့်ရပ်လျက် ကြည့်တော်မူလေ၏။ ထိုမြင်သောအရပ်၌၊ တခဏကြည့်၍မြင်တော်မူသည်ကို *မြင်မိုဟူ၍ ခေါ်တွင်ကြကုန်၏။ သဗ္ဗညုဘုရားသခင်သည် အလွန်တင့်တယ်ထူးဆန်းသော ရုပ်ရှင်တော်ကို ကြည့်ရှုတော်မူလတ်လျှင်၊ ရုပ်ရှင်တော်လည်း အသက်ဝိညာဉ်ရှိသည့်အလား၊ နောင်တော်မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမည့်ပုံဟန် ထအံ့သောအခြင်းအရာကို ပြတော်မူ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ရုံးတော်ကိုဆန့်လျက်၊ လက်ဘဝါးဖြင့်

ကာတော်မူလျက်၊ ငါ့ညီမထလင့်ဟု မြစ်တားတော်မူ၏။ ညီတော် ငါသော်ထမူကား-မကြာမြင့်ခင် ပရိနိဗ္ဗာန်ပြုရလိမ့်မည်။ ငါ့ညီတော်သာလျှင်၊ ငါဘုရားသည် ဖန်ဆင်းတော်မူသကဲ့သို့။ အထူးထူးသော တန်းခိုးပြာဋိဟာတို့ကို ပြတော်မူလျှက်။ ငါထားတော်မူခဲ့သော သာသနာတော်ငါးထောင် မကုန်သရွေ့။ အမြဲတည်လတ်၍၊ လူနတ်တို့အား ကယ်ဆယ်လော့ဟု ဗျာဒိတ်စကား အမိန့်တော်ထားတော်မူပြီးမှ။ ငါ့ညီတော်၊ ငါ့ဘုရားသည် ရှေးရှေးသော၊ ဘဝ၌မာရ်အောင်ကျွန်းတွင် လူမင်းငြဖစ်စဉ်အခါ၊ တောင်သူငခြေတိုင်းကို၊ ပေါင်ကိုဘဲ့စေဟု အမိန့်ပေးဘူးသော ဝိပါတ်။ သူငယ်တစ်ယောက်၊ ဒေနက်ကျောသားကို နုတ်ခဲ့ဘူးသောဝိပါတ်။ ဤဝိပါတ်တော်နှစ်ပါးကို ငါ၏ကိုယ်စားဖြစ်သော ငါ့ညီတော်သည် ခံလိုက်စေသောဟု ဗျာဒိတ်ထားတော်မူခဲ့သော အဆုံး၌။ စန္ဒသူရိယမင်းအား၊ ရုပ်ရှင်တော်မြတ်မုနိဘုရားကို ကိုးကွယ်ဆည်းကပ်သော ဒါယကာမင်းမြတ်သည်။ အလွန်အကျိုးကြီးမြတ်ကြောင်း စသည်ဖြင့် တရားဒေသနာဟောကြားတော်မူလေ၏။

စန္ဒသူရိယမင်းကြီးလည်း ရုပ်ရှင်တော်ထုလုပ်ရန် ပေးထားသော ကိုးကုဋေသော ရတနာတို့ကို ဘုရားမြတ်စွာနှင့်တကွ။ နောက်တော်ပါ မဟာထေရ်ရဟန္တာငါးရာတို့အား ပေးလှူလေ၏။ ရဟန္တာအရှင်မြတ်တို့သည် အသီးသီး ပယ်တော်မူကြကုန်၏။ စန္ဒသူရိယမင်းသည် ရတနာမြတ်သုံးပါးအား ရည်မှတ်လေပြီးသော ပစ္စည်းဝတ္ထုတို့ကို တဖန်ယူ အံ့သောငှာ မအပ်ပြီဟု ပလ္လင်တော်အောက်၌ မြှုပ်ထားပူဇော်လေ၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်၊ နောက်တော်ပါ မထေရ်အပေါင်းတို့အား ဤသို့မိန့်ကြားတော်မူ၏။ ချစ်သားရဟန်းတို့၊ ဤဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းအပြင်ဝယ်။ မဇ္ဈိမတိုက်ဖြစ်သော-ထိုထိုပြည်တိုင်းကားတို့၌ ဆွမ်းခံသည်ရှိသော်။ ပြောင်း, ပဲ, လူး, ဆတ်တို့နှင့် ရောနှောသောဆွမ်းကိုသာ ဘုဉ်းပေးကြကုန်သည်။ ဤရက္ခပူရတိုင်း ဓညဝတီပြည်ကြီးသည် မဇ္ဈိမတိုက်-သောဠသနဂိုရ်တို့ထက်။ အလွန်ပြည့်ဖြိုးသော ကောက်သလေးတို့ဖြင့် ကောင်းမွန်မြိန်မြတ်၊ နှစ်သက်ဘွယ်ကောင်းသော ဆွမ်းအာဟာရကို ဘုဉ်းပေးကြရပေသည်။ ရှေးလွန်လေပြီးသော၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပတည်းဟူသော နောင်တော်ဘုရားသုံးဆူတို့သည်လည်း ဤပြည်ကြီးကို ဓညဝတီပြည်ဟု ဗျာဒိတ်ပေးတော်မူလေပြီ။ ။ ယခုတုံသော်လည်း၊ ဤပြည်သူ လူခပ်သိမ်းတို့သည် စိုးစဉ်းရံဘန်မျှ ရှားပါးတေ်မွတ်ခြင်း မရှိစဘူးဖြစ်လေသောကြောင့် ဤပြည်ကို *ဓညဝတီဟု ထင်ရှားစွာ ခေါ်ဝေါ်ကြသတည်းဟု ဗျာဒိတ်ထားတော်မူပြီးသည်၏ အဆုံး၌၊ သိကြားဝိသကြုံတို့ ဖန်ဆင်းဆက်သသော ရတနာယာဉ်ပျံပြာဿဒ်ငါးရာတို့ကို စီးတော်မူလျက်။ ဒွါရာဝတီမြို့ပျံသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသော်၊ ဒွါရာဝတီမြို့အနီး၊ တစ်ခုသော တောင်ကြီးထက်၌၊ အတန်ငယ် တန့်ရပ်တော်မူ၏။ ထိုတောင်ကို ယခုတိုင်*တန့်တော်မူတောင် ဟု ခေါ်ကြကုန်၏။

မြတ်စွာဘုရားသည်။ ထိုတောင်မှ ကြည့်တော်မူလျက် ပြုံးတော်မူလတ်သည်ကို ညီတော်အာနန္ဒာမြင်တော်မူလေလျှင်။ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုး၍၊ ပြုံးတော်မူခြင်း၏အကြောင်းကို လျှောက်တောင်းပန်သော်၊ ချစ်သားအာနန္ဒာ၊ နောင်တော်ဖြစ်သော ငါဘုရားသည်၊ ဤဒွါရာဝတီမြို့ပျံ၌ လူမင်းအဖြစ် များစွာခံစားဘူး၏။ တစ်ခုသောဘဝ၌၊ ဤဝါသုရတောင်ဝယ်-မြွေအမျိုးတွင်၊ ငန်းမင်းဖြစ်ခဲ့ဘူး၍*အံတော်စေတီဟု တွင်လတ္တံ့သတည်း။ ။ ထိုတောင်မှသည် မနီးမဝေးသောအရပ်၌၊ လောကူရတောင်ရံဝယ်-ခါမင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူလေလျှင်၊ နံရိုးတော်ဓာတ်သည် တည်လတ်၍၊ *နံတော်စေတီဟုတွင်လတ္တံ့သတည်း။ ။ ထိုမှသည် မနီးမဝေးသောအရပ် အရှေ့တောင်ထောင့်၌ မဏိကေသမည်သော တောင်သည်ရှိ၏။ ထိုတောင်၌လည်း စာမရီမည်သော ငှက်မင်းဖြစ်ခဲ့ဘူးသောကြောင့်။ ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူလျှင်။ ဆံရှင်တော်ဓာတ်သည် တည်လတ်၍*ဆံတော်စေတီဟု အရပ်ထက်ဝန်းကျင်၌ တွင်လတ္တံ့သတည်းဟု ဗျာဒိတ်ထားတော်မူပြီးမှ၊ ရသေ့မြို့ သီရိခေတ္တရာပြည်သို့ ကြွတော်မူပြီးလျှင်။ အစဉ်အားဖြင့် မဇ္ဈိမတိုက်တွင်းရှိ၊ သာဝတ္ထိပြည်တော်သို့ ပြန်လည်တည်တော်မူလေ၏။

ထိုရုပ်ရှင်တော်ပွား၊ မြတ်မုနိဘုရားကို၊ စန္ဒသူရိယမင်းတည်ထား ပြီးစီးသည်မှစ၍။ ရက္ခပူရတိုင်း- ဓညဝတီပြည်ကြီး၌၊ မင်းမိဖုရားမောင်းမမိဿံ စသောပြည်သူသတ္တဝါအပေါင်းတို့သည် နေ့ညဥ့်မပြတ်မစဲ၊ သုဓမ္မာနတ်ပွဲသဘင်ကဲ့သို့၊ အမြဲလျှင်ပူဇော်ရိုသေ ဆည်းကပ်ကြလေသတည်း။ ထိုစန္ဒသူရိယမင်း၊ စ-ရင်းတည်ထားသော ရုပ်ရှင်တော်ပွား၊ ဘုရားကိုယ်တော်မြတ်၏ ကိန်းဝပ်တော်မူသော ဂန္ဓကုဋိတိုက်တော်၌၊ အံ့ဘွယ်ကိုးပါးတို့သည် ဖြစ်ကုန်၏။ အဘယ်ကဲ့သို့ ဖြစ်ကုန်သနည်းဟူမူကား။ ရှေ့တော်အပြင်၌ရှိသော ဝသုန္ဓရေတွင်း၌ လူအပေါင်းတို့သည် ရေစက်သွန်းချသော်လည်း။ ပြည့်လျှံခြင်းမရှိသည်လည်း အံ့ဘွယ်တပါး၊ မိစ္ဆာဒိဋ္ဌိအယူရှိသော လူတို့သည် ပူဇော်ကန်တော့လျှင်၊ ရောင်ခြည်တော်ခြောက်ပါး မှေးသမ်းခြင်းမရှိသည်လည်း အံ့ဘွယ်တပါး။ ။ မိစ္ဆာဒိဋ္ဌိအယူရှိသော လူတို့သည် အရောင်တော်မထွက်အောင် ပြုပြင်အားထုတ်သော်လည်း ရောင်ခြည်တော်ခြောက်ပါးတို့သည် ပြိုးပြိုးပြက်ပြက်၊ လျှပ်စစ်နွယ်ထွက်သကဲ့သို့၊ အရောင်တော်ထွန်းတောက်ပခြင်းလည်း၊ အံ့ဘွယ်တပါး၊ ။ ရောင်ခြည်တော်ခြောက်ပါးတို့သည်။ နေ့ညဥ့်မသမ်း၊ တောက်ထွန်းနိုင်

ခြင်းလည်း အံ့ဘွယ်တပါး။ ကျေးငှက်တိရစ္ဆာန်တို့သည် ဂန္ဓကုဋိတိုက်တော်ထက်က ပျံ့ဝဲ၍မသွားနိုင်ခြင်းလည်း အံ့ဘွယ်တပါး။ ။ ကိုယ်တော်၏ပမာဏကို တိုင်းတာ၍ပြုသော်လည်း မသိနိုင်ခြင်း၊ တယောက်၏တိုင်းတာခြင်းပမာဏနှင့် တယောက်၏တိုင်းတာခြင်း ပမာဏသည် ညီမျှခြင်းမရှိနိုင်ခြင်းလည်း အံ့ဘွယ်တပါး။ ။ ဂန္ဓကုဋိတိုက်တော်အတွင်း၌ တရာ့တပါးသောလူမျိုးတို့ဝင်သော်လည်း ပြည့်ခြင်းမရှိသည်လည်း အံ့ဘွယ်တပါး။ ။ ဦးဆေးတော်ကန်သည် မိုယ်းရွာ၍ နေပူသော်လည်း၊ ယုတ်လျော့ခြင်း-တိုးခြင်းမရှိသည်လည်း အံ့ဘွယ်တပါး။ ။ဂန္ဓကုဋိတိုက်တော်တွင် ဝန်းရံ၍စိုက်ပျိုးသော သစ်ပင်ဟူသမျှတို့၏ အကိုင်း၊ အခက်၊ အရွက်၊ အညွန့်ဟူသမျှတို့သည် ဂန္ဓကုဋိတိုက်ဘုရားရှိတော်မူရာသို့ ညွတ်ကိုင်း၍ နေခြင်းလည်း၊ အံ့ဘွယ်တပါး။ ဤသို့ ရုပ်ရှင်တော်မဟာမုနိ ကိန်းဝပ်တော်မူသော ဂန္ဓကုဋိတိုက်တော်၌ အံ့ဘွယ်ကိုးပါး ဖြစ်သတည်း။ ဤသို့ အံ့ဘွယ်ကိုးပါးနှင့် ပြည့်စုံခြင်းကြောင့်၊ *စက်ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

ထိုစန္ဒသူရိယမင်းကြီး သက်တော်ငါးဆယ့်ငါးနှစ်ရှိသောအခါ၊ မြေပြင်းစွာ လှုပ်သည်။ ဂြိုဟ်သွားမညီ ဆုတ်တက်နေသည်။ နန်းတော်မှာ ပျားစွဲသည်။ ထိုသို့ တိတ်နိမိတ်သုံးပါး ထင်မြင်ဖြစ်ပေါ်လာသည်ကို။ ပညာရှိအမတ်မျိုး-တောင်ကုတ်စားအမတ် ဓမ္မဇေယျ လျှောက်သည်ကား။ အရှင်မင်းမြတ်။ မြေလှုပ်သောအလို-ဓာတ်လေးပါးအခိုးဖြင့်၊ ဥတုသုံးပါး၌ ခိုက်သောအခါ၊ ကြိမ်လတ်မူ၊ မြေတုန်လှုပ်မြဲ ဖြစ်ပါသည်။ ဂြိုဟ်ဆုတ်တက်ပြုသည်မှာလည်း နက္ခတ်နှစ်ဆယ့်ခုနှစ်လုံး စသောအတွင်းတာရာကြယ်၊ အပြင်တာရာကြယ်တို့သည်၊ နေအားပဋ္ဌာနပြု၍ သွားကြရာ။ နေသည် ဒက္ခိဏာယာဉ်-ဥတ္တရာယာဉ်အသွား၌ လွန်၍သွားသော်၊ လရက်ရပ်၍နေသော်၊ နာရီဗီဇနာ အခရာတို့၌ နက္ခတ်တာရာတို့သည် လကိုယှဉ်လျက် သွားမြဲမပြု မလိုက်နိုင်ရာ။ ထိုသို့ အစိတ်အဖြာကို မသိနိုင်သောသူအား *ဂြိုဟ်သွားဆုတ်တက် သမုတ်လေ၍၊ ပြက္ခဒိန်လာသည့်အမှုသာ။ ပြည့်ရှင်မင်း၌ မည်သို့အပြစ်မရှိပါ။ ။ နန်းတော်မှာ ပျားစွဲသည့်အလို။ ထိုပျားသည် အရည်ကိုထားခဲ့၍ ပျံ့လေသော်၊ ပြည့်ရှင်မင်းကို တိုင်းတစ်ပါးက အထူးထူးသော လက်ဆောင် ပဏ္ဏာ ဆက်သွင်းရောက်ပါလိမ့်မည်။ အိမ်မဘွဲ့ဘဲ ပျံ့သော်လည်းကောင်း၊ အိမ်ဘွဲ့၍ အရည်ကိုစုတ်ယူ၍ပျံ့သော် ငင်းပျားပျံ့သော အရပ်ကို တူရှုခေါင်းဆေးတော်မူရပါမည်။ ယင်းသို့လျှောက်လေသော်၊ သက်တော်ငါးဆယ့်ငါးနှစ်တွင် သကလ အဘိသိက်ကို စန္ဒသူရိယမင်း ခံတော်မူ၍။ ပိုင်တော်မူသော နိုင်ငံအများ၌ စေတီ-ရုပ်ပွား-ရေကန်-ရေတွင်း-တံတား-ဆေကာ-ကျောင်း-ဇရပ်-သက်တော်စေ့ ကောင်းမှုပြုပြီးလျှင်။ တောင်ကုတ်စား ဓမ္မဇေယျအမတ်ကို အဘဝိမလစားသော မင်းတုန်းမြို့ကို ထပ်မံ၍ စားကျေးပေးတော်မူလေသည်။ ရုပ်ရှင်တော် မဟာမြတ်မုနိ၏ ဒါယကာ-မဟာစန္ဒသူရိယမင်းကြီးသည် တိုင်းနိုင်ငံသူ-ပြည်သူသတ္တဝါတို့၏ အကျိုးစီးပွားကို ရွက်ဆောင်အားထုတ်တော်မူလျက်။ အိမ်နိမ့်နှစ်ဆယ့်တစ်နှစ်၊ နန်စည်းစိမ် ငါးဆယ့်နှစ်နှစ်။ နှစ်စုသက်တော် ခုနှစ်ဆယ့်သုံးနှစ်တွင် နတ်ရွာစံတော်မူ၏။

စန္ဒသူရိယမင်း ရုပ်ရှင်တော် မဟာမြတ်မုနိကို ဘုရားရှင်နှင့်တကွ သိကြားဝိသကြုံ စသော နတ်ပြဟ္မာအပေါင်းနှင့် သွန်းလုပ်သည့် အကြောင်းအရာနှင့် စပ်၍၊ မဟာမြတ်မုနိသမိုင်းတွင် ရှိသောစကားကို အတန်ငယ်သွင်းလိုက်ဦးမည်။ သတိချပ်၍ ဘတ်ရွတ်ကြပါ။ ။ ဆိုအပ်ပြီသော ရှေးဝတ္ထုနှင့် အကျယ်ပြသောစကားသည် ရာဇဝင်ကြီးမှလာသော စကား။ ဆိုအပ်လတ္တံ့သော နောက်ထည့်သွင်းလိုက်သော စကားစုသည် သမိုင်း၌လာသော စကား။ ဤသို့ခွဲခြား၍မှတ်ကြပါ။

နှစ်ပါးနေလ၊ ထွန်းပထွန်းလင်းရာ၊ ဗျူပ္ပတ္တိသညာကို အကြောင်းရင်းပြု၍*စန္ဒသူရိယဟု အမည်တွင်သော မင်းတရားသည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ဘခမည်းတော်တို့၏နည်း။ ရာဇဘိသေက ဘိသိက်ကြီးကို၊ လိပ်လည်းမှားယွင်းခြင်းမရှိအောင်၊ ကျနပီပြင်စွာ၊ ခံယူဆောင်နှင်းတော်မူပြီးလျှင်။ မင်းတို့ကျင့်ရာသော ဝတ္တရားနှင့် အညီ။ ထီးစည်ချုပ်အုပ်၍ မင်းလုပ်တော်မူသတည်း။

ထိုအခါ သေဋ္ဌ၊ ဇဋ္ဌ၊ အတုလဓမ္မရာဇ်၊ နတ်လူတို့၏ မကုဋ္ဌသင်းကျစ်။ သမ္မာသမ္ဗုဒ္ဓအစစ်။ ဘုရားဖြစ်ကြောင်းကို။ သွားလာဘူးမြင်။ ထွက်ဝင်လျှုဒါန်းကြသော လူရှင်အများတို့၏ စကားကို၊ စန္ဒသူရိယပြည့်ရှင်မင်းမြတ် ရွှေနားတော်ကြားတော်မူလျှင်၊ ယခင်ဘဝ၊ သံသရာက။ ပုညကုသလာ။ သမ္ဘာရဂ္ဂိ။ ရဲရဲညီသော ဇာတိသမ္ဘာရ။ ထမ္ဘကကုသိုလ်။ ထိုထိုအခါခါ။ ကြုံကြိုက်လာသဖြင့်။ မြတ်စွာသုံးလူ့။ သဗ္ဗညု၏သတင်းစကားကို သန့်သန့်ကြားလျှင်ပင်။ စိတ်ထားမသာ။ ဗျာပါယွင်းယို။ ဖူးလိုသောဆန္ဒ။ အားကြီးလတ်သဖြင့်။ နေ့ညမရွှင်။ ကြောင်းအင်စစ်ဆေး။ ဆွေးနွေးမေးမြန်းတော်မူက။ ထွတ်ရှင်သကျမုနိန္ဒအစစ်။ ဘုရားဖြစ်ကြောင်းကို အမှန်သိတော်မူသဖြင့်။ မင်းဆရာဖြစ်သော ပုရောဟိတ်ပုဏ္ဏားတော် အမတ်ကြီးနှင့်တကွ။ များစွာသော အမတ်ပုဏ္ဏားတို့ကို စည်းဝေးစေ၍ ရှေ့တော်သို့ ခေါ်ငင်။ ဝင်ရောက်ခစားကြစေရာ။ လူတွင်ထင်ရှား။ သဗ္ဗညုမြတ်စွာဘုရားကို ပုဏ္ဏားတို့သွား၍။ ပင့်ချေရမည်ဟု- အမိန့်တော်မြတ်။

ထက်ကြပ်ထုတ်ပြန်တော်မူလျှင်။ မင်းဆရာဖြစ်သော ပုရောဟိတ်ပုဏ္ဏားကြီး လျှောက်ထားသတော်ဦးတင်သည်မှာ။ ။ အရှင်မင်းမြတ်။ မအပ်မရာ။ ဘယ်ခါကာလ။ ဘယ်ဒေသမှ မကြားစဘူး။ ထူးထူးခြားခြား။ သည်စကားကို။ မင်းဖျားယုံတော်မူခွင့် မသင့်ပါ။ အကယ်၍ ဘုရားမြတ်စွာ။ ပွင့်ပြန်ပါလည်း။ ဘယ်ရွာဘယ်ပြည်။ လှည့်လည်ဘွေရှာ။ နေရာမသိ။ ဧကန်ရှိလည်း။ သူ၏ဌာန၊ သူ့ဒေသမှာ။ ရာဇရာဇာ။ မဟာဆွေကောင်း။ မင်းအပေါင်းတို့က။ မျက်စောင်းဒေါသ။ ယမ်းမီးကျသို့၊ ရန်စမဇ။ ခွင့်မပေးသဖြင့်။ အရေးမလှ။ ရှိကြသောအခါ။ ကုသိုလ်မှာနောက်။ ငရဲရောက်မည်ကို။ နှိုင်းထောက်စဉ်းစား၊ သတိတော် ထားပြီးလျှင်။ မင်းတရားကုသလာ။ ဖူးထိုက်မည့်ကံပါက။ မြတ်စွာသုံးလူ။ သဗ္ဗညုလည်း။ အနုအရင့်မရွေး။ တရားတော် ရေဇးကို။ တိုက်ကျွေးမြဲဓမ္မတာ။ ရှင်မင်းမြတ် ပြည်ရွာကို။ ဒေသစာကြွချီမှ။ ကြည်ကြည်ညွတ်နူး၊ လက်စုံပူး၍။ ရှစ်ဦးပန်ဆင်တော်မူပါဘုရားဟု- ပုဏ္ဏားတော်များ လျှောက်ကြားသံတော်ဦးတင်ကြလျှင်။ ဘုရင်စန္ဒသူရိယမင်းလည်း။ ထန်ပြင်းသောအမျက်။ ခြောင်းခြောင်းထွက်၍။ အသက်ကို ချမ်းသာပေးပြီးလျှင်။ ပုဏ္ဏေားမနှင့်တကွ။ မင်းဆရာပုဏ္ဏား အား စည်းစိမ်ဥစ္စာကို နုတ်ထား၍။ တောဖျားသို့ နှင်ထုတ်တော်မူလေ၏။

ထို့နောက် မဟာဆွေတော်မျိုးတော်တို့ကို စည်းဝေးခစားစေ၍။ ဘုရင်မင်းမြတ်၏ဘိုးတော်ဖြစ်သော နရပတိကြီး အား။ ဘုရားကိုပင့်ရန် စီမံစေခိုင်းတော်မူလျှင်။ အထက်လျှောက်ကြားသံတော်ဦးတင်သော ပုရောဟိတ်မင်းဆရာ ပုဏ္ဏားကြီးစကားအတိုင်း မသင့်ကြောင်းကိုဆိုလျှင်။ ကြီးစွာသောအမျက်ထွက်၍။ တောနက်သို့ နှင်ထုတ်ပြန်လေ၏။

ထို့နောက် တောင်နန်းစံမိဖုရားကြီး ကဥ္စနဒေဝီကု ခေါ်တော်မူ၍။ ဘုရားကိုပင့်ရန် အကြောင်းဖြင့် တိုင်ပင် မေးမြန်းတော်မူလျှင်။ အလျင်စကားအတိုင်း။ ငံ့ဆိုင်းမျှော်လင့်၍သာ နေတော်မူပါ။ ပင့်ဘိတ်ခြင်းကို ကြံစည်တော်မမူ ပါနှင့်ဦးဟု လျှောက်တင်လျှင်။ မရွှင်သောနှလုံးရှိလေ၍ တောင်နန်းမ-မဟေသီ-ကဥ္စနဒေဝီ မိဖုရားကြီးအား။ နေပြည်တော်နိုင်ငံမှ နှင်ထုတ်တော်မူပြန်၏။

ထို့နောက် မြောက်နန်းစံမိဖုရား ဥမ္မာရဒေဝီကို ရှေ့တော်သို့ ခေါ်တော်မူပြီးလျှင် ရှေးနည်းအတူ တိုင်ပင်တော် မူလေက။ ဥမ္မာရဒေဝီမိဖုရားသည်။ စဉ်းစားမြော်မြင် ဉာဏ်ပညာရှိသည့်အတိုင်း။ စဉ်းစားဆင်ခြင်ပြန်သည်မှာ။ ပုရောဟိတ်ပုဏ္ဏားပညာရှိ။ ဘိုးတော်နရပတိ စသော တောင်နန်းစံ မိဖုရားကြီးတို့ကဲ့သို့ သံတော်ဦးတင်လျှင်။ ဘုရင်ရွှေ နှလုံးတော် မကြေဇးနိုင်ရာ။ ထင်မြင်သော ဉာဏ်ပညာနှင့်။ ရာဇာလိုလိုက်သဘောကြိုက်ကို။ နှစ်ခြိုက်အောင် သံတော်ဦး တင်တော့မည်ဟု ကြံစည်တိုင်းထွာလျက် သံတော်ဦးတင်သည်မှာ။ ။ အရှင်မင်းမြတ်၊ ဘုန်းတော်သမ္ဘာတော်ရှင် ဖြစ်သည့် အတိုင်း၊ ဖူးမြင်ထိုက်သော ပါရမီတော်နှင့် အညီ။ မဟီမြင့်မိုရ်၊ ထိုထိုသမုဒ္ဒရာ၊ စကြာဝဠာအပ၊ ရှိကဧကန်၊ မြတ်ဗုဒ္ဓ အရဟံကို၊ အမြန်ဖူးခွင့်၊ သင့်မသင့်ကို။ ရွှေဉာဏ်နှင့်စဉ်းစား၍၊ ပညာရှိအမတ်များကို ထင်ရှားမေးမြန်းတော်မူက။ အရှင်အလိုတော်အတိုင်း။ မဆိုင်းနှေ့ည။ ဖူးတွေ့ရမည်မုချ။ ထင်မြင်ပါကြောင်းနှင့်။ မြောက်နန်းတော်မိဖုရား ဥမ္မာရ ဒေဝီသံတော်ဦးတင်လျှင်။ ကြည်လင်ဝမ်းမြောက်တော်မူလှ၍။ မိဖုရားအား အဘိုးအတိုင်းမသိထိုက်သော- ဆုလာဘ် ဘဏ္ဍာတို့ကို ဆောက်နှင်းပေးသနားတော်မူပြီးလျှင်။ မင်းရင်ပြင်အလုံးပြည့်မျှ၊ ပညာရှိ မှူးတော်မတ်တော်တို့ကို၊ စည်းဝေးစေတော်မူ၍။ အစိန္တေယျ သဗ္ဗညုမြတ်စွာဘုရားကို ဖူးတွေ့ရန်။ ဘိတ်မန်ပင့်လျှောက်ခွင့်။ သင့်မသင့်အရေးကို မေးမြန်းတော်မူလျှင်၊ ပညာရှိကဝိကျော်အမတ်တို့ သံတော်ဦးတင်သည်မှာ။ ။ အရှင်မင်းမြတ်၊ မယ်တော်ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူသောအခါ။ ဘခမည်းတော်သည် မယ်တော်အား နေလနှစ်ပါးကို ဆွတ်ခူးပေးသနားတော်မူသည်ဟု အိပ်မက်မြင်တော်မူပါသည်။ ယင်းသို့ အိပ်မက်မြင်တော်မူကြောင်းကို အမတ်တို့အား ပြန်ကြားမေးမြန်းတော်မူလျှင်။ မင်းတုန်းစား ဝိမလအမတ်ကြီး ပြောင်းမြာစားဒေဝကျော်အမတ်ကြီး၊ ထိုအမတ်ပညာရှိနှစ်ဦးတို့ လျှောက်ကြသည်မှာ။ ။ နေကိုဆွတ်ခူးပေးသနားရသည့် အလိုကား၊ နေရောင်ပမာ၊ ဘုန်းအာဏာကြက်သရေ တောက်ထွန်းထိန်လင်းသော သားတော်ရတနာကို ဘွားမြင်ပါလိမ့်မည်။ လကိုဆွတ်ခူးပေးသနားရသည့် အလိုကား။ လရောင်ပမာ ချမ်းဇးစွာလျက်၊ သတ္တဝါတို့၏အထွတ်အထိပ်ဖြစ်တော်မူသော ဘုရားလောင်း ဓမ္မတာ-ဝိဇ္ဇာပွင့်၍၊ အရှင့်သားတော်နှင့် ဖူးတွေ့ရပါလိမ့် မည်ဟု လျှောက်ကြားဘူးသော ထုံးတရပ်အပြင်။ မယ်တော်ဝမ်းမှ။ မီးရှူးမင်္ဂလာဘွားမြင်တော်မူပြီး၍ အမည်တော် ပေးသောအခါ၌လည်း သပိတ်လုံးခန့် ပမာဏရှိသော ကြယ်ဥပါကြီးသည်။ အနောက်အရပ်က ပျံလာ၍၊ နန်းတော် ပြာသာဒ် အထွတ်ထုဝိကာ၌ကျရာ။ အထက်မင်းတုန်းစား ဝိမလပညာရှိ ကဝိအမတ်ကြီးလျှောက်သည်မှာ။ သားတော် မင်းကောင်းမင်းမြတ် လက်ထက်တော်အခါ၌။ ဘုံသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားသခင်သည်။ ကောင်းကင် ခရီးဖြင့် မဇ္ဈိမဒေသမှ မြန်းကြွတော်မူလာခဲ့၍၊ ဤရက္ခပူရတိုင်း-ဓညဝတီမြို့ဝယ်။ တရားဒေသနာ၊ ဝေနေယျာကို၊

ခေမာကမ်းရောက်၊ စခန်းပေါက်အောင်၊ ချီးမြှောက်ကယ်ချွတ်တော်မူပါလိမ့်မည်ဟု လျှောက်ထားသတော်ဦးတင်ဘူး ကြောင်းကို။ ထုံးဟောင်းရာဇဝင်၊ မဟာဝင်လာ၊ စာများတွင် ပါရှိသည့်အတိုင်း။ ယခုအရှင်မင်းမြတ် လောကနတ်သည်။ အမြတ်အထွတ်၊ တမွတ်ခေါင်ဖျား၊ သဗ္ဗညုမြတ်စွာဘုရားကို၊ မုချအား ဖူးတွေ့ရပါမည့်အကြောင်းနှင့် အမတ်ပညာရှိ ကဝိကျော်တို့လျှောက်လျှင်။ ဝမ်းပါးလျှလျှ၊ အလွန်လျှင်အားရတော်မူလှ၍၊ အရာ-အထောင်မက× ရတနာအခွန်အတုတ် ထွက်သော မြို့ကျေးရွာများကို၊ ပညာရှိကဝိကျော်အား ပေးသနားတော်မူလေ၏။

ထိုသို့ ကဝိကျော်အမတ်ကြီး လျှောက်တင်သောအခါ။ စန္ဒသူရိယမင်းတရားသည် နှစ်သက်ယုံကြည်တော်မူရ ကား၊ အချင်းအမတ်ကြီး၊ သုံးလူ့ထွတ်ထား၊ သဗ္ဗညုမြတ်စွာဘုရားကို၊ ငါဖူးတွေ့ရအံ့ဟု သင်လျှောက်ဆိုတိုင်း။ မဆိုင်းမတွ၊ ဖူးမြင်ရအောင်၊ မည်သို့ကြံစည်ပါရအံ့နည်းဟု မေးတော်မူပြန်သော်။ အမတ်ပညာရှိလည်း ဤသို့ နားတော်လျှောက်တင် ၏။ အရှင်မင်းမြတ်၊ တပ်အပ်သေချာ၊ ဖူးမြင်လိုပါလျှင်၊ ရတနာခုနစ်ပါးဖြင့် ပြီးသော ရွှေပြသာဒ်ငါးရာထက်၌။ အစုံ အစုံသောသက်န်းသပိတ် ပရိက္ခရာ၊ ပူဇော်သက္ကာတို့ကိုတင်လျက်။ နေ့စဉ်မပြတ်။ အရှင်မင်းမြတ်နှင့်တကွ။ မိဖုရား မောင်းမ မိသံ ခြွေရံသင်းပင်း၊ မှူးမတ်ဗိုလ်ပုံတသင်းတို့။ ဝပ်စင်းကြည်နူး၊ ဆုထူးပန်ထွာ၊ ကန်တော့ပါက၊ မြတ်စွာ ဗုဒ္ဓ၊ သုံးလူဘနှင့်၊ ဘိဿသဃ်ာ၊ ပေါင်းငါးရာတို့၊ မှန်စွာဆက်ဆက်။ ခုနစ်ရက်နှင့်ပင်၊ ကြွရောက်မည်ထင်ကြောင်းကို၊ ဘုရင်မင်းအား လျှောက်ကြားသံတော်ဦးတင်လျှင်၊ ကြည်လင်သော ရွှေနှလုံးတော်ရှိလတ်၍။ ငါးရာသော ရွှေပြသာဒ် ထက်၌၊ ငါးရာငါးရာသော သက်န်းသပိတ် ပရိက္ခရာအစုံတို့ကို တင်ထားပြင်ဆင်စေလျှက်။ မင်းနှင့်တကွ မိဖုရားမောင်းမ မိသံ၊ ခြွေရံသင်းပင်း၊ မှူးတော်မတ်တော် ပြည်သူပြည်သားအပေါင်းတို့သည် ရွှေပေါက်ပေါက် ငွေပေါက်ပေါက်တို့ကို ကြဲမြှောက်ပူဇော်လျက်။ ထိပ်ထက်လက်မိုး၍၊ ရှိခိုးဝပ်ထွား ဆုတောင်းပတ္ထနာခြင်းအမှုကို၊ ခုနစ်ရက်ပတ်လုံး သဲသဲညံညံ၊ အသံမစဲ၊ ထူးကဲမွန်မြတ်သော ချိုချဉ်ယမကာ အဖျော်ဆွမ်းပန်းတို့နှင့်။ မြတ်စွာဘုရားအား၊ စန္ဒသူရိယမင်းနှင့်တကွ။ ပြည်သူပြည်သားတို့သည် မြော်ငံ့စောင့်စားလျက် နေကြကုန်၏။

နတ်လူတို့ဆရာဖြစ်တော်မူသော ငါတို့မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌၊ သီတင်းသုံးတော်မူသောအခါ။ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့အား၊ ခေမာအမတ၊ နိဗ္ဗာနသို့၊ ရကြစေမူ၊ အာရုံပြု၍၊ ကရုသသမာပတ်ဖြင့် ဝင်စားတော်မူလျှက်။ ကြည့်ရှုဆင်ခြင်တော်မူလျှင်။ ဘုရင်စန္ဒသူရိယမင်း၏အကြောင်းကို မြင်တော် မူ၍၊ ဖလသမာပတ်မှ ထတော်မူပြီးလျှင်၊ ညီတော်အာနန္ဒာကို ခေါ်တော်မူ၍၊ ချစ်သားအာနန္ဒာ၊ ရက္ခပူရဓညဝတီ ပြည့်ရှင်ဘုရင် စန္ဒသူရိယမင်းသည်၊ ငါ့အားဖူးမြင်လိုသော သဒ္ဓါတရား လွန်မင်းစွာထားလျှက်၊ ပြည်သူပြည်သားနှင့် တကွ တောင့်တမြော်ငံ၍နေရာ။ ငါဘုရားမကြွက။ မုချဆက်ဆက် ခန္ဓာပျက်၍၊ အသက်ဆုံးအံ့သည်ကို ငါမြင်တော်မူ သည်။ နက်ဖြန်နံနက်၊ အရုဏ်တက်လျှင်။ ရွှေစက်နှစ်လီ၊ ကြွလှမ်းတော်မူမည်ဟု၊ အမိန့်တော်ရှိလျှင်၊ ညီတော်အာနန္ဒာ မထေမြတ်လည်း၊ ရှေ့တော်မှထွက်ခဲ့၍၊ တပည့်သားသဃ်ာတော်တို့အား၊ စည်းဝေးတိုင်ပင်ပြောကြားပြီးလျှင်၊ အသီးသီး မြတ်စွာဘုရားနောက်တော်၌ လိုက်ရန် စီမံခင်းကျင်းကြလေ၏။

အတုမရှိသော ဘုန်းတော်သခင်၊ ရှင်ပင်ထွတ်ထား မြတ်စွာဘုရားသည်၊ အနာထပိဏ်သူဌေး၊ လုပ်ကျွေးသော ဆွမ်းဘောဇဉ်တို့ကို။ တပည့်သား သဃ်ာတော်နှင့်တကွ၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍၊ သဃ်ာတော်အပေါင်း ငါးရာ ခြံရံလျှက်။ ရွှေထမ်းစင်ထက် စီးတော်မူပြီးလျှင်၊ <u>မဟာသက္ကရာဇ် ၁၁၃-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက်တစ်ချက်တီး ကျော်အချိန်တွင် ကြွလှမ်းတော်မူလေ၏။</u> ထိုသို့ကြွလှမ်းတော်မူရာ နောက်ပါသော သဃ်ာတော်ငါးရာနှင့်။ များစွာသော လူရှင်ရဟန်းတို့သည်။ မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်ကြောင့်၊ တစုံတစ်ခုသော ဘေးဥပါဒ်အန္တရာယ်၊ မတွယ် မကပ်မငြိဘဲ၊ ချမ်းမြေ့သာယာစွာ၊ ထိုနေ့နှစ်ချက်တီးကျော်ခြောက်မောင်းတွင်၊ စန္ဒသူရိယမင်းစံရာ၊ ရက္ခပူရ ဓညဝတီပြည် သို့ ရောက်တော်မူလေ၏။

ဆင်အပေါင်းများစွာတို့ဖြင့် ခြံရံအပ်သော ဆဒ္ဒန်ဆင်မင်းကဲ့သို့လည်းကောင်း၊ ကြယ်နက္ခတ်တာရာတို့ဖြင့် ခြံရံအပ်သော ရွှေလမင်းကဲ့သို့လည်းကောင်း၊ ကိုယ်တော်မြတ်၏ ဘုန်းကြက်သရေတော်ကို၊ စန္ဒသူရိယမင်းနှင့်တကွ၊ ပြည်သူပြည်သားတို့ မြင်ကြလေသော်။ အုတ်အားသဲသဲ၊ ပျားမွဲပိတုန်း၊ လူလုံးရောရှုက်၊ ပရွက်ပလူတို့ကဲ့သို့ တစ်ပြည်လုံး ဆူညံလျက်။ ပန်းနံ့သာပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော်ကြလေ၏။ ထိုအခါ စန္ဒသူရိယမင်းသည်။ မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကို ဖူးမြော်ရလျက်။ မရောင့်ရဲနိုင်သော စိတ်ရှိလတ်၍၊ မြတ်စွာဘုရားခြေတော်အစုံကို ဦးခေါင်းဖြင့် တော့လျက်။ မူးမေ့မိန့်မော၊ သေငယ်ဇေဖြင့်၊ နစ်မျော၍နေရာ။ တန်းခိုးတော်အားဖြင့်၊ သိကြားမင်းသည် လျင်စွာလာလတ် ၍၊ နတ်ရေစင်ဖြင့်၊ မင်း၏ထိပ်ထက်သို့ သွန်းလောင်းမှသတိရ၍၊ မြတ်စွာဘုရားအား ရှိခိုးလျက် နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည်၊ ထိုမင်းအား တရားဟောတော်မူသည်မှာ၊ သင်ဒါယကာမင်းမြတ်၊ ဝေနေယျ သတ္တဝါအပေါင်းတို့သည် လူ၏ဘဝကို ရခဲစွာ၏။ ငါဘုရား၏ သာသနာတော်အတွင်း၌လည်း၊ ကြုံကြိုက်လှခဲ၏။ ထိုသို့ ကြုံကြိုက်ပါသော်လည်း။ ငါဟောတော်မူအပ်သော တရားတော်မြတ်ကိုလည်း အလွန်လျှင် ကြားနာရခဲ၏။ ငါဟောကြားသော တရားဓမ္မကို ကြားနာရသော်လည်း။ ဟောသည့်အတိုင်း ကျင့်ဆောင်နိုင်သောသူကား၊ အလွန်ရှား၏။ ယခုသင်ဒါယကာမင်းကြီးသည်။ ငါနှင့်ကြုံကြိုက်ဖူးမြင်ရသော အခါကောင်းနှင့်ကြုံကြိုက်လာသဖြင့်၊ ငါဟောတော်မူသော တရားကို နှလုံးထား၍ ကြိုးစားအားထုတ်စေလိုကြောင်းနှင့်၊ ဟောကြားတော်မူလျှင်၊ ရက္ခပူရ-ဓညဝတီပြည်ရှင် ဘုရင်စန္ဒ သူရိယမင်းသည်၊ ဖရဏာပီတိ၊ ဝွမ်းဆီထိသို့၊ ပျောင်းအိသော စိတ်နှလုံးရှိလျှက်၊ သဒ္ဓါတရားတိုးတက်၍၊ အသက်မက၊ ကြည်ညိုလှသော၊ လောကထွတ်ထား၊ သဗ္ဗညုမြတ်စွာဘုရားနှင့်တကွ၊ သင်္ဃာတော်ငါးရာတို့ ကိန်းဝပ်မှီတင်းလောက် အောင်၊ သာယာပြေပြစ်သော မြေအပြင်၌။ ရတနာအတိချယ်လှယ် မွမ်းမံအပ်သော ကျောင်းတော်ကြီးကို ဆောက်လုပ် တင်လှူကိုးကွယ်တော်မူသတည်း။

ထိုကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသောအခါ။ ဤကျွန်းဇမ္ဗူဒီပါဝယ်၊ လေးဆယ့်ကိုးယူဇနာအချင်း ရှိသော လမင်းသည်၊ ဥဒည်းကျွန်းက၊ ပေါ်ထွန်းထွက်လာဘိသကဲ့သို့၊ သာသနာတော်ရောင်၊ ထိန်ပြောင်ထွန်းလင်း၊ လမင်းတန္တု၊ သဗ္ဗညုမြတ်စွာဘုရားသည်။ မင်းနှင့်တကွသော ပြည်သူပြည်သားအပေါင်းတို့အား။ တရားရေဇးတိုက်ကျွေး နှိုးဆော်တော်မူသဖြင့်၊ ပြည်သူပြည်သား အပေါင်းတို့သည်။ သီလသီတင်း၊ နေ့ညကျင့်သုံးဆောက်တည်ကြလျက်။ နံနက်အခါ၊ အဖျော်ဆွမ်းပန်း၊ ညချမ်းအခါ၊ ပန်းနံ့သာဆီမီး၊ အသီးသီးလှူဒါန်းလျှက်၊ ဝမ်းပန်းတသာ၊ ဖူးမြင်လာကြကုန်၏။ စန္ဒသူရိယပြည့်ရှင်မင်းလည်း၊ ဘုရားရှင်နှင့်တကွ များစွာသော သင်္ဃာတော်အပေါင်းတို့အား၊ ပစ္စည်းလေးပါးတို့နှင့် ဘိတ်ကြားလှူဒါန်း၍၊ နံနက်အခါ၊ ဆွမ်းအဖျော် ယာဂုစသော ဝတ္ထုတို့နှင့်၊ ဘုရားထံလာ၍ တရားတော်ကိုနာခြင်း။ ညချမ်းအခါ ပန်းနံ့သာ ဆီမီးစသော ဝတ္ထုတို့နှင့် ဘုရားရှင်ထံလာ၍ တရားတော်နာခြင်း ယင်းသို့တစ်နေ့လျှင် သုံးကြိမ် ဆည်းကပ်ပူဇော်၍၊ တရားတော်ကို ကြားနာလျက်။ များစွာသော လူအပေါင်းတို့၊ သောင်းသောင်းညံညံ၊ အသံမစဲ၊ ပူဇော်ပွဲအရပ်ရပ်၊ မပြတ်နေ့စဉ်၊ စည်ပင်သာယာ၊ သဒ္ဓါတိုးတက်ကြောင်းကို၊ ရဟန်းတို့ ပြောဆိုချီးမွမ်းကြရာ၊ မြတ်စွာဘုရားရွှေနားတော် ကြားတော်မူ၍။ ရှင်သာရိပုတ္တရာ-ရှင်မောဂ္ဂလန်စသော လက်ျာ တော်ရံ- လက်ဝဲတော်ရံ- ထေရ်ပုံနှစ်ပါးနှင့်တကွ များစွာသော သင်္ဃာတော် ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍။ ချစ်သားတို့ ဘယ်စကားကို ပြောဆိုချီးမွမ်း ထောမနာပြုကြသနည်းဟု မေးတော်မူလျှင်။ ရဟန်းသင်္ဃာအပေါင်းတို့က။ လက်အုပ်ချီ၍၊ တညီတည်းလျှောက်ကြားကြသည်မှာ၊ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အခြားစကားကို ပြောကြား ချီးမွမ်းကြသည် မဟုတ်ပါ။ ဤရက္ခပူရတိုင်း-ဓညဝတီပြည်ကြီးသည်။ မင်းနှင့်တကွ ပြည်သူပြည်သောင်းအပေါင်းတို့သည်။ သဒ္ဓါတရားပွားများတိုးတက်သဖြင့် နံနက်နေ့ည၊ နေ့ရက်ရှိသမျှ၊ ဤကျောင်းတော်အတွင်းအပ၌၊ များစွာသော ဒါယာကာ, ဒါယိကာမတို့သည် ကြက်ပျံမကျ စည်ပင်လှကြောင်း။ ချီးမွမ်းထောပနာ ပြုကြပါသည်ဘုရားဟု လျှောက်ထား ကြလျှင်၊ မြတ်စွာဘုရားသခင်လည်း၊ ချစ်သားတို့၊ ဤရက္ခပူရ ဓညဝတီပြည်ကြီးသည်။ ငါဘုရားလက်ထက်တော်မှ သဒ္ဓါတရားပွားများတိုးတက်၍ စည်ပင်ပြန့်ပွားသည်မဟုတ်ပေ။ ရှေးနောင်တော် ပေါရာဏဂေါတမဘုရား လက်ထက် တော်အခါ ။ ဤဇမ္ဗူဒီပါတွင်၊ ရက်ရှည်လများ၊ မိုယ်းမရွာ ခေါင်းပါးသဖြင့်။ အစာရေစာ ငတ်မွတ်ကြပါသော်လည်း။ ဤပြည်ရွာ၌ ရေစာဝပြောသဖြင့်။ ရွှင်ကြည်သောသုခနှင့်၊ ဒါန,သီလစသော ကုသိုလ်ပုညကို၊ တစမကြွင်း၊ အားထုတ်ခြင်း ကြောင့်၊ ရှင်ရင်းဘဂဝါ၊ ပေါရာဏမြတ်စွာဘုရားလည်း၊ ဤပြည်ရွာဌာနသည်၊ ဘုရားစသောသူတော်ကောင်းတို့၊ ကိန်းအောင်းမွေ့လျော်ရာ မှန်ပေသည်ဟု အတန်တန်ချီးမွမ်းထောမနာ ပြုဘူးကြောင်းကို၊ ဇာတ်ဟောင်းနှင့်တကွ၊ ပြန်ပြောင်းဟောကြားတော်မူလေ၏။

ထိုသို့ တရားဓမ္မ၊ ဩဝါဒကို နေ့ညမဟူ၊ ဟောတော်မူ၍၊ တစ်နေ့သောနေ့၌၊ တရားတော်၏အဆုံးတွင်၊ စန္ဒသူရိယမင်းအား၊ တကာတော်မင်းမြတ်၊ ဤပြည်၌ ငါဘုရား သီတင်းသုံးသည်မှာ။ သုံးဝါတိတိ ကြာချေပြီ။ ဝေနေယျ အပေါင်းတို့အားလည်း။ ရင်ဝယ်သားကဲ့သို့ သနားကြင်နာတော်မူလေသဖြင့်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ ပါရမီတော် ကို ဖြည့်ဆည်းပူးလျှက်၊ အထူးဝိသေသ၊ အသဒိသအစစ်၊ ဘုရားဖြစ်၍၊ မွန်းနစ်သော သတ္တဝါဝေနေယျာ အပေါင်းတို့ကို။ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ရောက်အောင်၊ ယူဆောင်ကယ်တင်မှ သင့်ပေမည်ဟု- အပြည်ပြည်ဌာနကို၊ ဒေသစာကြွတော်မူရန် အကြောင်းဖြင့်၊ သံညောင်းရွှန်းအိ၊ အမိန့်တော်ရှိလျှင်၊ နွမ်းရိခွေကာ၊ မသာသောစိတ်နှလုံးနှင့်၊ ယူကျုံးမရ၊ သမ္ဗုဒ္ဓ၏။ ပါဒနှစ်ပြင်။ ကြာပလ္လင်ကို၊ ဦးတင်ပွေ့ဘက်လျက်၊ လွန်စွာငိုကြွေး မြည်တမ်းသော စန္ဒသူရိယမင်း

အား။ လောကဓံတရားရှစ်ပါးကို။ ဟောကြားဆုံးမတော်မူ၏။ များစွာသော တိုင်းသားပြည်သူတို့သည်လည်း မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူမည်ဟု ကြားသိကြသောအခါ၊ ကမ္ဘာပျက်အံ့သောအချိန်ကဲ့သို့ တရှိန်တည်း ဟစ်အော်ငိုကျွေးကြလေ၏။ ထိုသို့ ငိုကျွေးသောလူအပေါင်းတို့အား။ တရားဓမ္မဟောပြတော်မူပြီးသောအဆုံး၌၊ စန္ဒသူရိယမင်းသည် ဤသို့နားတော်လျှောက်လေ၏။ ဘုန်းတော်ကြီးလှသော အရှင်မြတ်ဘုရား၊ အရှင်မြတ်ကြွသွားတော်မူပါလျှင်။ တပည့်တော်နှင့်တကွ များစွာသောလူအပေါင်းတို့၊ ညွတ်ပျောင်းကော်ရော်၊ ဖူးမြော်ဆည်းကပ်ကိုးကွယ်ရန်၊ နိမိတ္တကိုယ်စား၊ အရှင်မြတ်ရုပ်ပွားကို။ တည်ထားတော်မူခဲ့ပါမည့်အကြောင်းနှင့်။ လျှောက်တောင်းပန်လေသော်။ မြတ်စွာဘုရားသခင်လည်း။ ရှေးအစဉ် ပွင့်တော်မူပြီးသော နောင်တော်ဘုရားတို့သည်။ ကိုယ်စားဆင်းတုရုပ်ပွား၊ တည်ထားပြဘူးကြောင်းကို မြင်တော်လျှင်။ ဒါယကာမင်းမြတ်၊ ငါ၏ရုပ်ပွားဆင်းတုတော်ကို၊ ကိုးကွယ်ပူဇော်ရန် ထားအပ်၏။ ရှေးနောင်တော်ဘုရားများလည်း ထားတော်မူမြဲ ဓမ္မတာပေတည်း။ သင်ကိုးကွယ်လိုလျှင်။ ငါ၏ရုပ်ပွားတော်မြတ်တည်ထားတော်မူခဲ့အံ့၊ ပြည်ထောင်ချင်းချင်း၊ မင်းများအပေါင်းကိုလည်း၊ ကုသိုလ်ပါဝင်ရန်၊ ဘိတ်မန်နှိုးဆော်စေဟု အမိန့်တော်ရှိလျှင်၊ စန္ဒသူရိယမင်းလည်း၊ သဝန်စာရေးလျှက်၊ အဝေးနေပြည်တော်မင်းတို့အား။ အချင်းချင်းနှိုးဆော်ဘိတ်ကြားစာနှင့်။ သံအမတ်တို့အား အသီးအသီး စေလွှတ်ပြီးလျှင်၊ တဘန်လျှောက်ထားပြန်သည်မှာ၊ ဘုန်းတော်ကြီးလှသောအရှင်ဘုရား။ အရှင်မြတ်ကိုယ်စား ရုပ်တုတော်ကို။ အခြားသောမင်းတို့ အားကိုးရန် သင့်ပါမည်လော့ဟု လျှောက်ကြားပြန်သော်။ တကာတော်မင်းမြတ် ငါ၏ကိုယ်စား ရုပ်ပွားတော်မြတ်ကို၊ အခြားသောမင်းတို့ ကိုးကွယ်ခြင်းငှါ မအပ်ပေ။ သင်မင်းမြတ်သာ ကိုးကွယ်ခြင်းငှါ အပ်ပေသည်။ သင်ဒါယကာမင်းကား ယခုဘဝ၌သာ ကိုးကွယ်ခြင်းငှါ အပ်သည်မဟုတ်သေး။ ရှေးရှေးသောဘဝသံသရာကလည်း၊ ရူပကာယထိုထို၊ ငါ၏ကိုယ်ကို၊ ကြည်ညိုအထူး၊ ကိုးကွယ်ဘူးကြောင်းကို၊ ဟောတော်မူသည်မှာ။ ။ တကာတော်မင်းမြတ်၊ ရှေးအတိတ်အခါ၊ ရွာတစ်ရွာ၌၊ သင်နှင့်ငါ မထင်ရှားသောအမျိုး၌၊ နွားကျောင်းသူငယ် ဖြစ်ကြ၏။ တနေ့သ၌၊ သင်၏နွားကို၊ သူခိုးတို့သည် သတ်စားမည်ဟု ယူဝှက်ထားကြရာ၊ ငါလည်း ဗေဒင်အရာကျွမ်းလေ့လာသော သူငယ်ဖြစ်၍၊ ငိုယိုမြည်ကြွေးလျက် သင်ပြေး၍ ငါ့ထံအမေးလာရာ။ ငါလည်းကျွမ်းကျင်သောအရာဖြစ်၍။ တွက်ချက်စိတ်စိုက်၍ကြည့်ရာ၊ သင်၏နွားသည်၊ အခြားအရပ်သို့ မရောက်သေး။ မည်သည့်ချုံပုတ်ပေါင်းအောက်တွင် ရှိလေ၏ဟု ငါဟောပြောတိုင်း သွား၍ရှာလေလျှင်၊ နွားကို တွေ့မြင်ဖမ်းယူခဲ့၍ ဝမ်းမြောက်ဝမ်းသာ သင်နှင့်ငါမူ။ ဖြစ်ရာဘဝ၊ သံသာရတို့၌၊ တစမကွဲ၊ ဖြစ်ရစေဟု ထွေထွေမစောင်း၊ သင်ဆုတောင်းခြင်းကြောင့်။ အပေါင်းပျော်ရာ။ ရွာတစ်ရွာ၌လည်း။ မကွားမခြား၊ ငါဘုရားလျှင်၊ လုပ်သားများစွာနှင့်၊ လယ်သူကြီး ဖြစ်သတည်း။ ယင်းသို့အခါ၊ သင်ဒါယကာမင်းသည်၊ ငါ၏အိမ်တွင်း၌၊ သူရင်းငှါးစစ်၊ နွားကျောင်းသားဖြစ်၍၊ ကြင်ချစ်ရိုသေ၊ မကွေမကွာ၊ လယ်ယာအနီး၊ ညောင်ပင်ကြီးတစ်ခုတွင်၊ ညဥ့်အိပ်ညဥ့်နေ၊ စာရေးထင်းမီး၊ အပြည့်အစုံနှင့် နေကြရာ။ တစ်နေ့သောနေ့၌၊ ဆောင်ယူပါလာခဲ့သော အစာရေစာတို့ ပြတ်လတ်၍၊ ရွာသို့ငါပြန်ဦးမည်ဟုပြောရာ။ အရှင်နှင့် တစ်နေ့တစ်ရက်၊ တနံနက်မျှ၊ ကျွန်ုပ်ခွဲ၍ မနေလို။ အတူတကွ ရွာသို့လိုက်ပါရစေဟု ခွင့်တောင်းပန်သော်လည်း။ တော၌ လယ်ယာ နွားကျွဲများကို ပစ်၍ အသို့လိုက်ချင်ဘိသနည်း။ သင်နေရစ်ပါဦးလော။ ငါ၏အသွင်တူစွာလုပ်၍၊ ငါထားခဲ့မည်။ ငါ့ကိုလွမ်းဆွတ်က၊ ငါ၏ကိုယ်စားဖြစ်သော၊ ဤရွှံ့ရုပ်ကိုသာ ရှုကြည့်၍ နေရစ်ပါဟု မြေရွှံ့တို့ဖြင့်မွမ်းမံ အပ်သောအရုပ်ကို ပေးအပ်ခဲ့၏။ ငါသွားသောအခါ၊ ထိုအရုပ်ကို ညောင်ပင်ကြီး၏ ခွကြား၌ထား၍၊ လွမ်းဆွတ်လှ သဖြင့်၊ ရှုကြည့်၍မပြတ်နေ၏။ ဤကဲ့သို့ ဘဝများစွာ၊ သံသရာက၊ ပတ္တနာကျွမ်းဝင်၊ ငါ့ရုပ်သွင်ကို၊ ခင်မင်အထူး၊ ကိုးကွယ်ဘူးသောကြောင့်၊ ကြည်နူးဝမ်းသာ၊ ဤအခါ၌လည်း ဒါယကာမင်းမြတ်သာ၊ ကိုးကွယ်ထိုက်သည်။ သိုက်မြိုက် ကောင်းမွန်စွာ၊ သွန်းလုပ်ရန် ရွှေငွေရတနာတို့ကို၊ စုပုံကျိုချက်ဆဲတွင်။ အရပ်ရပ်ပြည်ထောင်ချင်းချင်း၊ မင်းများအပေါင်း တို့ကလည်း၊ မိမိတို့အခြွေအရံ စစ်သည်ဗိုလ်ထုနှင့်၊ လာလတ်၍၊ ရတနာခုနစ်ပါးစသော ရွှေငွေတို့ကို အသီးအသီး စုပုံလာကြကုန်၏။ တာဝတိံသာ-ယာမ စသောနတ်တို့ကလည်း၊ ရတနာခုနစ်ပါးနှင့်တကွ ရွှေငွေအသပြာတို့ကို စုပုံလာကြကုန်၏။ လူမင်းတို့၏ ရွှေငွေရတနာကား တဆယ့်ငါးတင်း။ သိကြားနတ်မင်းတို့၏ ရွှေငွေရတနာကား တင်းပေါင်း ငါးဆယ်၊ နှစ်စုပေါင်း ခြောက်ဆယ့်ငါးတင်း၊ ခြောက်ဆယ့်ငါးတင်းသော ရွှေငွေရတနာတို့ကို လူတို့ကျိုချက်သောအခါ။ မထင်ရှားသောကိုယ်ဖြင့်၊ နတ်နဂါးတို့ အမြီးဖျားနှင့်လာ၍ မွှေကြ၏။ သိကြားဝိသကြုံ စသောနတ်တို့သည် မြတ်စွာ ဘုရား၏ ပုံသဏ္ဌာန်တော်နှင့်တူအောင် ကူညီဝိုင်းဝန်းလာကြ၏။ မြတ်စွာဘုရား၏တန်းခိုးတော် ဘုန်းတော်-အာဏာတော်မြတ်နှင့်။ ဝေပုလ္လတောင်ဝယ်၊ သုံးကမ္ဘာအသက်ရှည်သော၊ စူဠရဋ္ဌနတ်မင်းကြီးသည် လာလတ်၍၊ လူမင်းနတ်မင်း တို့အား ကြီးကြပ်စောင့်မ၍၊ မပြတ်နေလေ၏။ စန္ဒာသူရိယမင်းသည် အလုံးစုံသော ပြည်သူပြည်သား ဆွေတော်မျိုးတော်

မှူးမတ်သေနာပတိတို့နှင့်တကွ ကြီးစွာသော သဘင်ပွဲလမ်းကိုပြုလျှက်၊ ကျွေးမွေးဧည့်ခံလျက် နေလေ၏။ ထိုစူဠရဋ္ဌ နတ်မင်းကြီးရှေ့တွင် အလုံးစုံသော ထီးဆောင်းမင်းအပေါင်းတို့နှင့်၊ သိကြားဝိသကြုံစသော နတ်အပေါင်းတို့သည် ခြောက်ဆယ့်ငါးတင်းသော ရွှေငွေရတနာတို့ကို ကောင်းစွာကျိုချက်၍၊ နေ့တစ်ချက်တီးကျော်၊ နှစ်ဘဝါးတလက်သစ်အခါ တွင်။ မြတ်စွာဘုရား၏ ပုံတော်မြတ်ကို သွန်းလုပ်တည်ထားကြသောအခါ၊ ဦးခေါင်းတော်မြတ်သည် မစေ့-ကွဲနေသဖြင့်၊ စန္ဒသူရိယမင်းနှင့်တကွ၊ အလုံးစုံသော ထီးဆောင်းမင်းအပေါင်းတို့နှင့်၊ သိကြားဝိသကြုံ စသော နတ်မင်း၊ စူဠရဋ္ဌနတ် မင်းကြီးတို့သည် သုံးကြိမ်သုံးခါ သွန်းလုပ်ကြပါသော်လည်း၊ ဦးခေါင်းတော်မြတ်၊ မစေ့စပ်ဘဲ၊ ကွဲနေသောကြောင့်။ ချောမွေ့အောင် မတတ်နိုင်ကြသဖြင့်၊ မြတ်စွာဘုရားထံ လျှောက်ကြားလေသော်။ အစိန္တေယျ သုံးလူ့ဘလည်း၊ မိန့်ဟ မြွက်ချို၊ ဤသို့ဆို၏။ ဒါယကာအပေါင်း၊ သင်မင်းကောင်းတို့၊ အကြောင်းကိစ္စ၊ ဤလုံ့လကြောင့်၊ စိုးနှောင့်ဗျာပါ မရှိလင့်။ ငါဘုရားကြွတော်မူ၍၊ ငါ၏ရင်ငွေ့တော်ကို၊ သွင်းထားလျှင်၊ မုချသင်တို့ အလိုပြည့်စုံအံ့၊ ယခုသွား၍ ရတနာပလ္လင်တော် ကိုသာ၊ စီမံပြုလုပ်ကြ၊ အလျင်ပြီးအောင် စီမံတည်လုပ်ကြဟု၊ မိန့်တော်မူလျှင်။ နတ်မင်းလူမင်းအပေါင်းတို့သည် မြန်စွာလာလတ်၍၊ ရတနာရွှေပလ္လင်ကို၊ အလျင်ပြီးအောင် စီမံတည်လုပ်ကြလေ၏။ မြတ်စွာဘုရားသခင်၏ တန်းခိုး အာနုဘော်ကြောင့်၊ လူနတ်တို့ မကြွချီဘဲ၊ ရုပ်တုတော်မြတ်သည်၊ ပလ္လင်ပေါ်သို့ ဘာသာကြွထိုင်လျက် နေလင့်၏။ သဃ်ာတော်အပေါင်း ခြံရံလျက် ဘုရားကြွလာတော်မူသောအခါ၊ လူနတ်ဗြဟ္မာတို့သည်၊ မကြွမချီဘဲလျက်၊ ဤရုပ်တုတော် မြတ်သည်၊ ပလ္လင်တော်ပေါ်သို့ ကြွနေကြောင်းကို လျှောက်ကြသောအခါ၊ ဘုရားမြတ်စွာသည် ဤသို့မိန့်တော်မူ၏။ ငါဘုရားသည် ပါရမီတော်အလျောက်၊ ဗောဓိပင်နှင့် ရွှေပလ္လင် ပေါ်ပေါက်လာသောအခါ၊ မည်သူမျှ တင်ထားသူမရှိ၊ ဘုရားမြတ်စွာတို့၏ တန်းခိုးတော်မြတ်ကို၊ ချိုးမွမ်းကြံစည်ခြင်းငှါ မတတ်နိုင်ရာသောအကြောင်းကို။ ။

**ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊ ။**

**အစိန္တယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော၊ ။**

ထိုသို့ဟောကြားတော်မူပြီးလျှင်၊ ရင်ငွေ့တော်မြတ်ကို ယူလျှက်၊ ရုပ်ထုတော်၏ဦးခေါင်းတွင်၊ ခုနစ်ခါ ထည့်တော် မူ၏။ ရုပ်တုတော်မြတ်သည် အသက်ဝိညဉ်ရှိသော သဏ္ဍာန်တော်ကဲ့သို့ ရှိခိုးခေါင်းငိုက်၍ခံ၏။

ထို့ကြောင့် ဘုရားကြီးသမိုင်းဟောင်း ဆရာဦးနိုးက။ ။ဘုရားရှင်တော် ကြွပြီးသော်လျှင်၊ ညီတော်မြတ်စွာ၊ မဟာမုနိ၊ ညွတ်ဘိအမှန်၊ ငုံ့၍ခံဟု၊ မြတ်မွန်ဘုန်းတူ၊ မိန့်တော်မူက၊ တူတုံ့ပီပြင်၊ ဝိညဉ်ခင်သို့၊ ဦးတင်သောဟန်၊ ငုံ့၍ ခံက၊ မြတ်မွန်ဇိနော်၊ ရင်ငွေ့တော်ကို ယူတော်မူလျှက်၊ ခုနစ်လက်ခုပ်၊ အဟုတ်ပြည့်ပြည့်၊ ခေါင်း၌ထည့်သော်၊ ထည့်လေ ခေါင်းတော်၊ ပလ္လင်ပေါ်က၊ ကိုယ်တော်ချက်ချင်း။ ရုံးကာဆင်းမှ ဆွတ်သကျ၏။ ပါဒနှစ်ဘော်၊ ဘမိုးတော်၌၊ ကော်ရော် ရိုကျိုး၊ ရှိစုံခိုး၍၊ ဘုရားတပည့်တော်၊ ကြွတော်မူရာ၊ နောက်တော်မှာ၌၊ မကွာတူကွ၊ လိုက်ချင်စွဟု၊ ဦးချတုံမြောက်၊ ပန်ကြားလျှောက်က၊ သမ္ဗုဒ္ဓလည်း၊ မြွက်ဟချိုသာ၊ မိန့်တော်လာ၏။ မဟာမုနိ မည်ရှိတွင်ခေါ်၊ ငါ့ညီတော်လျှင်၊ ငါ့နောက် တွင်၌၊ တူပင်မကွာ။ မလိုက်သာတည့်။ ဤမှာညီချစ်။ ပျော်တုံရစ်၍၊ စင်စစ်မမှား။ ငါ့ကိုယ်စားလျှင်၊ ညီဘွားသက်ဝေ၊ နေရစ်ပေဟု၊ မိန့်လေတုံသော်၊ ဆင်းတုတော်လည်း၊ ကော်ရော်ကျူးကျူး၊ လူနယ်ငိုက၊ ထိုခြင်းဆကို၊ မြင်ကြတုံငြား၊ လူနတ်များတို့၊ မြွက်ကြားပျော်ပျော်၊ သာခုခေါ်မှ၊ အံ့သြကြလျှက်၊ မြေမမျက်နှာ၊ အံ့စရာနှင့်။ ကြောင်းရာခုသော်၊ ညီနောင်တော်လည်း၊ မြွက်ဘော်စကား၊ ဆိုကြငြားသည်၊ ဖြစ်ငြားတထူး၊ မမြင်ဘူးတည်း။ ကျူးကျူးကျော်ကျော်၊ ခုပင်သော် ပေ။ မသေနေ၍၊ မြင်ရတွေ့လည်း။ စေ့စေ့ကြည့်သော်၊ ညီနောင်တော်လည်း။ နှစ်ဘော်ရှုပ၊ တူပေစွဟု ခြီးမျှလူ့ပုံ၊ အံ့သြကုံသည်။ ။ အကုန်လူတို့ ရွှင်မောတည်း။

မြတ်စွာဘုရားကိုယ်တော်တိုင်၊ ယခုလူတို့၏ <u>အတောင်နှင့် ခုနစ်တောင်နှစ်မိုက်ရှိ -မဟာမုနိရုပ်တုတော်မြတ်ကို</u> ရင်ငွေ့တော်ဖြင့် ခုနစ်ကြိမ်သွင်းလျှက်၊ ပြီးစီးအောင်မြင်သောအခါ၊ ဗြဟ္မာနတ်လူအပေါင်းတို့သည်၊ မိမိတို့၏ပြည်မှဖြစ် သော ပန်းနံ့သာအမွှေးအထုံတို့ကို မြေပြင်မဆံ့။ ကြဖြန့်ပူဇော်လျက်၊ ဟစ်အော်ကြွေးကြော်လျက်၊ ကောင်းချီးသာခုခေါ် ကြကုန်၏။ ထိုအခါ ရတနာခုနစ်ပါးမိုဃ်းလည်း ထစ်ကြိုးဖြိုင်ဖြိုင်၊ သုံးကြိမ်တိုင်အောင် ရွာသွန်းကြဖြန်းကုန်၏။ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည်၊ အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်လျှက်၊ ကြီးကျယ်သော အသံဖြင့်၊ တုန်လှုပ်ဟစ်အော်၏။ အရပ်ရှစ်မျက်နှာ၌ရှိသော သစ်ပင်အပေါင်းတို့သည်လည်း၊ မဟာမုနိရုပ်ထုတော် ကို ကိုင်းရှိုင်းလျက်၊ တစ်ပြိုင်နက် သီးပွင့်ကြကုန်၏။ အရပ်ရှစ်မျက်နှာ၌ နေကုန်သော အချင်းချင်း ရန်သူသတ္တဝါတို့ သည်၊ ဝမ်းသာဝမ်းမြောက် တဝမ်းပေါက်သို့၊ ချစ်ခင်စုံမက်ကြကုန်၏။ ရုပ်တုတော်မြတ် သွန်းလုပ်၍၊ ကြွင်းကျန်သော ရတနာခုနစ်ပါး ရွှေငွေများကို၊ မည်ကဲ့သို့ ပြုလုပ်သိမ်းဆည်း ပါရမည်နည်းဟု စန္ဒသူရိယမင်းသည် ဘုရားထံလျှောက်

ကြား၍၊ မြတ်စွာဘုရား အမိန့်တော်မြတ် ရှိသည့်အတိုင်း၊ အချို့ရွှေငွေရတနာတို့ကို၊ ရုပ်ထုတော်မြတ်၏ပလ္လင်တော်၌၊ မြှုပ်ထားလျှက်၊ နတ်နဂါးတို့မပြတ် စောင့်နေစေ၏။ အချို့ရွှေငွေရတနာတို့ကို ရုပ်ထုတော်မြတ်၏ တောင်မျက်နှာ မြေအပြင်၌၊ ဆင်းရဲနွမ်းပါးသောသူတို့ ဖော်ယူသုံးစားစိမ့်သောငှါ မြှုပ်နှံစေ၏။ အချို့ရွှေငွေရတနာတို့ကို ရုပ်တုတော်မြတ်၏ မြောက်မျက်နှာ၌ စုပုံလျက်။ သိကြားမင်းစေတီတည်ထားစေ၏။ ယခုတိုင် ထိုစေတီကို *ဒေဝစေတီတော်ဟု ထင်ပေါ်ကျော်စော၏။ သိကြားမင်းသည်၊ ရုပ်တုတော်မြတ်၏အပါး၌၊ သာယာစွာမြည်သော နတ်စည်မောင်းတစ်ခုကို၊ ဝတ္ထုကံမြေအလို့ငှါ၊ ဆွဲထားလှူဒါန်းခဲ့၏။ ထိုစည်မောင်း တီးခတ်သောအခါ၊ အသံကြားရာသော အရပ်သည်၊ ဘုရား၏ဝတ္ထုကံမြေဖြစ်၍၊ ခပ်သိမ်းသောလူတို့သည်၊ နေခြင်းငှါမအပ်၊ သိကြားမင်းသည် သရဘူမကိုင်၌ရှိသော ပတ္တမြားရတနာကို ချွတ်ယူ၍၊ နောင်ရုပ်တုတော်မြတ် တရားဟောကြားသောအခါတိုင်လျှင်၊ ဤပတ္တမြားသည် ထွန်းလင်းတောက်ပစေသားဟု၊ မိဋ္ဌာန်ပြုလျက်၊ ဦးခေါင်းဆေးကန်တော်၏အတွင်း၌၊ ချထားလှူဒါန်းခဲ့၏။ ထို့အတူ နဂါးမင်းသည်လည်း လက်ဆေးတော်ကန်၏အတွင်း၌၊ ဖလ်မြရတနာကို ချထားလှူဒါန်းခဲ့၏။ ထိုအခါ ညီတော်အာနန္ဒာက၊ ကုရုရာဇ်တိုင်းသို့ ကြွတော်မူခွင့်သင့်ကြောင်းနှင့်၊ လျှောက်ကြားလေသော်၊ ချစ်သားအာနန္ဒာ၊ ဆိုင်းလင့်ဦး။ ငါ့ညီတော်မဟာမုနိအား၊ ဟောကြားဆုံးမခဲ့မည်ဟု၊ မိန့်တော်မူလျှက်၊ ဟောကြားဆုံးမ မှာထားခဲ့သည်မှာ။ ။ ညီပွားမဟာမုနိ၊ နောင်သောအခါ၊ မတရားသောသူများ၍၊ စကားဟောပြောခြင်းငှါ မသင့်ဟုမိန့်တော်မူခဲ့၏။

ထို့ကြောင့် ဘုရားကြီးသမိုင်းဟောင်းဆရာ -ဦးနိုးက။ ။ ဆင်းတုတော်ကို၊ မြွက်ဘော်ချီမြ။ မိန့်တော်ဟ၏။ ထွန်းပတေဇာ၊ မဟာမုနိ။ တွင်ဘိမည်ခေါ်။ ငါ့ညီတော်လျှင်။ မြွက်ဘော်ချီပျား၊ ငါ့စကားကို။ ညီပွားမှန်စွာ၊ နာခံပါလော့။ စန္ဒာသူရိယ။ အစိုးရသည့်။ ဓညဝတီ။ ရခိုင်ပြည်ကား။ လူဆိုးများ၏။ စကားမဟုတ်။ ကြမ်းကြုတ်ခက်ထန်၊ စောင်းမာန်လည်းများ၊ ခိုက်ရန်ပွား၍၊ မုသားစွဲသုံး၊ နှလုံးမဖြောင့်၊ ဖြစ်သောကြောင့်လျှင်၊ စိုးနှောင့်ဒေါသ၊ ငြင်းခုံကြလျှက်၊ ညီလှထံမှောက်၊ မေးပြန်ရောက်က။ မြွက်ဟစကား။ ညီပွားသက်ဝေ။ မဆိုလေနှင့်။ ပြေပြေခြားနား၊ ဆိုနိုင်ငြားက။ စကားဘွယ်ရာ၊ မထောင်းတာတည်း။ သက်ာတွေးဆ။ ဒေါသလွတ်ပိုင်၊ မဖြေနိုင်က။ ဝေမှိုင်မောဟ၊ မာန်မာနနှင့်၊ စိတ်ကမသာ၊ ထိုပုဏ္ဏာကို၊ မဟာမုနိ။ စိစိဆုံးပိုင်၊ မဖြေနိုင်ဟု၊ ဖြီးလှိုင်လူများ၊ စကားမြွက်ဟ၊ ရှုတ်ချလည်းဆို၊ မရိုမသေ။ ကျင့်ကြလေမူ။ ထိုသသူတို့။ လောင်ပူပါပ၊ ငရဲကျလိမ့်၊ ကြောင်းစမယွင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ညီရင်းမြတ်စွာ၊ လူတကာအား။ စကားမပြော၊ မဟောတရား။ ညီဘွားသက်ဝေ၊ တိတ်တိတ်နေဟု။ ။ ထိုရုပ်တုတော်မြတ်အား၊ ဟောကြားမှာထားခဲ့ပြီးလျှင်၊ မြတ်စွာဘုရားလည်း ကြွသွားတော်မူအံ့ဟု-ထတော်မူလျှင်၊ ရုပ်တုတော်လည်း လိုက်မည့်ဟန်ကဲ့သို့၊ ပလ္လင်ထက်ကသက်ဆင်းလေ၏။ မြတ်စွာဘုရားသခင်လည်း၊ ဤသို့မိန့်တော်မူ၏။ ။ ညီတော်မဟာမုနိ၊ စန္ဒသူရိယမင်းနှင့်တကွ၊ ပြည်သူပြည်သား၊ သတ္တဝါများကို၊ ငါ၏ကိုယ်တော်စားပြု၍ ကိုးကွယ်ပူဇော်ခြင်းကို ခံရစ်လော၊ ငါ့ညီ မဟာမုနိအား၊ ရိုသေစွာဆည်းကပ် ကိုးကွယ်သောသူတို့သည်၊ ငါဘုရားကို ရိုသေစွာ ဆည်းကပ်ကိုးကွယ် လှူဒါန်းဘိသကဲ့သို့။ လူ, နတ်, နိဗ္ဗာန်, သုံးတန်သော ချမ်းသာသုခကို ရကြကုန်အံ့။ နောင်သောအခါ၊ ဤဒါယကာ-စန္ဒသူရိယမင်းသည်၊ အရှေ့တခွင်ကို၊ စိုးနင်းပိုင်သ။ နတ်လုံ့ရသော-နရသင်းကျစ်၊ ဇေကရာဇ်ဟု မင်းဖြစ်သောအခါ၊ လာ၍တဖန် ပင့်ယူ၍၊ ဤအခါကဲ့သို့၊ သဒ္ဓါကြည်ဖြူ အလှူဒါန၊ နိစ္စမယွင်း၊ ဆည်းကပ်ခြင်းကြောင့်၊ ခပင်းများစွာ၊ သတ္တဝါဗိုလ်ခြေ၊ ရေမြေပိုင်ခြင်း၊ စကြာမင်းနှင့်တကွ၊ အလင်းရိပ်ဖြူ ပြည်နိဗ္ဗူကို၊ ဆုယူသော့အား၊ ရောက်ကြငြားလိမ့်။ ညီပွားရုပ်ထု၊ သဗ္ဗညုလည်း၊ ယခုထားတော်မူခဲ့သော၊ သာသနာတော် ငါးထောင်ပြည့်မှ၊ ငါ၏နောက်တော်သို့မှီအောင်၊ သင်လိုက်ခဲ့ဟု၊ ဟောကြားမှာထားတော်မူပြီးလျှင်၊ စန္ဒသူရိယမင်းအား၊ ဤငါ၏ရုပ်တုတော်မြတ်သည်၊ ရှစ်ပါးသောအံ့ဘွယ်နှင့်တကွ၊ သာသနာတော် ငါးထောင်ပတ်လုံး၊ တည်ရစ်မည့် အကြောင်းကို ဟောကြားတော်မူခဲ့သော အံ့ဘွယ်ရှစ်ပါးကား။

(၁) တိရစ္ဆာန်ကျေးငှက် သတ္တဝါအပေါင်းတို့သည် ရုပ်တုတော်မြတ်၏ ရွှေပြသာဒ်အပေါ်သို့ လွှားကျော်ခုန်ပျံနားနေခြင်းငှာ မဝံ့ခြင်း။

(၂) ရုပ်တုတော်မြတ်၏ ရွှေမျက်နှာတော်သည်၊ ထွန်းပေါ်ထွက်စသော-လပြည့်ဝန်းသဏ္ဍာန်ကဲ့သို့၊ နေ့ညဉ့်မစဲ။ ရှုမရဲအောင်၊ အမြဲထွန်းလင်းတောက်ပသော ရောင်ခြည်တော်မြတ်ကို၊ စွန့်လွှတ်တော်မူခြင်း။

(၃) မိစ္ဆာယူမှား၊ မတရားကျင့်ကြံသော ဒုသီလပုဂ္ဂိုလ်တို့သည်၊ ထိုရုပ်တုတော်မြတ်ကို၊ ရှုကြည့်ဝင်ဖူးသော်လည်း၊ သောက်ရှုးပမာ၊ ရွှေမျက်နှာသည်၊ ညိုပြာမှောင်လျက်၊ အရောင်တော်မထွက်ခြင်း။

(၄) ရုပ်တုတော်မြတ်၏ သဏ္ဍာန်တော်ကို ပုံယူခါတ်ကူး၍၊ ရေးသားသွန်းလုပ်သော်လည်း၊ ပင်ပန်းကာမျှ၊ ကျနပီပြင်စွာ မကူးမယူနိုင်ခြင်း။

(၅) တရားဆိုင်-အမှုပြိုင်၊ အနိုင်အရှုံး၊ ကျင်းသုံးမှုသား။ ကျိန်ဆိုငြားလည်း၊ ထင်ရှားလက်ငင်း၊ ပျက်ယွင်းထိရောက် စေနိုင်သော တန်ဘိုးတော်ကြီးမားခြင်း၊

(၆) ရဟန်းရှင်လူ၊ ပြည်သူပြည်သား လူအများတို့သည်၊ သဒ္ဓါတရား တိုးပွားတက်ကြွသောကြောင့်။ ကုဋေ သိန်းသောင်း မကသော ရွှေပြားရွှေဆိုင်းတို့ဖြင့်။ နေ့တိုင်းကပ်လှူကြပါသော်လည်း။ ပြေပြစ်သန့်စင် ပြည့်ဖြိုး လွင်သော -ကိုယ်တော်မရှိခြင်း။

(၇) တစ်ဆယ့်နှစ်လ မည်သည့်အခါသမယမဆို။ ညဥ့်ပါနေ့ရော၊ သောသောညံညံ၊ အသံမစဲ၊ ပွဲတော်သဘင်၊ လူရှင်အများ၊ စည်ကားဖူးရောက်သော တန်ခိုးတော်မြတ်ကြီးခြင်း။

(၈) တန်းခူး ကဆုန်စသောသင်္ကြန်အတာ၊ ရေသွန်းခါ၌။ ဝဲယာရှေ့နောက်၊ မိုယ်းပေါက်မိုယ်းသီးမက၊ အိုးကြီးအိုးငယ်တို့ နှင့်ရေသပ္ပါယ်ကြပါသော်လည်း။ ရှေ့တော်ဝယ်အပါး၌၊ ရေမနားမတည်နိုင်သော တန်းခိုးတော်မြတ်ကြီးခြင်း။

(၉) သတ္တဝါအများတို့သည် ဆင်းရဲချမ်းသာ၊ သုခါဒုက္ခ၊ တွေ့ကြုံရမည်မှန်က၊ အရဟံဇိန၊ သုံးလူ့ဘ၏။ နိမ္မိထပွား ရုပ်တုတော်မြတ်ဘုရားသည် ထင်ရှားစွာ တန်းခိုးတော်မြတ် အထူးပြသတော်မူသော ဘုန်းတော်ရှိခြင်း။ ။ (ဟောတော်မူရင်း ရှစ်ပါးအပြင်၊ ယခုမျက်မြင်ကိုထည့်သော် အံ့ဘွယ်ကိုးပါးတည်း။)

ယင်းသို့ကိုးပါးသော အံ့ဘွယ်နှင့် ပြည့်စုံသော ငါ၏ရုပ်ပွားတော်မြတ်ကို ကြည်ညိုရိုသေ လေးမြတ်စွာ ကိုးကွယ် သောသူတို့သည်၊ သက်တော်ထင်ရှား ငါဘုရားကို၊ ကိုးကွယ်လှူဒါန်းရသည်နှင့်အတူ။ ကောင်းကျိုးချမ်းသာကို မုချရလတ္တံ့။ မရိုမသေပြုသောသူတို့သည် ငါဘုရားကို ပြစ်မှားလွန်ကျူးသော ဒေဝဒတ်၊ စိဥ္စမာနနှင့်အတူ၊ အပါယ်လေးပါးသို့ မုချရောက်လတ္တံ့။ ရှေးအတိတ်အခါ၊ နောင်တော်ကောဏဂုံဘုရား ထားတော်မူခဲ့သော ရုပ်ပွားတော်မြတ်ရှိ၏။ ပဥ္စာလရာဇ်ပြည်ကို အစိုးရသော မဟာစူဠရဋ္ဌမင်းသည် ကြည်ညိုရိုသေလေးမြတ်ခြင်းငှါ မပြုဘဲ၊ မကောင်းသော မိစ္ဆာဝါဒစကားဖြင့်။ ဘုရားစင်စစ်မဟုတ်၊ လူတို့ထုလုပ်ကြသော၊ အရုပ်တကားဟု ပြက်ရယ်မှုဖြင့် ဆိုမိ၏။ ထိုမင်းဘဝမှ စုတေမနေ သေလွန်သည်ရှိသော်၊ ဝိဇ္ဈကုဋ္ဋတောင်ထိပ်၌ ကြီးကျယ်စွာသော ကိုယ်နှင့်။ ခံတွင်းမရှိသော။ ပြိတ္တာကြီးဖြစ်၍ နေသောအခါ၊ ငါတို့ဘုရားပွင့်တော်မူမှ တရားဟောပြသဖြင့်၊ ပြိတ္တာဘဝမှ လွတ်လေ၏။ ။ဤသို့ စန္ဒသူရိယမင်းနှင့်တကွ၊ များစွာသောလူနတ်ပြဟ္မာ၊ သတ္တဝါအပေါင်းတို့အား၊ တရားရေဇး၊ တိုက်ကျွေးဆုံးမ၊ ဩဝါဒပေးတော်မူပြီးလျှင်၊ သဃ်ာ တော်အပေါင်း ခြံရံလျက်။ ကုရုရာဇ်တိုင်းသို့ ကြွသွားတော်မူလေ၏။

လူနတ်ပြဟ္မာ၊ သတ္တဝါအပေါင်းတို့သည်၊ မြတ်စွာဘုရားထားတော်မူခဲ့သော ကိုယ်စားတော်စား မဟာမုနိ ရုပ်တုတော်မြတ်အား၊ ပျပ်ဝပ်ညွတ်ကျိုး၊ ရှိခိုးပူဇော်၊ ဘူးမြော်ဝင်ထွက်၊ နံနက်ညနေ၊ ဆွမ်းရေပန်းမီး၊ အသီးသီးအဝဝ၊ လှူဒါန်းကြသောသူတို့သည်။ မြေပြင်ညွတ်အောင်၊ စည်ကားလေ၏။ စန္ဒသူရိယမင်းသည် ကတညုတောင်၌ ရတနာ ခုနစ်ပါး၊ ပြယိုးယားတို့ဖြင့်၊ ချယ်လှယ်စီလုပ်အပ်သော တန်ဆောင်းပြသာဒ်တော်ကို။ မီးတားအရံနှင့်တကွ ကြီးကျယ်စွာ ဆောက်လုပ်ကိုးကွယ်လျက်။ သက်တော်ထင်ရှား၊ သဗ္ဗညုမြတ်စွာဘုရားကဲ့သို့၊ နံနက်အခါ၌၊ နိစ္စဘတ်ဆွမ်းကပ်လှူခြင်း၊ ညဥ့်အခါ၌ ပန်းနံ့သာဆီမီးတို့ဖြင့်၊ နိစ္စပတ်ညိဳထွန်းပူဇော်ခြင်း၊ နန်းတော်မှ မိဖုရားမောင်းမမိဿံ၊ ခြွေရံသင်းပင်းတို့နှင့် တကွ၊ မဟာမုနိရုပ်ပွားတော်ရှိရာ ကျောင်းတော်သို့၊ တစ်နေ့လျှင် သုံးကြိမ်အမှန်ထွက်၍၊ ဖူးမျှော်ကန်တော့ခြင်းကို ပြု၏။ ဤသို့သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင်။ ဓညဝတီပြည့်ရှင်၊ ဘုရင်သူရိယမင်းကို အကြောင်း ပြု၍၊ သာသနာငါးထောင်တည်သမျှ တန်းခိုးအာနုဘော်လုံး၊ ဝေနေယျတို့၏အကျိုးငှါ၊ ကိုယ်စားတော်မြတ်ဖြစ် လည်းကောင်း၊ လောကမုနိရုပ်ပွားတော်ကို သွန်းထားခဲ့၏။

ဘုရားစင်စစ်။ ကိုယ်တော်ဖြစ်က။ အနန္တသတ္တဝါ။ ဝေနေယျာကို။ ရွှေညာအောင်မြို့။ နိဗ္ဗာန်သို့လျှင်၊ ပို့တော်မူခါ၊ တို့သူငါလျှင်။ မပါလွတ်ကင်း။ ရှောင်ခဲ့ကွင်း၍။ အဖျင်းပမာ။ အကာဖောင်းဖောင်း။ ဗူးတောင်းသဏ္ဌာန်၊ လူ့လက်ပန်တို့။ ကျန်ခဲ့တုံရစ်၊ ဝဲတွင်နစ်သော်။ မိတေးကျော်လျှင်။ ကံ့ကော်ပင်၌။ စက်ရှင်ဥပရာဇ်၊ ဘုရားဖြစ်က။ ဝေနေယျကို။ သုခကယ်ဆောင်။ မဂ္ဂင်ဘောင်ဖြင့်။ အောင်လံဝင်းဝင်း။ ရွက်ကြီးခင်းလျက်။ ပွင့်းပြွင်းဆန်တက်။ နိဗ္ဗာန်ဘက်သို့။ ကူးထွက်မသွေ့။ လိုက်လိုပေက။ ရိုသေခံ့ညား။ ငါ့ကိုယ်စားကို။ စိတ်ထားကြည်စွ၊ ကိုးကွယ်ကြဟု၊ လူ့ဘဆရာ။ တို့သူငါကို။ ညှာတော်မူငြား။ ကိုယ်တော်စားဟု။ တိုင်းကားစိုးချာ။ စန္ဒာသူရိယ။ ထိုမင်းလှအား။ ရည်မှတ်သား၍။ စီးပွားနောက် နောင်။ ဖြစ်လေအောင်လျှင်။ လူ့ဘောင်တည်စေ။ ထားခဲ့ ပေသည်။ ခြောက်ထွေရောင်ဖြာ၊ မဟာမုနိ၊ ထွန်းအိလျှံညီး၊ ဘုရားကြီးကို၊ မငြီးစေတနာ။ သဒ္ဓါအဟုန်။ ဖူးပါကုန်လေ့။ သုံးဘုံသခင်။ ရှင်ပင်ပမာ။ ရွှေမျက်နှာလည်း။ သော်တာထွန်းပ။ နေမကတည်း။ တောက်ပအရောင်။ ထိန်ထိန်ပြောင်၏။ မျက်မှောင်တော်ကြား။ မေးဖျားနှာအောက်။

ပေါက်ပေါက်ကျမျှ။ ယိုလုလုတည်း။ ရှုကတင့်တယ်။ သောက်ရှုးကြယ်သို့၊ အံ့ဘွယ်ပင်သာ။ ဖူးသောခါလည်း။ မျက်နှာတော်ကို။ ရှုမျှော်ဝမ်းက။ ကြည့်စမ်းကြလေ့။ ကြွမည့်အလား၊ သွားမည့် အသွင်။ ပြုံးချင်ရယ်ယောင်။ မြတ်ဘုန်းခေါင်မူ။ မျက်မှောင်ရွှင်ရွှင်။ ကြည့်တိုင်းထင်၏။ ကြည်လင်သဒ္ဒါ၊ ဖူးသောခါ လည်း။ စေတနာသုံးပါး။ မပြားညီမျှ။ ဖူးကုန်ကြက။ အမတအောင်မြေ။ ရောက်ကြစေဟု။ ရှာဖွေနှီးနွယ်။ ဇာတ်သွယ်သွယ် မှ။ မကျယ်မကျင်း။ စဉ်းစားဥာဏ်နှင့်၊ ဆင်ခြင်ချ၍။ လင်းဘွင့်သံချို။ စီကုံးဆို၏။ ပုဂ္ဂိုလ်မြတ်ဖျား။ ဘုရားကျေးဇူး။ ခြီးကျူးသိမ်းရုံး။ စင်စင်ကျုံးလည်း။ အဆုံးဘယ်မှာ။ မရှိရာတည်း။ လက်ာဘွဲ့ရေး။ များစွာသေး၏။ ဇဝံအစိန္တိယာ။ ဘယ်မှာနတ္ထိ။ ဆုံးမရှိ၍။ သိရုံပင်သာ။ ရုံးခဲ့မှာသည်။ ။ နားမှာနာ၍ မရဲတည်း။

အမရပူရရွှေပြည်တော်ကြီး၏အနောက်၊ တာနှစ်ထောင်ကျော်ကွာ မုံရွေးကြေးမုံရွာနေ ဗောဓိဒါယကာ။ ပဋ္ဌင်းဘဟု နှစ်မည်တွင်ဘွားတော် စာဆိုတော် ဦးနိုးသည်၊ သက္ကရာဇ် ၁၁၇၃-ခု၊ တော်သလင်းလှူတ် ရက် ဗုဒ္ဓဟူးနေ့၊ နေတချက်တီးကျော် အချိန်တွင် ရေးသားသော သမိုင်းဟောင်းစာတွင် ဤသို့ဆို၏။ ထိုသို့ဆိုသောစာတွင်။ ချုံးသင့်သော နေရာကို ချုံး၍။ ချဲ့ထွင်သင့်သောနေရာများကို ကျမ်းဂန်စာပေအကိုးအကားနှင့် ချဲ့ထွင်ရေးသားခြင်းများသည်။ ဘုရား၏ဂုဏ်တော်ကို ကြည်ညိုဘွယ်ဆိုသဖြင့်။ ပညာရှိသူတော်ကောင်းတို့ နှစ်လိုဝမ်းမြောက်ဘွယ်ရာရှိကြောင်း။ မြတ်စွာ ဘုရား၏ဥာဏ်တော် တန်းခိုးတော်ကိုလည်း။ မည်သူမျှကြံစည် အောက်မေ့ဘွယ်မရှိသင့်။ မရှိထိုက်ကြောင်းကိုလည်း ဝတ္ထုသက်သေနှင့်။ ထင်စွာပြဦးအံ့။ ။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်၍။ ခုနစ်ဝါမြောက်၊ မယ်တော်မိ နတ်သားကို၊ တရားဟောရန်၊ တာဝတိံသာနတ်ရွာ၌ ဝါကပ်တော်မူအံ့ဟု ကြွတော်မူ၍၊ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏ အနီး၌ ရပ်တော်မူသောအခါ။ သိကြားမင်းသည် ဤသို့အကြံဖြစ်၏။ ဘုရားသခင်ကိုယ်တော်မြတ်သည် ငါတို့နတ်ရွာ၊ ဤကျောက်ဖျာထက်၌၊ ဝါကပ်တော်မူလိုဟန်ရှိသည်။ အကယ်၍ စံနေတော်မူခဲ့အံ့။ ဤပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည်၊ ဗုဒ္ဓါသနဘုရားနေရာဖြစ်၍၊ နတ်အများတို့သည်၊ နေဝံ့မည်ကိုထား၍၊ လက်ဖျားနှင့်မှ၊ မထိဝံ့ကုန်ရာ။ မြတ်စွာဘုရား၏ ကိုယ်တော်ကား အလျားယူဇနာခြောက်ဆယ်၊ အနံယူဇနာငါးဆယ်၊ အထုငါးတစ်ဆယ့်ငါးယူဇနာရှိသည်ဖြစ်၍၊ အလွန် ကျယ်ဝန်းသည်။ အနည်းငယ်၌သာ ဘုရားနေသဖြင့်၊ ဤကျောက်ဖြာတစ်ပြင်လုံး၊ အသုံးမကျ အချည်းနှီးဖြစ်တော့မည်။ တောင်ကြီး၏အထက်၌နေသော ငှက်ငယ်ကဲ့သို့ မတင့်တယ်စွတကားဟု သိကြားကြံစည်သောအကြံကို ဘုရားသခင် သိတော်မူ၍၊ ဒုကုဋ်သင်္ကန်းတော်ဖြင့် ကျောက်ဖျာအလုံးကို လွှမ်းဖုံးလျက်စံနေတော်မူ၏။ ဤသို့စံနေသည်ကို သိကြားမင်း မြင်သောအခါမှ၊ ဘုရားသခင်တို့၏တန်းခိုးအာနုဘော်တော်ကား မကြံအပ် မကြံစည်ရာ။ အစိန္တေယျပေတည်းဟု များစွာချီးမွမ်းပူဇော်လေ၏။

ထိုဝတ္ထုသက်သေကို ထောက်မြော်၍၊ ဘုရား၏ဂုဏ်တော် တန်းခိုးတော်ကို ချဲ့ထွင်ရေးသားခြင်းများသည်၊ ဂုဏ်တော်တန်းခိုးတော် မကုန်နိုင်သည်သာဖြစ်၍။ မလွန်နိုင်ချေဟု ထင်မှတ်မိပေသည်။ ။ မြတ်စွာဘုရား၏ ဂုဏ်တော် တန်းခိုးတော်နှင့်စပ်လျဉ်းကလည်းကောင်း။ ဈန်၏တန်ခိုးအာနုဘော်နှင့် စပ်လျဉ်းကလည်းကောင်း။ ကံ၏အကျိုး အာနိသင်နှင့် စပ်လျဉ်းကလည်းကောင်း။ လောကဓာတ်၏ ဖြစ်ပျက်ခြင်းရာနှင့် စပ်လျဉ်းကလည်းကောင်း။ ဤလေးပါး ၏သဘောကို ဟုတ်လော-မဟုတ်လောဟု တွေးတောဒွိဟ မရှိရာ၊ တွေးတောဒွိဟကြံစည်ကလည်း မုချလူထူး၊ သူရူးအစစ် ဖြစ်ကြောင်းကို။

စတ္တာရိမာနိဘိက္ခဝေ အစိန္တေယျာနိနစိန္တေတဗ္ဗာနိ။ ကတမာနိစတ္တာရိ၊ ဗုဒ္ဓဝိသယောနိစန္တေတဗ္ဗော။ ဈာနဝိသယောနစိန္တေတဗ္ဗော၊ ကမ္မဝိပါကောနစိန္တေတဗ္ဗော၊ လောကသဏ္ဍာဟနော နစိန္တေတဗ္ဗော။ ယာနိစိန္တေန္တော ဥမ္မာဒဿဝိဃာတဿဘာဂီအဿ။ ။ ဟူ၍ စတုက္ကင်္ဂုတ္တရပါဠိတော်၌ ဟောတော်မူသည်။ ။

အနက်ကား။ ။ ဘိက္ခဝေ၊ ရဟန်းတို့၊ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိအစိန္တေယျာနိ၊ မကြံစည်အပ်သော ဤတရားတို့ကို။ နစိန္တေတဗ္ဗာနိ၊ မကြံစည်အပ်ကုန်။ စတ္တာရိ၊ လေးပါးကုန်သော မကြံစည်အပ်သော တရားတို့ဟူသည်၊ ကတမာနိ၊ အဘယ်သည်တို့နည်း၊ (တနည်းကား) ကတမာနိစတ္တာရိ၊ အဘယ်တရားလေးပါးတို့နည်း။ ဗုဒ္ဓဝိသယော၊ ဘုရားရှင်၏အရာဖြစ်သောတရားကို။ နစိန္တေတဗ္ဗော၊ မကြံစည်အပ်။ ဈာနဝိသယော၊ ဘုရားရှင်၏အရာဖြစ်သော တရားကို၊ နစိန္တေတဗ္ဗော၊ မကြံစည်အပ်။ ဈာနဝိသယော၊ ဈာန်အဘိညာဉ်၏ အာနိသင်အရာဖြစ်သောတရားကို။ နစိန္တေတဗ္ဗော၊ မကြံစည်အပ်။ ကမ္မဝိပါကော၊ ကံအကျိုးကြောင့်ဖြစ်သောတရားကို၊ နစိန္တေတဗ္ဗော၊ မကြံစည်အပ်။ လောကသဏ္ဍာဟနော၊ လောကဓာတ်၏ဖြစ်ပျက်-တည်ဟန်-မှန်မမှန်ဟူသောတရားကို။ နစိန္တေတဗ္ဗော၊ မကြံစည်အပ်။ ယာနိအစိန္တေယျာနိ၊ အကြင်လေးပါးကုန်သော-မကြံစည်အပ်သော တရားတို့ကို။ စိန္တေန္တော၊ ကြံစည်သောသူသည်။

ဥမ္မာဒသ၊ ရူးသွပ်ခြင်း၏။ ဝိဃာတသ၊ ကိုယ်စိတ်မချမ်း-နှမ်းသွမ်းရခြင်း၏။ ဘာဂီ အကြောင်းအဖို့ရှိသည်။ အဿဘဝေယျ၊ ဖြစ်ရာ၏။

ဤသို့ကျမ်းဂန်လာသောကြောင့်၊ ဘုရားရှင်၏တန်းခိုးတော် ဂုဏ်တော်မြတ်များသည်။ မည်ကဲ့သို့ပင် ကြီးကျယ်သည်ဟု ဆိုသော်လည်း အပြစ်မရှိရာ။ သို့သော်လည်း၊ ဌာနာဌာနကိုလိုက်၍ ချီးမွမ်းပြောဆိုရမည်။ အဌာန-အရာမဟုတ်သည်၌၊ ရှင်သီလဝံသမထေရ်မြတ်စပ်ဆိုသောအရာကို၊ ဆရာဖြစ်သော နတ်မှီးပုဂ္ဂိုလ်က ပြင်ဆင်တော်မူကြောင်းကား။

ရှင်သီလဝံသထေရ်မြတ်သည်၊ ပါရမီတော်ခန်းအစ၌။ ။(ဗောဓိမဏ္ဍိုင်။ ခန်းဝါပိုင်က။ ချက်ရိုင်ပြည့်စုံ။ သဗ္ဗဂုဏ်တည်း။ ဆန်စုန်အောက်ထက်။ ကျော်ဝှန်တက်သား)ဟူ၍ စပ်ဆိုတော်မူရင်းကို။ ဆရာတော်နတ်မှီးပုဂ္ဂိုလ်ကျော်က၊ မြတ်စွာဘုရားသည်၊ ဗောဓိမဏ္ဍိုင်၌ အလုံးစုံသောဂုဏ်နှင့် မပြည့်စုံသေး။ ကိုးပါးသော ဂုဏ်နှင့်သာ။ ပြည့်စုံကြောင်းကို နတ်ပြဟ္မာတို့ ချီးမွမ်းကြသည်။ တရားဟောသောအခါမှ၊ ဝါစာ-အစိန္တေယျဂုဏ်။ တန်းခိုးတော်ပြသောအခါမှ။ ဣဒ္ဓိ-အစိန္တေယျဂုဏ်တို့ကို ရသည်။ ထို့ကြောင့် ငါ့သျှင်စကားလွန်သည်။ နဝဂုဏ်သာ စပ်ဆိုရမည်ဟု နည်းပေးသောကြောင့်။ ရှင်သီလဝံသမထေရ်မြတ်သည်။ (ချက်ရိုင်ပြည့်စုံ။ နဝဂုဏ်တည်းဟု)ပါရမီ ပျို့လင်္ကာကို ပြင်ဆင်တော်မူရ၏။ ထို့ကြောင့် ရတနာသုံးပါးကို ကြည်ညိုရိုသေကြသောအရာ၌-(လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိဟု) ဇာဂရာဘိဇဇတိပိဋကဓရ အတုလ မဟာဓမ္မရာဇာဓိရာဇာဂုရု-တံဆိပ်နာမံတော်ရှိသော ဘုရားကြီးဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူဘူး၏။ အရပ်ရပ်စကားစုကို ပညာဉာဏ်နှင့် နှိုင်းညှိဆင်ခြင်၍၊ အသင့်ယုတ္တိရှိရာကို မှတ်ယူကြကုန်။

ဤသည်ကား ဦးနိုးစီရင်သော မဟာမြတ်မုနိသမိုင်း အထွက်တည်း။

(ပညာရှိအပေါင်းတို့သည်။ ၎င်းသမိုင်း စာတမ်း၌ပါသော စကားအရပ်ရပ်သည်။ အပေါ် အလွှင်များစွာရှိသော်လည်း။ ကဲ့ရဲ့ခြင်းအမှုကို လျစ်လျူရှု၍၊ ဗဟုသုတများစေခြင်းငှါသာ ထည့်လိုက်သည်ဟု မှတ်ယူတော်မူကြပါစေသတည်း)

ထိုစန္ဒသူရိယမင်း လွန်တော်မူလေလျှင်။ စန္ဒမာလာမိဖုရားကြီး၌ ဘွားမြင်သော <u>သူရိယာဓိပတိ</u>မင်းသားသည်။ သူရိယရံသီမင်းသမီးနှင့် မောင်နှမချင်း ဘိသိက်ခံ၍ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုသူရိယဓိပတိမင်းသည် ဘုန်းတန်းခိုးအာနုဘော် အလွန်ကြီးသောကြောင့်၊ ငါစီးသော ဆင်ဖြူရတနာတို့သည် ဆိုက်ရောက်လာကုန်၏။ ခမည်းတော်စန္ဒသူရိယမင်း၏ ကျင့်ထုံးကျင့်နည်းကို အမှီလက်သုံးပြု၍ ကျင့်တော်မူသောကြောင့်။ ပြည်ရွာတိုင်းကားတို့သည် အလွန်လျှင်စည်ပင်ပြန့်ပွား သာယာငြိမ်းချမ်း၏။ အမတ်လေးသိန်း လေးထောင်မျှရှိကုန်၏။ စစ်အင်္ဂါလေးပါးတို့သည် စည်ပင်ပြန့်ပွားသောကြောင့်။ ခပ်သိမ်းသော ပြည်ထောင်ချင်းမင်းတို့သည် ရန်တုံ့မထောင်ဝံ့ကြဘဲ။ အမြဲပင်လျှင် အတုတ်အခွန်လက်ဆောင်၊ ပဏ္ဏာတော်များကို ဆက်သလာကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရား၏ ကိုယ်စားတော်ဖြစ်သော မဟာမုနိဘုရားကိုလည်း၊ ခမည်းတော်မင်းကြီး ရှိတော်မူသည့်အလား။ ဝပ်တွားရိုသေစွာ။ အလွန်မြတ်နိုးတနာ ဆည်းကပ်ပါတော်မူ၏။ ဒါန-သီလ စသည် အပြားကုသိုလ်ဆယ်ပါး၌၊ အလွန်အကဲအားဖြင့် အလိုတော်ရှိ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်ကိုးနှစ်၊ နန်းစည်းစိမ် လေးဆယ့်ခုနစ်နှစ်၊ နှစ်စုသက်တော် ခုနစ်ဆယ့်ခြောက်နှစ်တွင် နတ်ရွာစံတော်မူလေ၏။ (ဤသို့ ဆိုအပ်ခဲ့ပြီးသော သူရိယာဓိပတိမင်းမှစ၍ သူရိယကုဌမင်းတိုင်အောင်။ နှစ်ဆယ့်နှစ်ဆက်သောမင်းတို့၏ အိမ်နိမ့်စံ၊ နန်းစံ၊ အသက်အပိုင်းအခြားကို အကျယ်မဆိုပြီ။ အကျဉ်းပြမင်းစဉ် နာမည်များကို ဂဏန်းပုံပြင်မှာကြည့်၍မှတ်လေ။ ထိုမင်းတို့လက်ထက်၌ မှတ်သားရန် အဓိပ္ပါယ်အထူးမရှိ၍ အကျယ်မရေးသားလိုက်ပေသည်)။

ထိုနှစ်ဆယ့်နှစ်ဆက်သောမင်းတို့တွင် <u>သူရိယကုဌမင်းကြီး နတ်ရွာစံတော်မူလေလျှင်။ သားတော်သူရိယကေတုမင်းသည်</u> သုသီလသမာဟူသော တူမတော်ရင်းနှင့်၊ အသက်ခုနစ်နှစ်အရွယ်ကပင်၊ ရတနာပုံထက်၌ အဘိသိက်ခံလျက်၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ လောကီ-ယသဖြင့် ပျော်စံတော်မူ၏။ ထိုမင်းကြီး၌ မောင်းမ တစ်သောင်းနှစ်ထောင်ရှိ၏။ သူရဲပေါင်း-နွားလားသင်းစု-ခုနစ်ကောင် အမွေးရှိ၏။ တိုင်းကားနိုင်ငံလည်း၊ အလွန်လျှင်ပြန့်ပွားစည်ပင်စွာဖြစ်၏။ မြဲမြံသော အလျူသီတင်းစွန့်ကြခြင်းလည်း ရှိ၏။ ရုပ်ရှင်တော်မြတ်ဖြစ်သော မဟာမုနိဘုရားကို၊ ရှေးဘေးတော်တို့ကဲ့သို့ အလွန်ရိုသေလေးမြတ်စွာ ဆည်းကပ်တော်မူ၏။ ထိုမင်းလက်ထက်၌၊ သားယောကျ်ားမရှိ၍၊ သားဆုတောင်းကြလေသော်၊ ငှက်လင်းတတစ်ခုသည်၊ သားတစ်ကိုချီ၍ နန်းတော်တွင် နားလာသည်။ ထိုတိတ်နမိတ်ကို ပြည့်ရှင်မင်းကြီးမေးတော်မူရာ၊ ပညာရှိအမျိုးစဉ်ဆက်လာခဲ့သော သောင်းတီးစား ဥတ္တမသီရိကျော်လျှောက်သည်ကား။ အရှင်မင်းမြတ်။ ငှက်အမျိုးတွင် လင်းတငှက်သည်၊ အသက်ရှိသော သတ္တဝါတို့၌၊ အသက်ကုန်မှစားပါသည်။ ငှက်သူတော်မျိုး ဖြစ်ပါသည်။ မိမိတို့သွားရာသို့လည်း အစာကိုချီယူ ပျံသွားရိုးမရှိ။ မိဘတို့စားခဲ့သော အာဟာရနှင့်သာ ကြီးမြင့်အောင် ကျွေးမွေးပါ

သည်။ ထိုငှက်မျိုးသားတစ်ကို ချီယူလျက်။ နန်းတော်မှာနား၍ သားတစ်ကို ချထားခဲ့သည့်အလို။ ဘုန်းပညာကြက်သရေနှင့် ပြည့်စုံတော်မူသော သားတော်ကို အရှင်မိဖုရား ဘွားမြင်တော်မူပါလိမ့်မည် လျှောက်လေသော်။ ပြည့်ရှင်မင်းက၊ အဘိုးအနဂ္ဃထိုက်သော ပတ္တမြားလက်စွပ်တစ်ကွင်း ဆုပေးတော်မူ၏။ ထိုမင်း၏ သုသီလသမာမည်သော မိဖုရားကြီး၏ ဝမ်း၌ ပဋိသန္ဓေရှိလတ်၍ ဘွားမြင်သောအခါ၌ ဥက္ကာပျံခြင်း၊ မြေအားကြီးစွာ တုန်လှုပ်ခြင်းတို့ဖြင့် အံ့ဘွယ်သူရဲသော တန်းခိုးနိမိတ်တို့သည် ထင်ကုန်သောကြောင့်၊ ထိုမင်းသားကို မဟာသူရိယတိုင်း-စန္ဒရားဟု မှည့်ကြကုန်၏။ ထိုမင်းသားသည် ဘွားမြင်၍ ငါးနှစ်မြောက်လျှင်၊ အဘမင်းကြီးသည် သားတော်အား အိမ်ရှေ့နှင်းတော်မူ၏။ အသက်ခုနစ်နှစ်အရွယ်ရောက်လျှင်။ အရီးတော်ရင်းသမီးဖြစ်သော သုပဘာဒေဝီနှင့် ထိမ်းမြား၏။ အဘဖြစ်သော သူရိယကေတုမင်းကြီးသည် ။ အိမ်နိမ့်လေးဆယ့်နှစ်နှစ်။ နန်းစည်းစိမ် လေးဆဲ့နှစ်နှစ်။ နှစ်စုသက်တော် ရှစ်ဆယ့်လေးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

-------***------

## ၁၁–မဟာတိုင်းစန္ဒရားမင်းအစ၊ စူဠတိုင်းစန္ဒရားမင်းအဆုံး။ စန္ဒရားမင်းကိုးဆက်–ထိုမင်းတို့လက်ထက်၌၊ လက်နက်စကြာ အရိန္ဒမာလှံပျံကို သိကြားမင်း ဆက်သတော်မူခြင်း၊ ရတနာမှိုယ်းရွာခြင်း စသော အဋ္ဌုပ္ပတ္တိကို အကျယ်ပြခြင်း။

ထိုမင်းကြီးလွန်တော်မူလေလျှင်၊ သားတော်မဟာသူရိယတိုင်းစန္ဒရားမင်းသားသည်။ သက်တော်နှစ်ဆယ့်တစ်နှစ်တွင် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမဟာသူရိယတိုင်း-စန္ဒရားမင်းသားသည်၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူ၍၊ နှစ်မလည်ခင်လျှင် ဆင်ဖြူရတနာနှင့်၊ သုပဘာဒေဝီမိဖုရားတို့သည်၊ သေလွန်ခဲ့ကုန်၏။ ပုဏ္ဏားတော်တို့အား ထိုအကြောင်းကို မေးတော်မူလတ်သော်။ ဓညဝတီမြို့ကြီးသည်၊ ကိန်းခန်းကုန်ခဲ့သောအဖြစ်ကို လျှောက်ကြားလေသော်။ ထိုဓညဝတီမြို့မှ ခွာခဲ့၍၊ စစ်အင်္ဂါလေးပါးတို့ဖြင့်၊ ခြံရံလျက်၊ အစဉ်အတိုင်း ချီကြွလေပြီးသော်၊ သက္ကရာဇ် ၁၅၁ ခု၊ တန်းဆောင်မုန်းလအခါ၊ ကန်သုံးဆင့်မြို့ကို တည်လေ၏။ ထိုမြို့သည် အရာမသင့်လေ၍၊ ခုနစ်လအတွင်းဝယ်၊ အမတ်ဗိုလ်ပါ ဆင်မြင်းတို့သည်၊ သုံးသိန်းမက သေပျောက်လေသောကြောင့်၊ ပညာရှိတို့နှင့်တိုင်ပင်လျှက်။ မြေ၏ သဏ္ဌာန်ကိုတူးဖော်၍ ကြည့်လတ်သော်။ ခုနစ်တောင်မျှလောက် အစောက်ရှိသောမြေ၏ အောက်၌။ ချိပ်ရည်အဆင်းကဲ့သို့ ချင်းချင်းနီတွတ်စွာသော မြေကြီးတစ်ခုသည်၊ နဂါး၏သဏ္ဌာန်ဖြင့် ကောင်းကင်သို့မျှော်၍နေဟန်ကို မြင်ကြကုန်သော်။ လူအပေါင်းတို့သည် ဩော် အံ့ဘွယ်သူရဲကြီးပါတကားဟု-ဆိုကြသည်ကို။ *အံ့ကြီးဟု ယနေ့တိုင်အောင် ခေါ်စမှတ်ပြုကြကုန်၏။ ထိုအရပ်မှခွာခဲ့၍ ကစ္ဆပနဒီမြစ်ကို စုန်ဆင်းလတ်၍။ ရန္တဝတီမြစ်၏ အညာဖြစ်သော သေလာနဒီချောင်းနားဝယ်၊ ဝေသာလီမည်သော ကျောက်လှေကားမြို့ဟောင်းနေရာကို နင်းလေသော်။ သိကြားမင်းသည် ပြည်ဟန်ဘန်ဆင်း၍ပြလေလျှင်။ ထိုနေရာအရပ်၌ သက္ကရာဇ် ၁၅၂-ခု၊ ကဆုန်လတွင် ဝေသာလီမည်သောမြို့ကို တည်တော်မူလေ၏။ မြို့အတွင်း၌ ကန်ကြီးကို တူးဖော်သောအခါ၊ ထွက်သောရေကို နဂါးချုပ်လေ၍၊ ထန်းခုနစ်ဆင့်နက်အောင် တူးပြီးမှကောင်းသော ရေအယဉ်သည် ဝှန်တက်လေ၏။ ဤသို့စီရင်၍၊ မြို့နန်းပြသာဒ် ရေကန်ကြီးသည် ခုနစ်လတွင် ပြီးမြောက်လေ၏။ ထိုမဟာတိုင်း စန္ဒရားမင်းသည် အိမ်ရှေ့မင်းဖြစ်စဉ်အခါကပင်။ မဟာမြတ်မုနိသိမ်တော်ကြီးကို ဖျက်၍ဆောက်တော်မူ၏။ ထိုသိမ်တော် မပြီးမီပင်၊ မင်းအဖြစ်သို့ ရောက်တော်မူ၏။ မိမိပြုလုပ်ခဲ့သော သိမ်တော်ကို ဖျက်၍၊ တဖန်ဆောက်လုပ်ပြန်၏။ ပလ္လင်တော်ကို ပြုလုပ်သောအခါ၊ မဟာမြတ်မုနိဘုရားကို တခုတ်ကြိုးဖြင့် မြှင့်၍ထား၏။ ပလ္လင်တော်ပြီး၍ တမုတ်ကြိုးကို လျှော့လေသော်၊ မကျနိုင်ဘဲရှိလေလျှင်။ မင်းကြီးလည်း ကြောင့်ကြတော်မူ၏။ ညအခါ စက်တော်ခေါ်ရာ၌၊ သိကြားမင်းကိုယ်တိုင်လာ၍ ဘယ်အရာကိုမျှ ကြောင့်ကြတော်မမူပါနှင့်။ ပလ္လင်တော်သို့ မကျသည်မှာ အခါမရောက်ပါသောကြောင့်၊ မကျပဲနေသည်သာ။ ရှေ့အင်္ဂါနေ့တွင် ကျပါလိမ့်မည်။ အရိန္ဒမာလှံစကြာကိုလည်း၊ အပ်နှင်းလာပါလိမ့်မည်ဟု ပြောကြားပေ၏။ သိကြားဆိုတိုင်း အင်္ဂါနေ့တွင် မဟာမုနိဘုရားသည် ပလ္လင်ထက်ဝယ် အလိုလိုကျတော်မူလာ၏။ မင်းကြီးလည်း ဥပုသ်သီလသုံး၍နေ၏။

ထိုနေ့မွန်းလွဲအချိန်တွင်။ မိန်းမတစ်ယောက်သည် မင်းကြီးကို ကျော်နင်း၍ လှံတစ်စင်းကို ကိုင်လျှက်။ ဂူဝသို့ ဝင်၍ လှံပျံကို မဟာမုနိပလ္လင်တော်အပေါ်တွင် ထားခဲ့၏။ ထိုမိန်းမကို မင်းချင်းတို့လိုက်၍ ဘမ်းသော်၊ ပျောက်ကွယ်

ခဲ့၏။ မင်းကြီးလည်း ထိုအကြောင်းကို မသိသောကြောင့်။ မဟာမုနိ ဂန္ဓကုဋီတွင်းသို့ ဝင်လေသော်။ တစ်ပြိုင်နက် မိုက်၍ လေးရက်တိုင်တိုင်ရှိမှ အလင်းကို မြင်ရလေ၏။ လှံပုံ့ကိုလည်း မင်းကြီးရလေ၏။ ထိုလှံပုံ့သည် အရိုးသုံးတောင်ရှိ၏။ အရွက်လက် သုံးမိုက်ရှိ၏။ ထိုအရိန္ဒမာလှံပုံ့ကို ရလေလျှင်။ မင်းကြီးလည်း ဝေသာလီမြို့တော်သို့ ပြန်လေ၏။ တန်ဆောင်မုန်းလပြည့်ကျော်ငါးရက် တနင်္ဂနွေနေ့ အဘိသိက်ခံ၍။ ထိုနေ့မိုးမသောက်မီ၊ ရတနာငွေမိုယ်းရွာ၏။ ထိုအခါ လူအပေါင်းတို့သည် မင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးလည်း မှုန်းမစည်းဟူသော ဆင်တော်ကို စီးလျက် ကြည့်တော်မူ၏။ ထိုရတနာတို့ကို မြင်တော်မူလေလျှင်၊ အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍၊ လူသုံးယောက်ရွက်သော ဥစ္စာရတနာကို။ မဟာမုနိဘုရားမှာ တင်လှူစေဟု-အမိန့်ပေးတော်မူ၏။ မင်းကြီးသည်ကား၊ ထိုရတနာတို့ကို တိုက်ပေါင်း နှစ်ဆယ်နှင့် ဆောက်၍ထား၏။ ကြွင်းသောဥစ္စာတို့ကိုကား၊ ပြည်သူတို့အား ယူစေ၏။ မရေတွက်နိုင်သော ဥစ္စာရတနာတို့ကို ရကြလေကုန်၏။ လှံပုံ့ရသောအခါ၊ ရတနာမိုယ်းရွာသောအခါသည်။ မင်းကြီးသက်တော်နှစ်ဆယ့်နှစ်နှစ်ရှိ၏။ ပြည်ထောင်ချင်းမင်းတို့သည်။ အရိန္ဒမာလှံပုံ့ရသည်နှင့် ရတနာမိုယ်းရွာသည်ဟု ကြားလေ၏။ မင်းစေတမန်လွှတ်၍ စူးစမ်းလာကုန်၏။ ထိုမင်းစေတမန်တို့အား၊ ရတနာတို့ကိုထုတ်၍ ပေးဆက်လိုက်၏။ အရိန္ဒမာလှံပုံ့နှင့် မှုန်းမစည်ဟူသော ဆင်ဖြူတော်ကို ထုတ်၍ပြလိုက်၏။ မင်းကြီးပေးသော ရတနာတို့ကို ယူ၍၊ မိမိအရှင်အား ဆက်ကြလေ၏။ ပြည်ထောင်ဘက်မင်းတို့သည်လည်း ဝမ်းသာအားရ ရှိကြကုန်၏။ ငါတို့မင်းများထက် ဘုန်းတန်းခိုးအာဏာများစွာ ထက်သန်ပေကုန်၏ဟူ၍၊ သမီးကညာ ရတနာဆင်မြင်းတို့ကို၊ ဆက်လာကြကုန်၏။ ထိုမဟာသူရိယတိုင်း-စန္ဒရားမင်းကြီး၌ သားတော်သူရိယတိုင်း-စန္ဒရားမင်းသားတစ်ပါးတည်းသာရှိ၏။ ထိုသားတော်နှင့် ထိမ်းမြားရန်၊ မင်းသမီးကို မေးတော်မူသော်။ ပညာရှိအမတ် သောင်းတီးစား ဥတ္တမသီရိကျော် လျှောက်သည်ကား။ ပတ္တမြားကျောက်ကောင်းတို့တွင်။ ဂေါ်ပလ္လေစသော အနာရှိလျှင် မင်းမသုံးရ။ စိန်ကျောက်တို့တွင် ခလုတ်တောစာ၊ ငယ်နာမစင်၊ တောကြောင်မွေးမှင် စသောအပြစ်မကင်းလျှင် မင်းမသုံးထိုက်၊ မျိုးစပါးတို့မှာလည်း၊ အရောရောပါလျှင်၊ အပင်အသီးမညီ။ ရွှေ၌လည်း ကြေးနီငွေသံမလွတ်လျှင်၊ အရေအသွေးမဖြောင့်။ ထို့အတူ သာကီဝင်မင်းမျိုးတို့၌လည်း။ နွယ်တော်ဝံသစင်မှ၊ အမျိုးတူစွာ၊ စဉ်လာကြီးမြင့်၊ အကျင့်မဘောက်စေလို၍။ ရှေးဘေးလောင်းတော်၊ ဘီတော်၊ ခမည်းတော်စသော ထီးနန်းမင်းဆက်၊ မောင်နှမရင်းချာ။ ပေးထိမ်းမြားတော်မူခဲ့ကြောင်း၊ ထုံးဟောင်းနှင့် ဖြစ်ပါသည်။ သားတော်နှင့်သမီးတော် စောပြည့်ညိုကို ထိမ်းမြားတော်မူလျှင်၊ မြင့်မြတ်လှပါသည်ဟု လျှောက်လေသော်။ သားတော်သူရိယတိုင်း-စန္ဒရားမင်းနှင့်။ သမီးတော် စောပြည့်ညိုကို မောင်နှမရင်းချာ ထိမ်းမြားတော်မူလေ၏။ ပညာရှိအမတ်ကို ငွေသပြာတစ်ထောင် ဆုပေးတော်မူ၏။ ။ ထိုမဟာသူရိယတိုင်း စန္ဒရားမင်းမြတ်လည်း။ သာသနာကိုလည်း အလွန်ပြုစုတော်မူသောကြောင့်။ သာသနာတော်သည် မီးကဲ့သို့ ထွန်းတောက်ပ၏။ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာကို များစွာရွက်ဆောင်တော်မူ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်တစ်နှစ်၊ ပြည်စည်းစိမ် နှစ်ဆယ့်နှစ်နှစ်၊ နှစ်စုသက်တော် လေးဆယ့်သုံးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမဟာသူရိယတိုင်း-စန္ဒရားမင်းလွန်တော်မူလေလျှင်။ သားတော်သူရိယတိုင်း-စန္ဒရားမင်းသည် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ နေလနှစ်ပါး ထင်ရှားပေါ်ထွက်။ နံနက်အချိန်တွင် ဘွားမြင်တော်မူသောကြောင့် သူရိယတိုင်း စန္ဒရားဟု မှည့်တော်မူကုန်၏။ ထိုသူရိယတိုင်း စန္ဒရားမင်းသည်။ ခမည်းတော် နတ်ရွာမစံမီကပင် ရုပ်ရှင်တော်မဟာမြတ်မုနိ၏ သိမ်တော်ကို မီးသင့်လျက် ပျက်စီးရှိသည်ကို။ အသစ်ထပ်မံ၍ဆောက်လုပ်တော်မူ၏။ ပလ္လင်တော်ကိုလည်း။ ကျောက်အုတ်တို့ဖြင့် စီလုပ်တည်ထားတော်မူ၏။ ဧင်ကုသိုလ်တော်သည် အလိုတော်ပြည့်မှ၊ အပြီးသို့ရောက်တော်မူသည်။ ကုသိုလ်တော်နှစ်ပါး အားထုတ်ပြီးမြောက်သောနေ့အခါ။ ဆင်ဖြူရတနာနှင့်။ လှံပုံ့စကြာတို့သည် ဆိုက်ရောက်လာကုန်၏။ ယိုးဒယားဘုရင်ကလည်း ဆင်ဖြူမတစ်စီး ဆက်သတော်မူလာ၏။ သိမ်တန်ဆောင်းတော်နှင့်တကွ၊ ပလ္လင်တော်ကို ရေစက်သွန်းချဒါနပြုမည့်အခါ၌လည်း၊ လက်ာဒီပကျွန်း၊ အရှေ့တိုင်းပြည်ရဟန်းများတို့ကို ပြင့်စေ၍၊ ခုနစ်ရက်ပတ်လုံး အဆုံးမရှိသော အသဒိသအလှူကြီးကို ပေးတော်မူသည်။ ထီးဖြူဆောင်းသောမင်းပေါင်း ငါးကျိပ်သုံးယောက်လည်း ကြွရောက်တော်မူလာသည်။ ။ ထိုအခါ သူရတန်ပြည်ကြီးသခင်။ ပဋိကမင်းကြီး မလာဘဲ ရှိနေသောကြောင့်။ ငါတို့အရှင်မင်းကြီး အမျက်တော်ရှိသဖြင့် လှံပုံ့ကို စေလွှတ်တော်မူလျှင်၊ ဦးခေါင်း၌ စူးဝင်၍ သေလေ၏။ ထိုလှံပုံ့စကြာကို အမျက်တော်မပါဘဲ လွှတ်တော်မူသော်။ အလိုတော်ရှိသော မင်းတို့၏နေရာ၌၊ စာလွှာနှင့်တကွ ကျရောက်တော်မူသည်။ အမျက်တော်ပါ၍ လွှတ်တော်မူသောအခါ။ ဦးခေါင်းတွင် စူးဝင်၍ သေလေ၏။ အလှူတော်ကြီး ပေးတော်မူစဉ်အခါ ရတနာဆယ်ပါးအပြည့်ပါသော သင်္ဘော်ခုနစ်စင်း ဆိုက်ရောက်လာ၏။ သင်္ဘော်ပါ

လူတို့ကို စုံစမ်းမေးမြန်းမည် သွားကြလေရာ၊ ထိုလူစုအလုံးစုံ ကွယ်ပျောက်သဖြင့်။ ရတနာအပြည့်နှင့်တကွ၊ သင်္ဘောတော် ခုနစ်စင်းသာရ၏။ ထိုမင်းကြီး ဒါနပြုပြီးသည့်နောက် သုံးနှစ်မြောက်သောအခါ၊ ကောင်းကင်မှ ရတနာမိုယ်းကြီးရွာ ပြန်လာ၏။ ဓညဝတီတိုင်းသူပြည်သား လူအများတို့သည်၊ သုံးစား၍ မကုန်နိုင်အောင် ရတနာရွှေငွေ ပြည့်ဖြိုးကြွယ်ဝ၏။

တရံရောအခါ၊ ငါတို့အရှင် သူရိယတိုင်း-စန္ဒရားမင်းသည်၊ ထိုထိုမြို့ရွာရှိ မင်းအပေါင်းတို့ကို ခေါ်တော်မူ၍။ မင်းများအပေါင်းတို့။ ငါ၏ဘုန်းအာနုဘော်ကို ကြည့်တော်မူကြကုန်လော့ဟု မိန့်တော်မူပြီးလျှင်။ စိုစွတ်သောအဝတ်ကို ဝတ်၍ မြင်းတော်စီးလျက်။ မဟာမြတ်မုနိ သိမ်တော်ဆောင်းတော်အရှေ့ဘက်ပြင်တွင်။ လှံတော်ကို ကိုင်လျှက် စိုင်း၍ပြတော်မူ၏။ မြင်းတော်လျှင်မြန်သောကြောင့်၊ တခဏခြင်း စိုစွတ်သောအဝတ်တော်သည် သွေ့ခြောက်၏။ ထိုထိုမင်းအများတို့သည် အလွန်ကြောက်ရွံ့ တုန်လှုပ်ကြကုန်၏။ ငါတို့အရှင် သူရိယတိုင်း-စန္ဒရားမင်းသည်၊ တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့အား၊ ရင်တွင်းသားကဲ့သို့ သနားတော်မူသဖြင့်။ တိုင်းကားနိုင်ငံသူတို့၏ အကျိုးကို များစွာရွက်ဆောင်တော်မူ၏။ တိုင်းသားပြည်သူအပေါင်းတို့အား၊ သရဏဂုံ၊ ငါးစုံသောသီလ၊ အဋ္ဌဒသ၊ ဂဟဋ္ဌသီလတို့ကို နေ့ညဥ့်မလပ်၊ အမြဲကျင့်သုံးဆောက်တည်အောင် တိုက်တွန်းနှိုးဆော်စေအပ်၏။ ထို<u>သူရိယတိုင်း-စန္ဒရားမင်းသည်။ အိမ်နိမ့်သုံးဆယ့်ကိုးနှစ်၊ နန်းစည်းစိမ်နှစ်ဆယ်၊ နှစ်စုသက်တော် ငါးဆယ့်ကိုးနှစ်</u>တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်မောလတိုင်း=စန္ဒရားမင်းသည်၊ သုနန္ဒီမည်သော မင်းသမီးနှင့် အဘိသိက်ခံ၍၊ <u>သက္ကရာဇ် ၁၄၉-ခုနှစ်</u>တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမောလတိုင်း စန္ဒရားမင်းသည်။ ထိုထိုတိုင်းနိုင်ငံသူ အပေါင်းတို့အား သင်္ဂဟတရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနီယတရားခုနစ်ပါး၊ ရာဇဓမ္မတရားဆယ်ပါးတို့ဖြင့် ချီးမြှင့်တိုးပွားစေ၏။ ခမည်းတော်၏ရိုက်ရာ လှံပျံစကြာကိုလည်း သိကြားမင်းကိုယ်တိုင် ဆက်သလာ၏။ ရတနာမြတ်သုံးပါးအားလည်း ဝပ်တွားကြည်ယုံ အလွန်မြတ်နိုးတော်မူ၏။ ပဥ္စ, အဋ္ဌ, ဒသစသော သီလပဋိပတ် ကျင့်ဝတ်မကင်း၊ အမြဲစောင့်သုံးတော်မူခြင်း ရှိတော်မူ၏။ အလှူရေစက်၊ လက်၌မပြတ်၊ မြဲသောဝတ်ရှိ၏။ ဘီတော်၊ ဘေးတော်၊ ခမည်းတော် မင်းမြတ်တို့ ကိုးကွယ်ဆည်းကပ်တော်မူသော ရုပ်ရှင်တော်မဟာမြတ်မုနိမှစ၍၊ ဓာတ်တော် မွေတော် ရုပ်ပွားဆင်းတုစေတီတော်တို့ကိုလည်း အထူးသဖြင့် ကြည်ညိုတော်မူ၏။ ငါတို့အရှင် <u>မောလတိုင်း-စန္ဒရားမင်းသည် အိမ်နိမ့်သုံးဆယ့်ခြောက်နှစ်၊</u> နန်းစည်းစိမ် တစ်ဆယ့်ကိုးနှစ်၊ နှစ်စုသက်တော် ငါးဆယ့်ငါးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းကြီး နတ်ရွာစံတော်မူလေလျှင်၊ သားတော် <u>ပေါလတိုင်း-စန္ဒရားမင်းသည် ရောဟဏီမင်းသမီးနှင့် ဘိသိက်ခံ၍၊ သက္ကရာဇ် ၁၆၈-ခုနှစ်တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။</u> ထိုငါတို့ပြည့်ရှင် ပေါလတိုင်း-စန္ဒရားမင်းလည်း ရတနာမြတ်သုံးပါး၊ ဒါန၊ သီလ၊ စာဂစသော ကောင်းမှုကုသိုလ်တရား၌ အလွန်အကဲအားဖြင့် လိုလားပျော်မွေ့တော်မူ၏။ အဘိသိက်ခံတော်မူသည်နှင့် တစ်ပြိုင်နက်၊ လက်နက်ရတနာလှံစကြာကို သိကြားမင်းလာ၍ ဆက်သလာလျှင်၊ ဇမ္ဗူဒိတ်မြေအပြင်ဝယ်၊ ပြည်ထောင်ချင်းချင်း မင်းတကာတို့၏ အတုတ်အခွန် ပဏ္ဏာကာရ ပို့သဆက်ရန် ရောက်လာကြကုန်၏။ သီလဝန်၊ ဂုဏဝန်၊ ပညာဝန်တို့ဟောပြောသော တရားစကားကိုလည်း မှတ်သားနာခံ၏။ တိုင်းကားနိုင်ငံလည်း အလွန်ပြန့်ပြော စည်ပင်ကြီးပွားချမ်းသာဧးမြ၏။ ထိုမင်းလက်ထက်တော်၌၊ ရတနာမိုယ်း ငါးကြိမ်တိုင်တိုင်၊ ရွာသွန်းဖြိုးချသဖြင့်၊ ဓနဥစ္စာရတနာ ရွှေငွေပြည့်စုံကြွယ်ဝသဖြင့်၊ အထူးချမ်းမြသာယာ၊ အထက်တုသီတာ နတ်ပြည်နှင့်သာ ပမာတူလေသည်။ ထိုငါတို့အရှင် <u>ပေါလတိုင်း-စန္ဒရား</u>မင်းလည်း အိမ်နိမ့်သုံးဆယ်၊ နန်းစည်းစိမ် နှစ်ဆယ့်ခြောက်နှစ်၊ နှစ်စုသက်တော် ငါးဆယ့်ခြောက်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းကြီး နတ်ရွာစံတာ်မူလေလျှင်၊ သားတော် <u>ကာလတိုင်း စန္ဒရားမင်း</u>သည် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကြီးကိုကား အသားမည်းသောကြောင့် *ကာလတိုင်း-စန္ဒရားဟု- ခေါ်ဝေါ်ကြကုန်၏။ ထိုမင်းလက်ထက်၌လည်း၊ သိကြားမင်းကိုယ်တိုင်လာ၍ လှံပျံစကြာကို ပေးအပ်လာသောကြောင့် ဘုန်းအာဏာတော်ကား အလွန်ကြီးမားတောက်ပ၏။ အထူးအားဖြင့်ကား၊ ထိုကာလတိုင်း စန္ဒရားမင်းသည် ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ကဲ့သို့ သဒ္ဓါခြင်းမရှိ၊ အလှူကောင်းမှု၌ လျစ်လျူရှု၏။ ထီးနန်းစည်းစိမ် ကြီးပွားခြင်း၌ နှလုံးမွေ့လျော်တော်မူ၏။ အမျိုးလေးပါးတို့၏စီးပွားချမ်းသာကို စောင့်စည်းတော်မမူ။ ရတနာမိုယ်းလည်း တစ်ကြိမ်တစ်ခါမျှမရွာ။ အမျိုးလေးဖြာတို့လည်း ချမ်းသာခြင်းမရှိ ဖြစ်ကြလေသည်။ ထိုမင်းကား အိမ်နိမ့်သုံးဆယ့်နှစ်နှစ်၊ ပြည်စည်းစိမ်ကိုးနှစ်၊ နှစ်စုသက်တော် လေးဆယ့်တစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင် သားတော် <u>ထုလတိုင်း-စန္ဒရားမင်း</u>သည် ရူပိနီမည်သော နန်းထက်ဘွားမင်းသမီး

နှင့် သက္ကရာဇ် ၂၀၅-ခုတွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အထူးထူးအပြားပြား ဩဇာအရသာကို စားနိုင်သောအာနုဘော်ရှိသဖြင့်၊ ခွန်အားဗလနှင့်အထူးပြည့်စုံ၏။ ကိုယ်လက်အလွန် ဆူဖြိုးသောကြောင့် ထူလတိုင်းစန္ဒရားဟု-ခေါ်ဝေါ်ကြကုန်၏။ ရတနာမြတ်သုံးပါး၊ ဒါန၊ သီလ၊ စာဂတရား၌ အားကြီးစွာ မွေ့လျော်တော်မမူ။ လုံ့ပျံ့စကြာရတနာကိုလည်း သိကြားမင်းဆက်သလာ၏။ ရတနာမိုယ်းလည်း ရွာဖြိုးသွန်းချတော်မူ၏။ သူတော်ကောင်းတို့ အဆုံးအမ ဩဝါဒ၌ကားမတည်။ မင်းကျင့်တရား၌လည်း လျစ်လျူ။ ရှေးမင်းတို့ ကျင့်ရိုးကျင့်ထုံး၊ ဓမ္မသတ်ကျမ်းဂန်များကို၊ အလေးမပြု။ တိုင်းနိုင်ငံပြည်သူတို့၏ စီးပွားကို စောင့်တော်မူလိုသော နှလုံးရှိတော်မမူ။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်နှစ်နှစ်။ နန်းစည်းစိမ်ကိုးနှစ်၊ နှစ်စုသက်တော် လေးဆယ့်တစ်နှစ်တွင် လွန်တော်မူလေ၏။ ။ ထိုမင်းနှစ်ဆက်သော်ကား၊ အကျင့်ပျက်၍ တရား၌မတည်၊ ပြည်သူတို့လည်း မချမ်းသာ။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော် သီရိတိုင်း-စန္ဒရားမင်းသည်၊ ကဉ္စနမာလာမင်းသမီးနှင့် အဘိသိက်ခံ၍၊ ၂၅၅-ခုနှစ်တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် ပြည်သူတို့၏ စီးပွားချမ်းသာဖြစ်ကြောင်းကို စောင့်ရှောက်ရှာမှီးတော်မူလေ့ရှိ၏။ ဘိုးတော်၊ ဘေးတော်တို့ နည်းပမာ၊ လုံ့ပျံ့စကြာကိုလည်း သိကြားမင်းဆက်သမြဲဆက်သလာ၏။ ထိုမင်း၏ဘုန်းအာဏာတန်းခိုးသည် မြေမိုးကောင်းကင်အမျှ ထွန်းလင်းတောက်ပတော်မူ၏။ နူးညံ့သောနှလုံးတော်ဖြင့် သူခပ်သိမ်းတို့အား သနားမေတ္တာ ကရုဏာရှိတော်မူခြင်း၊ ရတနာမြတ်သုံးပါးတို့အား အလွန်ကြည်ညိုမြတ်နိုးခြင်း၊ လူအပေါင်းတို့သည် မျက်ကွက်မျက်မှောက်၊ ချီးမြှောက်စကားပြောကြားခြင်း စသောဂုဏ်အထူးနှင့် ပြည့်စုံခြင်းကြောင့်။ ကျေးဇူးတော် အနန္တအပ္ပမေယျ-မင်းကောင်းမင်းမြတ်ဟူ၍ ချီးမွမ်းကြပေသည်။ ထိုငါတို့အရှင် သီရိတိုင်းစန္ဒရားမင်းကြီးသည် အိမ်နိမ့်တစ်ဆယ့်ခုနစ်နှစ်၊ စည်းစိမ်သုံးဆယ့်နှစ်နှစ်၊ နှစ်စုသက်တော် လေးဆယ့်ကိုးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းကြီး နတ်ရွာစံတော်မူလေလျှင်၊ သားတော် သိင်္ဂတိုင်း-စန္ဒရားမင်းသည် သုဝဏ္ဏဒေဝီမင်းသမီးနှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၂၈၇-နှစ်တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်း၏ကိုယ်အဆင်းကား ရွှေအဆင်းနှင့် တူသောကြောင့်*သိင်္ဂတိုင်း-စန္ဒရားဟု-မှည့်သတည်း။ ထိုမင်းကြီးလည်း၊ ဇမ္ဗူဒီပါတွင် အလွန်ကျော်စောခြင်းရှိ၏။ ရတနာမိုယ်းလည်း အကြိမ်များစွာရွာ၏။ ဘုန်းတန်းခိုးအာနုဘော် အလွန်ထွန်းတောက်ပ၏။ ထိုသို့ဘုန်းတန်းခိုးကြီးတော်မူသည်ကို၊ အရှေ့ပုဂံပြည်မင်းက သိတော်မူလျှင်၊ ပညာတတ်သောမဇလုံးနှင့်-လာသကာဟူသော အမတ်သူလျှိုနှစ်ယောက်တို့ကို ဆင်မြင်းနှင့်တကွ လွှတ်လိုက်၍။ ရောက်သောအခါ၊ အရှေ့ပုဂံပြည်မင်းသည် မင်းကျင့်တရား၌မတည်။ ပညာရှိနှင့် မှူးမတ်နှင့်မပေါင်း စသည်ဖြင့် ကုန်းချောစကားလျှောက်ကြားကုန်၏။ ထိုသူနှစ်ယောက်တို့သည် ဗေဒင်ကျမ်းဂန်တို့ကို အလွန်တတ်ကုန်၏။ သိင်္ဂတိုင်း-စန္ဒရားမင်းလည်း အလွန်ယုံကြည်တော်မူ၏။ နောက်ခြောက်လလွန်လျှင်၊ အမတ်ပညာရှိအရာ၌ထား၍ သုံးတော်မူ၏။ အရှင်မင်းမြတ်၊ ဤဓညဝတီပြည်တွင် ရှိသမျှနတ်ရုပ်တို့ကို၊ ဘုရားရုပ်ထု ထုလုပ်ရပါမည်။ ခြောက်လတိုင်အောင် ဤမည်သော ရေနွေးဖြင့် ဦးခေါင်းဆေးရပါမည်။ ယင်းသို့ပြုတော်မူပါသော်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူပါမည်ဟု လျှောက်ကြားလေ၏။ ထိုမဇလုံးနှင့်-လာသကာနှစ်ယောက်တို့လျှောက်သည်ကို မင်းကြီးနှင့် သားတော်ကြီး မဟာတိုင်းစန္ဒရားမင်းသားသည် ယုံကြည်သည်ဖြစ်၍၊ နတ်ရုပ်တို့ကို ဘုရားရုပ်ထုစေ၍၊ ခြောက်လပတ်လုံး၊ ထိုသူနှစ်ယောက်တို့ပေးသော ရေနွေးနှင့် ဦးခေါင်းဆေးလေရာ၊ အသက်မရှည်၊ ခမည်းတော်နှင့် သားတော်နှစ်ပါးသေလေ၏။ ။ ထိုသိင်္ဂတိုင်း-စန္ဒရားမင်းကား အိမ်နိမ့်တစ်ဆယ့်ရှစ်နှစ်၊ နန်းစည်းစိမ်တစ်ဆယ့်ခြောက်နှစ်၊ နှစ်စုသက်တော် သုံးဆယ့်လေးနှစ်တွင် လွန်တော်မူလေ၏။

ထိုသိင်္ဂတိုင်း-စန္ဒရားမင်း နတ်ရွာစံလွန်တော်မူပြီးသည့်နောက်။ သားတော်စူဠတိုင်း-စန္ဒရားမင်းသားသည် စန္ဒာဒေဝီနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၃၁၃-နှစ်တွင်။ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အဆင်းခွန်အား၊ အစွမ်းလက်ရုန်း ဘုန်းတန်းခိုးအာနုဘော်နှင့် ပြည့်စုံ၏။ ရတနာမြတ်သုံးပါးတို့ကိုလည်း အလွန်ကြည်ညိုမြတ်နိုး၏။ ထိုမင်းလက်ထက် တိုင်းနိုင်ငံ အထူးဝပြောသာယာ၏။ ရှေးမင်းတို့ကဲ့သို့ အရိန္ဒမာလုံ့စကြာကိုလည်း သိကြားမင်း ဆက်သလာသောကြောင့် ရတော်မူ၏။ ပြည်ရွာထောင်ချင်း အမင်းမင်းတို့သည် ခြေရင်းစက်စုံ၌၊ ညွှတ်ဝင်ခိုလာကြရကုန်၏။ ထိုစူဠတိုင်း-စန္ဒရားမင်းကြီး၌ကား၊ နွားလားသင်းစုကိုးခု အမွေးရှိသော ဆင်,မြင်း, ရထား, ရဲမက်, ဗိုလ်ပါတို့ကို ခြံရံလျက်။ သက္ကရာဇ် ၃၁၅-ခုနှစ်၊ တန်ဆောင်မုန်းလ၌၊ တိုင်းလှည့်တော်မူအံ့ ဟု အနောက်ဘက်* သူရတန်ပြည်သို့ ချီတော်မူလေ၍၊ ယခုလူတို့ ခေါ်ဝေါ်သော စစ်တကောင်းမြို့သို့ ရောက်တော်မူသောအခါ မှူးတော်မတ်တော် စသောပညာရှိတို့သည် ပြည့်ရှင်မင်းကြီးအား ဤသို့လျှောက်ကြားကုန်၏။ အရှင်မင်းမြတ်၊ ဇမ္ဗူဒီပါ၊ ကျွန်းလကျ်ာ

တွင်၊ ဧကရာအထွတ်၊ မင်းတကာတို့ထက် အမြတ်ဖြစ်သော အရှင်မင်းကြီးတို့အား တိုင်းတပါးနှင့် ခိုက်ပွားရန်ထွက်၊ စစ်မက်မပြုကောင်းပါ၊ အရိန္ဒမာလှံစကြာကိုသာ လွှတ်တော်မူပါ၍၊ တရားသဖြင့် မင်းပြုတော်မူပါဟု လျှောက်ကြလေသော်။ မင်းကြီးလည်း အရိန္ဒမာလှံစကြာကို စေတော်မူလျှင်၊ သူရတန်မင်း စသော ထိုထိုအနောက်ဘက်တိုင်းပြည်ရှင်မင်းတို့သည် သမီးကညာရတနာနှင့်တကွ လက်ဆောင်ပဏ္ဏာများမြောင်စွာဖြင့်၊ လာရောက်ဆက်သကြကုန်၏။ ထိုမြို့၌ ရေကန်ကြီးတစ်ခုကိုလည်း တူးစေတော်မူ၍၊ ကျောက်စာတိုင်လည်း၊ စိုက်ခဲ့၏။ ထိုမင်းသည် စစ်မတိုက်ဘဲ ပြန်လေသောကြောင့်။ ၎င်းမြို့ကို ရှေးအခါ၊ *စစ်မတိုက်ကောင်းမြို့ဟု ခေါ်ဝေါ်ကြကုန်၏။ ယခုကာလကား၊ *စစ်တကောင်းမြို့ဟု ခေါ်ဝေါ်ကြကုန်၏။ ထိုအရပ်မှသည်၊ ဝေသာလီမြို့သို့ ပြန်လည်တော်မူလတ်၍၊ ဇမ္ဗူဒိပ်ကျွန်းလုံးဝယ်၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့၏ ဆက်သသောအခွန်ပဏ္ဏာတော်များကို ခံစား၍၊ မင်း၏မနောစည်းစိမ်ဖြင့် စံပျော်တော်မူစဉ်။ သက်တော်သုံးဆယ့်သုံးနှစ်ရှိပြီးမှ။ ဦးကြွတ်နာသည် ဖြစ်လတ်သောကြောင့်။ ပညာရှိတို့နှင့် တိုင်ပင်မေးမြန်းတော်မူလတ်သော်။ နတ်မျက်စိကဲ့သို့ ရှေးဘဝ နောက်ဘဝကိုမြင်သော ဗေဒင်ကျော်တို့ထံ။ နတ်တို့ပူးဝင်၍ မင်းကြီးအား ကြားလျှောက်သည်ကား။ အရှင်မင်းမြတ်၊ ပဥ္စာလရာဇ်မည်သော သင်းထွေးပြည်၌၊ ရှေးအခါ ခွေးဖြစ်ဖူးပါ၏။ ထိုခွေးသေလွန်ရာတွင် ဦးခေါင်းခွံကို၊ ညောင်ပင်အခွကြား၌ ညှပ်ထားခဲ့ရာ၊ ကာလရှည်ကြာသဖြင့်၊ ထိုညောင်ပင်သည် မျိုလေ၍၊ လေခတ်လျှင် လှုပ်ရှားသောကြောင့်၊ ယခုလူ့ဘဝဝယ်၊ ဦးခေါင်းတော်အနာသည် ဖြစ်ရာသတည်းဟု လျှောက်ကြကုန်လတ်သော်။ မင်းကြီးလည်း သင်းထွေးပြည်သို့ ကြွတော်မူလိုသော နှလုံးတော်ရှိ၏။ တစ်နေ့သောနေ့၌၊ သိကြားမင်းဆက်သသော အရိန္ဒမာလှံစကြာကို၊ မင်း၏စာလွှာကိုဆွဲ၍ စေလိုက်သော်။ တခဏခြင်းရောက်လေ၍။ မိုးကြိုးသံအလား၊ ကြီးမားသော အသံဖြင့်၊ နန်းရင်းပြင်တော်သို့ ကျလေသော်။ အိမ်ရှေ့မင်း၊ စစ်သူကြီး စသောသူတို့သည် ကော်ကုန်သော်လည်း၊ မရနိုင်ကြဖြစ်၍။ သင်းထွေးမင်းကြီးကိုယ်တိုင် ထတော်မူ၍ ကော်တော်မူလေမှ၊ အရိန္ဒမာလှံစကြာကို ရသဖြင့်။ စာလွှာကို ကြည့်လေသော်။ သင်ထွေးမင်းကြီးလည်း ကြောက်လှသဖြင့်၊ အရှင်မင်း၏ နိုင်ငံတော်ဖြစ်သော သင်းထွေးပြည်သို့။ ခြေတော်စက်စုံ ဆန့်စေချင်၏ဟု- ရွှေစာ၊ လက်ဆောင်ရေးလိုက်၍ ရိုသေလေးမြတ်ပူဇော်လျက် လွှတ်လိုက်ပြန်၏။ စူဠတိုင်း-စန္ဒရားမင်းလည်း အရိန္ဒမာလှံစကြာရောက်လာ၍၊ ဆက်သလိုက်သောစာကို မြင်တော်မူလျှင်။ အလွန်ဝမ်းမြောက်တော်မူလှ၍၊ ဥတ္တမဇော၊ ဥတ္တသီဇောစသော ဟူးရာဖြူ ဟူးရားညိုတို့အား သွားအံ့သောအခါကို မေးတော်မူ၏။ မင်းမြတ်၊ ဤကာလဝယ်၊ ကြွတော်မမူသင့်ပါ။ ကြွတော်မူက ပြန်ကိန်းမရှိပါဟု လျှောက်လေသော်။ ထိုပုဏ္ဏားတော်တို့ လျှောက်သောစကားကို မနာမယူမူ၍။ မင်းလိုလိုက်၍ လျှောက်သောပုဏ္ဏားသုံးကျိပ်တို့၏ စကားကိုသာ၊ နှလုံးသွင်းတော်မူ၍။ ကြွတော်မူအံ့ဟု စီရင်ပြီးသော်၊ ကိုယ်ဝန်နှင့်တကွသော စန္ဒာဒေဝီမိဖုရားကြီးအား၊ သိကြားမင်းဆက်သသော ပတ္တမြားလက်စွပ်ကို လက်တော်မှချွတ်၍ပေးပြီးသော်။ ဤသို့မှာတော်မူခဲ့၏။ ရှင်မိဖုရား၊ ငါသော်တမူကား ရပ်ဝေးမြေခေါင်သို့ ကြွတော်မူလိမ့်မည်။ ရှင်မိဖုရားမူကား သိလသီတင်းကို မြဲစွာဆောက်တည်လျက်၊ ပြည်ရွာတိုင်းကားကို စိုးကွပ်၍နေပါ။ ပင်လယ်သမုဒ္ဒရာဟူသည်။ ဘေးများစွာ ရှိသောကြောင့်။ ငါမင်းမပြန်လာငြားမူကား။ ဤလက်စွပ်နှင့် တိုင်း၍တန်သောသူအား မင်းပြုစေဟု အမိန့်တော် ထားခဲ့ပြီးမှ။ ကရဝိတ်ဖောင်ပြာသာဒ်ကို စီးတော်မူလျက်။ ကိုးသောင်းသောလှေပိတ္တာတို့နှင့်တကွ ကြွတော်မူလေ၏။ ဒွါရာဝတီမြို့သို့ ရောက်တော်မူသောအခါ၊ ဒွါရာဝတီမင်းတို့၏ များစွာသော ပဏ္ဏာကာရကိုခံပြီးမှ၊ ပင်လယ်ခရီးဖြင့် လှည့်လည်တော်မူစဉ်။ မင်းကြီးပစ်ခဲ့သော စားတော်ကွမ်းဘတ်ကို နဂါးမင်းသမီးရလေသော်။ ရှေးခုနစ်ဘဝတိုင်အောင် အတူတူကျင်လည်ဘူးသောကြောင့်။ ပုဗ္ဗေသန္နိဝါသာ၊ ကံစပါသဖြင့်၊ လွန်စွာတပ်မက်မောသည်ဖြစ်၍။ အဘနဂါးမင်းကြီး အားရကြောင်းကို တောင်းလတ်သော်။ ချစ်သမီး ယခုမရသေး။ ပြန်ခါမှ ငါဆောင်ယူ၍ပေးအံ့ဟု ဝန်ခံလေ၏။ ။ စူဠတိုင်းစန္ဒရားမင်းလည်း၊ ဟံသာဝတီမည်သော ပဲခူးမြို့သို့ ရောက်တော်မူ၍။ သထုံမင်းတို့၏ ပဏ္ဏာကာရကို ခံပြီးမှ။ ဧရာဝတီမြစ်စဉ်လျှောက်၍ ဆန်လေသော်။ ဆံတော်ဓာတ်ကို ဖူးမြင်၍။ အထက်မြစ်ညာသို့ ဆန်တော်မူလေသော်၊ မိုးညင်း၊ မိုးကောင်း၊ အုံးဘောင်၊ မိုးနည်း၊ မိုးဝန်း၊ ပန်းလောင် စသော မြစ်ညာရှိ မင်းအပေါင်းတို့သည်။ များစွာသော လက်ဆောင်ပဏ္ဏာကာရဖြင့် ဖူးမြင်ကြိုဆိုကြကုန်၏။ အစဉ်အတိုင်း ကြွတော်မူလေလျှင်၊ သင်းထွေးပြည်သို့ ရောက်တော်မူလေ၏။ သင်းထွေးမင်းကြီးလည်း။ စစ်အင်္ဂါလေးပါး အမတ်ဗိုလ်ပါအပေါင်း ခြံရံလျက်၊ သမီးကညာ ရတနာမြတ်နှင့်တကွ၊ များစွာသော လက်ဆောင်ပဏ္ဏာကာရဖြင့် ဖူးမြင်ကြိုလင့်လေ၏။ စူဠတိုင်း စန္ဒရားမင်းကြီးလည်း၊ ထိုညောင်ပင်ကို ရအောင်ရှာ၍ မီးတိုက်ပြီးလျှင်။ ကြီးစွာသော စေတီကိုတည်၍၊ တန်းဆာဆင်အပ်သောမဏ္ဍပ်ကန္နားကြီးကို ထိုး၍၊ ခြောက်သိန်းသော ဥစ္စာရတနာတို့ကို စွန့်၍ ကြီးစွာသော အလှူကို ပေးလှူတော်မူလေ၏။ ထိုစူဠတိုင်း-စန္ဒရားမင်းကြီးသည် မြတ်လှသော အဆင်းအရောင်နှင့်

ပြည့်စုံသော သမီးကညာတို့နှင့်။ မနောစည်းစိမ်ဖြင့် ပျော်ပါးမွေ့လျော်တော်မူသောကြောင့်။ ရက်လကြာရှည်တော်မူသဖြင့်ရှိလေရာ။ မှူးမတ်ဗိုလ်ပါတို့သည် မလျှောက်မတင်ဝံ့ကြကုန်။ ထိုအခါ ပညာဖြင့် စုံစမ်းလျှောက်ကြားလိုသောကြောင့်။ <u>စည်၊ စောင်း၊ ညှင်း၊ ပုံ၊ မောင်း၊ ခရာ၊ တူရိယာ</u>အမျိုးမျိုးတို့ကို နေ့ညမပြတ် တီးမှုတ်စေကုန်၏။ ထိုသို့တီးမှုတ်သောအသံကို မင်းကြီးကြားတော်မူလတ်သော်။ အသို့သော အကြောင်းကြောင့် တီးမှုတ်ကြသနည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ်၊ ဤပြည်သည်ကား။ အရှင့်ပြည်တော်မဟုတ်။ အရှင်မင်း၏ပြည်တော်ကား၊ ဇမ္ဗူဒိတ်အပြင်ဝယ်၊ မင်းတကာတို့၏ အခွန်သွင်းရာဖြစ်သော ဝေသာလီပြည် ဖြစ်ပါသည်။ ဝေသာလီပြည်တော်သို့ ပြန်တော်မူအံ့သောငှာ၊ တီးမှုတ်ကြပါသတည်းဟု လျှောက်ကြားလေကုန်သော်။ စူဠတိုင်း- စန္ဒရားမင်းကြီးသည် ဝေသာလီပြည်တော်သို့ ပြန်လိုသော နှလုံးတော်ရှိလတ်သဖြင့်။ များစွာသော မှူးမတ်ပေါင်း ခြံရံလျက်၊ သင်းထွေးပြည်မှ သက္ကတန်, ကရဝိတ်ဖောင်တော်ကိုစီး၍ ပြည်လည်တော်မူရာ၊ ပင်လယ်ခရီးသို့ တဖန်ရောက်တော်မူလျှင်။ နဂါးမင်းသည် တန်းခိုးကြီးစွာဖန်ဆင်းလျက်။ စင်းတိုင်းသောလှေတို့ကို မီးလျှံစွဲသကဲ့သို့၊ အရှိန်ပြောင်ပြောင်စွဲလာသည်ကို၊ လှေတော်ပါ လူအပေါင်းတို့ လျှောက်ကြားကုန်လျှင်။ ဟူးရားဖြူ-ဟူးရာညိုပုဏ္ဏားတော်တို့အား အကြောင်းကိုမေးမြန်းတော်မူလေ၏။ ထိုအခါ ပုဏ္ဏားတော်တို့လည်း အရှင်မင်းကြီး၊ လှည့်၍ကြည့်တော်မမူပါလင့်ဟု မြစ်ကြကုန်၏။ နဂါးမီးလျှံသည် အစဉ်အတိုင်း လာလတ်၍ မင်းကြီးစီးတော်မူသော ကရဝိတ်ဖောင်တော်ပြာသာဒ်ကို စွဲလာသော်၊ အရှင်မင်းကြီး၊ ဖောင်တော်ပြာသာဒ်ကို မီးစွဲလာပါပြီဟု လျှောက်ကြားသောအခါ၊ မင်းကြီးလှည့်ကြည့်မိသောကြောင့် ရှစ်သောင်းသော လှေတို့နှင့်တကွ၊ သက္ကရာဇ် ၁၁၉-ခုနှစ်တွင် နဂါးပြည်သို့ ပါလေ၏။ ထိုအရပ်ကို ရှေးအခါ*နဂါးနှစ်ဟု တွင်၏။ ယခုကား *နဂါးရာဇ်ဟုခေါ်တွင်၏။ (ဤသည်ကား ရာဇဝင်ဟောင်း၌လာသော စကားတည်း။ ။ လေးဆယ့်ရှစ်အင်္ဂါရှိသော ရက္ခိုင်မဟာရာဇဝင်ကြီး၌ကား စူဠတိုင်းစန္ဒရားမင်းကြီးသည် ရေနစ်၍ သေသည်ဟုဆို၏)။ ထိုစကားကို ဆက်၍ပြဦးအံ့။ စူဠတိုင်း-စန္ဒရားမင်းသည် ကုလားမင်းကဆက်သော ကုလားမင်းသမီး၊ သရေခေတ္တရာ ပြူမင်းကဆက်သော ပြူမင်းသမီးတို့ စကားကိုသာ နာယူလျက်။ တောတောင်အနံ့လှည့်ပတ်ပျော်ရွှင်၊ ပညာမဲ့မှူးမတ်တို့ နှင့် ပေါင်းဘက်နေလေရာ။ ရှေးပညာရှိတို့ အမျိုးစဉ်လာ၊ စစ်တကောင်းမြို့စား ဝိဓိုရ်အမတ်လျှောက်သည်ကား။ အရှင်မင်းမြတ်၊ ရှေးဘိတော်၊ ဘေးတော်၊ ခမည်းတော်တို့ ထုံးကို ဖျက်သင့်သည်မဟုတ်ပါ။ အများသေဌ်နင်း မင်းစဉ် ဖြစ်လျက်၊ အပျက်အချော်၊ သရော်ကြမ်းတမ်း၊ သော့သွမ်းသော အမှုကို မလေ့လာရာ။ ။ မင်းတို့စကား၊ အမှားထွက်ဝင်၊ ဆိုချေလျှင်မူ။ ပြည်သူရိပါး။ စစ်မက်များသည်။ အပျော်အရွှင်၊ သဘင်ပွဲမ်းသော်၊ လူသွမ်းသည်။ ။ အမှုတကာ၊ ယုတ္တာယုတ္တိ၊ မင်းမညိုလျှင် ပြည်ယိသည်။ ။ ချောပစ်စကား မင်းပါးအမတ်၊ လျှောက်တင်လတ်သော်။ ယိပတ်သတ္တဝါ၊ မြို့ရွာကျေးကျွန်၊ မုသားထွန်မူ။ ဥတုရာသီ။ မညီနေလ၊ အာကာသဓာတ်၊ နက္ခတ်ဂြိုဟ်သွား၊ မတရားလျှင်၊ နာဖျားလည်း ထူ၊ ခိုးသူနှောင့်ရှက်။ မိုယ်းလည်းဖျက်သည်။ ။ ထိုသို့ရှေးထုံးဟောင်းအထွက်နှင့် လျှောက်လေသော်လည်း။ ထိုစူဠတိုင်း-စန္ဒရားမင်းသည်။ မင်းရိုးမင်းနွယ်မှန်လျက်။ မှူးမိုက်မတ်မိုက်၊ လူပြက်တို့ စကားကို နာယူ၍။ တောတောင်မြစ်ချောင်း အနှံ့လှည့်ပတ်လေရာအရပ်၌ ရေနစ်၍ သေလေသတည်း။ ။ ဤသည်ကား ရက္ခိုင်မဟာရာဇဝင်ကြီး၌ လာသောစကား တည်း။

(ဤစူဠတိုင်း-စန္ဒရားမင်း၏အခန်း၌၊ ရှေးရာဇဝင်ဟောင်းနှင့် မဟာရာဇဝင်တော်ကြီးအထွက် ကွဲပြားသည်ကို သတိချပ်၍မှတ်တော်မူကြပါကုန်)။

ရှေးဖျားက တင်ဆောင်သော အမတ်ကြီး ဓမ္မဇေယျသည် တသောင်းသော လှေပိတ္တာတို့နှင့် မပျက်မစီး ပြန်လာသည်။ ထိုအခါ စန္ဒာဒေဝီမိဖုရားသည်။ ဤအမတ်ကြီးကား၊ ငါတို့မင်းကြီးကို ပုန်ကန်၍ မင်းပြုမည်လာလတ်သည်ဟု ထင်မှတ်၍။ ကိုယ်တိုင်သွား၍ ရမ်းတားဆီးမြစ်သည်။ ထိုသို့ ရမ်းတားဆီးမြစ်သည်ကို အစွဲပြု၍။ ယနေ့တိုင်အောင် *ရမ်းဝမြစ်ဟုတွင်၏။ ထိုအမတ်ကြီး ဓမ္မဇေယျသည်။ တိုင်းပြည်သို့ မဝင်ရသဖြင့်။ ကစ္ဆပနဒီမြစ်ညာကို ဆန်တက်လေ၍။ ကူဝအံတက်၊ ဂင်္ဂါတောင်ဝယ်မြို့တည်၍နေလေ၏။ ထိုမြို့ကိုလည်း ဝေသာလီမင်းမျိုးတို့ တိုက်ခိုက်နှင်ထုတ်လေသောကြောင့်၊ ထိုအမတ်ကြီး ဓမ္မဇေယျသည် မြစ်ညာသို့ ဆန်တက်ပြီးလျှင် အစဉ်အတိုင်း သွားလေသော်၊ ယူဇနာသုံးဆယ်မကသော တောအရပ်၌ မြို့ကြီးတည်လေသည်။ ထိုမြို့ကို ယနေ့တိုင်အောင် *<u>ဟာစ်ရှံ</u>ပြည်ဟု ခေါ်တွင်လေ၏။

ဤငါတို့ ရက္ခပူရတိုင်း ဝေသာလီပြည်ကြီးသည်ကား။ မဟာသူရိယတိုင်း-စန္ဒရားမင်းလက်ထက်မှစ၍။ စူဠတိုင်း-စန္ဒရားမင်းတိုင်အောင်၊ ကိုးဆက်သော မင်းတို့သည် အရိန္ဒမာလုံစကြာရသော မင်းမြတ်တို့ပင်တည်း။ ထိုမင်းတို့လက်ထက်၊ တိုင်းနိုင်ငံ အလွန်စည်ပင်ပြန့်ပွား၏။ ထိုစူဠတိုင်း စန္ဒရားမင်းသည်ကား။ <u>အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ်</u>

ခြောက်နှစ်၊ နှစ်စုသက်တော် နှစ်ဆယ့်ခြောက်နှစ်တွင် နဂါးပြည်သို့ ပါလေ၏။ ထိုစူဋတိုင်းစန္ဒရားမင်း နဂါးပြည်သို့ ပါသွားပြီးနောက်။ ဝေသာလီရွှေပြည်ကြီး၌ ကြွင်းကျန်ရစ်သော မှူးတော်မတ်တော်များနှင့်။ စန္ဒာဒေဝီ မိဖုရားကြီးသည် တိုင်းမှုပြည်မှုကို ဆွေးနွေးတိုင်ပင်ကြသောအခါ။ မိဖုရား စန္ဒာဒေဝီ အမိန့်တော်ရှိသည်ကား။ အရှင်မင်း မြတ်သည် သမုဒ္ဒရာပင်လယ်ဟူသည်ကား ဥပဒ်များစွာ ရှိတတ်ပါသည်။ ငါမင်းရာဇာမပြန်လာမူ၊ ငါ၏လက်စွပ်တော်နှင့် တန်သောသူကို မင်းပြုစေဟူ၍ အရှင်မင်းမြတ် မိန့်မှာတော်မူခဲ့သည်ဟု အမိန့်တော်ရှိလေသော်။ မှူးတော်မတ်တော်၊ မင်းသား၊ မင်းမြေးမှစ၍ ပြည်သူအပေါင်း၊ သောင်းသောင်းညာညာ၊ ဝမ်းသာအားရကြ၍၊ ထိုစူဋတိုင်း-စန္ဒရားမင်း၏ တူတော်အရင်းဖြစ်သော စန္ဒဂုဏ စသောမင်းသား၊ မင်းမျိုးမင်းနွယ်တို့၏ လက်ဝယ်စွပ်၍ကြည့်သော် မတန်လေသဖြင့်။ နောက်တဖန် စစ်သူကြီး၊ ဘဏ္ဍာစိုး၊ မြို့ဝန်စသော အမှူးအမတ်တို့၏လက်ဝယ်စွပ်၍ ကြည့်ကြပြန်ရာ။ ၎င်းလက်စွပ်နှင့် တန်သောသူ တစ်စုံတစ်ယောက်မျှ မရှိရှာသဖြင့်။ လက်စွပ်နှင့်တန်သောသူကို လိုက်လံ ရှာဖွေကြရာ။ မြို့တော် အတွင်းအပြင်၊ အယုတ်အညံ့မရွေး၊ တွေ့တိုင်းသောလူတို့၏ လက်၌စွက်၍ တိုင်းတာကြည့်ရှုလေရာ။ တစ်စုံတစ်ယောက်မျှ တန်သောသူကို မရ၍။ မြို့ရွာနိဂုံးရွာကြီး ရွာငယ်ရှိသမျှတို့၌။ တောတောင်အနှံ့အမျှ၊ တွေ့မြင်သမျှသောသူတို့၏ လက်၌စွပ်၍ တိုင်းတာကြည့်ရှုကြရာ။ နောက်ဆုံးအခါ၊ ကွမ်းစား၍နေသော မြုံသင်းကြီး ညီနောင်သုံးယောက်တို့ လက်ဝယ်-စွပ်ကြည့်တိုင်းတာရာ။ ထိုသူတို့လက်၌သာ-တန်ပေရာသောကြောင့်။ မြုံညီနောင် သုံးယောက်တို့ကို ခေါ်ဆောင်ခဲ့၍။ ထိုမြုံညီနောင်သုံးယောက်တို့၏ အမည်ကား။ အမြထူး၊ အမြကူး၊ ပေးဖြူပင်တည်း။ ပေးဖြူကား အမြကူး၏ သားတည်း။

-----------***--------

## ၁၂- စန္ဒာဒေဝီမိဖုရားနှင့် မြုံမင်းသုံးယောက်တို့ အဆွေပွတ်တွက်ကို အကျယ်ပြဆိုခြင်း

နောင်တော်အမြထူးကို စန္ဒာဒေဝီမိဖုရားနှင့် အဘိသိက်ခံ၍ ထီးနန်းစည်းစိမ်ကို စိုးအုပ်တော်မူစေ၏။ ညီတော် အမြကူးကိုကား အိမ်ရှေ့အရာကို နှင်းတော်မူလေ၏။ အမြကူးသားပေးဖြူကိုကား၊ မြောက်ဦးရွာကို ပေးသနားတော်မူလေ ၏။ ထိုအမြထူးမင်းလက်ထက်တော်အခါ။ လှံလက်နက် စကြာကိုကား၊ ရှေးမင်းများအတူ ရတော်မမူသောကြောင့်။ တိုင်းနိုင်ငံလည်း ရှေးမင်းများပမာ စည်ပင်မပြန့်ပွားရာ။ တိုင်းပြည်မှာမူကား၊ သာယာဝဖြိုးခြင်းဖြစ်၏။ ထိုမြုံမင်း- အမြထူးမင်းပြု၍ ခြောက်နှစ်ရှိသောအခါ၊ စန္ဒာဒေဝီမိဖုရားနှင့် မတ်ဖြစ်သော အမြကူးအိမ်ရှေ့မင်းသည်။ တပ်သောစိတ် ဖြင့် မှားယွင်းကြိုက်ချစ်လျက် ရှိလေ၏။ မိဖုရားစန္ဒာဒေဝီသည် မတ်ဖြစ်သော အမြကူအား အလွန်စုံမက်မြတ်နိုး၏။ ထိုအကြောင်းကို မြုံမင်းအမြထူး သိလေသော်။ ငါ၏မိဖုရားနှင့် ငါညီကြံသောထက်။ ငါလျင်အောင်ကြံအံ့ဟု-တစ်နေ့သော အခါ ပရိယာယ်မာယာဖြင့်။ သန်းခေါင်ယံအချိန်မှာ၊ မြုံမင်းအမြထူးသည် ကြောက်လန့်စွာကြွေးကြော်အော်ဟစ်၏။ မိဖုရားစန္ဒာဒေဝီလည်း အကြောင်းကိုမေးလတ်သော်။ မြုံမင်းအမြထူးကား၊ ညီတော်အိမ်ရှေ့မင်း အမြကူးကိုခေါ်၍။ ငါတို့ကား မြန်မာပြည်၌ မင်းအဖြစ်ကိုရ၏။ အမျိုးနွယ်ဆက်ကား တောင်ထက်၌နေသော မြုံအမျိုးသားတည်း။ မင်းအဖြစ်ကို ရသည်မှစ၍ ခြောက်နှစ်ကာလရှိလေပြီ၊ တောစောင့် တောင်စောင့်နတ်တို့ကို မပူဇော်ရသောကြောင့်။ ယခုညဉ့်အခါ၊ များစွာသော တောင်စောင့်နတ်တို့လာ၍။ လှုပ်ရှားကာ၊ တောင်ဖြင့် ခြိမ်းမောင်းလာ၍၊ ငါကြောက်ရွံ့ ထိတ်လန့်ရပေသည်ဟု ပြန်ပေသော်၊ စန္ဒာဒေဝီမိဖုရားနှင့် ညီတော်အိမ်ရှေ့အမြကူးသည်။ ကျင့်ရိုးကိုလည်း ကျင့်တော်မူ ပါဟု လျှောက်လေ၏။ မြုံမင်းအမြထူးသည် မြုံအားလုံးကို မြို့တော်မှထုတ်၍ ကွဲဖြူ-နွားနက်တို့ကို များစွာယူလျက်၊ မြုံလူမျိုးတို့ ဝတ်ဆင်သော ကြွေနီကြွေပေါက် ဦးဖွယ်စသည်ကိုဝတ်၍။ လေး၊ မြား၊ တောင့်၊ ကာ၊ လက်စွဲလျက်။ ညီတော်အိမ်ရှေ့မင်းကိုကား ကွဲဖြူ-နွားချိုတို့ကို ကိုင်စေပြီးသော်၊ ရှေ့က သွားစေ၏။ မြုံမင်းအမြထူးကား လေးမြား တောင့်ကာတို့ကို ကိုင်လျက် နောက်ကလိုက်၍။ တောင်သို့ရှေ့ရှုလျက်။ မြို့မှထွက်သွားလေသော်။ မိုးသောက်နီးသောအခါ ၌၊ ချောင်းတစ်ခုသို့ရောက်၍။ ရှေ့ကသွားသော ညီတော်အိမ်ရှေ့မင်းကို အဆိပ်ရှိသောမြားနှင့် ပစ်သတ်လေ၏။ ရှေ့တူရှုလာပြီးသော်၊ မင်းမလင်းခင် လူသူမမြင်စဉ်၊ ညီတော်အလောင်းကို ချောင်းငယ်တစ်ခုဝယ် ဝှက်ထားခဲ့၍၊ ထိုမြုံအမြထူးမင်းကြီးကား နန်းတော်သို့ ပြန်တော်မူလေ၏။ ရောက်တော်မူလေလျှင်၊ ပရိယာယ်စကားဖြင့် ဤသို့ ဆိုလေ၏။ ညဉ့်မိုက်သောအချိန်အခါ၊ ငါကြွေဖြူကို ရွယ်ရာတွင်။ လက်ချွတ်ယွင်းသည့်အခင်းကြောင့်။ ညီတော်ရင်း အမြကူး ဆုံးပါးရလေသည်ဟု ငိုယိုကျွန်ပြုတော်မူလေ၏။ အိမ်ရှေ့မင်း အမြကူးသား-မြောက်ဦးမြို့စား ပေးဖြူလည်း။

အဘကို-မြုံမင်းအမြထူး ဘကြီးတော်သတ်လေသောအဖြစ်ကို သိ၍ အမျက်ရှိသဖြင့်၊ ရန်ငြိုးထားလျက် ငြိမ်ဝပ်စွာနေ၏။

ထိုမြုံအမြထူးမင်းကြီးသည် ငါကားမင်းအဖြစ်သို့ ရောက်လေပြီ။ ငါ၏ဆွေမျိုးတို့သည်။ မြုံရိုင်း-ချင်းရိုင်းတို့နှင့်။ မစေ့စပ် မဆက်ဆံစေကုန်နှင့် အမိန့်တော်ရှိပြီးလျှင်။ အလုံးစုံသော မြုံအပေါင်းတို့ကို ဆင့်ခေါ် တော်မူ၍။ ဖိုးခေါင်တောင် ရိုး၌ ထားလေ၏။ ထိုမြုံအပေါင်းတို့သည်လည်း ငါတို့မင်းမျိုးမင်းနွယ်မှန်ပြီဖြစ်သောကြောင့်။ မြုံတို့၏ အဝတ်အသုံး အဆောင်ကို ပယ်ချွတ်ပြီးလျှင်။ ဖိုးခေါင်တောင်ရိုး၌ထားခဲ့၍။ အရှေ့ပြူတို့၏ အဝတ်တန်းဆာ အဆင်အယင်ကို ပီစွာဆင်ယင်လျက်။ ဝေသာလီမြို့တော်သို့ လာရောက်ကြကုန်၍။ တဖန် ဖိုးခေါင်တောင်ရိုးသို့ပြန်ပြီးလျှင် လုပ်ကိုင် စားသောက်၍ နေကြကုန်၏။ ထိုမြုံအပေါင်း၊ ချင်းအပေါင်းတို့သည် ကာလရှည်လတ်သဖြင့်။ အရှေ့ဘက်မြေအပြင်သို့ ဆင်းသက်၍ လယ်ချောင်းမိုယ်းမြေ လုပ်ကြလေသော်။ အရှေ့ဘက် ပုဂံပြည်တိုင်အောင်။ နှံ့စပ်လေ၏။ အကြည် အောက်ဘက် သက်လေသော မြုံ-ချင်းဟူသမျှကို။ အောက်သားဟူ၍ အမှတ်ဝေါဟာအားဖြင့် ထားကုန်၏။ ဝေသာလီ မြို့တော်၌ နေသောသူတို့ကိုကား။*မရမာဟုခေါ်ကြသတည်း။ ထိုမြုံမင်း အမြထူးလက်ထက်အခါ သရေခေတ္တရာ ရသေ့ပြည်ကြီးကို အစိုးရသောပြူမင်းသည်။ ဇမ္ဗူဒီပါလက်ျာ အပြင်ထက်ဝယ်၊ မင်းတကာတို့၏ အရှင်ဖြစ်သော စူဠတိုင်း စန္ဒရားမင်းကြီးသည်။ နဂါးပြည်သို့ ပါသွားလေရာ။ ဝေသာလီရွှေနန်းကို-မြုံညီနောင်သုံးယောက်တို့ မင်းပြုကြကြောင်းကို ကြားလေသော်၊ အမျက်တော်ရှိသဖြင့်။ စစ်သည်သူရဲအပေါင်း ကိုးသောင်းခြံရံလျက်၊ ဖိုးခေါင်တောင်ရိုးက စစ်ပြုမည်ဟု ချီတော်မူလာရာ။ ရက္ခိုင်ပြည်အတွင်း၊ ပြိုင်တောင်ခြေရင်းသို့ ရောက်လာ၏။ ထိုအခါ အိမ်ရှေ့အမြကူသား-ပေးဖြူ မင်းသားလည်း၊ ထိုအကြောင်းကို ကြားလေလျှင်။ ပြူမင်းအထံသို့ ချဉ်းကပ်လျက်။ အကျွန်ုပ် ဘကြီးတော်သည် အကျွန်ုပ် အဘကို သတ်လေသောကြောင့်။ ဘကြီးတော်မြုံမင်း ဦးခေါင်းကို ဖြတ်ရလေအောင်။ အရှင်မင်းကြီးထံ စစ်ပင့်လာမည် ကြံစည်၍နေရာဝယ်။ အရှင်မင်းမြတ် ရောက်တော်မူလာသည်ကား။ အကျွန်ုပ်ကို နတ်လျှင်,မ,သတည်း။ အရှင်မင်းမြတ်၊ ဤအဥ္စနနဒီမြစ်ကြီး၏ ကူးတို့ကိုကား၊ အကျွန်ုပ် ပို့သပါမည်ဟု လျှောက်လေသော်။ ပြူမင်းလည်း အလွန်ဝမ်းမြောက် တော်မူပေ၏။ ပေးဖြူမင်းသားလည်း နေနတ်သား၊ လနတ်သား၊ သိကြား၊ ဗြဟ္မာ၊ နတ်များစွာတို့ကို ရိုသေစွာ ရှိခိုးလျက် ဤသို့ သစ္စာဓိဋ္ဌာန်ပြု၏။ ဩော် ငါသည် အကယ်စင်စစ်။ ဤရန်ညစ်ကို။ နှိပ်ကွပ်အောင်မြင်ပါသည်ဖြစ်အံ့၊ ခုနစ်ရက် တိုင်တိုင်မိုက်စေသောဝ်။ ဒါးလှံလက်နက်အပြည့်ထည့်လျှက်။လှေတစ်စင်းကို ရစေသောဝ်ဟု အဓိဋ္ဌာန်သစ္စာပြုလေလျှင်။ ဓိဋ္ဌာန်သည်အားလျော်စွာ၊ လက်နက်အပြည့်ပါသော ဂွတ်လှေတစ်စင်းမှာ လူယောင်ဆောင်ခါ၊ နတ်သုံးကျိပ်ကျော် ဆောင်ယူလာ၍၊ မကြာခင် ပေးဖြူမင်းသားအား ဆောက်နှင်းဆက်သလာ၏။ ခုနစ်ရက်ပတ်လုံး မိုးတိမ်ဖုံးသဖြင့် အမိုက်အတိလည်း ဖြစ်လေ၏။ ထိုပေးဖြူမင်းသားသည် နတ်တို့ဆက်သသော လှေယာဉ်ဖြင့် ကူးတို့တင်၍၊ ပြူစစ်သည် တို့ကို တောင်တစ်လုံးသို့ ဆောင်ကြဉ်း၍။ ခုနစ်ရက် ခုနစ်ညဥ့်ပတ်လုံး သတ်လေလျှင်။ ပြူစစ်သည် တစ်သောင်းမျှသာ ကြွင်း၍။ ရှစ်သောင်းသော ပြူစစ်သည်တို့သည် သေကြေပျက်စီးကုန်၏။ ခုနစ်ရက်စေ့လျှင် အလင်းကို ရကြပြန်လေ၏။ ပြူမင်းလည်း ကြွင်းသောစစ်သည်တို့နှင့် ပြိုင်တိုင်တောင်ထက်သို့ တက်တော်မူ၍၊ ငါ၏ရဲမက်ဗိုလ်ပါတို့သည်၊ အဘယ် အရပ်မှာစုဆောင်း၍၊ နေကြရှာသနည်းဟု ကြည့်လတ်သော်။ တောင်ကြီးတစ်ခုထက်တွင် သေကြေပျက်စီးသည်ကိုမြင် လေမှ၊ မြုံကျွန်သားကား ငါတို့ကို ဥပါယ်ဖြင့် လှည့်ဖြား၍ သတ်သဖြင့်၊ ပြူအပေါင်းကုန်လေပြီဟု ကြောက်လန့်တုန်လှုပ်စွာ ဖြစ်၍ ပြန်သွားကြလေကုန်၏။ ပြူအပေါင်း ဦးခေါင်း-လည်ပင်းပြတ်၍ စုပုံလျက်ရှိသောအရပ်ကို။ *ဝသေ့တောင်ဟု ပြူတို့ဘာသာဖြင့်၊ ဤနေ့တိုင်အောင် ခေါ်စမှတ်ပြုကုန်၏။ ထိုပြူအပေါင်းတို့၏ ဥစ္စာပစ္စည်းစုဆောင်း၍ ထားသောတောင် ကို *ရွှေတောင်ဟု ဤနေ့တိုင်အောင် ခေါ်စမှတ်ပြုကုန်၏။ ဘကြီးတော်ဖြစ်သော အမြထူးမင်းလည်း။ ညီတော်သား ဖြစ်သော ပေးဖြူမင်းသား၏ ဘုန်းတန်းခိုးလက်ရုံး ကြီးမြင့်သောအကြောင်းကို ကြားလေလျှင်။ ငါ့ကိုလည်း သတ်လတ္တံ့ဟု ကြောက်ရွံ့၍ သွေးအန်သောရောဂါဖြင့် စည်းစိမ်ခုနစ်နှစ်တွင်လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်။ ပေးဖြူမင်းသားကို အမှူးအမတ် ပြည်သူ တိုင်းသားတို့သည် ညီညွတ်တိုင်ပင်၍။ စန္ဒာဒေဝီမိဖုရားနှင့်ပင်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၃၂၆-ခု ပြာသိုလတွင် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူစေ၏။ ထိုပေးဖြူမင်းလည်း၊ အလိုတော်ပြည့်လျှင်။ ဤဝေသာလီမြို့သည် ကိန်းခန်းကုန်လေပြီဟု။ သက္ကရာဇ် ၃၂၆-ခု တပေါင်းလတွင် မြောက်ဦးမြို့ကို တည်ထောင်၍ မင်းပြု၏။ ထိုမြောက်ဦးမြို့၌ တစ်ဆယ့်နှစ်နှစ်ရောက်လတ်သော်။ ရှမ်းသိုဟံဘွားကြီးသည်။ ကိုးသိန်းသော ရှမ်းသူရဲအပေါင်းနှင့်။ လေးမြို့မြစ်ညာဖျားက ဆင်းသက်ပြီးလျှင်။ အဥ္စနနဒီမြစ် ကို စုန်ဆင်း၍ စစ်မက်ကြီးစွာ ကပ်လာလတ်သော်။ ပေးဖြူမင်းကြီးသည်၊ စစ်အင်္ဂါမတန်သောကြောင့်။ မိဖုရားနှင့်တကွ။ မောင်းမမိဿံအပေါင်းကိုယူလျက်။ ပါစွမ်းသမျှ အမှူးအမတ်တို့ကို ဆောင်ကြဉ်း၍၊ သက္ကရာဇ် ၃၃၈-ခု၌၊ ရိုးဖျားသပိတ်

တောင်မြို့သို့ ပြောင်း၍နေလေ၏။ မဟာမုနိရုပ်ရှင်တော်၏ သိမ်တန်ဆောင်းတော် အရှေ့ဘက်အပြင်တွင်။ တပ်တည်၍ ရွှေးရှေးစန္ဒရားမင်းတို့ လုပ်ဆောင်လှူဒါန်းထားခဲ့သော ရွှေအုဌ်၊ ငွေအုဌ်၊ ရွှေပြား၊ ငွေပြား၊ ဂူတော်တွင်စီသော ကျောက်အမျက်၊ ဂူတော်ထက်တည်ထားသော ရွှေသားစေတီငါးလုံး၊ ရွှေစန်းတော် ငွေစန်းတော်တို့ကို ယူဆောင်သွားလေ၏။ မဟာမုနိတန်းဆောင်းတော်က ယူသွားလေသော ပစ္စည်းသည်ကား၊ သုံးမင်း လေးမင်းစားသောက်လောက်အောင် များပြားစွာရှိ၏။ သိမ်တန်ဆောင်းတော်ကိုလည်း မီးတိုက်လေ၏။ မဟာရာမ်တံတိုင်းကိုလည်း ဖျက်ဆီးခဲ့၏။ သစ်ပင်ကြီး ဟူသမျှကိုလည်း ခုတ်ဖြတ်ပယ်ချ၏။ ဘမ်းမိသော ရက္ခိုင်လူမျိုးတို့ကိုလည်း ဘေးဆီးရန်ကာ ယူဆောင်၍သွားလေ၏။ ဇင်းရှမ်းသိုဟံဘွား တိုက်ခိုက်ဖျက်ဆီးသည်မှစ၍၊ တစ်ဆယ့်နှစ်နှစ် ပတ်လုံး၊ ရက္ခိုင်ပြည်ကို ရုံခါရှမ်းတို့ ပိုင်လေသည်။ ရုံခါအရှေ့မြန်မာမင်းတို့ အပိုင်ခံလေသတည်း။ ။ ဒွါရာဝတီသံတွဲမြို့ကိုကား၊ တလိုင်းမင်းတို့ အပိုင်ခံလေ၏ဟု-ရာဇဝင် ဟောင်း၌ဆိုသည်။

ပုဂံပြည်ကို အစိုးရသော အနော်ရထာမင်းကြီးသည်၊ သူရဲတစ်သိန်းနှင့် ချီတော်မူလာ၏။ မဟာမုနိရုပ်ရှင်တော် မြတ်ကို ပင့်ဆောင်မည်ဟု ကြံ၍၊ ပုဂံပြည်သို့သွားသော ဗူးရွက်မည်းလမ်းကိုလည်း ဖောက်တော်မူ၏။ တစ်နေ့သောအခါ အနော်ရထာမင်းကြီးသည် စက်တော်ခေါ်ရာ၊ အိပ်မက်တော် ပေးလာ၏။ သင်မင်းကြီးသည် ငါ၏နောင်တော် ဂေါတမဘုရားကြွလာတော်မူမှ၊ ငါ၏ကိုယ်ကို ပင့်လို့ရမည်ဟု အိပ်မက်ပေးတော်မူလေသည်။ အနော်ရထာမင်းကြီးလည်း၊ ငါးလပတ်လုံး ကြံစည်သော်လည်း မပင့်မဆောင်နိုင်သောကြောင့်။ သိမ်တန်ဆောင်းတို့ကို ဆောက်လုပ်လှူဒါန်း၍ထားခဲ့ ၏။ ရုပ်ရှင်တော်မြတ်၏ သင်းကျစ်တော်ကို ယူအံ့ဟု ကြံစည်အားထုတ်သော်လည်း။ သင်းကျစ်တော်သည် ကောင်းကင် ပြင်သို့ ထန်းသုံးဆင့်မျှလောက် ပျံတက်၍နေလေရာ။ လူအပေါင်းများစွာလည်း၊ အရောင်တော်ကိုသာမြင်၍ ကြည့်ရှုကာ နေရ၏။ ထိုအကြောင်းကို သိကြားမင်းမြင်လေသော်၊ ကိုယ်တိုင်လာပြီးလျှင်၊ သင်းကျစ်တော်အစစ်ကို သိုမှီးထားပြီးလျှင်။ သင်းကျစ်တော်ပွားကို နော်ရထာမင်းကြီးအား၊ ပေးလိုက်၏။ ရွှေဘုရား၊ ငွေဘုရားများစွာကို ပင့်ဆောင်လျက် သင်းကျစ် တော်ပွါးနှင့်တကွ။ ပင့်ဆောင်ယူထားပြီးမှ၊ အနော်ရထာမင်းတရားကြီးသည်။ အရှေ့ပုဂံပြည်သို့ စစ်သည်သူရဲနှင့်တကွ ပြန်လည်တော်မူလေ၏။

----------***---------

## ၁၃- စန္ဒဒေဝီမိဖုရား၊ သားတော် ပေင်တေုံ့မင်း၏ အဠ္ဌပ္ပတ္တိကို အကျယ်ပြဆိုခြင်း။

ထိုအခါ၊ ရက္ခိုင်ပြည်မှာ မင်းဆက်ပြတ်လျက် ရှိနေရာတွင်။ စူဠတိုင်း စန္ဒရားမင်းကြီး။ သင်းထွေးပြည်သို့ ချီစဉ်အခါ၊ မိဖုရားစန္ဒာဒေဝီမှာ၊ သန္ဓေသုံးလနှင့် ကျန်ရစ်သောသားတော်သည် ဘွားမြင်ရှိရာ။ ငယ်ရွယ်သောအခါကပင်၊ မြို့မင်းလက်က လွတ်ထွက်သွားရာ၊ သက်နိုင်ငံအရပ်။ စစ်တန်းတင်မြို့သို့ ပြောင်းရွှေ့ဝှက်ထားရှိလေသဖြင့်၊ သက်လူမျိုး တို့ ဘာသာဖြင့် ဝေါဟာခေါ်တွင်သော ပေင် တေုံးမင်းသားသည်၊ အနော်ရထာမင်းကြီးပြန်သွားပြီးနောက်။ သက္ကရာဇ် ၃၅၆-ခုအရောက်တွင်။ မိဖုရားသီရိဒေဝီနှင့် အဘိသိက်ခံ၍။ ရက္ခိုင်ပြည်ကြီးကို ထီးနန်းစိုးအုပ်ပြန်လေ၏။ ထိုမင်းသည် စမ္ဗဝက်မြို့ကို တည်ထောင်ပြုစု၏။ ထိုမင်းအား သက်သူရဲအပေါင်း ထောင်သောင်းမက ပါလာ၏။ ထိုမင်း၏ဘုန်းတေဇာ ကြောင့် မိုးကြိုးကန်ဟောင်းမှာ နဂါးမင်းတစ်ဦးနေလာ၏။ ထိုနဂါးမင်း၏တန်းခိုးအာဏာဖြင့် မိုယ်းကောင်းမွန်စွာ ရွာ၏။ ပြည်သူရွာသား ချမ်းသာပွား၏။ ပြည်သူအပေါင်းလိုသော ဆုကိုတောင်းလျှင်။ မကြာခင်ပြည့်စုံသည်ချည်း။ ထိုမင်းလက်ထက် နှမအပြင် ပဟိုရ်စင်၌ထားသော ပိတောက်စည်ကို တီးလျှင်၊ ပုဂံပြည်ရှင် အစိုးရမင်းတို့ တစ်နေ့သုံးကြိမ် လန့်ဖြံ့သဖြင့်။ အကြောင်းကို စစ်ကြောလေရာ။ ရက္ခိုင်မင်း၏ ဘုန်းတေဇာဟု ဟုတ်မှန်စွာ သိလေကြရာ။ လိမ္မာသော အင်းယတြာ၊ ဂါထာမန္တန်၊ ဗေဒင်ကျမ်းတတ်သောသူတို့နှင့် နှီးနှောတိုင်ပင်၍၊ ပုဂံပြည့်ရှင်မင်း အသုံးတော်ခံ၊ အလိမ္မာ ဉာဏ်ရှိသော သူနှစ်ယောက်ကို။ ရွှေငွေဘဏ္ဍာနှင့်တကွ၊ မြင်းလုံးဆင်ရုံ၊ လူများစွာ ဝိုင်းဝန်း၍၊ မင်းဒဏ်ရှိယောင် အသွင်တူ-ဆောင်ပြီးခါ၊ ရက္ခိုင်ပြည်သို့ စေလွှတ်ရောက်လာ၏။ ထိုအခါ ရက္ခိုင်ပြည်မှာ အထူးဝပြောသာယာသည်နှင့် လူပညာရှိနည်းပါး၍၊ မင်းကြီးထံ ထိုသူနှစ်ယောက်ခစားလျှင်၊ ပြည်ရှင်မင်းနှင့်တကွ။ ပြည်သူပြည်သား လူအများတို့သည် လေးစားယုံကြည်ကြကုန်၏။ ထိုသူနှစ်ယောက်တို့သည်၊ ဘုမ္မိရပ်အတတ်ပညာကိုပြ၍ လိမ်လည်ရာ၌။ ရွှေအိုး ငွေအိုးတို့ကို ရှေးဦးစွာမြှုပ်ထား။ ဟူးရားထွက်-သစ်ပျံကျမ်းအဟောဖြင့်။ မည်သည့်တော၊ မည်သည့်သစ်ပင်မှာ တူးလေ။ ဤမျှသော ရွှေအိုး-ငွေအိုးကိုရလိမ့်မည်ဟု ဟောပြောသည့်အလျောက်။ အခြားသူတို့ တူးဖော်ရှာဖွေရာ၊ ရွှေအိုး ငွေအိုး များစွာရ၏။ ထိုကဲ့သို့ များစွာရွှေငွေအကုန်ခံ၍ စဉ်းလဲသောဉာဏ်ဖြင့် ဟောပြော ရာ။ လူများစွာတို့ ယုံကြည်ရှိကြရာ

တွင်။ နဂါးမင်းနေသော မိုးကြိုးကန်မှာလည်း။ ရွှေချိန်ဆယ်ပိဿာ ဟင်္သာရုပ်တစ်ခုကို၊ လူမသိရအောင်ပစ်ထား၍၊ ပြည့်ရှင်မင်းအား လျှောက်ကြားသည်မှာ ဘုန်းတေဇာသခင်-အရှင်မင်းတရား။ မိုးကြိုးကန် မှာ။ ရွှေချိန်ဆယ်ပိဿာရှိ ဟင်္သာရုပ်တစ်ခု ရှိပါသည်။ နဂါးတန်ခိုးကြောင့် ပြည့်ရှင်မင်းအား သက်တော်မရှည်ရာ။ ဘုန်းတေဇာသည် မှေးမှိန်ရာသော အကြောင်းရှိရာသည်။ အကျွန်ုပ်တို့ သစ်ပုံကျမ်းထွက်အဟောဖြစ်ပါသည်ဟု လျှောက်ကြားလေလျှင်။ ထိုသူလျှိုတို့ စကားကို မင်းကြီးယူမှား၍။ နဂါးနေသော မိုးကြိုးကန်အထက်၌ ဖိုတည်ပြီးလျှင်။ ကျောက်အုတ်များစွာတင်၍။ ဖိုကျင်းထိုးလျက်။ မီးခဲပမာ ကျောက်အုတ်များစွာကို၊ ပစ်ချလေရာ၊ ပူပြင်းစွာရှိသဖြင့်၊ နဂါးမင်းကန်အတွင်းကို တူးထွင်းဘောက်ပြီးလျှင်၊ ချမ်းသာရာအရပ်သို့ သွားလေ၏။ ထိုအခါ သစ်ပုံကျမ်းဆရာတို့လည်း၊ ကန်ထဲမှာရှိသော ရွှေဟင်္သာရုပ်ကိုယူ၍၊ မင်းအားဆက်သလေလျှင်၊ ပြည့်ရှင်မင်းလည်း ရှေးကထက်ပင် ယုံကြည်ပြန်၏။ နဂါးမင်းလည်း မာရ်အောင်ကျွန်းသို့ သွား၍နေလေ၏။ ထို့နောက်ပြည့်ရှင်မင်းကို လျှောက်၍၊ ပိတော်စည်တော်ကြီးဖြတ်ဘောက်ပြန်လေ၏။ ထိုနောက် ယတြာများစွာ ပြုလေလျှင်။ ရက္ခိုင်ပြည် စမ္ဗဝက်မြို့သား လူအများတို့သည် စနောင့်စနင်းအချင်းချင်း ဖြစ်ကြကုန်၏။ ထိုအကြောင်းကို သစ်ပုံကျမ်းအမတ် လူလိမ်နှစ်ယောက်တို့သည်။ ထိုရက္ခိုင်ပြည်၏ အကြောင်းကို။ ပုဂံပြည်ကို အစိုးရသော ဇောဓိဘေရီအမည်ရှိသော အလောင်းစည်သူမင်းကြီးအား လျှောက်ကြားလေလျှင်၊ အလောင်းစည်သူမင်းကြီးသည် သူရဲများစွာနှင့် ချီလာ၍။ ငပင်ငတုံးမင်းကို တိုက်လေသော်။ စစ်ပွဲတွင် ရက္ခိုင်မင်းကျလေ၏။ ထိုငပင် ငတုံးမင်းသည် အိမ်နိမ့်သုံးဆယ့်ကိုးနှစ်၊ နန်းစည်းစိမ် နှစ်ဆယ့်လေးနှစ်၊ နှစ်စုသက်တော် ခြောက်ဆယ့်သုံးနှစ်တွင် လွန်တော်မူလေ၏။

--------------***-------------

## ၁၄-စန္ဒကူးမင်းသားတော် ခေတ္တသင်မင်းသားကို၊ ပုဂံပြည်ရှင် အလောင်းစည်သူကြီး နန်းတင်လာသော အဋ္ဌုပ္ပတ္တိကို အကျယ်ပြခြင်း

ပုဂံပြည်ရှင် အလောင်းစည်သူမင်းတရားသည်၊ ရိုးဖျား သပိတ်တောင်မြို့တွင် နေသော အထက်စူဠတိုင်း-စန္ဒရာမင်း၏တူတော်။ စန္ဒကူးမင်း၏သားတော် ခေတ္တသင်မင်းသား။ စန္ဒသင်မင်းသား။ နှမတော်သီရိကုမ္မာရီ သုံးယောက်ရှိသည်တွင်။ နောင်တော်ခေတ္တသင်မင်းသားနှင့်၊ နှမတော်သီရိကုမ္မာရီကို စုံဘက်တော်မူ၍၊ ရက္ခိုင်ပြည် စမ္ဗဝက်မြို့၌။ ထီးနန်းကို အပ်နှင်း၍မင်းမြှောက်တော်မူပြီးလျှင်၊ ပုဂံပြည်သို့ ပြန်လည်တော်မူလေ၏။ ထိုခေတ္တသင်မင်းကြီးသည် စမ္ဗဝက်မြို့မှခွာထွက်ပြီးလျှင် တောင်ဘက်အရပ်မျက်နှာသို့သွား၍ ပဏ္ဍာမြို့ကို တည်ထောင်၍ နန်စည်းစိမ်ကို ခံစားတော်မူလျှက် နေလေ၏။ ထိုမင်းကား အိမ်နိမ့် နှစ်ဆယ့်လေးနှစ်၊ နန်းစည်းစိမ် နှစ်ဆယ်၊ နှစ်စုသက်တော် လေးဆယ့်လေးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းနတ်ရွာစံတော်မူလေလျှင်၊ ညီတော်အိမ်ရှေ့မင်း စန္ဒသင်မင်းသားသည် နှမတော်သီရိကုမ္မာရီနှင့်ပင်၊ နောင်တော်မင်းကြီးအတူ ထီးနန်းစည်းစိမ်ကို သိမ်းမြန်းပိုက်ထုပ် စိုးအုပ်တော်မူလေ၏။ ထိုမင်းသည်ကား အိမ်နိမ့်သုံးဆယ့်တစ်နှစ်၊ နန်းစည်းစိမ် တစ်ဆယ့်တစ်နှစ်၊ နှစ်စုသက်တော် လေးဆယ့်နှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

(စန္ဒသင်မင်းကြီး၏ သားတော် မင်းရဲဖြူလက်ထက်မှစ၍ မင်းကုလားကြီးလက်ထက်တိုင်အောင်။ မင်းဆယ်ဆက်တို့၏ လက်ထက်၌မှတ်သားရန် စကားအဓိပ္ပါယ်အထူးမရှိ၍၊ အကျယ်မရေးလိုက်သည်။ ထိုမင်းတို့အမည်။ အိမ်နိမ့်စံ၊ ထီးနန်းစံ၊ အသက်အပိုင်းအခြားကို အကျဉ်းပြဂဏန်းပုံပြင်မှာ ကြည့်ရှု၍ မှတ်ကြလေ)။

---------***---------

## ၁၅-မင်းဘီလူးကို အမတ်သစ်ယာပုန်စားပြီးလျှင်၊ ထီးနန်းစိုးစံသော အဋ္ဌုပ္ပတ္တိကိုပြဆိုခြင်း။

ထိုမင်းဆယ်ဆက်တို့တွင်၊ မင်းကုလားကြီးနတ်ရွာစံတော်မူလေလျှင်၊ သားတော်မင်းဘီလူးသည် စောစစ်မိဖုရားနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၄၃၇-ခုနှစ်တွင် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းဘီလူး၌ကား၊ မင်းရဲဘယဟူသော သားတော်လည်း တစ်ယောက်၊ စောပေါက်ညိုဟူသော သမီးတော်လည်း တစ်ယောက်၊ ဤသို့ သားတော် သမီးတော်နှစ်ပါးရှိသတည်း။ ထိုသားတော် မင်းရဲဘယနှင့် သမီးတော်စောပေါညိုကို။ မောင်နှမရင်းချာ

ထိမ်းမြားတော်မူ၍၊ အိမ်ရှေ့အရာ၌ ထားတော်မူ၏။ ထိုမင်းကြီး၏အမတ် အသင်္ခယာ-ထားပိုင်ကြီးသည်၊ မိမိ၏အရှင်ဖြစ်သော မင်းဘီလူးအား ပုန်စားပုန်ကန်ပြုရအံ့သော အကြံအစည်ကိုသာ အခါခပ်သိမ်းကြံစည်လျက်၊ စနည်းတဘောင်နာလျက်နေလေရာ။ ဝရောင်းငှက်တစ်ကောင်သည်၊ မိမိဘာသာစကားဖြင့်၊ ကောင်းစွဟူသောအသံကို မြည်တမ်းလေလျှင်၊ ထိုအသံကို စနည်းယူ၍၊ ငါမင်းဖြစ်သောကောင်းအံ့ဟု နှလုံးပိုက်သဖြင့်။ ပြည့်ရှင်မင်းဘီလူးကို ပုန်ကန်တိုက်ခိုက်လေသော်၊ အမတ်ကြီးအသင်္ခယာသည် မင်းဘီလူးကို အောင်နိုင်သဖြင့်၊ မင်းအဖြစ်ကို ရလေ၏။ ဝရောင်းငှက်ထံစနည်းခံသောကြောင့်၊ မင်းအဖြစ်သို့ ရောက်တော်မူလျှင်။ *ဝရောင်းငှက် စနည်းမင်းဟု အမည်တွင်၏။ ထိုဝရောင်းငှက်စနည်းမင်းသည်၊ အရှင်မင်းဘီလူးကို ပုန်စားသောအခါ၊ အရှင်မင်းဘီလူး၏ သားတော်အိမ်ရှေ့မင်းရဲဘယသည်၊ မိဖုရားစောပေါ်ညိုနှင့်တကွ အရှေ့ပုဂံပြည်သို့ သွားပြီးလျှင်၊ အလောင်းစည်သူငယ်မင်းထံ ခစား၍နေလေ၏။ ပုဂံပြည့်ရှင်အလောင်းစည်သူငယ်မင်းလည်း သားတော်အမှတ်ဖြင့် မွေးမြူတော်မူ၏။ ။ ထိုဝရောင်းငှက် စနည်းမင်းသည်နန်းစည်းစိမ် တစ်ဆယ့်လေးနှစ်တွင် လွန်တော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော် မင်းသံကြီးသည် သက္ကရာဇ် ၄၅၄-ခု သီတင်းကျွတ်လတွင်၊ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလက်ထက် ပုဂံပြည့်ရှင် အလောင်းစည်သူငယ်မင်းသည် အမတ်တော်လကျ်ာကြီးကို၊ မဟာမြတ်မုနိသိမ်တော်ကို ဆောက်စေခြင်းငှာ၊ သူရဲငါးသောင်းနှင့်တကွ၊ စေလွှတ်လိုက်၍၊ စေတုတ္တရာတွင်တပ်ချ၍နေပြီးမှ။ ရက္ခိုင်ပြည့်ရှင်မင်းထံ သိမ်တော်ဆောက်လိုကြောင်းနှင့် တောင်းပန်လေသော်၊ ရက္ခိုင်မင်းလည်းခွင့်ပေးတော်မူ၏။ အမတ်လကျ်ာကြီးလည်း မဟာမြတ်မုနိ ရုပ်ရှင်တော်၏ သိမ်ကိုဆောက်လုပ်၍ လှူဒါန်းသဖြင့်ပြန်လေ၏။ ရက္ခိုင်ပြည့်ရှင် မင်းသံကြီးလည်း၊ တစ်တိုင်းတစ်ပြည်က ဆောက်လုပ်ထားသော၊ တန်ဆောင်းတော်ကို၊ အလိုမရှိသဖြင့်၊ ဖျက်ဆီးပြီးလျှင်၊ အသစ်သော သိမ်တော်ကို၊ ဆောက်လုပ်ပြန်လေ၏။ ထိုမင်းသံကြီးသည်ကား အိမ်နိမ့်သုံးဆယ့်လေးနှစ်၊ စည်းစိမ်ရှစ်နှစ်၊ သက်တော်လေးဆယ့်နှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်၊ သားတော် မင်းပတိသည် သက္ကရာဇ် ၄၆၂-ခုနှစ်တွင်၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလက်ထက်အခါ၊ ပုဂံမင်းထံခစား၍၊ ရှိနေသော မင်းရဲဘယ၏ မိဖုရားစောပေါက်ညိုတွင် ဘွားမြင်သော လကျ်ာမင်းနန်-ဟူသော သားတော်တစ်ပါး။ ရွှေကူသာဟူသော သမီးတော်တစ်ပါးရှိရာ။ မောင်နှမချင်း ပေးမြားလေ၏။ ထိုသားတော် သမီးတော်တို့ကိုလည်း၊ ဘိုးတော်မင်းကြီးထံ ခစားစေ၏။ တရံရောအခါ၊ မင်းရဲဘယသည်ပြင်းထန်သောဝေဒနာကပ်ရောက်လေလျှင်။ သားတော်လကျ်ာမင်းနန်ကို ခေါ်တော်မူ၍၊ ငါ့သားတော်၊ ငါသည်သားတော်သမီးတော်တို့နှင့်တကွ။ ပေါက္ကာရာမသို့လာ၍၊ သင်၏ဘိုးတော်မင်းကြီးထံ ခစားပါသော်လည်း။ ဘိုးဘတို့၏ရိုးရာတော်ဖြစ်သော ဓညဝတီရက္ခိုင်ပြည်ကို မရပါသောကြောင့်။ သားတော်လကျ်ာမင်းနန်၊ သမီးတော်ရွှေကူသာတို့မျက်နှာကို ကြည့်ရှု၍သာနေရ၏။ ငါသေလွန်လျှင် သားတော်မင်းသည် ဘိုးတော်မင်းကြီးအား လျှောက်ထား၍ ဓညဝတီရက္ခိုင်ပြည်ကို မင်းပြုရစ်။ ဤသင်၏ဘိုးတော်လက်ထက်မှ၊ ဓညဝတီသို့ မပြန်ရလျှင်၊ နောက်မင်းတို့လက်ထက်၌၊ ပြန်ရမည်မဟုတ်။ အဘယ့်ကြောင့်နည်းဟူမူ။ ဤမင်းတရားကြီးသာလျှင် ဆင်မြင်းရထားစစ်သည် ဗိုလ်ပါများသည်၊ လုပ်ရေးကြံရေး၊ ပညာအမြော်အမြင် ရှိလှသည်။ ဤမင်းတရားကြီးအားထုတ်၍ ပေးတော်မူအောင် ကြံရမည်။ အဘယ်သို့ပြုရမည်နည်းဟူသော် ဘိုးတော်မင်းကြီး ဦးဆေးမင်္ဂလာပြုသောအခါ၊ ရက္ခိုင်တို့ဘာသာ ဆံပင်ကို နောက်တွဲထုံး၍၊ မင်းကြီးမြင်အောင် နေလေဟု၊ သားအားမှာခဲ့၍ မင်းရဲဘယသေလေ၏။

----------***----------

## ၁၆-မင်းရဲဘယ သားတော်လကျ်ာမင်းနန်ကို ပုဂံပြည့်ရှင် အလောင်းစည်သူငယ်မင်း ရက္ခိုင်ပြည်တွင် ထီးနန်းတင်လာသော အဋ္ဌုပ္ပတ္တိကိုပြဆိုခြင်း။

သားတော် လကျ်ာမင်းနန်သည်လည်း၊ အဘမှာခဲ့တိုင်း မင်းကြီး၏ဦးဆေးမင်္ဂလာအခါတွင်၊ ရက္ခိုင်ပြည်၏ဘာသာအစဉ်။ ဆံပင်ကို နောက်တွဲထုံး၍ မင်းကြီးမြင်အောင်နေလေ၏။ ပုဂံပြည့်ရှင်မင်းလည်း၊ မင်္ဂလာအခါတော်တွင်၊ မင်္ဂလာမဲ့ပြုရာသလောဟု-သတ်စေဟု အမိန့်တော် ထုတ်လေရာ။ လကျ်ာမင်းနန်လည်း၊ သတ်တော်မူလျှင် သေရပါမည်။ ဘိုးတော်မင်းထံ သံတော်ဦးတင်ရပါစေဦးဟု တောင်းပန်၍။ အဘမင်းရဲဘယမှာတိုင်း လျှောက်လေ၏။ အလောင်းစည်သူငယ်မင်းကြီးလည်း သနားတော်မူလှ၍။ အမိန့်တော်ကိုနုတ်ပြီးလျှင်။ အမတ်လကျ်ာကြီးကို ဗိုလ်မှူးခန့်ပြီး၍၊

မြန်မာကိုးတပ်။ သူရဲတစ်သိန်းနှင့်။ ကြည်းကြောင်း။ တလိုင်းကိုးတပ်၊ သူရဲတစ်သိန်းနှင့် လက်ျာမင်းနန်ကို ရေကြောင်း ချီစေ၍၊ ချီလာကြောင်းကို ရက္ခိုင်မင်း၊ မင်းပတိကြားသိလေလျှင်၊ လှေတက်စီရင်၍၊ ပဋိက္ကရားတောင်ညိုက ဆီး၍ တိုက်လေလျှင် ကုန်းကြောင်းတပ် ပျက်လေ၏။ ထိုအကြောင်းကို ကြားတော်မူလေလျှင်၊ အလောင်းစည်သူငယ်မင်း အမျက်ထွက်တော်မူ၍။ များစွာသော ရဲမက်ထပ်လောင်း၍ ချီစေပြန်သော်။ မင်းပတိလည်း မခံနိုင်၍။ နန်းထက်တွင် သတ်ရလေ၏။ ထီးရိုး၊ နန်းရိုး၊ မင်းမျိုးမှန်သော <u>လက်ျာမင်းနန်၊</u> နှမတော်ရွှေကူသာတို့ကို၊ ရက္ခိုင်ရွှေထီးရွှေနန်းကို ပေးအပ်ဆောက်နှင်းတော်မူလေ၏။ ထိုအကြောင်းကို၊ ကဗျာလင်္ကာဆောင်၍။ (ရက္ခိုင်မင်းသမီးဧးချင်းတွင်)။

ဧးသည်တစ်ချက်၊ စမ္ဘဝက်၌။ ဘုန်းသက်စည်ပြုန်း။ ဆယ်ယောက်ကြုံးတွင်။ အဆုံးစွန်မှူး။ မင်းဘီလူးကို။ ကြံထူးလှည့်ပတ်။ ပုန်ကန်သတ်၍။ မတ်အသခ်ယာ။ မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်ရွှေ့သာ။ ပဥ္စာမြို့ ဟောင်း။ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့်။ ကြွခဲ့ရွှေပြည်၊ ဆွေနှစ်မည်တွင်။ မြင်သည် သည်းချာ၊ ရွှေကူသာနှင့်။ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍၊ <u>တလိုင်းတသိန်း။ ပြူတသိန်းနှင့်။</u> အောင်ကိန်းခါကြိမ်၊ ပြက္ခဒိန်လျော်က်။ ပရိမ်မြို့သစ်။ ထောင်လာလှစ်သည်။ ။ ချစ်၌ပြည်သူ၊ ယူသတည်းလေ။ ။ဟူ၍ စပ်ဆိုလေသည်။

ထိုလက်ျာမင်းနန်ကို အလောင်းစည်သူငယ်မင်း စေလွှတ်၍၊ နန်းတင်ထားသော ပြူနှင့်တလိုင်းတို့သည်။ မြတ်စွာဘုရား မဟာမုနိ ရှိနေတော်မူရာ အရပ်ကို ရှာလေသော်။ သီရိကုဋ္ဋတောင် မင်္ဂလာတန်ဆောင်းတော်ကြီးထက် တွေ့လေက။ နောင်တော်သဗ္ဗညုဘုရားသည်။ ငါဘုရား၏နှစ်ပါးသော ဝိပါတ်တော်ကို ငါ့ညီချစ်။ ရုပ်ရှင်တော်မဟာမုနိ သည် ခံလေဟု အမိန့်တော်ပေးခဲ့၍။ သာဝတ္ထိရွှေပြည်သို့ ပြန်လေတော်မူမည့်အခါ။ ဗျာဒိတ်စကားထားတော်မူခဲ့သော အတိုင်းပင်လျှင်။ ပြူတို့သည် ချင်းတစ်ထောင်ဖြင့်ထိုး၍၊ ရတနာကိုးပါးအတိပြီးသော နောက်တော်ကကျောသားကို ယူလေသည်။ ။ တလိုင်းစစ်သည်တို့ကား ရုပ်ရှင်တော်မြတ်၏ ပေါင်တော်ကို ဖြတ်ပြီးလျှင်၊ ယူ၍ပြန်သွားသောအခါ၊ ရင်းဝမြစ်သို့ ရောက်လေလျှင်၊ နဂါးတို့တက်၍၊ ရေပွက်၊ ဝဲခနောင်း၊ မြစ်လုံးပြောင်းပြန်၊ လှိုင်းတန်ပိုးပြင်းထန်စွာ ထလေလျှင်။ တလိုင်းစစ်သည်တို့ လှေနစ်၍။ ရုပ်ရှင်တော်မြတ်၏ ပေါင်တော်ကို နဂါးတို့ ပင့်ဆောင်ယူလေသည်။ ရုပ်ရှင်တော်မဟာမုနိဘုရားကို ဖျက်ဆီးလျက် ယူဆောင်သော ပြူ, တလိုင်းဟူသမျှတို့သည်၊ နူဝဲလေကုန်၏။ ထိုသော အရပ်ကိုလည်း။ *<u>ရမ်းဝခနောင်ကြီး</u>ဟူ၍ ဤနေ့တိုင်အောင် ခေါ်တွင်လေ၏။ ။ ဤသည်ကား။ ရခိုင်ရာဇဝင်ဟောင်း၌ လာသော စကားတည်း။

မဟာမြတ်မုနိသမိုင်း၌ကား၊ သက္ကရာဇ် ၄၈၀တွင် ပုဂံပြည့်ရှင် အလောင်းစည်သူငယ်မင်းသည်၊ ထိုလက်ျာ မင်းနန်ကို နန်းတင်စေလွှတ်တော်မူသောအခါ၊ ပြူတလိုင်းတို့သသည် မဟာမုနိရုပ်ရှင်တော်မြတ်ကို ပုဂံပြည်သို့ ပင့်ယူ ဆောင်ကြဉ်းသော်လည်း မရသဖြင့်။ ထိုမဟာမုနိရုပ်ရှင်တော်မြတ်ကို။ ချိုးဖွဲ့ဖျက်ဆီးလျက်၊ ဖိုကျင်းထိုးကြမည် ကြံစည်ကြ သောအခါ၊ မှောင်အတိမိုက်၍ <u>ကွယ်ပျောက်ပြီးလျှင်။</u> တန်ခိုးတော်အားဖြင့် လူနှင့်မနီးသော တောကြီးတစ်ခုသို့ ရောက်နေရာ။ ချင်း-ကရင်အရိုင်းအစိုင်းတို့ တွေ့မြင်ကြ၍။ နတ်ကြီးအမှတ်ဖြင့် ကိုးကွယ်ကြ၏။ မိမိတို့ရပ်ရွာ၌၊ မိုယ်းလေဝသမရွာသောအခါ၊ ကြက်-ဝက်-နွား-ကျွဲ တို့ကို သတ်ဖြတ်၍၊ သွေးချောင်းစီးစေလျက်။ ခေါင်သေရည်တို့နှင့် ပူဇော်ကြ၏။ ထိုသို့ပြုလုပ်သောအခါ၊ ကြီးစွာသောမိုယ်းရွာသဖြင့်၊ လွန်စွာအားရကြ၏။ ထိုမဟာမုနိရုပ်ရှင်တော်မြတ်ကို အရိုင်းတို့၏ဘာသာဖြင့် *မိုယ်းကောင်းနတ်ကြီးဟု အမည်မှည့်လျက်။ နိစ္စဘတ်ပူဇော် ကိုးကွယ်ကြသည်ဟု အစဉ်စကား၊ အချို့သော သမိုင်းစာတမ်းများ၌ လာသည့်အတိုင်း၊ မဟာမြတ်မုနိသမိုင်းတွင် ထည့်သွင်းလျက် ပါရှိသည်။ <u>ထိုလက်ျာ မင်းနန်မင်းကြီးသည်ကား အိမ်နိမ့်လေးဆယ့်ရှစ်နှစ်၊ နန်းစံနှစ်ဆယ့်ရှစ်နှစ်၊ သက်တော်ခုနှစ်ဆယ့်ခြောက်နှစ်တွင် နတ်ရွာစံတော်မူလေ၏။</u>

(လက်ျာမင်းနန် မင်းကြီးနောက်။ သားတော်သီဟမင်းမှစ၍၊ သာကီဝင်ငယ် မင်းကြီးလက်ထက်တိုင်အောင်၊ မင်းငါးဆက်တို့၏ လက်ထက်၌ အဓိပ္ပါယ်ထူးမရှိ၍ အကျယ်မရေးလိုက်သည်။)

ထိုမင်းငါးဆက်တို့တွင်၊ သာကီဝင်ငယ်မင်းကြီးသည်၊ နတ်ရွာစံလွန်တော်မူပြီးနောက်၊ သားတော်<u>ကောလိယ မင်းသားသည်</u> ကုမ္မာရီဟူသော မင်းသမီးနှင့် အဘိသိက်ခံ၍။ <u>ပြည်စည်းစိမ်ကို သက္ကရာဇ်၄၉၅-ခုနှစ်တွင် စိုးအုပ်တော်မူ လေ၏။</u> ထိုမင်းကား ဆင်,မြင်း, ရထား, ရဲမက်ဗိုလ်ပါတို့သည် အလွန်များမြောင်စွာ ရှိသောကြောင့်၊ ရှစ်မျက်နှာသော အရပ်၌ ခပ်သိမ်းသော ရန်သူတို့သည်၊ ဦးခေါင်းမျှထူအံ့သောငှါ မဝံ့ရှာကြသဖြင့်။ သွားလေရာရာအရပ်၌၊ ပြည်ထောင် မင်းတို့သည်၊ အတုတ်အခွန်ဘဏ္ဍာလက်ဆောင်ကို **ဖတ်မရပါ။** ထိုမင်း၏ တိုင်းနိုင်ငံကား အနောက်ကိုလည်း **ဖတ်မရ**

ပြည်အလုံးကို ပိုင်တော်မူလေ၏။ မြောက်ဘက်ကိုလည်း ပြုံးပြည်၊ ဟစ်ရုံပြည်တိုင်အောင်၊ ပိုင်တော်မူလေ၏။ အရှေ့ဘက်ကိုလည်း ပုဂံမင်း၏ နိုင်ငံအားလုံးကို ပိုင်တော်မူလေ၏။ တောင်ဘက်မှာလည်း တလိုင်းပြည်အားလုံးကို ပိုင်တော်မူလေ၏။ အရှေ့ဘက် မြောက်ထောင့်မှာလည်း မိုယ်းညင်း၊ မိုယ်းကောင်း၊ ကလေး၊ အုံးဘောင်တိုင်အောင် ပိုင်တော်မူလေ၏။ ထိုမင်းသည် အလိုတော်ခပ်သိမ်း ပြည့်လတ်လျှင်။ စန္ဒပဗ္ဗတမည်သော တောင်ထိပ်၌ ဘုရားရုပ်တုတော်တစ်ဆူကို တည်တော်မူစေ၏။ ထိုမင်းကောင်းမှုတော် တည်သောအခါ။ တာဝန်းချ၍လုပ်စေသည်ကား ပုဂံမင်း၊ မိုယ်းညင်းမင်း၊ ကလေးမင်း။ အုံးဘောင်မင်း၊ တလိုင်းမင်း၊ သူရတန်မင်း၊ ပြုံးမင်း၊ ဟစ်ရုံမင်းတို့ပင်တည်း။ ထိုမင်းတို့၏အမည်ကိုလည်း။ ဘုရားတံတိုင်း၏အတွင်း၌ ယနေ့တိုင်အောင် မော်ကွန်းကျောက်တိုင်နှင့် ထားခဲ့၏။ ထိုမင်း၏ဘုန်းတန်းခိုး အာနုဘော်တို့သည်။ ဇမ္ဗူဒီပါကျွန်းအပြင်၌ ခပ်သိမ်းသောမင်းတို့ထက် ထင်ရှားတောက်ပ၏။ ထိုကောလိယမင်းကြီးသည် အိမ်နိမ့်တစ်ဆယ့်ရှစ်နှစ်၊ စည်းစိမ်နှစ်ဆယ်၊ နှစ်စုသက်တော် သုံးဆယ့်ရှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

----------***----------

## ၁၇– ကောလိယမင်းသားတော် ဒသရာဇာမင်းကြီးလက်ထက်။ လေးလက်နက်စကြာရခြင်းကို အမျုးအမတ်တို့ လျှောက်တင်စေး၊ မဟာမုနိ ရုပ်ရှင်တော်မြတ် ကွယ်ပျောက်လျက် နေတော်မူသည်ကို။ အမတ်ထားပိုင်ကြီးတို့ကို စေလွှတ်၍ ပင့်ပြီးလျှင်၊ သီရိကူဋ်တောင်တော်၌ တန်ဆောင်းတော်ကြီး ဆောက်လုပ်၍ လှူဒါန်းခြင်း စသော အဋ္ဌုပ္ပတ္တိကို ပြဆိုခြင်း။

ထိုမင်းလွန်တော်မူလေလျှင်။ သားတော်အိမ်ရှေ့ ကုမ္မာဘယမင်းသားသည် အမရာဒေဝီမင်းသမီးနှင့်၊ သက္ကရာဇ် ၅၁၅-ခုနှစ်တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည်- သိကြားဆက်သသော လေးလက်နက်စကြာကို ရတော်မူ၏။ ဤရက္ခိုင်ပြည်တွင် စန္ဒရားမင်းကိုးဆက်လည်း အရိန္ဒမာ လှံပျံကို ရတော်မူ၏။ ထိုမင်းလည်း လေးစကြာကို ရတော်မူခြင်းသည်၊ နောက်နောင်သော စကြာရသော မင်းကိုထောက်၍၊ ဆယ်ဆက်မြောက်ဖြစ်ခဲ့သည်ကို အကြောင်းပြု၍၊ *ဒသရာဇာဟူသောအမည်ကု မှည့်ကြလေသတည်း။ ထိုဒသရာဇာမင်းကြီးသည် ခမည်းတော် ကောလိယမင်းထက် ဘုန်းလက်ရုံးအာဏာတော် တောက်ပ၏။ ခမည်းတော်ပိုင်ခဲ့သော တိုင်းနိုင်ငံထက်လည်း အလွန်ကျယ်ဝန်းသည်ဖြစ်၍။ အမတ်ကြီးတစ်ထောင့်ခြောက်ရာ ရှိ၏။ ဆင်,မြင်း,ရထားလည်း အပိုင်းအခြားမရှိ မရေတွက်နိုင်အောင် ပေါများ၏။ ထိုမင်းသည် သက်တော်ဆယ်နှစ်တွင် နန်းတက်၍။ တစ်ဆယ့်ငါးနှစ်မြောက်တွင် ဘိသိက်ခံတော်မူမည် အမိန့်တော်ရှိသောအခါ ဘိသိက်ခံသောအခါ၊ ကြိယာအင်္ဂါစုံလင်ရာသော အကြောင်းကို။ ရှေးပညာရှိ အမတ်ကဝိကျော် လျှောက်သောထုံး စာတမ်းမူကား။

နွယ်မြစ်စဉ်လာ။ မြတ်ရာဇာတို့။ စကြာရောက်ရာ။ အကြောင်းမှာပေ။ ပရမေဘုန်းသမ္ဘာ။ မဟာဇနိန်၊ သာကိန်ဇေကရာ။ ကြီးကျယ်စွာ မင်းတစိတ်၊ ဘိသိက်တော်ခံ။ တိုင်းနိုင်ငံကို။ စိုးစံကွပ်နှိပ်၍။ လူတို့ထိပ်ရှေးစဉ်လာ။ ဘိသိက်သွန်းရိုး၊ မှော်ကွန်းထိုး၍၊ မင်းမျိုးမြတ်ကညာနှင့်၊ လကျာ်ရစ်ခရုသင်း၊ မင်းတို့သုံးရ။ ပြဟ္မဏလည်း။ မူလသိက္ခာ။ ကျမ်းအမှာကို။ မှန်စွာကျင့်ရိုး။ ဘေးဘိုးဆင်းသက်၊ ဘိသိက်ဆက်မှန်ရာ၊ ဂင်္ဂါငါးရပ်ရေ။ စီးတွေမပြန်၊ ဝစ္ဆကြာမျိုး၊ မညိုးပန်းသပြေနှင့်။ ညွန့်ဝေမြက်မြေဇာ၊ ရေသဘင်းပျဉ်။ ယှဉ်သည်နံသင့်ရာ၌၊ ပန်းစုံစွာ သစ်လေးပင်။ တောင်မြောက်လေးရပ်-တင့်အပ်စိုက်ထား။ စစ်အင်္ဂါလေးပါး။ ပုဏ္ဏားငါးရာ။ ဖြူစွာခရုသင်း။ သဲတလင်း ညီညွတ်ရာ။ ဂင်္ဂါမြစ်ကမ်း၊ ပွဲလမ်းမပျက်။ မဏ္ဍပ်သုံးဆောင်မှာလည်း။ ဖြူဝါနီဆင်စရိုး၊ ငှက်ပျောကြံအုန်း၊ ပင်လုံးသီးပင်၊ ဝန်းကျင်ရေပြည့်အိုးနှင့်။ မညိုးသပြေရွက်။ ဒန်း-ဆတ်သွား၊ ခရားခက်ဆိုင်။ စကားလှိုင်၍။ သင်းကြိုင်စေကြောင်းထားမှ၊ ဖြောင့်မမှားသည်။ တရား၌လိမ္မာ။ အမတ်သူဌေး၊ ဘီဘေးရိုးမှန်စွာနှင့်။ မင်္ဂလာအခါ နက္ခတ်ကောင်း။ ပညာမြော်မြင်။ ရေမြေရှင်လည်း။ ဂုဏ်လျှင်အသိ။ ဂတိလေးပါး။ တရားတည်စေကြောင်းတည်း။ ရှေးထုံးဟောင်းကျမ်းအလာ။ မညီယုတ် တက်။ ပေါ့ပျက်မရှိ။ သစ္စာကြီးသည်။ စိုးထီးမင်းကောင်းမျိုးတို့။ ဆိုရိုးရှေးစဉ်လာ။ ကိုယ်၏အသက်။ ပရွက်ခြပုံး။ နှလုံးမခြားစေသတည်း။

သတ္တဝါကို။ မေတ္တာထုံးခွေရစ်။ ညွန့်သစ်တက်ဝေ၊ ကြက်သရေကြောင့်။ ဖြိုးဝေလူနတ်ချစ်၏။ လေးပါးအပြစ် ရှင်းရှင်းကွာ။ ပြည်သူလုပ်ခွန်။ မလွန်စားတိုးရာသည်။ မဟာနွယ်မြစ်-ဘုန်းပွင့်သစ်။ ရဟန်းသိက္ခာ။ မင်းမှာဘိသိက်။ သူတော်စိတ်သည်။ မဘိတ်ကျင့်ရိုး မြတ်အမျိုး။ ။ ယင်းသို့ထုံးဟောင်းနှင့်အညီပြည့်စုံစွာ။ ဒသရာဇာမင်း ခံတော်မူသော ရာဇဘိသေကအခဏ်ကား။ ရှေးဘေးတော်၊ ဘိုးတော်ခမည်းတော်တို့ခံသည့်အဘိသိက်နည်း။

နှစ်ဦးအပေါ်။ ကဆုန်လဆန်း တစ်ဆယ့်ငါးရက်နေ့၌လည်းကောင်း။ မြေမနာ-နေလနက္ခတ် မပုတ်သောနှစ်၌လည်းကောင်း။ ဘိသိက်ခံမဏ္ဍပ်သုံးဆောင်ဆောက်ရာ။ ဂင်္ဂါမြစ်နား၌၊ မြေဖြူမြေနီရှိသော သေလောဒကမြေ၌လည်းကောင်း။ ဘုရားကျောင်းမြေလွတ်သော အရပ်၌လည်းကောင်း။ ယင်းသို့သော မင်္ဂလာရှိရာ၊ အဥ္စနနဒီမြစ်ရေကြက်သရေရှိသော ဘုမ္မိအရပ်ဝယ်။ မင်္ဂလာပြုသော မဏ္ဍပ်သုံးဆောင် ဆောက်ရာအရပ်၌။ ကလိန်တောင်မြေ၊ အမရာတောင်မြေ၊ အောင်သာမြို့မြေ၊ သီရိကုဋ္ဋတောင်မြေ၊ ကတညုတောင်မြေ၊ နီလာတောင်မြေ၊ မောရပဗ္ဗတတောင်မြေတို့ကို ဆောင်ယူ၍ထားရာ၏။ မင်္ဂလာမဏ္ဍပ်ဆောက်ရန် သစ်ဝါးကြိမ်တို့ကို အသည်သားတို့က၊ ရင်းဖျားမမှားစေရ၊ မှတ်သားခုတ်ယူ၍ ပေးရလေ၏။ အမိုးမှာ ကန့်လန့်ကာရွက်ကို၊ တလိုင်းမြောက်စည်သားတို့က ပေးရလေ၏။ ယင်းသို့အမိုး ကြိမ်ဝါးစုံလတ်သော်။ မင်္ဂလာမဏ္ဍပ်ဆောက်ရာအရပ်၌ ရွှေထွန်, ငွေထွန်, သံထွန်သုံးရပ်။ ရွှေထွန်မှာ အမျိုးအရိုး သူဌေးမှန်သူ၏သား၊ ဝါမောင်းသော တန်းဆာကို ဆင်ယင်လျက် ထွန်ရလေ၏။ ငွေထွန်မှာ အမျိုးစဉ်ဆက်၊ သူကြွယ်မှန်သူ၏သား၊ နီမောင်းသော တန်းဆာကို ဆင်၍ထွန်ရလေ၏။ သံထွန်မှာ အမျိုးစဉ်ဆက်ကြီးသော တောင်သူကြီးသား၊ စိမ်းသောတန်းဆာကိုဆင်၍ ထွန်ရလေ၏။ ထိုသုံးရပ်သော ထွန်၌သော်ကား။ နွားလားဥသဘနှင့် ထွန်ရလေ၏။ ယင်းသို့ပြီးလတ်မူ။ နွားနို့ရည်ကို အနံ့ဖြူးရလေ၏။ ယင်းသို့ပြီးလတ်သော်။ နွားချေးမှုန့်ဖြင့် အနံ့ဖြူးရလေ၏။ ယင်းသို့ပြီးလတ်မူသော်၊ မုယော၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲ၊ စပါးများကို ကြဲဖျန်းလေရာ၏။ ထိုသို့ပြီးလျှင်၊ ခြုံလုံစွာကာလျက်။ ဟုန်းနတ်ပူဇော်သောပုဏ္ဏားတို့က။ စန္ဒီ-ပရမီသွာ-ဗိသနိုးစသောနတ်တို့ကို လှည်းရထားဖြင့်တင်၍။ ရာဇမတ္တဏ်ကျမ်းလာ၊ ဂါထာမန္တန်တို့ကို ရွတ်ဘတ်ရလေ၏။ ယင်းသို့ပြီးလတ်သော်။ သဃ်တော်၊ ပုရောဟိတ်တစ်ဆယ့်နှစ်ပါး၊ သဃ်ာဂိုဏ်းပြည့်၊ ဘုမ္မိဇာလ စသောအောင်ခြင်းရှစ်ပါး အစုံ။ မင်္ဂလသုတ်၊ ရတနသုတ်၊ ပရိတ်စသော ပရိတ်တော်ကို ရွတ်ရလေ၏။ ကမ္မဝါစာလည်း ဘာသ်ရွတ်လေ၏။ ယင်းသို့ပြီးသော်၊ နတ်ပူဇော်ပုဏ္ဏားတို့က သရဏ်သရိရှိန္ဒဘုမ္မိဇာလ ဂါထာကို ရွတ်လျက်။ ခရုသင်းသံပေးရ၏။ ယင်းသို့ပြီးလတ်မူ- မင်္ဂလာမဏ္ဍပ်ဆောက်လုပ်ရန် သစ်ဝါးကြိမ် အမိုးကန့်လန့်ကာတို့၌ ပရိတ်တော်ရေ ခရုသင်းရေတို့ဖြင့် ဖျန်းစေရာ၏။ ယင်းသို့ပြီးမှ ဟူးရားဆွေး-ပုဏ္ဏားလေးယောက်နှင့်။ ဟူးရားတတ်ပုဏ္ဏား။ တစ်ရာရှစ်ယောက်တို့ကို။ ဖြူစင်သောတန်းဆာကိုဆင်လျက်။ ပန္နက်ချသော အခါကို စောင့်ရ၏။ ပန္နက်ချသောသူမှာ သဘော်သားတို့ညိုသော တန်းဆာကိုဆင်လျက် ရွှေပန္နက်ကို ကိုင်ရသည်။ ပရိတ်ပုဏ္ဏားတို့မှာ နီသော တန်းဆာကိုဆင်၍ ငွေပန္နက်ကို ကိုင်ရသည်။ လှေသူကြီးတို့မှာ ပြာသောတန်းဆာကို ဆင်လျှက်၊ သံပန္နက်ကို ကိုင်ရသည်။ ထိုသို့စုံလင်စွာနေလေ၍၊ အခါနာရီညိုလျက် ကောင်းသော နက္ခတ်ရောက်လတ်သော်။ မီးပေါက်ခုနစ်လုံးကို၊ ခုနစ်ကြိမ်ပစ်ဘောက်၍။ ကြေးမောင်း၊ ခွက်ခွင်း၊ ဒုံမင်း၊ ပတ်သာ၊ တူရိယာ၊ ခရုသင်းအသံတို့ဖြင့် တစ်ပြိုင်နက်တီးမှုတ်စေ၍၊ ထိုအတွင်း ပန္နက်ကို တညီတညာတည်း ချရလေသည်။ ဆောက်သောအခါမူကား၊ အသည်းသားက ဆောက်လုပ်မိုးကာရသည်။

မဏ္ဍပ်သုံးဆောင်သော်ကား၊ သီဟာသနမဏ္ဍပ်၊ ဂဇာသနမဏ္ဍပ်၊ မောရာသနမဏ္ဍပ်တည်း။ *သီဟာသနမဏ္ဍပ်၌ ဖြူနီသော တန်းဆာကို ချယ်ရမည်။ *ဂဇာသနမဏ္ဍပ်၌ နီမောင်းသော တန်းဆာကို ချယ်ရမည်။ *မောရာသနမဏ္ဍပ်၌ ညိုမောင်းသော တန်းဆာကို ချယ်ရမည်။ ယင်းသို့ပြီးသောအခါ၊ သီဟာသနမဏ္ဍပ်မှာ ပရိတ်ပုဏ္ဏား တို့က စောင့်ရမည်။ ဂဇာသနမဏ္ဍပ်မှာ သဘော်သားတို့က စောင့်ရမည်။ မောရာသနမဏ္ဍပ်မှာ အသည်သားတို့က စောင့်ရမည်။ ဘိသိက်သွန်းရန်၊ သာဂရနဒီ-ဂင်္ဂါမြစ်ရေကို၊ ဒါဂါစားက ရွှေအိုးခုနစ်လုံးနှင့် ပွဲသဘင်အစုံတီးမှုတ်လျက် ပို့ဆက်လာရသည်၊ သတ္တကောဋ္ဌိ ဂင်္ဂါမြစ်ရေကို၊ မောက်သူဇာစားက ထို့နည်းပွဲသဘင်နှင့် ပို့ဆက်လာရသည်။ အရဏ်ဝတီမြေမှာ၊ မြို့သစ်စားက ထိုနည်းပွဲသဘင်နှင့် ဆက်ပို့လာရသည်။ ဥတ္တရမဓုအောင်သာမြို့မြေမှာ မှုံစည်းစားက ထိုနည်းပွဲသဘင်နှင့် ဆက်ပို့လာရသည်။ ကစ္ဆပနဒီမြစ်ရေ၊ အဥ္စနနဒီမြစ်ရေတို့ကို ခပ်မည့်အခါ နက္ခတ်ရောက်လတ်သော်၊ အမျိုးအစဉ် နန်းရိုးမှန်သော မင်းသမီးရှစ်ယောက်၊ အမျိုးအရိုးမှန်သော ဘိသိက်မင်္ဂလာပုဏ္ဏားသမီး ရှစ်ယောက်၊ အမျိုးစဉ်ဆက်မှန်သော အမတ်သမီးရှစ်ယောက်၊ အမျိုးစဉ်ဆက်မှန်သော သူဌေးသမီးရှစ်ယောက်။ အမျိုးအရိုးမှန်သော သူကြွယ်သမီး ရှစ်ယောက်တို့သည်။ ဆန်းကြယ်သော အဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက်။ မင်းသမီးတို့မှာ ရွှေအိုး၊

ပုဏ္ဏားသမီးတို့မှာ မြေအိုး၊ သူဌေးသမီးတို့မှာ ကြေးအိုး၊ သူကြွယ်သမီးတို့မှာ ငွေအိုး၊ အမတ်သမီးတို့မှာ သံအိုး၊ ထိုသို့ အစုံကိုင်လျက်။ ဘိသိက်မင်္ဂလာတော်ပုဏ္ဏားရှစ်ယောက်။ သာသနာပိုင်နှင့် စကြဝတေးလေးယောက်၊ အမတ်ရှစ်ယောက်၊ သူဌေးသူကြွယ်၊ တောင်သူကြီး၊ သင်းတော်ကြီးရှစ်ယောက်စီ၊ တူရိယာအစုံနှင့်၊ မြစ်ဆိပ်သို့ရောက်သော်။ မင်းသမီးတို့သော်ကား ငှက်ဆင်လှေတော်မှာ စီးရသည်။ အမတ်သမီးတို့မှာ လွန်းကြင်လှေတော်မှာ စီးရသည်။ သူဌေးသမီးတို့မှာ ဘားမဲ့လှေတော်မှာ စီးရသည်။ သူကြွယ်သမီးတို့မှာ မိကျောင်းလှေတော်မှာ စီးရသည်။ ဘိသိက်မင်္ဂလာပုဏ္ဏားတို့မှာ သက္ကဒါန်လှေတော်မှာ စီးရသည်။ အမတ်ရှစ်ယောက်တို့မှာ ဂွတ်လှေတော်မှာ စီးရသည်။ သင်းမှူးတောင်သူကြီးတို့မှာ သရေလှေတော်ကို စီးရသည်။ ယင်းသို့ပြီးမှ လှေတော်ထွက်သောအခါ။ မီးပေါက်ခုနစ်လုံး သုံးချက်စီ ပစ်ဖောက်ရသည်။ နတ်ပူဇော်သောပုဏ္ဏားတို့သည် ခရုသင်းမှုတ်လျက် လိုက်ရသည်။ စောင်းတီးပုဏ္ဏားတို့လည်း စောင်းတီးလျက် လိုက်ရသည်။ ရေခပ်ယူမည့်အခါ နက္ခတ်တိုင်လတ်လျှင်၊ မီးပေါက်ခုနစ်လုံး ခုနစ်ခါပစ်ဖောက်၍၊ အသံဆယ်ပါးတစ်ပြိုင်နက်တီးမှုတ်ကြေငြာစေ၍ လှော်လေသည်။ ကမ်းသို့ဆိုက်လျှင်လည်း မီးပေါက်ခုနစ်လုံး သုံးချက်စီပစ်ဖောက်ပြီးမှ၊ လာရင်းအစဉ်အတိုင်း စီးနင်းဆောင်ရွက်၍ မင်္ဂလာမဏ္ဍပ်သို့ ရောက်လတ်သော်၊ ပန်းတင်ပုဏ္ဏားတို့က ပန်းတို့ကို လမ်းအပြည့်ကြဲ၍ ထားနှင့်ရသည်။ စီရီသားတို့ကလည်း ရေလမ်းတစ်လျှောက် ရေဖျန်းရသည်။ ပရိတ်ရွတ်ပုဏ္ဏားတို့ကလည်း၊ ပရိတ်ရွတ်၍နေနှင့်ရသည်။ သီဟာသနမဏ္ဍပ်၌ မင်းသမီးနှင့် ပုဏ္ဏားသမီးခပ်သောရေ၊ ဂဇာသနမဏ္ဍပ်၌ အမတ်သမီးခပ်သောရေ။ မောရာသနမဏ္ဍပ်၌ သူဌေးသမီး သူကြွယ်သမီးခပ်သောရေတို့ကို တပြိုင်နက်တည်ထားသောအခါလည်း မီးပေါက်ခုနစ်လုံးခုနစ်ချက် ပစ်ဖောက်ရသည်။ ထိုသို့သောအရာတို့ ပြီးလတ်သော် နန်းတော်ကသည် မင်္ဂလာမဏ္ဍပ်ရောက် နေပြောက်မထိုး။ ရွှေဖျင်း ငွေဖျင်းတို့ဖြင့် မိုးကာရ၏။ ထိုလမ်းတစ်လျှောက် လက်ဝဲလက်ယာမှာလည်း ကြံပင်-ငှက်ပျော်ပင်- အုန်းပင်တို့ကို စိုက်ရလေ၏။ ရေအိုးအပြည့် တည်ထားရလေ၏။ နတ်ကြီးရှစ်ပါးကပိုလည်း နတ်ဝင်တို့ အချိုပွဲဖြင့် ခင်းကျင်း၍ ပြုလေ၏။

ယင်းသို့အလုံးစုံ ပြီးကုန်လတ်သော ပြည့်ရှင်မင်းကြီးသည်ကား ပြဟ္မာမင်းတို့ တန်းဆာကို ဆင်တော်မူ၍၊ မိဖုရားကြီးကိုသော်ကား၊ နတ်မင်းမိဖုရားတို့ကဲ့သို့ နတ်တန်းဆာကို ဆင်တော်မူလျက်။ ဆင်စီးမြင်းစီးတို့မှာလည်း၊ စစ်ဝတ်တန်းဆာကို ဝတ်ဆင်၍၊ ရှေ့တစ်ဆယ့်နှစ်တပ်မှာ လက်ဝဲအမတ်၊ လက်ျာအမတ် အစဉ်အတိုင်း၊ ရှေ့ဝင်းမှူး။ လက်ဝဲလက်ကျာဝင်းမှူးတို့ လိုက်ရသည်။ နောက်တစ်ဆယ့်နှစ်တပ်မှာလည်း၊ အနောက်မျက်နှာမှူးမတ်၊ လက်ဝဲလက်ကျာဝင်းမှူးတို့ လိုက်ရသည်။ အစဉ်အတိုင်း စစ်အင်္ဂါလေးပါးစုံစွာနှင့်၊ မင်းနှင့်မိဖုရားသွားသော ပရွက်ကြောင်းလမ်း အမိုးတွင် လိုက်ရသည်ကား။ မင်းကြီးရှေ့ လက်ဝဲလက်ျာ၊ ဘိသိက်သွန်းမင်္ဂလာတော် ပုဏ္ဏားအမျိုး-တရာမှာ လက်ဝဲက၊ စကြဝတေးနှစ်ယောက်မှာ လက်ျာက၊ စကြဝတေးနှစ်ယောက်၊ သာသနာပိုင်၊ ပုရောဟိတ်ပုဏ္ဏားအကြီးမှာ။ နဝရတ်စီသော ခရုသင်းကို ရွှေပန်းတောင်းနှင့်ထည့်၍၊ လက်နှစ်ဘက်စုံလျက် ကောင်းစွာကိုင်၍လိုက်ရသည်။ ဟူးရားတိုင်လေးယောက်နှင့် ဟူးရားတတ်ပုဏ္ဏားတစ်ရာ။ နတ်ပူဇော် ပုဏ္ဏားတစ်ရာ။ စောင်းတီးပုဏ္ဏားတစ်ရာ။ ပရိတ်ရွတ်ပုဏ္ဏားတစ်ရာ။ ပန်းတင်ပုဏ္ဏားတစ်ရာ။ ထိုပုဏ္ဏားငါးရာတို့မှာ ခရုသင်းမှုတ်၍ လိုက်ရသည်။ ဘိသိက်သွန်း မင်းသမီးရှစ်ယောက်၊ ပုဏ္ဏားသမီး၊ သူဌေးသမီး၊ သူကြွယ်သမီးတို့သည်လည်း ရှစ်ယောက်စီလိုက်ရသည်။ အခါနက္ခတ်ရောက်လတ်လျှင်။ မြှောက်စည်-ဒုံမင်း-မောင်းကြေးနင်း၊ ခွက်ခွင်း-ပတ်သာ-ခရာစောင်းညင်း စသောအသံဆယ်ပါးဖြင့် မြှောက်လျှင်းစေ၏။ မီးပေါက်တစ်ဆယ့်ငါးလုံး ခုနစ်ကြိမ်ပစ်ဖောက်ပြီးသောအခါ၌။ နဝရတ်ဖြင့် စီချယ်ပြီးသော ရတနာထမ်းစင်၌ မိဖုရားကြီးနှင့်အတူ စီးတော်မူလျက် ထွက်တော်မူလေသည်။

မင်္ဂလာမဏ္ဍပ်သို့ ရောက်တော်မူလျှင်လည်း ထိုနည်းပစ်ဖောက်ရသည်။ ယင်းသို့သောအခါ၊ <u>သာသနာပိုင် ဝိနည်းခိုရ်</u>နှင့် ပုရောဟိတ် တစ်ဆယ့်နှစ်ပါးတို့သည်၊ မြတ်စွာဘုရား ဟောတော်မူခဲ့သော ပိဋကတ်တော်ကို ဆောင်ယူလာခဲ့၍၊ သီဟာသနမဏ္ဍပ်၌ ထားလေပြီးသော်။ နန်းတော်သို့ဝင်၍ နန်းတော်စွန်းတွင်။ သဃ်ာတော် တစ်ရာ့ရှစ်ပါးကို ပရိတ်တော်ကို ရွတ်လေစေ၏။ နန်းတော်ကို ပြည်စိုးကြီးအမတ်က ဆေးရလေသည်။ ပြည့်ရှင်မင်းကြီးလည်း မောရာသနမဏ္ဍပ်၌ ရေချိုးတော်မူ၍။ ဂဇာသနမဏ္ဍပ်တွင် ဦးခေါင်းဆေးတော်မူပြီးမှ။ ။ ဒေ့ဒ္ဓဥမ္မွသံယဥ္စ သရဏံဂတော ဥပါသကတ္တံဒေထ၊ သကျပုတ္တသာသာသနေ၊ သဒါသရဏမုပေဟိတိ။ ။ ထိုဂါထာကို မင်းကြီးရွတ်တော်မူ၍၊ သီဟာသန မဏ္ဍပ်အလယ်၌ ရွှေဖျင်းဖြင့်ပြီးသော ရေသဘန်းပျည်ဝယ် ထိုင်တော်မူလေ၏။ ယင်းသို့သောအခါ၊ မင်းသမီးရှစ်ယောက်တို့သည်၊ ဆန်းကြွယ်သော တန်းဆာကို ဆင်လျက်- မင်းရှေ့တူရှုနေလေ၏။ နဝရတ်စီသော လက်ျာရစ် ခရုသင်းကို ကိုင်ပြီးသော်၊ ဂင်္ဂါငါးရပ်ရေကို စုံစွာထည့်လျက်၊ လက်နှစ်ဘက်ဖြင့် ကောင်းမွန်ရိုသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ရလေ

၏။ အရှင်မင်းကြီး၊ ရှေးဦးကမ္ဘာအစ၌ မဟာသမတမင်းကောင်း မင်းမြတ်တို့ ကျင့်တော်မူသော တရားကို မြဲစွာဆောက်တည်တော်မူပါလော့၊ အရှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့ကို အမျက်မလွှန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကို ကောင်းချီးမြှောက်ပင့်ခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်၌ဖြစ်သော သားနှင့်အမျှ သနားတော်မူခြင်း၊ ခပ်သိမ်းသောသူတို့ စီးပွားကို စောင့်ခြင်း၊ ခပ်သိမ်းသောသူတို့၏ အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ ထင်မှတ်ခြင်းကို ပြုတော်မူစေချင်၏။ အရှင်မင်းကြီး လောဘ-ဒေါသ ပိတ်ပင်ခြင်းကို ကင်းစေ၍၊ အဝိဇ္ဇာမိုက်မဲစွာသော မောဟတရားကို လင်းတော်မူပါလော့၊ အရှင်မင်းကြီး၊ ကြက်သရေရှိသောစကားကိုသာ ဆိုခြင်း၊ ကြက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းကို ပြုတော်မူပါလော့။ ယင်းသို့သော စကားကို မင်းသမီးရှစ်ယောက်တို့ဆို၍ မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ထို့နောက် ဘိသိက်မင်္ဂလာတော်ရ၊ အမျိုးမှန်သော ပုဏ္ဏားရှစ်ယောက်တို့သည်။ ဂင်္ဂါရေကို လက်ျာရစ်ခရုသင်း၌ထည့်၍၊ လက်နှစ်ဘက်ကို စုံလျက်၊ ကောင်းမွန်ရိုသေစွာ မင်းကြီးဦးခေါင်း၌၊ ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော စသောဂုဏ်တော်၊ သာသနာတော် ပွင့်လင်းအောင် ပြုတော်မူပါလော့၊ အရှင်မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုယ်သားနှင့်အမျှ ချစ်တော်မူခြင်း၊ ပြည်သူတို့စီးပွားကို ကိုယ်တော်၏စီးပွားကဲ့သို့ မှတ်တော်မူပါလော့။ ခပ်သိမ်းသော သတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ စောင့်တော်မူပါလော့။ အရှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့အား အမျက်မလွှန်ခြင်း၊ တရားကိုစောင့်ခြင်း၊ ပညာရှိစကားကို နာလွယ်ခြင်း၊ အမျိုးစောင့်ခြင်းများကို မြဲမြံစောင့်ထိန်းတော်မူပါလော့။ ထိုသို့သောစကားကို ပုဏ္ဏားရှစ်ယောက်ဆိုပြီးသော်၊ မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းလေ၏။

ထို့နောက်အိမျိုးအရိုးမှန်သော သူကြွယ်ရှစ်ယောက် မင်းကြီးထိပ်ထက်၌ အဘိသိက်ရေကို သွန်းလေ၏။ ထို့နောက်မှ အမျိုးအရိုးမှန်သော သူဌေး သူကြွယ်ရှစ်ယောက်စီတို့သည်၊ ခရုသင်း၌ ဂင်္ဂါရေကို ထည့်ပြန်၍ လက်နှစ်ဘက်ကို စုံလျက်၊ ကောင်းမွန်ရိုသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်လေ၏။ အရှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့။ အရှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့၏ စီးပွားဥစ္စာကို၊ ကိုယ်တော်၏စီးပွားဥစ္စာကဲ့သို့ ထိန်းသိမ်းတော်မူခြင်း၊ ပြည်ထောင်မင်းတို့အား အမျက်ကို မလွှန်ခြင်း၊ ပြည်သူဥစ္စာ အခွန်ဘဏ္ဍာခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရားမသိ ပြိန်းဖျင်းသွမ်းသွပ်သော သူတို့ကို ရှောင်ကြဉ်ခြင်း၊ ပညာရှိသော သူ၏စကားကို နာလွယ်ခြင်းများကို ပြုတော်မူပါလော့။ ယင်းသို့ဆိုပြီးလျှင် မင်းကြီးထိပ်ထက်၌ အဘိသိက်ရေကို သွန်းလေ၏။

ထို့နောက်မှ သူဌေးသူကြွယ်တို့ ဆိုရပြန်သည်ကား။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့ သွန်းလောင်းသော ရေစက်ကို ခံတော်မူ၍၊ အကျွန်ုပ်တို့ ဆိုသောစကားအတိုင်း ကျင့်ဆောင်တော်မူ၍၊ ပြည်သူလုပ်ခွန်ဆယ်ဘို့တစ်ဘို့ ခံယူစားသုံးတော်မူ၍၊ မင်း၏စည်းစိမ်ကို ခံပြီးသော် ပြည်ကို တရားသဖြင့် စောင့်တော်မူပါလော့။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့ ဆိုသောစကားအတိုင်း၊ ကျင့်တော်မူပါသော်။ ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးတက်တိုးလေလျက်။ တက်သစ်သောနေ၊ ဆန်းသစ်သောလကဲ့သို့၊ တစ်နေ့တစ်ပါး ကြက်သရေတော်ပွင့်လင်း၍၊ ပြည်ထောင်မင်းပေါင်း ဦးခေါင်းညွှတ်လာ၊ သဒ္ဓါပြည့်ဖြိုး၊ သူခိုးဓားပြ၊ ငြိမ်းချမ်းသာယာ၊ သာသနာတော်တည်ထွန်း၊ ရေစာမရှား၊ မင်းအားပြည်သူ၊ ဆုယူနေ့တိုင်း၊ ကောင်းချီးပေးလျက်၊ သက်တော်ရာကျော် စံတော်မူရသည်ဖြစ်စေသောဝ်။ ယင်းသို့မဟုတ်၊ ကျွန်ုပ်တို့ စကားအတိုင်း၊ မတည်၊ မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာ ပျက်ချေသော်။ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ငလျင်တော်လဲ၊ မြေကြီးကွဲ၍၊ ငရဲမီးလျှံ၊ အလျှံပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပြက်ဆူလှောင်၊ ထောင်ထောင်ထားထား၊ ခိုသားတန္တ၊ စသည်ထွေထွေ၊ နေလတန်းခွန်၊ ငှက်ပျံငှက်ယုတ်၊ စုန်းဘုတ်တစ္ဆေ၊ နန်းထက်နေ၍။ မွှေမွှေလှုန့်ချောက်၊ မြွေဟောက်ငန်းကျား၊ တက်၍စားသည် ဖြစ်စေသောဝ်။ ယင်းသို့ဆိုလတ်သော်၊ ပြည့်ရှင်မင်းကြီးကလည်း သာသနာတော်အညစ်အကြေးမှတပါး ပြည်သူသတ္တဝါတို့အား အသက်ဇီဝိတိန္ဒြေကို ခွင့်ပေးတော်မူရလေသည်။ ယင်းသို့ကိစ္စပြီးသော်၊ လာတော်မူရင်းအတိုင်း လမ်းအစဉ် ဝင်တော်မူရပြန်သည်။ အဘိသိက်ခံတော်မူသော မဏ္ဍပ်သုံးဆောင်ကို မူကား၊ ကစ္ဆပနဒီမြစ်သို့ ချမျှောရလေသည်။

ထိုသို့ ကြီးကျယ်စွာဖြင့် ရှေးမင်းဘေးတော်စသော ခမည်းတော်တို့နည်း အဘိသိက်ခံ၍။ ထိုဒသရာဇာမင်းကြီး နန်းတက်၍ ငါးလရှိသောအခါ၊ ပျားကြီးတအုံသည် အနောက်အရပ်က ပျံလာ၍။ ရာဇပလ္လင်၌ မြောက်နားက စွဲလေသည်။ ထိုပျားအရေ ရင့်လတ်သော်၊ အရေကို ထားခဲ့၍ မြောက်သို့ပျံလေရာ၊ ထိုနိမိတ်ကို အမတ်မောက်သူဇာမြို့စား

ကဝိကျော် လျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ဘေးတော်စန္ဒသူရိယမင်းမြတ် လက်ထက်၊ ဘုရားမြတ်စွာ မဇ္ဈိမဒေသက ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍၊ မဟာမုနိ ရုပ်ရှင်တော်ကို သွန်းလုပ်ပါသည်။ ဂေါဇာသက္ကရာဇ် ၄၈၀ တွင် ပုဂံပြည်မင်း အလောင်းစည်သူက၊ ဘီတော်လက်ျာမင်းနန်ကို၊ နန်းတင်လာသောအခါ၊ ပြူနှင့်တလိုင်းတို့ ဆောင်၍ မရနိုင်သော်။ ဖိုကျင်းထိုးလေရာ။ ရုပ်ရှင်တော်ကွယ်လေ၍၊ မင်းလေးဆက်မြောက် ကွယ်ပျောက်ရှိပါသည်။ ယခုအရှင်မင်းမြတ်၏ ဘုန်းပညာကြက်သရေ တရားသီလဂုဏ်တော်ကြောင့်၊ ပျားတို့သည် ပန်းဝတ်၌ရှိသော အချို အရသာမြတ်ကို ဆောင်ယူဆက်သ၍၊ မြောက်သို့ ထိုပျားပျံလေသည်မှာ။ ပျားညွှန်ရာအရပ်သို့ ရုပ်ရှင်တော် မဟာမုနိ ရှိသည် အမှန်ဖြစ်ပါသည် လျှောက်လေသော်၊ ပြည့်ရှင်မင်းက၊ အမတ်ဆင်ကဲကြီးနှင့် အမတ်ထားပိုင်ကြီး နှစ်ယောက်တို့ကို စေတော်မူ၍ ရှာစေသော်။ ရုပ်ရှင်တော်ကို မြောက်အရပ်၌ တွေ့လေ၍ ပင့်ဆောင်ယူခဲ့ပြီးလျှင်၊ အထက်စန္ဒသူရိယ မင်း ကိုးကွယ်တော်မူခဲ့ရင်းအရပ် ကတညုတောင်တွင်။ ကောင်းမွန်စွာ ရတနာခုနစ်ပါးတို့ဖြင့် စီချယ်၍၊ သိမ်ဆောက် တော်မူပြီးလျှင်၊ နဝရတ်ကိုးပါးဖြင့် စီချယ်လျက် ပလ္လင်တော်သို့ တင်ထားတော်မူ၍။ အရံကျောင်းတရာ ဆောက်လုပ် တော်မူသည်။ ခေါင်းဆေးတော်ကန်၊ လက်ဆေးတော်ကန်။ မဟာရံတံတိုင်းသုံးထပ်။ တံခါးလေးရပ်။ အစောင့်အနေ ဆွမ်းတော်တင်။ စည်တီး၊ မျက်နှာတော်သုတ်။ တန်းခွန်ဆွဲ။ တံမြက်ခတ်။ ကျီးနှင့်စာချောက်ပြူတစ်ထောင်။ တလိုင်းငါး ရာ၊ ကုလားတစ်ထောင်။ မြံငါးရာ။ ချင်းငါးရာ။ လူပေါင်းလေးထောင်ကို။ အသီးအသီးစားမြေ။ နေမြေပေးချတော်မူ၍၊ မော်ကွန်းကျောက်စာထိုးလျက်။ ရွှေကရားနှင့် ရေစက်သွန်းချလှူတော်မူသည်။ ။ ဤသည်ကား မဟာရာဇဝင်တော်ကြီး ၌ လာသော စကားရပ်တည်း။

ရှေးရာဇဝင်ဟောင်း၌ကား။ ဂေါဇာသက္ကရာဇ် ၄၈၀-တွင်၊ ပုဂံပြည် အလောင်းစည်သူမင်းက။ ဘီတော်လက်ျာ မင်းနန်ကို နန်းတင်လာသောအခါ၊ မြန်မာလူမျိုးတို့သည်၊ ချင်းတစ်ထောင်နှင့် နောက်တော်ကျောသားကို ထိုးယူသွားလေ ကုန်၏။ တလိုင်းလူမျိုးတို့သည် လက်ျာပေါင်တော်ကို ဖြတ်လျက် ယူလေသောကြောင့်။ မဟာမုနိရုပ်ရှင်တော်သည် ပလ္လင်တော်မှကျ၍ လည်ပင်းတော်တိုင်အောင် မြေဖုံး၍ရှိလေသည်ဟု ရာဇဝင်ဟောင်းတွင်ပါသည်။ ရာဇဝင်တော်ကြီး ၌၊ ဘီတော်မင်းနန်ကို နန်းတင်လာသောအခါ၊ ပြူနှင့်တလိုင်းတို့ ပင့်ဆောင်၍ မရနိုင်သော်။ ဖိုကျင်းထိုးလေရာ။ ရုပ်ရှင်တော်ကွယ်ပျောက်လေ၍၊ မင်းလေးဆက် ရှိသည်ဟု ပါရှိသောစကားနှင့်။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းက၊ ဘီတော်လက်ျာမင်းနန်ကို နန်းတင်လာသောအခါ၊ မြန်မာလူမျိုးတို့သည် ချင်းတစ်ထောင်နှင့်။ နောက်တော်ကျောသားကို ထိုးယူသွားကုန်၏။ တလိုင်းလူမျိုးတို့သည် လက်ျာပေါင်တော်ကို ဖြတ်လျက် ယူလေသောကြောင့်။ မဟာမုနိရုပ်ရှင်တော် သည်။ ပလ္လင်တော်မှကျ၍ လည်ပင်းတိုင်အောင် မြေဖုံး၍ရှိလေသည်ဟုဆိုသော ရာဇဝင်ဟောင်းအထွက် စကား နှစ်ရပ်သည် အချင်းချင်း သံသန္ဒနမဖြစ်။ စကားအဓိပ္ပါယ်ကွဲပြားလျက်ရှိသည်ဟုမှတ်။ ။ (ဤကား အမှာစကားချပ်)။

ထိုဒသရာဇာမင်းကြီး သက်တော်နှစ်ဆယ် အရွယ်ရောက်သောအခါ။ အနောက်ဘင်္ဂါ ကုလားတစ်ဆယ့်နှစ်မြို့ တို့သည်။ သက်တို့နှင့်ပေါင်းဘက်လျက် သောင်းကျန်းလေရာ၊ အမတ်ကိုယ်ရံကြီး ဇေယျဗိုလ်ကို ချီစေသည်ကာလ။ တပ်ဦးတွင် ကြိုးကြာငှက်သည် သားရေတစ်ခုကို ကိုက်ချီ၍ ပျံဝဲလာရာ။ ငှက်နှင့်သားရေကို ဘမ်းရလေလျှင်၊ မင်းထံ ဆက်သလာသည်။ ထိုနိမိတ်ကို ပညာရှိကဝိကျော် လျှောက်ထုံးသော်ကား။ ။ တပ်ဦးတွင်မြင်သော နိမိတ်သည်။ တိတ်အလို-ထိုငှက်ကြိုးကြာနံမှာ ကုလား။ မှောက်မှားရှောရှက်၊ သက်ကားသားရေ၊ မိတ်ဆွေပြုလျက်။ ခြားနားချက်မှာ။ တိတ်အလာပေ။ သားရေနှင့်ငှက်။ ပျံလျက်မလွတ်။ ကိုင်းညွတ်တုံလာ။ ချင်းအစာလည်း။ မကွာစုံဘက်၊ ပို့ဆက်လာပြန်။ ထိုကျွန်နှစ်ပါး။ ကုလားနှင့်သက်။ ငှက်နှင့်သားရေ၊ အနေမယွင်း။ ချက်ခြင်းမကြာ။ အောင်မြင်ပါမည် လျှောက်လေသော်။ အမတ်ကြီးသို့ ဆင်ပေါက်တစ်စီး၊ ဆုပေးတော်မူလေသည်။ ထိုမင်းကြီး သက်တော် လေးဆယ့်ငါးနှစ်ရောက်သောအခါ၊ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်မှာ ချွေးထွက်တော်မူသည်။ အချိန်မဟုတ် မိုယ်းရွာစွေ၍ မြစ်ရေကြီးသည်။ မိုးကြိုးနန်းမှာ ကျသည်။ ယင်းသို့ တိတ်နိမိတ်ကို မြင်လတ်ရာ။ ပညာရှိပုရောဟိတ်ပုဏ္ဏား ရာဇဂုရု လျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ တိတ်ထုံးမှတ်စု၊ ဣရုအမှာ၊ စူဠာမုနိ။ အသီတိကျမ်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်နှင့်။ ဂြိုဟ်ပျက်ဒသာ။ ဒွာဒရာရုပ်။ ဥစ်ကသစ်ဘက်။ စန်းလက်မလျော်။ ဇာတာတော်လည်း။ နံခေါ်ကိန်းစု။ ရာဟုမရဏ။ အထွက်ကကြံ့ နဝင်းတုံလည်း။ ကုံသို့အလှမ်း။ ရာဟုစန်းမူ။ ကူးသန်းနင်းပြန်၊ တသွန်ထောင့်ခတ်။ သမသတ်တွင်။ လက်တွင်နံနေ။ ဂြိုဟ်ရှစ်ထွေလည်း။ အနေမလှ။ အာကာသက၊ ပြသည်အကြောင်း။ ဂြိုဟ်ပြောင်းဆည်းကြိမ် စည်းစိမ်တော်မြတ်။ နန်းပြာသာဒ်နှင့်။ ဥပဒ်ကြီးဘိ။ အနိဝတ္တန၊ ကိန်းကအတွေ့၊ မလွေ့ကြိုက်တုံ၊ နယုန်ဆန်းတက်၊ ဆဲ့တရက်တွင်။ ဂြိုဟ်ပျက်အကူး။ စန်းဦးအပြတ်။ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံသည်ဟူ၍၊ ရှေးပညာရှိများ ထားခဲ့သော ဒဏ္ဍနိကာယ်

ကျမ်းတွင် ထွက်ရှိပါကြောင်းဟူ၍ လျှောက်တင်လေသော်။ ပုဏ္ဏားတော်သို့။ သပြာတထောင် ဆုပေးတော်မူလေသည်။ ထိုဒသရာဇာမင်းကြီးသည်။ အိမ်နိမ့်နှစ်ဆယ့်တစ်နှစ်။ နန်းစည်းစိမ် နှစ်ဆယ့်သုံးနှစ်။ နှစ်စုသက်တော် လေးဆယ့်ငါးနှစ်တွင် နတ်ရွာစံတော်မူလေသည်။

(ထိုဒသရာဇာမင်းကြီး နတ်ရွာစံ၍၊ သားတော် အနံ့သီရိမင်းလက်ထက်မှစ၍ မင်းကြီးနေသိမ်း လက်ထက်တိုင်အောင်။ မင်းဆက်နှစ်ဆယ်တို့၏ အိမ်နိမ့်စံ၊ ထီးနန်းစံ၊ အသက်အပိုင်းအခြားကို အကျဉ်းပြဂဏန်းပုံပြင်မှာ ကြည့်ရှု၍မှတ်လေ။ ထိုမင်းနှစ်ဆယ်တို့၏လက်ထက်၌။ မှတ်သားရန်စကား အထူးမရှိသည်ဖြစ်၍ အကျယ်မရေးလိုက်ပေသတည်း)။

----------***---------

## ၁၈– နေသိမ်မင်းကြီး၏သားတော် အနုလုံမင်းကြီးလက်ထက်။ အမှူးအမတ်ကြီးတို့ လျှောက်စကား၊ သံတော်စကား စသော မင်း၏အဋ္ဌုပ္ပတ္တိကို ပြဆိုခြင်း။

ထိုနှစ်ဆယ်သောမင်းတို့တွင်။ မင်းကြီးနေသိမ်မင်းသည် နတ်ရွာစံပြီးသည့်နောက်။ သားတော်အနုလုံမင်းသားသည် နှမတော်ရင်းဖြစ်သော စောရွှေနန်း မင်းသမီးနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၉၆-ခုနှစ်တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကြီးသည် ပညာရည်၊ နှလုံးရည်နှစ်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် *အနုလုံမင်းဟု အမည်တွင်၏။ မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်စွာ ကျင့်တော်မူ၏။ ကာမန္ဒကီ နတ္တိသာရ စသောဓမ္မသတ် ကျမ်းဂန်များကိုလည်း အမှီလက်သုံးပြု၍ ကျင့်တော်မူသောကြောင့်။ ပြည်ရွာတိုင်းကားသည် အလွန်လျှင် ပြန့်ပွားကြီးကျယ်သတည်း။ ဒါနသီလစသော ကောင်းမှုတရား၌ အလွန်လျှင်မွေ့လျော် ပျော်ပါးတော်မူ၏။ မှူးမတ်သေနာပတိစသော တိုင်းပြည်၏အင်္ဂါ ဆင်မြင်းရထား သူရဲသူခက် များစွာပြန့်ပြောကြီးကျယ်စွာဖြစ်၏။ သူခိုးသူဝှက် မုဒိမ်းဓားမြတို့လည်း အလွန်လျှင်နည်းပါး၏။ ပြည်သူတိုင်းသား လူအများတို့အား အနှောင့်အယှက်မရှိ။ အလွန်သာယာ၏။ ထိုမင်းကြီးလက်ထက် လေမုန်တိုင်းကြီးထ၍ မဟာမြတ်မုနိ သိမ်တော်ကြီး ပြိုလေသည်ကို။ မင်းကြီးက ရှေးအတိုင်း ထပ်မံ၍ ဆောက်လုပ်ပြုပြင်ပြီးမြောက်ပြီးမှ၊ တဖန် လေပြင်းထန်စွာ ကျသဖြင့် ပြိုပျက်ပြန်သည်၊ ယင်းသို့ဆိုခဲ့ပြီးသောနည်းဖြင့်။ သုံးကြိမ်တိုင်အောင် ပြိုပျက်သည်ကို မင်းကြီးက အသစ်ထပ်မံ ဆောက်လုပ်ပြီးသော်။ လေးကြိမ်မြောက်ဆောက်လုပ်သောအခါမှ။ ရှေးဘိတော်-ဘေးတော် စန္ဒသူရိယမင်းတို့ ဆောက်လုပ်ခဲ့သော တွင်းပေါင်းအတိုင်း နေရာကျနသောကြောင့်။ မဟာမြတ်မုနိ သိမ်တော်ကြီးသည် ရှေးမင်းတို့လက်ထက်အခါကဲ့သို့ ခိုင်ခန့်စွာ မြဲလေသတည်း။

ထိုအနုလုံမင်းကြီးလက်ထက်။ ကုလားနှင့်သက်။ ပေါင်းဘက်ဆိုးသွမ်းရာ။ ပြည်စိုးကြီး ဓမ္မဇေယျကို ရဲမက်ငါးသောင်း ပေးတော်မူ၍ စစ်သူကြီးအင်္ဂါ ကိုးပါးနှင့်ပြည့်စုံသော အမတ်ကြီးကို ချီတက်စေသောကာလ။ တပ်ဦးတွင် ကျီးကန်းနှင့် ဗျိုင်းခွပ်ကြ၍။ ကျီးအတောင်ကျိုး၍ ဘမ်းရလေသောအကြောင်းကို မင်းကြီးထံတင်လျှောက်လေသော်။ ထိုအခါ ပညာရှိ ရှေးအမျိုးဖြစ်သော။ သားမြေးစဉ်ဆက်လာခဲ့သော ပညာရှိ ဝိဇိလလျှောက်သောထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ကျီးနံ့ကုလား။ ဗျိုင်းကားမြန်မာ။ နံမှာအလို။ နကိုယ်ယာယီ။ ကိန်းနှစ်လီတွင်။ ယာယီကျီးကန်။ ပင်ပန်းကုလား။ ထွားထွားကြေညက်။ ပျက်မည်အကြောင်း။ လုံးပေါင်းပြီးစီး။ ခရီးမကြာ။ အောင်မြင်ပါမည်။ ယင်းသို့လျှောက်လေလျှင်၊ အမတ်စစ်သူကြီးလည်း မရပ်မဆိုင်း ချီတက်လေသော်။ တဘက်သား စစ်သည်တို့၊ စစ်တကောင်းမြို့က၊ ခိုင်လုံစွာနှင့်၊ ခံနှင့်သည်ကို၊ ချွံချွံဘိစီးတိုက်လေလျှင်၊ ငါးရက်နှင့်ကုလားတို့ ဆုတ်ခွာသွား၍၊ ဒါဂါမြို့က ကုလားအိမ်ရှေ့မင်း ခံနေနှင့်ရာ။ အမတ်ကြီးလည်း လောက်ချေပုရာမြို့တိုင်အောင် စွဲရပ်ပြီးလျှင်၊ ကုလားမင်းသားက- ဗလဝါဟူသော

ဆင်ကို စီး၍၊ အမတ်စစ်သူကြီး ဓမ္မဇေယျသည် နတ်ယာဥ်ပျံဟူသော ဆင်ကို စီး၍ စစ်ရေးပြိုင်ကြရာ။ ဆင်နှစ်စီး ချွန်းဘွင့်ကြလျှင်။ စုံရဲထိုးသကဲ့သို့ တဟုန်တည်း အစွယ်ရှက်ကြသည့်တွင်၊ နတ်ယာဥ်ပျံက ကုလားမင်းသား ဆင်ဗလဝါ ကို ပြင်းစွာဒဏ်ပေးဦးလေသောကြောင့်။ ဗလဝါဆင်ဦးခေါင်းအလှည့်တွင်။ စစ်သူကြီး ဓမ္မဇေယျထိုးလိုက်သော လှံချက် သည်၊ ကုလားအိမ်ရှေ့မင်းမှာ နာကျင်စွာထိ၍ ဆင်ပေါ်ကကျလေရာ ဘမ်းမိလေသည်။ ကုလားမှူးမတ် စစ်သည်တို့ လည်း ပျက်၍ပြေးကြလေသည်။ <u>စစ်သူကြီးလည်း မောက်သူဇာမြို့တွင် ချရပ်၍</u>။ ဒီလီပဆာမင်းကို တိုက်လေလျှင်။ ဒီလီပဆာမင်းသည် ရုံပြည်သို့ ဝင်၍ပြေးလေသည်။ ကုလားမင်းသားနှင့် ကုလားဘဏ္ဍာလက်နက်ကြိယာများကို မင်းထံသို့ ပို့ဆက်စေရာ။ အနလုံမင်းက၊ ကုလားပြည်တွင် အမတ်ဆင်ကဲကြီးကို ထားခဲ့၍၊ စစ်သူကြီး ဓမ္မဇေယျမှာ ကုလားမြို့များက အိမ်ထောင်မပျက်မကွဲစေရ။ ကုလားတဝက် သိမ်းခေါ်ပြန်လာခဲ့ရမည် အမိန့်တော်ရောက်လျှင်။ မောက်သူဇာမြို့တွင် အမတ်ဆင်ကဲကြီးကို ထားခဲ့၍၊ ကုလားတဝက်သိမ်းခေါ်ခဲ့ပြီးလျှင်၊ အမတ်ကြီးဇေယျ ပြန်ရောက် လာသောအခါ၊ မဟာဝေသဝဏ္ဏဟူသော အမည်ကို ပေးတော်မူသည်။ <u>ကုလားအိမ်ရှေ့မင်းသားကိုလည်း ဆေးကုမတော် မူ၍ ပျောက်လျှင်။ စစ်တွေကို စားကျေးပေးတော်မူသည်။</u> ကုလားအမတ် နှစ်ရာမှာ တန်းဆာကို သိမ်းစေ၍၊ အတွင်း မိန်းမသုံး မော်လိပ်အစုတွင် ဖြည့်တော်မူသည်။ ကုလားမင်းသား- ကျေးကျွန်-ပါရင်းလူငါးရာကိုလည်း။ ပါရင်းအတိုင်း ပေးသနားတော်မူသည်။ ဘီတော် ဒသရာဇာမင်းဘွဲ့တော်မူခဲ့သည့် အစုသား။ တလိုင်း-ပြူ-ကမ်းယံတို့မှာ။ ဆင်အစု- ပန်းထိမ်အစု-သဘင်အစု- မြောက်စည်အစုသားတို့ကို ရှိမြဲရှိစေ။ ထို့ပြင် အစုသားတို့မှာ မြန်မာဖြစ်စေ။ အစုကနုတ်၍ မြန်မာတို့ကဲ့သို့။ အသည်ကာလအမှုကို ထမ်းစေ အမိန့်တော်ပညတ်၍ အသည်သားဖြစ်စေသည်။ အသည်သားတို့က အမှုတော်ထမ်း လူပေါင်းတစ်သိန်းကို လကျ်ာသားငါးသောင်း-လက်ဝဲသား ငါးသောင်း-လကျ်ာ လက်ဝဲနံများမှာ ခြသေ့ ရုပ်ထိုး၍၊ ကိုယ်တော်ရံ ဘွဲ့တော်မူသည်။ တလိုင်းကမ်းယံတို့အစား။ ကုလားကို ဒိုင်းဝင်းကာ အစို့ဘွဲ့သည်။ ကုလား တစ်သောင်း ဆင်စာ မြင်းစာရိတ်အစု။ ကုလားငါးထောင် သစ်ခုတ် ဝါးခုတ်အစုဘွဲ့သည်။ ကုလားတစ်သောင်း၊ လယ်တော်လုပ် မင်းတရားကျွန်ဘွဲ့သည်။ ကုလားတစ်သောင်း ဟင်းသီးဟင်းရွက်၊ ငရုတ်ကြက်သွန်၊ ကွမ်းဆက်ဘွဲ့သည်။ အစုကုလားနှစ်ထောင် နန်းတော်မှစ၍ မိဖုရား-သားတော် သမီးတော်-မှူးတော် မတ်တော်များအိမ်တွင် ရေခပ်စေရန်။ အစုကုလားနှစ်ထောင် လေးကိုင်။ အစုကုလားတစ်ထောင် ယက်ကန်းယက်ရသည်။ အစုကုလားတစ်ထောင် ထမ်းစင် ထမ်း၊ ယာဥ်ထမ်း။ စော်တလီအစု ကုလားနှစ်ရာ။ ကြိမ်စွဲကြိမ်ကိုင်ဆပ်ကြားအစု ကုလားတစ်သောင်း၊ ဆားချက်အစု ကုလားတစ်သောင်း။ အစေခံအစု ကုလားနှစ်ရာ။ တံငါပိုက်သည်ဘွဲ့သည့်အစု ကုလားတစ်ထောင်။ မြို့တွင်းမြို့ပြင် မသန့်မစင် ရှိသမျှကို ယူ၍ပစ်ရသည့် ဟရီအစု ကုလားတစ်ထောင်။ လူသတ်ပရဝါအစု ကုလားငါးရာ။ လက်သမားအစု ကုလားငါးရာ။ ပန်းထိမ်, ပန်းပဲအစု ကုလားတစ်ထောင်။ လှေတိုက်လက်သမားအစု ကုလားတစ်ထောင်။ ဘောင်ထိန်း ဘောင်ဘွဲ့ဓရီးအစု ကုလားသုံးထောင်။ ဒင်္ဂါးခတ်ဆော်-ပန်းစင်အစု ကုလားငါးရာ။ အရပ်ရပ်ကုလားပေါင်း (၄၇၅၀၀)။ လေးသောင်းခုနစ်ထောင့်ငါးရာကို နောင်အစဥ်ဖြစ်အောင် မော်ကွန်းထိုးတော်မူ၍။ မင်းသုံး၊ မိဖုရားသုံး၊ မင်းသား မင်းသမီးသုံး။ မှူးမတ်သုံး အသီးအသီးအစုနှင့် ခွဲဝေပေးဘွဲ့တော်မူသည်။ ထို<u>အနလုံမင်းကြီးသည် အိမ်နိမ့်နှစ်ဆယ့်ငါးနှစ်၊ နန်းစံနှစ်ဆယ့်ခုနစ်နှစ်။ နှစ်စုသက်တော် လေးဆယ့်ငါးနှစ်တွင် နတ်ရွာစံတော်မူ</u>လေ၏။ ။ (ထိုအနလုံမင်းကြီး၏ သားတော် <u>အလောမာဖြူ</u>မင်းမှစ၍။ အမတ်စည်သဘင် မင်းကြီးတိုင်အောင်။ မင်းရှစ်ဆက်တို့၏ အိမ်နိမ့်စံ၊ ထီးနန်းစံ၊ အသက်အပိုင်းအခြားကို၊ အကျဥ်းပြဂဏန်းပုံပြင်မှာ ကြည့်ရှု၍မှတ်လေ။ ထိုမင်းရှစ်ဆက်တို့၏လက်ထက်၌ မှတ်သားရန် စကားအထူးမရှိ၍ အကျယ်မရေးလိုက်ပေသတည်း)။

----------***---------

## ၁၉–မင်းဘီလူးသားတော် မင်းထီးသက်တော် ကိုးနှစ်အရွယ်က ထီးနန်းတက်တော်မူသည်မှစ၍၊ မင်း၏အမိန့်အာဏာ ဘုန်းကြက်သရေကြီးမြင့်ခြင်း၊ မှူးကောင်းမတ်ကောင်းတို့ လျှောက်တင်စကား၊ စသော အထူးထူးအနည်းနည်း မှတ်သားဘွယ် အခြင်းအရာကို ပြဆိုခြင်း။

ထိုရှစ်ဆက်သော မင်းတို့တွင်၊ စည်သဘင်မင်း သေလွန်ပြီးသည့်နောက်၊ မင်းဘီလူး၏သား မင်းထီးကို၊ ခုနစ်နှစ်အရွယ်ကပင် နန်းတင်လေ၏။ ရာဇဝင်တော်ကြီး၌ကား ကိုးနှစ်အသက်တော်ရှိသောအခါ၊ မင်းထီးကို နန်းတင်လေကြောင်းနှင့် ပါရှိသည်။ ရာဇဝင်ဟောင်းနှင့် ရာဇဝင်တော်ကြီး စကားနှစ်ရပ် ကွဲပြားလျက်ရှိသည်။ ထိုမင်းထီးကား သက္ကရာဇ် ၆၄၁-ခုနှစ်တွင်၊ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ မင်းအဖြစ်သို့ ရောက်တော်မူလျှင်၊ အမိန့်တော်ရှိသည်ကား၊ သားမကောင်းလျှင် အဘကို စီရင်ရမည်။ မယားမကောင်းလျှင် လင်၊ တပည့်မကောင်းလျှင် ဆရာ။ ကျွန်မကောင်းလျှင် သခင်၊ သမီးမကောင်းလျှင် အမိကို စီရင်ရမည်။ ယင်းသို့ မင်းအာဏာတော်ငါးရပ်၊ သားနားပိုင်းခြား၍ ထားတော်မူလေသည်။ ထိုမင်းကား ပြည်သူရွာသားတို့ကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူတတ်၏။ ပြည်တုတ်ပြည်ခွန် အလုံးစုံကိုလည်း။ ထက်ဝက်မျှ ယုတ်လျှော့ညှာတာ၍ ကောက်ခံရ၏။ အဟောင်းအမြင်းဖြစ်သော ဘုရားစေတီ ပုထိုးသိမ်ကျောင်း၊ တန်ဆောင်းပြသာဒ်တို့ကိုလည်း။ အသစ်ထပ်မံ၍ ကောင်းမွန်စွာ ဆောက်လုပ်စေ၏။ ရေတွင်း၊ ရေကန် တံတား၊ ဇရပ်တာလမ်းဟူသမျှတို့ကိုလည်း။ မည်သည့်မြို့ရွာ၊ တရပ်တကွက်မျှ မကျန်ရအောင် လုပ်ဆောင်စေ၏။ ဒါန၊ သီလ၊ စာဂတရားတို့ကို အလွန်အားထုတ်တော်မူ၏။ အင္ဂဳပေါသထသီလတို့ကိုလည်း လွှန်း လွှတ် မယုတ်မပျက် အမြဲဆောက်တည်တော်မူ၏။ ထိုမင်းနန်းတက်၍ တဆဲ့ငါးနှစ်မြောက်ဝယ်။ သက္ကရာဇ် ၆၅၆-ခုနှစ်တွင်၊ အရှေ့ဇသေန်မှ ရှမ်းတို့သည် ရောက်လတ်၍၊ လေးမြို့ချောင်း မြစ်ညာတစ်ခွင်ကို ဖျက်လာကုန်၏။ ထိုသိုဖျက်လာသည်ကို၊ မင်းကြီးသည် ကြားသိတော်မူ၍ တိုက်စေသောကြောင့်။ ထွားထွားကြေညက် ပျက်စီးသဖြင့် ရှမ်းတို့သည် ပြေးလေကုန်၏။ ထိုမင်းထီးလက်ထက်၌ ရန်ဟူသမျှတို့ကို အလို့အလျောက်။ အောင်မြင်တော်မူသည် သာတည်း။

ထိုမင်းကြီးလက်ထက်၊ တရံရောအခါ-မင်းပွဲသဘင်ခံရာ၌။ ငယ်တော်မူ၍၊ မယ်တော် သုဘတ္တာဒေဝီ၊ နောင်တော် ဒါဂါမြို့စား ဦးရီးတော်အနန္တဘယ ရင်ခွင်ပေါ်၌သာ ထိုင်တော်မူလျက် ခံတော်မူလေသည်။ တနေ့သောအခါ၊ လောင်းကြက်မြို့နေ၊ သူဌေးခနဥ္စယကျွန်-နှစ်ယောက်သည်။ လက်မရွာတွင် နွားတစ်ခုကို ခိုးယူသတ်စားလေရာ။ ဘမ်းမိလေလျှင်၊ သူဌေးလည်း၊ မင်းအာဏာတော်ကို ကြောက်လှသောကြောင့်။ ငွေသပြာတစ်ထောင်နှင့်၊ ဦးရီးတော် အနန္တဘယထံသွား၍ ကျွန်ရှင်ခံတော်မူပါလျှောက်လျက် ဆက်ပေးလေသော်။ ဦးရီးတော်လည်း ကျွန်ရှင်ငါခံမည်ဆို၍၊ ထိုသပြာတစ်ထောင်ကို ယူလေသည်။ နံနက်အခါ၊ ဦးရီးတော်ရင်ခွင်ပေါ်၌ ထိုင်တော်မူ၍ မင်းပွဲခံလေရာ။ ထိုနွားခိုးနှစ်ယောက်ကို ဆက်ပို့လာသော်။ ပြည့်ရှင်မင်းက၊ မည်သူသားမြေး ကျေးကျွန်နည်းဟု မေးတော်မူလေရာ။ ဦးရီးတော် အနန္တဘယကျွန်ဖြစ်ပါသည်ဟု လျှောက်လေသော်။ ယင်းသို့သောအခါ၊ ရှေးအမတ်ပညာရှိ အမျိုးဖြစ်သော စစ်တကောင်းမြို့စား ဝိမလအမတ်ကို မေးတော်မူ၏။ အာဏာကို ဖျက်သူအား ကျမ်းဂန်မည်သို့လာသည်။ ဘေးတော်-ဘီတော် ထီးနန်းမင်းဆက် စီရင်ထုံးစာဟောင်းနှင့် လျှောက်ရမည်ဟု အမိန့်တော်ရှိလေသော်။ ပညာရှိအမတ်ဝိလမ လျှောက်ထုံးသော်ကား။ မင်းကျင့်ဝတ် ပကတိတရားခုနစ်ပါးကို ကျမ်းဂန်လာသည်ကား။

သာမိသာမိနုဂေါ၊ မစ္စော ဇနပဒေါပိ၊ သဇ္ဇနော ဒုဂ္ဂဂုဏောပေတံ၊ ဒဏ္ဍောဒေါသာနုရူပတော၊ ကောသော အက္ခရသမ္ပတ္တိ၊ မိတ္တာဥ္စ ဘယသံယုတ္တံ၊ သတ္တပကတိယောဟောန္တိ၊ ဝုတ္တာနီတိဝိစက္ခဏာ။ ။

သာမိသာမိနုဂေါ၊ တရားလိမ္မာ ဖြောင့်မတ်စွာ။ အမျိုးစောင့်ထိန်းသောမင်းလည်းကောင်း။ အမစ္စောဇနပဒေါပိ၊ ပြည့်ရှင်မင်း မမှားစေရ။ တိုင်းပြည်ဇနပုဒ် ကျေးရွာစည်ကားအောင် အုပ်ထိန်းစီရင်သော အမတ်ပညာရှိလည်းကောင်း၊ သဇ္ဇနောဒုဂ္ဂဂုဏောပေတံ၊ သစ္စာဓမ္မစသောတရား၊ တိုင်းပြည်သူရှင်လူ အပေါင်းကို စောင့်စည်းခြင်းလည်းကောင်း၊ တနည်း မြို့တံတိုင်း၊ ပြအိုး၊ ကျုံးမြောင်း၊ တန်ဆောင်း၊ ရင်တား၊ ခိုင်ခန့်ကောင်းမွန်စွာ ရှိခြင်းလည်းကောင်း။ ဒေါသာနုရူပတောဒဏ္ဍော၊ မင်းပြစ်ရောက်ရာ၌ သင့်မသင့်မှန်မှန်ကို၊ ယုတ္တာယုတ္တိနှိုင်းညှိဆင်ခြင်၍၊ မင်းကျိုပြည်ဝန်၊ လွန်သည်ယုတ်သည်၊ အမှုရည်ကို စီစစ်ပြီးမှ၊ အမှုထိုက်သောသူအား၊ မျက်နှာကြိုငယ်၊ မရွယ်မထောက်၊ အနီးအဝေးမရွေး၊ ဒဏ်ပေးခြင်းလည်းကောင်း၊ အက္ခရသမ္ပတ္တိကောသော၊ ပြည်သူတို့ အခွန်ကို မလွန်စေရ၊ ဆယ်စုတစ်စုကို ခံယူ၍၊ ကျိုကြတိုက်ဘဏ္ဍာများစွာရှိခြင်းလည်းကောင်း၊ ဘယသံယုတ္တံမိတ္တာဥ္စ၊ ရန်သူရောက်လတ်သောအခါ၊ ကူညီလာသော ပြည်ထောင်မင်းချင်း မိတ်ဆွေကျွမ်းဝင်၊ ချင်ခင်များစွာရှိခြင်းလည်းကောင်း၊ ဣတိ၊ ဤသို့။ သတ္တပကတိယော၊ မင်းတို့ ကျေးဇူးခုနစ်ပါးနှင့်၊ ပြည့်စုံကုန်ရာသည်၊ ထိုသို့ကျမ်းဂန်လာကြောင်းနှင့်၊ အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်း အမိန့်တော်ရှိသည်ကား၊ ငါငယ်တော်မူလေသော်လည်း၊ ကေသရာခြင်္သေ့မင်းအမျိုး ရွှေဂူ၌သာအိပ်သည်။ ခြင်္သေ့ဆီလည်း ရွှေခွက်တွင်သာ တည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်လျှင် ဆင်မဲသွားရိုးမရှိ။ နေလတို့သည် မိမိအရောင်ကို ဖျက်၍

မထွန်း။ သမုဒ္ဒရာတို့မူလည်း ကမ်းကို ရေလျှံရိုးမဟုတ်။ ငါတို့မင်းမျိုး၌လည်း အနီးအဝေးမရွေးလေရာ။ အာဏာသားနား၊ ထားသောစကားကို ဖျက်ရိုးထုံးဟောင်းမလာ။ မင်းတည်ကြည်မှ ပြည်သာသည်။ အနွယ်တော်ကို စောင့်သဖြင့် တရားမပျက်သင့်။ ငါလည်းသိတော်မူသည်ပင် အမိန့်တော်ရှိ၍။ ဦးရီးတော် အနန္တဘယကို သူသတ်သို့အပ်၍။ အမတ်ကြီးသို့လည်း စားကျေးမင်းတုန်းမြို့ကို ပေးတော်မူသည်။

ထိုမင်းလက်ထက်၊ မောက်သူဇာ၊ ဘင်္ဂါတစ်ဆယ့်နှစ်မြို့ ကုလားတို့သည် သက်နှင့်ပေါင်းပြီးလျှင်၊ ဒီလီပဆာမင်း ထံဝင်လျှက်။ သောင်းကျန်းလေပြန်ရာ။ စစ်သူကြီး ဓမ္မဇေယျနှင့် ကိုယ်ရံကြီးပြသထ။ ထိုနှစ်ယောက်ကို ရဲမက်တစ်သိန်း ငါးသောင်းနှင့် ချီတက်စေသောအခါ၊ စစ်ဆင်သော ထုံးသော်ကား။ ။ ကြည်းရေနှစ်ဝချီသွား၍၊ အမတ်ကြီးတို့ မဟာစိုးကျွန်းသို့ရောက်လေရာ၊ သက်တို့လည်း ခိုင်လုံစွာနှင့်၊ ကြိမ်တစ်တောင်က ခံနေလေသည်။ ကုလားများလည်း စစ်တကောင်းအဝင် ဟင်ရာဝက သဘော်တရာ-လက်နက်အစုံ ဆီးစို့နေလေသော်။ အမတ်နှစ်ဦးတို့ ညီညွတ်တိုင်ပင်ဆိုကြသည်ကား၊ ကုလားမှာမြေ၊ သက်မှာခြေ၊ ကုလားပျက်လျှင် သက်အလွယ်သာဖြစ်သည်။ သက်နှင့်ကုလား မပူးစေရ။ မရိမ်ဝတွင် စိန်တင်စားတပ်၊ မြို့ချောင်းစားတပ် သူရဲတစ်သောင်းနှင့် ခိုင်လုံစွာ ရပ်နေလေသည်။ ယင်းသို့ပြီးမူ၊ စပ်တင်လှေကြီးငါးရာကို ကျောက်တင်စေပြီးမှ။ သဘော်ထွက်ရေကြောင်းသို့၊ ညဉ့်အခါသွား၍ မြှုပ်ထားစေသည်။ ထိုသို့ပြီးစေရာ၊ ဝါးဘောင်တဘောင်၌ အမှိုက်ပြည့်စွာထည့်လျက်။ လူရုပ်သဏ္ဍာန် လက်နက်စွဲကိုင်စေ၍ စစ်ဝတ်ဆင်ပြီးလျှင်၊ ထိုဝါးဘောင်တွင် အမှိုက်အများ ထည့်လေသည်။ ယင်းသို့ပြီးမူ။ ယမ်းအိုးအများစေ့အောင်၊ ဝါးဘောင်၌ထည့်လေ၍။ ထိုသို့အခမ်းအနား စီရင်လေပြီးသော်။ ဒီရေကြီးသောနေ့၌ မြစ်ညာက ထိုဝါးဘောင်တို့ကို မျှောလေရာ။ သဘော်ကုလားတို့က လူအမှတ်ထင်၍၊ အမြောက်နှင့်ပစ်လေသည်ကာလ။ ဝါးဘောင်၌ ယမ်းအိုးက မီးထ၍ သဘော်သို့ရောက်လတ်လျှင်၊ ပင်လယ်သို့ ထွက်လေရာ၊ ရေကြောင်းပိတ်ဆို့ ရှိပြန်သောကြောင့် မထွက်နိုင်လေ။ ထိုဝါးဘောင်တို့သည် မီးပုံကြီးစွာ ထပ်ကာ၊ ထပ်ကာ၊ မျှောလာထိခိုက်၊ သဘော်ကို မီးစွဲလေ၍၊ သဘော်တပ်ပျက်ဆုံးလေရာ၊ ကုန်းတပ်ကုလားတို့လည်း စစ်တကောင်းမြို့က ဆုတ်သွားကြလေလျှင်၊ စစ်တကောင်းမြို့ကို ခေးလုံမကျိုးလွယ်ကာနှင့် ရလေသည်။ ကုလားတပ်၊ ကြည်းရေပျက်၍၊ စစ်တကောင်းမြို့ကို ရကြောင်းကို သက်မင်းသိလေရာ။ အလွန်ကြောက်လှ၍ သက်မင်းကိုယ်တိုင် လက်ဆောင်များစွာနှင့်၊ ဝင်ရောက်လာသည်။ အမတ်ကြီးတို့လည်း၊ စစ်တကောင်းမြို့က ချီသွား၍ မောက်သူဇာမြို့ကို ရပြန်လေသော်။ မောက်သူဇာမြို့တွင် စိန်တင်စား၊ ဒါဂါမြို့တွင် အမတ်မြို့ချောင်းစားတို့ကိုထား၍၊ ကုလားအကြီးသက်မင်းနှင့်၊ ခေါင်းအကြီးတို့ကို ခေါ်ယူပြန်လာစေ အမိန့်တော်ရောက်၍ အမတ်ကြီးနှစ်ယောက်ပြန်လာခဲ့သည်။

သက်မင်း ငဖုံးကို အသက်မသတ်၊ ခြေရင်းတွင် ထားလေသည်။ မုဿလမံကုလားတို့မှာ အကောက်အဆိုးများသည် အမိန့်တော်ရှိ၍။ ကုလားထာနာလူပေါင်း ငါးရာအနက်။ တရာကို တန်းဆာသိမ်း၍။ မိန်းမစိုးမော်လိပ်အစုမှာ ဖြည့်တော်မူသည်။ လေးရာကုလားတို့မှာ စီရီရေခပ်အစုမှာ ဖြည့်တော်မူသည်။ ထိုမင်းလက်ထက်။ ဂေါဇာသက္ကရာဇ် ၆၉၅-ခုနှစ်တွင်။ အရှေ့သက်တို့ မငြိမ်မသက်။ တောင်စဉ်ကျေးရွာတို့ကို ဖျက်ဆီးရောက်ပေါက်ကြောင်းကို။ သူရဲတစ်သိန်းနှစ်သောင်းပေး၍ ချီတက်စေရာ။ အမတ်ကြီး စစ်ဆင်ကြိယာသော်ကား။ မင်းတုန်းမြို့လမ်း၊ တောင်ခွင်စားရေကျော်နှင့်၊ ကမ်းယံသူရဲတသောင်းကို ချီစေသည်။ တောင်ကုတ်လမ်းက၊ တောင်ကုပ်စား-ရန်မသူနှင့် သူရဲတသောင်းချီစေသည်။ ဆားပြင်ကမာလမ်းက၊ ပန်းတော်စား သတိုးအောင်နှင့် သူရဲတသောင်းချီစေသည်။ တားလက်လမ်းက၊ တားလက်စား-ကျော်ပုံနှင့် သူရဲတသောင်းကို ချီစေသည်။ သလူမြစ်လမ်းက၊ မာရ်အောင်စား-ချစ်သူနှင့် သူရဲတသောင်း။ သံတောင်စား-လကျာ်သူနှင့် သူရဲတသောင်းချီစေသည်။ ကိုယ်တော်ရံ သူရဲနှစ်သောင်း၊ လူပေါင်းငါးသောင်းနှင့် အမတ်ကြီး စနည်းလမ်းသို့ ချီတက်၍။ အသီးအသီးတပ်များကို၊ အမတ်ကြီးက အရေလှသော မိန်းမတစ်ယောက်စီအပ်လိုက်၍၊ မှာသည်ကား။ တောင်ခွင်-ကြိမ်တလီလမ်းချီသော သူတို့သည် ပဲခူးမင်းနှင့်နီးသည်။ သူတို့က ဆီးဆို့ချီလာခဲ့သော်။ စစ်ထိုးမည်မဟုတ်။ သမီးကညာ ပဲခူးမင်းကို ဆက်မည်လာသည်။ ယင်းသို့ဆို၍ ထိုမိန်းမကို အခြွေအရံနှင့်တကွ ပြလေ။ တားလက်လမ်းက ချီစေသောတပ်နှင့်လည်း ပြူနိုင်ငံ ပန်းယမြို့နှင့်နီးသည်။ ပန်းယမြို့ ဥဇနကချီလာသော ထိုနည်းပြသပြောဆိုလေ။ သက်မင်းကို ဘမ်းမိရသောအခါမှ။ သက်မင်းနေသော မိစ္ဆာဂိရိသို့၊ အထက်တပ်-အောက်တပ်အစဉ်အတိုင်း အနေသင့်ရာ၌၊ တပ်ခိုင်စွဲချ၍၊ ငါ့ထံသို့မပြတ် လျှောက်ထားလာစေဟု မှာထား၍။ စစ်သူကြီးအမတ်တွင်လည်း၊ အသွေးအဆင်းကောင်းသော မိန်းမတစ်ယောက်ကို။ ခြွေရံများစွာနှင့်။ ကောင်းစွာဆောင်ယူလေသည်။ အမတ်ကြီးချီသွား၍ တိုင်တားမြို့သို့ ရောက်လေသော်။ အရေးအရာ၌လိမ္မာသော လေးမြို့စားသံတိုင်ကို၊ လက်ဆောင်သဝဏ်စာနှင့်၊

သက်မင်းထံ သမီးကညာဆက်လာသော အကြောင်းကို စေလွှတ်လေရာ၊ လေးမြို့စား သံတိုင်သွားလေ၍၊ သက်မင်းထံ ရောက်လေရာ၊ အမတ်ကြီးမှာတိုင်း ပြောဆိုလျှောက်တင်လေသော်။ သက်မင်းလည်း အလွန်အားရတော်မူ၍၊ လေးမြို့စားကို ဆုလာဘ်များစွာပေးပြီးမှ၊ အမတ်ကြီးကို ဆင်ပေါက်တစ်စီး၊ ရွှေစလွယ်၊ ရွှေကွမ်းချပ်၊ ရွှေကြိုး ရွှေကနှင့် မြင်းနှစ်စီး၊ ရွှေထွေးခံများကို ပေးလိုက်၏။ အမတ်-မင်းတပ်စား ပြည်သို့ကို ထည့်တော်မူလိုက်သည်။ ထိုအကြောင်းကို အမတ်ကြီးသိလေလျှင်။ ရဲမက်တို့ကို ဖိုးခေါင်တောင်မှာတင်ထား၍ အတန်လူနှင့်သာ နေလေသည်။ ပြည်သို့အမတ်ရောက်လာသော်။ ထိုမိန်းမကို ပြသကြည့်ရှုစေပြီးလျှင်။ ကြိုက်တော်မူစေလိုကြောင်း လျှောက်စာဆက်လိုက်၍ ပြန်စေသည်။ မင်းတပ်စား ပြည်သို့လည်း လောင်းကြက်မြို့ရှင်၊ မင်းထီးနှမတော်ဖြစ်ကြောင်းကို။ အမတ်ကြီးထွက်ချက်အတိုင်း၊ လျှောက်လေရာ အားရတော်မူ၍၊ အကြိုမင်းတပ်ရောက် ထွက်လာခဲ့သည်။ မင်းတပ်တွင် ပွဲသဘင်ကြီးကျယ်စွာ၊ သဘင်ခံနေကြောင်း၊ လူရောက်လာလျှင်။ အမတ်ကြီးက ဒါဂါစားရဲအောင်နိုင်သို့၊ ကိုယ်တော်ရံ သူရဲကောင်းတသောင်း။ တိုက်ဆင်တရာ ပေး၍၊ ထိုမိန်းမကို အဆက်ယူ၍။ ရှေးက ချီသွားစေသည်ကာလ-မှာ ပြန်သည်ကား။ သက်မင်းအပျော်အပါးမှု၌ လွန်သောသူ။ အပျော်အရှင်သဘင်မှု၌ လွန်သောသူအား မေ့လျော့ထိုင်မှိုင်းပေါ့ဖျင်းလျက် သေသောက်ကြူးနှင့်တူသည်။ တရွေ့တရွေ့သာသွားလေ။ ထို့နောက်သော်ကား။ ကံသာမြို့စား-ဝန်တဗိုလ်ကို သူရဲကိုယ်ရံ တသောင်းပေး၍၊ တောကြောင်းချီလျက်၊ သက်မင်းနောက်က ပိတ်စေသည်။ သက်မင်းယဉ်စောကား၊ မီးမက်သော ပိုးဖလံကဲ့သို့။ ပွဲသဘင်နှင့်သာ ပျော်ပါးနေရာ။ ဒါဂါစား ရဲအောင်နိုင်လည်း ထိုမိန်းမကို ဝင်၍ဆက်လေသည်။ သက်မင်းအလွန် ချစ်မြတ်နိုးလျက်။ သဘင်နှင့်အတူ ထိုမိန်းမနှင့်ကြည့်ရှုရာ။ ညဉ့်တပဟိုရ်ခန့်တွင် ရှေ့နောက်ပိတ်ဆို့၍ တိုက်လေသော်။ သက်မင်းယဉ်စောနှင့်။ သားအလတ်စောဖြူ သားအငယ် စိုးတူတို့ကို ရပြီးသည့်နောက်၊ မိစ္ဆာဂိရိတောင်မြို့သို့ ရောက်ပြန်ရာ။ သားအကြီးစောစုံနှင့်။ မိဖုရားသုံးပါး။ မောင်းမအကုန်ကို ရပြန်သည်။ သက်မင်းယဉ်စောနှင့် သားသုံးပါး၊ မိဖုရားသုံးပါး၊ သမီးနှစ်ပါး၊ မောင်းမများနှင့်၊ ဒါဂါစား-ရဲအောင်နိုင်ကိုစေ၍၊ ပြည့်ရှင်မင်းထံ။ သက္ကရာဇ် ၆၉၅-ခု တပို့တွဲလွန်းနှစ်ရက်နေ့ ပို့ဆက်စေသည်။ ယင်းသို့ ဉာဏ်ပညာဖြင့်။ သက်မြို့ကို ခေးလုံမကျိုးရပြီးမှ၊ ပြည်မြို့သို့ ချီလေသော်။ ပြည်မင်းအတိုက် မခံဝံ့၍။ ဆင်ပေါက် ၅၀၊ ပြောင် ၂၀။ ရွှေငွေအထည်အလိပ်များကို ဆောင်ယူလျက်။ အမတ်ကြီးနေရာ ကာမမြို့သို့ ပို့ဆက်လာသော်။ ပြည်မြို့ကိုကား မတိုက်မဖျက်။ သက်အိမ်ထောင်စုံတသောင်းကို သိမ်းယူ၍။ ၎င်းသက္ကရာဇ် ၆၉၅-ခု တပေါင်းလပြည့်ကျော် ၁၃ရက်နေ့ အမတ်ကြီးပြန်ခဲ့သည်။ ပြည့်ရှင်မင်းကြီးသည်၊ သက်မင်းကိုကား <u>ကျောက်မသာ-ကျောက်ဖျာရွာ</u>ကို ပေးတော်မူသည်။ သက်မင်းသမီး စောမေခံကို၊ မင်းချစ်တန်ဆောင် ထားတော်မူသည်။ သက်မင်းသမီးအငယ်ကို၊ အမတ်ကြီးသား၊ အမ်းစားအောင်သူနှင့် ထိမ်းမြားတော်မူသည်။ သက် အိမ်ထောင်စု တသောင်းကို၊ အမ်းချောင်း-ရှူးချောင်းဖျားတွင် ချထားတော်မူသည်။ ဒိုင်းနက် ငွေခွန် ဘွဲ့တော်မူသည်။ <u>အမတ်ကြီးကိုကား</u> <u>မဟာဝေဿဝဏ္ဏ</u>အမည်ကို ပေးတော်မူ၍။ ဆင်ကရွှေသာဖောင်းဖြူ ထွက်စည်-ရွှေထမ်းစင် ပေးသနားတော်မူသည်။ သက်မင်းသားအကြီး စောရံကို ကြွေတဲစား။ သားအလတ်စောဖြူကို မီးစား။ သားအငယ်စိုးတူကို ကင်းစား။ အသီးအသီးသူကောင်းပြု၍ အပါးတော်တွင်ထားရာ၊ လေးမြို့သို့အချီတွင် သက္ကရာဇ် ၇၀၅-ခုနှစ်၊ သက်မင်းသား သုံးယောက်၊ လေးမြို့အညာ၊ ဖိုးခေါင်တောင်ကိုလွှဲ၍ အရှေ့မြန်မာပြည်သို့ ပြေးလေသည်။ ယင်းသို့အခါ သက်မင်းကိုသော်ကား မည်သို့အပြစ်မပြု၊ စားကျေးမြို့ရွာကိုလည်း မနုတ်၊ ထားမြဲသာ ထားတော်မူသည်။ သက်မင်းသားသုံးယောက် အရှေ့မြန်မာပြည်သို့ ရောက်လေသော်။ ပန်းယတစီးရှင် ဥဇနာထံနေလေရာ၊ မြင်စိုင်းမြို့ကို စားရလေသည်။ ညီအလတ်စောဖြူမှာ။ ကျော်စွာမင်းလက်ထက်၊ မင်းရန်နောင်အမည်ခံ၍ ပြည်မြို့ကို ရပြန်လေသည်။ ညီအငယ် စိုးတူသော်ကား၊ စစ်ကိုင်းမင်းတရားထံ ထမ်းရွက်လေ၍ အမြင့်မြို့ကို စားရသည်။

ထိုသို့သောကာလ၌၊ အရှေ့ပြည်တွင်လည်း အသီးအသီး အလိုလို မင်းမူကြလျက်။ စစ်မက်ထူထပ်များစွာ၊ သတ္တဝါတို့ ကပ်ဥပဒ်အလျောက်ရှိလေရာ၊ ကြခပ်ဝရာသားတစ်ယောက်သည်၊ အရေး၌လိမ္မာသူဖြစ်၍၊ တစီးရှင်က၊ စောသမွန်အမည်နှင့် တကောင်းမြို့ကို ပေး၍စားရသည်။ တကောင်းစား သားချစ်နှောင်းဦးလည်း၊ တစီးရှင်သား ကျော်စွာထံ သူငယ်တော်ခံလျက် နေရသည်။ ယင်းသောအခါ၊ တကောင်းစား စောသမွန် ခြားနားမည်ကြံသော အကြောင်းကို၊ တကောင်းမြို့အကြီး၊ ရိုးဘတ္တရာဇာက၊ ပန်းယမင်းသို့ လျှောက်လေရာ။ တကောင်းစားကိုခေါ်၍ မေးတော်မူသည်။ မဟုတ်မမှန်ကြောင်းနှင့် လျှောက်တင်လေလျှင်။ တကောင်းစားသို့။ ရိုးဘတ္တရာဇာကို အပ်လိုက်၍။ ရိုးဘတ္တရာဇာ သက်လွတ်ထွက်ပြေးခဲ့လျက်။ ရက္ခပူရတိုင်း-ပြည့်ရှင်မင်းထံ ရောက်လာသော်။ အကြောင်းအရာများကို စေ့စုံအောင် မေးတော်မူပြီးမှ။ သိတော်မူလျှင်။ ကိုယ်လုပ်တော် မောင်းမ-ဝင်းစံကို ထုတ်၍ ပေးမြားတော်မူသည်။

စားကျေးလည်း ဦးရစ်တောင်စားအရာကို ပေးတော်မူသည်။ ပန်းယမြို့တွင်၊ မောပါမင်းလည်း မင်းကျင့်တရားပျက်လျက်ရှိသော်။ တကောင်းမြို့စား-စောသမွန်သား ချစ်နှောင်ဦးသည်၊ ဗိုလ်ခြေနှင့် ကြခပ်ဝရာက လာခဲ့၍၊ ပန်းယမြို့ကို တိုက်ခိုက်၍ရလေသော်။ သတိုးမင်းဖျားအမည်နှင့် မင်းပြုသည်။ သက္ကရာဇ် ၇၂၆-ခုတွင် အဝမြို့ကို တည်လေသည်။

သက်မင်းသားအငယ်သည်လည်း၊ တရဖျားအမည်နှင့် အမြင့်မြို့ကို စားရလေသည်။ စစ်ကိုင်းမြို့ မင်းပြောက်။ အမတ်ရေးနည်းစား-လေးဆယ်သူ။ မောက်ကတော်စား-တုရင်ကျော်၊ ထိုနှစ်ယောက်၊ လူပေါင်းနှစ်ရာခန့်နှင့်။ ပြေးဝင်လာရောက်သော်။ ပြည့်ရှင်မင်းလည်း အရှေ့ပြည်အကြောင်းကို စုံလင်စွာမေးတော်မူ၍၊ လေးဆယ်သူမှာ ရမ်းပြဲစား၊ တုရင်ကျော်ကို သောင်းတီးစားအရာ စားကျေးပေး၍ ထားတော်မူလေသည်။ ပြည့်ရှင်မင်းထီးကား အနီးအဝေးရွေးတော်မမူ။ ပညာအလျောက် သူကောင်းပြုတော်မူသည်။ <u>ထိုမင်းထီးသည်ကား ၆၄၁-ခုတွင် မင်းဖြစ်တော်မူ၍။ သက္ကရာဇ် ၇၅၁-ခုနှစ်တွင် နတ်ရွာစံတော်မူသည်ဖြစ်၍။ အိမ်နိမ့်ခုနစ်နှစ်၊ စည်းစိမ်တစ်ရာ့တစ်ဆယ့်တစ်နှစ်၊ နှစ်စုသက်တော် တရာ့တဆယ့်ရှစ်နှစ် အသက်ရှည်တော်မူသတည်း။</u>

-----------***----------

## ၂၀– မင်းထီးသားတော် ဝရဓမ္မမင်းလက်ထက်၊ မင်းကျင့်တရားနှင့်၊ မင်း၏အမိန့်အာဏာ မှတ်သားပိုင်းခြားထားသောအခြင်းအရာ အဋ္ဌုပ္ပတ္တိကိုပြခြင်း။

ထိုမင်းလွန်တော်မူလျှင်၊ <u>သားတော်ရာဇသူသည်၊</u> သက်တော် ၆၀-တွင် ခမည်းတော်၏ရိုက်ရာကို စိုးအုပ်တော်မူသော်။ <u>ဝရဓမ္မရာဇာ</u> အမည်ကို ခံတော်မူသည်။ ထိုမင်းအကျင့် သီလတော်ကား၊ နန်းတက်တော်မူလျှင်၊ မှူးမတ်ပြည်သူတို့အား၊ အမိန့်တော်ပိုင်းဖြတ် သားနားထားတော်မူသည်မှာ။ ရှေးဘိတော်-ဘေးတော်-ခမည်းတော်တို့ လက်ထက်ပေးသနားတော်မူခဲ့သည့် အဆောင်အရွက်၊ စားကျေးမြို့ရွာ၊ သူကြီးကလန်၊ အစို့အငန်းသားတို့မှာ၊ သားမြေးစဉ်ဆက်၊ စားသုံးဆောင်ရွက်၊ ကြီးစိုးမြဲ ရှိသည့်အတိုင်း၊ ကြီးစိုးထမ်းရွက်စေ။ တုတ်ခွန်ဘဏ္ဍာ ခံယူသုံးဆောင်ဆက်သွင်းသည်များမှာလည်း။ အသည်သားတို့မှာ တနှစ်လျှင် အိမ်ကြီးငါးအသပြာ။ အိမ်ငယ်နှစ်သပြာခွဲ။ အစို့အခွန်သားတို့မှာ အိမ်ကြီးဆယ်သပြာ၊ အရိုင်းတို့မှာ ခေါးတစ်စင်း၊ ယာတစ်ခင်းလျှင် သုံးသပြာစီသာ တောင်းခံမြဲ ထုံးစံရှိသည့်အတိုင်း အစဉ်ကိုသာ ခံယူသုံးစား ဆက်သွင်းစေ။ အမှုထမ်းသား ကိုယ်ရံမှုစ၍ <u>ဝင်းသားဒိုင်းသား ဟရာစီရီ</u> တို့ကို အခွန်အတုတ် မတောင်းခံစေနှင့်။ အစို့ရင်းမှာသာ ထမ်းရွက်နေထိုင်စေ။ မင်းမိဖုရား- မင်းသား- မှူးမတ်တို့မှာလည်း ရှေးမင်းအသီးအသီး ပေးဘွဲ့ထားခဲ့၍ ရှိသည့်လူကိုသာ သုံးစေ။ အခြားသူတို့ကို ကပ်ခိုလက်ခံ မနေစေနှင့်။ တရားတဘောင် လက်ရောက် နှုတ်လွန်-မြေမှု-ရေမှု-အိမ်မှု-ငွေမှုများမှာလည်း။ တရားသွေးယောက်။ ပြည်စိုးလေးယောက်၊ မြို့လေးမျက်နှာက၊ တရားမဏ္ဍပ်နှင့် စီရင်မြဲ စီရင်စေ။ ပြီးပြေလျှင်- အမှုကြီးငယ်ကို ထောက်၍၊ ငါးသပြာတန်သည်၊ နှစ်သပြာတန်သည်ကို စီရင်သူက ခံယူသုံးစားစေ။ မင်းရာစိုးထူးဟူ၍ မကုန်မကျစေနှင့်။ တရားသွေးပြည်စိုးတို့ စီရင်၍ မပြီးသော်။ အမတ်လေးယောက် စုံညီစီရင်ဆုံးဖြတ်စေ။ မပြီးမူ အမှုသည်နှစ်ဦးကို အတွင်းတော်သို့ ဝင်စေ။ ခိုးမှု-ရိုးမှုများမှာလည်း ရိုက်ပုတ်ထောင်းသတ် မစစ်မမေးစေနှင့်။ <u>ပညာဖြင့်သာ ပေါ်အောင်စစ်။</u> ခိုးသည်မှန်လျှင် စာထိုး၍ ဟရာအစို့မှာဖြည့်။ အသက်သေဆုံးလျှင် မည်သူမဆို သေစားသေစေ။ မှူးမတ်မယားကို ပြစ်မှားသောသူတို့မှာ မျက်နှာမှာ ဆေးရေး၍ မောင်းလည်ပြီးလျှင်။ မိန်းမယောကျ်ား နှစ်ယောက်ကို ရေခပ်စီရီအစို့မှာဖြည့်။ ဘိသိက်ဆက်မင်္ဂလာပုဏ္ဏားနှင့် အခြားပုဏ္ဏားမရောစေနှင့်။ ရဟန်းသင်္ဃာတို့မှာလည်း မြတ်စွာဘုရား ဟောတော်မူရင်း တရားကို ရှည်ကြာထွန်းလင်းအောင်၊ ဝဋ္ဋဂါမဏိမင်းလက်ထက်၊ သီဟဠဘာသာအက္ခရာတင်ထားခဲ့သည့် ပိဋကတ်သုံးပုံကိုသာ သင်ကြားလေ့လာရမည်။ ပုထုဇဉ်တို့ပြုလုပ်သော ကျမ်းဂန်များကို မလေ့မလာသင့်။ နောက်ကိုလည်း ကျမ်းဂန်မလုပ်စေနှင့်။ ဝိနည်းမိုရ်ဆရာတော်တို့က နိုင်နင်းအောင်မြစ်။ ထိုသို့အာဏာတော် ပိုင်းဖြတ်ထားတော်မူသည်။

သက်တော်ခြောက်ဆယ့်သုံးနှစ် ရောက်သောအခါ ချစ်မြတ်နိုးတော်မူသော အမတ်ကြီး မနုဟာသမီး မြကုံးကို တောင်ညာနှင်း၍ အဘိသိက်ခံတော်မူမည်ရှိရာ။ မိန်းမကောင်းတို့ လက္ခဏာကို၊ အမတ်ပညာရှိ စစ်တကောင်းစား ဝိမလကို မေးတော်မူလေရာ။ အမတ်ကြီးလျှောက်သော ထုံးသော်ကား။ ။ အရှင်မင်းမြတ်။ <u>မိန်းမကောင်းလက္ခဏာကို</u>

ရှေးပညာရှိတို့ဆိုခဲ့သည်ကား။ ကုတ္တိဘရိယာ။ အင်္ဂါညီညွတ်။ မိန်းမမြတ်တို့။ လင်ဝတ်လင်မှု။ အနုအရင့်။ အခွင့်လိမ္မာ၊ သဒ္ဒါရက်ရက်။ ရမ္မက်နည်းပါး။ စကားတည်ကြည်။ ဆိုသည်အချက်။ ထွက်လည်းနာဘွယ်။ ပြစ်ခြောက်သွယ်မူ။ ယူဘွယ်မရှိ။ ဟိရိဩတ္တပ်။ စောင့်ကြပ်ကိုယ်ဝယ်၊ ပြက်ရယ်သွမ်းမှု၊ မပြုဖြောင့်ဖြောင့်။ အမျိုးစောင့်၏။ မထောင့်လိမ့်လက်။ အိပ်စက်ဝတ်စား၊ အသွားအနေ။ အစေအသုံး။ ရှေးထုံးနှိုင်းညှိ၊ ဂတိမလိုက်၊ စရိုက်ရုန့်ကြမ်း။ မိန်းမသွမ်းနှင့်။ မပြွမ်းရောနှော၊ သဘောတည့်မတ်၊ သူ့ထက်မြတ်သည်၊ ထိုသို့သော မိန်းမကို စကြာမန္တာတ်မင်းတို့သော်လည်း၊ အဘိသိက်ခံအပ်ကြောင်း ထုံးဟောင်းရှိပါသည်။ ။ <u>လောကီလက္ခဏာကျမ်းတွင်လည်း၊</u> ရာဇဒေဝီမိဖုရားကြီးသည်။ သီလစာဂံ၊ အကျင့်သီလ မြဲခြင်း၊ စွန့်ကြဲပေးကမ်းခြင်းလည်းကောင်း၊ ကေသကဏှံ၊ ဆံပင်နက်၍ကောင်းခြင်းလည်းကောင်း၊ လက္ခဏာပါဒံ၊ ခြေလက်သေးသွယ်နူးညံ့ခြင်း-အရေးအကြောင်းနက်ခြင်းလည်းကောင်း၊ ရုပ်အဆင်းလှခြင်းလည်းကောင်း၊ သဒ္ဒံ၊ အသံသာယာဘွယ်ရှိခြင်းလည်းကောင်း၊ ထိုအင်္ဂါခုနစ်ပါးတို့နှင့်၊ ပြည့်စုံအပ်ကြောင်းကိုလည်း ရှေးထုံးဟောင်းလာပါသည်။ အရှင်မိဖုရား မြကုံးသည် ထိုသို့သော အင်္ဂါတို့နှင့် ပြည့်စုံပါလျှင် တောင်ညာထား မိဖုရားအရာ မြှောက်ထိုက်ပါသည် လျှောက်လေသော်၊ ပြည့်ရှင်မင်းက အမတ်ဝိမလသို့ သပြာတထောင် ဆုပေးတော်မူသည်။

တရံရောအခါ၊ ထိုမင်းကြီးသည် ရေကြက်သားကို စားချင်တော်မူသော စိတ်ရှိလတ်၍၊ ပညာဖြင့် ဆင်ခြင်လျက်။ ထိုငှက်သားကို စားလိုသော စိတ်ရှိသည့်အတိုင်း။ နှုတ်မြွက်၍၊ သူတစ်ပါးသို့ ပြောဆိုချေသော်။ ငါလည်း အစိုးမင်းဖြစ်ချေသည်။ မင်းကြိုက်သောအစာကို ဆက်ရသော် မျက်နှာသို့ ရှေ့ပြု၍။ မှူးမတ်ပြည်သူတို့၊ ထိုသတ္တဝါကောင်အား နှိပ်စက်ဘမ်းဆီးသတ်ညှဉ်းပမ်း၍ ဆက်ရာချေသည်။ မစားလျှင်အကျိုး- စားလျှင်အပြစ်ရောက်အံ့ဟု ကြံတော်မူလျက်။ ဆင်ခြင်တော်မူပြန်သည်ကား။ ထိုအကောင် အသားကို-ပညာရှိသူတော်ကောင်းရှာ၍ ပေးသောအစာကို ရလျှင်ငါ၌ အပြစ်လွတ်အံ့။ ယင်းသို့ကြံတော်မူ၍၊ ပညာရှိအမတ် ဝိမလကို နှစ်ကိုယ်တည်းခေါ်တော်မူ၍။ ရေကြက်သားစားတော်မူလိုကြောင်းဖြင့် ပြောဆိုတော်မူလေသည်။ ထိုအမတ်ဝိမလ ဆင်ခြင်ပြန်သည်ကား အရှင်ကောင်း ကျွန်ကောင်းသည်။ ကျွန်ကောင်းမှုလည်း အရှင်၌အပြစ်ကင်းရာသည်။ ရှေးထုံးဟောင်းစကားတွင်လည်း။ မင်းတိုင်ပင်ပြုလိုသော မှူးမတ်လက္ခဏာကို ဆင်ခြင်လျက်၊ လျှောက်တင်ပြောဆို၊ မင်းခွင့်ပေးအပ်သည့် စကားအမှာရှိသည်။ ယခုအရှင်မင်းမြတ်မူလည်း သမ္မာအာဇီဝ အစာကို စားရလို၍၊ ငါ့အားတိုင်ပင်တော်မူသည်မှာ။ အခြားသူ အရှာထည့်ချေသော်။ မသန့်သောအစာဖြင့် ပေးလာ၍၊ မင်းထံဆက်ချေမူ။ ငါ့အားယုံလျက် စားမိချေသော်။ ထိုအစာလည်း မသန့်။ ငါ့ကိုယုံသောအကျိုးလည်း မင်း၌မရှိ။ တရားလိမ္မာသောသူအား ရှာစေမှသင့်မည်ကြံလျက်။ ဓမ္မပါလသူတော်ကို ခေါ်၍ ရေကြက်သားကို ပြောဆိုလေသည်။ ထိုဓမ္မပါလသူတော် ကြံပြန်သည်ကား၊ တရားသီလမြဲသောသူတို့သည်၊ <u>ကာယဘေဒ၊ ကိုယ်၏စောင့်ခြင်း၊</u> <u>ဝစီဘေဒ၊</u> <u>နှုတ်၏စောင့်ခြင်း၊</u> <u>မနောဘေဒ၊</u> <u>နှလုံး၏စောင့်ခြင်း</u>။ ထိုကံသုံးပါးကို သူတော်ကောင်းသည် ဆင်ခြင်လျက်။ ငါ့အားယုံ၍ သန့်သောအစာအာဟာရကို ရလိုကြောင်းနှင့်။ အမတ်ကြီးဝိမလ လျှောက်ချေသည်။ ပေးသူလည်းတင့်။ စားသူလည်းသင့်အောင်၊ မြစ်ဆိပ်ကမ်းနား၊ တောတောင်အနှံ့၊ ဓမ္မပါလာသူတော်ရှာလေသော်။ ရေကြက်ငှက်တစ်ကောင် မိမိအလျောက် ကံကုန်၍ သေသည်ကို တွေ့လေရာ ဆောင်ယူခဲ့လျက်၊ အမတ်ကြီးဝိမလထံ ပေးလေသည်။ အမတ်ကြီးလည်း ကောင်းမွန်စွာ ကိုယ်တိုင်ချက်ပြီးလျှင် မင်းထံဆက်လေရာ။ ပြည့်ရှင်မင်းမိန်စွာ စားတော်ခေါ်လေသည်။ သည်တွင်မှ ထိုအသားကို၊ တပ်သော နှလုံးဝေဒနာတော် ကင်းငြိမ်းချမ်းသာတော်မူလေသည်။

ထိုဝရဓမ္မမင်းကြီးသည် သက်တော်ရှစ်ဆယ့်ငါးနှစ်ရောက်လတ်သောအခါ။ <u>မဟာမြတ်မုနိ ရောင်တော်လွှတ်သည်။</u> လျှောင်အကြိမ်များစွာ လှုပ်သည်။ တော်လည်းသည်။ <u>ဥပါပုံသည်။</u> နတ်အမြောက်သံ အကြိမ်များစွာကြားသည်။ နန်းတော်သို့ မိစ္ဆာဝင်သည်။ နဂါးချေးလွှတ်သည်။ ကြာသပတေး ကြယ်လကို ထွင်းသည်။ စနေအင်္ဂါဂြိုလ်ပုံသည်။ ထိုသို့တိတ်နိမိတ်များစွာကို။ အမတ်ပညာရှိ ဝိမလလျှောက်ထုံးသော်ကား။ ။ ဘုရားပုထိုး အရောင်လွှတ်သည်။ တောင်ပြိုသည်များမှာ။ မင်း၌အကြောင်း ထုံးဟောင်းရှိပါသည်။ ဥပါပုံသည်။ နဂါးချေးလွှတ်သည်။ ရပ်ရှစ်မျက်နှာ တိမ်သွေးသို့မြင်သည်များမှာ မင်းမိဖုရား မင်းသား ဥပရာဇာတို့အကြောင်း။ လျှောင်အကြိမ်များစွာလှုပ်၍ တော်လည်းသည်မှာ ပြည်သူတို့အကြောင်း။ နတ်အမြောက်သံကြားသည်၊ စနေ-<u>အင်္ဂါဂြိုဟ်</u>ပုံသည်မှာ စစ်ချီလာရောက်ရာသော အကြောင်း။ ကြာသပတေးကြယ် လကိုထွင်းသည်။ ကြာသပတေးပုံသည်။ ဆုတ်သည်နေသည်များမှာ ရဟန်း-ပုဏ္ဏား-မိကြီး-ဘကြီး-ဆွေကြီး-မျိုးကြီး-မှူးကြီးမတ်ကြီးတို့အကြောင်း၊ နန်းတွင်းသို့ နတ်မိစ္ဆာဝင်သည်မှာ နန်းတွင်းသူတို့ သိက္ခာပျက်သော အကြောင်း။ ယင်းသို့ ထုံးဟောင်းလောကီကျမ်းဂန် ရှိပါသည်။ အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းက ဝိမလအမတ်၊ ငါကဲ့သို့ လူအိုဖြစ်သည်။ ထွက်ဝင်သွားလာရာ၊ ရွှေထမ်းစင်စီး၍ သွားလာစေဟု အမိန့်ပေးတော်မူသည်။

ထို၀ရဓမ္မမင်းကြီးသည်ကား အိမ်နိမ့်ခြောက်ဆယ်၊ နန်းစံနှစ်ဆယ့်ငါးနှစ်၊ နှစ်သက်တော် ရှစ်ဆယ့်ငါးနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းကြီးလွန်တော်မူပြီးသည့်နောက်။ မင်းကြီး၏ညီတော် သိင်္ဂသူမင်းသည် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူ၏။ ထိုမင်းသည်။ အိမ်နိမ့်သုံးဆယ့်နှစ်နှစ်၊ စည်းစိမ်သုံးနှစ်၊ နှစ်စုသက်တော် သုံးဆယ့်ငါးနှစ်တွင် နတ်ရွာစံလွန်တော်မူသည်။

---------***---------

## ၂၁-ရှင်းသားတော် စောမွန်လက်ထက် ရက္ခိုင်ပြည်ပျက်၍၊ အနောက်ဘင်္ဂါ ၁၂-မြို့သို့ ပြောင်းရွှေ့နေထိုင်ရသော အဋ္ဌုပ္ပတ္တိကို ပြဆိုခြင်း။

ထိုမင်းလွန်တော်မူပြီးသည့်နောက်။ ထိုမင်း၏နောင်တော်။ ထိုနောင်တော်မင်းနောက်-၀ရဓမ္မမင်းကြီး၏ သားတော် နရမိတ်လှမင်းသားသည် ထီးနန်းစည်းစိမ်ကို စိုးအုပ်တော်မူ၏။ အဘတူ အမိကွဲ။ ညီတော်နရနုမင်းသားကို သံတွဲစားအရာကိုပေး၍၊ သံတွဲမြို့မှာ ထားတော်မူ၏။ ထိုနရမိတ်လှမင်းကြီးသည် ခမည်းတော်လက်ထက် အမှုထမ်းရောက်လာသော ပြူ-မလွန်စား- ရာဇသူသမီး ရွှေဆုံကို တောင်ညာထား၍ ရာဇသူကို ကိုယ်ရံကြီးအမတ် ခန့်လေသည်။ မိဖုရားရွှေဆုံဆွေသား ကျေးကျွန်တို့ကိုလည်း အသီးအသီးကျေးစားပေးတော်မူ၏။ ပြည်သူတို့ကို နှိပ်စက်ကြလျှက်။ ထိုမင်းလည်း မိဖုရားရွှေဆုံအလိုရှိရာ လိုက်လေ၏။ မင်းနေမင်းသွား၊ မင်းပြောမင်းဆို၊ မင်းသုံးမင်းဆောင်၊ မင်းအိပ်မင်းစား မညီ၊ ပြုလိုရာ အမတ်သွမ်းတို့နှင့်၊ သဘောပျော်ရွှင်လေ့လာရှိလေရာ။ ခမည်းတော်လက်ထက်က မျိုးဟောင်း မတ်ဟောင်း သူကြီး-ကျေးခေါင်းတို့သည်။ ညီတော်သံတွဲစားသို့ ချဉ်းကပ်ကြ၍၊ လျှောက်တင်လေသည်ကား၊ အရှင်သားတော်၊ ကြာလျှင် တိုင်းပြည်ပျက်အံ့သော အကြောင်း ဖြစ်ပါသည်။ ထီးနန်းတိုင်းပြည်ကို သိမ်းယူတော်မူပါဟု သံတွဲစားအထံသို့ သွားကြ၍ လျှောက်တင်လေသော်။ သံတွဲစား နရနုမင်း အမိန့်တော်ရှိသည်ကား။ ငါတို့အနွယ်တော် သာကီဝင်မင်းဆက်၌ အမျိုးဘောက်၍ ဝိလုပ္ပန-လုယက်တိုက်ဖျက် ထီးနန်းတက်ရိုး ထုံးစံမရှိ။ အစ်ကိုယ်ကြီးမှာ အဘအရာဖြစ်သည်ဟု လျှောက်တင်သူတို့စကားကို မနာမယူ။ လက်ကိုစုံလျက်သာ နေသင့်သည်။ မိစ္ဆာမိုက်မှား မကြံရာ၊ ယင်းသို့ အမိန့်တော်ရှိလေသည်။ ထိုသို့ ညီတော်အား လျှောက်တင်သောအကြောင်းကို၊ နောင်တော်မင်းကြီး ကြားတော်မူလေလျှင်။ ညီတော်၌ အမျက်ဝင်တော်မူ၍၊ သံတွဲသို့ ချီမည်ရှိသောအခါ၊ ရှေးအမတ်ပညာရှိ အသက်တရာ အရွယ်၊ အမတ်ဝိမလလျှောက်သော ထုံးသော်ကား။ ။ အရှင်မင်းမြတ်။ ပင်လယ်မြစ်ကြောင်း၊ ဝဲခနောင်း၌၊ တိမ်းစောင်း မဖယ်သာ။ မာလိန်မတတ်၊ ရေကြောင်းလွှတ်သော်။ ကူးခပ်မရောက်ရာ။ ပြည့်ရှင်မင်းမြတ်၊ အကျင့်ချွတ်လျှင်၊ ဥပဒ်သတ္တဝါ၊ ရှေးထုံးဟောင်းလာ ရှိပါသည်။ ညီတော်သံတွဲစားနှင့် မျိုးမတ်ပြည်သူတို့ကို အမျက်တော် မရောက်ကောင်းပါ။ အရှင်မင်းကြီးသည် ရှေးဘီတော်-ဘေးတော်စသော ခမည်းတော်တို့နှင့်မတူ။ အမျိုးစောင့်ခြင်း တရားပျက်သည် ဖြစ်၍၊ ညီတော်ချမ်းသာစွာ ခမည်းတော် ဘထွေးတော်တို့ စားကျေးပေးခဲ့သော သံတွဲမြို့၌ ငြိမ်သက်စွာ နေလေရာ။ သူလှောင်သူဆိုးတို့ စကားကို နာတော်မူလျက်၊ ယောက္ခမတော်-ပြူအမတ်ရာဇာသူကို ခန့်တော်မူ၍၊ တစ်နှစ်တစ်ကြိမ် တိုက်စေသော်လည်း၊ ညီတော်၌ ဂုဏ်သီလမြဲခြင်းကြောင့်၊ မျိုးမတ်ကျေးကျွန် အင်္ဂါစုံစွာရှိသည်ဖြစ်၍ သုံးကြိမ်တိုင်တိုင် ပျက်လာရပါသည်။ သံတွဲသို့ ချီတော်မူမည့် အကြံတော်မသင့်ပါ။

ရှေးကျမ်းဂန်အဆို၊ ကာလိင်္ဂရာဇ်မင်းက၊ အသကမင်းကို စစ်ပြုလေသောအကြောင်း၊ နိဒါန်းဟောင်းတွင်လည်း။ ဆဒ္ဒန်ပြောင်မုန်။ ရဲဟုန်နင်းချိုး။ ချွံချွံထိုးသို့။ အကျိုးရှိသင့်။ တိုင်းခွင်မသာ၊ မင်္ဂလာအောင်မြေ။ အနေသင့်ရာ။ ဗိုလ်ပါဆင်မြင်း၊ သိမ်းသွင်းမပျက်။ ရဲမက်မပြို။ ရန်ကိုနှိပ်နှံ့။ အကြံပညာ၊ သည်သာဖြစ်ခဲ့။ သူရဲမရှား။ လက်ရုံးအားမှာ။ အမှားအမှန်။ အလွန်အကျူး၊ သူရူးအင်္ဂါ၊ မိစ္ဆာအကျင့်။ နိမ့်မြင့်ရှုနိုင်။ အပိုင်ခဲခက်၊ လက်နက်ဗိုလ်ခြေ။ အသေအဆုံး။ ထုံးမပြုလောက်။ ထွင်းဘောက်မြောက်မြား။ ဂုဏ်ကိုးပါးစုံ။ ပညာလုံမှ။ ဗိုလ်ပုံမပန်း။ ဉာဏ်စွမ်းနှဋ္ဌိ။ တွင်းပြင်ရှိက။ ကြီးဘိစစ်အင်။ မြင်းဆင်ရထား။ ခြေသည်အားနှင့်။ လေးပါးညီစုံ၊ ရောက်ငြားတုံလည်း။ ပိုက်ခြုံပြီးစီး။ စစ်သူကြီးတို့ ထုံးမှီလိမ္မာ၊ သို့ကိုသာလျှင်။ စစ်အင်လေမည်။ အပ်သည်ရှေးရိုး၊ ရန်ချိုးနိုင်သည်။ သူ့ပြည်သာယာ။ ဝတီသာသို့။ ပမာတမျှ။ အသကမင်း။ စစ်တွင်းရှုံးမည်။ ဆိုသည်စကား၊ သိကြားစဉ်လျက်။ မပျက်ထုံးစံ၊ နန္ဒိသေန၊ အသကမတ်။ ညီညွတ်ပြည့်စုံ။ ပညာလုံ၍။ ဗိုလ်ပုံရန်ငြိမ်း၊ ကာလိင်္ဂရာဇ်၊ သူ့စစ်နွမ်းညိုး။ အကျိုးမရှိ၊ ပန်းနှယ်ရိ၍၊ တစိကစက်။

ကြေညက်ပရမ်း။ အမတ်သွမ်းနှင့်။ မင်းကြမ်းတသွန်။ မာန်တန်းခွန်ကို။ ကဲလွန်စတင်။ ကိုယ့်ရှင်ကိုယ်ဝယ်။ အလမ္ပာယ်သို့၊ အန္တရာယ်ရောက်။ ပြေးမြောက်လမ်းမှား။ သေပျောက်ငြားလည်း။ တရားမရ။ မင်းသုည၊ ယင်းသို့ ထုံးဟောင်းရှိပါသည်။ အရှင်မင်းမြတ်။ ။ ထိုမှတပါးတုံလည်း၊ သူလျှောင်သူပြက်။ ပေါင်းဘက်စကား။ မင်းကြီးမှားမူ။ တိုင်းကားမစည်။ ပျက်တတ်သည်။ ။ ရှေးစာဟောင်းအလာတွင် ကြွက်ကြီးတွင်းအောင်း၊ ကြွက်ဝယ်လောင်း။ ရုံးပေါင်းတွင်းကို ဖျက်လိမ့်မည်။ ။ ကျောင်းတစ်ဆယ်ကျော်ကို၊ ရှင်ငယ်တစ်ယောက် စားလိမ့်မည်။ ။အကျီခါးတို။ လူပျိုအမတ်များလိမ့်မည်။ ။ ပုတီးလက်စွဲ၊ လူစဉ်းလဲလည်း များလိမ့်မည်။ ။ ယင်းသို့အခါ၊ မိုယ်းမရွာ။ အစာငတ်၍ ရှားလိမ့်မည်။ ။ ငတ်မြစ်ကူးတို့၊ လူမပို့လည်း ကူးလိမ့်မည်။ ။ ကြွက်မင်းပြေးခါ၊ မဇ္ဈိမာသို့ ရောက်လိမ့်မည်။ ။ ပြူနှင့်တလိုင်း၊ ငစင်ရိုင်းသို့ ပြုလိမ့်မည်။ ။ ကြွက်မင်းတတန်။ တွင်းသို့ပြန်သော်။ အကြံတွင်းသစ် ရှာလိမ့်မည်။

ကြမ္မာကုန်အံ့သော်။ ထိုသို့ သိုက်ဓာတ်ဟောင်း တွေ့ရှိပါလျက်။ တိုင်းပြည်ပျက်ရာသော တိတ်ကြီးနိမိတ်ကြီးလည်း ထင်ပြပါလျက်။ ဓာတ်လေးပါးချောက်ချားရာ၊ မိုယ်းလည်းမရွာ။ သတ္တဝါတို့လည်း ငတ်မွတ်ပင်ပန်း၊ ညှိုးနွမ်းလျက်နှင့် ရှိသည့်အတွင်း။ မြို့စား၊ ရွာစား၊ ကျွန်းစား၊ ချောင်းစားပေးတော်မူသည်မှာလည်း၊ တမြို့တရွာတချောင်းတစုံမှ လွတ်သည်မရှိပါ။ ထိုကျေးစားတို့ကလည်း တိုင်းပြည်ကို ဖျက်ဆီးပြုကြပါသည် အရှင်မင်းမြတ်။ ညီတော် သားတော်၊ ဆွေတော် မျိုးတော်မှစ၍ မှူးကောင်းမတ်ကောင်းတို့ကို မနှိပ်စက်အပ်ပါ။ နှိပ်စက်ချေသော် ပြည်နာသည်။ ပြည်နာချေမူ ရန်သူပေါ်ပေါက်က။ ပြည်လုံးမှောက်၍ ပျက်စီးခြင်းသို့ ရောက်တတ်ပါသည်။ ထိုသို့အမတ်ကြီး လျှောက်လေရာ။ မင်းရိုးမင်းမျိုးမှန်လျက်၊ သူမိုက်တို့နှင့် ပေါင်းမိ၍။ ပညာရှိစကားကိုမယူ။ မှောက်မှားသဖြင့်။ အမတ်ကြီးဝိမလကို မာရ်အောင်သို့ ပို့ထားလေသည်။

ယင်းသောအခါ အဝမင်းခေါင်က-သားတော် မင်းရဲကျော်စွာကို ခန့်ထားချီလာကြောင်းကို။ သံတွဲစား နရနုမင်းသား ကြားသိလေသော်။ နောင်တော်ထံသို့ အလျှောက်အတင်။ တောင်ခွင်စား ရန်မသူကို စေလွှတ်လျှောက်တင်လေရာ။ နောင်တော်မှူးမတ်သွမ်းတို့က။ ညီတော်နှင့် စစ်ပြိုင်ရှိသည်တွင်။ ညီတော်လူရောက်လာသည်မှာ။ အဖြောင့်လာခြင်းမဟုတ်။ အလှန့်အချောက်-အစုံအစမ်းစေရောက်သူသာ ဖြစ်ပါသည်။ ယင်းသို့လျှောက်လေရာ။ နရမိတ်လှမင်းသည် ဥာဏ်နည်းသဖြင့်၊ ညီတော်လူထောင်ခွင်စားရန်မသူကို၊ နာကျင်စွာ ရာဇဒဏ်ပေး၍ ပြန်စေသည်။ ရန်မသူပြန်ရောက်လာလျှင်၊ သံတွဲစား နရနုမင်းလည်း။ ခိုင်လုံစွာ တပ်စီးတပ်နင်း၊ ကင်းအတန်တန်၊ ကြည်းရေပိတ်ဆို့လျက် နေလေသည်။ မင်းရဲကျော်စွာလည်း နရမိတ်လှမင်းကို တိုက်လေရာ နရမိတ်လှမင်းမခံနိုင်၍၊ သက္ကရာဇ် ၇၈၀တွင်။ အနောက်ကုလားဘင်္ဂါ ၁၂-မြို့သို့ ထွက်သွားရလေသည်။

အဝမြို့ ဘုရင်မင်းခေါင်က၊ သမက်တော် နော်ရထာနှင့် သမီးရွှေပြည့်ချမ်းသာကို၊ လောင်းကြက်မြို့နန်း၌ တင်ထားလေသောအခါ။ နော်ရထာနှင့် ရွှေပြည်ချမ်းသာတို့ အလွန်ဆိုးသွမ်း၍၊ ပြည်သူတို့ကို ညှဥ်းပန်းလတ်ပြန်ရာ။ သံတွဲစား နရနုမင်းက၊ ပဲခူးမြို့ရာဇာဓိရာဇ်ထံ ဝင်လေ၏။ နော်ရထာမိဖုရားရွှေပြည့်ချမ်းသာ မှူးမတ်တို့ ဆိုးသွမ်းနိုင်ထက်၊ ပြည်သူတို့ကို နှိပ်စက်ပါကြောင်း၊ လျှောက်လေသော်၊ ရာဇဓိရာဇ်မင်းက အဝနိုင် ဟူသောအမတ်ကို ဗိုလ်ချုပ်ခန့်၍၊ ရဲမက်တစ်သောင်းနှင့် ချီသွားတိုက်လေရာ၊ နော်ရထာနှင့် မှူးမတ်တစ်ရာကျော်ကို စီရင်ပြီးမှ၊ နရနုမင်းကို နန်းတင်ခဲ့သည်။ နော်ရထာမိဖုရား ရွှေပြည်ချမ်းသာကို ခေါ်ယူပြန်လေသည်။ နရနုမင်းလည်း တရားသီလဂုဏ်ပြည့်စုံသောမင်းဖြစ်၍၊ နောင်တော်နရမိတ်လှရှိရာသို့ လူစေလွှတ်၍ လျှောက်စေသော်။ နောင်တော်ချီလာခဲ့၍။ သက္ကရာဇ် ၇၉၃-ခုတိုင်ရောက်မှ၊ ထီးနန်းရမြဲရပြန်လေရာ။ သားတော်များကို အိမ်ရှေ့မပေး။ ညီတော်နရနုမင်းကို အိမ်ရှေ့နှင်းတော်မူသည်။ ခမည်းတော်လက်ထက်က မှူးကြီး၊ မတ်ကြီး သားမြေးတို့ကိုလည်း စီစစ်တော်မူ၍ အသီးအသီးပညာရေးအလျှောက် အနိမ့်အမြင့် သူကောင်းပြုတော်မူလေသည်။ အမတ်ပညာရှိ ဝိမလသား မြကျော်အောင်ကိုလည်း။ ကဝိကျော်အမည်နှင့် လေးမြို့ကို စားကျေးပေးတော်မူသည်။ မင်းစောမွန်ကြီးအမည်ကိုလည်း ခံတော်မူသည်။ နန်းကျ၍တဆဲ့သုံးနှစ်ရှိလေရာ၊ ပညာရှိနှင့်ပေါင်းဖော်လေ၍၊ နောင်မင်းဖြစ်သောအခါ၊ ရှေးဘေးတော်-ဘီတော် ခမည်းတော်တို့နည်းသော ကျင့်တော်မူသည်။ လောင်းကြက်မြို့ကို ရန်သူနှိပ်စက်ဖျက်ဆီး၍။ အနှစ်တစ်ဆယ်ကျော် နေလေသည်။ မြို့ပြောင်းတော်မူမည် အမိန့်ရှိလေရာ။ ပညာရှိ လေးမြို့စား ကဝိကျော် လျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ တင့်အပ်သော ခုနစ်ဌာနပြည့်စုံစွာ။ စစ်အင်္ဂါလေးပါးညီညွတ် ထွန်းလင်းသောနေရာပင် ဖြစ်စေကာ၊ ကျမ်းဂန်အလာ၌၊ ။ ယထ္ထ၊ အကြင်တိုင်းပြည်၌။ ရာဇာ၊ ပြည်ရှင်မင်းသည်လည်းကောင်း။ အမစ္စော၊ အမတ်သည်လည်းကောင်း၊ သတ္တပေါ၊ မှားသောအပြုအပြင်သော်လည်းကောင်း။ နိဗ္ဗဂံ၊ ဝေဘန်တတ်သော အလေ့မရှိခြင်းသော်လည်းကောင်း။ စတုအပါတံ။

လေးပါးသောဂတိသို့ လိုက်တတ်ခြင်းသော်လည်းကောင်း။ အသေဝန်၊ မိုက်ထုံးအလေ့ကို ကြိုက်လေသော်လည်းကောင်း။ ရဋ္ဌ၊ တိုင်းပြည်သည်၊ ဒုက္ခံ၊ ဆင်းရဲပျက်စီးခြင်းသို့။ ပါပုဏော၊ ရောက်လေရာ၏။ ။ ဟု ကျမ်းဂန်လာပါသည်။ အထက်တိုင်းပြည်မပျက်မီ။ အရှင်မင်းမြတ် ထီးနန်းစိုးသောအခါလည်း။ ရှေးမင်းတို့နည်း အဘိသိပ်တော်ကို မခံရှိလေသည်။ ယခုကုသိုလ်ပေးလာပြန်၍ ထီးနန်းတိုင်းပြည်ကို ရမြဲရတော်မူပြန်ရာ။ ဘီတော် စသောခမည်းတော် အရှင်မင်းတို့နည်း အဘိသိက်ခံတော်မူပြီးမှ။ မြို့သစ်ပြောင်းတော်မူလိုလျှင်၊ ပြောင်းတော်မူရပါမည်။ ။ ရှေးပညာရှိတို့ အမှာစာထုံးတမ်းမှာလည်း။ <u>ရဟန်းတို့မှာ ကမ္မဝါတင်။</u> <u>သိမ်ဝင်သိက္ခာ။</u> ခမာတရား။ မြဲသင့်ကြောင်း။ <u>မင်းတို့မှာလည်း၊</u> အဘိသိက်ခံရာ။ သမာ-မင်းမြတ်ကောင်းဟူ၍။ ထုံးဟောင်းလာသည့်အတိုင်း။ <u>ရာဇာပုံတွင်လည်း။</u> ရဟန်းသိက္ခာ။ မင်းမှာဘိသိက်။ သူတော်စိတ်ကို။ မဘိတ်ကျင့်ရိုး၊ မြတ်အမျိုးဟု ဆိုလေသည်။ တိုင်းပြည်သတ္တဝါ၊ ကံကြမ္မာကပ်၊ ဥပဒ်ဆိုက်ရောက်၍၊ တဆဲ့သုံးနှစ်။ သူပုန်တို့မင်းမူလျက်ရှိလေရာ။ အဘိသိက်တော်ရ ပုဏ္ဏားတို့သည်။ ပန်းတင်၊ စောင်းတီး၊ စန္ဒီ၊ ဟူးရား၊ ဟုန်းနတ်ပရိတ်ရွတ်၊ အစို့ပုဏ္ဏားတို့နှင့် ရောနှောရှိလေရာသည်။ <u>အဘိသိက်မင်္ဂလာတော်ရ-ပုဏ္ဏားတို့</u> ရှေးအစဉ်ကျင့်ရိုးသော်ကား။ အင်းမန္တန်-ဆေး-ပရောဂ-ဟူးရားဗေဒင်-မန္တန်များကိုလည်း မသင်မလေ့ခြင်း။ ရေမချိုးမီ၊ ဆေးကွမ်းထမင်းစသည်တို့ကို မစားခြင်း၊ တူရသိန်နှင့်စလွယ်ကို ကိုယ်ကမကွာခြင်း။ ရာသီရောက်သောမိန်းမ၊ မီးနေသောမိန်းမတို့နှင့်၊ မရောမစပ်ခြင်း။ လင်သေလင်ကွာ မိန်းမကို အိမ်ထောင်ဘက်မပြုခြင်း။ သားငါး-ငပိမစားခြင်း။ တိုင်းသူပြည်သူတို့အိမ်သို့ လှည့်လည်သွားလာတောင်းစားမပြုခြင်း။ ပိဋကတ်ကျမ်းဂန်၊ အဘိဓာန်စသော ပရိတ်မင်္ဂလာကို ပီသစွာရွတ်ဘတ်တတ်ခြင်း။ ကျမ်းဂန်၌လည်း။ ။ ရာဇဘိသေကတောသမောသာရ ပြဟ္မဝံသာနု ရက္ခိတဗ္ဗော။ ။ ယင်းသို့အလာ၊ ထိုအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောသူမှသာ။ ရှေးဘီတော်-ဘေးတော်စသော ခမည်းတော်မင်းမြတ်တို့ကို အဘိသိက်ဆက်ရပါသည်။ အဘိသိက်သွန်း ရှေးအရိုးမှန်အောင် ရွေးစစ်တော်မူ၍။ အဘိသိက်ရေ သွန်းခံတော်မူပါ။ အမတ်ပညာရှိလေးမြို့စား ကဝိကျော်လျှောက်လေရာ။ စောမွန်မင်းကြီး ကံကုန်ချိန်ရောက်လေလျှင်။ ကြိုက်တော်မမူ။ သက္ကရာဇ် <u>၇၉၂-ခုနှစ်၊ တော်သလင်းလွှန်းတစ်ရက်-တနင်္ဂနွေနေ့။</u> <u>ကန်လက်ကန်စန်းနှင့်။</u> <u>မြောက်ဦးမြို့ကို တည်လေသည်။</u> မြို့နန်းမပြီးမီ၊ ယာယီနန်းနှင့် စံတော်မူရာ။ ဝေဒနာကပ်ရောက်၍ နတ်ရွာစံတော်မူလေသည်။

----------***--------

## ၂၂– ရင်းညီတော် အလီခင်မင်းလက်ထက်၊ အဝနရပတီကြီးက၊ စစ်နှင့်ရောက်လာသော်လည်း၊ မင်းနှစ်ပါး တရားပြည့်ကြသူချည်းဖြစ်၍။ မဟာမိတ်ကြီးဖြစ်ကြသော အဋ္ဌုပ္ပတ္တိကို ပြဆိုခြင်း။

ထိုမင်းလွန်တော်မူလေလျှင်၊ ညီတော်ဥပရာဇာနရနုမင်းသည်။ သက္ကရာဇ် ၇၉၂- ခုနှစ်တွင်၊ နန်းတက်တော်မူလေလျှင်၊ အထက်နောင်တော်မင်းစောမွန်၊ ဒီလီပဆာမင်းထံ။ စစ်ကူအင်္ဂါ ၁၂-မြို့လက်ဆောင်ပြု၍ တောင်းလေရာ၊ ဒင်္ဂါးတံဆိပ်ကို ကုလားလက်မှတ်နှင့်ခံမည်။ ကတိဆိုခဲ့သောကြောင့်၊ နောင်တော်မှာခဲ့သည့် အာဏာကို မပျက်စေရ။ ကုလားဒီလီပဆာမင်း လက်မှတ်ကို ယူလေ၍။ အလီခင်အမည်ကို ခံလေသည်။ ထိုအလီခင်မင်းလက်ထက်၊ အဝမင်းထူပါရုံ၊ ဒါယကာနရပတိ စစ်ချီလာ၍၊ <u>ဖိုးခေါင်နွယ်</u> ချိုတောင်သို့ ရောက်လေသော်၊ အလီခင်မင်းကလည်း ကမာတွင်ချရပ်နေ၍။ အဝမင်းထံသို့ အမတ်ဥဿထင်စားကို စေလေရာ။ ပေးသည့် ရာဇသံသော်ကား။ ။ ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော စသော ဂုဏ်တော်တရားသုံးပါးနှင့်အညီ။ ပရိယတ္တ-ပဋိပတ္တိ-ပဋိဝေဓ စသော သာသနာတော် မညှိုးနွမ်းစေရ။ မူလသိက္ခာ၊ မင်းသမာတို့ခံသော အဘိသိက်တရား၊ ဆယ်ပါးသော မင်းကျင့်တရား။ တဆယ့်နှစ်ဆင့်သောအင်္ဂါ။ ကြိယာဒသ။ သတ္တကြက်သရေ။ လေးထွေသင်္ဂဟ။ နိစ္စမြဲစွာ၊ အဝိဇ္ဇာနှင့်။ တဏှာပိတ်ပေါင်း။ သူမကောင်းနှင့်။ ကင်းကြောင်းလုံ့လကိုသာ ပညာဗလပြုလျက်။ မင်းတို့အား ငါးပါး၌ စရိမာ-ဆုတ်ယုတ်တတ်သော လက်ရုံးမာနအားကိုပယ်၍။ အနီးအဝေးမရွေး- ပကတိတရားခုနစ်ပါးနှင့်။ သတ္တဝါတို့ကို စောင့်ထိန်းလျက်၊ အုပ်ကွပ်စီရင်လေ့ရှိသော မြောက်ဦးရွှေမြို့တော်ကြီး အရှင်ကြားရောက်လိုက်သည်။ အဝရွှေမြို့ရှင် အကြည်တော်။ လူသတ္တဝါတို့ဓလေ့-စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ ထိုနှစ်ပါးကိုသာ ရှည်ကြာစွဲမြဲ ကျင့်ကြံလေသည်။ အသိပညာ သမာတရားသော်ကား မကပ်မရှိခြင်းကြောင့်။ ဂင်္ဂါဝါလုကာ၊ သဲလုံးအမျှပွင့်တော်မူကြသော။ ဘုရားမြတ်တို့ အသင်းသို့မဝင်။ သံသရာစက်ရဟတ်ကမထွက်။ တဏှာညွန်အိုင်၌ ပျော်ပိုက်လျက်။ တေဘုမကဝဋ္ဋဝယ်။ အမြင့် အနိမ့်တွယ်မြဲ ဓမ္မတာ။ နိဗ္ဗာန်၌ ဘီလာ။ သမုဒ္ဒယသစ္စကို။ ထိုသတ္တဝါတို့၌၊ တစ်ယောက်သောသူအား သမ္မာဉာဏ် ကပ်ရောက်မြင်ပြန်သော်။ အဇ္ဈတ္တဗဟိဒ္ဓရန် မလွတ်ရာ။ အတိဇာတ-ပဋိသန္ဓေနှင့် စွဲရင်းမှန်၍။ နိက္ခမ-ဆိတ်ငြိမ်ရာသို့ ထွက်သွားသဖြင့်။ ကာယဝိညတ်။

ဝစီဝိညတ်။ မနောသမတ်နှင့် ထိန်းသိမ်းလျက်။ သမာပညာတက်မကို ဖြောင့်မတ်စွာ ကိုင်လေ၍။ အလွန်ကြီးကျယ်သော ဗလဝါမုခသမုဒ္ဒရာ၊ ဝဲတဏှာမြစ်က ထွက်မြောက်ကူးရောက်လေသည်။ အနုဇာတ ပဋိသန္ဓေ ဖြစ်မူ၊ မိဘပဋိသန္ဓေ ပေးသူတို့၏ ထုံးစံကိုသာ ကျင့်ကြံမြဲစွဲလျက်။ အသက်ထက်ဆုံး နေလေရာသည်။ အဝဇာတသား-ပဋိသန္ဓေနေသော သားတော်ကား။ ရှေးပညာရှိတို့ထုံးကို မယူ။ မိဘစဉ်လာ စောင့်သောအမျိုးအကျင့်မရှိ။ ဆိုးသွမ်းပျော်ရွှင်။ သဘင်လေ့လာ။ ယစ်မျိုးသောက်စား။ အတ္တနောမတိ၊ မိမိအကြိုက်ကိုသာ။ အဘိဇ္ဈာမတရားဖြင့်ပြုခြင်း။ ဗျာပါဒ များလျက်။ သူတထူးကို ငြိုငြင်လျက်။ ဖျက်ဆီးမှု သူ့စည်းစိမ်ကို ကြံခြင်း။ မိစ္ဆာဒိဋ္ဌိတရား အလွန်ပြုခြင်း။ တကြောင်းတုံလည်း။ သမာသူတော်ကောင်းတို့နှင့် ခေတ္တပေါင်းဘက်ခဲ့ဘူးသော ကျေးဇူးထောက်ပံ့ရာ။ လောကီစည်းစိမ်ကို ခံစား၍။ စကြာရသောမင်းသည်။ မိစ္ဆာဉာဏ်ပွား၍၊ သိကြားစည်းစိမ်ကို တက်မိချေ၍၊ ဘဝမခြား၊ ဒိဋ္ဌဓမ္မပျက်စီးကြောင်း ကျမ်းဂန်လာသည်။ သီရိဓမ္မသောကမင်းမူလည်း၊ ဇမ္ဗူဒီပါကို အစိုးရဖြစ်လျက်။ ထိုမင်းကံစဲချိန်တန်၍ အမှားကိုအမှန်ထင်လေရာ။ တိရစ္ဆာန်ဘဝသို့ရောက်လေကြောင်း။ ကထာစကား ပညာရှိတို့ သက်သေပြဆွန်းဆိုခဲ့လေသည်များကို နှလုံးသွင်း၍၊ အကြည်တော်လည်း မင်းမည်ကာမဟုတ်။ အလာကောင်းလျက် အပြန်မစောင်းစေရ။ ကိုယ်ကမကွာ။ သမာရှစ်ထပ်၊ စစ်ကွပ်လိမ္မာ။ ပညာလက်နက်။ ပိုးပရွက်သို့။ စစ်တက်လာကြ။ လောဘသူပုန်၊ ကုန်အောင်သတ်ဖြတ်၊ အခွါတတ်မှ၊ မြတ်ရာသို့ ရောက်ကြမည်အကြောင်းကို။ ကြားလိုက်သည် အကြည်တော်။

<u>ထိုစာကို ရွှေပေတွင်ရေး၍ အမတ်ဥဿလင်စားကို စေတော်မူလိုက်ရာ။</u> အဝရွှေနန်းရှင် နရပတိထံသို့ ရောက်လေသော်။ နရပတိမင်းကလည်း၊ တောင်တွင်းစား လက်ျာစည်သူကို သံတမန်ခန့်၍ပေးလိုက်သော ရာဇသံမူကား။ ။ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်တည်းဟူသော။ ဥဒေယျခံတရားငါးပါးတို့ကို မသိမမြင်တတ်သော အဝိဇ္ဇာ ဖုံးလွှမ်းခြင်းကြောင့်၊ သတ္တဝါတို့-နှစ်မြို့ရှိသည်ကို။ ကယ်တင်သော သမ္မာဒိဋ္ဌိ-အသိအမှန်-လုံလ-အကျင့်အကြံတော်-အားထုတ်သောသတ္တိကြောင့်။ ကင်းရာသော အသင်္ခတဓာတ်၊ အမြဲတည်ရာ နိဗ္ဗာန်ဆိပ်ဦးသို့ ငါကူးမြောက်ပြီး။ ပုနပ္ပုန်၊ တဖန် ငါ့ကို၊ သင်တို့နှိပ်စက်ခြင်းကို မပြုရပြီ။ ပဌမ ဗုဒ္ဓစကားတော-အနေကဇာတိသံသာရံဂါထာကို ဥဒါန်းကျူးတော်မူပြီးမှ။ လူသုံးပါးတို့အား။ ကုသလာဓမ္မာ။ အကုသလာဓမ္မာ။ အဗျာကထာဓမ္မာ တရားကို ဟောတော်မူသည်။ ကုသလာ အကုသလာ၊ ထိုနှစ်ပါးသော တရားသော်ကား ကောင်းကျိုး-မကောင်းကျိုး။ ကိုယ်ဟူလျှက်-အစဉ်အားဖြင့် ဉာဏ်နည်းသူတို့ သိလွယ်စွာ၊ ထိုမှ မသူတော်တို့၌ ဆက်ဆံမပြုသော မဇ္ဈိမပဋိပဒါ။ သူတော်ကောင်းလက်နက်ဖြစ်သော လုံ့လကိုသာ နှလုံးသွင်းလျက်။ ဝေနေယျတို့အား စောင့်လေ့ရှိသော၊ ရတနာပူရ အဝရွှေမြို့တော်ကြီး အရှင်အကြည်တော်သည်။ သတ္တဝါတို့တွင် သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိနှစ်ပါးရှိသည်တွင်။ မိစ္ဆာတို့ဓလေ့မှာ သံသရာမကုန်၊ စက်ဝဠ်တရားမပြတ်သော အမှုများကြောင့်။ ဇာတိဖြစ်လျက်။ ရမ္မက်မကွာ။ ခန္ဓာရုပ်နာမ်။ အဘန်တလဲ။ မြဲတတ်သောသတ္တိ။ ခိုင်ခန့်ခြင်းသမ္မာပညာ၊ သူတော်ကောင်းတို့သော်ကား တယောဘဝေစသော ဝဋ်သုံးဘုံကို မြင်သဖြင့်။ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် တရားနှင့်ထပ်သော တဏှာ။ သမုဒ္ဒယသစ္စာ၊ စွဲရာကုသိုလ်၊ အကုသိုလ်။ ထိုနှစ်ပါးကို ကင်းစေ၍။ ကာယသုခ-စိတ္တသုခကိုသာ ခံစားနေသောပုဂ္ဂိုလ်မြတ်ထံ။ သန့်ရှင်းသော ပစ္စည်းလေးပါး ပေးလှူခဲ့ဘူးသော အကျိုးထောက်ပံ့လေရာ။ လောကီစည်းစိမ်-နေရိပ်ပမာစဉ်ကိုလျက်။ အကောင်းထင်မှား၊ တရားလွတ်ချေလျှင်။ အလာအပြန်၊ မိစ္ဆာဉာဏ်မကင်း။ အလင်းသို့မရောက်။ ဝဲအောက်တွင်သာ၊ လူးလာပန္နက်၊ ကျိန်စာရွက်သို့၊ မပျက်ခန္ဓာ၊ သံသရာ၌၊ မိစ္ဆာတို့အယူမြဲကြောင်း။ သူတော်ကောင်းတို့ ဆိုခဲ့သောကျမ်းဂန်ကို သိ၍။ ရက္ခပူရတိုင်း မြောက်ဦးမြို့ပြည်သူတို့သည် အမျိုးဇာတ်တူ၊ အယူမခြား၊ တရားညီကြလျက်၊ မသမ္မာသောအမှု မပြုမလျော်သည်ကို ကျင့်ကြံကြောင်း ကြားသိ၍၊ သာသနာ မရိမမှေးသင့်။ ပြသဆုံးမမည်လာခဲ့ရာ။ အကြည်တော်လည်း မင်းသမ္မာတို့ တရားနှင့်မြဲမြံစွာ။ သတ္တဝါအပေါင်းကို စောင့်ထိန်းကြောင်းကို၊ အမတ်ဥဿလင်စား တင်လျှောက်ချက်အတိုင်း။ သဝဏ်စာတွင်လည်း၊ သူတော်ကောင်းတို့ အင်္ဂါပြည့်စုံစွာ ပါလာသည်။ တရားလိမ္မာ သာသနာတော်ကို သိမြင်တတ်သောမင်းချင်းဖြစ်၍၊ ဓမ္မသဝန စည်းဝေး ပြောဆိုကြရလျှင်၊ သာသနာတော်ပွင့်လင်း။ သီတင်းအရှည်၊ စည်ထွန်းမည်အကြောင်းကို ကြားလိုက်သည် အကြည်တော်။

ထိုစာကို ရွှေပေတွင်ရေး၍ ဥဿလင်စားကို တောင်ခွင်စားနှင့်အတူ ထည့်လိုက်လေသည်။ ထိုမင်းနှစ်ဦးလည်း တွေ့ကြလေသော်။ သူတော်ကောင်းစကားကိုသာ။ ပြောဆိုတော်မူကြလေ၍။ မင်းချင်း-မိဖုရားချင်း- မှူးမတ်ချင်း-ဆင်ဝတ်သော တန်းဆာကို လဲလှယ်ဆင်တော်မူပြီးမှ။ အသီးအသီးနေပြည်တော်သို့ ပြန်တော်မူကြလေသည်။ တရားလိမ္မာသော မင်းနှစ်ပါးဖြစ်၍၊ မသူတော်မိစ္ဆာတို့စကားကို မနာမယူ၊ သဘာဝတူကြခြင်းကြောင့်။ နှစ်ပြည်မိတ်ဆွေကြီးစွာ ဝင်လျက်။ ဘုရားစသော သူတော်ကောင်းတို့။ ချီးမွမ်းထွန်းလင်း ကြက်သရေတိုးတက်တော် မူကြလေသည်။ ထိုအလိခင်

မင်းကြီးသည်ကား၊ အိမ်နိမ့်လေးဆယ့်ခုနစ်နှစ်။ စည်းစိမ်နှစ်ဆယ့်ငါးနှစ်။ နှစ်စုသက်တော်ခုနစ်ဆယ့်နှစ်နှစ်တွင်။ နတ်ရွာစံတော်မူလေ၏။ ။(ငယ်မည် နရနု-ထီးနန်းစည်းစိမ် ခံစားရသောအခါ အလိခင်မင်း၏အမည် ဝေါဟာ။ သညာပညတ်။ သမုတ်အပ်သောမင်းကြီး၏ လက်ထက်တော်မှစ၍၊ မင်းစောကြီးလက်ထက်တိုင်အောင်။ မင်းရှစ်ဆက် တို့၏လက်ထက်၌၊ အိမ်နိမ့်စံ၊ ထီးနန်းစံ၊ အသက်အပိုင်းအခြားကို အကျဉ်းဂဏန်းပုံပြင်မှာ။ ကြည့်ရှု၍မှတ်လေ။ ထိုမင်းတို့၏လက်ထက်၌၊ မှတ်သားရန်စကား အထူးမရှိ၍ မရေးလိုက်ပေသည်ဟုမှတ်)။

ထိုမင်းရှစ်ဆက်တို့တွင် မင်းစောကြီး နတ်ရွာစံပြီးသည့်နောက်၊ မင်းဒေါလျာ၏သားတော် သဇာတမင်းသားကို မှူးမတ်ပြည်သူတို့သည် စည်းဝေးတိုင်ပင်၍၊ သက္ကရာဇ် ၈၈၇-ခုနှစ်။ သီတင်းကျွတ်လအတွင်း။ နန်းထက်ဘွားမိဖုရားနှင့်။ အဘိသိက်ခံ၍။ ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ အလိုတော်ပြည့်လျှင်-အလသျှာအမည်ကို ခံတော်မူသည်။ ထိုမင်းကြီးသည် ဘထွေးတော် ဘစောသီရိကို။ သံတွဲမြို့စား ပေးတော်မူလေသည်။ သံတွဲစားမင်းဖြစ်ခါနီးလေသော်။ ပေါ်သည့်တပေါင်သော်ကား။ ဂွတ်လှေသုံးဆယ်။ ရှေ့ကတည်။ ကြံစည်ကောင်းခြင်း။ သံတွဲမင်း။ ဖြစ်လာမည်လည်း တော်သလင်း။ သံတွဲမြွေဟောက်။ အစွယ်ပေါက်သည်။ လက်ကောက်ဝတ်လောက် ပြီးတကား။ မြောက်ဦးရွှေနန်း။ တောင်သာစွန်းမှာ။ နဂါးမောက်ကြီးဖြစ်လိမ့်မည်။ ဟူသော သိုက်ဓာတ်လည်း ရှိသည်။ ယင်းသို့ ဓာတ်သိုက်တပေါင် အလိုက်။ ဘဝရှင် သဇတမင်းကြီးသည်။ အိမ်နိမ့်ငါးဆဲ့နှစ်နှစ်။ စည်းစိမ်ခြောက်နှစ်။ နှစ်စုသက်တော် ငါးဆဲ့ရှစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

---------***---------

## ၂၃– မင်းဗာကြီးနန်းတက်တော်မူသည်မှ၊ ဘုန်းတန်ခိုးအာဏာ ထွန်းတောက်ပ၍၊ မှူးကောင်းမတ်ကောင်းနှင့် ပြည့်စုံခြင်း စသော အံ့ဩစလောက်သော အဋ္ဌုပ္ပတ္တိကိုပြဆိုခြင်း။

ထိုမင်းလွန်တော်မူလေလျှင်။ ဘထွေးတော် ဘစောသီရိ သံတွဲစားသည်။ သက္ကရာဇ် ၈၉၃-ခု၊ နယုန်လဆန်း တစ်ရက် စနေနေ့ ထီးနန်းစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ အလိုတော်ပြည့်လျှင် မင်းဗာကြီးအမည်ကို ခံတော်မူလေ သည်။ သားတော်ချစ်နှောင်ကို အိမ်ရှေ့နှင်းတော်မူ၍ သံတွဲမြို့စား ပေးတော်မူသည်။ ညီတော်စကြာဝတေးကို ရမ်းဗြဲစား ပေးတော်မူသည်။ ယင်းသောအခါ- ကုလားဒီလီပဆာမင်းက။ ဇောက်ပေါက်ရှာ ဟူသော မင်းအမည်တံဆိပ် ပေးလာသောအခါ။ မင်းဗာကြီးက အမိန့်တော်ရှိသည်ကား။ ဘိတော်မင်းစောမွန်ကို အရှေ့အဝ မင်းခေါင်သား မင်းရဲ ကျော်စွာတိုက်ဖျက်လေရာ။ သတ္တဝါတို့ကပ်အလျောက်။ တဆဲ့သုံးနှစ်။ သက်၊ ပြူ၊ တလိုင်းတို့ မင်းမူလျက်။ တိုင်းပြည် ပျက်စီး ၍၊ သက္ကရာဇ် ၇၈၀ ပြည့်ခန့်ရှိလေရာ။ ဒီလီပဆာမင်းထံ။ ကုလားဘင်္ဂါတဆဲ့နှစ်မြို့ကို ပေးအပ်စစ်ကူတောင်း လေသည်။ ကျေးဇူးအလျောက်-မင်းဆယ်ဆက်။ နှစ်ပေါင်းခုနစ်ဆယ်ရှိပြီး။ ရွှေထုံးဟောင်းအတိုင်း။ နိုင်ငံတော်ကုလား ဘင်္ဂါတဆဲ့နှစ်မြို့-မောက်သူဇာမြို့အထိ သိမ်းတော်မူမည်။ စစ်မထိုးလိုသော် တဆဲ့နှစ်မြို့ကုလား ဒေဝါန်ဌာနတို့ကို လွှတ်လိုက်စေ။ ထိုသို့အမိန့်တော်ရှိ၍၊ လာသည့်ကုလားအမတ် ကာတိကို ပြန်စေသည်။ ယင်းသို့ပြီးမှ၊ ကုလားပြည်သို့ ချီတော်မူမည်ကြံရာ၊ စနည်းနာသော်။ ကုလားကိုနိုင်လို၊ စဖိုမှာမီးထည့်၊ ဝသဲ့တောင်ကိုထီးတင်။ ကုလားကိုရှင်ပြု၊ ထိုသို့သူငယ်တို့ ဆိုကြသောတပေါင်ကို ကြားခဲ့၍။ မင်းထံလျှောက်လေသော်။ အမတ်ပညာရှိ-အမျိုးစဉ်ဆက်လာသော သူကောင်းကျော်တင်စား လျှောက်သည်ကား။ ။ အရှင်မင်းမြတ် ကုလားကိုနိုင်လို၊ စဖိုမှာမီးထည့်၊ အလိုသော်ကား။ သင်္ဘောဆိပ်ဘောင်းထွတ်သည် စဖိုဖြစ်ပါသည်။ ကုလားမီးဆင်း၊ ပလီမုတ်ဆိတ်ကို အခြားမှာမရှိစေရ၊ ဘောင်းထွတ်တွင် သာ ထားရပါသည်။ ဝသဲ့တောင်ကို ထီးတင်အလို၊ ဝသဲ့တောင်ထိပ်၌ နံတော်ဘုရား တည်ရပါမည်။ ရှင်ပြုအလိုမှာ။ ကုလားရှိသမျှကို ဆံပင်မထားစေရ၊ ခေါင်းတုံးရိပ်စေရပါမည်။ ရွှေသိုက်ဟောင်းတွင်လည်း။ ကုလားဗုဇွန်။ တုပ်ဆယ်တန်ကို မလွန်စေရာ- စာဟောင်းရှိပါသည်။ မင်းဆယ်ဆက်လည်း အရှင်မင်းမြတ်တွင် စေ့ပါသည်။ နိုင်ငံတော် ဘင်္ဂါ တဆဲ့နှစ်မြို့ကို အရှင်မင်းမြတ် လက်တော်တွင် ရမြဲရပါမည်လျှောက်လေရာ။ သူကောင်းကျော်ထင်စားကို။ ဘိဘေးဘိုးဘကို ပေးမြဲ ဝိမလဟူသော အမည်ကို ပေးတော်မူသည်။

ယင်းသို့အမတ်ပညာရှိ လျှောက်သောအမှုတို့ကို စေ့စုံစွာ စီရင်ပြီးမှ၊ ကုလားပြည်သို့ ချီတက်တော်မူမည်။ ကြည်းကြောင်း၊ ရေကြောင်း၊ တပ်ပေါင်းစည်းကြပ်။ ခန့်ရပ်တော်မူသည်ကား။ ပြည့်ရှင်မင်းကြီး၊ မရှုမြစ်ညာပဲ

လွန်းချောင်းလမ်းက၊ ဂေါ်တော်ပလ္လင်လမ်းမှာ။ လုံကိုင်ထားစွဲ သူရဲနှစ်သောင်း။ ရိုးစားရှစ်သူတဗိုလ်။ ရမ်းဖြဲစားရဲအောင်နိုင်တဗိုလ်၊ ဒိုင်းကိုင်ကားစွဲ- သူရဲနှစ်သောင်းမှာ စိန်တင်စား ကျော်သူတစ်ဗိုလ်။ မရှူစားရန်အောင်ဇေယျတဗိုလ်။ ကမံလေးကိုင် သူရဲတသောင်းမှာ ဒါးလက်စား ခင်ညိုတဗိုလ်။ သူရဲပေါင်းငါးသောင်းတို့ကို အမတ်ဆင်ကဲကြီးတပ်တော်ဦးကချုပ်။ ပြည့်ရှင်မင်းအရံတော် သူရဲကောင်းကိုယ်ရံ အမှုထမ်းလေးသောင်း။ ဝင်းတော်လေးမျက်နှာတွင်။ ဝင်းသားနှစ်သောင်း၊ သူရဲခြောက်သောင်းတို့မှာ၊ ဝင်းမှူးလေးယောက်တဗိုလ်။ ကိုယ်ရံတော် တပ်တော်နောက်။ လှံ-ဓားဆွဲသူရဲတသောင်းမှာ ကင်းစားသတိုးကျော် တဗိုလ်။ ဒိုင်းကိုင်ကာစွဲ သူရဲတသောင်းမှာ မီးစားလကျာ်ကျော်တဗိုလ်။ သိုင်းတပ်သူရဲတသောင်းမှာ မအီးစားသီလတဗိုလ်။ ကိုယ်တော်ရံသူရဲတသောင်းမှာ ပန်းဆင်စားသတိုးအောင်တဗိုလ်။ ရဲမက်ငါးသောင်းကို အမတ်ထားပိုင်ကြီး တပ်တော်နောက်။ အချုပ်လက်ဝဲ စစ်ကဲဦးရစ်တောင်စား မင်းလှတင်။ လကျာ်စစ်ကဲမရှူစား မနုဟာတို့နှစ်ယောက်ကို။ တပ်မရှေ့နောက် အုပ်ကဲခန့်တော်မူသည်။ သားတော် အိမ်ရှေ့မင်း ချစ်နှောင်းမှာ။ မရှူမြစ်ကို ထွက်၍။ ပင်လယ်ကြောင်း ချီသည့်တပ်တွင်။ လုံကိုင်ထားစွဲ သူရဲတသောင်းမှာ အမ်းစားလကျ်ာတဗိုလ်။ ကမံလေးကိုင် သူရဲတသောင်းမှာ ဥဿလင်းစား သတိုးအောင်တဗိုလ်။ ဒိုင်းကိုင်ကာစွဲ သူရဲတသောင်းမှာ မာရ်အောင်စား သတိုးမင်းဖြူတဗိုလ်။ သိုင်းတတ်သူရဲတသောင်းမှာ စစ်ထွေစားတဗိုလ်။ ကိုယ်တော်ရံသူရဲတသောင်းမှာ သားတော်ကိုယ်ရံတော်။ ။ ကစ္ဆပနဒီမြစ်ညာပေချောင်းဖျား-ကျောက်မသာကျောက်ဖျားထက်-ဆိတ်ခွေးမွေးတောင်လမ်းမှာ သားတော်သံတွဲစား ချစ်နှောင်တပ်။ ထားကိုင်လှံစွဲသူရဲတသောင်းမှာ ပန်းတော်စား ရန်မျိုးအောင်တဗိုလ်။ ကမံလေးကိုင် သူရဲတသောင်းမှာ မြို့သစ်စား- ကျော်စံတဗိုလ်။ ဒိုင်းစွဲကာစွဲ သူရဲတသောင်းမှာ လမုံးစား-ထွန်းအောင်တဗိုလ်။ ကိုယ်တော်ရံ သူရဲတသောင်းမှာ သားတော်ကိုယ်ရံတော်။ စီးတော်ဆင် ဇီဝစိုးကို တိုက်ဆင်ခုနစ်ရာအရံနှင့် ထားကိုင်-ကာစွဲ- သိုင်းတတ်- ကမံလေးကိုင်- အစုစုသူရဲတသောင်း။ ရဲမက်နှစ်သောင်းမှာ၊ ကုလားတန်စားကို အချုပ်-ဆင်တပ်ကြီး ခန့်တော်မူ၏။ မြက်ရေနီးရာ၊ တောင်ကမ်းမကြီး၊ ဆင်တော် မပင်ပန်းစေရ။ စိန်တင်ချောင်းဖျား-အော်ရမလမ်း ဆောင်ယူစေသည်။

စစ်တက်ချီတော်မူလျှင်၊ အရှေ့တောင်စဉ် ကျေးရွာလမ်းပေါက်များတွင်၊ ကိုယ်တော်ရံ ရဲမက်နှစ်သောင်းမှာ အမတ်ရာဇာကြီးကို အချုပ်ခန့်၍၊ တောင်စဉ်ချောင်းစေ့အသီးသီး တပ်နှင့်ထားတော်မူခဲ့သည်။ ပြည်စောင့်ညီတော် ရမ်းဖြဲစား စကြာဝတေးနှင့် အမတ်ပြည်စိုးကြီးကို။ လှံ-ထား-ကမံ-သိုင်းကာ-ဒိုင်းစွဲ-သူရဲနှစ်သောင်း၊ ကိုယ်တော်ရံ သူရဲတသောင်း၊ ပေးတော်မူသည်။ ချီတော်မူရာ- သုံးသွယ်သုံးလမ်းများ၌ အရေးအကြောင်းရှိသော်။ မြို့တွင် အရေးအကြောင်းရှိရာ၊ ပေါက်ရောက်လျှောက်တင်၊ လျှင်မြန်စွာ သိတော်မူအောင်၊ ပိန်းနဲ့ချောင်းစား ဇေယျဗိုလ်အမတ်သို့ ခြေလျင်သည် တထောင်ကို အပ်တော်မူသည်။ ထိုသို့ အသီးသီးခွဲဝေစေ့စပ် ရှေ့နောက်လုံအောင် စီရင်တော်မူပြီးမှ။ သက္ကရာဇ် ၈၇၉-ခု တန်းဆောင်မုန်းလဆန်း ကိုးရက် အောင်တပ် ထွက်တော်မူသည်။ ယင်းသောအခါ စီးတော်ဆင် ဇီဝစိုးသည်။ ကညင်သစ်တပင်ကို မာန်ဝင်တော်မူ၍ ထိုးလေရာ။ ကညင်ပင်အမြစ်ကလည်းကြောင်း-ဆင်ကဲတို့ လျှောက်သည်တွင်၊ မှူန်စည်းကျွန်းသူကြီး-ကောင်းလှအောင်ကလည်း ငါးကျွဲတကောင်ဆက်လာသည်။ ထိုတိတ်နိမိတ်နှစ်ခုကို အမတ်ပညာရှိ ဝိမလလျှောက်ထုံးသော်ကား။ ။ ကာဠောဝက၊ ဂဇေယျနှင့်။ ပဏ္ဍရခေါ်။ ပေါက်ကျော်တမ္ဗ။ ဝိဂ်လဟု၊ စသည်ကျော်ဟိုး။ ဆင်ဆယ်မျိုးထက်။ တန်းခိုးအလွန်၊ ဆဒ္ဒန်ပြောင်မြတ်။ ပတ်ရပ်ညီစွာ။ လက္ခဏာကား။ သန္တာစွယ်ရောင်။ အာပေါင်စွေးစွေး။ ဖွေးဖွေးဖြူစင်။ ငွေသွင်အလား။ စွယ်ဖျားအညီ။ လကျ်ာချီ၏။ နာရီနှစ်ဘက်။ နားရွက်နားနု။ မခုမညွတ်။ သရပတ်သို့။ မပြတ်မပေါက်။ နောက်ရှေ့ဦးကင်း။ မစင်းမကုံး။ ကိုယ်လုံးကြော့ရှင်း။ ရေးဆင်းညာတင်။ လေးခွင်စစ်ပန်း။ မချွန်းမပု၊ ရှစ်ခုအစွန်း။ လဝန်းသဏ္ဌာန်။ မင်ရေးခံသို့။ အသံသွန်နည်း။ ရေကြည်းနှစ်သွယ်။ ညာဘယ်မရွေး။ အပြေးအသွား။ နဂါးဦးချီ။ ရာသီသုံးမည်။ ငါးတည်သုံးချက်။ မုန်သက်မကြူး။ ထိပ်ဦးလည်းတိုင်။ ကြန့်ခိုင်စွယ်သန်။ ရဲမာန်တည်းတည်း။ ခြေသည်းနေချက်။ ကျောက်မျက်နီလာ၊ ပမာမခြား။ နှာမောင်းဖျားတွင်။ ပတ္တမြားရိပ်။ အရောင်ဘိတ်သို့။ အအိပ်သုံးထွေ။ အနေလေးပါး။ အစားသုံးချက်။ မကွက်မသန်း။ တောင်ကျွန်းဇမ္ဗူ ဆင်ဟူသမျှ၊ မာနမပြိုင်။ ဦးဆိုင်မတန့်။ ကြောက်လန့်ရှောင်ပြေး၊ မြသွေးနှာချပ်။ မြီးခပ်ရာဟု၊ စကျွတောက်မြဲ၊ ပုလဲအာနီ၊ စုံစီမယွင်၊ ဆင်များမင်းကား။ နေ့ခြင်းမလောက်။ ခြောက်ဆယ်ခန့်မကွာ။ ယူဇနာကို။ မကြာလျှင်မြန်၊ နေ့ခြင်းပြန်သည်။ ဆဒ္ဒန်ပေါက်ပြောင်၊ ခုနစ်တောင်ကျော်၊ ဆင်တော်မြတ်မျိုး။ ဇီဝစိုးလျှင်။ အောင်မင်္ဂလာ။ စကြာကွန့်မြူး။ တပ်တော်ဦးတွင်။ ကညင်သစ်ကြီး။ ကျိုင်းထီးတမျှ၊ ပမာဏကို၊ ငင်ချထိုးလှဲ့။ ခြိန့်သဲပဲ့တင်။ ရှစ်ခွင်တုန်ရိုက်။ တိုက်စက္ကဝါ။ နှံ့စွာကျော်မင်း၊ မာန်သွင်းအလို။ ထိုကုလားပြည်၊ မတည်ထွားညက်။ ပျက်မည်မလွဲ၊ ငါးကျွဲဆက်လာ။ ဘင်္ဂါဆဲ့နှစ်။

ပုဆစ်ညွတ်တုပ်။ လက်အုပ်ရှစ်မြှောက်။ ရွှေစက်အောက်သို့ ပို့ရောက်လာပြီ။ ဒီလီပဆာ။ ဇာတာနွမ်းညိုး၊ ခိုကိုးမည် ချည်း။ အလံလှည်း၍။ ကပ်ဆည်းဝင်လာ၊ ရတနာထွေ၊ မိုယ်းသို့စွေမျှ၊ ကြက်သရေစုံ၊ ရွှေဘုံရိပ်ဘွား။ ကုလားမင်းသွေး။ ဆင်းငြိမ့်လေးကို။ အရေးတော်ဘန်၊ ဆက်မည်မှန်လျှင်၊ လျှင်မြန်ပြီးစီး၊ ဘုံးနေမီး။ ။ ထိုသို့ အမတ်ဝိမလလျှောက်လေသော် စစ်ထွက်တပ်တော်ကပင်။ စစ်တကောင်းမြို့သည်၊ ရှေးဘီတော်-ဘေးတော်တို့လက်ထက်၊ အမတ်ဝိမလတို့ အမျိုးစားရိုး ဖြစ်သည် အမိန့်တော်ရှိ၍။ ဝိမလအမတ်ကို စစ်တကောင်းမြို့ကို ပေးတော်မူသည်။

သားတော် အိမ်ရှေ့မင်းမှာ။ သက္ကဒါန်လှေတော်ကို စီးတော်မူသည်။ အသီးအသီး ရဲမက်ဗိုလ်ခြေတို့ စီးသည့်လှေ များမှာ။ လွန်းကြင်ဘားတပ်။ ဘားမဲ့စပ်တင်လှေငါးရာ။ သူရဲငါးသောင်းနှင့်။ မရူမြစ်ကိုထွက်၍ ပင်လယ်ကြောင်းချီလေ သည်။ သားတော် သံတွဲစားချစ်နှောင်လည်း။ ကစ္ဆပနဒီမြစ်ညာ လက်ဝဲဘက်ပေချောင်းကိုဆန်၍၊ ကျောက်မသာ ကျောက်ဖျာက။ ခွေးမွေးတောင်။ ခိုင်တမို့လမ်း ချီလေသည်။ ပြည့်ရှင်မင်းကြီးလည်း။ သက္ကရာဇ် ၈၇၉-ခု။ တန်ဆောင်မုန်းလွှန်း ၁၁ရက်နေ့။ ကစ္ဆပနဒီမြစ်ကို ကူးတော်မူ၍။ စမထီးပြွန်းလမ်းချီသွားရန်၊ ချောင်းဝတွင် ချတော်မူပြီး သော်။ အောင်သာမြို့ သမုတ်တော်မူသည်။ ထိုကချီသွား၍။ မဟိနဒီမရူမြစ်အရှေ့ဘက် ရသေ့တောင်တွင် ချတော်မူ သည်။ ကန်သာမြို့ သမုတ်တော်မူသည်။ ထိုကချီသွားတော်မူ၍၊ လေးညင်းပြင်တွင် တပ်ချတော်မူရာ။ ပဥ္စဝတီမြို့ သမုတ်တော်မူလေသည်။ ထိုကချီသွားလျှင်။ ပဲလွန်းဆိပ်တွင် ချတော်မူ၍ သီရိဝတီမြို့ သမုတ်တော်မူလေသည်။ ထိုကချီလေသော်။ ဒေါင်းပြင်မှာ ချတော်မူ၍ ကြက်သရေကြီးမြို့ သမုတ်တော်မူသည်။ ထိုကချီသွားရာ- ဂေါ်တော်ပလ္လင် မှာ ချတော်မူ၍၊ သလူချောင်း ကူးဝတွင်။ ကုလားအမတ်လေးယောက် လူတစ်သိန်းနှင့် ခံရပ်နေသော စစ်ကိုတွေ့လေ လျှင်၊ ပြည့်ရှင်မင်း ရင်ဆိုင်တူရူချရပ်တော်မူ၍။ တပ်တော်ဦးချုပ် အမတ်ဆင်ကဲကြီးကို သလူတောင်ရင်းက ချီးသွာစေ လျက်။ ကိုယ်ရံသူရဲနှစ်သောင်းနှင့်။ ညဉ့်အခါ ဘိစီးတိုက်စေရာ။ ကုလားတပ် ပျက်စီးပြေးကြလေသည်။ ထိုအရပ်ကို စစ်တလင်းအောင်မြေမြို့ သမုတ်တော်မူသည်။ ထိုကချီတော်မူလေ၍ သမုန်းတောင်တွင် ချတော်မူသည်။ ထိုအရပ်ကို ဆီမီးတောက်မြို့သမုတ်တော်မူသည်။ ထိုကချီလေသော်။ ကန်သာမြို့ကို ရတော်မူသည်။

သားတော်အိမ်ရှေ့မင်း၊ ပင်လယ်ကြောင်းတွင်။ ကုလားတို့ သဘော်နှင့်။ ဆီးဆို့ခံနှင့်သည်ကို။ အတွင်းကြောင်းချီ သွား၍ သောင်းတီးကျွန်း၊ မဟတ္ထိရာကျွန်းကို ရလေသည်။ သားတော်သံတွဲစားလည်း သက်မြို့ကိုရလေ၍။ တဘန်ချီ သွား၍။ သီလက်မြို့ကို ရပြန်လေသည်။ စစ်တကောင်းမြို့တွင် ကုလားမင်းသာမုရသိန်ခံနေရာ။ အမတ်ဆင်ကဲကြီးကို ရဲမက်သုံးသောင်း။ ကိုယ်ရံသူရဲတသောင်း။ လူပေါင်းလေးသောင်း ပေးတော်မူ၍။ ကြည်းရေချီသွားတိုက်စေရာ။ ကုလား မင်းသားလည်း စစ်တကောင်းမြို့တွင် မခံဝံ့။ ငါးရုံဂူသို့ ဆုတ်၍သွားလေသည်။ အမတ်ဆင်ကဲကြီး စစ်တကောင်းမြို့ကို ရလျှင်။ ပြည့်ရှင်မင်းကြီး ချီသွားတော်မူ၍ စစ်တကောင်းမြို့တွင် ချတော်မူသည်။ ဆင်တော်ဇီဝစိုးတပ်လည်း ဆိုက်ရောက် လာသော်။ မြက်ရေဖြည့်တင်ရပ်နေတော်မူပြီးမှ။ သက္ကရာဇ်။ ၈၇၉-ခု၊ ပြာသိုလွှန်း ၅-ရက်နေ့၊ ဆင်တော်ဇီဝစိုးကို စီးတော်မူ၍။ ဒါဂါမြို့သို့ ကြည်းကြောင်းချီတော်မူလေသည်။ သားတော်အိမ်ရှေ့မင်းလည်း ချီလာခဲ့၍။ နောက်ချေး ပူရာတွင် ချတော်မူလာသည်။ ပြည့်ရှင်မင်းကြီးကို။ ရောင်ဖြူမြစ်ကူးတွင် ကုလားအိမ်ရှေ့ ကြည်းရေအပြည့် ရဲမက် သုံးသိန်းနှင့် ခံတိုက်လေသော်။ ရောင်ဖြူမြစ်ညာက ချီလာသည်။ သားတော်အိမ်ရှေ့မင်းလည်း ကုလားပဆာမြို့သစ် တွင် ချရပ်၍ရှိသည်ကို ချီသွားတိုက်လေရာ။ ကုလားမင်းဆုတ်သွား၍ မောက်သူဇာမြို့တွင် နေလေသည်။ ကုလား မင်းသား မုရသိန်ကိုလည်း၊ ရောင်ဖြူမြစ်တွင် အောက်အထက်ပိတ်၍။ ပြည့်ရှင်မင်းနှင့် သားတော်သံတွဲစား တိုက်လေရာ။ ကုလားတပ်ပျက်၍ ကုလားအိမ်ရှေ့မင်း မုရသိန်းကို ဘမ်းရတော်မူလေသည်။ ထိုအရပ်ကိုလည်း ဇေယျရန်ငူမြို့ သမုတ်တော်မူပြီးမှ ချီတော်မူလေရာ။ ဒါဂါမြို့ကို သက္ကရာဇ် ၈၇၉-ခု၊ ပြာသိုလွှန်း ၁၅ရက်နေ့ ရောက်တော်မူသည်။ သားတော်သံတွဲစားကိုလည်း၊ သီလက်မြို့တွင် အခိုင်ချရပ်လျက် နေစေသည်။ ကုလားမင်းသား အိမ်ရှေ့မုရသိန်ကို။ လက်ဝဲဝင်းမှူးကျော်ပုံသို့ အပ်တော်မူ၍ ကောင်းမွန်စွာ ထားရလေသည်။

ဒါဂါမြို့မှ အမိန့်တော်ရှိသည်ကား။ ရွှေငွေအထည်အလိပ်များမှာ ရသူယူစေ၊ ပြောင်းမီးပေါက် လက်နက်ခဲယမ်း များကိုသာ ဆက်သွင်းစေ။ ကုလားဆင်းရဲသားတို့။ လုပ်ဆောင်သည့် ဥယျာဉ်-စပါး-လှေတက်-အိမ်ရာများကို။ မခုတ် မလှီး။ မီးမတိုက် မရှို့စေနှင့်။ ကြောက်လန့်၍ တောပုန်းတောင်ခြေခိုနေသူတို့ကိုလည်း အသီးအသီးကျေးရွာသို့ ဝင်နေစေ။ မခုတ်မသတ် မလုမယူစေနှင့်။ သာယာစွာ ဝင်စေ၊ အရပ်ရပ်တပ်တော်များသို့ စေ့နှံ့အောင် ဆင့်ဆိုတော်မူပြီးမှ။ ကုလားမင်းရှိရာ-မောက်သူဇာမြို့သို့ မိုးစည်စားအမတ် စက္ကကျော်ကို စေတော်မူလိုက်ရာ ပေးလိုက်သည့်စကား။

ဣန္ဒြိယတိုင်း၊ အယုဇ္ဈပူရတိုင်း၊ ရက္ခပူရတိုင်းတို့ကို အစိုးရတော်မူသော အရှင်ရာဇာဓိရာဇာ အမိန့်တော်ရှိသည်။

ကမ္ဘာအစ။ မဟာသမ္မတအနွယ်။ ဘေးတော်သာဂရ။ စသည့်စဉ်လာ။ ဝါသုဒေဝ။ ယတပဏ္ဍိတ။ ဗြာဟ္မဏရာဇာ။ မာရယုမင်း။ အဘိရာဇာ၊ ကံရာဇာကြီး။ စန္ဒသူရိယ။ ဒသရာဇာ။ အာဏာထွန်းလင်း။ မင်းဆက်များစွာ။ အနောက်မျက်နှာ၊ ရက္ခပူရတိုင်းနိုင်ငံ။ ကုမ္ဗီလာမြို့ထိ။ အနောက်တောင် ဘာဂီရဒီရေရိုးခြား။ မောက်သူဇာမြို့ ကူလီကွတ္တားသဘော်ဆိပ်ထိ။ အနောက်မြောက် ရောင်ဖြူမြစ်။ အနောက်သီလက်မြို့ထိ ပိုင်တော်မူသည်။ ဘေးတော်မင်းထီးလက်ထက်၊ အရှေ့သက်တို့ တောင်စဉ်ကျေးရွာကို စတင်ဖျက်ဆီးလေရာ။ မာန်တော်ဝင်၍၊ သက္ကရာဇ် ၆၉၅-ခုနှစ်တွင် ချီတက်တိုက်စေရာ။ သက်မြို့ပျက်၍၊ သက်မင်းနှင့် သားသမီးတို့ကို ရခဲ့သည်။ သက်မင်းသားတို့ ထွက်ပြေးလေရာ၊ အငြိုးရန်စရှိသည်။ သက်မင်းမြေး-မင်းဆွေသား-မင်းရဲကျော်စွာ ချီတက်လာသော်။ မင်းစောမွန်လည်း အမျိုးမင်းကျင့်တရားလွတ်လေရာ။ ပြည်သူပြိုငြင်သဖြင့် ပျက်စီးလျက်ရှိသောအခါ။ သက္ကရာဇ်(၇၈၀)-တွင် ဘင်္ဂါ ၁၂-မြို့သို့ ကူးပြောင်းနေလေသော်။ ပဆာမင်းက စစ်ကူပေးသည်ကို အကြောင်းပြု၍၊ ကုလားဘင်္ဂါ ၁၂-မြို့ကို ပေးခဲ့သည်။ နှစ်အရှည်ရှိပြီး၊ သိမ်းထောက်တန်၍ သိမ်းတော်မူသည်။ ဒီတီမင်းနိုင်ငံ မြေရေကဲ့သို့ ဆီးဆို့ခုခံသည်မှာ။ သာယာစွာ ပြန်လျှင်တည်း။ ရှေးဘေးတော်မင်းတို့ ထုံးဟောင်းမပျက်စေရ။ မောက်သူဇာတွင်သာ ယူတော်မူမည်။ ယင်းသို့မဟုတ်- စစ်ပြုမည်ဖြစ်လျှင်။ ဒီလီမြို့တိုင်အောင် သိမ်းယူတော်မူမည်။ ။ ထိုစာသည် ကုလားမင်းထံ ရောက်လေသော်။ အပ်မြဲအပ်လေ၏။ ကုလားမင်းဆုတ်သွားပြီးလျှင်။ ဘာဂီရနဒီမြစ် အနောက်ဘက် ဇဂီရာမြို့မှာ ချရပ်နေပြီးမှ။ ကုလားဒီလီမင်းက-သမီး ပဲသီဒါနှင့် လက်ဆောင်ပဏ္ဏာအများ ဆက်သလာလျှင်။ ကုလားမင်းသား အိမ်ရှေ့မုရသိန်ကိုလည်း ပေးတော်မူလေသည်။

ပြည့်ရှင်မင်းကြီးသည် တပ်စဉ်အတိုင်း ချီတော်မူ၍။ ဂယာသီမြို့ ဗောဓိပင်သို့ ရောက်တော်မူလျှင်။ ရွှေပန်း-ငွေပန်း-ထီး- တန်းခွန်တို့ဖြင့် ပူဇော်ကန်တော့ပြီးမှ။ သက်တော်စေ့ လေးဆဲ့တဆူ ကျောက်ဆင်းတုဘုရား တည်တော်မူသည်။ သက္ကရာဇ် (၈၇၈)ခုတွင် ထီးနန်းတက်တော်မူသည်။ သက္ကရာဇ် (၈၇၉)ခုနှစ် တပေါင်းလဆန်း ၁၅ ရက်၊ နံတော်နေ့ သဘင်ကြီးစွာနှင့် ဗောဓိပင်မှာ အလှူတော်ကြီးပေးကြောင်း။ သက်မင်းစောနွယ်က ဆင်ဖြူနှစ်စီးဆက်ကြောင်း။ ဒီလီပဆာမင်းကလည်း သမီးနန်းထက်ဘွား နံဗုဒ္ဓဟူး။ အသက် ၁၇-နှစ်အရွယ်၊ ပဲသီဒါကို ဆက်လာသည်။ စစ်ပွဲတွင် ရသော အိမ်ရှေ့မင်း မုရသိန်။ နံစနေ-အသက် ၃၉-နှစ်ရွယ်ကို။ ဘေးမဲ့ချမ်းသာပေးတော်မူ၍။ အဘပဆာမင်းကို သနားတော်မူခဲ့ကြောင်းများကို သေချာစွာ ကျောက်စာထိုးတော်မူခဲ့ပြီးလျှင်။ သက္ကရာဇ်(၈၈၀)။ ကဆုန်လဆန်း ၂ ရက်နေ့။ ဗောဓိပင် ဂယာသီမြို့က ပြန်ခဲ့သည်။ ဒါဂါမြို့သို့ ရောက်တော်မူလျှင်။ မြို့ခိုင်လုံစွာ တည်တော်မူ၍။ သားတော်အိမ်ရှေ့မင်းကို ပြည်တော်သို့။ သက္ကရာဇ်(၈၈၀)၊ ကဆုန်လပြည့်ကျော် ၅-ရက်နေ့ ပြန်တော်မူစေသည်။ နယုန်လပြည့်ကျော် ၅-ရက်နေ့ ပြန်တော်မူစေသည်။ သီလက်ရောင်ဖြူ ကုမ္ဘီလာလေးမြို့ကိုလည်း ဝင်းမှူးလေးယောက်ကို၊ သက္ကရာဇ်(၈၈၀)၊ နယုန်လပြည့်ကျော် ၆ ရက်နေ့ ပေးတော်မူသည်၊ ယင်းသောအခါ၊ သက်မင်းစောနွယ်ဆက်သော ဆင်ဖြူနှစ်စီးသည် ဆင်ဖြူမဟုတ်။ မြေဖြူလိမ့်ကျံ၍ ဆက်သောဆင်ကို စစ်တကောင်းမြို့စောင့် အမတ်ထားပိုင်ကြီးက ဆင်ဖြူလျှောက်တင်ခြင်းသာ ဖြစ်ပါသည်။ ရောင်ဖြူမြို့အကြီး၊ ကုလား ထာနာ-မျာတလိဦး သင်းပြည့်ရှင်မင်းထံ လျှောက်လာသော်၊ အမိန့်တော်ရှိသည်ကား၊ မုသလမ်ကုလားတို့အမျိုး၊ မျှောက် နှင့်တူသည်။ သင်တို့ကို ယုံသောသူသည်။ မြေလုံးနှင့် ဘက်ရွက်-မိတ်ဆွေပြုကြသည့်ပမာ။ နှစ်ဦးပင် ပျက်ရချေသည် အမိန့်တော်ရှိ၍ တန်းဆာကို သိမ်းပြီးလျှင်။ မိန်းမစိုးမော်လိပ်အစုမှာ ဖြည့်တော်မူလေသည်။

ယင်းသို့အမိန့်တော်ရှိပြီးမှ။ သားတော်သံတွဲစား ချစ်နှောင်ကို စစ်တကောင်းမြို့သို့ ပြန်၍ နေစေ အမိန့်တော်ရှိလေရာ သားတော်ပြန်သွားရသည်။ စစ်တကောင်းမြို့သို့ ရောက်သောအခါ ဆင်ဖြူနှစ်စီးတွေ့လေမူ ဆင်ဖြူမဟုတ်။ ကုလားထာနာလျှောက်သောအတိုင်း မှန်သည်။ သက်မင်းကို အမျက်တော်ဝင်၍၊ သက်အမတ်လေးယောက်ကို အပြစ်နှင့်ထားလေသည်။ ယင်းသောအခါ၊ အမတ်ထားပိုင်ကြီး လျှောက်သည်ကား။ အရှင်မင်းသား။ သက်မင်းပြုသောအမှုသည် ပြည့်ရှင်မင်းတို့၏အကျိုး။ မင်းဂုဏ်ကြီးတို့သာ။ တိုင်းပြည်အမှုမဟုတ်ပါ။ ခမည်းတော်ဘုရားသည်၊ ဘုန်းပညာကျက်သရေသုံးပါးနှင့် ပြည့်စုံသောအရှင်။ သက်မင်းပြုသောအမှုသည်။ ဂုဏ်ကြီးမြင့်ခြင်း၊ ကြက်သရေတော်အဝင် ဖြစ်ပါသည်။ နေအရောင်ကို တိမ်မှောင်ဖုံးသကဲ့သို့ အရှင်သားတော် မပြုသင့်ပါ။ ထိုသို့ အမတ်ကြီးလျှောက်သော်လည်း သားတော်သံတွဲစား လက်ရုံးရည်သာ ရှိသည်ဖြစ်၍၊ နှလုံးရည်နည်းသဖြင့် အမတ်ကြီးစကားကို မနာမယူနေလေသည်။ ယင်းသို့အကြောင်းအရာများကို ပြည့်ရှင်မင်းကြီး ကြားသိတော်မူလေသော်။ စစ်တကောင်းမြို့တွင်။ အမတ်ထားပိုင်ကြီး နေမြဲနေထိုင်စေ၍၊ သက်မင်းဆက်သော ဆင်ဖြူနှစ်စီးကို ဆောင်ယူခဲ့ရင်းအအတိုင်း၊ ကောင်းမွန်စွာတန်းဆာဆင်၍၊ သက်မင်း

နှင့် သက်မှူးမတ်တို့ပါ။ သာယာစွာ သံတွဲစား ကြီးကြပ်ဆောင်ယူ၍ ဒါဂါမြို့သို့လာစေ အမိန့်တော်ရောက်လာသည်တွင်။ သံတွဲစားချစ်နှောင်-ကြောက်လှစွာနှင့်။ သက်မင်းမှူးမတ်ကို လွှတ်လျက်။ ကောင်းမွန်စွာ ဆောင်ယူသွားစေသဉ်။ ပြည့်ရှင်မင်းကြီးထံ ရောက်လေသောအခါ၊ အမိန့်တော်ရှိသည်ကား၊ သံတွဲစား ချစ်နှောင်သည် ပညာရှိစကားကို မနာမယူ၊ မင်းသားဖြစ်လျက်၊ ရှေးထုံးဟောင်းသက်သေကို မတတ်မသိ။ လူမိုက်တို့အလေ့ ကြမ်းတမ်းခက်ထန်သောအမူ၊ မယဉ်ကျေးသောဆင်ရိုင်းပမာ။ လက်ရုံးကိုသာလေ့လာ၍ ကောင်းကျိုး မကောင်းကျိုးကိုမသိ။ တွေ့ရာလောင်တတ်သော မီးနှင့်တူသည်။ ပညာရှိထံ နည်းခံစေဦး အမိန့်တော်ရှိ၍၊ ပညာရှိအမတ် စစ်တကောင်းမြို့စား မဟာပညာကျော်သို့ အပ်တော်မူလေသည်။ ယင်းသို့ပြီးမှ အမိန့်တော်ရှိပြန်သည်ကား။ စူဠလိပ်ငယ်သည် ဗာရာဏသီမင်း၊ ရှေ့ရောက်လေရာ။ မီးသို့ချမည်ဆိုသောစကားကို၊ လိပ်ငယ်ကြားက ရယ်ပြန်သည်။ ရေသို့ချမည်ဆိုသော်၊ ထိုလိပ်ငိုလေရာ၊ သံတွဲစား ချစ်နှောင်နှင့် နှလုံးရည်တူသောအမတ်ကိုကား။ ဤလိပ်ငယ်သည် ရေကိုကြောက်တတ်သောအမျိုးမှန်သည်။ ရေကိုချရပါမည်။ မင်းထံလျှောက်လေရာ။ မင်းလည်းလိုက်နာလျက်၊ လိပ်ကို ရေသို့ချလေသော်။ ထိုလိပ်ငယ် နဂါးပြည်သို့ ရောက်ပြန်လေသည်။ နဂါးမင်းထံ ဂင္ဂုန်မင်းထံသို့ သံစေ၏ဟု၍ဆိုသော်။ ထိုလိပ်ကို ဆောင်ယူလျက် လူ့ပြည်သို့လာခဲ့ရာ။ ရေကန်တစ်ခု၌။ ထိုလိပ်ငယ် ပျောက်လေကြောင်း။ အခြေမရှိ လိပ်ငယ်လှည့်စားသောစကားကို။ လူမင်း နဂါးမင်းတို့ ယုံသဖြင့်။ ရောက်ပေါက်လေသော်၊ မိတ်ဆွေကြီးစွာ-လူ့ပြည်နှင့် နဂါးပြည်သား ဆက်လက်ကြောင်း။ ရှေးသူဟောင်း သူမြတ်ထားခဲ့သော ဇာတ်နိပါတ်ထင်ရှားရှိသည်။ သက်မင်းစောနွယ်လည်း အကျိုးတော်ကိုလို၍ မင်းဂုဏ်ကြက်သရေကို မြှင့်မြောက်သူဖြစ်သည်။ အမိန့်တော်ရှိပြီးမှ။ သက်မင်းစောနွယ်ကို ကောင်းလှဖြူအမည်နှင့်၊ သားတော်သံတွဲစားနည်း၊ မင်းဆောင်ပေးတော်မူလေသည်။ သက်မင်းအမတ်ကြီးတို့မှာလည်း။ ကုလားထာနာတို့နည်း အဝတ်တန်းဆာဥသုံ ပေးတော်မူသည်။ ဒါဂါမြို့တွင် မိုယ်းခိုတော်မူ၏။ <u>ကုလားမင်းသမီး ပဲသီဒါမှာ သားတစ်ပါးဘွားတော်မူလေရာ၊ ငအောင်ဂါ ဟူသောအမည်ကို ပေးတော်မူသည်။</u> နွေလတိုင်လေသော်-သားတော်ငအောင်ဂါကို ကုလားဆိုင်ရာမြို့ကို ပေးတော်မူ၍၊ အမိပဲသီဒါ နှင့်တကွ မောက်သူဇာမြို့တွင် ကြီးစွာသော တိုက်အိမ်နှင့် ထားတော်မူခဲ့သည်။ မောက်သူဇာမြို့ကိုလည်း လက်ျာစစ်ကဲ မနုဟာကို သူရဲငါးသောင်းနှင့် မြို့စောင့်ထား၍၊ နယ်ခြားကျောက်တိုင်- ရေကန်စိုက်ထူထားခဲ့သည်။ ကုလားဆင်းရဲသား တို့ လုပ်စားသည့် ဥယျာဉ်လယ်ယာများမှာ။ ကုလားတောင်တာ တဂါရီလျှင် တနှစ်ကို ငါးသပြာဆက်သွင်းမြဲ။ ရှေးဘိုး တော်တို့ ထုံးအတိုင်းကိုသာ၊ မပိုမလွန် ခံယူဆက်သွင်းလာစေ။ ကူလီကွတ္တားသင်္ဘောဆိပ်။ စစ်တကောင်းသင်္ဘောဆိပ်များ မှာလည်း။ တဆယ်လျှင်တစ်ခု ကောက်ယူဆက်သွင်းစေ။ မြို့စားမှာ ကူးတို့ခွန်၊ ကင်းခွန်၊ ရေရိုးပိုက်ခွန်ကိုသာ စားစေ။ တရားတပေါင်မူ အခွန်ဘဏ္ဍာကြေးကုန်ငွေကျ မရှိစေနှင့်။ ဥာဏ်ပူဇော် သာ=အမှုကိုထောက်၍ ငါးသပြာတန်သည်။ နှစ်သပြာခွဲတန်သည်။ တသပြာတန်သည်ကို-ပြီးအောင်စီရင်သူတို့ စားယူစေ။ လင်းကဲခွေးမွေတို့မှာ။ တအိမ်လျှင် တစ်နှစ် သုံးသပြာဆက်မြဲ ထုံးစံအတိုင်းဆက်စေ။ ထိုသို့ အသီးအသီး ပညတ်တော်မူပြီးမှ။ ဘီတော်ဝေသာလီမင်း-သိဂ်တိုင်း စန္ဒရားမင်း၏ သားတော်အိမ်ရှေ့မင်း စူဠတိုင်း စန္ဒရားမင်း ချီတော်မူသည်ကာလ။ <u>ကုလားပဆာမင်းကဆက်သော ကုလားမင်းသမီး ဒံဇာမာလီ။ ဒူရဘီတို့နှစ်ယောက်က။</u> သောင်းတီးနတ်မှာ လူလေးထောင် လှူလိုကြောင်း လျှောက်ထားလေရာ။ ဟာပဒူကျွန်းဆားချက်ကုလား လေးထောင်ကို ပေးတော်မူ၍။ ကုလားမင်းသမီး ဒံဇမာလီ၊ ဒူရဘီတို့ လူပေါင်းလေးထောင်ကို သောင်းတီးနတ်ကို လှူခဲ့သည်။ ကုလားနတ်ကွန်းတို့ကို သိမ်းတော်မူခဲ့၍။ ချီတော်မူရင်း စခန်းစဉ် လှူအတိုင်းပြန်တော်မူခဲ့ရာ။ သက္ကရာဇ်(၈၈၁)-ခု တန်းခူးလအခါတော်မီ-မြို့တော်သို့ ရောက်တော် မူလေ သည်။ သောင်းတီးနတ်ကွန်းကုလားလေးထောင်မှာ- သံတွဲမြို့ကို စားတော်မူသည့်ကာလ တည်ခဲ့သော ကုသိုလ်တော်၊ ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူမှာ ရွှေကရားနှင့် ရေစက်သွန်းချပြီးမှ။ ကျောက်စာမော်ကွန်းထိုး၍ လှူတော်မူသည်။ ထိုဘုရင်မင်းဗာကြီးသည် အိမ်နိမ့်သုံးဆယ့်ကိုးနှစ်၊ စည်းစိမ်နှစ်ဆဲ့နှစ်နှစ်။ နှစ်စုသက်တော် ခြောက်ဆဲ့ တစ်နှစ်တွင် နတ်ရွာစံတော်မူလေသည်။

ထိုဘဝရှင် မင်းဗာကြီး နတ်ရွာစံတော်မူသည်မှစ၍။ မင်းသုံးဆက်မြောက်လက်ထက်၌ မှတ်သားရန် စကား အထူးမရှိ၍ အကျယ်မရေးလိုက်သည်။ အိမ်နိမ့်နန်းစံ အသက်အပိုင်းအခြားကိုကား အကျဉ်းပြဂဏန်းပုံပြင်မှာ ကြည့်၍ မှတ်လေ)။

-----------***---------

## ၂၄– <u>ရှင်းသားတော် မင်းဖလောင်းကြီးလက်ထက်တော်မှာ၊ တိုင်းပြည်စည်းစိမ်ပြန့်ပွားခြင်း။</u>

## ပညာရှိအမတ် လိမ္မာ မဟာပညာကျော်စသော မျှူးကောင်းမတ်ကောင်းတို့ လျှောက်တင်စဏ်းစသော ဆန်းဆန်းကြယ်ကြယ်အစီပွါယ်နက်နဲသော အခြင်းအရာကို့ပြခြင်း။

ထိုမင်းသုံးဆက်တို့တွင်။ မင်းစကြာဝတေး နတ်ရွာစံတော်မူပြီးသည့်နောက်၊ မင်းဗာကြီး၏သားတော် မင်းဖလောင်းကို။ မင်းစကြာဝတေးသမီးရှင်လပ်နှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၉၁၅-ခုနှစ်၊ တပို့တွဲလဆုတ် ၈-ရက် ကြာသပတေးနေ့ဝယ် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ မင်းဖလောင်းတွင်ခြင်း အကြောင်းကား။ သီရိသူရိယစန္ဒမဟာဓမ္မရာဇာ အမည်တော်ရှိသော ခမည်းတော် မင်းဗာကြီးလက်ထက်။ များစွာသော ဂွတ်လှေကြီး၊ သင်္ဘောကြီးတို့နှင့်။ အလွန်များပြားလှစွာသော လက်နက်ကြိယာတို့ဖြင့်။ ပုန်ကန်တိုက်ခိုက်လာသော ဘရင်ဂျီစစ်ကို အောင်တော်မူသောအခါ။ သားတော်ကို ဘွားမြင်သောကြောင့်။ အောင်ခြင်းနိမိတ်ကို အကြောင်းပြု၍၊ မင်းဖလောင်းဟု အမည်တွင်၏။ ထိုမင်းဖလောင်းကြီး လက်ထက်တော်အခါ၌၊ ခမည်းတော် မောက်သူဇာမြို့တွင် ထားခဲ့သော ကုလားမင်းသားမီး ပဲသီဒါတွင် ဘွားမြင်သော ငအဂ်ါနှင့်၊ ဘထွေးတော် သံတွဲစား ပေါင်းမိသောကြောင့်- သွားလေ၍။ ပဲခူးမင်းထံရောက်လေရာ။ ထို့နောက် တောင်ငူမင်းတရား ရွှေထီးနှင့် ပေါင်းမိပြန်လေ၍၊ ရက္ခပူရတိုင်း ထီးနန်းမင်းဆက် အရိုးအသားမှန်သည်။ သင်္ဘောဆိပ်အများ၊ ရက္ခပူရတိုင်းနိုင်ငံ၊ ကုလားဘင်္ဂါ ၁၂ မြို့နှင့်တကွ။ ကျွန်တော်မျိုးပိုင်ပါမည် လျှောက်လေသော်။ မင်းတရားရွှေထီးက ကျော်ထင်နော်ရထာဟူသော အမတ်ကို တပ်ဦးထားလျက်။ သက္ကရာဇ် ၉၁၇- ခုနှစ်တွင်။ စစ်ချီလာကြောင်း ကြားသိတော်မူလေသော်။ စနည်းနာလေရာ၊ ကျီးအာ၍ ဧည့်လာသည်-ပဌမစနည်း ဒုတိယစနည်းမှာ၊ လသာသည် ပြန်လေဦး။ အုန်းပင်ရှဥ့်ဘမ်းမိသည်။ တတိယစနည်းမှာ အိပ်၍နေ၊ လှေကြီးထိုင်-ပွဲတိုင်ခိုင်အောင်စိုက်။ ပေါင်းမိုးဖျာကို လိပ်၍သွင်း။ ထိုစနည်းသုံးရပ်အလို။ အမတ်စစ်တကောင်းစား မဟာပညာကျော် လျှောက်ထုံးသော်ကား။ ။ ကျီးအာ၍ ဧည့်လာသည်မှာ။ သံတွဲစား ဘထွေးတော်နှင့်။ ခမည်းတော် မိဖုရားကုလား မင်းသမီးပဲသီဒါတွင် ဘွားမြင်သည့် ငအဂ်ါတို့ တောင်ငူမင်းထံ ရောက်လေသည့်အကြောင်း၊ မင်းတရားရွှေထီး ဧည့်သည် ပမာသာ လာရောက်၍ ပြန်ပါလိမ့်မည်။ လသာသည့်ပြန်လေဦး။ အုန်းပင်ရှဥ့်ဘမ်းမိသည်မှာ။ ဘုန်းပညာ ကျက်သရေ နှင့် ပြည့်စုံသောမင်းမျိုး- စိုးမိုးတော်မူသည်။ တိုင်းပြည်သာယာဆဲဖြစ်၍ မင်းတရားရွှေထီး ရန်မူလာလျှင်၊ တောင်ငူမင်း တရား ရွှေထီးကို ဘမ်းမိရပါလိမ့်မည်။ သို့ရာတွင် ပြန်လေသော်ကား။ နောင်ဘုန်းပညာ ကြက်သရေမရှိသော မင်းလက်ထက်။ အုန်းဟူသော နံအရ။ ဤမြောက်ဦးမြို့တော်ကို။ အရှေ့ပြူတို့ ဖျက်ဆီးပိုင်နိုင်လေရာသော အကြောင်းမူ လျက်။ စနည်းထွက်ပါသည်။ အိပ်၍နေ၊ လှေဦးထိုင်-ပွဲတိုင်ခိုင်အောင်စိုက် အလိုသော်ကား။ လှေကို တိုင်ကြိုး ထိန်းသည်။ ပြည်ကို အမတ်ကြီးထိန်းသည်။ ပြည်ထိန်းအမတ်ကြီး နှစ်ယောက်ကိုသာ။ လက်ဝဲလက်ယာထွက်၍ ခံစေရပါမည်။ အရှင်မင်းမြတ် ချီတော်မမူသင့်။ ပေါင်းမိုးဖျာကိုလိပ်၍သွင်း အလို။ တောင်ငူမင်းလာလမ်း။ တောင်ငူ မြို့ကျေးရွာပြင် စပါးများကို မြို့သို့သွင်း၍ ထားရပါမည်။ ယင်းသို့လျှောက်လေသော်။ ပြည့်ရှင်မင်းလည်း ကြိုက်တော်မူ ၍။ မြို့တော်တွင် လည်း ကိုယ်တော်ရံသူရဲ ငါးသောင်းတို့ကို၊ လက်နက်အစုံနှင့် စည်းကြပ်အစောင့်အနေထားပြီးမှ အမတ် ကိုယ်ရံကြီး ထားပိုင်ကြီးနှစ်ယောက်မှာ၊ သူရဲတသိန်း ကိုယ်ရံတော် ငါးသောင်းပေး၍ လက်နက်အစုံနှင့် မိငူကျွန်း၊ ရမောင်ကျွန်းများ တွင် ထားလေသည်။ ညီတော်ကုလတန်စား ချစ်နှောင်ကိုလည်း မြုံ သက်။ လင်းကဲ၊ ချင်း၊ ချော်၊ ခွေးမွေး။ လေးတူး။ တဲခွ။ ချောင်းသား။ ကတူး။ ချပ်လဟော်လူမျိုးတို့နှင့်။ ဖိုးခေါင်တောင်အရှေ့ဘက် ကျေးရွာသို့ ချီတက်စေသည်။ သားတော်အိမ်ရှေ့မင်းစောလှကိုလည်း။ ဘင်္ဂါ ၁၂ မြို့ ကုလားသင်္ဘော သုံးဆဲ့ငါးစင်းနှင့် မော်တင်က စောင့်နေထား လေသည်။ ထိုသို့ အသီးသီးခန့်ရမ်းထားတော်မူပြီးမှ ဆင့်ဆိုတော်မူသည်ကား။ တောင်ငူမင်းတရားရွှေထီး ရောက်လာ လျှင်။ ရှေ့ကဆီး၍မတိုက်နှင့်။ ချီလာ၍ မြို့နားသို့ရောက်လေမှ နောက်ကပိတ်ဆို့၊ ရိက္ခာမရှာစေရ တိုက်ဖျက်ရမည်။ အမိန့်တော်ပြန်ဆိုလျက် ထားတော်မူလေသည်။

တောင်ငူမင်းတရားရွှေထီးလည်း၊ သက္ကရာဇ် ၉၁၇-ခု တပို့တွဲလွှန်း ၂ရက်နေ့ လောင်းကြက်မြို့ဟောင်းတွင် တပ်ချလာ၍။ ၄င်းလွှန်း ၃-ရက်နေ့ မြို့ကိုတိုက်လေရာ။ မီးပေါက်၊ ပြောင်း၊ လေးမြားပစ်ခတ်လျှင်။ အသေများသဖြင့် ဆုတ်ခွာနေလေသည်။ အမတ်ကြီးနှစ်ယောက်လည်း နောက်ကပိတ်ဆို့၍ တိုက်လေသည်။ ညီတော်ကုလားတန်စား လည်း။ အရှေ့တောင်စဥ် မြို့ရွာတို့ကို တိုက်ဖျက်၍ အိမ်ယာစပါးများကို မီးတိုက်လေသည်။ ယင်းသောအခါ တပင်ရွှေထီး

အမတ်ကြီး ကျော်ထင်နော်ရထာကို မင်းတရားရွှေထီးက သံစေလွှတ်လိုက်၍ ဝင်လာသော်။ အတွေ့ခံတော်မမူ။ တရားသဘင်ပြုရာမဏ္ဍပ်၌ အမတ်ပြည်စိုးကြီးနှင့် စကားပြောဆိုစေသည်ကာလ။ အမတ်ပြည်စိုးကြီး ဓမ္မဇေယျက-ကျော်ထင်နော်ရထာကို မေးသည်ကား။ အမတ်ကြီးတို့ပြည်တွင် ရတနာသုံးပါး၊ ဘုရား တရားတော်ကို ကြည်ညိုသောသူ ရှိပါ၏လော။ ပြည့်ရှင်မင်းလည်း မင်းကျင့်တရား ဆယ်ပါး၊ ရာဇဂုဏ်ရှစ်ပါး မြဲပါ၏လော။ မှူးမတ်တို့လည်း အင်္ဂါရှစ်ပါး ပြည့်စုံပါ၏လော။ ထိုသို့မေးလေရာ၊ တောင်ငူအမတ်ကြီး ကျော်ထင်နော်ရထာဆိုသည်ကား။ အကျွန်ုပ်တို့ တိုင်းပြည်၌၊ သာသနာတော်ထွန်းလင်း၊ မင်းလည်းဘုန်းအာဏာကြီးကျယ်။ မှူးမတ်တို့လည်း အင်္ဂါစုံစွာ၊ ပညာဗလ ပြည့်ဝကြသည်။ ယင်းသို့ဆိုလေသော်။ ဓမ္မဇေယျဆိုပြန်သည်ကား။ ဘုရားစသော သူတော်ကောင်းတို့ ဆုံးမတော်မူခဲ့သော တရားကျမ်းဂန်လာသည်မှာ။ ဒုစရိုက်တရား ဆယ်ပါးကို စောင့်ထိန်းသောအရပ်၌ သာသနာတော်တည်ရာသည်။ ဒုစရိုက်ဆယ်ပါးကို မစောင့်ထိန်းသော အရပ်သားတို့သည်။ လူမိုက်-ဆိုးသွမ်းနိုင်ထက်၊ ရက်ရောကြမ်းတမ်း၊ ယုတ်နွမ်းသောအမှုနှင့်သာ အသက်ထက်ဆုံး ကျင့်ကြံနေလေရာသည်။ သူတော်ကောင်းရှိသောအရပ်၌၊ အကျင့်မရှိ၊ အမျိုးမစောင့်သောမင်းသည် အကယ်၍စိုးမိုးအံ့။ ထိုအမတ်ကောင်းတို့သည် မင်းမမှားစေရ။ အသက်မငဲ့လျှောက်မြဲ၊ မင်းနှင့်အမတ် စုံလျက် ဆိုးသွမ်းလတ်သော်။ သဃ်ာတော်တို့ ကျိုးကြောင်းပြသဟောပြောဆိုမြဲ၊ ကျမ်းဂန်အလာ၊ ရှေးပညာရှိ စကားအမှာတွင်လည်း၊ ။ ရေမြေဦးခိုင်။ နိုင်ငံပိုင်မူ။ ယိမ်းယိုင်ရှေးလမ်း၊ အကျင့်သွမ်းသော်၊ မင်းကျွမ်းဝင်ဘိ၊ မတ်ကဝိတို့၊ နှိုင်းညှိတုံငြား၊ မင်းပါးလျှောက်တင့်၊ ကြီးမြင့်ဂုဏ်ရှင်၊ နားမဝင်၍၊ မင်းပင်ကျင့်ရာ။ တူစွာစရိုက်၊ မင်းလိုလိုက်က။ မတ်မိုက်နှင့်မင်း။ သင်းပင်းညီစွ၊ ပြုပြန်ကလည်း။ ဓမ္မသဘင်၊ မင်္ဂလာကျော်။ သဃ်ာတော်တို့၊ အဟော်ဝတ။ ရှေးကမင်းပေါင်း၊ မှူးမတ်ကောင်းတို့၊ မစောင်းတည့်မတ်။ ကျင့်ဝတ်ကျမ်းဂန်၊ မလွန်မယုတ်။ ဘော်ထုတ်ပြသ။ ဆုံးမထုံစံ။ လျှုခံသူမြတ်။ ရဟန်းဝတ်နှင့်။ လျှောက်ပတ်သင့်စွာ။ ပြောဆိုရာ၏။ ဟု ပညာရှိစကားလာကြောင်းကို ဆိုသည်။ နောက်တစ်ရက်ဝင်လာသောအခါမှ၊ ပြည့်ရှင်မင်း အတွေ့ခံတော်မူလျက်။ အမိန့်တော်ရှိသည်ကား၊ ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရားမရှိသော မင်းမျိုး၊ ဆိုးကောင်းမသိသော မီး၊ ခရီးရောက်ရာသွား၍ ကြွက်ကိုစားသည့်မြွေ၊ ထိုငါးဦးတို့သည်၊ ပဥ္စဘုတ်၊ သူတော်ကောင်းတို့ မှီခိုရန်မအပ်။ အကျိုးအပြစ်ကိုလည်း မသိ။ ထိုသူတို့ရှိသော အရပ်ဒေသ၌ အရှည်လည်း မထွန်းလင်းနိုင်ရာ။ ရန်သူငါးပါးနှင့် ဆက်ဆံများလေသည်။ အစ်ကိုယ်တို့ တောင်ငူမင်းလည်း လက်ရုံးမာန အားလွန်သည်။ ပညာရှိနှင့် နှီးကပ်ပေါင်းစေဦး အမိန့်တော်ရှိလေသည်။

အမတ်ကျော်ထင်နော်ရထာ အပြန်တွင်လည်း တောင်ငူမင်းတရား ရွှေထီးထံသို့။ စစ်တကောင်းမြို့စား မဟာပညာကျော်ကို၊ ပြည့်ရှင်မင်းက ထည့်တော်မူလိုက်၍၊ မင်းတရားရွှေထီးထံ၊ မဟာပညာကျော်လျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ် လောကအထွတ်အထိပ် ဖြစ်တော်မူသော ဘုရားသခင်ဆုံးမတော်မူသည့် တရားတော်ကို မတဉ်သော သူတို့သည်၊ သံသရာဝဋ်ဒုက္ခ ရှည်ပါသည်။ ရှေးသူဟောင်း စကား၌လည်း။ သင်္ဘောစီးလျက်- ရေရိုးရေကြောင်းကို မသိတတ်သောမာလိန်။ တောဝင်လေလျှက်။ တောစဉ်ကိုမသိသော မုဆိုး။ ပြည့်ရှင်မင်းဖြစ်လျက်- မှူးမတ်အရည်အနိမ့်အမြင့်ကို မသိတတ်သောမင်း။ အမတ်ဖြစ်လျက်- မင်းအရိပ်အခြည် အသွားအလာ အပြုအမူ သင့်မသင့်ကို မသိတတ်သောအမတ်။ စတုဟီနံ။ အနဋ္ဌ-ဥမ္မတ္တကော-အလိမ္မာမရှိ-ထိုသူလေးဦးတို့ သေခြင်းမလှ သေရကြောင်း ထုံးဟောင်းရှိပါသည်။ တရားလိမ္မာ-သံသရာအပြစ်ကိုသိသော မင်းကောင်းမင်းမြတ်တို့၊ အနီးအဝေး သူ့သားကိုယ့်သား မရွေး ဆုံးမတော်မူကြောင်း။ ရှေးသူဟောင်းတို့ အဆိုအလာရှိသည်မှာ။ ။ ကျမ်းချော်ဓမ္မ။ သဇီဝအား၊ ပြစ်မှားပြင်းရှိန်။ ဇီဝိတိန်ကို။ ညှိုးပိန်မသွေ့၊ ချွေသော်လည်းကောင်း။ အကြောင်းမိုက်မဲ၊ သူ့ပစ္စည်းကို၊ ချုပ်တည်းမဲ့ငြား။ ပြစ်မှားသဖြင့်။ မသင့်ပချေ။ သူ့ဆွေဇနီး၊ ချစ်မငြီးနှင့်။ ရောနှီးဆက်ဆံ။ သုံးပါးကံမူ။ စီမံလောဘ။ နသစ္စဟု၊ ယွင်းခွစကား။ သူနှစ်ပါးကို၊ ခိုက်ပွားရန်စစ်။ ဒေါသဖြစ်အောင်။ ချောပြစ်တတန်။ မျက်မာန်ကြမ်းကြုတ်။ ဖရုသမျိုး။ အကျိုးမဲ့လျှင်း။ ပြိန်းဖျင်းဝါစာ၊ မိန့်မှာစတု။ ဒေါသခု၍။ ခြားသူ့ရိပ်ငြိမ်။ စည်းစိမ်ခွေရံ။ သူကောင်းကံကို။ ဘိတ်လျှံနှဋ္ဌိ။ ငါ့ဟာတိဟု။ ဖြစ်ဘိစေလို။ တဆိုအရေး။ မကြံတွေးလိမ့်။ မိုက်မှေးတကြောင်း။ စောင်းမြောင်းပြုစု။ အယူမှောက်လှန်။ မိစ္ဆာဉာဏ်နှင့်။ သုံးတန်ကာယ။ စသည်အားထုတ်။ ကိုယ်နှုတ်နှလုံး။ ဆောက်တည်သုံးကြ။ ဟူလျက် သမာအာဇီဝေါ၊ အသက်မွေးကြောင်း၊ ကြေးမောင်းခတ်ဆော်၊ စည်တော်ရိုက်တီး၍၊ တစ်နေ့သုံးကြိမ် ပြည်သူတို့ကို ဆုံးမတော်မူရာသည်။ အရှင်မင်းမြတ်။ လက်ရုံးအားကို အလိုရှိသောမင်းသည် ရန်ပို၍။ ပြည်သူတို့သော်လည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မတည်။ ရန်သူငါးပါး ဆက်ဆံများလေသည်။ နှလုံးအားကို အလိုရှိသောတိုင်း၌ မင်းတို့၏ပြည်သူတို့သည် အပူသောက ကင်းခြင်းကြောင့်။ မိဘသားမြေးစဉ်လာ-သပြာတောင်းတင်းမကုန်၊ ဆက်ဆံခံစားလျက်။ မပျက်စည်ထွန်း၍၊ ဘုရားစသော

သူတော်ကောင်း အချီးအမွမ်းကို ခံရသည်။ ထိုသို့ ပညာရှိအမှာ ရှိပါသည်။ ကျမ်းဂန်၌လည်း။ ။ ရက္ခသတသဟဿာနိပုပ္ဖ ဖလရုက္ခောဝသောဘတိ။ နရာနိသတသဟဿာနိ ရူပဂန္ဓောဝသောဘတိ။ ရူပသတသဟဿာနိ ပညဝန္တောဝသော ဘတိ။ ယင်းသို့ ကျမ်းဂန်လာသဖြင့်။ ပညာသာအရင်းဖြစ်၍၊ မင်းကျင့်မကွာ- ပညာနှင့်တိုင်းပြည်ကို စောင့်ထိန်းရာ သော အကြောင်း။ ကျမ်းဂန်လာပြန်သည်မှာလည်း။ ။ ခန္ဓာခယဌေနအနိစ္စာ။ ဘယဋ္ဌေန ဒုက္ခာစတေ။ အနတ္တာအသာရကဋ္ဌေန။ ဣတိပိသော အရဟံ စသောပါဠိအရ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခါတ်လေးပါး ပြုပြင်ခိုင်ခန့်သည်ဖြစ်လျက်၊ အစမထင် သံသရာဝဋ္ဋ၌၊ အနိမ့်အမြင့် စက်ဝဋ္ဋ၏ပမာ၊ တွေ့မြဲမမ္မတာကို၊ ငါမင်းတကား ပလွှားချေသော်၊ ထိုပြည်သူတို့သည်လည်း။ သာသနာတော်မတည်။ မင်းအလိုရှိရာလိုက် ၍၊ ကြမ်းတမ်းယုတ်မာ၊ ဆိုးသွမ်းကြောင်းကို၊ ကျမ်းဂန်ပြဆိုသည်။ ။ ပူတိမစ္ဆံကုသဂ္ဂေန၊ ယောနရောဉပယှတိ။ ကုသာမိပူတိဝါယန္တိ၊ ဧဝံဗာလူပသေဝနာ။ ။ ထိုသို့ကျမ်းဂန်လာ၊ ရှေးပညာရှိအဆိုသော်ကား၊ မင်းလည်းမင်းကြမ်း။ အမတ်သွမ်းနှင့်၊ အကျွမ်းမတ်ဝင်။ သို့တည်းလျှင်မူ။ ပြည်သူရိပ္ပတ်။ မည်းတည်းမြတ်က။ အမတ်ထို့တူ။ ပြည်သူမညီး။ စစ်ထိုးမရှိ၊ မရိသတ္တဝါ၊ ရေစာမရှား။ ခိုးသားမပေါ်။ မြင်မြော်သသူ။ ကြည်ဖြူမြတ်နိုး။ ရေခမိုးသို့။ ဟူလျက် ဆိုခဲ့လေ သည်။ အများသာမိက အရှင်မင်းတို့မှာ၊ ပညာသာ အာဒိမူလဖြစ်၍၊ ဆိုလာသောသူအား၊ ရည်သွားတခု။ လှူမှုတရပ်၊ အမတ်ဂုဏ်ရည်။ ဆိုသည်စကား။ ထိုလေးပါးကို သိရာသောကြောင့်။ ကျမ်းဂန်လာပြန်သည်ကား။ ။ ကုဒေသဥ္စကုမိတ္တဥ္စ၊ ကုကုလဥ္စကုဗန္ဓဝံ။ ကုဒါရဥ္စကုဒါသဥ္စ၊ ဒူရတောပရိဝဇ္ဇယေ။ ။ ယင်းသို့ အမတ်မဟာပညာကျော်။ လောကီ လောကုတ္တရာ နှစ်ဖြာသောအကြောင်း။ ကျမ်းဂန်အထွက်နှင့် လျှောက်လေရာ။ တောင်ငူမင်းတရားရွှေထီးသည် အလွန်ကြိုက်တော်မူ၍။ အမတ်မဟာပညာကျော်ကို၊ ရွှေသပြာတရာ၊ ငွေသပြာတထောင် ဆုပေးတော်မူသည်၊ ပြည့်ရှင်မင်းသို့လည်း၊ စောရန်နှင် ဟူသော ဆင်နှင့်မြင်းနှစ်စီး၊ မြင်းစီးတန်းဆာအစုံပေးလေသော်။ ပြည့်ရှင်မင်းက၊ စပါးတသိန်း ငါးသောင်းပေးလေ၍၊ သက္ကရာဇ် ၉၁၇-ခု တပေါင်းလဆန်း ၉-ရက်နေ့ တောင်ငူမင်းတရားရွှေထီး ပြန်တော်မူလေသည်။

တရံရောအခါ ပြည့်ရှင်သာကီဝင် မင်းဖလောင်းက။ မြောက်ဦးမြို့သည် မင်းသက်ကုန်ပြီ။ ညေဝတီမြို့ဟောင်း ကို တည်တော်မူသင့်ကြောင်းကို ဟူးရားဖြူ -ဟူးရားညိုတို့ လျှောက်ထားသည်။ ပြောင်းသော် မည်သို့အကျိုးရှိမည်။ မပြောင်းလျှင်မည်သို့ အပြစ်ပေးမည်များကို မေးတော်မူရာ။ အမတ်ပညာကျော်လျှောက်ထုံးသော်ကား ။ ။ အရှင်မင်းမြတ်၊ ရှေးပညာရှိတို့ဆိုခဲ့သော ထီးနန်းစိုက်ရာ- စစ်အင်္ဂါလေးပါးညီသော အောင်မြေမင်္ဂလာ ထွန်းရာအရပ်၌၊ မြို့တည်၍ ထီးနန်းစိုက်ရလေသော်။ မြတ်စွာဘုရား ခါတ်တော်မွေတော် ပိဋကတ်ကျမ်းဂန်၊ သီလဝန် ဂုဏဝန် မျိုးကောင်း မတ်ကောင်း ပြည့်စုံ၍၊ သာသနာတော်ထွန်းလင်း၊ ပြည့်ရှင်မင်း ဘုန်းကြက်သရေတက်တိုးခြင်း၊ ကာဠာဝက၊ ဂင်္ဂေယျ၊ တမ္ဗ၊ ပိင်္ဂလစသော ဆင်ဆယ်မျိုးတို့တွင် တန်းခိုးလွန်သော ဆင်ဖြူရောက်လာခြင်း၊ သတ္တရာဇညော ခုနစ်ပြည်ထောင်သောမင်းတို့ ကြည်ညိုဖူးရောက် သားသမီးတို့ကို ဆက်သ၍။ ရွှေငွေကျောက်သံပတ္တမြား ပွားများခြင်း။ ဇေယျံ၊ ရန်သူမဖျက်ဆီးနိုင်ရာ ရန်အောင်မြင်ခြင်း ပညာရှိတို့မှာသော စကားထုံးအရ၊ ပထဝီ ဘူမိမင်္ဂလံစတုမဟာလာဘံ။ ကျမ်းဂန်၌လည်းထွက်ရှိပါသည်။ မြောက်ဦးမြို့တော်တည်စကသည် ယခုတိုင် ရန်သူဖျက်ဆီးနိုင်ဘူးသည် မရှိပါ။ ထိုအင်္ဂါလေးပါး ပြည့်စုံစွာနှင့်၊ တိုင်းပြည်သာယာ သတ္တဝါတို့ငြိမ်းခြင်း။ ဉတုရာသီဖြောင့်ညီလျက် သာသနာတော် ထွန်းလင်းလျက် ဖြစ်ပါသည်။ သတ္တဝါတို့ တရားလွတ်လေ၍၊ မင်းမသမ္မာ စိုးအုပ်လာသော မြို့ရွာကို ပြောင်းသည်မူလျက် သာယာမြဲမဟုတ်။ မြို့ပြောင်းများလျှင်၊ ပြည်သားပြည်သူ မီးသို့ဆူသည် သာ။ ရှေးသူတော်ဟောင်းတို့ အဆိုရှိပါသည်။ ငြိမ်းချမ်းသာယာစွာ ပြည်သူတို့အား၊ ရင်တော်သားကဲ့သို့ အုပ်စိုးစံတော်မူ ပါ။ တကြောင်းမှာလည်း။ ။ အာကာမိုးလတ်။ နက္ခတ်နေလ။ နဝတာရာ။ ရှစ်ဖြာဂြိုဟ်သွား။ ဂြိုဟ်စားဂြိုဟ်စု၊ ဉတုရာသီ၊ မညီသုံးရပ်။ နေကြတ်လပုပ်။ မြေလှုပ်တောင် လဲ၊ နတ်ပွဲအမြောက်။ ပစ်ဘောက်အသံ။ ဥပါပျံနှင့်။ သည်းထန်မိုးစွေ။ နေလည်းနှစ်စင်း။ လထွင်းကြယ်သွား၊ နဂါးစက်နတ်၊ ထောင့်ခတ်ဘီလာ။ ယတြာနှင့်။ ဇာတာစန်းလက်၊ ဂြိုဟ်ပျက်ငှက် ယုတ်၊ စုန်းဘုတ်တစ္ဆေ။ ဖွတ်မြွေပျားစွဲ၊ မြေကွဲတိမ်ခိုး။ မိုးကြိုးလောင်မီး၊ ရေစီးညာဆန်၊ မြတ်မွန်ပုထိုး။ အခိုးရောင်ခြည်။ ထွက်သည်ထုံးဟောင်း၊ နိမိတ်ပေါင်းမှာ။ လောကီသာတည်း။ ပညာဝေဘန်၊ အမြင်သန်မှ၊ သညံကဝိ။ အသိမြောက်မြား။ တရားကိုသာ။ လိမ္မာနိစ္စ။ သာဓိနဇာတ်။ ထုံးမှတ်သင့်စွာ။ သီလဝမင်း။ နှလုံးသွင်းသို့၊ ရန်တင်းပယ်ချွေ၊ ပျောက်ရလေ၏။ ထိုသို့ရှေးပညာကျော်တို့ ဆိုသောစကား ရှိပါသည်။ လောကီမှုဆိုသမျှ သူတော်ကောင်းကို အပြစ်မပြုနိုင်ပါ။ အမတ်ပညာကျော် လျှောက်လေရာ။ ပြည့်ရှင် မင်းကြီးလည်း၊ အလွန်ကြိုက်တော်၍၊ စားကျေးတမြို့- ရမ်းဗြဲ-ငယ်ကို ထပ်၍ပေးတော်မူသည်။

ထိုမင်းဖလောင်းကြီးလက်ထက်။ တရံရောအခါ၊ ဥဿလင်းစား ငပေါင်တို့ကို စိန်တင်စားအရာ ပေးမည်ရှိလတ်

သော်။ အမတ်ပညာကျော် လျှောက်သည်ကား။ အရှင်မင်းမြတ်။ ဥဿလင်းစား ငပေါင်တိုသည် စစ်ထိုးမှု၌ အလွန်အလိုကြီးသောသူ၊ အကျိုးအပြစ်ကို အမှန်သိမည်မထင်ပါ။ စိန်တင်စား အရပ်သားတို့သည် ကိုက်တတ်သော ခွေးပမာ။ ထိုသူနှစ်ဦးသားတို့ကို။ အတူမထားသင့်ပါ လျှောက်သော်လည်း။ ငပေါင်တိုသမီး မြသွင်ညိုသည်။ မင်းကိုယ်လုပ်တော်ဖြစ်လေ၍၊ အမတ်ကြီးစကားကို ယူတော်မမူ။ ဥဿလင်းစား ပေါင်တိုကို စိန်တင်စားအရာကိုပေးလျက်။ စိန်တင်ချောင်းသို့ ထွက်လေရာ၊ ခုနစ်လရှိမူ။ စိန်တင်ချောင်းစား အရိုင်းများနှင့် ခြားနားလေသော်။ အကြောင်းကို မင်းကြီးသိတော်မူလတ်၍။ အမတ်မဟာပညာကျော်လျှောက်သည်ကား။ ။ အရှင်မင်းမြတ်။ ရာဇာနော မင်းတို့သည်၊ အမစ္စာနံ၊ အမတ်တို့အား အနီးအဝေးထားရာ၌လည်းကောင်း၊ ဘာသကော၊ အများသူဆိုလာသော စကား၌လည်းကောင်း၊ နာပိကတံ၊ ဆင်ခြင်နှိုင်းညှိပြုခြင်းမရှိမူလျက်-မိမိစိတ်အလိုအလျောက် မပြုရာ။ ကာတဗ္ဗံ။ ဆင်ခြင်သောသဘောမရှိမူကား။ သတ္တပေါ။ မှားသောအမှုဖြင့်။ ဘဝေ၊ ဖြစ်ရာအံ့၊ မဟာရာဇ၊ အရှင်မင်းမြတ်၊ မနုဿဝဏ်၊ ကောက်သောသဘောရှိသောလူမူကား။ အလဒ္ဓသတ္တပေါ၊ အကုသိုလ်မှုကို-အားမူတတ်သော၊ လင်းကဲ၊ ကတူး၊ ဗသျှုးမျိုးလည်းကောင်း၊ ကုလဟီနံ၊ ကုလား တရုပ်မျိုးလည်းကောင်း၊ မိလက္ခုကော၊ ချင်း၊ ကသည်း၊ ကရင်၊ ကချင်အရိုင်းမျိုးလည်းကောင်း။ ဇတေဇဝ၊ ထိုအမျိုးသားတို့သည်သာလျှင်၊ ပဇ္ဇပါနံ၊ သေရည်သေရက် သောက်စားခြင်း။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ညှဉ်းစားတတ်၊ ရက်ရောပြုတတ်သောအလေ့ရှိသော။ ဝိပရီတတာ၊ ဘောက်ပြန်သောစိတ် ခိုင်ခန့်ခြင်းနှင့်သာ၊ သဗ္ဗဒါ။ အခါခပ်သိမ်းရှိရာသည်။ မဟာရာဇာ၊ အရှင်မင်းမြတ်၊ အနိဋ္ဌ၊ အလိုမရှိအပ်သောအမှု သေသောက် ကြက်တိုက်အပျော်အရွှင်မှုကို အလိုရှိသောအားဖြင့်ပြုသော။ ပုရိသော၊ ယောကျ်ားလည်းကောင်း။ စာဂံ၊ သီလမရှိ သွမ်းသွပ်ဝန်တိုသော။ ဣတ္ထိ၊ မိန်းမ၌လည်းကောင်း။ မန္တာ၊ ထိုးကွင်းဆေးဝါးမန္တရားကို အလိုရှိသော။ ဘိက္ခု၊ ရသေ့ရဟန်းလည်းကောင်း။ သျှုတ္တရာစ၊ နေလနက္ခတ်အရပ်အကြောင်း-ကောင်းကျိုး မကောင်းကျိုးများကို မှန်စွာမဆိုနိုင်တတ်သော ဟူးရားဖြူဟူးရားညိုတို့လည်းကောင်း။ ဝိသဿ၊ သေစေတတ်သော အဆိပ်လည်းကောင်း၊ သိင်္ဂီ၊ ဦးချိုရှိသော သတ္တဝါလည်းကောင်း။ သပ္ပေါ၊ အဆိပ်ရှိသော မြွေလည်းကောင်း၊ ဥမ္မတ္တကော၊ အရူးလည်းကောင်း။ နဒီ၊ မြစ်လည်းကောင်း။ ဝိဿာသေန၊ ယုံသောအားဖြင့်၊ နောပပဇ္ဇတေ၊ အကျွမ်းမဝင်အပ်၊ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဥဒုရမ္ဗပက္ကံ၊ ရေဂသဘန်းသီးသည်၊ ဗာဟိရာ၊ အပ၌။ ရတ္တကမေဝ၊ နီသောအရောင်အဆင်း ရှိသည်သာလျှင်ဖြစ်၏။ အန္တော၊ အတွင်း၌မူကား၊ ကိမိလပုဏ္ဏော၊ ပိုးလောက်နှင့်ပြည့်စုံ၏။ ဒုဇ္ဇနဟဒယံ၊ သူယုတ်တို့ နှလုံးသညာသည်. နအတ္တံ၊ အကျိုးမရှိ။ ဘိဇ္ဇတိ၊ ပျက်စီး၏။ ပဏ္ဍိတော၊ ပညာရှိသည်မူကား။ သူရိယ၊ နေသည်. ဝိပရီတာယ၊ ဘောက်ပြန်သဖြင့်။ ပစ္ဆိမေ၊ အနောက်မျက်နှာက၊ ဥဒေတိ။ ထွက်ပေါ်အံ့။ မေရု၊ မြင်းမိုရ်တောင်သည်၊ ဝိပရီတာယ၊ ဘောက်ပြန်သဖြင့်၊ စလတိ၊ တုန်လှုပ်အံ့။ ဥဏှော၊ ရဲရဲတောက်သောမီးသည်။ စန္ဒနံ၊ စန္ဒကူးကဲ့သို့၊ ဘဝတိ၊ ဖြစ်အံ့။ ပဒုမံကြာပွင့်သည်။ မတ္ထကေ၊ တောင်ထိပ်၌၊ ရုဟတိ၊ ရောက်ရာပွင့်ရာ၏။ သာခုဝစနံ၊ ပညာရှိသူတော်ကောင်းတို့ စကားသည်၊ ခူဝံ၊ အမြဲတည်၏။ သေလေ၊ တောင်မည်ကာမျှ၌။ မဏိ၊ ပတ္တမြားကျောက်သည်၊ နတ္ထိ၊ မရှိ။ ဂဇေ၊ ဆင်မည်ကာမျှ၌၊ နမုတ္တာ၊ ပုလဲရှိသည်မဟုတ်။ ဝနေ၊ တောမည်ကာမျှ၌၊ နစန္ဒနံ၊ စန္ဒကူးမရှိ။ မနုဿေ၊ လူမည်ကာမျှ၌၊ နပဏ္ဍိတော၊ ပညာရှိမဟုတ်၊ မဟာရာဇ၊ မင်းမြတ်၊ လောကေ၊ လောက၌၊ ဘိက္ခု၊ ရဟန်းသည်၊ အသန္တုဋ္ဌော၊ မရောင့်ရဲနိုင်သဖြင့်။ ကုလဒူသနအာပတ်နှင့် အသက်မွေးခြင်းသည်၊ ဝိနဿေယျ၊ ပျက်စီးရာ၏။ ရာဇိနော၊ မင်းတို့မှာလည်း။ နာရီနံ၊ မိန်းမစကားကို နားထောင်ခြင်းလည်းကောင်း၊ ဟီနအမစ္စော၊ အမတ်ယုတ်နှင့် လိုက်သင့်ရောနှောခြင်းလည်းကောင်း၊ အဇေယျဿ၊ မအောင်အပ်သောသူအား၊ ဇေယျံ၊ အောင်သောအမှုကို ပြုတတ်ခြင်းလည်းကောင်း၊ ယထာ။ အကြင်သို့သဘောအားဖြင့်။ သတ္တပေါ၊ မှားသောအားဖြင့်၊ ပျက်စီးခြင်းသည်၊ ဘဝေ၊ ဖြစ်ရာ၏။ မတာဟီနဿ၊ အမိယုတ်သောသားသမီးအား ။ ဒုဗ္ဘာသိတာ၊ မကောင်းသော စကားရှိ၏။ ပိတာဟီနဿ၊ အဘယုတ်သောသာသမီးအား။ ဒုကမ္မကာ၊ မကောင်းသော ကာယဒုစရိုက်အမှုကို ပြုတတ်၏။ အတ္တဒေါသံ၊ မိမိဒေါသရှိခြင်းကို၊ ပရဿ၊ သူတပါးအား၊ နဇညာ၊ မသိစေရာ။ ပရာဿ၊ သူတပါး၏ ဒေါသံ၊ ဒေါသအမျက်ကို၊ ဇညာ၊ သိစေရာ၏။ အဒန္တံ၊ မယဉ်ကျေးသောသူကို၊ ခနံ၊ ဥစ္စာပေးကမ်းမြှောက်မြှင့် ယဉ်ကျေးစေရာ၏။ ဒေါသံအမျက်ဒေါသကြီးသော သူကို၊ အဥ္စလီ၊ လက်အုပ်ချီခြင်း-ရိုသေခြင်းဖြင့်၊ ယဉ်ကျေးစေရာ၏။ ကာကမဇ္ဈေ၊ ကျီးများအလယ်၌၊ ဟံသော၊ ရွှေဟင်္သာငှက်သည်၊ နသောဘတိ၊ မတင့်တယ်၊ ဂေါဏမဇ္ဈေ၊ နွားတို့၏အလယ်၌၊ သီဟရာဇာ၊ ခြင်္သေ့မင်းသည်၊ နသောဘတိ၊ မတင့်တယ်။ ဗာလမဇ္ဈေ၊ သူမိုက်၏အလယ်၌၊ ပဏ္ဍိတော၊ ပညာရှိသည်၊ နသောဘတိ၊ မတင့်တယ်။ အနုဒကာ၊ ရေမရှိသော၊ နဒီ၊ မြစ်သည်၊ နသောဘတိ၊ မတင့်တယ်၊ ဗာလမဇ္ဈေ၊ သူမိုက်တို့၏အလယ်၌၊ ပဏ္ဍိတော၊ ပညာရှိသည်၊ နသောဘတိ၊ မတင့်တယ်။ အရာဇိကံ၊ မင်းမရှိသော၊

ရဋ္ဌ၊ တိုင်းပြည်သည်၊ နသောဘတိ၊ မတင့်တယ်။ ဣတ္ထိ၊ မိန်းမသည်၊ အသာမိကာ၊ လင်မရှိမူကား၊ နသောဘတိ၊ မတင့်တယ်၊ ပုရိသော၊ ယောကျ်ားသည်၊ နဘရိယာ၊ မယားမရှိမူကား။ နသောဘတိ၊ မတင့်တယ်။ ရာဇာမင်းသည်၊ နအမစ္စော၊ ပညာရှိအမတ် မရှိမူကား၊ နသောဘတိ၊ မတင့်တယ်။ ဘိက္ခု၊ ရဟန်းသည်၊ နခမာ၊ သည်းခံခြင်း မရှိမူကား။ နသောဘတိ၊ မတင့်တယ်။ ရုက္ခဿ၊ သစ်ပင်အား။ အပတ္တံ၊ အရွက်မရှိမူကား၊ နသောဘတိ၊ မတင့်တယ်။ မနုဿာနဥ္စ၊ လူတို့အားလည်းကောင်း၊ ဒေဝါနဥ္စ၊ နတ်တို့အားလည်းကောင်း၊ ဗုဒ္ဓသာသနော ဇာ၊ ဘုရား တရား သာသနာတော် ဩဇာအရသာ ထက်မြက်ခြင်းသည်၊ နတ္ထိ၊ မရှိမူကား၊ နသောဘတိ၊ မတင့်တယ်၊ ထိုသို့ ထုံးသက်သေနှင့် အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား၊ ငပေါင်တိုငယ်သည် အဘမှာပြု။ အမိမှာသော်ကား ကုလားရောနှောသည့်သား။ ဆင်စီးတို့လည်း မျိုးမျိုးမတ်မျိုး မဟုတ်။ သင့်ဘ-ငနိုးသည်၊ ခမည်းတော်ဘုရားသည် ကုလားပြည်ကို သိမ်းတော်မူသောကာလ၊ အမှုထမ်းလိုကြောင်းနှင့် လျှောက်လေသော်။ အပြန်တွင် ထမ်းရည်ကိုထောက်၍ ရိုးစားအရာ ပေးတော်မူသည်။ သင့်ဘ-အသုံးရသောကြောင့် သင့်ကိုကျေးရွာပေးသည်။ သို့ရာတွင် သင့်ကိုဘယ်သို့ပြုရမည် မေးတော်မူလေသော်။ အမတ်ကြီးလျှောက်ပြန်သည်ကား။ အရှင်မင်းမြတ် သူမိုက်ကို နိုင်လိုမူ၊ မြှောက်မြှင့်။ ရှေးသူဟောင်းတို့ စကားအတိုင်းသာ။ ငပေါင်တိုကို မြှောက်မြှင့်တော်မူရပါမည် လျှောက်လေလျှင်။ ပြည့်ရှင်မင်းကြီးကလည်း ရာဇပရိယာယ်ဖြင့်၊ မြို့သစ်စားကို စေတော်မူပြီးမှ၊ စိန်တင်စား ငပေါင်တိုကို မြို့သစ်စားအရာ၊ ကျေးကြီးရွာကြီးထပ်၍ ပေးတော်မူမည်၊ အမိန့်တော်အပ်စေရာ။ ငပေါင်တိုကား မြှောက်၍၊ အလုံးအရင်းများပြိုကြွလျက်၊ မြို့သစ်ကိုသိမ်းမည် ဗိုလ်ခြေနှင့်သွားလေသော်။ မြို့သစ်စားက၊ ရဲမက်နှစ်ကွဲ အသင့်ထားပြီးမှ၊ လာလမ်းဆီးဆို့ဘမ်းသောအခါ၊ ငပေါင်တိုကို ဘမ်းမိ၍၊ ဆက်ပို့လာသည်။ ယင်းသောကာလ၊ ငပေါင်တိုကို၊ စီရင်မည်ရှိသည်တွင်၊ အမတ်ကြီးလျှောက်ပြန်သည်ကား၊ ။ အရှင်မင်းမြတ်၊ ကျွန်တော်မျိုး ငပေါင်တိုကို၊ တဆယ်ကျော်ဥဿလင်း ချောင်းစားပေးတော်မူသည်ကာလ၊ မည်သို့အကြောင်းမရှိပါ။ တန်ရာတွင်မထား- လွန်၍ထားချေသောကြောင့် ငပေါင်တိုမာန်မြောက်ခြင်းသာ ဖြစ်ပါသည်။ အနေအထား၊ အစားကျေး ရွာသင့်လျော်မှသာ၊ အရှည်သဖြင့်၊ ကျေးကျွန်အသုံးတော်ရပါမည်။ လူနှင့်မတန်လွန်၍ ပြုတော်မူချေသော်။ ကျွန်ကိုအရှင်စီရင်ရလျှက်-ကျေးကျွန်ကုန်ပါမည်။ ငပေါင်တို့ကို အရှင်မင်းမြတ် အမြှောက်လွန်၍၊ ငပေါင်တို မာန်လွန်သည့်အမှုသာ ဖြစ်ပါသည်လျှောက်လေသော်။ ငပေါင်တိုကို ချမ်းသာပေးတော်မူ၍။ သားမယားစည်းစိမ်နှင့်တကွ အမတ်ကြီးသို့ အပ်တော်မူလေသည်။

တရံရောအခါ၊ ပြည့်ရှင်မင်းကြီး ငယ်ကျွန် ငစနေကို မရှုစားအရာ ပေးတော်မူ၍၊ စားကျေးမရှုသို့ ငစနေထွက်သွားလေသောအခါ။ ရွှေကွမ်းချပ်ကိုဆောင်း၍ စားသုံးကြောင်းကို သိတော်မူလေရာ။ ငစနေကို ခေါ်တော်မူပြီးမှ၊ စားကျေးကို နုတ်တော်မူ၍၊ မင်းမပေးမူလျက်-မင်းသုံးမင်းဆောင်ကို စားသုံးဆောင်သောသူဖြစ်သည်။ အပြစ်ထိုက်ရာစီရင်မည်ရှိသောအခါ၊ အမတ်ကြီးပညာကျော် လျှောက်သည်ကား။ အရှင်မင်းမြတ် သဘင်သည်သည်လည်းကောင်း၊ သတ်ပုတ်ညှဉ်းဆဲခြင်းကို အလိုရှိသောသူသည်လည်းကောင်း၊ ထိုးထွင်းသော ပညာမရှိ ဆိုမိဆိုရာနှင့်၊ သူ့အတင်းကို ရှုတ်ချပြောတတ်သူသည်လည်းကောင်း။ သာသနာတော်ကိုဆောင်သော ရဟန်းဖြစ်လျက် ထိုးကွင်းလက်ဖွဲ့ဆေးဝါးမန္တရားကို လေ့လာသောရဟန်းသည်လည်းကောင်း၊ အမတ်ဖြစ်လျက် မင်းသုံးမင်းဆောင်ကို အလိုရှိခြင်းသည်လည်းကောင်း၊ သေရည်သေရက် ကြိုက်တတ်သောသူသည်လည်းကောင်း၊ မင်း၏အချစ်ကို ယုံသောသူသည်လည်းကောင်း၊ ဦးချိုရှိသော သတ္တဝါတို့နှင့် ရောနှောသောသူသည်လည်းကောင်း၊ ထိုရှစ်ယောက်သောသူတို့သည်သူရူးအဝင်တည်း။။ ရာဇာစတုဗလံ အမစ္စော ဝေဿဝဏ္ဏော၊ ။ ရာဇာ၊ မင်းသည်၊ ဗလံ၊ အားဖြစ်သော။ စတု။ လေးယောက်သော။ အမစ္စော၊ အမတ်တို့သာလျှင်၊ သန်လျက်ထမ်း၊ ထားလက်နက်စွဲလျက်။ နန်းသို့ဝင်စေရာသည်။ ဗဟုသုတလောကီပညာကို လိုသောသူသည်။ ဝိဇ္ဇာ-မန္တန်တတ်သောသူအား ဆည်းကပ်ရာသည်။ မင်းချစ်စေလိုမူ-အလိုရှိသောအမှုကို ရွက်ဆောင်ရာသည်။ သူတပါးတို့ စေပါးလိုမူ-စေပါးသောအခွင့်၌ ဆင်ခြင်စုံစမ်းရာသည်။ ယင်းသို့အကြောင်း ရှေးထုံးဟောင်းအလာ၊ အရှင်မင်းမြတ်အနီး ထားအပ်သောသူ-အဝေးထားအပ်သောသူ ထိုသူနှစ်ဦးတို့၌ အဝေးထားသင့်သောသူအား အပါးအနီးထားချေသော်။ မင်းရိပ်မင်းခြေ မင်းနေမင်းသွား မင်းပါးမကျွမ်း၊ ဟော့ရမ်းသွမ်းသွပ်လေရာသည်။ အနီးထားသင့်သောသူအား အဝေးထားသော်။ မင်းကျွမ်းမဝင်၍-မထင်ကျင့်တတ်ပါသည်။ ရှေးပညာရှိ စကားတွင်လည်း။ မင်းကလွန်သော် မာန်ကိုသိမ်းသင့်ကြောင်း၊ ထုံးဟောင်းရှိပါသည် လျှောက်လေလျှင်။ ငစနေကို အပြစ်မှချမ်းသာစေ၍၊ အတွင်းသုံးမြဲသုံးတော်မူလေသည်။

တရံရောအခါ၊ ပြည့်ရှင်မင်းရိုးကျွန်းသို့ ဆင်ဘမ်းမည် ထွက်တော်မူလေသော်။ ဆင်တော်နတ်နောင်ကို မင်းကိုစီး

၍ ဆင်ရိုင်းကို လိုက်လံဘမ်းလေမူ၊ တောတောင်အနှံ့လှည့်ပတ်လေရာ။ စားတော်မွတ်သိပ်ပင်ပန်းတော်မူလေသောအခါ၊ အမတ်ကြီးမဟာပညာကျော်လျှောက်သောထုံးဟောင်းအကြောင်းတွင်။ ရေမြေရှင်တို့ ဆင်ခြင်အပ်သောအရာကို ထုတ်ဘော်ပြသ၍ မင်းကြီးထံလျှောက်သည့်ကား။ ။အရှင်မင်းမြတ်၊ ရေမြေကို အစိုးရသောမင်းတို့သည်။ ဆင်ထိန်း-မြင်းထိန်းသဘင်၌လည်းကောင်း၊ မုဆိုးတံငါတို့နှင့်လည်းကောင်း၊ အကျွမ်းမဝင်ရာ။ သူတစ်ပါးတို့ သွေးဆောင်သော အရပ်၌ လည်းကောင်း။ သူတပါးတို့ ဆိုလိုသောစကား၌လည်းကောင်း၊ မယုံမသွားရာ။ သူတထူးစကားကို ယုံသောအမှု၌ အသက်မွေးယုတ်သော မုဆိုးတံငါမှ တုံလည်း။ မှားကြောင်း ထုံးဟောင်းရှိသည်မှာ၊ ဓနုက လက်ပမ်းသည် ယောကျ်ားသည်၊ လက်ပမ်းအရာ အင်္ဂါစုံတတ်သူဖြစ်လျက် ဗလဒေဝနှင့် ဆိုင်ပြိုင်ကြမည်ရှိရာ၌၊ သဝန်တိုဟူသောအမတ်က၊ ဆေးဝါးပေးလေသော်။ ထိုသူပေးသောဆေးကို ယုံသဖြင့် ပေါ့လျော့ချေ၍၊ ဗလဒေဝသတ်သောဒဏ်ကြောင့်၊ ပွဲအလယ်တွင် ဓနုက သေဆုံးရလေဘူးသည်။ မစ္ဆရိယတံငါမူလည်း၊ အခါခပ်သိမ်း မိမိပိုက်ချက်ကို အလိုရှိသောကာလ။ တံငါတစ်ဦးသည်လှည့်ဖျားလျက်၊ ငါးအများကို လှေတွင်တင်၍၊ မစ္ဆရိယတံငါအိမ်သို့ ဆိုက်လေရာ၊ ဘယ်အရပ်တွင်ရသည်ဟူ၍၊ မေးလေလျှင်၊ ဂင်္ဂါမြစ်ဝ၌ ပိုက်ချကောင်း၍၊ ရခဲ့သည်ဆိုလေရာ။ လှည့်ပတ်သောစကားကို၊ မစ္ဆရိယတံငါ ယုံလေလျက်။ နံနက်စောစောကထ၍။ တပည့်ငါးရာနှင့် သွားပြီးသော်။ ဂင်္ဂါမြစ်တွင် ပိုက်ချလေမူ။ ပင်လယ်ရေတံပိုးကြီးစွာလာလတ်၍၊ စုံစမ်းဆင်ခြင်မရှိ-သူတစ်ပါးစကားကို ယုံချေသောကြောင့်၊ အပြစ်ဆိုက်လာ၍၊ မစ္ဆရိယတံငါနှင့် တပည့်ငါးရာ သေဆုံးဘူးလေသည်။ အယုဇ္ဈပူရတိုင်း ဒွါရာဝတီမြို့က။ ဇမ္ဗူဒီပါကို အစိုးရတော်မူသော ဒသဘာတိက ညီနောင်တကျိပ်တို့သည်။ ပျက်စီးချိန်နီးလတ်သော်။ အမတ်ယုတ် ကုန်းချောသောစကားကို ယုံသဖြင့်။ ညီနောင်တကျိပ် ရေကစားရာ၌၊ အချင်းချင်းသတ်ပုတ်ကြ၍၊ ပျက်စီးသေဆုံးဘူးလေသည်။ ယင်းသို့ ထုံးဟောင်းရှိသည်ဖြစ်၍၊ အမှုတကာကို-ယုတ္တာ-ယုတ္တိ-မိမိဉာဏ်ဖြင့် ဆင်ခြင်ပြီးမှ၊ ပညာရှိတို့နှင့်တဖန် နှိုင်းညှိပြန်ရာသည်။ သူမတော်အများ ဆိုးကောင်းယုတ်မြတ်မသိတတ်၍၊ နှိမ့်ချ၍ဆိုသော်လည်း။ အကျိုးအပြစ်မရှိ။ ပညာရှိတယောက် အပြစ်ကိုကြောက်၍၊ အကျိုးဆိုသည်ကိုသာ အလိုရှိရပါမည်။ ထိုသို့ ထုံးဟောင်းရှိသည်နှင့်အညီ၊ ရှေးပညာရှိတို့ ဆိုခဲ့သည့်စကားသည်မူလည်း။ အကြင်သသူ လူတို့ဓလေ့ မမေ့ရှည်ကြာ။ မိစ္ဆာဇီဝ၊ လုံးပမ်းကြ၍။ အစမထင်၊ ချစ်ရှင်မြတ်ဖျား၊ ဘုရားသာသနာ၊ ရောင်ဝါပဝင်း၊ မလင်းမနှော၊ သဘောမကုန်၊ လူ့ဘုံနတ်ရပ်။ ကြမ္မာတပ်မင်း၊ နှောင်အိမ်သွင်းသို့ မကင်းဇာတိ၊ မိမိခန္ဓာ။ သုရာယစ်မျိုး၊ ငါးပါးဆိုးလည်း၊ မညှိုးမကြုံ၊ တောချုံပိတ်ပေါင်း၊ တဏှာချောင်းတွင်၊ ဦးခေါင်းမွန်းနစ်။ အသစ်သစ်သာ။ ဝိညာဇကန်၊ အမှန်ကပ်လျဉ်၊ သံယောဇဉ်လည်း၊ မယှဉ်သောအား။ ကံသုံးပါးမူ။ တံခါးဟင်းလင်း။ သားချင်းချင်းဖြင့်။ နိုင်နင်းတတ်စွာ။ သတ္တဝါကို။ သညာဝေဘန်။ အမြင်သန်မှ။ သူ့ဉာဏ်သူ့ဂုဏ်။ မသုံမဖျင်း။ အလင်းဝိဇ္ဇာ၊ သံသရာ၌။ ဘီလာမသွား။ သုံးပါးဗိန္ဓု၊ လဟုသရ။ အမကြက်ခြေ။ အဖြေမမေး။ ဆိုရေးလိမ္မာ။ သူ့ပုစ္ဆာကို၊ လွယ်ကာဖြေရ၊ တခဏခြင်း၊ ကြွင်းမဲ့သိမူ၊ သူတယောက်စင်။ ချီးမွမ်းလျှင်မှ၊ လူတွင်လူမြတ်၊ နတ်ကားကြည်ညို၊ မဂ်ဖိုရကြောင်း။ ဆုမတောင်းလည်း။ လုံးပေါင်းပြီးစီး။ ဆုရပြီးတည့်။ ထုံးမှီးကျမ်းလာ။ သို့အရာတွင်။ ပညာမပြောင်။ မောဟဆောင်၍၊ သကြောင်ပဒ။ ပရမတို့။ ဒေါသထူထူ၊ ပြူစူစောင်းမြောင်း။ မကောင်းစရိုက်၊ သူမိုက်ကုဋေ၊ သချေ်သချ်ာ။ ညီညာမြောက်မြှင့်။ တဖြင့်စုတ်ငဲ့။ ကဲ့ရဲ့ရှုတ်ချ။ ဆိုပြန်ကလည်း။ မြူမှုမသမ်း၊ မန္တမ်းလေရာ။ ဥပမာအား။ ဂင်္ဂါရေကြော။ ထိုက်လှောင့်မျောသည်။ သဘော်ာကိုတမ်း။ ဆိပ်ကမ်းမမြင်။ ပင်လယ်ပြင်၌။ ဘယ်တွင်ဘယ်သို့၊ ရောက်တို့သနည်း။ အသီးကွေ့လု။ တရုရုနှင့်။ ဗိုလ်ထုများစွာ၊ လူတကာထက်၊ သီတာမြစ်လမ်း၊ သိနိုင်စွမ်းသည်၊ ဖြောင့်တမ်းမတိမ်း။ ရွတ်သိမ်ရွက်ဖျင်း။ ဆိုသင့်တရပ်၊ လေကပ်လေကြောင်း။ မစောင်းရအောင်၊ ဆောင်နိုင်သူအား၊ တယောက်သားသာ။ ထင်ရှားကျော်ရှိန်။ မာလိန်ခေါ်ကြ။ ထိုနှင့်ဆသော်။ ဇင်္ဂလသား။ တရားတည်မှာ။ သိနိုင်ရာလိမ့်။ မိစ္ဆာတို့က။ လောဘထံသည်။ ။ မငံသညာ ဟော့ရမ်းတည်း။ သူမိုက်တို့လက္ခဏာကို ကျမ်းဂန်လာသည်မှာလည်း၊ ဒုဋ္ဌောအတ္ထံနဇာနာတိ၊ ဒုဋ္ဌောဓမ္မံ နပဿတိ။ အန္ဓတမံတဒါဟောတိ။ ယံဒေါသောသဟတေနရံ။ ။ ဟူလျှက်-သူမိုက်စကားကို မယုံအပ်ကြောင်း။ ထုံးဟောင်းကျမ်းဂန်နှင့် လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း ကြည်ညိုတော်မူ၍၊ အမတ်ကြီးကို ရွှေကွမ်းချပ် ပေးသနားတော်မူလေသည်။

တရံရောအခါမူလည်း၊ မြောက်မိဖုရား ရှင်နှောင်းသည်။ မိန်းမစိုးမော်လိပ် ကုလားတစ်ယောက်ကို ဆေးပေး၍ အင်္ဂါစုံသောကာလ၊ မိဖုရားနှင့်ယဉ်ပါးကြလေသောအခါ၊ မိစ္ဆာနတ်နန်းသို့ဝင်၍ ချောက်လှန့်သည်။ လင်ကောင်ပိုးငှက်ဆိုး-မင်းစက်တော်မူသော အဆောင်တော်သို့ဝင်၍၊ မြည်သည်၊ မင်းသုံးမင်းဆောင် ကျိုးပျက်သည်။ ထိုသို့အကြောင်းရှိသောအခါ၊ အမတ်ကြီးကို မေးတော်မူလေသော်၊ လျှောက်သည့်ထုံးကား။ ။ အရှင်မင်းမြတ်၊ ဘေးတော်ဖြစ်သော သာရဇိန္ဒမင်းသည် ဥယျာဉ်သို့ ထွက်တော်မူရာ၌၊ ရထားတော်ဝင်ရိုး ကျိုးတော်မူလေမူ။ ထိုအကြောင်းကို အမတ်ကြီး

ဝိစိတြလျှောက်သည့်ထုံး၌၊ အဆိုသော်ကား၊ ရာဇဒေဝီ-မိဖုရားတို့လည်းကောင်း၊ ရာဇပုတ္တ-မင်းသားမင်းသမီးတို့လည်းကောင်း၊ ယုတ်သောအမှု၊ အမျိုးမစောင့်။ ယုတ်သောအမျိုးနှင့် ယဉ်ပါးရောနှောအံ့။ မင်းတို့အသုံးအဆောင်မူလည်း၊ ကျိုးပျက်ရာ၏။ မိစ္ဆာနတ်တို့သည်လည်းကောင်း၊ ယုတ်မာသော တိတ်-ယုတ်မာသော ငှက်ဆိုးတို့သည်လည်းကောင်း၊ ဝင်လာရောက်လာထင်သော နိမိတ်ကို ပြရာ၏လျှောက်လေမူ။ ထိုမင်းကြီး သာရဇိန္ဒသည်လည်း၊ မည်သို့မဆိုနေတော်မူ၏။ ရာဇပရိယာယ်ဖြင့် စုံစမ်းသော်၊ သမီးတော်သုဝဏ္ဏကုမ္ဘာသည် စောင်းသမားနှင့် ယဉ်ပါးကြောင်းကို သိတော်မူလေသည်။ ယင်းသို့ထုံးဟောင်းအလာကို ထောက်၍၊ ယခုလည်း အကြောင်းထင်လာပြန်သည်။ နန်းသူတို့သိက္ခာမထိန်း ဆိုရန်ရှိချေပြီ။ ထင်ပါသည်လျှောက်လေသော်။ မင်းကြီးလည်း ခပ်မဆိပ်နေတော်မူ၍၊ စုံစမ်းတော်မူသောအခါ၊ မိဖုရားနှင့် ကုလားမှူးကြောင်းကို သိတော်မူလေရာ၊ ထိုအကြောင်းကို အမတ်ကြီးသို့ ပြန်တော်မူလေလျှင်၊ အမတ်ကြီးလျှောက်ပြန်သည်မှာ၊ ဘုန်းကြက်သရေကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၊ ရှေးပညာရှိတို့ဆိုခဲ့သောကျမ်းဂန်၌ထွက်သည်ကား၊ ပုရိသာ၊ ယောကျ်ားထက်။ ဣတ္ထိ၊ မိန်းမသည်၊ ဝါယာမောရာဂေါ၊ ရာဂကို လှုံ့လထုတ်ခြင်း၌၊ ဒွေဂုဏံ၊ နှစ်ဆလွန်၏။ ပဒုရာ၊ စဉ်းလဲခြင်းအကြံမူကား၊ စတုဂုဏံ၊ လေးဆလွန်၏။ ကမ္မေကမ္မဿ၊ ပြုတတ်သောအမှုတုံသော်ကား၊ ဆဂုဏံ၊ ခြောက်ဆလွန်၏။ ကာမဂုဏော၊ ကာမဂုဏ်ခံစားခြင်းသော်ကား၊ အဋ္ဌဂုဏော၊ ရှစ်ဆလွန်၏။ သဗ္ဗာ၊ ခပ်သိမ်းသောအမှုဖြင့်၊ ဧကေနေဝ၊ တယောက်သောသူနှင့်တွေ့လျှင်၊ ဝဏ်ာ၊ ကောက်တတ်၏။ ယင်းသို့ ကျမ်းဂန်လာသည်။ တရားတော်မှာလည်း၊ သစ္စာလေးပါးတို့တွင်၊ သမုဒ္ဒယသစ္စာသည် တဏှာအမြစ်၊ ထိုသမုဒ္ဒယသစ္စာကို၊ မဖြတ်နိုင်ကြ၍၊ သတ္တဝါတို့ သံသရာရှည်သည်။ ထိုသို့သော အမိုက်၌ မှားလျက် အစဉ်လာခဲ့သော အဝိဇ္ဇာတဏှာမူလဓမ္မတာ။ မိမိပြုသောဝန်ကို၊ မိမိအပြစ်နှင့်သာ ပျောက်စေရပါမည်။ တရားသိသောသူ- ပညာရှိသူတော်ကောင်းတို့။ ထိုသူနှစ်ဦးမှာ၊ သူတထူးပြုသောအပြစ်ကို သိသော်လည်း ပြန်၍ပြုခြင်းမရှိ။ သူ့ထိုက်နှင့်သူသာ ရှိသင့်ပါသည်လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း။ ထိုသူနှစ်ဦးကို မည်သို့အပြစ်မပေး၊ မိဖုရားနှင့် ကုလားကို မာရ်အောင်ကျွန်းသို့ ပို့ထားတော်မူလေသည်။

တရံရောအခါ မှုံစည်းကျွန်းတွင် သူဌေးခွန်သာကြီး သေလွန်၍၊ တမိတည်းသား ယောကျ်ားငါးယောက်-မိကွဲသားသမီးနှစ်ယောက်ရှိ၍၊ အမွေတရားကို တရားသူကြီးလေးဦး စီရင်ချက်နှင့် မပြီးလိုကြ၍၊ ပြည့်ရှင်မင်းထံလျှောက်လာသောအခါ၊ ပြည့်ရှင်မင်းက အမတ်ကြီးကို၊ အပ်တော်မူလေရာ၊ <u>အမတ်ကြီးမဟာပညာကျော် စီရင်ထုံးသော်ကား။</u> ။တရားသူကြီးတို့၊ ဓမ္မသတ်ထွက်၊ အမွေနိမ့်မြင့်၊ အခွဲအဝေဟူသမျှသည်။ အမှားတစေသာများသည်။ ထိုဓမ္မသတ်စာကိုလည်း-ရှေးပညာရှိတို့ စွန့်ခဲ့ကြောင်း၊ ကျမ်းဂန်လာသည်။ အမှန်ကို သိဆိုတတ်မှသာ ပညာဓမ္မသတ်။ ထိုစာများမှာ၊ သညာအကွခရာမျှသာ၊ အမှားများ၍အမှန်နည်းသည်။ အကယ်တတ္တိ၊ လောက၌အကြောင်းမူလည်း၊ သူဌေးခွန်သာကြီးသည်၊ သူပုန်ပြုလျက်၊ အရှင်မင်းအား ပြစ်မှားသော်၊ မယားကြီးသား မယားငယ်သား အမွေစားဓမ္မသတ်ထွက်အလိုက်၊ မင်းပြစ်မကင်းသင့်ချေ။ သားချင်းအတူသာ၊ သေလည်းသေချင်း၊ ရှင်လည်းရှင်လျှောက် မင်းပြစ်ရောက်ရာသည်၊ ထိုသို့သောအကြောင်း၊ မိဘတို့ဆိုးသွမ်းရာ၊ ဇီဝိဘိန္ဒြေမှတုံသော်လည်း ကင်းလေရာသည်။ ဆိုးမွေခံသော ထုံးရှိလျက်။ ကောင်းမွေလည်း ထို့နည်းအတူသာ ခံယူကြစေ-စီရင်လေသော်။ နွေကာလစဉ်လျက်။ သည်းထန်စွာ မိုယ်းရွာလေသောကြောင့်၊ ပြည့်ရှင်မင်းကြီးက အမတ်ကြီးသို့ ပတ္တမြားလက်စွပ်တစ်ကွင်း-တရားဆုပေးတော်မူလေသည်။

တရံရောအခါမူလည်း၊ စစ်တကောင်းမြို့သူဌေး ဦးစီရာလီသေလွန်၍၊ အမွေခံသားမြေးမရှိကြောင်းနှင့်၊ စစ်တကောင်းစားက မင်းထံလျှောက်ထားသော်၊ ပြည်သူဆင်းရဲသားတို့၏ အမွေကို မင်းခံစားသင့်သည်။ မစားသင့်သည်ကို အမတ်ကြီးအား မေးတော်မူလေသော်။ <u>အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးသော်ကား။</u> ။ အရှင်မင်းမြတ်၊ ဘုရားအလောင်းမင်းကောင်း-မင်းမြတ်သာကီဝင် အနွယ်တော်စဉ်လာသောအကြောင်း ထုံးဟောင်းကျမ်းဂန်၌၊ ပြည်သူလုပ်ခွန်ထွက် ဆယ်ဘို့တဘို့၊ မင်းတို့ဘဏ္ဍာခံယူထိုက်ကြောင်းသာ၊ ရှေးအမှာ ရှိပါသည်။ ပြည်သူတို့သာမိက၊ ခတ္တိယအမျိုး၊ အစိုးရမြေရှင်ဖြစ်လျက်၊ ဆင်းရဲသားတို့အမွေကို ခံချေသော်၊ ဝိလုပ္ပန္န-လုယက်ဖျက်ဆီး၍ မင်းမူသောအမျိုးအား၊ မင်းတရားတို့ ယူသောထုံးကိုလည်း၊ ကျမ်းဂန်ဆိုလျက်ရှိပါသည်။ ယင်းသို့လျှောက်လေသော်၊ ပြည့်ရှင်မင်းမြတ်အမိန့်တော်ရှိသည်ကား၊ ငါတို့မင်းမျိုးမှာလည်း၊ သားမြေးမရှိ၊ မင်းဆွေမင်းမျိုးကို မင်းရိုးမပျက် ထီးနန်းတက်ရသည်။ ဆင်းရဲသားတို့မှာလည်း၊ ထိုသို့အလျောက်- သားမြေးမရှိမူ ဆွေမျိုးအမွေခံရာသည်။ သူဌေးဦးစီရာလီအမွေကို ဆွေမျိုးတို့က ခံယူစေ အမိန့်တော်ရှိလေသော်။ ရာဇပလ္လင်၌ ကနက္ကဒဏ်ထီးဖြူ ပွင့်လေသည်။

တရံရောအခါ၊ တန်ဆောင်မိဖုရားသည် သာသနာပိုင် ပုဏ္ဏားကို အနောက်တံခါးက သွင်း၍ခေါ်ပြီးလျှင်၊

အဆောင်လက်ဘွဲ့တောင်းသော်၊ သာသနာပိုင် ပုဏ္ဏားလည်း၊ မိဖုရားသို့ လက်ဘွဲ့ပေး၏။ အကြောင်းကို ပြည့်ရှင်မင်းကြီး သိတော်မူလေရာ၊ ယင်းသို့သော အကြောင်းအရာများသည် မိဖုရားအင်္ဂါ မရှိသူဖြစ်သည်။ ပုဏ္ဏားလည်း အဘိသိက် တော်ဆက်မင်္ဂလာ ပုဏ္ဏားအရာပျက်သည်။ အနောက်တံခါးမှူးနှင့်၊ မိန်းမစိုးမော်လိပ်တို့သည်၊ ရှေးထုံးမသိ။ ယင်းသို့ လေးဦးသား အပြစ်ရှိကြောင်းနှင့် အမတ်မဟာပညာကျော်ကို မေးတော်မူလေရာ။ အမတ်ကြီးလျှောက်သောထုံးမှုကား ။ ။ အရှင်မင်းမြတ်၊ မိဖုရားတို့အင်္ဂါကို၊ ရှေးပညာရှိတို့ဆိုခဲ့သည်မှာ။ ရာဇဒေဝီ၊ မိဖုရားသည်။ သီလစာဂံ၊ အကျင့်သီလ ဖြောင့်မှန်ခြင်း၊ မံသံ၊ အသားနူးညံ့စွာ ပစ္စာကင်းခြင်း၊ လက္ခဏပါဒံ၊ လက်ခြေသေးသွယ်လျက် နူးညံ့ခြင်း။ ကေသတဏ္ဍံ၊ ဆံနက်၍ကောင်းခြင်း။ ရူပံ၊ အဆင်းလှခြင်း၊ သဒ္ဒံ၊ အသံသာယာဘွယ်ရှိခြင်း၊ ဗဟုကာ၊ များသောမောင်းမတို့ ချစ်ကြောက်ဖွယ်ရှိသောစကားကို ဆိုတတ်ခြင်း၊ ထိုသို့ထုံးဟောင်း လောကီကျမ်းဂန်ဆိုသည်နှင့်အညီ။ ပြည့်စုံသောအင်္ဂါရှိလျှင်၊ မိန်းမမြတ် ဖြစ်ပါသည်။ ယခုအရှင့်မိဖုရားသည် အကျင့်စာဂမမှန် ဆိုးသွမ်းသောအမှု ရှိပါသည်။ မိဖုရား-မင်းသမီး-မင်းသားတို့ ဆိုးသွမ်းသော အမှုတို့ကို ပြုရိုးထုံးမရှိပါ။ အနောက်တံခါးက ယောက်ျားကို မင်းမိန်းမ-ခံယူ၍မသွင်းရာ၊ ထုံးသက်သေရှိလျက်။ တံခါးမှူးနှင့် မိန်းမစိုးမော်လိပ်တို့ မိဖုရားအလိုသို့ ပါသည်မှာလည်း။ မင်းသုံးသော ကျေးကျွန်တို့သည် မင်းခွင့်မရမူလျက်။ မင်းမိဖုရားအလိုသို့၊ အမှုအပေါင်းတို့ကို၊ မလျှောက်ထားရာ။ ရှေးပညာရှိတို့ ထုံးရှိလျက် လွန်၍ကျင့်သောသူအား မင်းမသုံးအပ်။ အဘိသိက်တော် ပုဏ္ဏားတို့မှာလည်း၊ ကနံတာတို့အကျင့်သွမ်းသော အမှု၊ ပုဏ္ဏားဟူရားဗေဒင်သင်၍၊ ဟူးရားတတ်ပုဏ္ဏားများကဲ့သို့၊ အင်းမန္တန်လက်ဘွဲ့ လုပ်ဆောင်ပေးကမ်း၊ ဟောပြောပြုပြုန် သည်မှာ။ ထိုပုဏ္ဏား၌ သိက္ခာမရှိပါပြီ။ ထိုပုဏ္ဏားပေးသော အဘိသိက်ကို မခံအပ်။ ရှေးသူဟောင်းတို့ ဆိုခဲ့သော။ လောကီကျမ်းဂန်အလာမှာလည်း၊ ရဋ္ဌ၊ တိုင်းပြည်ကို အစိုးရသော၊ ရာဇာ၊ မင်းလည်းကောင်း။ ရာဇဒေဝီ မင်းမိဖုရား သော်လည်းကောင်း၊ ရာဇပုတ္တ၊ မင်းသားတော် သမီးတော်လည်းကောင်း၊ ရာဇပုရောဟိတ၊ မင်းဆရာပုဏ္ဏားရဟန်းသော် လည်းကောင်း၊ အမစ္စော၊ အမတ်သော်လည်းကောင်း၊ အဘူတော်ဟီနဝတံ၊ မဟုတ်မမှန်ကျင့်သော အကျင့်ကို ကျင့်ကြံလေအံ့။ ယတ္ထ၊ အကြင်တိုင်းပြည်၌၊ ဗဟူ၊ များစွာသောသတ္တဝါတို့သည်၊ အနီယော၊ ဆင်းရဲဒုက္ခအနေမမြဲ ဘောက်လွဲဘောက်ပြန်-မသမာသောပညာထွန်းလေ၍၊ စည်းစိမ်မတည်၊ အရှည်မကောင်း ပျက်စီးလေရာသည်။ ဥတု ရာသီအညီမဖြောင့်၊ ဓာတ်လေးပါး ချောက်ချားလျက်၊ ယမုနာ-စသောမြစ်ရေ တွင်းကန်ချောင်းမြောင်းတို့သည်လည်း၊ ခမ်းကုန်အံ့။ ငန်သောအရသာ ရောကုန်အံ့၊ ပထဝီမြေသည်လည်း တုန်လှုပ်ကြွေးကြော်ကုန်အံ့၊ မင်္ဂလာမရှိသောတိတ်၊ မိုးကြိုးလောင်မီးစသော၊ အနိဋ္ဌရုပ်၊ မကောင်းသောအကြောင်းတို့သည်၊ ဆိုက်ရောက်ထင်မြင်ကုန်အံ့၊ အရှင်မင်းမြတ်၊ ဘုန်းပညာကြက်သရေ၊ ထိုသုံးပါးနှင့်ပြည့်စုံတော်မူသော ဘေးတော်စည်လာ-ခမည်းတော်တို့ ကျင့်ထုံးကျင့်တမ်းတို့သည်၊ ဘုန်းကြီးသက်ရှည်- ကြက်သရေတော်ထွန်းကြောင်း ထုံးဟောင်းနှင့်ဖြစ်ပါသည်။ သူတော်ကောင်းတရားနှင့် အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းမြတ် အမိန့်တော်ရှိသည်ကား။ ငါတို့မင်းမျိုးသည် နိဇင်္ဂလ-ဝိလုပ္ပန္နမဟုတ်။ သာကီဝံသ စည်လာ-မဟာမြင့်မြတ်သော မင်းရိုးမှန်သည်။ အမတ်ကြီးလျှောက်သောစကားသည် ရှေးပညာရှိတို့ထားခဲ့သော ထုံးဟောင်းသူတော်ကောင်းတို့ ကျမ်းဂန်နှင့်ညီလာပေသည်။ ကျမ်းဂန်မှာလည်း သူတော်ကောင်းစကားဖြစ်လျှင်၊ ကျင့်အပ်သိအပ်ယူအပ်သည်ပင်လျှင်၊ သူယုတ်မာထားခဲ့သော မတရားအဓမ္မထုံး-အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ထိုသို့စသော အမှုပါချေလျှင်၊ ပယ်သင့်သည်။ မင်းတို့ကျင့်ရာ ကမ္ဘာဦးတရား၌။ ဒါနံ သီလံ ပရိစာဂံ၊ အဇ္ဇဝံမုဒုဝံတပံ။ အကောဓံအဝိဟိံသဥ္စ၊ ခန္တိစအဝိရောဓနံ၊ ဤသို့ရှေးဦးစွာကပင်-တိုင်းပြည်ကို အစိုးရသော မင်းတို့ကျင့်ထုံး၊ ဘုရားမြတ်စွာ ဟောတော်မူခဲ့ကြောင်း၊ အထင်အရှား ကျမ်းဂန်လာလျှက်ရှိပါသည်။ သူတော်ကောင်းထုံးကို ယူသော်။ အကျိုး။ သူမိုက် သူယုတ်ထုံးကို ကြိုက်သော် အပြစ်ရောက်ကြောင်းကိုမူလည်း၊ အဇာတသတ်မင်းသည် သူယုတ်တို့နှင့် ပေါင်းမိချေ၍။ အဘကို အသေသတ်လေပြီးမှ၊ မြတ်စွာဘုရားကို ပြစ်မှားလေသည်။ နောက်မှပညာရှိ ဇီဝကစကားကို နာခံမိ၍ ဘုရားနှင့်တွေ့လေရာ၊ ကံကြီးမှ သက်သာရာရကြောင်း ကျမ်းဂန်ရှိသည်။ မိဖုရား-ပုဏ္ဏား-တံခါးမှူး- မိန်းမစိုးမော်လိပ် တို့သည် သူယုတ်အကျင့်အကြံအဝင်ကို၊ ကျင့်ကြံကြသူများဖြစ်သည်။ မင်းမသုံးအပ်ပြီ အမိန့်တော်ရှိ၍၊ မိဖုရားကို ဥယျာဉ်မှာ ဖြည့်တော်မူလေသည်။ ပုဏ္ဏားကို ပန်းတင်အစို့မှာဖြည့်၍၊ မိန်းမစိုးမှာ သစ်ခုတ်ဟရာစီအစို့မှာ ဖြည့်တော်မူ လေသည်။ တံခါးမှူးကို ရေခပ်စီရီအစို့မှာ ဖြည့်လေသည်။ ယင်းသို့ပြီးမှ အမတ်ကြီးလျှောက်ပြန်သည်ကား။ အရှင်မင်းမြတ်၊ ပြည့်ရှင်မင်းတို့၌ ဘုန်းတစ်ပါး-ကြက်သရေတစ်ပါးရှိပါသည်။ ဘုန်းကြက်သရေနှစ်ပါးစုံရှိသော မင်းသည် စည်းစိမ်ရှည်ကြောင်း၊ ဘုန်းသာရှိ၍ ကြက်သရေမရှိသောမင်းတို့မူကား၊ စည်းစိမ်တိုရာသည်။ ဘုန်းကြက်သရေနှင့်ပြည့် စုံသောမင်းတို့ ထိန်းသော တိုင်းပြည်သတ္တဝါသည် ဆင်းရဲဒုက္ခမရှိ။ ရှေးပညာရှိတို့အမှာ။ ကျမ်းဂန်လာသည်မှာလည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံဓမ္မရသောဇိနာတိ။ သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ။ တဏှက္ခယောသဗ္ဗဒုက္ခံဇိနာတိ။ ။ ယင်းသို့သူတော်ကောင်းတို့။ ဟောပြောသောကျမ်းဂန်အလာနှင့်၊ အမတ်ကြီးလျှောက်ပြန်လေရာ။ ပြည့်ရှင်မင်းမြတ်လည်း ကြိုက်တော်မူလေ၍။ အမတ်ကြီးသို့ ငွေထွေးခံသနားတော်မူသည်။

တရံရောအခါ၊ ပြည့်ရှင်မင်းကြီးသည် မဟာမုနိဘုရားကို အဖူးအမြော်ထွက်တော်မူလေသော်။ ဝတ်ဆင်တော်မူသော ပတ္တမြားလက်စွပ်သည် ကျွတ်၍ရေထဲသို့ကျလေရာ။ ငါးတစ်ခုရ၍မျိုလေသည်နှင့်။ တလရှိမှ ထိုငါးကို တံငါတစ်ယောက်ရလေလျှင်၊ ထိုငါးဝမ်း၌ လက်စွပ်ကို ရပြန်လေသော်။ တံငါကြောက်လန့်လျက်နှင့်-လက်စွပ်ကို ငါးနှင့်အတူ ဆောင်လာခဲ့၍ မင်းထံဆက်လေလျှင်။ မင်းကြီးက အမတ်ပညာကျော်ကို မေးတော်မူလေသော်။ အမတ်ကြီးလျှောက်ထုံးမှုကား။ ။အရှင်မင်းမြတ်၊ လက်စွပ်တော်သည်၊ ရေသို့ကျသောအခါ၌၊ ငါးသည်ယူသိမ်းထားပြီးလျှင်၊ ထိုငါးမှတံသော်လည်း၊ အသက်ကိုအသေခံလျက်၊ တံငါထံ ဝင်ရောက်လာသော်။ တံငါလက်၌ လက်စွပ်တော်ရ၍ဆက်ရောက်လာသည့်အလိုသော်ကား။ မှန်တိုင်းလျှောက်သော်၊ ဉာဏ်နည်းသူတို့ ငြိငြင်ရာသောအကြောင်း ရှိပါသည်။ အရှင်မင်းကြီး၊ ဘုန်းကြက်သရေကြီးကျယ်ကြောင်းကို၊ ပြည်သူတို့ သိထင်စေပြီးမှ၊ ခုနစ်လနှင့် ပြီးစီးအောင်၊ စီရင်ပါမည် မင်းအားလျှောက်ပြီးသော်။ ထိုပတ္တမြားလက်စွပ်ကို သားတစ်အတွင်း မြုပ်၍၊ အလုံးငယ်အောင် အတန်လှီးလျက်။ ထိုပတ္တမြားရှိသော သားတစ်နှင့်အတူ၊ သားတစ်အများကြဲ၍ ထားလေလျှင်။ ကျီးစွန်အများလာပြီးသော် ချီယူကြလေရာ။ ပတ္တမြားရှိသောသားတစ်သည် ပါသွား၍ ဆယ်ရက်ခန့်ရှိသော်။ ထိုစွန်ကို ငှက်ခတ်သမားတို့ ရပြန်လေရာ။ စွန်ဝမ်း၌ ပတ္တမြားကို တွေ့လေလျှင်၊ ငှက်ခတ်သမားတို့ စွန်ကောင်နှင့်တကွ၊ မင်းထံ ပတ္တမြားကို ဆက်ပြန်သည်။ ယင်းသို့နောက်မှ မထင်ရှားသော သူတစ်ယောက်အား ပတ္တမြားကို အပ်၍ရောင်းစေရာ။ အသပြာတရားပေး၍ ကုလားတစ်ယောက် ဝယ်ယူလေပြီးလျှင်၊ ကုလားရွှေနှင့်ကွင်းမည် ပန်းထိမ်ထံအပ်လေသော်။ ထိုလက်စွပ်ကွင်း၍အပြီး၊ ကုလားသို့ မအပ်မီ၊ ပန်းထိမ်သည်အိမ်၌ သူခိုးခိုး၍ ပါသွားလေသည်။ ကုလားက လက်စွပ်ကို ရလိုကြောင်းနှင့် မင်းထံလျှောက်၍ အမတ်ကြီးသို့ အပ်ပြန်လေသော်၊ အမတ်ကြီးလည်း အမှုကို စစ်ဆေး၍။ လက်စွပ်အကြောင်းကို သိလေရာ။ ပြီးအောင်စီရင်မည်ဟူလျှက် နေသည်နှင့်။ ထိုလက်စွပ်ခိုးသောသူသည်။ မြစ်ဆိပ်၌ရေချိုးသောအခါ၊ လက်စွပ်ကိုချွတ်၍ထားလေလျှင်။ လက်စွပ်အနီး တွင်းက ကြွက်ထွက်၍၊ လက်စွပ်ကို တွေ့လေလျှင်။ ယူလျက်တွင်းသို့ ဝင်လေသည်။ တရားသူကြီးကျွန်တစ်ယောက်သည်၊ ကြွက်သားစားလို၍ ကြွက်တူးလေရာ၊ ပတ္တမြားလက်စွပ်ကို၊ ထိုကြွက် တွင်းကို တူးသဖြင့်။ လက်စွပ်ကိုရလေရာ။ ထိုသူမထားဝံ့၍ တရားသူကြီးသို့ ပေးလေသည်။ တရားသူကြီးလည်း လက်စွပ်ကို မြင်လျှင်- ပြည့်ရှင်မင်းလက်စွပ်။ အမတ်မဟာပညာကျော် ခုနစ်လနှင့်။ တံငါမှု၊ ပန်းထိမ်မှု၊ ကုလားငှက်ခတ်မှုများကို စီရင်မည်။ မင်းထံလျှောက်သူဖြစ်သည်။ အထက်အမွေမှုတွင်လည်း။ ဓမ္မသတ်ကို ပယ်၍၊ ငါတို့စီရင်သော စကားကို ဖျက်သူဖြစ်သည်။ ခုနစ်လလွန်မှ မင်းထံဆက်မည်ကြံလျက်။ လုံစွာလက်စွပ်ကို ထားရာ။ တရားသူကြီး အခြားသို့သွားခိုက်၊ ထိုလက်စွပ်ကို မယားထုတ်၍ ကြည့်လေသောအခါ၊ လက်စွပ်ကို အပါးတွင်ထား၍ အိပ်မိလေရာ။ လက်စွပ်ကို ကျီးချီယူသွား၍၊ မိမိအသိုက်၌ ထားလေသည်။ တရားသူကြီးရောက်လတ်သော်။ လက်စွပ်နေရာတွင် မရှိသောကြောင့်၊ မယားအား မေးလျှင်၊ မယားလည်း ကွယ်ဖျက်သဖြင့်။ ရန်ရှက်တင်၍ဖြစ်ကြလေရာ။ ကွာလိုကြောင်းနှင့်။ မင်းထံလျှောက်လေသော်။ အမတ်ကြီးသို့အပ်၍ စီရင်စေရာ။ အမှုရင်းကို တရားသူကြီးမယားအား အမတ်ကြီးက မေးလေသော်။ လက်စွပ်ပျောက်သောအကြောင်းကို ပြောဆို၍သိလျှင်။ စီရင်ရမည် ဆိုင်းငံ့ဆိုလျက် နေသည်နှင့်။ လက်စွပ်ရှိသော ကျီးသိုက်သို့။ ကျောင်းသားသူငယ်တစ်ယောက် တက်လေ၍။ လက်စွပ်ကို ရလေမူ။ ဆရာဘုန်းကြီးသို့ ပေးလေသည်။ ထိုဘုန်းကြီးလည်း ရတနာဖြစ်သည် ငါတို့ရဟန်းနှင့်မတန်။ မင်းနှင့်ထိုက်သောဥစ္စာ၊ မင်းအားဆက်မည်ဟူ၍ ပြည့်ရှင်မင်းထံ ဆက်လေသော်။ မင်းကြီးက အမတ်မဟာပညာကျော်ကို ခေါ်၍ ပြတော်မူလျှင်။ အမတ်ကြီး လက်စွပ်ကို သားတစ်၌ထည့်၍။ ငှက်စာပေးသောရက်ကစ၍ စစ်သော်။ ရက်ပေါင်းတစ်ရာ့ကိုးဆယ်ရှိကြောင်းကို သိလတ်မူ။ စီရင်ရန် နှစ်ဆယ်သာ လိုတော့သည် မင်းထံလျှောက်၍။ လက်စွပ်ကို ဆက်သော ဘုန်းကြီးအားမေးသော်။ တပည့်သူငယ် ရကြောင်းနှင့်။ ထိုသူငယ်ကို မေးသော်။ ကျီးသိုက်တွင် ရသည်ဟူလျက်။ အမတ်ထံ လျှောက်ဆိုလေရာ၊ ရသောကျီးသိုက်ကို။ သူငယ်ပြ၍သိလေလျှင်။ ညအခါ၊ ကျီးဘိုကျီးမကို ရအောင်ဘမ်း၍၊ လက်စွပ်တော်နှင့်တူသော လက်စွပ်တစ်ကွင်း။ လုပ်ပြီးသော်။ ကျီးနှုတ်သီး၌ မြဲစွာချည်လျက်။ နံနက်ကိုလွှတ်၍၊ အသီးအသီးမင်းစေလွှတ်၍ ကြည့်စေရာ။ ထိုကျီးသည်လည်း။ တရားသူကြီးအိမ်၌ စားနေကြဖြစ်၍၊ နားလေသော်။ တရားသူကြီးမယားက။ ပျောက်သောလက်စွပ်သည်။ ကျီးနှုတ်သီးတွင် ပါလာသည်ဟူ၍ အုတ်အုတ်ကျက်ကျက်လိုက်၍၊ ဘမ်းသောအကြောင်းကို၊ မင်းစေတို့ အမတ်ကြီးထံ

လျှောက်လာသော်။ တရားသူကြီးလင်မယားကို ခေါ်၍၊ ကျီးနှုတ်သီး၌၊ လက်စွပ်အိတ်ကို ကိုယ်တို့ဘယ်မှာရသနည်းမေးလေလျှင်။ စေစားသည့်ကျွန်ကပေး၍ ရကြောင်းနှင့် ကျွန်ကိုအပ်ပေး၍မေးလေသော်။ ကြွက်တွင်းတူးရာ၌ ရကြောင်းနှင့် လျှောက်လေသော်။ ထိုကြွက်တွင်းကို ပြ၍သိမူ။ ထိုအရပ်၌မပြတ် လူစောင့်ထားလေသော်။ အထက်ခိုးသူသည်။ ရေချိုးအလာတွင်။ သည်အရပ်၌ လက်စွပ်ချထားရာ။ ပျောက်သည်ဟူ၍ ပြောဆိုသော စကားကို။ မင်းစေတို့ကြားလျှင်ခေါ်ယူသွား၍၊ အမတ်ကြီးထံ လျှောက်ထားသော်။ သည်အရပ်တွင်ထား၍ ပျောက်သောလက်စွပ်သည်။ အဘယ်မှာရ သနည်း။ မှန်စွာဆိုရမည် မေးလေသော်။ ပန်းထိမ်သည်အိမ်တွင် ခိုးရာရသည့်လက်စွပ်ဖြစ်ကြောင်းနှင့် လျှောက်လေသော်၊ ထိုပန်းထိမ်သည်ကိုလည်းမေးရာ။ သဘော်သားကုလားက အပ်ရာတွင် ရကြောင်းကို။ ကုလားလည်း သပြာတစ်ရာပေး၍ဝယ်ရကြောင်းများကို အမတ်ကြီးထံလျှောက်၍ သိရလေသော်။ ထိုအကြောင်းကို စုံလင်သောအခါမှ၊ မင်းထံဝင်လျှက်၊ ထိုအကြောင်းများကို မင်းထံလျှောက်ပြီးမှ။ အမှုစီရင်ထုံးသော်ကား။ ။ လက်စွပ်တော်ရေသို့အကျတွင်။ မြေလက်မခံဝံ့၍။ ငါးသိမ်းထားပြီးသော်။ ထိုငါးကို တံငါရသည်။ ထိုတံငါ လက်စွပ်ကိုမြင်လျှင်။ မထားဝံ့၍၊ မင်းထံဆက်လာသည်များမှာ။ မြေပိုင် ရေပိုင် တိုင်းနိုင်ငံအတွင်း၌ရှိသော သူတို့သည်။ အစိုးရအရှင် ကျွန်တစေသာ ဖြစ်ကြသည်။ လက်စွပ်တော်ကို တံငါဆက်ရသည့်နောက်။ လက်စွပ်မင်းသို့မရောက် ပျောက်လေသော်။ တံငါကံပေး၍ ရကြောင်း၊ မင်းဘုန်းသီလမရှိ။ လက်စွပ်တန်ဘိုးကို တံငါသို့ မင်းကပေးသင့်သည်။ တံငါဆက်လာသည့်နောက်၊ ထိုလက်စွပ်ကို သတ္တဝါမျိုးစုံထံရောက်၍မှ၊ မပျောက်မဆုံး ဆိုက်ရောက်လာပြန်ရသည်မှာ။ တရားကျမ်းဂန်၌၊ သူတော်ကောင်းတို့ဥစ္စာကို ရေမှာပြစ်လည်းမနစ်။ မီးမှာပြစ်လည်း မချစ်။ ယင်းသို့ထုံးဟောင်းပညာရှိတို့ ဆိုခဲ့သောစကားရှိသည်။ အရှင်မင်းတရားကြီး။ အဘိသိက်ခံတော်မူသော အင်္ဂါပြည့်စုံလျက် တရားစောင့်ထိန်းသည်ဖြစ်၍၊ လူလည်းကြည်ညို၊ နတ်လည်းလိုသောကြောင့်။ သုံးကြိမ်တိုင်အောင် လက်စွပ်တော်ကို နတ်ပို့ညွှန်းရာ၊ လူလာ၍ဆက်လာရသည်။ ရဟန်းတော်ကိုသော်ကား၊ တရားနှင့်လျော်ညီသည်ဖြစ်၍၊ ပစ္စည်းလေးပါး မြဲစေသင့်သည်။ တံငါနှင့်ငှက်ခတ်သမားမှာ။ ကိုယ်နှင်မထိုက်တန်သောအရာကို သိတတ်သောသူဖြစ်၍။ မင်းဘဏ္ဍာထိန်းအပ်သော ကျွန်တော်လက္ခဏာဝင်သည်။ တရားသူကြီးမှာ ကြွက်နှင့်တူသည်။ ပန်းထိမ်မှာ စွန်နှင့်တူသည်။ ကုလားမှာ ငါးနှင့်တူသည်။ သူခိုးမှာ ကျီးနှင့်တူသည်။ ထိုသတ္တဝါလေးကောင်တို့ ဒဏ်ရောက်သည်။ ထိုသူလေးဦးတို့ မင်းပြစ်သင့်ရာသည် စီရင်လေသော်။ နွေကာလစဉ်လျက်။ သည်းထန်စွာမိုယ်းရွာသောကြောင့်။ ပြည့်ရှင်မင်းကြီးလည်း၊ အားရတော်မူ၍၊ ဆင်တော်မူသော လက်ကောက်ကို မဟာပညာကျော်အမတ်ကြီးသို့ တရားဆုပေးတော်မူလေသည်။

အခါတစ်ပါး၌လည်း၊ ကျောင်းနေရဟန်းတစ်ပါးသည် သေလွန်လေသော်။ ငွေသပြာနှစ်ထောင်။ ရွှေသပြာတစ်ရာ ကျန်ရှိ၍။ ထိုဥစ္စာကို ရဟန်းမိဘဆွေမျိုးတို့ကလည်း ရလိုသည်။ ထိုကျောင်း၌နေသော ရဟန်းသာမဏေတို့လည်း ရလိုသည်။ ကျောင်းတကာကလည်း ရလိုသည်။ သုံးဦးသားတို့အလုအယက် အငြင်းအခုန်နှင့် မင်းထံရောက်လေသော်။ ပြည့်ရှင်မင်းကြီးက။ အမတ်မဟာပညာကျော်သို့ အပ်တော်မူလေမူ။ အမတ်ကြီးစီရင်သောထုံးကား။ ။ ရတနာသုံးပါးအဝင် သင်္ဃာတော်မြတ်ဖြစ်သော ရဟန်းတို့၌ ဘုရားသခင် ခွင့်ပြုတော်မူသည်မှာ။ ကျောင်း, သင်္ခမ်း, ဆွမ်း, စတုမဓူ, ပျားရေ စသောဆေး။ သည်လေးပါးကိုသာ သုံးဆောင်အပ်ကြောင်း။ ထိုမှတပါး၊ ကဟာပဏ စသောရွှေငွေများမှာ၊ ဘိက္ခုသံဃာ၊ သံသရာကို ကြောက်တတ် ချစ်သားရဟန်းများတို့၊ နကပ္ပတိ၊ မအပ်ဟု ပညတ်တော်မူခဲ့သော ကျမ်းဂန်နှင့်အညီ၊ ကဟာပဏစသော ရွှေငွေများကို ဆည်းပူးထားခဲ့သည်မှာ၊ ဘုရားအာဏာတော်ကို ဆန့်၍ကျင်သည်။ လူတို့၌လည်း၊ မင်းအာဏာကိုဆန်သော သူတို့သည်။ သာသနပစ္စတ္တိကသူယုတ်၊ ရတနာသုံးပါးအဝင် သင်္ဃာတော်မဟုတ်ပြီ။ လူတို့အလေ့အကျင့်ရှိသောသူ။ လူတို့နည်း သင်္ဂြိုဟ်စေရာသည်။ ထိုသို့အမွေ-ရွှေငွေစသော ကဟာပဏတို့မှာ။ ထိုသူရှိစဉ် ရဟန်းသင်္ဃာတော် အမှတ်ထင်၍ မအပ်သောအလှူကို မိုက်မှားသဖြင့် လှူမိကြလေသည်။ အလှူမမြောက်။ လူချင်းပေးသကဲ့သို့သာ ဖြစ်သည်။ မိမိတို့ပေးသောဥစ္စာ ထင်ရှားရှိလျှင်။ အသီးအသီးယူကြစေ။ ထိုသူအလျောက်ကူသန်းရောင်းဝယ် ရှာမှီး၍၊ ရသည့်ကဟာပဏ စသော ရွှေငွေရှိရစ်သည်များမှာ။ ထိုသူနှင့်အတူနေရင်း စီးပွားရှာဘက်၊ ရဟန်းတို့ အမွေကိုလိုလျှင်။ လူဝတ်လဲ၍ ထိုသူ့မိဘသားချင်းတို့နှင့် ညီမျှခွဲဝေခံယူကြစေ။ ရဟန်းသုံးဆောင်ထိုက်သော ပစ္စည်းလေးပါးမှာ။ မြတ်စွာဘုရားပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်ကို ကြည်ညိုစောင့်ထိန်းသော ရဟန်းသင်္ဃာတော်တို့က ခံယူသုံးဆောင်စေ၊ ကျောင်းတကာမှာ ပလပ်စေ။ ယင်းသို့စီရင်သောအခါ၊ အမတ်ကြီးရှေ့ မင်းရင်၌ ပန်းပေါက်ပေါက်တို့သည် ကြဲလျက် ကျလတ်သော်။ ပြည့်ရှင်မင်းကြီးလည်း အလွန်ကြည်ညိုလျက်၊ ထွက်စည်ဝင်စည်ကို အမတ်ကြီးသို့ တရားဆုပေးတော်မူသည်။

တရံရောအခါလည်း လူတစ်ဦးသည် မည်သည့်အရပ်၌ ငွေအိုးရှိသည် စာညွှန်းတွေ့၍၊ မိမိမသွား၊ တယောက်သားကို ပြောဆိုလွှတ်လေသော်။ ထိုသူသည်လည်း၊ လူတစ်ဦးအား-ဆေးမြစ်တူးလိုက်ခဲ့။ ငါးသပြာပေးမည်ဆိုလျက်။ ခေါ်သွား၏။ ထိုစာညွှန်းအရပ်၌ တူးစေလေရာ။ ငွေသပြာသုံးထောင်ရလေလျှင်။ ထိုသူသုံးဦး မညီမညွတ်၊ ငွေဝေသော ပုစ္ဆာမူကြောင့်။ မင်းထံရောက်လတ်သော်။ ပြည့်ရှင်မင်းကြီးက အမတ်မဟာပညာကျော်သို့ အပ်၍စီရင်စေရာ။ <u>အမတ်ကြီး စီရင်သောထုံးသော်ကား။</u> ။ ရေပိုင်မြေပိုင်တွင် ရသမျှဥစ္စာမှာ မင်းဘဏ္ဍာနှင့်မကင်း ဆယ်ဘို့တဘို့ မင်းထိုက်သည်။ ရသောသပြာ သုံးထောင်မှာ။ သုံးရာသပြာကို မင်းဘဏ္ဍာဆက်သွင်းသင့်သည်။ ထိုမှကျန်သော သပြာတို့မှာမူကား။ မည်သည့်အရပ်တွင်ရှိသည် ညွှန်းသောသူအား အဘနှင့်တူသည်။ သွား၍ယူသူမှာ အမိနှင့်တူသည်။ ငါးသပြာလို၍ လိုက်သွားသောသူမှာ ကျွန်နှင့်တူသည်။ ထိုသူတကိုယ်ဘိုးသာ ရသင့်သည်။ စာထွက်နှင့် ညွှန်းသောသူ ၊ သွား၍ယူသူတို့မှာ ဖြစ်အတူ။ ရအတူ အကျိုးပေးလည်း မကွဲသင့်-ညီမျှခွဲယူကြစေဟု၊ စီရင်လေသော်။ ကနက္ကဒန်ထီးဖြူ အလိုလိုပွင့်သည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး သိတော်မူလေရာ။ အမတ်ကြီးမယားကို မိဖုရားအဆောင်အရွက် တရားဆုပေးပြန်လေသည်။

တရံရောအခါ၌လည်း၊ သီဟိုဠ်ကောလမ္ဗမင်းက၊ ရွှေပေကို လိပ်ပြီးမူ၊ အနားတွင် နှစ်လုံးသော အက္ခရာစာကို ရေး၍။ ထိုရွှေပေကို ဖြန့်လျက် သေချာစွာထည့်ပြီးမှ သံစေလွှတ်ရောက်လာချေသော်။ ထိုရွှေပေကို ကြည့်လေရာ စာတစ်လုံးမျှမပါ မရှိလတ်မူ၊ ပြည်ရှင်မင်းက- ထိုရွှေပေကို အမတ်ကြီးသို့ အပ်တော်မူလေသည်။ အမတ်ကြီးလည်း၊ သီဟိုဠ်မင်းသည် ပညာဖြင့်၊ စမ်းသောအကြောင်းသာ ဖြစ်ချေသည်။ ကြံလျက် ရွှေပေကို လိပ်၍ပွတ်လေရာ၊ စာလုံးညီလတ်လျှင်၊ နှလုံးသော အက္ခရာစာကို၊ တွေ့လေသည်။ ယင်းသို့တွေ့လေသော်။ မင်းထံဝင်လျက် ဆက်လေ၍။ စာနှစ်လုံးမူကား။ မီးရေသည် ပါလာသည်။ ထိုအကြောင်းကို <u>အမတ်ကြီး အဓိပ္ပါယ်ဖော်၍၊ လျှောက်သည်ကား။</u> အရှင်မင်းမြတ်၊ ရှေးပညာရှိတို့ စကားပုံသုံးရပ်အဆို၌။ မီးလွန်သော ချစ်သည်။ ရေလွန်သော ပြစ်သည်။ ယင်းသို့အရ။ ရာဇပျို့တွင်လည်း။ ပြည်ကြီးဝန်ကို။ အိုးတန်ဆန်ခတ်။ မင်းကျင့်ဝတ်နှင့်၊ လျှောက်ပတ်သင့်စွာ။ စီရင်ရာသည်။ ထိုသို့အလာ၊ သီဟိုဠ်မင်းက ပေးသော အက္ခရာနှစ်လုံးသည် ပြည့်ရှင်မင်းကိုအမေး။ မီးကဲ့သို့ ကျင့်သည်။ ရေကဲ့သို့ကျင့်သည်။ ပြည့်ရှင်မင်း မီးကဲ့သို့ ပြင်းစွာအာဏာရှိမူ ပြည်သူပင်ပန်းရာသည်။ ရေကဲ့သို့ကျင့်သော် မှူးမတ်ပြည်သူတို့ သူမလေးမခန့်ပြုသည်။ ရေမကြီး-မီးမလွန်ကျင့်ရာပေးသောအကြောင်းဖြင့် ပေးသောစာ ဖြစ်ပါသည်။ အမတ်ကြီးလျှောက်လေရာ၊ သီဟိုဠ်တမန်တို့လည်း အလွန်ကြည်ညို၍၊ ပြည့်ရှင်မင်းကို လက်စွပ်ဆယ်ကွင်း၊ အမတ်ကြီးမှာ ငါးကွင်း ဆက်သပူဇော်လေသည်။ သီဟိုဠ်တမန် အပြန်၌၊ ထိုပေတွင် နေလဟူသော အက္ခရာနှစ်လုံးကို အမတ်ကြီးက ရေး၍ပေးလိုက်ရာ။ ဆောင်ယူပြန်သွားကြလေသည်။

တရံရောအခါ၌၊ သီဟိုဠ်ကျွန်းနေ၊ တမ္ဗုလသူဌေးမြေး ကုမ္ဘီလတ် လာရောက်ပြန်သော်။ ထိုတမ္ဗုလသူဌေးသည် မြောက်ဦးမြို့သို့ ဘေးတော်လက်ထက် သင်္ဘောနှင့်ရောင်းဝယ်မည် ရောက်သောအခါ ပေါင်းထွတ်သင်္ဘောဆိပ်၊ သူဌေးအုံးသာသန်အမွေကို ဆက်ခံရှိသူ-မြေး ဒေါ်တလီအားပေးသင့်ကြောင်းနှင့် ပြည့်ရှင်မင်းထံ လျှောက်လေသော်။ မင်းကြီးက အမတ်မဟာပညာကျော်သို့ အပ်တော်မူလေရာ၊ <u>အမတ်ကြီးမဟာပညာကျော်က စီရင်သောထုံးကား။</u> ။ အုံးသာသန်မြေး-သူဌေးဒေါ်တလီကိုမေးလျှင်။ အပ်သည် မအပ်သည်ကိုမသိ။ မင်းသုံးဆက်မြောက် နှစ်တစ်ရာကျော် အစဉ်အဆက်လည်း မကြားဘူးပါဆိုလတ်မူ။ ဂုမ္ဘီသတ်က၊ လူကြီးနှစ်ဦး- ယုံမှတ်အပ်ပေးကြသည်ကာလ၊ သဝန်သကာလဟူသော တောင်ထိပ်၌ ညောင်ပင်ရင်းတွင်။ နှစ်ဦးလက်မှတ်စာ- ကျောက်ဖျာကြီး၌ရေး၍။ ထိုညောင်ပင်မြောက်ပါးဝယ်၊ မြှုပ်ထားခဲ့ကြောင်းကို၊ အဘိုးတမ္ဗုလသူဌေး ရေးထားခဲ့သော လက်မှတ်စာ ပါပါသည်ဟူလျက် ပြပေသော်။ ထိုညွှန်ရာတောသို့သွား၍၊ ကြည့်စေလေရာ- ကျောက်ဖျာမရှိ၊ ညောင်ပင်သော်ကား၊ ခုတ်သည့်အငုတ်ရှိလျက် တွေ့လေသည်။ ယင်းသောအခါ ပေါင်းထွတ်သင်္ဘောဆိပ်အကြီးကိုခေါ်၍၊ သဝန်သကလ တောင်ထိပ်၌ ညောင်ပင်ကို မည်သည့်ကာလ မည်သူခုတ်လှဲသည်။ ထိုတောင်က ကျောက်ခဲကို မည်သူယူသည်။ အကြီးဦးခိုင်တို့အင်္ဂါ၊ သိရာမှတ်ရာသည်။ အမတ်ကြီးက မေးလေရာ၊ သူဌေးဒေါ်တလီအဘ၊ ရှာအလင်တိုက်တည်သည် ကျောက်ဖျာကြီးတစ်ခု ယူဘူးပါသည်။ ညောင်ပင်မှာ သင်္ဘောသားတို့ ထင်းခုတ်ယူကြ၍၊ သေကြောင်းကို ထွက်ဆိုသည်။ ထိုကျောက်ဖျာကို အဘယ်မှာ ထားခဲ့သနည်း။ သားသူဌေး ဒေါ်တလီသိရာသည် မေးလေသော်။ အဘလက်ထက် သင်္ဘောဆိပ်မှာ ကျောက်ဖျာတစ်ခု ခင်းလျက်ထားခဲ့သည် ပြညွှန်းလေရာ။ ထိုကျောက်ဖျာကို လှန်၍ကြည့်လေသော်။ သူဌေးနှစ်ဦး လက်မှတ်စာကို တွေ့လေသည်။ ယင်းသို့ကာလမှ အပ်ထားခဲ့သည်မှန်ပြီ။ မင်းသုံးဆက်မြောက်၊ နှစ်ပေါင်းတစ်ရာကျော်ကြာသော်လည်း၊ မင်းရိုး

မင်းဆက်သာ ဆက်တော်မူသည်။ ထီးကျိုးစည်ပေါက်မဟုတ်၊ ကျမ်းဂန်လာသည်မှာ၊ ကပ္ပိလဝုယေ။ ကပ္ပိလဝတ်ပြည်၌၊ စတုရာသီတိသဟဿရာဇိနော၊ ရှစ်သောင်းလေးထောင်သောမင်းတို့သည်။ အဘေရိဆတ္တကောနာမ၊ ထီးကျိုးစည်ပေါက်မည်သည်ကား။ နတ္ထိ၊ မရှိ။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌လည်းကောင်း။ မိထိလာယံ၊ မိထိလာပြည်၌လည်းကောင်း။ ဧဝမေဝ၊ ဤအတူသာလျှင်တည်း။ ဝေသာလိယံ ခေါပန။ ဝေသာလီပြည်၌မူကား။ ပဥ္စကောရာဇာ၊ ပဥ္စကမင်းလည်းကောင်း၊ နန္ဒကော။ ခိုးမှုး နန္ဒာလည်းကောင်း၊ ဝိလုပ္ပန္တော၊ လုယက်ဖျက်ဆီးလေသည်ဖြစ်၍၊ ဘေရိဆတ္တကောနာမ၊ ထီးကျိုးစည်ပေါက်မည်၏ဟူလျက်- ကျမ်းဂန်လာသည်။ ထိုမှတပါးလည်း၊ စာများမှာ။ သညာအမှတ်၊ အယူအသိနှင့်၊ ရေးမှတ်ပြုအပ် အက္ခရာထားခဲ့သော်လည်း၊ မြတ်စွာဘုရားဟောတော်မူခဲ့သော။ ကျမ်းဂန်ကို လွန်၍မယူသာ။ သတ္တဝါတို့အထွတ်အမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသာသနာတော်ကို ကြည်ညိုသမျှ။ တရားတော်မြတ် ကျမ်းဂန်စကားသာ ထွန်းသင့်သည်။ ရက္ခပူရတိုင်း၌လည်း၊ ရှေးမင်းတို့လက်ထက်၊ လုယက်ဆိုးသွမ်း မင်းကြမ်း မျိုးခြား-ရှစ်ဆက်ဖြစ်ဘူးသည်၊ ဘေးတော်မင်းစောမွန် လက်ထက်လည်း၊ ပြည်ထမ်းပိုးကျိုးသည်။ ယင်းသို့အကြောင်း ကြိမ်သောကာလ၌လည်း၊ ထိုအမှုတို့ကို လပ်စေရာသည်။ မင်းရိုးမင်းမျိုးမပျက်-စိုးဆက်ရှည်ကြာ-ကမ္ဘာပတ်လုံးတည်လျှင်၊ ထိုပြည်၌ ထီးကျိုးစည်ပေါက်မရှိ။ သာကီဝင်မင်းမျိုးမှန်သည်။ အပ်နှံလုယက်၊ ခိုးဝှက်သမျှ၊ ပစေမဆိုသင့်။ သို့ရာတွင် ထိန်းသိမ်းသူထင်ရှားရှိ၍၊ တောင်းကြပေးကြလျှင်၊ သဘောတူ အပေးအယူနှင့် နေစေသင့်သည်။ ထိန်းရင်းအပ်ရင်း သူချင်းမဟုတ်လျှင်၊ သားတဆက်-မြေးတတန်၊ ထိန်းသိမ်းလျက် နှစ်တရာကျော်၊ ထိုဥစ္စာပျောက်ဆုံးလျှင်လည်း၊ ပေးလျော်ရမည်ပင်ဖြစ်လေသည်။ တသောင်းသပြာကို ထိန်းသူရစေ။ ကိုးသောင်းသပြာကို သီဟိုဠ်သူဌေးဂုမ္ဘိသတ်သို့ပေး၍၊ အထက်အဘိုးနှစ်ဦးထားခဲ့သော သက်သေလက်မှတ်ကျောက်စာကို၊ ဖျက်သိမ်းကြစေ စီရင်လေသည်။ ထိုအခါ သည်းထန်စွာ မိုယ်းရွာလတ်၍၊ သူဌေးနှစ်ဦးကြည်လင်စွာ၊ သပြာတထောင်စီ အမတ်ကြီးသို့ ပူဇော်ကြလေသည်။ ပြည့်ရှင်မင်းကြီးကလည်း ပတ္တမြားလက်စွပ်တစ်ကွင်း၊ တရားဆုအမတ်ကြီးသို့ ပေးသနားတော်မူသည်။

အခါတပါး၌လည်း၊ သူဌေးတစ်ဦးက၊ မြေ၌သပြာတသောင်းမြှုပ်၍၊ ထားသည်ကို၊ လူတစ်ဦး သိလေသည်။ တူးဖော်ယူလေရာ၊ သူဌေးကြည့်မြဲကြည့်လေသော်။ ဥစ္စာကို မတွေ့မမြင်၊ ထိုချောင်း၌ ငါးရှာသော လူနှစ်ယောက်ကို ခေါ်ခဲ့၍၊ ရိုက်နှက်နှိပ်စက် စစ်လေမူ၊ ယူသည်မှန်၏။ ထိုငွေကို မြစ်လယ်သို့ ချမိပါသည်-အဆိုနှင့်။ မင်းထံသို့ ဆက်ပို့ရာ။ မင်းကြီးလည်း ရိုက်ပုတ်သောဒဏ်ရာကို မြင်တော်မူလေလျှင်၊ သူဌေးထံ ထိုသူတို့ ဆိုသောစကားသည် အမှန်မယူသင့်-ဆင်ခြင်တော်မူ၍။ အမတ်ကြီးမဟာပညာကျော်သို့ အပ်လေသော်။ အမတ်ကြီးစီရင်ထုံးမှုကား။ ။ ထိုသူနှစ်ယောက်ကို ထားသော နှောင်အိမ်သို့၊ အရေး၌လိမ္မာသော၊ သူတစ်ယောက်အား။ ထိုနည်းအတူ ထားလေသည်။ ဆယ်ရက်ခန့်ရှိမှ၊ အမတ်ကြီးထားသောသူအား၊ ခေါ်၍မေးလေရာ။ ထိုသူနှစ်ဦး ယူသည်မဟုတ်ပေ။ အမတ်ကြီးထံ လျှောက်လေမူ။ ထိုသူနှစ်ဦးကို ယုံသောသူထံအပ်၍၊ လွှတ်ပြီးသော်၊ ထိုငွေရှင်သူဌေးနေသည့်အရပ်ပတ်လည်၊ ကျေးရွာများကိုလည်း၊ မင်းစေလွှတ်၍ကြည့်စေသော်။ လူတစ်ဦး ပွဲသဘင်နှင့်၊ အလှူပေး၍ တွေ့ခဲ့မူ၊ ထိုသူကို ခေါ်စေ၍၊ မိတ်ဆွေဖွဲ့ပြီးမှ၊ သပြာတစ်ထောင်တန်သောလက်စွပ်တစ်ကွင်းကို သပြာငါးရာနှင့်ရအောင်ရောင်း၍ ပေးပါဟူလျှက်၊ အပ်လေသည်။ ထိုသူယူသွား၍ အခြားမှာပြလေသော်။ သပြာတစ်ထောင်တန်သည် ပြတ်ဆိုကြသော်။ အဘိုးသင့်ရပြီအထင်နှင့်၊ ထိုသူဌေးငွေကို ဘော်၍ရသော သပြာက။ ငါးရာကိုရောင်း၍ရသည်ဟူလျှက်။ အမတ်ကြီးထံပေးလာသော်။ အမတ်ကြီးလည်း ယူ၍ထားပြီးမူ။ ထိုသူပြန်သည်နောက် ဥစ္စာရှင်သူဌေးကို ခေါ်လျက်။ ထိုငွေကို ပြလေရာ။ သူဌေးက၊ ကျွန်ုပ်ဥစ္စာမှန်သည်လျှောက်လေလျှင်၊ ထိုသူကို ခေါ်၍စစ်မေးလေသော်။ ယူပေသည် အမှန်ဆိုလတ်သောအခါ၊ စီရင်သည့်ထုံးသော်ကား။ ငါးရှာသူနှစ်ယောက်တို့ကို၊ သူဌေးက နာကျင်စွာ ရိုက်ပုတ်ပြီးမူ။ ခိုးသူဖြစ်သည်ဟု၊ ပို့ဆက်သောအပြစ်၊ သပြာတစ်ထောင်လျော်ပေးစေ၊ ထိုခိုးသူ အလှူပေးမည်ရှိလတ်သော်၊ အရပ်အိမ်နီး။ အကြီးဦးခိုင်တို့က။ ထိုသူ၏လက္ခဏာရှေ့နောက်နှိုင်းညှိဆင်ခြင်၍၊ ဤသို့သောဥစ္စာ အဘယ်မှာရသည်။ ရှေးနှင့်မတူ၊ ထိုသူဘယ်ကုန်ရောင်းဝယ်၍ နှစ်လမကြာ၊ မြတ်စွန်းရာသည်။ မိဘဆွေမျိုး၊ အရပ်အိမ်နီး၊ ခေါင်းအကြီးတို့၊ မစုံမစမ်းနေကြလေသည်မှာ အလိုပါရောက်လေသည်။ လှူ၍ကုန်သမျှကို လက်သည် လုပ်သူကိုင်သူ စားသောက်သမျှ ပရိတ်သတ်တို့က ပေးလျော်စေ။ သူခိုးမှာ ဒဏ်ခံစေ၊ စီရင်သောအခါ၊ မြောက်ဦးနတ်နေသော ပညောင်ပင်၌။ တရွက်မျှမကျန်၊ ကုန်တော့လေသည်။ ပြည့်ရှင်မင်းက၊ ဆင်ပေါက်နှစ်စီး၊ အမတ်ကြီးသို့ ဆုပေးတော်မူလေသည်။

အခါတပါးလည်း သမက်တော် သံတွဲစား သေလွန်၍၊ သံတွဲမြို့ကို ပြည့်ရှင်မင်းကြီးက၊ အမတ်သံကိုင်းနောင်သို့ ပေးမည်ရှိသောအခါ၊ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမှုကား။ သံတွဲမြို့သည် အစွန်အဖျား ပြူတလိုင်းတို့နှင့်

အနိုးအစပ်။ အမတ်သံကိုင်းနောင်မှာလည်း လက်ရုံးရည်သာရှိသည်။ ကောက်လိမ်ဆန်းကြယ်သော ဉာဏ်မရှိ။ ရှေးသူဟောင်းစကားတွင်လည်း၊ ပြူကိုအမြှောက်၊ တလိုင်းကို အကောက်၊ ကုလားကို မီးပေါက် ဆိုရိုးရှိပါသည်။ တတိုင်းတပြည်သို့ သံတမန်စေသောအမတ်။ တိုင်းစွန်ပြည်ဖျား ထားသောအမတ်။ ထိုနှစ်ဦးသည် လက်ရုံးရည်မှာ အသံသာလိုပါသည်။ လက်ရုံးရေလွန်ခဲ့သော် နှစ်ပြည်ရန် စစ်ကြီးစွာ ထိုသူကြောင့် ဖြစ်တတ်ပါသည်။ နှလုံးရည်သော်ကား လွန်တိုင်းအကျိုးရှိကြောင်း၊ ကျမ်းဂန်ထွက်သည်မှာ။ ရာဇာနံ၊ မင်းတို့၏။ ခနံ၊ ဥစ္စာမည်သည်ကား၊ အမစ္စောဗလံ၊ ပညာအားရှိသောအမတ်လျှင်တည်း။ ယင်းသို့ထုံးဟောင်းနှင့်အညီ၊ သူက အကောက်အကွေ့နှင့်လာခဲ့သော်။ ကောက်လိန်ဆန်းကြယ်သောဉာဏ်ဖြင့်၊ နှိပ်နင်းချိုးဖျက်ဆီးနိုင်မှ၊ အောင်ရာသည်။ နှလုံးရည်ရှိသောသူ၌။ လက်ရုံးရည်မှာ အလွန်ရှိအောင်၊ ပြုနိုင်ကြောင်း။ အသကမင်းအမတ်- နန္ဒိသေနကို ဆိုသော နိပါတ်တော်ထင်ရှား ရှိပါသည်။ သံတွဲမြို့မှာထားရန်၊ အမတ်တော်လေးမြို့စားသည်။ လေထုတောင်ပေါ်သား-တရားမရှိ။ သူ့စည်းစိမ်ကို ဖျက်လိုဖျက်ဆီး၊ တတ်လျက်အလွန်ဆိုးသွမ်းယုတ်မာ၊ နိုင်မိနိုင်ရာ၊ သတ်ညှစ်နှိပ်စက်ပြုတတ်သော အမျိုးကို တုံသော်လည်း။ ယဉ်ကျေးစေမှု၊ နှလုံးရည်လက်နက်တို့ဖြင့် ယဉ်ကျေးစေတတ်သော ပညာဗလရှိသူ ဖြစ်ပါသည်။ လေးမြို့စား ဝန္ဒသူကို သံတွဲစားပေး၍၊ ဝန္ဒသူသား-ကျော်သူကို လေးမြို့စား ပေးတော်မူလျှင်၊ သင့်လှပါသည်အရှင်မင်းမြတ်၊ လက်ရုံးရည်မှာ သူမိုက်အတတ်၊ နှလုံးရည်၏အစေကျွန်သာ ဖြစ်ပါသည်။ နှလုံးရည်ရှိသောသူအား အမှုအပေါင်း ပြီးကုန်ပါသည်-လျှောက်လေသော်။ မင်းကြီးလည်း ကြိုက်တော်မူ၍၊ လေးမြို့စား ဝန္ဒသူကို သံတွဲမြို့စားအရာ ပေးတော်မူလေရာ။ တနှစ်ခန့်ရှိလျှင်၊ ဟိုင်းကြီးတွင်ရှိသော၊ တလိုင်း-ပြူ-ကုလားလူဆိုး ငါးထောင် ကျွန်ခံ သံတွဲမြို့သို့ ဝင်ရောက်လာရသည်။

အခါတပါး၌၊ သားတော်သံတောင်စား ငစုံသည်၊ မြုံတို့အရပ်က လင်းကဲ၊ သက်တို့နှင့်၊ ပူးပေါင်း၍ ခြားနားပြီးသော်။ ဒါဂါမြို့စား ကောင်းညွှန့်သူကို၊ အလိုတော်ပြည့်လျှင်၊ ပြည်ပိုင်အမတ်ကြီးခန့်မည်။ ဒါဂါမြို့သို့ စေလွှတ်ပြောဆိုစေရာ၊ ကောင်းညွှန့်သူ ကြံသည်ကား၊ တောသတ္တဝါကို လိုလျှင်၊ အိမ်သတ္တဝါနှင့် ရင်းနှီးဘမ်းရမည်။ သားတော် ငစုံဆိုးသွမ်းသော အကြံဖြင့် ကျင့်ပြန်သည်မှာ၊ အလိုပါလိုက်၍ စမ်းမည်ကြံလျက်။ သံတောင်စား ငစုံငယ်က စေသောသူအားသင့်လှပါသည်။ ရဲမက်လက်နက်များမှာလည်း အသင့်ရှိပါပြီ။ မည်သည်ကိုမျှ စိုးရိမ်တော် မမူလင့်။ လက်နက်ပဏ္ဏာလျှောက်စာနှင့် လူထည့်လိုက်သည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး ကြားသိတော်မူ၍၊ အမတ်မဟာပညာကျော်ကို မေးတော်မူလေသော်။ <u>အမတ်ကြီးလျှောက်ထုံးသော်ကား။</u> ။ ဒါဂါမြို့စား ကောင်းညွှန့်သူ၊ ဘီဘိုးအစဉ်အမျိုး-မှူးရိုးမတ်ရိုးဖြစ်ပါသည်။ ထီးနန်းမင်းဆက်- အဝေးအနီးထားသမျှ-မည်သည့်ဘယ်ကာလတွင်မှ၊ သူပုန် သူကန် လူဆိုး လူသွမ်းတို့နှင့်ပေါင်းဘက်၍။ အရှင်မင်းအား- မိုက်မှားဘူးသည် မရှိပါ။ ခမည်းတော်ဘုရားလက်ထက်၊ ကုလားပြည်ကို သိမ်းယူပြန်တော်မူသောအခါ၊ ဒါဂါမြို့စား ကောင်းညွှန့်သူအဘ၊ သတိုးဖြူအမတ်သည် စီးသောလှေ၌။ စစ်ချီစဉ်က ပေးသနားတော်မူသော ဗောင်းဖြူကို ဆင်လျှက်၊ စီးသည်ကို မြင်တော်မူလေသော်။ စစ်ချီသာ ငါပေးသနားတော်မူသည်။ စစ်ပြန်လျှင်သိမ်းသင့်လျှက်-သတိုးဖြူလည်း- မာန်မြောက်လွန်သည်ဖြစ်သည်။ မျက်တော်မူလျက်။ မာရ်အောင်သို့ ပို့ထားတော်မူ၍၊ တနှစ်ကျော်နေရသောအခါ၊ အရှေ့ပြူမင်း-တလိုင်းမင်းတို့က စေလွှတ်ခေါ်စေရာ။ မှူးကောင်းမတ်ကောင်းတို့၏ အင်္ဂါနှင့်စုံညီစွာ ပေးလိုက်သောစာမူလည်း။ ဝိဒေဟရာဇ်အမတ် မဟော်သဓာကို ပဉ္စာလရာဇ်မင်းက ခေါ်သော်။ ကျေးဇူးသစ္စာရှင်မှုစ၍၊ သားမြေးဆက်ကာ မှန်သမျှကို စိုးမိုးလျှင်၊ ကျေးဇူးသစ္စာစောင့်အပ်ကြောင်း၊ ထုံးဟောင်းညီအောင် စာပေးလိုက်ပါသည်။ အမျိုးအရိုးကို ဒါဂါစားကောင်းညွှန့်သူ ဖျက်မည်မဟုတ်ပါ၊ အကြောင်းဆိုက်ရာကို ဉာဏ်ရှာ၍-ဒါဂါစားကြံသည့်အမှုသာ ဖြစ်ပါသည်။ အပြစ်ပေးထားသော သားတော်သံတောင်စားသည်။ လင်းကဲ-မြုံ-သက်တို့နှင့် ပူးပေါင်းဆိုးသွမ်းသည့်အရေးမှာလည်း အရေးမဆိုလောက်ပါ။ အမတ်တော် ဒါဂါစားကောင်းညွှန့်သူ တစ်ယောက်နှင့် ပြီးကုန်ပါလိမ့်မည်လျှောက်လေရာ။ ပြည့်ရှင်မင်းကြီးလည်း၊ မည်သို့မဆို နေတော်မူလေသည်။ ယင်းသို့အမတ်ကြီးလျှောက်သော စကားကို ဒါဂါစား ကောင်းညွှန့်သူကြားလေရာ၊ ငါ၌အရေးရောက်ပြီကြံလျှက်။ သံတောင်စားမှာသောနေ့ရက်ရောက်လတ်သော်။ ရဲမက်လက်နက်ဗိုလ်ခြေစည်းကျပ်လျက် သံတောင်စားရှိရာသို့ ချီသွားလေသည်။ တွေ့ကြုံလေကြသောအခါ ဒါဂါစားကဆိုသည်ကား၊ အရှင်မင်းသား တပ်ဦးချီတော်မူပါ။ ကျွန်တော်နောက်က၊ စစ်ကွပ်အားပေးပါမည်ဆိုလေသော်။ သံတောင်စားလည်း အားရ၍ ချီသွားကြသည်နှင့်၊ သက်-မြုံ-လင်းကဲတို့ တောင်ခြေသာကျွမ်း၍၊ လှေမှု-ရေမှုမကျွမ်းသည်ဖြစ်လေလျှင်၊ မရူမြစ်ဝသို့ရောက်သောကာလ။ ဒါဂါစားက၊ တပ်တောင်တာလှေထက် အသင့်ထားပြီးသော်၊ မြို့နှင့်လည်နည်းပြီဖြစ်သည်။ သံတောင်စားနှင့် တိုင်ပင်ရန်ရှိသည်ဆိုလျက် တပ်ဦးသို့လာခဲ့၍။ သံတောင်စားလည်း ရိုးမှတ်သောနှလုံးဖြင့် နောက်ပါလူအတန်သာခေါ်၍ ဒါဂါစားလှေသို့တက်လေသော်။ ဒါဂါစားက၊ ရှေ့နောက်လှေပိတ်ဆို့စေပြီးမူ၊ ဒီရေအတက်

ကြိမ်လေရာ၊ သောင်းသောင်းညာလျက်၊ သံတောင်စားကို ဖမ်းမိ၍ ရေထက် ဝင်သွားလေသော်။ နံနက်မြို့တော်သို့ ရောက်လေလျှင်၊ သံတောင်စားကို မင်းထံဆက်လေသည်။ သက်ခေါင်းအကြီး-မြုံ-လင်းကဲ- သံတောင်းစားအပါအဝင် လူတို့ကိုလည်း၊ ဒါဂါစားသမက် သောင်းတီးစား ဘမ်း၍ဆက်လာပြန်ရာ။ ယင်းသောအခါ အမတ်မဟာပညာကျော် လျှောက်ထုံးသော်ကား။ ။ ဘုရားရှင်ဒါယကာဖြစ်တော်မူသော ဗမ္ဗိသာရမင်းကြီး မိဖုရား၌၊ အဇာတသတ်မင်းကို၊ ပဋိသန္ဓေစွဲနေသောကာလ။ မကောင်းသောတိတ်နိမိတ်ထင်သဖြင့်၊ အကြိမ်ကြိမ်ပဋိသန္ဓေကို လှုပ်ဖျက်ကြောင်းကို မင်းကြီးသိတော်မူလေရာ။ မိဖုရားအား မင်းကြီးမြစ်တော်မူ၍၊ အမိန့်တော်ရှိသည်ကား။ ရှင်မိဖုရား။ သံသရာဝဋ္ဋဒုက္ခ၌၊ လူသတ္တဝါတို့သည်၊ မိကြီးဘကြီး ဆွေမျိုးစသော သူအား အပြစ်ထိုက်ငြားသော်လည်း၊ အမျိုးစောင့်သောတရားကို သူတော်ကောင်း မဖျက်ရာချေ။ မိဖုရားက မွေးဘွားသောသားသည်၊ တရားမစောင့် အဇာတသတ်သားဖြစ်ခဲ့၍ ငါ့အား ပြစ်မှာသော်လည်း။ သူ့အားမှားသောအမှုဖြင့်၊ တရားမလွတ်ကောင်းရာဟု မိန့်တော်မူသောအကြောင်းကို၊ ကျမ်းဂန်ထွက် ပါသည်။ ထိုမှတပါးလည်း။ မင်းတို့၏ဘုန်းလက်ရုံး ကြက်သရေတော်၊ ရတနာခုနစ်ပါး၊ ကျမ်းဂန်ဆိုသည်မှာ။ ရာဇာနံ၊ မင်းတို့၏၊ ဘုန်းလက်ရုံးကြက်သရေတော်၊ ရတနာခုနစ်ပါး၊ ကျမ်းဂန်ဆိုသည်မှာ။ ရာဇနံ၊ မင်းတို့၏ ခနံ၊ ဥစ္စာမည်သည် ကား၊ ပညာဂုဏ်လျှင်တည်း။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့၏၊ ခနံ၊ ဥစ္စာ၊ မည်သည်ကား။ ဝိသံ၊ အဆိပ်လျှင်တည်း။ ဘိက္ခူနံ၊ ရဟန်းရသေ့တို့၏။ ခနံ၊ ဥစ္စာမည်သည်ကား၊ သီလံ၊ သီလအကျင့်တည်း။ မင်္ဂလာတရားဦးတွင်လည်း မာတာပိတာ၊ အမိအဘတို့သည်၊ ပုတ္တဒါရဿ၊ သားသမီးတို့အားလည်းကောင်း၊ ပုတ္တဒါရာ၊ သားသမီးတို့သည်၊ မာတာပိတူနံ၊ အမိအဘ တို့အားလည်းကောင်း၊ ဉာတကာနဥ္စ၊ အဆွေအမျိုးတို့အားလည်းကောင်း၊ သင်္ဂဟ၊ ကျွေးမွေးပေးကမ်း မစသင့်သည်။ တကြောင်းမှုလည်း၊ မဟာရာဇ၊ အရှင်မင်းမြတ်။ မာတာပိတာစ၊ အမိအဘ၌လည်းကောင်း၊ ဂုရုသုစ၊ ဆရာတို့၌ လည်းကောင်း၊ ဉာတကာနဥ္စ၊ အမျိုးတို့၌လည်းကောင်း၊ အမစ္စေသုစ၊ မင်းအကျိုးကိုလို၍ ဆောင်တတ်သော အမတ်၌လည်းကောင်း။ ဥမ္မတကော၊ သူရူးလည်းကောင်း။ ဘိက္ခု၊ သံသရာဘေးကို ရှုတတ်သောရဟန်းလည်းကောင်း။ ပဏ္ဍိတော၊ ပညာရှိသူတော်ကောင်းလည်းကောင်း။ သတ္တန္နမေဝ၊ ခုနစ်ပါးသော သူတို့အားသာလျှင်၊ ရာဇာ၊ မင်းသည်၊ ဒေါသ၊ အမျက်ထွက်သဖြင့်၊ ဇီဝိတိန္ဒြေ သေကြေပျက်စီးခြင်းကို၊ နကာတဗ္ဗံ။ မပြုအပ်။ ထိုသို့အကြောင်း ထုံးဟောင်း သက်သေ၊ ကျမ်းဂန်လာသည်ဖြစ်၍၊ သားတော်သံတောင်စားမှာ ဇမ္ဗုပတိမင်းနှင့် တူပါသည်။ သားတော်ပါအောင် ခေါ်ဆောင်ယူနိုင်သော အမတ်တော်ဒါဂါစားမှာ မာဃတမန်နှင့် တူပါသည်။ အရှင်မင်းမြတ်၊ တုံသော်ကား၊ ဘုရားသခင် နှင့် ဥပမာတူပါသည်။ ယင်းသို့အကြောင်း ထုံးဟောင်းထွက်ရှိပါသည့်အတိုင်း။ ပြည့်ရှင်မင်း မတိမ်းပါးစေရ။ လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို။ ဘုရားစသော သူတော်ကောင်းပညာရှိ ချီးမွမ်းစေရာ။ မှူးမတ်ကောင်းအင်္ဂါပြည့်စုံ စွာ ပညာဗလအားကြီးသော အမတ်ကြီး လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးက၊ ငစုံငယ်သည် အလိမ္မာမရှိသူဖြစ်သည်။ လိမ္မာအောင် သွန်သင်ပြသ ဆုံးမစေခိုင်းသိမ်းထားလေတော့ အမိန့်တော်ရှိ၍၊ အမတ်ကြီးမဟာပညာကျော်သို့ အပ်တော် မူသည်။ ဒါဂါစားကောင်းညွှန့်သူကိုကား သားတော်သံတောင်စား အဆောင်အရွက်၊ အဝတ်တန်းဆာကို ပေးတော်မူလေ သော်။ ဒါဂါစားလည်း အသနားမြတ်ကိုသာခံ၍ မဆောင်မသုံး၊ ပြည့်ရှင်မင်းကြီးသို့ ဆက်ပြန်လေရာ။ ဒါဂါစားက လျှောက်သည်ကား၊ အရှင်မင်းမြတ်။ မှူးမတ်ကျေးကျွန်ကို သဒ္ဓါတော်မူ၍၊ သားတော်သမီးတော်တို့ နည်းပေးသနားတော် မူသော်လည်း။ အရှင့်သားတော်နှင့်တူအောင် မသုံးဆောင်အပ်ပါ။ မှူးမတ်အသုံးအဆောင်ကိုသာ သုံးဆောင်ထိုက်ပါ သည်။ လွန်၍ပြုချေသော်၊ အလိမ္မာမရှိသောသူတို့၊ ထိုတန်းဆာကို ဆင်ဝတ်၍၊ မာန်မြင့်တတ်ပါသည်။ သနားတော်ခံရ လျှင်၊ သုံးဆောင်ရသကဲ့သို့ ဖြစ်ပါသည်။ ရှေးသူဟောင်း ပညာရှိထားခဲ့သော ထုံးနှင့်ဖြစ်ပါသည် လျှောက်လေလျှင်။ မင်းသားအဆောင်အရွက်ကို သိမ်းတော်မူ၍၊ အမတ်ကြီးတို့နည်း အဆောင်အရွက်ကို ပေးသနားတော်မူလေသည်။ သားတော်သံတောင်စားအဝင်၊ သက်-လင်းကဲ-မြုံတို့အကြီးခေါင်းများကိုလည်း အသက်ကိုမသတ်။ ကုသိုလ်တော် ရတနာပုံဘုရားမှာ လှူတော်မူလေသည်။

တရံရောအခါ၊ ရုံပြည်ပသီ ကုလားမင်းက၊ ရက္ခပူရတိုင်း၌ သာကီဝင်မင်း၊ မင်းဖလောင်းကြီးသည် ဘုန်းကြက် သရေနှင့်ပြည့်စုံ၍။ အမတ်ပညာရှိများကြောင်းကြားသည့်အတိုင်း မှန်သည်မမှန်သည်ကို သိစေရာသောအကြောင်းကို စုံစမ်းရမည်။ အရေး၌လိမ္မာသော ကုလားအမတ်တစ်ယောက်ကို၊ သင်္ဘောနှင့်စေလွှတ်လိုက်ရာ ရောက်လေ၍။ ထိုကုလား အမတ် ဒါကုစီက။ ဆက်ရံလက်ဆောင်တော် ပတ္တမြားခုနှစ်ပါးလုံးပါသည်ဆို၍ ထိုအထုပ်ကို ပြလေသော်။ အမတ်မဟာ ပညာကျော်က။ ငါတို့အရှင်ကို အတိုင်းတိုင်း အပြည်ပြည်က ဆက်ရောက်သမျှကို သဘင်ကြီးကျယ်စွာ ခံပြီးမှ သွင်းမြဲ ဖြစ်သည်ဆို၍။ ထိုပတ္တမြားထုပ်ကို သံတည်းပေါ်၌ အစောင့်အနေနှင့်ထားလျက် နေစေပြီးမှ။ အမတ်မဟာပညာကျော်

က မင်းထံလျှောက်သည်ကား။ အရှင်မင်းမြတ်၊ ကုလားမျိုးတွင်၊ ပသီကုလားသည် အကောက်အလိမ်အဆိုးအညစ် ထူလှပါသည်။ ယခုလာသည့် ဒါကုစီလည်း ပသီကုလား။ သင်းတို့အရှင်လည်း ပသီမင်းဖြစ်သည်။ မည်သို့စေကြောင်း၊ ဆက်ရန်လက်ဆောင်တော်လည်း။ မည်သို့ပါကြောင်းများကို သိအောင်စုံစမ်း၍ပြီးမှ။ ရှေ့တော်သို့ ဝင်ရစေပါမည် လျှောက်လေသော်။ မင်းကလည်း ကြိုက်တော်မူလေသည်။ ယင်းသောအခါ၊ အမတ်ကြီးက၊ ထိုအထုပ်ကို ကြည့်လေရာ။ ရွှေချည်ဖြင့် ယက်သည့်ပမာ။ လုံစွာထုပ်၍ မြင်လတ်မူ။ အမတ်ကြီးကြံသည်ကား။ ဤကဲ့သို့ ထည့်ရိုးမရှိသည်ကို ထည့်ခဲ့သော်။ ထိုအထုပ်၌ အကြောင်းရှိရာသည် ဆင်ခြင်လျက်။ အဘိုးသပြာတစ်ထောင်တန်။ ပရိကပါရာဟူသော ပိတ်အုပ်ကို။ ခဝါသည်သို့ အစုတ်အပြတ်မပါ ပြုပြီးသော်။ အခေါက်အတွင်း ခဝါသည် မမြင်သောအရပ်၌။ တိတ်တဆိတ် ကပ်ကြေးနှင့် ကိုက်ပြီးသော်။ ဂုံညင်းခန့်ထားလိုက်၏။ ထိုအထည်ကို ခဝါသည်သို့ ပေးလိုက်လေသည်။ ခဝါသည်လည်း အိမ်သို့ရောက်လျှင်၊ ထိုပိတ်အုပ်ကို ရေဆွတ်လျက်ဖွပ်လျှော်၍။ လှမ်းသောအခါ၊ ထိုအပေါက်ကို မြင်လေရာ၊ အလွန် ကြောက်လှသည်နှင့်။ သဘော်ဆိပ်သို့ သွားပြီးမူ၊ ထိုအပေါက်ကို ဖာတတ်သောသူအား ရှာလေသော်။ သဘော်က အပ်လျှိုသမားကို ရခဲ့၍ ဖာစေလေရာ။ ထိုအထည်သားနှင့်အတူ။ အပ်လျှိုသမား ဖာပြီးမှ။ ခဝါသည်သည် အမတ်ကြီး သို့ အပ်လေလျှင်။ အမတ်ကြီးလည်း။ ထိုပိတ်အုပ်ကို ဖြန့်၍ကြည့်လေသော်။ အစုပ်အပေါက်မရှိ၍၊ ရှာမရသောအခါ၌ အမတ်ကြီးလည်း၊ ကိုက်ယူထားသောပိတ်ကို၊ ခဝါသည်ကိုပြလျက် မေးလေမူ။ ခဝါသည်က ဖာသူကို ဆိုလေသော်။ အမတ်ကြီးကြံပြန်သည်ကား။ <u>မြန်မာကိုပြုဒါး၊</u> ကုလားကိုမဲနား။ ရှေးသူဟောင်းတို့ ဆိုရိုးရှိသည်။ ထိုကုလားကို ခေါ်၍ပေး ရမည်။ အကြောင်းကို မေးမြန်းသည်ကာလ။ သူချုပ်သောအထုပ် မှန်ကြောင်းကို မသိစေနှင့် ပိတ်ပင်လျှက်၊ သပြာတရာ ကုလားကိုပေးပြီးမှ၊ ထိုကျောက်ထုပ်ကို တိတ်တဆိတ် ယူစေပြီးသော်။ ပြည့်ရှင်မင်းထံ ဝင်လေ၍၊ ကျောက်ထုပ်ကို ဖွင့်ကြည့်ရာ၊ ချက်ကျောက်ပတ္တမြား ခုနစ်လုံး ပါသည်ကိုမြင်လတ်သော်။ အမတ်ကြီးက သပြာတစ်ထောင်တန်စီသော ပြည့်ရှင်မင်း ကျောက်ကောင်းခုနစ်လုံးကို။ ထိုအထုပ်၌ထည့်၍၊ ချက်ကောက်ခုနစ်လုံးကို ယူထားပြီးလျှင်၊ အထက်အတိုင်း သေချာစွာ ထိုကုလားကို ထုပ်စေသည်။ ပြီးမူ ထားမြဲနေရာသို့ ထားလေစေသည်။ ထိုသို့အကောက်လာသောအမှုကို၊ အကောက်ဉာဏ်ဖြင့် အောင်စေပြီးမှ။ ကုလားအမတ် ဒါကုစီကို မင်းထံသို့ လက်ဆောင်နှင့်ဝင်စေသည်။ ရှေ့တော်သို့ ရောက်၍။ ထိုကျောက်ထုပ်ကို၊ ကုလားအမတ် ဒါကုစီသို့အပ်၍၊ ဖွင့်စေသော်။ အဘိုးအများထိုက်သော ကျောက်ကောင်း ခုနစ်လုံးကို ကုလားအမတ်မြင်လတ်သော်။ ခေါ်ဒါအရှင်အမှန်ဖြစ်ပေသည်ဟူ၍။ ကုလားဒါကုစီ အလွန်ကြောက်လန့် ရှိသေစွာနှင့်။ မကာဘုရားကုလားတို့ အထွက်မှန်ပေသည်။ ထိုသို့အောက်မေ့လျက်၊ အကြိမ်များစွာ။ ဘာသာရှိခိုးခြင်းဖြင့်၊ ရှိခိုးလေသည်။ ထိုကုလားအမတ် ဒါကုစီမြင်သောအခါ၌သော်ကား။ အစ်ကိုတို့ အရှင်ရုံးမင်းသို့လည်း၊ ပတ္တမြားခုနစ်လုံး ပေးလိုက်မည်။ ကျောက်ကောင်းခုနစ်လုံးကို ကုလားသို့ပြုပြီးလျှင်။ အမတ်ကြီးသို့ ထိုကျောက်ကို အပ်တော်မူလေသည်။ အမတ်ကြီးလည်း မင်းအပ်သော ပတ္တမြားခုနစ်လုံးကို၊ ထိုကုလားအမတ် ဒါကုစီရှေ့ ကောင်းမွန်စွာထုတ်လေ၍၊ ထိုကုလား မရှိနောက်၊ ကုလားတွင်ပါသော ချက်ကျောက်ခုနစ်လုံးကို၊ ထိုအထုပ်နှင့်တူအောင် ထုပ်စေပြီးမှ၊ ကုလားအမတ်သို့ အပ်လေသည်။ ထိုကုလားအမတ်လည်း၊ ကောင်းမွန်ရိုသေစွာ ဆောင်ယူပြန်လေ၏။ မိမိအရှင် ရုံးမင်းထံဆက်လေသော်။ ထိုအထုပ်ကို ဖြေ၍ကြည့်လေသောအခါ၊ ပေးလိုက်ရင်း ချက်ကျောက်ကို မြင်လတ်မူ။ ကုလားမင်းက အကြောင်းကိုမေးသောအခါ။ ကုလားအမတ် ဒါကုစီ သိတိုင်းမြင်တိုင်း အရပ်ရပ်စကားကို လျှောက်လေ သော်၊ ကုလားမင်းက မကာဘုရားခေါ် ဒါအရှင်အမှန်ပင်ဖြစ်သည်။ ဖူးမြော်သင့်သည်။ ယင်းသို့ဆိုပြီးလျှင်၊ ရုံးမင်း ကိုယ်တိုင် လက်ဆောင်ပဏ္ဏာအများ။ သဘော်အဆင်းတစ်ရာနှင့် လာရောက်ဆက်သပြီးသော်။ မြန်မာဘာသာအများ သင်စေ၍။ ခြေတော်ရင်းတွင်။ ကျွန်ခံထားပါမည်လျှောက်ပြီးမူ။ ရုံးမင်းသားအလတ် ရှာအလင်းကို စေသုံးရန် ကျွန် တစ်ထောင်ပေးအပ်ထားခဲ့ပြီးမှ။ အမတ်ကြီးသို့ အပ်တော်မူ၍။ မြန်မာဘာသာအက္ခရာစာများကို သင်လေစေသည်။

တရံရောအခါ၌လည်း။ အရှေ့ပုဂံမြို့နေ ရဟန်းတစ်ဦးရောက်လာရာ။ ရိုးကျွန်းအမရာတောင်တွင်နေလေ သည်။ ထိုရဟန်းအား၊ ရိုးကျွန်းသားတို့ လျှုဒါန်းလျက်၊ မပြတ်ကြည်ညိုကြသော်။ စည်းချောင်းစား သတိုးအောင်သည်။ ထိုတောင်ကြား၌၊ သားပိုက်လိုက်မည်သွား၍၊ ထိုရဟန်းနှင့်တွေ့လေရာ၊ သဘောနှီးနှောပြောဆိုပြီးမူ။ ပြန်လာခဲ့၍။ ပြည့်ရှင်မင်းကြီးထံ ရဟန်းသူတော်ကောင်းတစ်ဦး၊ ပုဂံသားရိုးကျွန်း အမရာတောင်ကြား၌ သီတင်းသုံး၍နေသည် တွေ့ခဲ့ကြောင်းနှင့်၊ ပြည့်ရှင်မင်းကြီးထံ လျှောက်လေသော်။ ထိုအကြောင်းကို မင်းက၊ အမတ်မဟာပညာကျော်ကို မေးတော်မူလေရာ။ <u>မဟာပညာကျော်အမတ် လျှောက်ထုံးသော်ကား။</u> အရှင်မင်းကြီး စည်းချောင်းစား သတိုးအောင် သည်။ သူတော်ကောင်းကို သိနိုင်မည့် ပညာရှိအံ့မထင်ပါ။ ရှေးသူတော်ကောင်းတို့ စကားတွင်လည်း။ အမှုတကာကို

ယုတ္တာယုတ္တိ၊ နိုင်းညှိ၍ မသိတတ်သောသူအား လူမိုက်ဖြစ်ပါသည်။ လူမိုက်၌အင်္ဂါလေးပါးရှိပါကြောင်း။ လေးပါးဟူရာ၌ မေထုန်မှီဝဲခြင်း။ ဝစ္စာစားခြင်း။ အိပ်စက်ခြင်း။ အသက်မွေးမှုဥစ္စာကို ရှာမှီးခြင်း။ ထိုအကြောင်းနှင့်သာ အလေ့အလာ ရှိသောသူသည်။ သူမိုက်။ ထိုသူမိုက်တို့သည် အစားမတတ်၊ အဝစားလေရာသည်။ ခရီးမသိ၊ အရောက်သွားလေရာသည်။ စကားမတတ်၊ ဒုစရိုက်ပြောလေရာသည်။ ကျိုးပြစ်မသိ၊ ဆိုမိဆိုရာ ဆိုလေရာသည်။ ယင်းသို့ ထုံးသက်သေရှိပါသည်။ စည်းချောင်းစား သတိုးအောင်လည်း။ ပညာရှိထံ ဆည်းကပ်သောသဘောမရှိ။ သူယုတ်တို့နှင့် ရောပြွမ်းပေါင်းဘက်၍၊ သောက်စားရစ်မူး- ငါးထိုးသတ်ပျော်ရွှင်မှုကိုသာ အားပြုလျက် နေလေသောသူ ဖြစ်ပါသည်။ စည်းချောင်းစား တွေ့ခဲ့သောသူသည် စည်းချောင်းစားနှင့် တူသော သူသာဖြစ်တန်ရာပါသည် လျှောက်လေသော်။ မင်းကြီးလည်း မည်သို့မဆိုနေတော်မူလေသည်။ ကာလမမြင့်မီ။ ထိုရဟန်းသည်။ အမရာတောင်ထိပ်၌ရှိသော ဓာတ်တော်စေတီကို ဖြိုဖျက်တူး၍၊ ရှေးမင်းတို့ ဌာပနာထားခဲ့သော ရွှေငွေအလုံးစုံကို ယူ၍ထွက်ပြေးလေရာ။ ရိုးကျွန်းသားတို့ လိုက်လံဘမ်းဆီးလေမူ။ ဆပြင်ကမာတောင်ခြားလမ်း၌ တွေ့မိရခဲ့၍။ ထိုရှင်ယောင်နှင့် ရွှေငွေပါ မင်းထံဆက်လာလျှင်။ ထိုအကြောင်းကို အမတ်ကြီးမင်းထံ လျှောက်ပြန်သည်ကား။ အရှင်မင်းမြတ်။ တရာကျမ်းဂန်လာသည်မှာ၊ ဘုရား၊ တရား၊ သံဃာ၊ သုံးပါးသော ရတနာမြတ်၌ ပြစ်မှားသောသူသည် သူယုတ်မာ၊ သူတော်ကောင်းတို့ ရှောင်ရှားအပ်ကြောင်း၊ ကျမ်းဂန်ထွက်ရှိပါသည်။ ထိုသူယုတ်ကိုပင်၊ သူတော်ကောင်းအမှတ်ထင်လျက် သဘာဝတူ ရိုးကျွန်းသားတို့ ပြုလေရာ။ အရှင်မင်းတို့ကောင်းမှု ပျက်စီးရလေသည်။ လောကီ၌၊ သူခိုးလက်ခံသူနှင့်၊ ရိုးကျွန်းသားတို့ တူပါသည်။ သင်တို့လည်း သံသရာ၌ အပြစ်ထိုက်ရောက်လေရာသည်။ ယင်းသို့အရာတွင်၊ မိမိတို့ဆရာဖျက်ဆီးသော ဓာတ်စေတီကို အထက်နည်းတူအောင် ကောင်းမွန်စွာ။ ထိုရှင်ယောင်ယူခဲ့သော ရွှေငွေဌာပနာများကို ထည့်မြဲထည့်၍၊ ရိုးကျွန်းသားတို့က တည်လုပ်စေရမည်။ ထိုဓာတ်တော် စေတီပြီးအောင်ကိုလည်း၊ စည်းချောင်းစား ကြည့်ရှုကြပ်ရပါမည်။ ထိုပုဂံသား ရှင်ယောင်မှာ။ အများသိထင်စိမ့်သောငှါ စာထိုးပြီးလျှင်၊ မိမိတို့နေရပ်သို့ ထုတ်နှင်လိုက်ရပါမည်လျှောက်လေလျှင်။ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍၊ အမတ်ကြီးလျှောက်သောစကားအတိုင်း **ဖတ်မရပါ** လေသည်။ စည်းချောင်းစား သတိုးအောင်လည်း။ နောက်နောင်အမတ်ကြီး **ဖတ်မရပါ** ဆုံးမတော်မူပါဟု ဝန်ချ၍၊ ဝတ်စုံတန်းဆာနှင့် အမတ်ကြီးကို ကန်တော့လာသည်။

တရံရောအခါ၊ စည်းချောင်းစား သေလွန်ရာ။ **ဖတ်မရ** ကုလားမျှာလိက။ သပြာတထောင် မိဖုရားကြီးသို့ ဆက်ကာ **ဖတ်မရ** စားအရာကို ခံလေသော်။ မင်းကြီးအမိန့်တော်ရှိသည်ကား။ နံနက်မင်းပွဲခံရာ၌ လျှောက်စေတော့။ အမိန့်တော်ရှိသည်နှင့်။ နံနက်မင်းပွဲခံရာ၌။ ကုလားမျှားလိလျှောက်လေရာ၊ ယင်းသောအခါ၊ <u>အမတ်မဟာပညာကျော်မင်းထံလျှောက်ထုံးသော်ကား။</u> ။ အရှင်မင်းမြတ်၊ မြန်မာနှင့်ကုလားသည်။ လူချင်းသားတူသည်။ စိတ်ချင်းမတူပါ။ မြန်မာတို့ မိရိုးဖလာအယူအကျင့်မှာ ဘုရား၊ တရား၊ သံဃာ။ ဤသုံးပါးသော ရတနာမြတ်ကို၊ ကြည်ညိုမြဲမြံ စောင့်ထိန်းမှုသာ၊ သာသနာတည်သည်။ ယင်းသို့သော တရားနှင့်။ ကုလားအယူ မတူချေ။ ရုပ်ပွားဆင်းတု ဓာတ်တော်မွေတော်များကို၊ လက်အုပ်ချီမိအံ့။ လက်အုပ်ကို ဖြတ်၍ပစ်စေ၊ ယင်းသို့ ကုလားဘုရားအမှာ-ကျမ်းဂန်ရှိသည်ဆို၍၊ အယူနှင့်နေသူများဖြစ်ပါသည်။ မြန်မာတို့မင်းကျင့်ဝတ် သင်္ဂဟတရားလေးပါး၌လည်း။ မြတ်စွာဘုရားအယူတော်ကို။ ပြည်သူတို့အား ညွှန်ပြဆုံးမတတ်မှသာ မင်းကောင်းမင်းမြတ်ဟူ၍၊ မြန်မာတို့ဘုရားအမှာ ကျမ်းဂန်ဝင်လာပါသည်။ ကုလားနေရပ်ကျေးရွာမှာ၊ မြန်မာတို့ မှူးမတ်တို့ကို ထားအံ့။ မင်း၌အကျိုးလိုရာ ရောက်ပါသည်။ မင်း၌လည်း သင်္ဂဟတရားတည်သည်။ ယင်းသို့မဟုတ်။ မြန်မာတို့နေရပ်၌ ကုလားကို မှူးမတ်ထားလေသော်။ ကုလားတို့အယူပါအောင် သွေးဆောင်၍ပြုလေရာ။ မြန်မာတရားကွယ်လျက်၊ ကုလားအကျင့်သို့ ပါလေသော်။ ပြည်သူအား သနားခြင်းမရှိ။ အမျိုးမစောင့်။ မင်းမတရား။ ထိုမင်း၌ သင်္ဂဟတရား မရှိ။ ထိုမင်းအစိုးရသောနိုင်ငံ၌ မိုယ်းမမှန်။ အသီးအပွင့်မညီ။ အရသာမရှိ။ ဥတုရာသီမဖြောင့်။ ဓာတ်လေးပါး ချောက်ချားကြောင်းဖြစ်၍။ ရှေးပညာရှိတို့အမှာ ရှိပါသည်။ ကုလားမျှာလိကို ကျေးစားရွာစား မြို့စားပေးတော်မူလေလျှင်။ တိုင်းပြည်အတွင်း ကုလားမြို့ရွာအများ ရှိပါသည်။ မိမိတို့အကျင့်အယူတူရာ သဘာဝချင်းသာ ကျေးစားရွာစား ပေးရပါမည်။ အရှင်ဘုရားသည် သိက္ခာတော်ခုနစ်ပါး စသော သာဓုနရတရားကို လွှတ်တော်မမူသင့်ပါ လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးက မိဖုရားကြီးအား အကျိုးအပြစ်ကို ပြ၍ ဆုံးမလျှောက်ထားရမည် အမိန့်တော်ရှိလေသော်။ မိဖုရားကြီးသည် အလွန်ရှက်လှ၍၊ ကုလားမျှားလိသို့ ငွေတစ်ထောင်ကို ပြန်ပေးတော်မူပြီးလျှင်။ အမတ်ကြီးကို ခေါ်စေ၍။ နောက်နောင်မလျော်သမျှကို သမီးအမှတ်ထား၍၊ ဆုံးမပါ အမိန့်တော်ရှိပြီးသော်။ အမတ်ကြီးသို့။ ဝတ်စုံတန်းဆာ ဆုပေးတော်မူသည်။

တရံရောအခါ၌၊ တောနေရဟန်းတစ်ဦးကို၊ မိန်းမတစ်ယောက်သည်၊ မပြတ်ဆွမ်းပို့လှူလေရာ၊ ထိုမိန်းမသည် ကျောက်ချပ်အပြင် သစ်ပင်အောက်တွင်-အစဉ်အိပ်လျက် နေခဲ့ပြီးမှ၊ အိမ်သို့ပြန်လာခဲ့သည်။ ကာလရှည်လတ်သော်၊ ထိုမိန်းမ၌ ပဋိသန္ဓေရှိလတ်မူ။ ထိုရဟန်းကို သင်္ကာမကင်းစွဲလျှောက်လေရာ။ တောနေသူမြတ် သံဃာတော်ကလည်း။ မဟုတ်မမှန် မမှားမယွင်းရ အဆိုနှင့် ပြည့်ရှင်မင်းထံရောက်လေမူ။ ပြည့်ရှင်မင်းကြီးလည်း၊ မဟာပညာကျော်ကို၊ ထိုအမှုကို အပ်လေသော်။ <u>အမတ်ကြီးစီရင်သောထုံးမှုကား။</u> ။ မိန်းမလေးမျိုး၌၊ ဟတ္ထရဏီ၊ စိတြဏီ၊ ထိုမိန်းမနှစ်မျိုးသည် ယုတ်သောမိန်းမမျိုး။ ဟတ္ထရဏီကုလရက္ခဇာတကံ၊ စိတြဏီကုလဗျဂ္ဃဟိန္န။ ဟူ၍ ရှေးပညာရှိတို့၊ အမှာရှိသည်။ ဟတ္ထရဏီမိန်းမတို့သော်ကား။ ရက္ခိုသ် ဘီလူးစိတ်နှင့်တူ၏။ ယင်းသို့ လောကီကျမ်းဂန်လာသည်။ ဤမိန်းမသည် စိတြဏီလက္ခဏာ ဝင်ချေသည်။ အအိပ်လွန်ရာသော အကြောင်းရှိမည်။ ဉာဏ်ဖြင့် အမတ်ကြီးဆင်ခြင်လျက် အမှုလည်း ပြီးအောင် စီရင်ရမည်။ ဆွမ်းကိုလည်း ပို့မြဲပို့စေဆို၍၊ ထိုမိန်းမ မပြတ်ဆွမ်းပို့ရပြန်သော် အမတ်ကြီးက ထိုမိန်းမနောက် ကြည့်ရှုရန်၊ လူထည့်၍ကြည့်စေလျှင်၊ ဆွမ်းပို့၍အပြန်တွင် အိပ်မြဲသစ်ပင်အောက်၌ အိပ်လေရာ။ ထိုသစ်ပင်က မျောက်ထီးကြီးတစ်ခုသည် သက်လာ၍။ ထိုမိန်းမကို စပ်ရှက်သောအကြောင်းကို မင်းစေတမန်တို့ မြင်လေလျှင်။ ထိုအကြောင်းကို အမတ်ကြီးထံ လျှောက်လေရာ။ ထိုမိန်းမကို ခေါ်လျက်။ ဟဲ့ မိန်းမ၊ ကျောင်းကဆွမ်းပို့၍ အပြန်တွင်။ အိပ်သောသစ်ပင်ထက်၌ လင်ရှိသည်။ မွေးသောအခါ၊ ထိုသူငယ်မျက်နှာတွင် အမွေးပေါက်လျက်၊ မျောက်ခေါင်းကဲ့သို့ ပါလာမည်။ ယင်းသို့ဆို၍၊ ထိုမိန်းမသန္ဓေစေ့လတ်ရာ ဘွားသောသူငယ်သည်။ ဦးခေါင်းမှာ မျောက်ဦးခေါင်း၊ ခြေလက်မှာ လူ့ခြေ လူ့လက် ဘွားမြင်လေသောအကြောင်းကို၊ ပြည့်ရှင်မင်းကြီး သိလေသော်။ အမတ်ကြီးသို့ တရားဆုသပြာ တထောင်ပေးတော်မူ၍၊ ထိုတောနေအရှင်မြတ်အားလည်း၊ ပစ္စည်းလေးပါးတကာပြည့်ရှင်မင်းကြီးက ခံတော်မူလေသည်။

တရံရောအခါ၌၊ ပဲခူးမင်း ကျော်ထင်နော်ရထာသည်။ ယိုးဒယားပြည်ကို ချီသွားတိုက်ဖျက်လေရာ။ ယိုးဒယားမင်း၏။ ဗျာသာတိရာဇာအမတ်-ဘွန်စောမှိုင်း သက်လွတ်ထွက်ပြေးလာ၍၊ မြောက်ဦးမြို့သို့ ရောက်လေသော်။ ပြည့်ရှင်မင်းကြီးက အစားအသုံးအဝတ်မှစ၍ နေရန်အိမ်ပေးတော်မူပြီးမှ။ အမတ်မဟာပညာကျော်နှင့် ထွက်ဝင်ခစားစေ အမိန့်တော်ရှိလေသည်။ နောက် ငါးလခန့်ရှိလတ်မူ။ ယိုးဒယားမင်းအမတ် ဘွန်စောမှိုင်း အရည်အချင်းကို သိတော်မူလေလျှင်၊ <u>အမတ်ကြီးလျှောက်သောထုံးကား။</u> ။ အရှင်မင်းမြတ်၊ ယိုးဒယားအမတ်-ဘွန်စောမှိုင်းသည်။ လက်ရုံးရည်ထက် နှလုံးရည် အလွန်ရှိပါသည်။ မောဟတရားအားကြီးသူ မဟုတ်ပါ။ မျိုးမတ်ကောင်းတို့လက္ခဏာ၊ ပညာရှိအင်္ဂါစုံသော မင်းသုံးလိမ္မာသော ဉာဏ်ရှိသူဖြစ်ပါသည်လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးကလည်း၊ ထိုသူ့နှလုံးရည်ကို ငါသိတော်မူပြီးဖြစ်သည်။ အမိန့်တော်ရှိ၍ အမတ်ဒါဂါစား ကိုယ်လုပ်တော်မင်းညိုကို ထုတ်၍ပေးမြားတော်မူပြီးသော်။ ကံသာမြို့ကို ပေးတော်မူလေသည်။ တနှစ်ခန့်ရှိလျှင်၊ ကံသာမြို့မြောက် တလံအကွာတွင်ရှိသော ကမ္ဗိုရှုပိမင်းကို၊ ယဉ်ကျေးအောင် နှလုံးရည်ဖြင့် ညှဉ်းဖြောင်း၍၊ ကံသာစား ဘွန်စောမှိုင်းနှင့် မိတ်ဝင်ကြလေရာ၊ ကမ္ဗိုရှုပိမင်းမာရတွန့်သမီး နာလမလ္လာကို ဆက်သ၍။ ထားလုံ့မကျိုးဘဲ- ကမ္ဗိုရှုပိမင်းခြေရင်းတော်သို့ ဝင်ရောက်လာရသည်။

တရံရောအခါ ပဲခူးမင်းကျော်ထင် နော်ရထာက စေဟန်နှင့် လူနှစ်ယောက် ကြိမ်သလီလမ်းလာရာ။ ထိုသူနှစ်ယောက်တို့ကို တောင်ခွင်စားက ခေါ်စေသော်။ အတွေ့မခံ။ စာကိုချပစ်ထားခဲ့၍၊ ထွက်ရှောင်ပြေးလေမူ။ ထိုစာကို ဆောင်ယူခဲ့လျက်။ ပြည့်ရှင်မင်းထံ ဆက်လေမူ။ စာထည့်သော အထုပ်တံဆိပ်လက်မှတ်ကို ဖြေ၍ဘာသာကြည့်လေရာ၊ ပါလာသည်ကား။ အမတ်ဘွန်စောမှိုင်းသည်၊ ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိရိုသေစွာ အမှုတော်ထမ်းဆောင်၍၊ ရက္ခပူရတိုင်းကို အလိုတော်ပြည့်လျှင်။ ပိတ်ကလုပ်မြို့ကို အပိုင်စားသနားတော်ခံစိမ့်မည်။ မင်းတို့စကားကို ဆင်စွယ်ပမာ ဘောက်ပြန်ခြင်းမရှိ၊ ဂတိထားတော်မူ၍၊ ရက္ခပူရတိုင်းသို့ စေတော်မူသည်။ သုံးနှစ်ကျော်ရှိပြီး။ မည်သို့အကြောင်းအရာ။ မည်သည့်ရက်လ-ချီတော်မူလာလျှင်။ အရေးတော်ကုန်မည်။ ထိုပြည်၌ မျိုးမတ်မြို့စား။ မည်သည့်လူတို့နှင့် ပေါင်းဘက် ညီညွတ်မိသည်များကို၊ နှလုံးရည်ဖြင့် ပြည့်သည့်အတိုင်း၊ စေလူရောက်ချိန်သင့်လျက် မရောက်မလာသည်မှာ။ မပေါက် မရောက်မစေသာ၍ ကြာလေသည်။ ယိုးဒရားမင်း အမတ်ပင်ဖြစ်သော်လည်း၊ မျိုးကောင်း မတ်ကောင်းတို့အင်္ဂါ ပြည့်စုံသည်ဖြစ်၍၊ ပညာအလျောက် ယုံကြည်သုံးတော်မူသည်။ အမှုကို ဉာဏ်ဖြင့်ကြံတော်မူပြီးသော်။ မှာတော်မူရင်း စကားရောက်အောင် လျှောက်တင်စေလွှတ်မှ၊ ပညာရှိအင်္ဂါမြောက်သည်။ ယင်းသို့ စာတွင်ပါလာသည်ကို ကြားသိတော်မူလေရာ။ အမတ်ကြီးမဟာပညာကျော်က ပြည့်ရှင်မင်းထံ လျှောက်ထုံးမှုကား။ ။ အရှင်မင်းမြတ်၊ မင်းနှင့်အမတ်တို့၌၊ ဝင်္ကတရိဘေဒနည်းကြံသောအားဖြင့်။ ကြံရာသောအကြောင်းသည်လည်း ဉပကပ်ဉာဏ်တည်း။ ဉပါယ်တမည်ဖြင့် စဉ်းလဲ၍ အမှာအထား စကားရောက်ရှိသည်ဟူ၍၊ တတိုင်းတပြည်၌ရှိသော သူကို မလိုသူတို့က သေစေကြောင်း

စကားအမှာစာပါးစေ၍ ကြံခြင်း။ ပယောဂကပ်ဉာဏ်သည်ကား အင်း၊ မန္တန်၊ ဆေးဝါး၊ ယတြာပြု၍ ထိုသူအား သေစေမှုကြံခြင်း။ ထိုသို့နှစ်ပါးရှိပါသည်။ တကြောင်းမှုကား။ အကြည်တော် ကျော်ထင်နော်ရထာမင်းသည်။ တလိုင်းတို့ နိုင်ငံ၌ မင်းပြုလျက်။ စစ်မက်အလိုကြီးစွာ၊ သတ္တဝါအပေါင်း သေကြေပျောက်ဆုံး၊ လက်ရုံးမာနထောင်လွှား၊ တရားအကျင့်အကြံနှင့်သာ။ ဘုရားစသော သူတော်ကောင်းတို့ မနှစ်လိုသော အမှုနှင့်နေလေသော်။ ထိုမင်းမိမိတိုင်းပြည် သားတို့အားလည်းကောင်း။ အခြားတိုင်းတပါးတို့အားလည်းကောင်း ငြိုငြင်ကြ၍ ပျက်စီးစေလိုသောနှလုံးဖြင့်။ သုံးဘန်လှဉာဏ်ချဆဲ။ ခဲပစ်ပြုတတ်သောအကြောင်းလည်း ရှိရာပါသည်။ ယင်းသို့အကြောင်းတစ်ခုနှင့် စာသာဖြစ်ပါ သည်။ ကံသာမြို့စားဘွန်စောမှိုင်း ကျေးဇူးသစ္စာတော် ဘောက်ပြန်စဉ်းလဲသဖြင့်။ ထိုစာတွင်ပါသည့်အတိုင်း ကျင့်ကြံဝင်ရောက်လာသူ မဟုတ်ပါလျှောက်လေသော်၊ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍။ ကံသာမြို့စား ဘွန်စောမှိုင်းကို ခေါ်၍မျှ မေးတော်မမူ။ သမီးသံဟု အမည်ကိုသာထပ်၍ ပေးပို့သနားတော်မူလေသည်။

တရံရောအခါ၊ အမ်းစားချစ်သူ သေလွန်၍၊ ပြည့်ရှင်မင်းငယ် ကျွန်ငလုံးတင်က၊ အမ်းစားအရာကို မင်းထံ လျှောက်လေသော်၊ ပြည့်ရှင်မင်းက အမတ်ကြီး မဟာပညာကျော်ကို လျှောက်ချေ အမိန့်တော်ရှိရာ။ ငလုံးတင်လည်း အမတ်ကြီး မဟာပညာကျော်ကို လျှောက်ချေအမိန့်တော်ရှိရာ။ ငလုံးထင်လည်း အမတ်ကြီးထံလာ၍။ ထိုအကြောင်းကို ဆိုလာသော်၊ အမတ်ကြီးကဆိုသည်ကား၊ ယခုစား၍နေသည့် ခွန်သေရသော သဘော်ကင်းသာကောင်းသည်။ အမ်းစား အရာနှင့်မတော်။ ယင်းသို့ဆိုလိုက်သည်ကို ငလုံးတင်မနေ။ ငယ်ကျွန်ဖြစ်သော ဂုဏ်ကို ကြေးစားလျက်။ နံနက်မင်းပွဲ ခံရာ၌ လျှောက်လေသော်။ အမတ်ကြီးကို ပြည့်ရှင်မင်းက မေးတော်မူလျှင် လျှောက်သောထုံးမှုကား။ ။ ပြည့်ရှင်မင်းမြတ်၊ ရေမြေကို အစိုးရသော မင်းတို့၌ အနီးအဝေး မရွေးသာချေ။ ပြည့်ရှင်မင်း ထိုနှစ်ခုကို သိတတ်သောသူအား မင်းပါး၌ လည်းကောင်း၊ အဝေးပေးစေအရာထားရာ၌လည်းကောင်း၊ ပြည်ကြက်သရေရှိ၍။ ပြည့်ရှင်မင်း၌ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးလှသည်ပင် ဖြစ်ပါသည်။ ယင်းသို့မဟုတ်၊ အလိမ္မာမရှိသော သူတို့။ ကျိုးပြစ်မသိ၊ မိမိတို့စိတ်ကြိုက်၊ မင်းလိုလိုက်သည်ဟူလျက်။ မြို့ရွာပေးကမ်းမြှောက်မြှင့် ပြုလေရာ၊ ပြည်ရွာမသာ၊ သတ္တဝါပင်ပန်းချေက၊ ထိုသူကြောင့်၊ ထိုမင်းအပယ်လားလေရာသည်။ တကြောင်းမှုလည်း၊ တယောက်အား သဒ္ဒါတော်မူ၍။ တရွာတပြည်မြို့ပြည်ရှင်တို့ အပျက်မခံကောင်းပါ။ ကျွန်တော်မျိုးငလုံးတင်သည် ပညာရှိနှင့် ဘက်ခြင်းမရှိ၊ ကြက်တိုက်-အန်ခတ်၊ စောင်းညင် ပတ္တရား၊ သောက်စားပျော်ရွှင်မှုနှင့်သာ နေမိနေရာဆိုမိဆိုရာ၊ ပညာမရှိပါ။ ထုသူအား တမြို့တရွာထားချေသော် မြို့ရွာဟူ၍ သတ္တဝါပင်ပန်းခြင်းသို့ ရောက်မည်အမှန် ဖြစ်ပါသည်။ အပါအောက်တွင်သာ ဝမ်းစာဝရုံပေးလျက် ထားသင့် ပါသည်။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍၊ ငလုံးတင်ကို စားမြဲသတော်ကင်းနှင့်သာ ထားတော် မူလေသည်။ အမ်းစားအရာကိုမူကား၊ ကံသာစားးသမီးသည်။ ဗြကွန်းဆိုင်းကို ဗြသမွန်အမည်နှင့် ပေးတော်မူလေသည်။

တရံရောအခါ၊ ထားဝယ်သား-အလောမှုဘတ်ညွှန်သည်။ လူပေါင်းယောကျ်ားမိန်းမတထောင်နှင့် ဝင်ရောက် လာသောအခါ၊ အမတ်မဟာပညာကျော် လျှောက်သည်ကား။ ။ အရှင်မင်းမြတ်၊ တတ်ညွှန့်တို့သည် ရှေးဘေးတော်မင်း များလက်ထက်၊ မရိပ်မချောင်းနေ-မြုံကိုးသောင်းသား အမျိုးတို့။ ငြိမ်သက်စွာမနေ။ တစ်မြို့တစ်ရွာကိုသာဖျက်၍၊ အစဉ်ပြုကျင့်ဆိုးသွမ်းသောကြောင့်၊ ထိုအရပ်က သင်းတို့ကို သိမ်းခေါ်၍။ ဘီတော်ဒသရာဇာမင်းက မာဂ့်အောင်ကျွန်း တွင် ချထားတော်မူရာ။ တနှစ်ခန့်ရှိသော ထွက်သွားလေ၍၊ ယိုးဒယားနှင့်ပဲခူးတို့ နှစ်ပြည်ကြားတွင် နေလေရာ။ မြုံကိုထားဝယ်တွင် ထားလေသည်။ ယင်းသို့ ဇာတိရင်းပမာသော်ကား။ တောဌ်ကြီးပြင်းသော သတ္တဝါတို့ကို လုယူ၍၊ မွေးထားသော်လည်း၊ တပါးသောအကောင်ဖြစ်လျှင်၊ ယဉ်ကျေးပျော်ပိုက်ကြသည်ပင်၊ တောကြက်အမျိုးသည် လုံစွာထားတတ်မှ နေပါသည်။ မလုံလွတ်ချေမူ။ မိမိတောသို့သွားလေသည်။ ထိုအတူ၊ မြုံထားဝယ်၊ ဗသျှူး၊ လေးတူး၊ ချင်း၊ လင်းကဲ၊ ကချင်အမျိုးသားတို့သည်၊ တောကြက်နှင့်တူပါသည်။ တိုက်ယူလုယက်၊ စားသောက်မပြုရသော အရှည်နေမည့်လူမျိုးမဟုတ်ပါ။ သင်းတို့စိတ်ကြိုက်လုယက်တိုက်နေရမှသာ ပျော်ပိုက်ရှည်ကြာမည့်လူမျိုး ဖြစ်ပါသည်။ လူရှိသောမြို့ရွာအနီးအပါး ချထားချေမူ။ သင်းတို့သွေးဆောင်ရာ ပါသွားလေ၍။ လူဆိုးကြောင့် လူကောင်းပျက်တတ်ပါ သည်။ သင်းတို့ချည်း တစ်စုချည်း တစုတည်း အုန်းကျွန်းမှာ ချထား၍၊ အုန်းသီးဘဏ္ဍာကိုသာ နှစ်စဉ်သင်းတို့က သွင်းစေရမည်လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍၊ မြုံထားဝယ်တို့ကို အုန်းကျွန်းမှချထား လေသည်။

တရံရောအခါ၊ ဒါဂါစားသို့ ကုလားသူဌေး အစလင်ခံဆိုသူက။ အထက်မင်းဗာကြီး-ကုလားဘင်္ဂါ တဆဲ့နှစ်မြို့ကို ချီသိမ်းတော်မူသည့်ကာလ။ နေတော်မူခဲ့သည့်နန်းတော်ရာတွင်၊ တိုက်တည်လိုကြောင်းနှင့် ရွှေသပြာတစ်သောင်း

လက်ဆောင်ပေး၍ပြောဆိုလေသော်။ ဒါဂါစားက၊ ဘုရားခမည်းတော်စံခဲ့သော နန်းတော်ရာဖြစ်သည်။ နေတော့ မဆိုဝံ့သေး။ သူဌေးရွှေသပြာတစ်သောင်းကို မင်းထံဆက်၍ လျှောက်တင်စေဦးမည်။ ယင်းသို့ဆိုပြီးမှ၊ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီးထံ လျှောက်တင်လာသော်၊ မင်းကြီးလည်း မည်သို့မဆို။ အမတ်ကြီး မဟာပညာကျော်ကို ကြည့်တော်မူလေရာ။ ထိုအခါ အမတ်ကြီးလျှောက်ထုံးမှုကား။ ။အရှင်မင်းမြတ်၊ ရှေးကာလ၌၊ ဝါသုဒေဝမင်းသည် အယုဇ္ဈပူရတိုင်း ဒွါရာဝတီမြို့တွင် မင်းမူ၍။ ဇမ္ဗူဒီပါကို အစိုးရဖြစ်လျက်။ ထိုမင်းပျက်ချိန်တန်လတ်မူ၊အမျိုး၌စောင့်ခြင်းမရှိ။ မင်္ဂလာတရား လွတ်ခြင်းကြောင့်။ ထိုမင်းသေခြင်းမလှ သေရသည်။ ဝေသာလီမြို့တွင်လည်း၊ ပြာဟ္မဏရာဇာမင်း၏ အနွယ်တော် နှစ်ဆဲ့ခြောက်ဆက်အဆုံး၊ ပြဟ္မသိဒ္ဓိမင်းသည် မိမိတို့အမျိုး ပျက်ချိန်ရောက်လတ်မူ။ မင်း၏အသုံးအဆောင်ကို ဖျောက်ဖျက်၍ ရှေးမင်းတို့ အသွားအနေအစား၊ အပြောအဆိုမတူ၊ ရှေးထုံးယုတ်လွန်နှင့် ရှိလေရာ။ ကပ်ဥပဒ်ကြီး ဆိုက်ရောက်ပျက်စီးကြောင်း၊ ဓညဝတီမြို့တည် မာရယုမင်းအနွယ်၊ ငါးဆဲ့လေးဆက်အဆုံးဖြစ်သော မင်းငယ်ပျို့လှ စည်သူသည်။ ကျိုးပြစ်ကို မသိတတ်သော သူယုတ်အမတ်စကားကို နာ၍။ ဘေးတော်-ဘီတော်-ခမည်းတော်တို့အား ပြစ်မှာလျက်။ ကန်သုံးဆင့်မြို့ဟူ၍တည်ပြီးသော်။ ရှေးမင်းတို့လုပ်ခဲ့ဘူးသော အခမ်းအနား။ ဘုရားပုထိုး ဂူကျောင်း ဇရပ်များကို၊ ဖျက်ဆီး၍။ ပြုမိပြုရာ၊ ထိုသူယုတ်အမတ်တို့နှင့်၊ ပေါင်းဘက်လေ၍၊ အမျိုး၌လည်း စောင့်သောတရားမရှိ။ ယင်းသို့ဖြစ်လတ်၍။ ပြည်သူငြိုငြင်ခြင်း ရှိသောအခါ၊ ထိုအမတ်ယုတ်တို့ ပုန်စားလေရာ။ ထိုမင်းသေလွန်၍ အမတ်သုံးယောက် မင်းမူကြလေသည်။ လူတို့၌ မိကြီးဘကြီးလုပ်ဆောင်ထားခဲ့သော အခမ်းအနား အဆောက်အဦးကို မဖျက်ဆီးကောင်းပါ။ ဖျက်ဆီးချေသော် အကျိုးမရှိ။ အပြစ်သာ ရောက်ကြောင်း သက်သေထင်ရှား ရှိပါသည်။ ထိုသို့ အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား။ ခမည်းတော်ဘုရား- ကုလားပြည်သို့ ချီသော ကာလ၊ စံတော်မူခဲ့သော နန်းရာများတွင်၊ ကျေးရွာချထာတော်မူခဲ့သည့်အတိုင်း။ မပျက်စေရ။ ကြီးကျယ်အောင် ပြုစုစေ။ စစ်တကောင်း ဒါဂါမြို့တို့တွင် တည်ထားခဲ့သည့် မြို့နန်းများကိုလည်း မပျက်မစီးစေရ။ ကောင်းမွန်စွာ အစောင့်နှင့်ထားစေ။ ယင်းသို့အမိန့်တော်နှင့် ပညတ်တော်မူလေလျှင်။ ဒါဂါစားဆက်သော ရွှေကိုလည်း ပြန်ပေးတော်မူလေသည်။ ဒါဂါစားကလည်း။ ထိုရွှေကို သူဌေးအားပေးပြီး။ အခွန့်ရှည်အောင် နန်းတော်ရာတွင် ကျောက်ကို မော်ကွန်းတိုင် စိုက်ထားလေသည်။

တရံရောအခါ ပဲခူးမင်းကျော်ထင်နော်ရထာ၊ ချီလာသည်ဟု ကြားတော်မူလတ်သော်၊ ပြင်မြို့ကြီးကို ကောင်းမွန်စွာပြုလုပ်၍၊ တံခါး၊ ပြအိုး၊ ကျုံး၊ မြောင်းများကိုလည်း လုပ်ဆောင်ရသည်။ ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိ၍။ လုပ်ဆောင်ရသောအခါ၊ လက်ဆေးကန်နှင့်အိုင်တို့အကြား မြို့တစ်ထပ်စီကာလျက် လုပ်ရလေသည်၊ ကျောက်အုဋ်မလောက်ရှိလတ်မူ ပြည့်ရှင်မင်းကြီးက၊ ပန်းဆေးမြောင်းများ တောင်ဘက်၌ မြို့နှစ်ထပ်ရှိသည်မှာ။ ပြင်မြို့သည် ရေကာလုပ်ဆောင်ထားခဲ့သော အရာသာဖြစ်သည်။ မြို့တံတိုင်း အဝင်မဟုတ်။ ပြင်မြို့ကို ဖျက်၍လုပ်စေ အမိန့်တော်ရှိလေသော်။ <u>အမတ်ကြီး ပညာကျော်လျှောက်ထုံးမှုကား။</u> ။ အရှင်မင်းမြတ်၊ ဘီတော်-ဘိုးတော်၊ ခမည်းတော်တို့ သင့်လျော်တင့်အပ်သမှု လုပ်ဆောင်ထားခဲ့သမျှကို၊ မဖျက်ဆီးကောင်းပါ။ တကြောင်းတုံလည်း၊ လူတို့၏အရှင်၊ အထိပ်အထွတ်ဖြစ်သော မင်းဇရာဇ် တို့စံတော်မူရာ မြို့နန်း၊ ထီး၊ ပဟိုရ်စည်၊ နာရီ၊ ထိုလေးပါးသည် စတုစက်ထွန်းရာ မင်္ဂလာချည်းဖြစ်၍၊ အဟောင်းအနွမ်း ဟူသမျှကို ရှေးမင်းတို့ သုံးဆောင်ဘူးသည်မရှိ။ မသုံးဆောင်သင့်ပါ။ ဥပမာသော်ကား။ အပင်ထက်ပွင့်သောပန်းသည်။ ထိုအပင်ကကြွေလေမူ။ တဖန် ထိုအပင်သို့၊ ထိုပန်းပွင့် မရောက်နိုင်ပြီသကဲ့သို့။ ရှေးမင်းတို့ လုပ်ဆောင်ထားခဲ့သမျှ၊ မိမိနေရာတွင်သာ ဟောင်းနွမ်းဆွေးမြေ့စရာသည်။ တကြောင်းမူလည်း၊ ရေမြေသနင်းမင်းတို့ ကျင့်အပ်၊ အဓိပတိ သုံးရပ်ရှိပါသည်။ မင်းစက်တော်မူသော ကြက်သရေနန်းဆောင်၊ သဘင်ခံရာ ရာဇပလ္လင်ရှိသော နန်းဆောင်။ <u>ဘေရီ စည်ကြီးပဟိုရ်ရှိ</u>သောနန်းဆောင်။ ထိုသုံးရပ် အဓိပတိတို့သည်လည်း၊ ပြည့်ရှင်မင်းရှိလျက် မဆိတ်မည့်အပ်ပါ။ ယင်းသို့ ထုံးဟောင်းသက်သေနှင့် အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းလည်း ကြိုက်တော်မူ၍။ တင်မသမာ-ကုလား တစ်သောင်း။ ဟရာစုကုလားတစ်သောင်းတို့ကို။ အဋ္ဌနနဒီမြစ်ဖျား၌ရှိသော ကျောက်တို့ကို ဆောင်ယူစေပြီးမှ။ လက်ဆေး ကန်နှင့် အိုင်တို့နှစ်ခုအကြား မြို့ရိုး၊ သူရဲပြေး၊ သူရဲခို၊ ပြအိုး၊ တံခါးရှိသမျှ၊ မကောင်းဟောင်းနွမ်းပျက်စီးသည်များကို၊ လုပ်ဆောင်၍။ သူရဲလက်နက်အစုံ ကြည်းရေအပြည့် ကြီးကြပ်ပြီးမူ။ မော်တင်ချောင်းတွင်လည်း၊ ဒါဂါစားနှင့် သင်္ဘော နှစ်ဆဲ့ငါးစင်း စောင့်နေလေသည်။ ညီတော်ကုလားတန်စားကိုလည်း။ သင်းတော်-ကိုယ်ရံတော် သူရဲငါးသောင်းပေးတော်မူ၍၊ အမတ်ကိုယ်ရံကြီးနှင့် တောင်စဉ်ချောင်းပေါက်တိုင်။ ဆို့ပိတ်စောင့်နေရသည်။

တရံရောအခါ၌၊ မောက်သူဇာမြို့စား၊ ဥတ္တမကျော်ခေါင်က။ ဒီလီမြို့ ကုလားပသီမင်းသည် ပြည်သူတို့ကို

နှိပ်စက်ပြုကျင့်၏။ တိုင်းပြည်မငြိမ်မသာ၊ မြို့ရွာပျက်ပြားလျက်။ အလိုလို သောင်းကြမ်းရှိပါသည်။ တိုက်သိမ်းတော်မူလျှင်၊ အလွယ်ရပါမည့်အကြောင်းနှင့် ပြည့်ရှင်မင်းထံ လျှောက်လာသောအခါ။ အမတ်မဟာကျော်လျှောက်ထုံးမူကား။ ။ အရှင်မင်းမြတ်၊ ရှေးဘီတော်-ဘိုးတော်အရှင်မင်းများလက်ထက်၊ ကုလားနိုင်ငံဖြစ်သော ဒီလီမြို့သည် ရက္ခပူရတိုင်း အပိုင်မဟုတ်ချေ။ အနောက်မျက်နှာ မောက်သူဇာမြို့တွင်။ အနောက်မြောက်သီလက်မြို့တွင် အဆုံး။ ယင်းသို့ကျောက်စာ သမိုင်း၊ ရာဇဝင်အထင်အရှား ရှိပါသည်။ ဘေးတော် မင်းစောမွန်လက်ထက်၊ အရှေ့ဘက်သက် မင်းစောကဲသား-မင်းဆွေသည်။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်သော အကျင့်အယူတို့ကိုသာ နှစ်လိုသောမင်းဖြစ်၍။ သူတော်ကောင်း ပညာရှိစကားကို မနာမယူ။ သူယုတ်သူမိုက်တို့စကားကို လိုက်နာခြင်းကြောင့် တရားလွတ်လေရာ- အဓမ္မအမှုတို့ကိုသာ အလိုရှိလျှက်၊ ရှေးရန်ငြိုးမပြေကုန်။ မင်းဆွေသား မင်းရဲကျော်စွာ ဖျက်ဆီးလာသောအခါ၊ ဘေးတော်မင်း နရမိတ်လှ၊ မင်းစောမွန် ရှောင်တိမ်း၍၊ အနောက်ဘင်္ဂါ တဆဲ့နှစ်မြို့ကိုသာရလျှက် နေရသည့်ကာလ၊ ဒီလီမင်းက အရှေ့သက်ပြုတလိုင်းတို့ကို တိုက်၍၊ နရမိတ်လှမင်းကို နန်းတင်လေရာ၊ ဘင်္ဂါတဆဲ့နှစ်မြို့ကို ကျေးဇူးတော်အလျောက် ဒီလီမင်းအား ပေးဆက်အပ်နှင်းလေ၏။ မင်းဆယ်ဆက် ကုလားအပိုင်ခံ၍၊ နေရပါသည်။ အရှင့်ခမည်းတော် လက်ထက် ရောက်မှသာ၊ ရှေးအတိုင်း ဘင်္ဂါတဆဲ့နှစ်မြို့ကို သိမ်းယူတေသာကာလ၊ တရားမရှိသောမင်းကဲ့သို့ အလွန်ပြုသော်၊ ဒီလီမြို့တိုင်အောင် အလွယ်နှင့်ရမည်ကို သိတော်မူလျက်။ ဝိလုပ္ပနနိဇင်္ဂလမင်းကဲ့သို့ မပြုသင့် အမိန့်တော်ရှိ၍။ ရှေးအစဉ်နိုင်ငံတော်ကိုသာ သိမ်းယူပြန်ခဲ့ပါသည် အရှင်မင်းမြတ်။ လုယူတိုက်ဖျက် သတ်ညှဉ်းပန်း၍၊ လက်နက်နိုင်ငံ ပြုသမျှအမှုတို့သည်-သူတော်ကောင်းအမတ်တို့ ဓလေ့မဟုတ်ပါ။ သူယုတ်မာ ပညာကင်းသောသူတို့ အလေ့ဖြစ်ပါသည်။ ဥပမာထုံးကား၊ သူယုတ်တို့ အကျင့်အကြံသည် ခွေးနှင့်တူသည်။ သူတော်ကောင်းပညာရှိတို့အမျိုးသည် ကျီးနှင့်တူသည်။ ခွေးတို့လည်း မိမိတတ်သောအမှုတို့ကို မြင်လတ်သော်။ ရှက်ခြင်းကြောက်ခြင်းကင်း၍၊ အမျိုးစောင့်သောအကြောင်း။ ခင်မင်သောအကြောင်းမရှိ။ ဒေါသပြင်းစွာ နိုင်ထက်နှိပ်စက်တတ်သော အလေ့ရှိခြင်း။ ကျီးတို့မှာမူကား။ အကြောင်းရှိရာ ဆိုက်လတ်မူ။ မိမိတို့အမျိုး ဝိုင်းအုံစုရုံးလျက်။ အမျိုးသားချင်း နှိပ်စက်လေ့မရှိ။ ကောင်းလည်းအတူ၊ ဆိုးလည်းအမျှ ပြုလေ့ရှိခြင်း။ ယင်းသို့ပမာ၊ လူမိစ္ဆာမျိုးတို့သည်လည်း ခွေးကဲ့သို့ နိုင်ထက်ပြုတတ်လေ့ရှိပါသည်။ ရှေးပညာရှိစကား။ ဆိုခဲ့သောအကြောင်းများမှာလည်း။ ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရာမရှိသောမင်းမျိုး၊ အခိုးမရှိသောမီး၊ ထိုလေးခုသည် အလားတူရှိလေကြောင်း၊ ထုံးဟောင်းရှိရာ၌၊ ရေမရှိသောကန်သည် သတ္တဝါတို့ မှီခိုရာမရှိခြင်းကြောင့်၊ မစည်ကားရာ။ ဆန်မရှိသော စပါးဖျင်းတို့သည် အသုံးမရှိ စွန့်ရာသည်။ တရားမရှိသောမင်းမျိုးလည်း ဆိုမိဆိုရာနှင့် တိုင်းပြည်သည် မစည်ကားရာ။ သတ္တဝါတို့ သေကြေပျက်စီးပင်ပန်းခြင်းများရာသည်။ အခိုးမရှိသော မီးဟူသည်ကား လူတို့အသုံးအဆောင်မှန်သမျှသည် အဘိုးနှင့်ချည်း။ မီးမူအခိုးမရှိ၊ အကောင်းအဆိုးကိုလည်း မသိ။ လောင်မိလောင်ရာ လောင်တတ်ခြင်း။ ယင်းသို့လေးပါးတူကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ တကြောင်းမူလည်း၊ ဥတ္တမခေါင်ကျော်နေရပ်နှင့် ဒီလီကုလားမင်းနယ်ပယ် အနီးအစပ်ဖြစ်ကြ၍၊ ကိုယ်နှင့်သော်လည်းကောင်း၊ ကျေးကျွန်ချင်းသော်လည်းကောင်း၊ ရန်ချက်တင်ကြရာ၊ ဒေါသအလျောက် ပျက်စီးလိုစေလျှက်၊ လျှောက်လာသော သူအား၊ ထိုအရပ်၌ထား၍သင့်မည် မဟုတ်ပါ။ အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းကြီးကလည်း ကြိုက်တော်မူ၍။ တောင်ခွင်စား ဇော်တသူကို တောင်ခွင်ကနုတ်၍၊ တောင်ခွင်စားအရာကို ပေးတော်မူသည်။

တရံရောအခါ၊ အမတ်တော်ဆင်ကဲကြီးဇေယျဗိုလ် သေလွန်ရာ၊ မှူးမတ်တို့အကြောင်းကို၊ ပြည့်ရှင်မင်းကြီး သိတော်မူလို၍၊ ဆင်ကဲကြီးအမတ်တွင် သက်ရှိသက်မဲ့ကို စာရင်းယူရမည် အမိန့်တော်နှင့်။ မသဂြိုဟ်မီ စာရင်းယူလေရာ၊ ကျေးကျွန်၊ ကျွဲနွား၊ လယ်ယာဥယျာဉ်၊ မှူးမတ်အဆောင်အရွက်များပြင်၊ ရွှေအသပြာခုနစ်ဆယ်- ငွေသပြာတထောင်သာ ရကြောင်း၊ ပြည့်ရှင်မင်းထံ လျှောက်လေသော်။ အမိန့်တော်ရှိသည်ကား၊ ဆင်ကဲကြီးဇေယျဗိုလ်လည်း။ ခမည်းတော်ဘုရား လက်ထက်တော်ကသည် ယခုတိုင်၊ အသက်ရှစ်ဆယ်ကျော်ရှိမှ၊ သေလွန်သည်။ သပြာဥစ္စာ မရှိသည့်အရာမှာ။ မည်သို့ အကြောင်းအရာဟု လျှောက်ရမည်မေးတော်မူလေသော်။ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမူကား။ ။ အရှင်မင်းမြတ်၊ သာကီဝံသဓမ္မရာဇာ၊ ပညာပဏ္ဍိတောစသော မင်းကောင်းတို့၌။ လာဘောခနံ၊ မမှန်သောစကားကို မတရားသဖြင့် မယူခြင်း။ သဘင်သည်ကဲ့သို့ သွမ်းသော အလေ့ကို မပြုခြင်း။ မုသာဝါဒ စသည့်အမှုတို့ကို မဆိုခြင်း။ ဟီနံဝတံ၊ ယုတ်မာသောသဘော ရှိတတ်သော၊ အမစ္စော၊ မှူးမတ်တို့နှင့် ကင်းခြင်း။ တထာဂတာ၊ အလာအသွား၊ အစြားအအိပ်၊ အပြောအဆိုတတ်သော။ ရာဇညော၊ ထိုမင်းကြီးစိုးသော နိုင်ငံတော်သည်၊ အလွန်သာယာဘွယ်ရှိ၏။ သူတော်ကောင်းတို့၌လည်း၊ အပေါင်းသင့်ရာ၊ သူတော်ကောင်းခြင်း။ သူယုတ်မာတို့၌လည်း၊ သင်းပင်းသင့်စွာ သူယုတ်မာ

ခြင်း။ ယင်းသို့ဆိုခဲ့သော ရှေးပညာရှိတို့စကား။ မင်းချစ်အပ်သောသူ တကျပ်လေး။ မင်းအပါယ်မှလွတ်အောင် ပြောဆိုတတ်သောသူ၊ အကျင့်သီလပညာရှိသောသူ၊ မင်း၏အသက်ကို စောင့်သောသူ။ မင်းကျိုးကို ဆောင်သောသူ။ မင်း၌အမှုရှိလျှင်၊ အဘော်ရသောသူ။ မင်းရန်သူကို အောင်စေတတ်သောသူ၊ မြို့ရွာကို စည်ပင်အောင်ပြုတတ်သောသူ။ မင်းအကုသိုလ်မှ ပျော်ပိုက်၍ ကောင်းကျိုးကို မေ့လျော့လေရာ၊ ကောင်းစွာလျှောက်ထားတတ်သောသူ။ တည်ကြည်သိမ်မွေ့သောသူ။ အမှုကြီးငယ်ကို ပြီးအောင် စီရင်နိုင်သောသူ၊ သူတစ်ပါး မသွားဝံ့သောခရီးကို သွားနိုင်သောသူ။ အမြိန်အရသာကို ကောင်းစွာချက်တတ်သောသူ။ တိုင်းတပါး၌ရှိသောသူတို့အား ရောက်အောင်သွေးဆောင်နိုင်သောသူ။ ထိုသူတို့အား မင်းပြစ်မရှိရာ။ ။ ရန်အောင်ရာသော အကြောင်းလေးပါးဟူမူကား။ သစ္စံ၊ မှန်သောစကားကိုသာဆိုခြင်း။ ဓမ္မံ၊ တရားဖြင့် ကျင့်ကြံခြင်း။ ဝီရိယဝါ၊ ပညာဝီရိယရှိခြင်း။ သမာဓိ၊ ပညာသမာဓိရှိခြင်း။ ။ မပေါင်းအပ်သောသူငါးယောက်ဟူမူကား။ အိပ်ကြူးသောသူ၊ ယစ်မျိုးကို ကြိုက်သောသူ။ မိုက်သောသူ။ အမျိုးမစောင့်သောသူ။ စဉ်းလဲကောက်ကျစ်သောသူ။ ။ စကားအရာအင်္ဂါလေးပါး ဟူသည်ကား။ သုဘာသိတဝါစာ၊ ကောင်းသောစကားကို ဆိုတတ်ခြင်း။ ပိယဝါစ။ တရားနှင့်ညီသောစကားကို နာဘွယ်ချစ်ဘွယ်ရှိအောင် ဆိုတတ်ခြင်း။ သစ္စဝါစာ၊ မှန်သောစကားကိုဆိုတတ်ခြင်း။ ဓမ္မဝါစာ၊ တရားနှင့်လျော်သောစကားကိုသာ ဆိုတတ်ခြင်း။ ။ အဂတိလေးပါးဟူမူကား။ ဆန္ဒာဂတိ၊ အမှားအမှန်မရွေးမူလျက်။ သူ့အလိုသို့ လိုက်တတ်ခြင်း။ ဒေါသာဂတိ၊ အမျက်ဒေါသအလိုသို့ လိုက်တတ်ခြင်း။ မောဟာဂတိ၊ မိမိမိုက်၍မှားတတ်ခြင်း။ ဘယာဂတိ။ ဘေးကိုကြောက်၍လိုက်နာခြင်း။ ထိုသို့နည်းနာဖြင့်။ အမတ်ဆင်ကဲကြီးသည် မှူးကောင်းမတ်ကောင်းအင်္ဂါနှင့် ပြည့်စုံသောသူ ဖြစ်ပါသည်။ အမတ်ကြီးလျှောက်လေသော်၊ ပြည့်ရှင်မင်းမြတ်လည်း ကြိုက်တော်မူ၍၊ အမတ်တော်ဆင်ကဲကြီးကို တိုက်တော်က ငွေထုတ်၍ သဂြိုဟ်တော်မူလေသည်။

တရံရောအခါ၊ ပဲခူးမင်းကျော်ထင် နော်ရထာက၊ စကားတောင်စားကို သံစေ၍-သမီးတော်မြတ်ရှင်စိုးနှင့်၊ပဲခူးမင်းသား သမီး-မင်းသစ္စာကို ပေးပါမည့်အကြောင်း၊ စေဆိုရောက်လေရာ။ ယင်သောအခါ ပြည့်ရှင်မင်းက အမတ်ကြီးမဟာပညာကျော်ကို မေးတော်မူလေသော်။ အမတ်ကြီးလျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ပဲခူးမင်းကျော်ထင်နော်ရထာတို့ အနွယ်အဆက်သည်၊ မူလအစ၊ ဆော်အရပ်၌ရှိနေသော။ တောင်သူကြီး ဖလဲတ-ဆိုသူ သားနှစ်ယောက်ရှိသည်။ ထိုညီနောင် သဝန်ကြီး သဝန်ငယ်တို့ ကြက်ရိုးအရ တောင်ငူမြို့ကို တည်၍ဆင်းသက်စဉ်လာ။ မင်းတရားရွှေထီးတိုင်၊ ထိုအမျိုးအနွယ်သည် ပဲခူးမင်းကျော်ထင်နော်ရထာဖြစ်သည်။ သာကီယဝံသ မဟာသမ္မာ၊ စူဠသမ္မာသားတော်ဖြစ်သော၊ သရေခေတ္တရာပြည့်ရှင် ဒွတပေါင်မင်းကြီးအနွယ်တော် မဟုတ်ပါ။ ယင်းသို့အရာတွင်၊ သာကီဝင်မင်းမျိုး မဟုတ်သော၊ နိဇင်္လအမျိုးမင်းတို့သည်၊ တရားမစောင့်၊ ဝိလုပ္ပန-လုယက်ဖျက်ဆီးကြမ်းတမ်း ဆိုးသွမ်းသောအကြောင်းကိုလည်း၊ ကျမ်းဂန်၌ ဒုစရိုက်ဆယ်ပါး၊ တရားကိုမစောင့်သော သူတို့သည်။ မစင်တင်ပုပ်တို့၌ ဝက်သည် မစက်ဆုပ်သကဲ့သို့။ ပါပံ၊ မကောင်းမှုကို၊ ဗာလော၊ သူမိုက်သည်။ နဇိဂုစ္ဆတိ၊ မစက်ဆုပ်၊ မီး၌ ပိုးဖလံကောင်သည်၊ မီးရောင်ကို မကြောက်သကဲ့သို့၊ ဗာလော၊ သူမိုက်သည်။ ပါပံ၊ မကောင်းမှုကို၊ နဘာယတိ၊ မကြောက်တတ်၊ ထိုသို့ ကျမ်းဂန်လာတိုင်း၊ သူမိုက်မာနသည်။ တန်းခွန်လွှားလျက် ရှိပါသည်။ ယခုအကြည်တော်ပဲခူးမင်းတမန် စကားတောင်စားလည်း တရားအလွတ်စကားတတ်ဖြစ်ပါသည်။ ရှေးပညာရှိအမှာ- ကျမ်းဂန်အလာ။ ရန်အောင်ရာသော အကြောင်းမှာလည်း။ ။ ဇပ္ပေနမန္တေနသုဘာဘိတေန၊ အနုပ္ပဒါနေန ပဝေဏိယာဝါ။ ယထာယထာ ယတ္ထလဘေထ၊ တတ္ထတထာတထာပရက္ကမေယျ၊ ။ ထိုသို့ဆိုခဲ့ပြီးသော အဓိပ္ပါယ်သော်ကား။ အရှင်မင်းမြတ်၊ ဇပ္ပေန၊ မန္တန်ဆေးဝါး၊ မန္တရားဖြင့်၊ ရန်ကိုအောင်ခြင်း၊ မန္တေန၊ ပညာရှိခင်းနှီးနှောမိ၍၊ ရန်ကိုအောင်ခြင်း။ သုဘာသိတေန၊ ချစ်ဘွယ်သောစကားကို ပြောတတ်၍၊ ရန်ကိုအောင်ခြင်း၊ အနုပ္ပဒါနေန၊ တံစိုးသပြာ ရွှေငွေလက်ဆောင်ပေး၍၊ ရန်ကိုအောင်ခြင်း၊ ပဝေဏိယာ၊ ရှေးအစဉ်အလာဖြစ်၍၊ ရန်ကိုအောင်ခြင်း၊ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်၊ ယတ္ထ၊ အကြင်အကြောင်းရှိရာ၌၊ အတ္ထံ၊ မိမိသူတပါး အကျိုးစီးပွားကို။ လဘေထ၊ ရရာ၏။ တထာတထာ၊ ထိုထိုသော အချင်းအရာဖြင့်။ တတ္ထ၊ ထိုအကြောင်းရှိရာ၌၊ ပရက္ကမေယျ၊ လုံ့လပြုရာ၏။ ထိုသို့ထုံးဟောင်းကျမ်းဂန်လာသည့်အတိုင်း၊ တမန်ရောက်သော- ရှေးအမှာ နိဒါန်းအလာ၌လည်း။ ။ ရာဇဝတီ၊ အညီကျဉ်းရုံး၊ နိဒါန်းကုံးလိမ့်၊ ရှေးထုံးစဉ်လာ။ ပြည်အချာဝယ်၊ မဟာဓမ္မရာဇ်၊ တက်သစ်နေနွယ်၊ ဘုန်းတော်ကြွယ်၍၊ အံ့ဘွယ်မကုန်၊ သိမ်းပိုက်ခြုံသည်။ ဗိုလ်ပုံတိုင်းလုံးချစ်၏တည်း။ ဆန်းသစ်စ လပမာ။ ကြက်သရေမျိုးစုံ၊ ပြည့်ဖြိုးသည်။ တန်းခိုးမင်းအာဏာတည်း။ ။ ပညာတော်မြေအထု၊ စုံစေ့မြောက်မြား။ မှူးမတ်အားလည်း။ ရည်သွားသိအောင်ပြုလော၊ လူမှုအလွန်ခက်လှစွာ။ ပြည်သူကိုသား။ ယွင်းမမှားအောင် ထားရသည်။ မေတ္တာနှင့် ရှေးထက်စဉ်လာမင်းတို့ထုံးတမ်း၊ တတိုင်းတပြည်၊ အတည်တည်ကို။ လှည့်လည်သံစေခန့်မှု၌။ ထောက်လှမ်းမျှော်ရှု ပြုအပ်ရာ။ သူက

စေပြန်၊ အတန်တန်လည်း၊ တမန်ရောက်ကိုလာက။ အင်္ဂါမူလ၊ လူ့အနေ။ မင်းတို့ဓလေ့။ သိစုံစေ့မှ။ အတွေ့ခံသင့်ပေသည်။ စာပေမပါ။ လူချည်းလာ၊ မြားမြောင်ပဏ္ဏာ၊ မင်းတို့သာလျှင်။ ဆက်ရာအနည်းနည်းနှင့်။ ကပ်ဆီးလိုကြောင်းဆိုပါစေ။ မင်းတို့ကျင့်ဝတ်။ ယွင်းမချွတ်က။ လာဘ်မငဲ့သာ။ သဝန်စာမူ။ မပါမှန်ချေတို့ချေက၊ မင်းစေတမန်သင်းမဟုတ်။ နှုတ်ပရိယာယ် အသွယ်သွယ်လျှင်။ ဥပါယ်ဥာဏ်ဝေဝုစ်နှင့်။ သူယုတ်မှန်သည် သိသောအခါ၊ ထိုက်ရာပြထား၊ ဖြောင့်ပေငြားမူ။ ပြန်သွားစေတို့ရာ၏။ တမန်အင်္ဂါစုံစေ့လှ၍။ သဝန်လည်းပါ ဖြစ်ပေလာသော်။ ပညာပဏ္ဍိတနှင့်။ နှိုင်းညှိယူဆမေးမြန်းစေ။ မင်းချစ်စုံမက်။ မိတ်ဆွေဆက်သည်။ ရန်ဘက်ရန်အပြေဟု။ တမန်သုံးထွေ ရှိစရိုး၊ ကောင်းကျိုးအမှန်။ စေသည့်သံမူ။ မင်းထံဝင်ထွက်။ စဉ်မပျက်အောင်။ နှုတ်ဆက်ပြုရမျိုးတည်း။ ရန်ငြိုးရန်စ ရောက်ပေလာ။ ငြူစူအမျက်၊ ပြင်မထွက်ဘဲ။ ချစ်လျက်ကဲ့ပမာသို့။ ကောင်းမွန်လှစွာ။ ကျွေးမွေးရနည်း။ သူရဲသူခက်။ ဗိုလ်လက်နက်ကို။ ဝင်ထွက်သိစေပြီးမှ၊ နှစ်လည်းနေ့ည။ မရှည်မကြာ၊ တာရှည်မညောင်း။ ပြန်သင့်ကောင်းသည်။ ။ ထုံးဟောင်းမှန်ဘိ။ ဥာဏ်ကဝိ။

ယင်းသို့ပညာရှိတို့ အမှာလာသည်နှင့်အညီ။ ယခုရောက်သော တမန်စကားတောင်စား၌လည်း သဝန်ရွှေပေပါလျက်အစုံနှင့် ဖြစ်ပါသည်။ အတွေ့ခံတော်မူ၍၊ အကြည်တော်ကပေးသော သဝန်ရွှေပေပါသည့်အတိုင်း အမျိုးအနွယ်တော်ဆက်ကြမှ။ နှစ်ပြည်ထောင်သတ္တဝါ၊ ငြိမ်းချမ်းပါမည်။ ထုံးဟောင်းသက်သေနှင့် အမတ်ကြီးလျှောက်လေရာ။ ပြည့်ရှင်မင်းလည်း ကြည်လင်တော်မူလာ၍၊ တမန်စကားတောင်စားနှင့်၊ အတွေ့ခံတော်မူသောအခါ၊ ပြည့်ရှင်မင်းက တမန်စကားတောင်စားကို၊ ဟံသာဝတီပြည့်ရှင် အကြည်တော်၊ ကြမ္မာပါ၏လောမေးရာ။ ပဲခူးမင်းတမန် စကားတောင်စားက၊ ရာဇာဓိရာဇာဖြစ်သော အကြည်တော်ကြမ္မာပါ၏။ ယင်းသို့လျှောက်သောစကားကို ကြားတော်မူလေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား။ တမန်စကားတောင်စားသည်။ မောဟဖုံးသောကေးဝဠ်ပုဏ္ဏားအမျိုး။ ဒေါသလွှမ်း၍အယုတ်အမြတ်ကို၊ မသိတတ်သောသူဖြစ်သည်။ လာရင်းအတိုင်း ပါရင်းရိက္ခာကို စားပြန်စေ အမိန့်တော်ရှိလေလျှင်။ <u>အမတ်ကြီး</u> <u>မဟာပညာကျော်</u> <u>လျှောက်သောထုံးကား</u>။ ။အရှင်မင်းမြတ်၊ ဘုရားသခင် ဆုမွတ်တော်မူသော သာသနာမတည်သောသူအား တရားလွတ်ကင်းလေ၍။ အဓမ္မပြုခြင်း။ အဓမ္မဆိုတတ်ပြောတတ်သော အလေ့ရှိခြင်းကြောင့်။ နှလုံးလှုဆိုရာ၌လည်း၊ လက်ရုံးကို စကားပါလျက်ရှိကြောင်း။ ထုံးဟောင်းရှိပါသည်။ စကား တောင်စားအရှင်ပဲခူးမင်းလည်း၊ နှလုံးရည်ကို သုံးသောမင်းမဟုတ်ပါ။ လက်ရုံးရည်ကိုသာ ကြိုက်တော်မူသောမင်း ဖြစ်ပါသည်။ မြတ်စွာဘုရား ဆုမွတ်တော်မူသောတရား။ သာသနာတော်ကို။ တည်သောမင်းမြတ်တို့။ စေသုံးအပ်သောသူလေးယောက်ကို။ ကျမ်းဂန်အဆို၌လာသည်ကား။ သင်္ဂါမေ။ စစ်မြေပြင်အရပ်၌၊ သူရော၊ ရဲစွမ်းရှိခြင်း။ အန္နပါဏ၊ ထမင်းအဖျော်ကို စားသောအခါ၌။ ပီယံ၊ ချစ်ဘွယ်ကောင်းသော။ အမှုရှိသောသူကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်ရာ၏။ အတ္ထေဇာတေ၊ ခက်သောအမှုကိုလည်းကောင်း။ ခဲခက်သောအမေးပုစ္ဆာကိုသော်လည်းကောင်း။ ခဲခက်သောအရပ်ဒေသ၌သော်လည်းကောင်း။ ပဏ္ဍိတံ၊ ပညာရှိသောသူကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်ရာ၏။ ထိုမှတပါးတုံသော်လည်း။ မင်းကောင်းယုံအပ်သောသူ။ ပညာရှိအင်္ဂါလေးပါးဟူရာ၌လည်း။ သုဘာသိတ၊ ပီယဝါစာ၊ ဓမ္မ၊ သစ္စံ၊ ကျမ်းဂန်လာသည်အရသော်ကား။ သုဘာသိတ၊ ကောင်းသောအမှု၊ ကောင်းသောစကားတို့ကိုသာ ဆိုလေ့ရှိခြင်း၊ ဆိုသောစကားမူလည်း၊ ဓမ္မ၊ တရားနှင့်လျော်ညီခြင်း၊ ဟုတ်မှန်သောအမှုကိုသာ ဆောက်တည်၍၊ သစ္စံ၊ သစ္စာမြဲခြင်း။ ယင်းသို့ သူတော်ကောင်းတရားအမှာ ရှိပါသည်။ မသူတော်အစိုးရသောအရပ်၌ တရားစောင့်ထုံးမရှိ။ တရားမစောင့်ချေက သာသနာတော်မတည်နိုင်ရာ။ သာသနာတော်မတည်သောအရပ်သည်။ ရက်ရောကြမ်းတမ်း ဆိုးသွမ်းလုယူ၊ ကလူနှိပ်စက်၊ လက်ရုံးထောင်လွှားပြုလေ့ရှိသောကြောင့်။ သတ္တဝါတို့ သေကြေပျက်စီးများ၍၊ ရန်မျိုးငါးပါးဆက်ဆံရာဖြစ်လျက်နှင့်၊ စည်းစိမ်မတည်ရှိလေရာသည်။ ယင်းသို့ဘုရားစသော သူတော်ကောင်း ဟောကြားဆုမွသော ကျန်းဂန်ထင်ရှားနှင့်ရှိပါသည်။ သူတော်ကောင်းပညာရှိတို့ကို၊ ပေါင်းဘက်စောင့်ထိန်းသောတိုင်းပြည်မှ ငြိမ်းချမ်းသာယာသောအကြောင်းကို၊ ရာဇဝသတီနိဒါန်း၌ လာပြန်သည်မှာလည်း။ မင်းတို့သိက္ခာ၊ စောင့်အပ်ရာသည်။ သာသနာရေး၊ မထွေးစေရ။ သင်္ဂဟကို နိစ္စပြုပေ။ များဝေဏေအား။ တရားမှန်ကြောင်း။ ကောင်းသောလုံ့လ။ အားထုတ်မှုလည်း။ လောဘတဏှာ၊ အဝိဇ္ဇာဖြင့်။ မိစ္ဆာကျင့်ဆိုး။ စစ်မထိုးအပ်။ ပညပ်တစ်ချက်။ အိပ်စက်ရုန့်ကြမ်း။ ပွဲလမ်းပျော်ရွှင်၊ ထွက်ဝင်သွားလာ။ မှုတကာကို။ ယုတ္တာယုတ္တိ၊ ဆင်ခြင်ညှိ၍၊ ဇာတိမြောက်မြား။ သူ့စကားကို။ ကြားကထိုးထွင်း။ ချက်ခြင်းသိပေ။ ဆိုတတ်စေတည့်။ ပရမေအထူး။ ကျေးဇူးမြတ်လှ၊ မိဘဆရာ၊ သူနာသူမွန်။ တမန်ထလိုက်။ နှုတ်ပိုက်တသွယ်။ သူငယ်တစ်ဦး။ အရှူးကျိုးကန်း။ ရှေးလမ်းသက်သေ၊ ရေမြေသခင်။ မင်းမာန်ဝင်၍။ ပြစ်တင်ကျူးလွန်၊ မင်းဒဏ်အာဏာ။ မပေးရာတည်း။ ဥာတကာချင်း။

သင်းပင်းတဘော်၊ ဆွေမျိုးတော်ကို၊ မလျော်နိုပ်စက်။ ရမ္မက်ဖုံးလွှမ်း။ မညှင်းပန်းကောင်း။ တကြောင်းတမူ။ သူ့လူကိုယ့်သား။ မမှားဂတိ။ မငြိစေရာ။ ဘဏ္ဍာတုတ်ခွန်၊ မလွန်ရွေးက။ အသီးအပင်။ သည်တွင်ခံမှု၊ ဆယ်စုတပုံ၊ လုံးစုံပြီးပြေ။ အစေအသုံး။ ပြည့်ပခုံးက။ စသည်ရံပတ်။ အမတ်တို့မှာ။ အင်္ဂါရှစ်ပါး။ ရည်သွားနက်တိမ်။ စည်းစိမ်နိမ့်မြင့်။ ထားသင့်တတ်ငြား။ ဂုဏ်ကိုးပါးသည်။ ။ မင်းအားအလုံး။ စောင့်သည်ထုံး။ ။ တကြောင်းတုံလည်း။ ပြည်ကြီးအချာ။ ရာဇာပဝရ။ နရိန္ဒတို့၊ ပြည်မှုမှုကွပ်၊ ယုံအပ်သူအား၊ ဂုဏ်ရှစ်ပါးမှာ၊ ပညာဆန်းကြယ်။ ပရိယာယ်လည်း၊ ဆိုဘွယ်မရှိ။ ကဝိမြောက်မြား။ စကားကွေ့ကောက်။ သူတယောက်လည်း။ ထွင်းဘောက်သိတတ်။ တည့်မတ်သစ္စာ။ ပဏ္ဍာမကြိုက်။ ရင်၌မခြား။ တပါးမှန်စွာ၊ အာဏာတန်းခိုး။ မိုယ်းသို့ထစ်ထစ်။ ပစ်လိမ့်လန့်ကြား။ တယောက်မှုကုန်။ ပိုက်ခြုံတိုင်းရေး။ အထွေးတင်ပေါ်။ ရပ်ရှစ်ကျော်၍။ ပြည်တော်သာဘိ။ မတ်ကဝိသည်။ ။ အသိပြည့်စုံ ဂုဏ်ရှစ်ပုံ။ ။ မင်းနှင့်အမတ်။ ညီညွတ်တမူ။ အကျင့်တူသော်။ နတ်လူကြည်ညို၊ ဗဟိုဋ္ဌအောင်ချက်။ ထီးကနက်လည်း။ မပျက်စည်ထွန်း။ ရွှာသွန်းပစ္စုံ။ လုံသည်မထောင့်၊ မအောင့်နိုင်ငံ။ ရေဆန်မရှား။ တောသားမရဲ။ ခပဲသတ္တဝါ။ အနာမထူ။ မပူငြိမ်းချမ်း။ မသမ်းစက်မက်။ ခိုးဝှက်မရှိ။ ဇာတိစင်ကြယ်။ မြက်နွယ်သစ်ပင်။ မြင်မြင်သမျှ။ ဆေးရသည်သာ။ လူ့သစ္စာကြောင့်။ အနာပျောက်ကင်း၊ ဥပဒ်ရှင်း၏။ မင်းလည်းသက်ရှည်၊ ပြည်လည်းကြာငြောင်း၊ ခန္ဓာပြောင်းလည်း။ မကောင်းပါယ်ရပ်။ မကပ်နိုင်ဘိ။ ပညာရှိသည်။ ။ ဇာတိမသုံ-နတ်ခြောက်ဘုံ။ ။ ထိုသို့သော စကားစာတမ်းတွင်။ ပြည္ထန်းထားခဲ့သော ပညာရှိစကား။ ကျမ်းဂန်ထင်ရှားနှင့် ဖြစ်ပါသည်။ တမန်စကားတောင်စား။ တရားအလွတ်လျှောက်သည်ကို သည်းခံတော်မူ၍။ ခန္တီပရမံ တပေါ။ သူတော်ကောင်းတရား၊ ထွန်းလင်းပါမည် ဖြစ်ပါသည်။ ယင်းသို့လောက-ဓမ္မအကြောင်းနှစ်ပါးကို ထုတ်ဘော်၍။ အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းမြတ် ချမ်းမြေ့ကြည်လင်တော်မူ၍။ တမန်စကားတောင်စားကို ဆိုတော်မူပြီးမှ၊ လောကဓမ္မနှစ်ပါးကို နားလည်တတ်ကျွမ်းသူ သံတောင်စားနှင့်။ အခါပေးပုဏ္ဏားတော် စကြဝတေးကို- သံဘက်၌ ထည့်တော်မူလျက် ပြန်စေသည်။

တရံရောအခါ၌၊ ဘထွေးတော် သံတွဲစားကို။ သံတွဲကနုတ်၍ ရမ်းဗြဲကျွန်းကို ပေးတော်မူသည်။ ခမည်းတော်ပေးခဲ့ရင်း စကြာဝတေးအမည်ကိုလည်း နုတ်၍၊ ဓမ္မာသောက အမည်ကိုပေးလေသော်။ ပဲခူးမင်းက တမန်စကားတောင်စားအပြန်တွင်။ သင်းပင်းကျေးကျွန်တို့နှင့် ပဲခူးသို့ဘထွေးတော်လိုက်လေသည်။ ပဲခူးမင်းကျော်ထင်နော်ရထာ အမိန့်တော်ရှိသည်ကား။ သားနှင့်ဘထွေး ရွေးကမသင့်မတင့်ကြောင်းကို။ ငါလည်းသိတော်မူရင်း ဖြစ်သည်။ ငါနှင့်လည်း ရခိုင်ပြည့်ရှင် မင်းမဟာမိတ်ကြီးပြုသောသူအားရန် မပွားသင့်။ ဓမ္မာသောကကိုလည်း ကောင်းစွာစားကျေးနေရာပေ၍၊ သူကောင်းပြုမည် အမိန့်တော်ရှိ၍၊ လကျာ်ကနေရာဦးထားတော်မူသောပြီးမှ။ တူမတော်မင်းလှမြတ်နှင့် လက်ထပ်တော်မူ၍။ သန်လျင်၊ မင်းတုန်၊ ကာမသုံးမြို့ကို အပိုင်ပေးတော်မူသည်။ ယင်းသောကာလ၊ အခွန့်ရှည်စွာ ကုသိုလ်တော်သိမ်။ ကျောင်း၊ ပုထိုး၊ ဇရပ်၊ ရေကန်စိုက်ပျိုးသမျှကို။ ဘထွေးတော် ဓမ္မာသောကမင်းက၊ သားတော်မင်းဖလောင်းကြီးသို့။ မင်းတပ်စား၊ ဟုံးစားတို့နှစ်ယောက်ကို စေလွှတ်၍ အမျှပေးဝေလာသော်။ ငါတို့အရှင်မင်းမြတ်ကလည်း။ ရမ်းဗြဲကျွန်းကထွက်သောအဘို့အခွန်တော်ကို။ နှစ်စဉ်ဘထွေးတော် ဓမ္မာသောကမင်းသို့ ပေးတော်မူလေသည်။

တရံရောအခါ။ ပြည့်ရှင်မင်းကြီး မေးတော်မူသည်ကား။ ဤရက္ခပူရတိုင်းတွင် တရားမစောင့်သော။ ဝိလုပ္ပန္နော၊ လုယက်ဖျက်ဆီးတတ်သော နိဇဂ်လအမျိုးမင်းပြုဘူးလေအံ့လောဟု မေးတော်မူလေရာ။ အမတ်မဟာပညာကျော် လျှော်ကျော်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ဝေသာလီမြို့၌၊ ဖြဟ္မဏရာဇမင်းမျိုးနှစ်ဆဲ့ခြောက်ဆက်အဆုံး။ ဖြဟ္မဒ္ဒိမင်းလက်ထက်၊ မင်းနှင့်အမတ်၊ တရားလွတ်ကြလေရာ။ ပြည်သူတို့ဆိုးသွမ်း ရုန်းကြမ်းလျက်။ အဓမ္မအမှုကိုသာ အလိုရှိကြလေ၍၊ မတရားသော နတ်မိစ္ဆာဘီလူးဝင်ရောက်ဖျက်ဆီးကြလေသော်။ သေကြေကုန်၍ မြို့ရွာပျက်ဘူးပါသည်။ ယင်းသို့နောက်၊ ဓညဝတီမြို့တည် မာရယုမင်း အမျိုးငါးဆဲ့လေးဆက် အဆုံး။ မင်းငယ်ပျော့လုစည်သူလည်း။ မှားသောအမှုတို့ကို လိုက်နာလျက်။ အမတ်ယုတ်တို့စကားကို နာယူမိခြင်းကြောင့်။ တရားပျက်လေ၍၊ တိုင်းပြည်မသာရှိဘူးပါသည်။ နိဇဂ်လအမျိုး။ ဝိလုပ္ပန္နော၊ လုယက်ဖျက်ဆီးတတ်သော-ယုတ်နွမ်းသော အကျင့်အကြံတရားမသိ။ အပြုအမူရှိသော အမျိုးရှစ်ဆက် မင်းမူသောအခါ၊ တိုင်းတပါးမင်းကို မိတ်ဆွေမဝင်ရန် တင်လျက်နှင့်သာပြုခြင်းကြောင့်။ ထိုမင်းတို့လက်ထက် ဥတုရာသီမမှန်။ ဓာတ်လေးပါးမညီ၍၊ ကောင်းကင်၌နေလနက္ခတ်တာရာ မဖြောင့်လေရာ။ ဝသန္တဥတုချုပ်လေ၍ အစာရှားပါး၊ သူခိုးထားပြနှင့် တိုင်းပြည်ပျက်ကြောသည့်နောက်၊ ဘေးတော်ကံရာဇာကြီး ဆက်သအုပ်စိုးတော်မူသည်မှ၊ အရှင်မင်းမြတ်တိုင်၊ သာကီဝကင်မင်းမျိုး တရာ့ငါးဆက်တွင်။ ဝိလုပ္ပန္နော၊ လုယက်ဖျက်ဆီးတတ်သော နိဇဂ်လမင်းမျိုး၊ ငါးဆက်အကြားအကြားဝင်၍ ဖြစ်ဘူးပါသည်။ ထိုမင်းတို့လက်ထက် သာသနာတော်ကွယ်၍

တရားမရှိ၊ မင်းနှင့်အမတ်ပြည်သူတို့ အဂတိလေးပါးလိုက်ကြ၍၊ လက်ဆောင်ပဏ္ဏာ မျက်နှာပေါ်၍၊ သူမိုက်သူယုတ် စည်ကားဘူးပါသည်။ အရှင်မင်းမြတ်၊ ဘုရားသခင် ဆုံးမတော်မူသော သာသနာတော်သည်၊ ခေါက်ရှာငှက်ပျံသကဲ့သို့၊ ဘုန်းပညာကြက်သရေနှင့် ပြည့်စုံတော်မူသောမင်းလက်ထက်ဖြစ်လျှင်။ သန့်စင်ဆေးတော်မူ၍၊ အလဇ္ဇီကျင့်သော ရဟန်း။ အလဇ္ဇီကျင့်သောလူ မရှိခြင်းကြောင့်၊ သာသနာတော်ထွန်းလင်းပါသည်။ အလိမ္မာမရှိ တရားမသိမင်း၊ ရာဇသုည မင်းလက်ထက်ဖြစ်လျှင်၊ အလဇ္ဇီရဟန်း၊ လူသွမ်းလူမိုက်ထွန်းကားလေရာ။ သာသနာတော်သည် ကွယ်လေသည်ပင်။ အရှင်မင်းမြတ်၊ ဘုရားသခင်တုံသော်လည်း မင်းကိုအမှီပြုလျက်။ သာသနာတော်ကို ထားရကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ ယင်းသို့အမတ်ကြီးလျှောက်လေသော်။ ပြည့်ရှင်မင်းကြီး ကြိုက်တော်မူလေသည်။

တရံရောအခါ၊ ဘုရင်မင်းဖလောင်းသည်။ သီလပဗ္ဗတတောင်ထိပ်၌၊ ဦးရစ်တောင် ရှင်တော်ဓာတ်ကို တည်တော်မူမည် အကြံတော်ရှိ၍၊ သားတော်ဦးရာဇ်တောင်စားအား၊ ဝန်ပြုတော်မူလျက်၊ ဣန္ဒနီလာမြကျောက်ညိုတို့ဖြင့်၊ မင်း၏အလံတော် လုံးပတ်ရှစ်ဆယ်ရှိသော စေတီတော်ကို တည်စေ၍ပြီးတော်မူလတ်သော်။ အသဒိသဒါနနှင့်တူသော အစာကိုပေးတော်မူအံ့သောငှါ၊ ဆန်းကြယ်သော ရေနန်းစကြာကို စီးတော်မူလျက်။ သိမ်းသန်းမကသော လှေအပေါင်း ခြံရံလျက်။ ကစ္ဆပနဒီမြစ်အကြောသို့ စုံတော်မူလတ်၍၊ ဦးရစ်တော်ဓာတ်နှင့် စမြုံတော်ဓာတ်၏အကြား၊ လမ်းပိုက်ချောင်းဝယ် တပ်ချတော်မူ၍။ ကစ္ဆပနဒီမြစ်ကမ်းမှစသည်။ ဦးရစ်တောင် ဓာတ်ရင်းတိုင်အောင်။ ဥသဘကိုးဆယ်အလွန်ရှိသော လမ်းခရီးကို။ ဆင်၊ မြင်း၊ ရထား၊ ဗိုလ်ပါကျင်းပသာအောင်၊ ညီစွာတိုင်းတာ၍ ညှိတော်မူ၍၊ စမြုံတော်ဓာတ်၊ ဦးရာဇ် တော်ဓာတ်အကြားဝယ်၊ ကြီးစွာသောမဏ္ဍပ်တို့ကို၊ ဆောက်စေ၍။ တရာ့တပါးသော လူမျိုးတို့၏အရုပ်။ ငါးရာ့ငါးဆယ် ဇာတ်တော်တို့၏ဖြစ်ဟန်၊ ကြည်းရေ၌ရှိသော သတ္တဝါတို့၏အရုပ်။ ကခြင်း-သီခြင်း ပုံသဏ္ဌာန်ကို စက်ယန္တရားကြိုးတို့ဖြင့် လှုပ်၍၊ လမ်းစဉ်အတိုင်း ကစေကုန်၏။ တန်းခွန်ကုက္ကား အစရှိသော ရေပြည့်အိုး-ကြာသွတ်အိုးတို့ဖြင့် ခရီးကို တန်းဆာ ဆင်ပြီးသော်။ သာသနာတော် ၂၁၃၅-ခု၊ ဂေါဇာသက္ကရာဇ် ၉၅၃-ခု တန်ခူးလဆုတ် တရက် တနင်္ဂနွေနေ့။ ဌာပနာ ပွဲသဘင်ကို စီရင်တော်မူ၍ ပြီးမြောက်တော်မူလျှင်။ အသောင်းမကသော သဃ်ာတော်တို့အား ရှစ်ပါးသော အကပ္ပိရာအစုံ ကို လှူတော်မူသည်။ စတုဒိသာရပ်မျက်နှာမှ လာရောက်ကြကုန်သော လူသူတော်ကောင်း၊ ဖုန်းတောင်းယာစကာတို့ အား။ ထိုက်တန်လျောက်ပတ်သော ဝတ္ထုတို့ကို ပေးလှူတော်မူ၏။ တာဝတိံသာ သုဓမ္မာနတ်ပွဲသဘင်ကဲ့သို့။ ငွေချပ် ကိုးသိန်း မကသော ဥစ္စာကို စွန့်တော်မူ၍။ ခုနစ်ရက်ပတ်လုံး အသဒိသအလှူကဲ့သို့၊ အလှူတော်ကြီးကို ပေးလှူတော်မူ သောအခါ၊ ပံသုပထဝီမဟီမြေကြီးသည် သုံးကြိမ်မြောက် တုန်လှုပ်လေ၏။ ထိုကဲ့သို့သော အလှူဒါနကို အကြိမ်များစွာ လှူဒါန်းတော်မူ၍၊ လောကီလောကုတ္တရာ။ သံသရာပစ္စုပ္ပန်။ နှစ်တန်သော အကျိုးစီးပွားကို၊ လွန်ကဲကြီးမားစွာ အားသစ် တော်မူစဉ်။ ဘုရင်မင်းဖလောင်းကြီးသည် သက်တော်ရှစ်ဆယ့်ကိုးနှစ်မြောက်လတ်၍။ ဂေါဇာသက္ကရာဇ် ၉၅၅-ခု ဝါဆိုလဆန်းခြောက်ရက်။ တနင်္ဂနွေနေ့တွင် နတ်ရွာစံတော်မူလေသည်။

-----------***----------

## ၂၅–ရင်းသားတော် မင်းရာဇာကြီးလက်ထက်မှာ ။ တိုင်းပြည်အထူး သာယာစည်ပင်သဖြင့်၊ ပဲခူးမြို့ ဟံသာဝတီကို ယိုးဒယားမင်း တိုက်လေရာ။ ရက္ခိုင်မင်းစစ်ကူလာ၍ ချမ်းသာရခြင်း စသောအဋ္ဌုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။

ထိုသာကီဝင် မင်းဖလောင်းကြီး နတ်ရွာစံတော်မူလေလျှင်။ သားတော်အိမ်ရှေ့ ဥပရာဇာ၊ သတိုးဓမ္မရာဇ် မင်းသားသည်။ ဝိဇလမည်သော နန်းထက်ဘွားမင်းသမီးနှင့် နန်းတက်တော်မူ၍။ ပြည့်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် အလွန်ဘုန်းတန်ခိုး အာနုဘော်ကြီးတော်မူသောကြောင့်။ ခပ်သိမ်းသော ပြည်ထောင်မင်းတို့သည်၊ အာဏာ လက်ရုံး ဘုန်းတန်ခိုးကျော်စောသတင်းကို ကြားတော်မူ၍၊ ရွှေပေဖြင့် ဆက်စာသ၍။ များစွာသော လက်ဆောင်ပဏ္ဏာ ကာရနှင့်တကွ။ ဝပ်စင်းညွတ်ကျိုးပူဇော် လျှောက်ကြားလာကြကုန်၏။ ထိုသတိုးဓမ္မရာဇာ မင်းသားသည် ထီးနန်းစိုးအုပ် တော်မူလျှင်။ မင်းရာဇာကြီးဟူသော အမည်ကိုခံတော်မူ၏။ အနောက်တိုင်းသား၊ ကုလားတို့ဘာသာအားဖြင့်ကား။

နရာဓိပတိသျှိန်လိန်သျှာဟူသော အမည်ကို ခေါ်တွင်ကြကုန်၏။ ထိုမင်းရာဇာကြီးနန်းတက်လျှင်။ ညီတော်စောလှကို စစ်တကောင်းမြို့စား ပေးတော်မူလေသည်။ တနှစ်ခန့်ရှိလျှင် ကုလားဘင်္ဂါ ၁၂-မြို့။ သက်မင်းကောင်းလှဖြူ။ မြုံ လင်းကဲတို့နှင့်ပေါင်း၍၊ သောင်းကျန်းလေသော်။ သက္ကရာဇ် ၉၁၇ ခုနှစ်တွင် ပြည့်ရှင်မင်းကိုယ်တိုင် ချီသောအခါ၊ ညီတော်စစ်တကောင်းစား စောလှ။ စစ်မပြိုင်ဝံ့၍ ဝင်လာသည်။ စစ်တကောင်းမြို့က ချီသွားလေ၍၊ ဒါဂါမြို့သို့ ရောက်သောကာလ၊ သင်းတို့မြို့ရွာသည် အကြိမ်များစွာ ဆိုးသူဖြစ်သည်။ ကုလားအကြီး ဒေးဝန်းနပတ်ကို အမျက်တော် ဝင်၍၊ ဒေဝန်းနပတ်တရာကို၊ တန်းဆာကို သိမ်းပြီးမှ မော်လိပ်အစို့မှာ ဖြည့်တော်မူသည်။ ။ စစ်တကောင်းမြို့ကိုလည်း၊ ခမည်းတော်လက်ထက်ကနည်း။ အမတ်မဟာပညာကျော်ကို ပေးမြဲပေးတော်မူ၍၊ မဟာပညာကျော်သား ကျီးညိုကို၊ ရောင်ဖြူမြို့စား ပေးတော်မူပြီးမှ၊ သားတော်ဒိက္ခါကို မောက်သူဇာတွင် ချုပ်အုပ်စေ၍၊ ကုလားနှစ်မြို့ကို အပ်ထားတော် မူခဲ့သည်။ ထိုသို့အသီးအသီးခန့်တော်မူပြီးလျှင်၊ သက္ကရာဇ် ၉၅၇-ခု၊ တပို့တွဲလ ပြန်တော်မူခဲ့သည်။ ယင်းသည့်နောက်၊ တောင်ငူမင်းက အထူးထူးသော လက်ဆောင်ရွှေပေများနှင့်၊ ကြည်တောင်စား-ကသာစားနှစ်ယောက်ကို စေလွှတ်၍။ ရောက်လာသော်။ စာတွင်ပါသည်ကား။ ပဲခူးမြို့ကို ကူညီတိုက်ယူ၍ပေးတော်မူပါ။ ပဲခူးမြို့ကိုရလျှင်၊ သမီးကညာဆင်ဖြူ ရတနာကို ဆက်ပါမည်။ ယင်းသို့စာတွင် ပါလာသည်ကို ကြားသိတော်မူလျှင်။ ပြည့်ရှင်မင်းကလည်း ချီတော်မူမည်။ အနောက်မျက်နှာ ဘင်္ဂါ ၁၂ မြို့ သက်မင်းကောင်းလှဖြူ လင်းကဲ-မြုံမြို့စား ရွာစား ကျေးစားတို့ကို လက်နက်ရဲမက်အစုံ နှင့် ပင်လယ်ကြောင်းမှာ။ ကုလား ၁၂-မြို့သင်္ဘောနှင့် အသင့်ရောက်ကြစေ။ သက်-မြုံမြို့-လင်းကဲတို့မှာလည်း၊ ကြည်းကြောင်း၊ မျိုးရိက္ခာလက်နက်အစုံ။ မြို့စားတို့က ကြီးကြပ်ခန့်ထား၍ရောက်စေ။ မြို့ရွာမှာလည်း တတ်သိလိမ္မာ သူကို အစောင့်အနေထားခဲ့စေ။ အသီးအသီး အမိန့်တော်မြွတ်ဆင့်ဆို၍၊ ချီတော်မူစဉ်။ စနည်းနာစေရာ။ အဥ္စနနဒီ လေးမြို့မြစ်တွင်၊ သူငယ်တို့လှေလှော်၍ ဆိုကြသော တြင်းသံမှာ။ ။ ဆင်ဖြူရှင်တင်ကြိုး၊ ထီးဖြူမိုး၍၊ ပဲခူးဘုရင်။ ငါတို့ရှင်ထံ ဝင်လိမ့်မည်။ ထိုသူငယ်တို့၏ အချင်း။ တြင်းအလို။ <u>အမတ်ပညာကျော်လျှောက်ထုံးသော်ကား။</u> ။ အရှင်မင်းမြတ်၊ ကျမ်းဂန်တွင်လည်း။ မိတ်ဆွေဝင်သောမင်းတို့၌၊ အရေးအကြောင်းဆိုက်ရောက်သော်။ ကူညီသင့်ကြောင်းကို ထုံးဟောင်းရှိပါသည်။ ယခုအကြည်တော် တောင်ငူမင်းပေးလိုက်သော ရွှေပေတွင်လည်း၊ အရှည်ထွန်းလင်းရာသော အကြောင်းဖြစ်ပါသည်။ သူငယ်တို့တြင်းဆိုသည့်အလိုမူ။ အမှုလွယ်ကာ။ ပြီးကုန်ပါမည်လျှောက်လေသော်။ ချီတော်မူမည် တပ်စဉ်။ အစီအရင်ခန့်ရုံတော်မူသည်ကား။ လက်ဝဲကိုယ်ရံတော်နှစ်သောင်းမှာ။ အမတ်ကုလားတန်စား စောနုတဗိုလ်၊ အမတ်မင်းကုန်းစား ရဲအောင်နိုင်တဗိုလ်။ လကျ်ာသင်းကိုယ်တော်ရံနှစ်သောင်းမှာ၊ အမတ်တန်းရွှေးစား ကာမဏိတဗိုလ်။ အမတ်မြို့ချောင်းစား တဗိုလ်၊ ကမန်လေးကိုင် သူရဲတသောင်းမှာ တောင်ကုပ်စား ရန်မျိုးအောင် တဗိုလ်။ ထားကိုင်လှံ့စွဲ သူရဲတသောင်းမှာ အမတ်သံတောင်စား တုံးညိုတဗိုလ်။ ကာစွဲဒိုင်းကိုင် သူရဲတသောင်းမှာ အမတ်အမ်းစား တုရင်သူ တဗိုလ်။ သက်သူရဲတသောင်းမှာ သက်မင်း-ကောင်းလှဖြူ မှူးမတ်နှင့် သက်မင်းကိုယ်တိုင် အစုသူရဲတသိန်းကို။ အမတ်တော်ကိုယ်ရံကြီး ဓမ္မာသောက အချုပ်တပ်ဦးချီရမည်။ မောက်သူဇာဘင်္ဂါကုလား ၁၂-မြို့က၊ ကုလားသူရဲ ငါးသောင်းမှာ အမတ်တော်ဆင်ကဲကြီး မနုဟာအချုပ်။ သင်္ဘောသုံးရာနှင့် ဗသျှူးကျွန်း-မော်စီဝက အမတ်ကြီးချရပ်၍၊ ကျွန်းတိုင်း-မြစ်ပေါက်တိုင်း စောင့်နေရသည်။ ပြည်ရှင်မင်းကြီးတပ်တော်မှာ၊ လက်ဝဲသင်းကိုယ်တော်ရံ၊ သုံးသောင်း။ လကျ်ာသင်းကိုယ်တော်ရံသုံးသောင်း။ ဒိုင်းနက်သူရဲတသောင်း၊ သက်သူရဲတသောင်း၊ ထီးလောင်းကာ၊ မီးပေါ်ပြောင်း ဒိုင်းလွှားစွဲ- သူရဲနှစ်သောင်း ရဲမက်တပ်မတော်တွင် ပါသည်။ ကမ်းရံဘလဲ သုံးသောင်း။ ကုလားထီးလောင်းကာ၊ မီးပေါက်ပြောင်းဒိုင်းလွှား သူရဲနှစ်သောင်း။ သူရဲပေါင်းငါးသောင်းနှင့်၊ သားတော်အိမ်ရှေ့မင်း မင်းခမောင်းနှင့် စိန်တင်စား ဥက္ကါပျံကို မော်တင်လမ်း သန်လျင်မြို့သို့ ချီစေသည်။ ပြည့်ရှင်မင်းလည်း သက္ကရာဇ် ၉၆၀ တန်ဆောင်မုန်း လွှန်း ၁၁ ရက်နေ့ ချီတော်မူသည်။ အမတ်ကိုယ်ရံကြီးတပ်မုတ္တမမြို့သို့ ဆိုက်ရောက်လေရာ။ မုတ္တမမြို့ အရှေ့ကျွန်းကြီး မြို့တွင်။ လက်ဝဲသင်းကိုယ်တော်ရံ သူရဲတသောင်းနှင့်။ ကုလားတန်စား စောနုကို တပ်နှင့်ထားလေသည်။ ချုန်းချုန်း ကျအရပ်မှာ၊ လကျ်ာသင်းကိုယ်တော်ရံ သူရဲတသောင်းနှင့် တန်းရွှေးစား ဂါမဏိကိုတပ်နှင့်ထားလေသည်။ ဘောင်းတော် ဆိပ်တွင် သူရဲတသောင်းနှင့် သံတောင်စား-တုံးညိုကို တပ်နှင့်ထားလေသည်။ မုတ္တမမြို့ အရှေ့မြောက်ထောင့် သရောမြစ် ညာလမ်း-မြရာဝတီမြို့ကသည် ကမော်ကလော်တောင်ထိ။ သက်မင်းကောင်းလှဖြူကို သူရဲသုံးသောင်းနှင့် တပ်စွဲအခိုင် ထားလေသည်။ သားတော်အိမ်ရှေ့မင်းလည်း သံလျှင်မြို့ကို လုပ်ကြံ၍ရလေလျှင်။ သံလျှင်တွင် စွဲရပ်နေတော်မူလေသည်။ ပြည့်ရှင်မင်း မင်းရာဇာကြီးလည်း ချီသွာလေ၍၊ ပဲခူးမြို့အနောက်ဘက် ဟသ်ာဇိုင်းဂနိုင်းတွင် တပ်ချတော်မူ၍ ပဲခူးမြို့ကို ဝန်းရံလေ၏။ ယင်းသောအခါ ပဲခူးမင်းနန်းကဆင်း၍၊ တောင်ငူမြို့သို့ ပြေးလေသည်။ ယင်းသည့်ကာလ၊ ယိုးဒယားမင်း

ဗျနရစ် အလုံးအရင်းနှင့် ချီလာလတ်သော်။ တောင်ငူမင်းလည်း တောင်ငူမြို့သို့ ပြန်လေ၏။ ယိုးဒယားမင်းလည်း တောင်ငူသို့ချီ၍ ရံလေ၏။ ထိုအခါ အစားရှားလေရာ။ တောင်ငူကခွာ၍ ယိုးဒယားသို့ပြန်လေသော်။ သက်မင်းစီးနင်း၍ တိုက်လေရာ။ ယိုးဒယားမင်းညီ ဗျသမွန်ကို ဘမ်းရ၍၊ ပြည့်ရှင်မင်းထံ ဆက်လာသည်။ ပင်လယ်ကြောင်း ယိုးဒယားတို့က ချီလာသည့်တပ်ကိုလည်း၊ သင်္ဘောကြောင်း ဘိစီးတိုက်လေရာ။ ပျက်စီး၍ လက်နက်လူသူအများကို ရသည်။ ယိုးဒယားမင်းညီတော်ကိုလည်း ကောင်းမွန်စွာထား၍၊ ယိုးဒယားတွင်ရှိသည့်လက်နက်ဘဏ္ဍာများကို တောင်းလေရာ။ ပြောင်းမီးပေါက်သုံးသောင်း၊ နားမဘောက်ဗျရွတ္တသံဟူသောပြောင်း။ ဗျာသာဓိရာဇာအရုပ်။ မိဖုရားကြီးအရုပ်။ ယိုးဒယားမင်းဆရာ အရုပ်။ ဧရာဝဏ်ဆင်ရုပ်၊ ယိုးဒယားတို့ကိုးကွယ်ဆည်းကပ်သည့် ရာမရုပ်။ ဟနုမ်မျောက်ရုပ်။ အလမ္ဗာယ်မြွေသမားရုပ် စသောကြေးရုပ်များကို ယိုးဒယားမြို့က ဆောင်ယူ၍ ဆက်ရသည်။ တောင်ငူမင်းကလည်း၊ ပဲခူးဆင်ဖြူရှင်မင်းသမီးတော် ရှင်ဒွေးနှောင်းနှင့် ခြွေရံမောင်းမသုံးရာ။ ဆင်ဖြူ ဆင်မည်းအများ ရွှေငွေအထည်အလိပ်လက်နက်ပြောင်း မီးပေါက်များကို ဆက်လာသော်။ ပဲခူးမြို့ ယိုးဒယားအိမ်ထောင်စုံ သုံးထောင်တို့ကို သိမ်းခေါ်တော်မူခဲ့ပြီးလျှင်။ ဘိုးတော်မင်းဗာကြီးသား ငအင်္ဂါကို။ သင်္ဘောဆိပ်နှင့်တကွ သံလျင်မြို့ပါ ကျေးစားပေးတော်မူခဲ့၍၊ အစောင့်အနေထားတော်မူခဲ့ပြီးမှ သက္ကရာဇ် ၉၆၃ ခုတွင်၊ ပြည်တော်သို့ ပြန်တော်မူခဲ့သည်။

လမ်းအကြား မော်တင်သို့ ရောက်သောအခါ၊ အမတ်ကြီး မဟာပညာကျော် သေလွန်လေသော်။ ကြီးကျယ်သောအခမ်းအနားဖြင့် သဂြိုဟ်တော်မူ၍။ အမတ်ကြီးကို သဂြိုဟ်သောသင်္ချိုင်းရာပေါ်တွင် ဘုရားစေတီ တည်ထားခဲ့လေသည်။ ထိုစေတီတော်ကြီးကို ယခုလက်ထက်တိုင်အောင် မော်တင်စေတီကြီးဟု ထင်ရှားစွာ ခေါ်ဝေါ်လျက်ရှိကုန်၏။ ပြည်တော်သို့ရောက်လျှင်၊ ယိုးဒယားတို့ကို အတီးအက-စကြောအစို၊ ငင်းပြင် ကြွေတဲတပ်။ ကြွေမသိတပ်။ တောင်ဘက်တပ်၊ မြို့သစ်တပ်။ တောင်ငူတပ်၊ ကျွန်းကောင်းတပ်။ ရှစ်တပ်အစုဘွဲ့တော်မူ၍။ ကစ္ဆပနဒီအရှေ့ဘက် ပွဲထားကျွန်း၊ တောင်ရင်းကျွန်း၊ မြစ်အနောက်ဘက်ပေးကျွန်း။ ဦးရစ်တောင်ကျွန်း။ မရိုးကျွန်း။ ရမောင်းကျွန်းများမှာ ချထားတော်မူသည်။ ထို့ပြင် တလိုင်းသုံးထောင်ကို ဆင်အောက်မသင်းများမှာ ဖြည့်တော်မူ၍၊ ငါးစင်ရိုင်းကျွန်းတွင် ချထားတော်မူသည်။ ယိုးဒယားအကသဘင် လေးစို့သားတို့ကို အမတ်သူငယ်တော်သွေးသောက်သို့ အပ်တော်မူလေသည်။ စစ်တကောင်းမြို့စား မဟာပညာကျော်သား ကျီးညိုကို အဘနည်းတူ သူကောင်းပြုတော်မူ၍၊ စစ်တကောင်းမြို့ကို မြို့စားပေးတော်မူပြီးလျှင်၊ ပညာဝံသအမည်ကို ပေးသနားတော်မူလေသည်။ သံလျှင်မြို့စား ငအင်္ဂါကို ခေါ်တော်မူလေရာ မလိုက်မလာဘဲ နေသောကြောင့်။ သားတော်အိမ်ရှေ့မင်းကို ချီတက်တိုက်စေလျှင်။ ငအင်္ဂါက မော်တင်ဟိုင်းကြီးကျွန်း၌ သင်္ဘောလေးစင်း ဝှက်ထား၍၊ အိမ်ရှေ့မင်း မင်းခမောင်းလည်း၊ ပေါ့လျော့စွာ ချီသွား၍၊ ဟိုင်းကြီးကျွန်းသို့ တပ်ချမည် ဝင်သွားလေရာ။ ငအင်္ဂါက ညဥ့်အခါ စီးနင်းတိုက်လေသော်။ သားတော် အိမ်ရှေ့မင်းခမောင်းကို ငအင်္ဂါဘမ်းမိရလေသည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး မင်းရာဇာကြားသိတော်မူလျှင်၊ အမျက်တော်ဝင်၍၊ ရဲမက်အလုံးအရင်းနှင့် ချီတက်တိုက်ဖျက်၍ ငအင်္ဂါကို ဖမ်းဆီးမည်ရှိရာတွင်။ အမတ်ပညာရှိ စစ်တကောင်းစား ပညာဝံသလျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ သားတော်သည် ရန်သူ့လက်သို့ ရောက်၍ရှိပါသည်။ စစ်ပြု၍ ငအင်္ဂါကိုဘမ်းသည်ရှိသော်။ သားတော်ကို အရှင်ရမည်မဟုတ်ပါ။ သူငယ်တို့တပေါင်ဆိုကြသည်မှာလည်း။ ကျောက်သလင်းဖြူဆွဲဆွဲ၊ ရေတွင်ကျ၊ ရှာ၍မရ၊ မိုယ်းကိုးလ၊ ယင်းသို့တြင်းတပေါင်အလို။ သားတော်သည် ကျောက်သလင်းဖြူနှင့်တူသောအမျိုးဖြစ်ပါသည်။ ကိုးလရန်သူ့လက်တွင် ကြာပါမည်။ သူမိုက်ကို နိုင်လိုသော် ဖြားယောင်းရာသည်။ ရှေးသူဟောင်းစကားအမှာ။ ငအင်္ဂါလည်း ကျိုးပြစ်သိသူမဟုတ်။ လူမိုက်လက္ခဏာအဝင်။ အမြင့်အနိမ့်ကိုလည်း မကျွမ်း။ ထုံးတမ်းကိုလည်း နားမလည်။ လိမ္မာရေးရှိသောအမတ်ကို စေလွှတ်၍ ငအင်္ဂါကို လှည့်ဖြားရသော်။ သားတော်နှင့်တကွ အင်္ဂါခြေတော်ရင်းသို့ ရောက်မည်အမှန် ဖြစ်ပါသည်ဟု လျှောက်လေသော်။ ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍။ အရေးလိမ္မာသော ကံသာမြို့စား-အမတ်ကြီးသား၊ အတွင်းသုံးဇေယျဗိုလ်ကို စေတော်မူလေရာ၊ ငအင်္ဂါကို လက်ဆောင်အများနှင့်။ သားတော်အိမ်ရှေ့မင်းခမောင်းကို ဘမ်းဆီးထားတော်မူကြောင်း ကြားသိတော်မူသောကြောင့် ပြည့်ရှင်မင်းကြီးကစေလွှတ်လိုက်ပါသည်။ လက်ဆောင်များကို ယူတော်မူပါ။ ကိုယ်တော်ကို အိမ်ရှေ့မင်း မင်းခမောင်းနှင့်တကွ လိုက်တော်မူပါမည့်အကြောင်းနှင့်။ ဇေယျဗိုလ်ဖြားယောင်း လှည့်ပတ်ပြောဆိုလေလျှင်။ ငအင်္ဂါ အကျိုးအပြစ်မသိသော သူမိုက်ဖြစ်၍၊ အိမ်ရှေ့မင်းနှင့်တကွ လိုက်လာ၍ရောက်လျှင် အပြစ်မပြု၊ ငအင်္ဂါကို ဘေးမဲ့ချမ်းသာပေးတော်မူ၍၊ သံလျင်မြို့သို့ သာယာစွာ ပြန်လွှတ်လိုက်လေသည်။

ယင်းနောက် သုံးနှစ်ရှိလတ်သော်။ ကြွေတဲတပ် တလိုင်းတထောင်ထွက်ပြေး၍။ တောင်ခွင်စားက-ဆီးကြိုဖမ်းမိ

ရကြောင်းကို မင်းကြီးထံလျှောက်လေရာ။ ဘိုးတော်မင်းဗာကြီး၊ ကုသိုလ်ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူမှာ ထပ်၍၊ ကျောက်စာထိုးပြီးလျှင် လှူတော်မူသည်။ ဘိုးတော်လှူခဲ့သော ကုလားလေးထောင်၊ တလိုင်းတထောင်၊ ဘုရားအသည်သင်ချီတို့ ့စားမြေများကိုလည်း ကြိမ်တလီ၊ မိကျောင်းရဲ၊ ကလူသမြစ်၊ မော်တင်ထိ လယ်ကျင်းနှစ်သောင်း ဝတ်မြေထပ်၍၊ လှူတော်မူပြန်သည်။ သက္ကရာဇ် ၉၈၃ ခု ရောက်သောအခါ၊ သားတော်အိမ်ရှေ့မင်း မင်းခမောင်းသည် ဘေးလောင်းတော် ကုသိုလ်တော် ဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူကို၊ ဘုရားအဖူးသွားလိုကြောင်းနှင့်၊ ခမည်းတော်မင်းကြီးအား လျှောက်လေရာ၊ ခွင့်ပေးတော်မူလေ၍၊ သံတွဲမြို့သို့ သွားလေသော်။ သံတွဲမြို့သို့ ရောက်သောကာလ၊ ဘုရားသင်ချီ တလိုင်းခေါင်းတော်ကျွန်း၊ ကုလားခေါင်းအင်ရှာ၊ မတူလာ၊ နောပံ၊ ကဓီ၊ ထိုငါးယောက်က ခမည်းတော်လည်း ကြီးရင့်ပြီဖြစ်၍၊ သားတော်သမီးတော်လည်း အများရှိသည်။ နောင်သောအခါ နန်းလုပွဲ ဖြစ်ရာသည်။ ခမည်းတော်ထင်ရှားရှိစဉ် ထီးနန်းတက်၍၊ ခမည်းတော်ကို သက်န်းနှင့်ထားရလျှင်၊ သံသရာပစ္စုပ္ပန်အကျိုးနှစ်ပါးပင် သင့်မြတ်လှသည်ဖြစ်ပါသည်။ လှည့်ဖြား၍လျှောက်လေသော်။ အိမ်ရှေ့မင်း မင်းခမောင်း မှောက်မှား၍။ ခမည်းတော်ကို နန်းမှချမည်အကြံနှင့်၊ သင်းပင်းစည်းကြပ်၍၊ ဘုရားသချီငါးထောင်ကို သူရဲအစို့ ဘွဲ့လေ၍၊ တပ်ဦးချထားသဖြင့် ချီလာခဲ့သော်။ ထိုအကြောင်းကို မင်းကြီးသိသဖြင့်၊ ကြည်းရေအပြည့် သူရဲလက်နက်ထားပြီးမှ။ ငါးစင်ရိုင်းကျွန်းမင်းသား မြို့ကဆီးဆို့တိုက်ခံ ဘမ်းဆီးလေရာ။ သားတော်အိမ်ရှေ့မင်း- မင်းခမောင်းကို ဘမ်းရမိလေသည်၊ သင်ချီအကြီးခေါင်း လူပေါင်းလေးထောင်ကိုသော်ကား။ သက္ကရာဇ် ၉၈၄ ခုနှစ်၊ အရှေ့ပြည်သို့ သားမယားကို ဆောင်ယူ၍၊ သန္တိချောင်းဖျားက ထွက်ပြေးလေသည်။ ကျန်ကုလားငါးရာ၊ တလိုင်းငါးရာတို့မှာ အလှည့်နှင့်သာ စောင့်နေစေ။ သင်းတို့ကို သံတွဲမှာ မနေစေနှင့်။ သိမ်းခေါ်ပြီးလျှင်၊ ရတနာပုံဘုရားမှာ ငါးရာ။ မဟာမြတ်မုနိဘုရားမှာ ငါးရာထပ်၍၊ လှူတော်မူလေသည်။ ဥဂ္ဂါပုံမှာ သားတော်ကို အထိန်းအကြီးထားသူဖြစ်လျက် နိုင်အောင်မဆုံးမ။ ပျော်ရွှင်မှုကိုသာ လေ့လာသူဖြစ်သည်။ မင်းသုံးအပ်၊ <u>လက်ကိုဖြတ်၍၊</u> မဟာမုနိဘုရားမှာ လှူတော်မူသည်။ သားတော်မင်းခမောင်းကို အပြစ်ပေးမည်ရှိလေရာ။ <u>အမတ်မဟာပညာဝံသ လျှောက်ထုံးသော်ကား။</u> ။ အရှင်မင်းမြတ်။ ရှေးသောအခါ၊ ဘုရားအလောင်းဆင်မင်းသည် အရံတထောင်သော ဆင်တို့နှင့်သစ္စာပြု၍ နေတော်မူသည်။ အဂေါလဟတ္ထိဆင်လည်း ဆင်ပေါက်တစ်ထောင်နှင့် နေကြသောအခါ၊ ဘုရားအလောင်းဆင်မင်းတွင်ကား၊ အမိန္ဒကဟူသော ညီတော်ရှိသည်။ အဂေါလဆင်မင်းက လှည့်ပတ်၍၊ အရွယ်ကောင်းစွာ၊ သံမာသောကာလ၌၊ မင်းမူရမှသာ။ ကျေးဇူးထွန်းရှိနိုင်မည်၊ အိုသောအခါ၊ ပဇာအကျိုးရှိမည်အံ့နည်း။ နောင်တော်ဆင်မင်းကို ပြစ်မှားမှုကို ဆိုလေသော်။ ညီတော်အမိန္ဒကလည်း အဂေါလ၊ ဆင်ရံငါးရာကို သင်းပြုလျက် ချီလာသော်။ ဆင်မင်းက သင်းပင်းခြွေရံ ဆင်တို့အား ငြိမ်စွာနေစေ၍၊ စီးချင်းထွက်ခံတိုက်သောအခါ၊ ငါးရာသော ဆင်တို့ မခံနိုင်ခြင်းကြောင့်၊ ထွက်ရှောင်ပြေးလေသော်။ ညီတော်ကို ဘမ်းရလေသည်။ အကြံပေးသောသူ အဂေါလ ဆင်မင်းလည်း ကြောက်လန့်၍၊ နေရာလွှဲပြောင်းပြေးကြလေလျှင်။ အဂေါလဆင်မင်း သင်းပင်းခြွေရံတစ်ဝက်၊ ဘုရားလောင်းဆင်မင်းထံ ရောက်လာသည်တွင်။ ထိုတောင်ကို တောသင်းပြုလျက်နေသော ဆင်တို့သည် ကြောက်လန့်၍ ဝင်ရောက်လာကြပြန်သည်။ ထိုသို့သောအခါ၊ ညီတော်အား ဆင်မင်းမိန့်တော်မူသည်ကား ငြိမ်စွာနေသောကာလ၊ ငါ့ဘုန်းလက်ရုံးကို အများဆင်တို့မသိ၍၊ မကြောက်မလန့်။ ငါ့ညီတော်အမိန္ဒကသည် နောင်တော်ခွန်အားဗလကြီးကျယ်ကြောင်းကို၊ အများသိအောင် ပြုသည်တွင်မှ၊ ဆင်အပေါင်းတို့ ဝင်ရောက်လာသည်မှာ။ ညီတော်အမိန္ဒက ကျေးဇူးပင်ဖြစ်သည်။ ညီတော်အား ဆင်မင်းချီးမွမ်းကြောင်း ထုံးဟောင်းရှိပါသည်။ ယခုလည်း သားတော်အိမ်ရှေ့မင်းသည်။ အယုဇ္ဈပူရတိုင်း-ဒွါရာဝတီမြို့က၊ သူရဲလက်နက် ဆင်လုံးမြင်းရင်းနှင့် ချီလာခဲ့၍၊ ခမည်းတော်ဘုရား ဘုန်းလက်ရုံးကို ထင်ရှားစွာပြသည့်အမှုမှာ ပြည်ထောင်မင်းတို့၊ တိုး၍ကြောက်လန့်စေရာသော အကြောင်းသာ ဖြစ်ပါသည်။ ယင်းသို့ လျှောက်လေသော်။ ပြည့်ရှင်မင်းကြီး အမိန့်တော် ရှိပြန်သည်ကား၊ ပဲခူးမင်း ရာဇဓိရာဇ်သည်။ သားဗောလောကြမ်းတောသည် အဘအာဇာကို ပြစ်မှားသည် အမှုလည်း မရှိသေးစဉ်လျက်။ ဆင်အစွယ်ကို ချွန်သည့်အမှုနှင့် စီရင်ကြောင်း ထုံးဟောင်းသက်သေနှင့် ထင်ရှားထွက်ရှိပါသည်။ ထိုသို့အမိန့်ရှိလတ်သော်။ အမတ်ကြီးလျှောက်ပြန်သည်ကား၊ မြင့်မြတ်သော တရားကိုသာ၊ အနွယ်တော်မင်းဆက် စောင့်ထိန်းတော်မူသော အရှင်မင်းမြတ်။ ဘုရားသခင် ဟောတော်မူသော ကျမ်းဂန်၌အလာ။ ကပိလဝတ်ပြည်- ရာဇဂြိုဟ်ပြည်-မိထိလာပြည်တို့၌ ရှစ်သောင်းလေးထောင်သော မင်းတို့သည်၊ ထီးကျိုးစည်ပေါက်မည်သည်မရှိ၊ ဝေသာလီပြည်၌မူကား၊ ပဇ္ဇောကမင်း၊ ခိုးမှုုးနန္ဒမင်းတို့သည် ဖျက်ဆီးလုယက် လက်နက်နိုင်ငံမင်းမူခြင်းကြောင့်၊ ထီးကျိုးစည်ပေါက်မည်သည် ဖြစ်ကုန်၏။ ယင်းသို့ ကျမ်းဂန်စကားအလာ၊ လက်ရုံးအားကိုသာ

ပြုသော မင်းတို့အား။ ဘုရားကြိုက်တော်မူရင်းမရှိ။ ကမ္ဘာအစ၊ မဟာသမ္မတ မင်းရိုးစဉ်လာ။ သာကီဝင်မင်းအနွယ်တို့၊ အမျိုးစောင့်သောတရားကို၊ ဖျက်မြဲမဟုတ်။ သာကီဝင်မင်းဖြစ်လျက်၊ သာကီဝင်မျိုး မမှန်သောမိန်းမနှင့် စုံဘက်လေရာ၊ ဘွားမြင်သောသားသမီးသော်လည်းကောင်း၊ မင်းဆက်ယောကျ်ားပြတ်ခဲ့၍၊ သာကီဝင်မင်းသမီးနှင့် စုံဘက်မင်းမူခြင်း သည်လည်းကောင်း၊ လက်ရုံးအားကိုးဖြင့် မင်းမျိုးခြား မင်းမူခြင်းသည်လည်းကောင်း၊ ထိုသို့သော မင်းတို့သာလျှင်၊ အမျိုးစောင့်သောတရားမရှိ မင်းကျင့်မမှန်၊ မိမိတိုင်းပြည်သူ သတ္တဝါ၊ တိုင်းတပါးနေသတ္တဝါတို့ကို၊ သတ္တဝါချမ်းသာခြင်း မရှိအောင်၊ ပြုကျင့်ဆိုးသွမ်းကြမ်းတမ်းခက်ထန်ကြောင်း ကျမ်းဂန်ထွက်ရှိပါသည်။ မုတ္တမမြို့ကို အစတည်လာ-မင်းမူလာ သော သူပကတူလည်း နိဇဂ်လအမျိုး၊ ထိုသူကို အကြောင်းပြုလျက်။ ပဲခူးမင်းဆက်စဉ်လာ-ရာဇဓိရာဇ်တိုင်အောင် ထုံးရာဇဝင်တို့သည်။ ဘုရားစသော သူတော်ကောင်း ချီးမွမ်းဘွယ်မပါ။ အဘိဇ္ဈာမတရားသဖြင့် ကြံစည်ခြင်း၊ ဗျာပါဒဖြင့် သူတထူးကို ဖျက်ဆီးတတ်သော သူညမင်းတို့သည်။ ကိုယ့်အသက်စည်းစိမ်ကိုသာ စုံမက်လှ၍၊ သူတပါးအား သနားခြင်း ကင်း၍၊ ရက်ရောလေသည်။ ထိုသူတို့လည်း မှန်သောတရားကိုမသိ၊ မှားသောအမှုကိုသာ လေ့လာပါသည်။ ထိုမင်းတို့ လက်ထက်၌လည်း၊ ပညာရှိထွန်းလင်းရိုးမရှိ၊ လက်ရုံးမာန၊ ခက်ထန်ထောင်လွှား၊ သူတပါးကို ဖျက်ဆီးတတ်သော သူသာလျှင်၊ ထွန်းလင်းလေရာသည်။ ။ အရှင်မင်းမြတ်၊ သတ္တဝါတို့ခလေ့၊ တပြည်တမြို့နှင့်၊ အကယ်၍စစ်ပွဲရှိလတ်မူ။ ပြည့်ရှင်မင်းလည်း လိမ္မာ။ ပညာရှိအမတ်လည်း စစ်မှုုရှိလတ်မူ။ သတ္တဝါမသေ။ နှစ်ပြည်ပင် မိတ်ဝင်လေရာသည်။ မင်းကြမ်းအမတ်သွမ်းကို စစ်မှုုစစ်ကွပ်အပ်၍၊ ရှိပြန်ကလည်း။ မိမိလူ၊ ပြည်သူပြည်သားလည်း သေကြေများစွာ။ တိုင်းတပါးသူလည်း ပျက်စီးသေကြေများစွာ ချမ်းသာမရ ရှိတတ်ပါသည်။ ယင်းသို့ တရားအလွန် ဆိုးသွမ်းသော မင်းအမတ်တို့ လက်ထက်။ မိမိတို့ဆိုးသွမ်းသမျှကို ထုံးပြုလျက်။ ထားခဲ့သမျှသော အက္ခရာစာပေတို့သည် ထုံးဟောင်း မဟုတ်။ ထုံးဆိုး၊ ထုံးသွမ်း၊ သာသနာတော်မှအပ ဖြစ်သော သူညမင်းတို့ထုံး။ ဘုရားစသော သူတော်ကောင်းတို့ မကြိုက်၊ သူမိုက်လက်ထက်စာ၊ ထိုစာ ထိုထုံးတို့ကို မင်းကောင်း အမတ်ကောင်း၊ ပညာရှိသူတော်ကောင်း မသင် မကြား မမှတ်။ ထုံးသက်သေ မပြုသင့်ပါ။ ထိုသို့ အမတ်ပညာဝံသလျှောက်လေရာ။ အမျက်တော်ပြေ၍ သားတော်ကို အမတ်ကြီးသို့ အပ်တော်မူလေသည်။

ထိုမင်းရာဇာကြီးလက်ထက်တော်၌၊ မြောက်ဦးရွှေမြို့တော်၏ အနောက်မြောက်ဘက်-ရွှေစည်ဝ၏ကမ်းထိပ် အပြင် ရေလယ်၌၊ မြတ်စွာဘုရား၏ရုပ်တုတော်သည်၊ အလိုလိုပေါ်လတ်သတည်းဟု အရပ်ထက်ဝန်းကျင် ကျော်စော လတ်လျှင်။ ဘုရင်မင်းရာဇာကြီးသည်။ အလွန်ဆန်းကြယ် တင့်တယ်သော ပွဲသဘင်ကို စီရင်တော်မူလျက် မှုုးတော် မတ်တော်တို့နှင့်တကွ၊ သိန်းသန်းမကသော လူဗိုလ်ပါတို့သည် စည်းဝေးလျက်။ ရုပ်ထုတော်မြတ်ကို၊ ရေထဲမှ မကြွနိုင် သဖြင့် ဘုရင်မင်းရာဇာကြီးသည် များစွာသော ပန်းပေါက်ပေါက် ဆီမီးတန်ဆောင်တို့ဖြင့်။ ကောင်းမွန်စွာ ပူဇော် ကန်တော့၍၊ ဤသို့အဓိဋ္ဌာန်ပြုတော်မူ၏။ ရုပ်တုတော်အရှင်မြတ်အား၊ ငါသည် ပူဇော်ထိုက်သည်ဖြစ်အံ့၊ သိကြားနတ်မင်း သည် ကူမထောက်ပံ့လာစေသတည်းဟု အဓိဋ္ဌာန်ပြုသော ခဏဝယ်။ ဝလာအပြင်ထက်ကောင်းကင်အလုံးဝယ်။ စည်မျိုး ငါးဖြာ၊ တူရိယာအပေါင်း၊ သောင်းသောင်းညံလျက်၊ တီးခတ်ပြီးခါ၊ နတ်များစွာနှင့် သိကြားမင်းကိုယ်တိုင် ကြွလာ၍၊ ကူမလာရာ။ ရေထဲမှအလိုလို ပေါ်တက်လာသဖြင့်။ ကမ်းထိပ်မှာ သီတင်းသုံးနေတော်မူရာ။ ဘုရင်မင်းရာဇာနှင့်တကွ။ တိုင်းသူပြည်သား လူအများတို့သည်၊ အားရဝမ်းမြောက်ကြ၍၊ ကောင်းချီးမင်္ဂလာ သာဓုများစွာ ခေါ်ဝေါ်ကြကုန်သည်။ ဘဝရှင်မင်းတရားကြီးလည်း၊ ၎င်းရုပ်တုတော် အရှင်မြတ်အား။ ရွှေစည်ဝကမ်းနားတွင်ပင်။ မဟာရံတံတိုင်းနှင့်တကွ၊ ကျောင်းတော်ဆောက်လုပ်၍ ဆွမ်းတင်၊ ပန်းတင်၊ သင်ချီလယ်မြေဥယျာဉ် အလှုုအစဉ်ဖြစ်စေရန် လှုုတော်မူသည်။ ထိုရုပ်တုတော်မြတ်ကို၊ ရေထဲမှပေါ်လာသောကြောင့်။ *<u>ဘုရားပေါ်</u>ဟု ခေါ်ဝေါ်ကြသည်။ လောကီ လောကုတ္တရာ နှစ်ပါးအကျိုး၊ တိုင်းကျိုး ပြည်ကျိုး၊ သာသနာတော်အကျိုးကို သည်ပိုးရွက်ဆောင်တော်မူလျက်။ သက္ကရာဇ် ၉၉၀ ပြည့်၊ ဝါဆိုလဆန်းရှစ်ရက်၊ ဗုဒ္ဓဟူးနေ့တွင် နတ်ရွာစံတော်မူလေသည်။

----------***---------

## ၂၆– ၎င်းသားတော် မင်းစမောင်း
## ၎င်းသားတော် သီရိသုဓမ္မရာဇာမင်းတို့၏
## အဋ္ဌုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။

ထိုဘဝရှင် မင်းတရားကြီး နတ်ရွာစံတော်မူလေလျှင်၊ သားတော်အိမ်ရှေ့မင်း- မင်းခမောင်းသည်။ နန်းတက်ဘွား ဓမ္မဒေဝီမင်းသမီးနှင့် အဘိသိက်ခံ၍၊ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကြီးအား မင်းခမောင်းဟု ခေါ်တွင်၏။ ရွှေထီးရွှေနန်းကို အစိုးရလျှင်၊ နရာဓိပတိဝရဓမ္မရာဇာ၊ဟု ခေါ်တွင်ကြကုန်၏။ ထိုမင်းခမောင်းကို၊ မဇ္ဈိမဒေသအရပ်သားတို့၏အလိုအားဖြင့် *ဉသျောင်သျှာဟု-ခေါ်ဝေါ်ပညတ်ကုန်၏။ *မင်းခမောင်းဟု ခေါ်ခြင်းအကြောင်းကား၊ ဘိုးတော် ဘဝရှင်မင်းဗာကြီးသည် အဥ္စနနဒီမြစ်ညာသို့ ဆန်တော်မူသောအခါ၊ အဥ္စနနဒီကမ်းဝယ်ခမောင်းဆိပ်၌ ရတနာရွှေဗိမာန်ဝယ် စံနန်းတော်ထက် စံတော်မူစဉ် ဘွားမြင်တော်မူခြင်းကြောင့်။ မင်းခမောင်းဟု ခေါ်ဝေါ်ပညတ်ကြကုန်၏။ ထိုဘုရင် မင်းခမောင်း လက်ထက်တော်၌၊ ရှေးဘေးတော်-ဘိုးတော် ခမည်းတော်တို့လက်ထက် အခါကဲ့သို့ပင်၊ အထူးသဖြင့် ဘုန်းတန်ခိုးအာဏာ ထွန်းလင်းတောက်ပ၍၊ တိုင်းပြည်သာယာ၊ သတ္တဝါချမ်းသာ၊ ကြွယ်ဝစည်ပင်လျက်၊ လောကီလောကုတ္တရာအကျိုး၊ ပွားများကြကုန်၏။ ထိုဘဝရှင် မင်းခမောင်းသည် ဒါနသီလတရား၌ အလွန်အားကြီးသော ဆန္ဒရှိတော်မူသည်။ လက်ာဒီပကျွန်း၌ ထူပါရုံစေတီနှင့်အလားတူ၊ ဆန်းကြယ်စွာသောစေတီတစ်ဆူကို တည်တော်မူ၍၊ ရွှေကျောင်းရတနာကိုလည်း၊ ဆောက်လုပ်လှူဒါန်းတော်မူ၏။ ထိုဘဝရှင်မင်းခမောင်းသည်၊ ရန်အောင်ပြင်၌၊ ရတနာပုံစေတီတော်ကို တည်တော်မူ၍၊ စေတီအနီးတွင် ရွှေကျောင်းကြီး ဆောက်တော်မူ၍၊ နိုင်ငံတော်အလုံး၌ရှိသော အရိယာနွယ်ဝင် သင်္ဃာတော်မထေရ်မြတ်တို့အားလည်းကောင်း၊ ခပ်သိမ်းသော အလှူခံယာစကာတို့အားလည်းကောင်း၊ ကြီးကျယ်လှစွာသောအလှူကို ပေးလှူတော်မူလေ၏။ ထိုဘဝရှင်မင်းခမောင်းလက်ထက်၊ အတိုင်းတိုင်း အပြည်ပြည်မှ လက်ဆောင်ပဏ္ဏာ၊ သမီးကညာစသော ရတနာတို့ဖြင့် အသီးသီး ဆက်သည္ထတ်ခပို့ရောက်ပေါက်လာကုန်၏။ ထိုဘဝရှင် မင်းခမောင်းသည် ကိုယ်တော်၏အကျိုးစီးပွား။ တိုင်းနိုင်ငံနှင့်တကွ။ သာသနာတော်၏အစီးအပွားကို အားထုတ်တော်မူလျက်။ သက်တော်ခြောက်ဆဲ့ရှစ်နှစ် ရောက်လတ်သောအခါ၊ သည်းထန်စွာသောဝေဒနာ ကပ်ရောက်တော်မူလာလျှင်၊ မိဖုရားခေါင်အစရှိသော၊ သားတော်-မြေးတော်-အမတ်သေနာပတိ-သက်တော်ရှည် ကျော်ထင်-အနန္တကျော်ထင်-လက်ျာသင်္ကြံ-သီရိဇေယျကျော်ထင်-အမတ်ကြီးလေးယောက်တို့ကိုလည်း ပြည့်တိုင်းဝန်ကို ဆောင်ရွက်ကြလေဟူ၍ မှာတော်မူပြီးလျှင်။ အိမ်နိမ့်လေးဆဲ့ရှစ်နှစ်။ နန်းစံနှစ်ဆယ်။ နှစ်စုသက်တော်ခြောက်ဆဲ့ရှစ်နှစ်၊ နယုန်လွှန်းလေးရက် စနေနေ့တွင် နတ်ရွာစံတော်မူလေသည်။

ထိုမင်းခမောင်းကြီး နတ်ရွာစံတော်မူပြီးသည်နောက်။ သားတော်အိမ်ရှေ့မင်း ဟရိမင်းသားသည် နတ်ရှင်မယ်မင်းသမီးနှင့်။ သက္ကရာဇ် ၁၁၁၀ ပြည့်။ နယုန်လွှန်းလေးရက်နေ့တွင် ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ သီရိသုဓမ္မရာဇာဟူသော အမည်တော်ကို ခံတော်မူလေသည်။ ငယ်မည်မင်းဟရိဟု ခေါ်လေသည်ကား။ ဟရိတောင်၏အရှေ့ဘက်၌ ခမည်းတော် ရွှေနန်းစံတော်မူစဉ်။ ဘွားမြင်သောကြောင့်။ မင်းဟရိဟုခေါ်လေသည်။ ။ တရံရောအခါ၊ ဘုရင်သီရိသုဓမ္မရာဇာမင်းကြီးသည် တန်ဆောင်မုန်းလွှန်း ဆယ်ရက်နေ့တွင်၊ မဇ္ဈိမဒေသသို့ ချီတော်မူ၍၊ တိုင်းနိုင်ငံအပိုင်းအခြားကို ကြည့်ရှု၍၊ သိတော်မူပြီးလျှင်၊ ရွှေမြို့တော်သို့ ပြန်လည်တော်မူခဲ့ပြီး၍၊ ရွှေနန်းတော်သို့ ရောက်လေလျှင်၊ မကြာမီပင်၊ ဘဝရှင်မောင်နှံနှစ်ပါးသည် များစွာသော လှေရုံတော်အပေါင်းနှင့်တကွ၊ ကစ္ဆပနဒီမြစ်၏အရှေ့ဘက်၊ သေလာဂီရိတောင်ထိပ်ဝယ်၊ ကျောက်တော်စေတီဓာတ်မြတ်ကို၊ ဖူးမြင်အံ့သောငှါ ထွက်တော်မူ၍၊ စေတီတော်ကိုဖူးမြင်ပြီးလျှင်၊ အရိယာနွယ်ဝင် သင်္ဃာတော်မြတ်တို့အား။ ကြီးစွာသော အလှူကိုပေးတော်မူ၍။ ကစ္ဆပနဒီမြစ်မှစုန်ဆင်းတော်မူခဲ့၍၊ ရွှေမြို့တော်၏အရှေ့ဘက် အဥ္စနနဒီမြစ်သို့ ဆန်တက်တော်မူပြီးလျှင်။ ဘိုးတော်ဆင်ဖြူသခင်-ပဥ္စတထောင်ခံသောအရပ်၌၊ ကြီးကျယ်စွာသော တန်ဆောင်းမဏ္ဍပ်တို့ကို ဆောက်လုပ်စေတော်မူ၍။ ခုနစ်ရက်ပတ်လုံးအလှူကြီးကို ပေးတော်မူသည်။ ဆီမီးတန်းခွန်၊ မီးစက်၊ မီးရဟတ်၊ မီးပုံ၊ မီးပိတုန်း စသော မီးပန်း၊ ဖြူဝါနီရွှေ စသောမီးအမျိုးမျိုးတို့ဖြင့် မီးပွဲသဘင်ပြုတော်မူသည်။ ထိုသီရိသုဓမ္မရာဇာမင်းကြီးသည် အလွန်ရိုးသားဖြောင့်မတ်တော်မူသောနှလုံးတော်ရှိတော်မူ၏။

ထိုမင်းကြီးလက်ထက်တွင်။ အမတ်ပညာဝံသ-လေက်ရုံးတယောက်၊ လောင်းကြက်စားအမတ်-ငကုသလတယောက်ရှိသည်။ လောင်းကြက်စားအမတ် ငကုသလနှင့် မိဖုရားနတ်သျှင်မယ် ချစ်ကြိုက်ကြလေသော်။ လောင်းကြက်စား-ယတြာအလွန်တတ်သည်ဖြစ်၍၊ ပြည့်ရှင်မင်းနံကို နှိပ်လျက်။ အင်းအိုင်ယတြာဖြင့် လုပ်ပြီးမှ-မင်းထံလျှောက်သည်ကား။ အရှင်မင်းကြီး ဆင်ဖြူတော်ရောက်လိမ့်မည်။ ဆင်စာစပါးဟိန်းစွကို ရေကန်ကိုတူး၍ ချထားစေရမည်။ ယင်းသို့လျှောက်ထားပြီးမှ သူငယ်တို့ကို ငကုသလက သင်၍ဆိုစေသည်ကား။ ညောင်ပင်ကြီး ရင်ဟိန်းကြီး။ မင်းထီးတို့ရှင်။ ဘုရင်နန်းရဖြစ်လိမ့်မည်။ ယင်းသို့သူငယ်တို့ ဆိုသောစကားကို။ အမတ်ကြီးပညာဝံသ-လေက်ရုံးကြား

လျှင်၊ ပြည့်ရှင်မင်း သီရိသုဓမ္မရာဇာမင်းထံ လျှောက်ကြားသည်ကား။ အရှင်မင်းကြီး၊ ဟိန်စွသည် အင်္ဂါနံ၊ ဟိန္ဒွှဟူသော အမှုသည် ယုတ်သောစကား။ အရှင်မင်းကြီးလည်း နံတော်အင်္ဂါသား။ နံကို ဆင်စီးနင်းသည်။ ဗုဒ္ဓဟူးသားအမတ် လောင်းကြက်စား ကေုသလဖြစ်ပါသည်။ ဆင်ကားရောက်မည်မဟုတ်။ ဆင်နံဗုဒ္ဓဟူးသား မင်းဖြစ်လိုသောအကြောင်း။ တပေါင်ကို ကေုသလအမတ်တော်သည်သာ ဖြစ်ပါသည်။ အင်းအိုင်-ယတြာ-ဆေးပယောဂနှင့် မင်းကြီးနတ်ရွာလွန်မည် အမှန်ဖြစ်ပါသည်ဟု လျှောက်လေသော်။ မင်းကြီးယုံတော်မမူ၍။ ငါ့ကိုထင်မြင်အောင် ပြရဦးမည် အမိန့်တော်ရှိလေသော်။ လူတစ်ယောက်ကို မြို့ပြင်မြို့တွင်း။ တြင်းနာချေဟု-အမတ်ပညာဝံသ လေက်ရုံးက စေလွှတ်သည်။ ကြားခဲ့သော တြင်းသံသော်ကား၊ ဟရီမှောက်မှား၊ အလားလား၊ ဟရီလည်းသေ၊ ပြည်လည်းကြေ၊ ဟူသောပထမတြင်း။ ဒုတိယတြင်းသော်ကား၊ ကျွန်နှင့်မတန်၊ မင်းဖြစ်ကြံသည်၊ အမှန်တုံ့တုံ့၊ ခုနစ်လတွင် မင်းဖြစ်အံ့၊ ဟူသော ဒုတိယတြင်း။ တတိယတြင်းသော်ကား၊ ဖွတ်ကမီးကျောင်းဖြစ်လျှင် ချောင်းမြောင်းမခံသာ။ ကျွန်က သူကောင်းဖြစ်လျှင် တိုင်းပြည်မစည်ရာ။ ယင်းသို့ တြင်းသုံးရပ်အရ။ အမတ်ပညာဝံသ လေက်ရုံးလျှောက်သည်ကား။ အရှင်မင်းမြတ် ငယ်မည်ကိုသော်ကား မင်းဟရီဖြစ်ပါသည်။ အရှင်မင်းလည်းသေ၊ ပြည်လည်းကြေ၊ ကျွန်ကသူကောင်းဖြစ်မည်မှာ ကေုသလဆင်နံ၊ မင်းဖြစ်ပါမည့်အကြောင်း၊ ကေုသလ လက်ထက်နိုင်ငံတော်မှာ သတ္တဝါတို့ မီးကဲ့သို့ ပူပါလိမ့်မည် လျှောက်ထားရာ။ သီရိသုဓမ္မရာဇာမင်းကြီးအား မိဖုရားနှင့်နတ်သျှင်မယ်က။ မင်းကြီးကိုလှည့်ဖျားလျက်။ ပြောဆိုလျှောက်ထားလေ၍။ လောင်းကြက်စား ကေုသလအမတ်မှာ အပြစ်မည်သို့မရှိ။ ချမ်းသာစွာအရာ မပျက်ထားလေရာ။ အမတ်ပညာဝံသ လေက်ရုံးလည်း။ ပညာနည်းသောမင်းထံ ဆည်းကပ်၍နေချေသော်၊ နောင်အပြစ်ကြီးစွာ ဖြစ်ရာသည်ကြံလျက်။ မင်းထံခွင့်တောင်းပြီးလျှင်၊ ရဟန်းပြု၍နေလေသည်။ ခုနစ်လစေ့သောကာလ၊ သီရိဓမ္မရာဇာမင်းကြီး ပြင်းစွာဝေဒနာတိုးပွားလတ်၍၊ ဂေါဇာသက္ကရာဇ် ၁၀၂၅-ခုနှစ်တွင် နတ်ရွာစံတော်မူသည်။

-----------***----------

## ၂၇–နရပတိမင်းကြီး လက်ထက်တော်မှစ၍ အမရပူရမြို့တော်သို့ လိုက်သွားရသော မဟာသမ္မတရာဇာမင်းတိုင် ၂၇–ဆက်သောမင်းတို့၏ အဋ္ဌုပ္ပတ္တိကို ဖျော်ရာဖျော်ရာ ပြဆိုခြင်း။

ထိုသီရိသုဓမ္မရာဇာမင်း၊ နတ်ရွာစံတော်မူပြီးနောက်။ သားတော်အိမ်ရှေ့မင်း စနေနံ နန်းတက်တော်မူ၍။ သတိုးမင်းလှ အမည်ကို ခံတော်မူသည်။ နှစ်ဆဲ့ရှစ်ရက်ရှိလျှင်၊ ကျောက်ပေါက်လေ၍၊ မယ်တော်နတ်ရှင်မယ်သည် ကျောက်ဆိပ်တက်စေတတ်သော ဆေးကိုတိုက်လေရာ။ သားတော်မင်း လွန်တော်မူလေသည်။ ယင်းသောအခါ၊ သားတော်သေလွန်ကြောင်းကို ပြည်သူမှူးမတ်တို့ မသိစေရအောင်ထားပြီးမှ။ ရှေးမင်းညီမင်းသား မှူးရိုးမတ်ရိုးတို့ကို အကုန်နန်းတော်သို့ ခေါ်၍ရောက်ပြီးမှ၊ အသီးအသီးခြေချင်းနှင့် ထားစေသည်။ ယင်းသို့ထားပြီးမှ၊ ငါ့လင် ငါ့သားနှစ်ပါး သေလွန်လျက်ရှိသည်။ ပြည်နှင့်တန်သူကို လျှောက်ထားကြရမည်ဟု မိဖုရားကဆိုလေသော်၊ သိရင်းဖြစ်ကြ၍၊ အမတ်လောင်းကြက်စားနှင့်သာ တန်ပါသည်။ ယင်းသို့အသီးသီး လျှောက်ကြလေသည်။ မိဖုရားနတ်သျှင်မယ်လည်း လောင်းကြက်စားကို ခေါ်၍ ထီးနန်းကို အပ်လေသည်။ လောင်းကြက်စား ထီးနန်းကို တက်ရလေသော်။ ညဥ့်အခါ၌ ရှေးမင်းညီမင်းသား ဆွေတော်မျိုးတော်၊ မှူးကြီးမတ်ကြီးတို့ကို အကုန်ထုတ်၍သတ်လေသည်။ ထိုသို့ကုန်စင်စွာ သုတ်သင်ပြီးမှ၊ နံနက်အခါ အရှင်မိဖုရားသားတော်အလောင်းကို ကိုယ်တိုင်ထွက်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်စေ အမိန့်တော်ရှိလေသော်။ မိဖုရားနတ်သျှင်မယ်ထွက်၍၊ သားတော်အလောင်းကို သင်္ဂြိုဟ်ရလေသည်။ လောင်းကြက်စား ကေုသလလည်း နရပတိကြီးအမည်ကို ခံတော်မူလေသည်၊ ထိုမင်းကြံပြန်လေသည်ကား၊ လင်ကိုမတွယ်၊ သားကိုမခင်သော မိန်းမနှင့်။ ငါပေါင်းဘော်ရချေလျှင်၊ ထိုအကျင့်အကြံ ပျောက်မည်မထင်။ ငါ့အားလည်း ပြစ်မှားသဖြင့် ကြံရာသည်ဟု သဘောရရှိတိုင်း မြို့မြောက်တွင် မိဖုရားနတ်သျှင်မယ်ကို။ နန်းတွင်းသို့မသွင်းဘဲ ပြင်၌ထားလေသည်။ သီရိသုဓမ္မရာဇာမင်း၏ သားတော်အလတ် ငတုံးခင်ကို-အနောက်ကံသာမြို့ကို ခမည်းတော် သုဓမ္မရာဇာမင်းကြီးလက်ထက်က ကျေးစားပေးတော်မူ၍ထားခဲ့သည်။ ကံသာစားလည်း နရပတိမင်း မဘမ်းမီ ထွက်သွား၍ တောတောင်ခိုမှီးသမျှ၊ ရှေးမှူးမတ်တို့နှင့်၊ မင်းသားမင်းဆွေတို့ ထွက်သွားကြလေသဖြင့် အနောက်ကံသာမြို့သို့ ရောက်ကြလေသော်။ ရှေးသူရဲကောင်း ကိုယ်တော်ရံ

တသိန်းနှင့်လက်ဝဲသင်း ငါးသောင်းတို့လည်း ရှေးပညာရှိ ငလက်ရုံးကို ရဟန်းပြုရာသည့်အရပ်၊ ဘုရားပေါ်တိုက်တွင် ရှိရာမှ ခေါ်ယူပြီးလျှင်။ ကံသာမြို့သို့ အလုံးအရင်းနှင့် ထွက်သွားကြလေသည်။ ကံသာစားကိုကား ကုလားတို့က မရမာမင်းဟု ခေါ်သမုတ်ကြလေသည်။

အမတ်ကြီးလောင်းကြက်စား ငကုသလလည်း၊ နရပတိကြီးအမည်ကို ခံ၍။ သက္ကရာဇ် ၁၀၂၅-ခုနှစ်တွင် နန်းတက်တော်မူလေသော်။ မင်းဖြစ်အံ့ဟုထင်သော ရှေ့အနာဂတ်ကို သိထင်မြင်သည့်အတိုင်း မင်းအဖြစ်ကို ငါရောက်ပြီ။ နောင်အရှည် ထွန်းအောင်မြင်တော်မူဘုရား၊ ထင်တော်မူဘုရားနှစ်ဆူ တည်တော်မူမည်။ ရှေးဘစောသီရိ တည်ခဲ့သော ရင်ရိုးတော်ဓာတ်စေတီနှစ်ဆူနေရာသည်။ လူတို့နေအိမ်နှင့်အနီးအစပ်။ အရိပ်မဖျှိမ လွတ်ရှိလေသည်။ ထိုဓာတ်တော်စေတီနှစ်ဆူကို ပင့်ယူ၍၊ လျောက်ပတ်ရာအရပ်၌ ကောင်းမွန်စွာ တည်ထားလိုကြောင်းနှင့် ရဟန်းသာသနာပိုင် ဝိနည်းဓိုရ်ဆရာတော်၊ စန္ဒရာမဆရာတော်၊ သကျမဥ္ဇူဆရာတော်၊ ဇိနမာရ်အောင် ဆရာတော်၊ လောကမာရ်အောင်ဆရာတော်၊ ရတနာစံဦးဆရာတော်၊ ရတနာမဥ္ဇူဆရာတော်၊ မဏိသုရာမ ဆရာတော်၊ ရတနာစံရွှေ ဆရာတော်၊ မဟာဗောဓိဆရာတော်၊ ရတနာမှန်ကင်းဆရာတော်၊ မဏိသကျဆရာတော်၊ စန္ဒရာရာမဆရာတော် တကျိပ်နှစ်ပါးကို နန်းတော်သို့ ပင့်ခေါ်၍။ နရပတိမင်းကြီးကိုယ်တိုင် မေးတော်မူလေရာ၊ ဆရာတော်တကျိပ်နှစ်ပါးတို့၊ ပြည့်ရှင်မင်းထံဆိုသော ထုံးသော်ကား၊ ။ သာသနာ့ဒါယကာ ဖြစ်တော်မူသော တကာတော်မင်းမြတ်။ သစ္စာလေးပါး တရားကို အလင်းမြင်တော်မူသော ဘုရားသခင်သည်။ ရှေးဦးစွာ သူတော်ကောင်းကို အကြောင်းပြုလျက် သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားကို ဟောတော်မူကြောင်း၊ ကျမ်းဂန်လာရာ၌ ပတိရူပ ဒေသဝါသောစ၊ တင့်အပ်လျှောက်ပတ်သောအရပ်။ ပုဗ္ဗေစကတပုညတာ။ ရှေးဘဝ၌ မိမိပြုအပ်သော ကောင်းမှုရှိသော အဓ္ဓ၏အဖြစ်။ ပညာရှိနှင့်ပေါင်းဘက်မိ၍ တင့်အပ် လျောက်ပတ်သောအရပ်၌ ပြုခဲ့ဘူးသော အကျိုးထောက်ပံ့လျက်။ တတိုင်းတပြည်တမြို့တရွာကို အစိုးရခြင်း၊ ၎င်းသူဌေး သူကြွယ် စည်းစိမ်ဥစ္စာကြွယ်ဝများခြင်းနှင့် ပြည့်စုံသောသူသည်၊ ဤဘဝ၌ ဒုလ္လဘတရားကိုယ်တွင်းမရှိလေရာ။ ရှေ့အဘို့ မျိုးစေ့စိုက်ပျိုးလေရာ။ အပ္ပတိရူပ၊ မလျောက်ပတ်၊ လူတို့နေသောအရပ်ကို ဖျက်ဆီး၍သော်လည်းကောင်း၊ ရွာသူတို့ အိမ်အနီးအစပ် အရိပ်ရှိရာ၌သော်လည်းကောင်း၊ ဓာတ်တော်မွေတော်-စေတီပုထိုး-ရုပ်ပွားဆင်းတု၊ အိမ်ကျောင်းတို့ကို တည်ထားဆောက်လုပ်အံ့။ စေတီပုထိုး ရုပ်ပွားဆင်းတုစသော ကျောက်အုဋ်အင်္ဂတေ ထီးတန်းခွန်-သူတော်ကောင်း ရဟန်း သုံးဆောင်သော သပိတ်ပရိက္ခရာတို့သော်လည်းကောင်း၊ လူတို့နေသောအိမ်နှင့် နီးလေသော်၊ ရောနှော ရောက်ပေါက်၊ အိမ်အောက်အိမ်ပါး၊ အလားလား အနေမသင့် ရှိလေရာသည်။ ထိုသို့ရှိလေက၊ ဆူး၌ဘက်ကျပမာ၊ ပတိရူပမဟုတ်၊ မတင့်အပ်သောအရပ်၌ ကုသိုလ်ပြုလေ၍။ ထိုသူပညာရှိနှင့်မနှော၊ သူတော်ကောင်းနည်းနာ မခံလေက အသက်မရှည်၊ စည်းစိမ်မတည် ပျက်စီးခြင်းသို့ ရောက်ရာသည်။ ပညာရှိတို့သော်ကား-သူတော်ကောင်းထံ ဆည်းကပ် ပေါင်းဘော်သဖြင့်။ ပတိရူပ-တင့်အပ်လျောက်ပတ်သောအရပ်၌သာ ကုသိုလ်ကောင်းမှုပြုလေရာ။ လောကီအကျိုး စည်းစိမ်ချမ်းသာတိုး၍၊ ခန္ဓာမြင့်ရှည်၊ သားမြေးဆက်ကာ တဥ်ထွန်း၍ သံသရာ၌လည်း အကျိုးကြီးမြတ်ရာသည်။ ရေမြေသနင်း မင်းတို့မူလည်း။ အနေအသွား အစားအအိပ်မှစ၍ ပတိရူပတင့်အပ်သော အရပ်၌သာ၊ နေရာစားရာ သွားရာ အိပ်ရာချေသည်။ မတင့်အပ်သော အမှုကို ပြုလေသော်။ ကြက်သရေဆုတ်ယုတ်၍ အသက်စည်းစိမ်တိုလေရာ သည်။ ရေမြေသနင်းမင်းတို့မူလည်း၊ ဓာတ်တော်-မွေတော်-ရုပ်တုတော် စေတီပုထိုးတော်တို့ကို။ ရှေးမင်းရှေးလူတို့ မင်္ဂလာတရားတော်ကို မဆင်ခြင်မူ၍၊ ပတိရူပမဟုတ်၊ မတင့်အပ်သောလူတို့ နေအိမ်အစပ်၌တည်ထားရှိလေအံ့။ ထိုအရပ်မှ ပင့်ဆောင်ယူ၍။ ပတိရူပ၊ တင့်အပ်လျောက်ပတ်သောအရပ်တွင် တည်လုပ်လျက်၊ ကောင်းမွန်စွာ ထားလေ သော်။ မင်္ဂလာတရားတော်နှင့်အညီ၊ ပညာရှိသူတော်ကောင်းတို့ အချီးအမွမ်းကို ခံရမည်အမှန် ဖြစ်ပါသည်။ ရှေးအထက် သက္ကရာဇ် ၇၉၄ ခုတွင်။ မြောက်ဦးမြို့တည် မင်းစောမွန်သည်။ မျက်မှောင်တော်ဓာတ်ကို၊ မလျောက်ပတ်သောအရပ်-လူတို့နေအိမ်အနီးအစပ်-ရွှေစည်းဝတံခါးအတွင်း၌ စေတီတည်ထားခဲ့လေသော်။ မင်းဗာကြီးလက်ထက်ရောက်သော ကာလမှ၊ မလျောက်ပတ်သောလူတို့ နေအိမ်အရိပ်မလွတ်ဖြစ်သည်။ ပြောင်းပြီးမူ-ဓာတ်တော်ကို ပင့်ယူလေ၍၊ သက္ကရာဇ် ၈၇၉-ခုနှစ်တွင်။ ပတိရူပ တင့်အပ်သောအရပ် ဝသဲတောင်ထိပ်တွင်။ ထိုဘုရားစေတီ-ဘုရားဌာပနာဓာတ်တော်များကို သွင်း၍ကောင်းမွန်စွာ တည်ထားလေကြောင်း။ သမိုင်းမော်ကွန်းရာဇဝင် ထင်ရှားထွက်ရှိပါသည်။ ယခုလည်း မြို့တောင် လက်ဆေးကန်-လူတို့နေရာအရပ်-အိမ်အနီးအပါး၌။ ဘ-စောသီရိမင်း တည်ထားခဲ့သော ဓာတ်တော်အများပါ စေတီ နှစ်ဆူကို ပြောင်းရွှေ့၍။ ပတိရူပတင့်အပ်လျောက်ပတ်သောအရပ်၌ ကောင်းမွန်စွာ တည်ထားကိုးကွယ်တော်မူလျှင်၊ ပစ္စုပ္ပန်သံသရာ၊ အကျိုးနှစ်ဖြာ စည်ကားထွန်းလင်းလျက်၊ ပညာရှိသူတော်ကောင်းတို့၊ အချီးအမွမ်းသာ ခံရမည့်

အကြောင်းသာ ဖြစ်ပါသည်။ တကာတော်မင်းမြတ်။ ။ ထိုသို့ဆရာတော်တို့က၊ ပြည့်ရှင်မင်း နရပတိကြီးမင်းထံ ပြောဆိုလေသော်၊ ပြည့်ရှင်မင်းလည်း အလွန်ကြိုက်တော်မူ၍။ လက်ဆေးကန်နား၌ရှိသော၊ ဘ-စောသီရိကောင်းမှု၊ ရင်ရိုးတော်ဓာတ်၊ နံရိုးတော်ဓာတ်စေတီတော်နှစ်ဆူကို ပြောင်းပြီးမူ။ ဓာတ်တော်ကို ရွှေပန်းတောင်းနှင့်၊ ပင့်ယူ၍။ ပတိရူပ၊ တင့်အပ်လျောက်ပတ်သော အရပ်တောင်ထိပ်၌၊ ရင်ရိုးတော်ဓာတ်ကို မြင်တော်မူစေတီ၊ နံရိုးတော်ဓာတ်ကို ထင်တော်မူစေတီဟူ၍ တည်တော်မူပြီးလျှင်။ တုံးကုလားတရာစီ ကျောက်စာထိုးလျက် လှူတော်မူသည်။

တရံရောအခါ၌၊ အထက်သာကီဝင်မင်း သီရိသုဓမ္မရာဇာ-ရွှေရေးဆောင်မိဖုရားကို၊ နရပတိကြီးမင်းအမတ်-သံတောင်စား ငတုံးညိုနှင့်၊ အိမ်သင့်ကြောင်းကို။ ပြည့်ရှင်မင်း နရပတိကြီးသိလတ်သော်။ ဆရာတော်တကျိပ်နှစ်ပါးကို၊ နန်းတော်သို့ ပင့်ခေါ်တော်မူ၍၊ ပြည့်ရှင်မင်းကိုယ်တိုင် မေးတော်မူသည်ကား။ ထီးဖြူဆောင်း ရာဇပလ္လင်ထိုင်၊ အဘိသိက်ခံသော မင်းဧကရာဇ်မယား-သားသမီးတို့ကို။ မျုးမတ်ပြည်သူတို့ အိမ်ထောင်ဘက်ပြုကောင်းပါအံ့လော။ ရှေးထုံးဟောင်းကျမ်းဂန်အလာနှင့်။ မိန့်တော်မူပါ။ ယင်းသို့မေးတော်မူသော်။ <u>ဆရာတော်တကျိပ်နှစ်ပါး</u> ဆိုကြသောထုံးသော်ကား။ သာသနာ့ဒါယကာ တကာတော်မင်းမြတ်၊ လူနတ်တို့ဆရာ သဗ္ဗညုသမ္မုဒ္ဓ ဘုရားသခင်သည် ဟောတော်မူသော မင်္ဂလာတရားတော်၌။ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့အား ရိုသေကိုင်းညွတ်ပြုခြင်း၊ နိဝါတောစ၊ မာန်ကိုနှိမ့်ချရခြင်း၊ ကတညုတာစ၊ သူ့ကျေးဇူးသိတတ်ခြင်း။ ကာလေန၊ တင့်အပ်လျောက်ပတ်သောအခါ၌။ ယံဓမ္မသဝနဥ္စ၊ အကြင်တရားတော်မြတ်ကို ကြားနာရခြင်း။ အသင့်နှလုံးသွင်းရခြင်း၊ ထိုသို့အကြောင်းငါးပါးသည် သူမိုက်နှင့်ဆက်ဆံခြင်းမဟုတ်။ ပညာရှိသူတော်ကောင်းအရာသာဖြစ်၍၊ ရှေးဦးစွာ နတ်သားအား ဟောပြတော်မူကြောင်း ကျမ်းဂန်လာသည့်အလိုသော်ကား၊ လောကုတ္တရာမှုဖြစ်လျှင်၊ သတ္တဝါအပေါင်းတို့အား မဟာကရုဏာတော်ကြီးရှိခြင်းကြောင့်။ သံသရာစက်ဝဋ်မှလွတ်အောင်ထုတ်ဆောင်တော်မူနိုင်သော မြတ်စွာဘုရားသည်။ ကျေးဇူးထူးမြတ် လှလေသည်။ လောကီတွင်မူလည်း မိဘဆရာရေမြေကို အစိုးရမင်းဧကရာဇ်တို့သည်။ ပြည်သူရှင်လူတို့အား ရင်တော်သားကဲ့သို့ အုပ်ထိန်းလျက် စောင့်နေခြင်းကြောင့်။ လောကီကျေးဇူးအထူးများစွာ ရှိလေသည်။ ဆယ်ပါးသော မင်းကျင့်တရားကို စောင့်ထိန်းမြဲမြဲကလည်း။ ပူဇော်ထိုက်သော မင်းမှန်ချေသည်။ ယင်းသို့တရားမပြတ်၊ ရှေးမင်းကောင်းမင်းမြတ်တို့ ကြိယာအကြောင်း။ ရှေးထုံးဟောင်းအလာ။ ပြည်သူအခွန်ဘဏ္ဍာကို ခံယူစားထိုက်သော ဘုန်းကြက်သရေ၊ သာဓုနရတရားလေးပါး။ သင်္ဂဟတရားလေးပါး။ ရာဇဂုဏ်ကိုးပါး။ ပြကတေ့ တရားခုနစ်ပါး။ ကျေးဇူးရှစ်ပါး ပြည့်စုံစွာ။ ဝံသာနုရိက္ခိတော၊ အမျိုးမဘောက်။ ဖြပ္ပစရိယံ၊ မြတ်သောအကျင့်။ အဘိသိက်ခံသော မိဖုရားဖြစ်ချေက။ မိခင်ပမာသာ အမှတ်ထားရာသည်။ မျုးမတ်ပြည်သူတို့ မထိုက်လေရာ။ ကျူးလွန်မှားချေသော်-ကတညုတာစ တရားတော်ကိုဖျက်ရာ ရောက်ချေသည်။ ထိုသူတို့အား တရားစသောသူတော်ကောင်းတို့ ချီးမွမ်းဘွယ်မရှိ။ သူယုတ်မာ၏။ အလေ့အလာ၊ ဥပမာသော်ကား။ ထားသွားဖျား၌တင်ရှိသော ပျားသကာကို မြင်လေရာ။ ထားသွားဂုဏ်အပြစ်ကို မသိ။ ထိုချိုသော အာဟာရ၌သာ တပ်သဖြင့်။ လျှာနှင့်လျက်မှားသော သူမိုက်နှင့်သာ တူလေရာသည်။ တကြောင်းမူလည်း၊ အဘိသိက်မခံသောမင်းတို့အား။ ကျမ်းဂန်၌လာသည်ကား။ ယောရာဇာ၊ အကြင်မင်းသည်၊ အသိသေကသစ္စံ၊ မင်းတို့ခံမြဲတံထွာ၊ အဘိသိက်သစ္စာကို မခံဝံ့သော်။ ရာဇသုညံ၊ မင်းသုံးမင်းဖျင်းသည်။ အဇေယျံ၊ မအောင်သင့်သောအမှုကို၊ ဇေယျံ၊ အောင်လိုတတ်ခြင်းလည်းကောင်း။ ဝိလုပ္ပန္တံ၊ လုယက်ဆိုးသွမ်း ကြမ်းတမ်းခြင်းလည်းကောင်း၊ မဇ္ဇပါဏာ၊ သေရည်သေရက်သောက်စားတတ်ခြင်းလည်းကောင်း၊ အဖြပ္ပစရိယာ၊ မမြတ်သောအကျင့်ကို ကျင့်တတ်ခြင်းလည်းကောင်း၊ စကြာမင်းတို့ပင်သော်လည်း၊ တဆဲ့နှစ်ပါးသော တရားကို အမြဲမစောင့်ချေက စကြာရတနာမဆိုက်ရောက်ရာ။ ။ ရှေးပညာရှိစကားဟောင်းအလာမူလည်း ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရားမရှိသော မင်းမျိုး၊ မင်းရာဇာတို့သည် အနိမ့်အမြင့်၊ အယုတ်အမြတ်၊ ပတိရူပ-တင့်အပ်သောနေခြင်းကို မပြု။ အသေဝနာစ ဗာလာနံ၊ သူမိုက်အလေ့အလာကိုသာ အားမူလျက်နေသော မင်းတို့ အစိုးရသောနိုင်ငံ၌။ သတ္တဝါအပေါင်း ချမ်းသာခြင်းမရှိ။ ထိုမင်းအားလည်း ဘုရားစသော သူတော်ကောင်း ပညာရှိကဲ့ရဲ့ဘွယ်၊ အပြစ်များစွာ၊ ကျေးဇူးမထွန်း၊ ဒေါသစွန်းလျက်။ ပြည်သူပြည်သား ရှိလေရာသည်။ ယင်းသို့မင်းမသမာ ဖြစ်ချေက၊ ကတညုတာ၊ ကျေးဇူးတင်ရန်မပေါ်၊ မသူတော်မင်းတို့နှင့် ကင်းကွာရခြင်းသည်၊ သာဓုကောင်းသည်သာတည်း။ ထိုသို့ပညာရှိစကား၊ တရားလမ်းကြောင်း အထင်အရှားရှိခြင်းကြောင့်၊ ထိုမင်းပိုင်သော အခြွေအရံ မင်းမိဖုရားဖြစ်ချေသော်။ ကျေးဇူးဂုဏ်ရည်မထောက်၊ ထိုမင်းသေပျောက်လျှင်၊ နောင်ယဉ်ပါးသောသူအား၊ အပြစ်မရှိပါ တကာတော်မင်းမြတ်၊ ထိုသို့ ဆရာတော်တို့ မိန့်တော်မူကြလေသော်။ ပြည့်ရှင်မင်း နရပတိကြီး အမိန့်တော်ရှိသည်ကား၊ ကျေးဇူးရှင် သုဓမ္မရာဇာမင်းသည် သာကီဝင်မင်းမျိုးစဉ်လာ။ အဘိသိက်ခံသော မင်းကောင်းမင်းမြတ်၊

ပြည်သူတို့အားလည်း တရားဖြင့် စောင့်ထိန်းတော်မူသော မင်းဖြစ်ချေသည်။ ထိုမင်းမိဖုရားမောင်းမအား အခြားသူ မနေသင့်။ သံတောင်စား ငတုံးညိုလည်း၊ ကျေးဇူးမသိသော သူယုတ်မျိုးဖြစ်သည်။ စားကျေးကိုနုတ်၍ စီရီရေခတ်အစို့မှာ ဖြည့်တော်မူလေသည်။ ရွှေရေးဆောင် မိဖုရားလည်း သိက္ခာပျက်သော ရဟန်းနှင့်တူသည်။ ပြည့်တန်းဆာမဖြစ်စေ။ ယင်းသို့ ယောကျ်ားမိန်းမနှစ်ယောက်ကို ယုတ်သောအစို့၌ ဖြည့်တော်မူလေသည်။

တရံရောအခါ၌၊ <u>နရပတိကြီးမင်း</u> သည် သက်တော်ခြောက်ဆဲ့သုံးနှစ် ရောက်သောအခါ သည်းထန်စွာနာလတ်၍၊ အရိုက်အရာ ထီးနန်းကို သားတော်အကြီး ညိုရောင်ဖြူလည်းတပါး၊ သားတော်အလတ် မြို့သစ်စား အောင်ကျော်စံလည်းတပါး၊ ရှိတော်မူရာ။ သားတော်အကြီး ညိုရောင်ဖြူလည်း၊ ပညာရှိနှင့် မနီးနှော၊ ပညာရှိစကားကို မနာယူ။ သွမ်းသွပ်ပြိန်ဖျင်းသော ကျေးကျွန်တို့နှင့် သဘာဝပြုလျက် နေလေသည်။ သားတော်အလတ် အောင်ကျော်ဇံသော်ကား ပညာရှိကို ရှာ၍ ပေါင်းဘက်ရောနှောပြီးသော်။ ရှေးထုံးဟောင်း ကောင်းသောအကျင့်အကြံနှင့် ဟိရီဩတ္တပစောင့်ထိန်းစွာ ပညာရှိအင်္ဂါနှင့် ညီလေသည်။ ထိုသားတော်နှစ်ပါးတို့၌၊ ထီးနန်းတိုင်းပြည်ကို မည်သူသို့ အပ်သင့်ကြောင်း။ ဆရာတော်တကျိပ်နှစ်ပါးကို ပင့်ခေါ်၍၊ ပြည့်ရှင်မင်းကိုယ်တိုင် မေးတော်မူလေရာ။ ဆရာတော်တကျိပ်နှစ်ပါး ဆိုသောထုံးကား။ သာသနာ့ဒါယကာ မဟာမင်းတရား ရှေးဦးစွာ ဘုရားသခင် ဟောပြဆုံးမတော်မူသော မင်္ဂလာတရားတော်သည်။ ဗာလာနံ၊ သူမိုက်တို့အား၊ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့အား၊ ယာသေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့အား။ ယာပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာဟူ၍၊ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။ ယင်းသို့ ဆုံးမဩွန်ပြတော်မူသည်။ ။ တကြောင်းတုံလည်း၊ ပါပါ၊ မကောင်းမှုမှ၊ အာရတီစ၊ ဝေးစွာကြဉ်ရှောင်ခြင်းသည်လည်းကောင်း၊ ဝိရတီစ၊ အထူးသဖြင့် ကြဉ်ရှောင်ခြင်းသည်လည်းကောင်း၊ မဇ္ဇပါနာ၊ ဘိန်း ဘင်းစသော သေရည်သေရက်သောက်စားခြင်းမှ၊ သံယမောစ၊ ဘဲကြဉ်စောင့်စည်းရခြင်းသည်လည်းကောင်း၊ ဓမ္မေသု၊ ကုသိုလ်ဆယ်ပါးတရားတို့၌၊ အပ္ပမာဒေါစ၊ မမေ့မလျော့ အားထုတ်ဆောက်တည်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်၊ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ။ မင်္ဂလာဟူ၍၊ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။ ။ ထိုသို့ ဘုရားမြတ်စွာ ဟောတော်မူသော ကျမ်းဂန်အလာ။ ပူဇော်ထိုက်သောတရား ထိုသူ၌ရှိချေမှုလည်း။ ပြည်သူတို့အပူဇော်ကိုခံ၍၊ လုပ်စာအခွန်ဘဏ္ဍာကို၊ ခံယူစားပိုင်ရာသည်။ ပူဇော်ထိုက်သောတရားမရှိ၊ သူမိုက်အလေ့အလာကိုသာ ကြိုက်တတ်သောမင်း၌ ပြည်သူတို့ ဆည်းကပ်မိလေအံ့။ ထိုပြည်သူ ရှင်လူအပေါင်းတိမူလည်း၊ မာနထောင်လွှား၊ မတရားကြမ်းတမ်းလျက်၊ ကိုယ်နှင့်နီးသောသူမှ တပါးသောသူ၌ သနားခြင်းမရှိ၊ ညှဉ်းပန်းနှိပ်စက်ရာ။ သတ္တဝါတို့ ညှိုးငယ်ပျက်စီး၊ သေဆုံးများပြားရှိလေရာသည်။ ထိုမင်းကိုမူလည်း ဘုရားစသော သူတော်ကောင်းပညာရှိ ချီးမွမ်းဘွယ်မရှိခြင်းကြောင့် အသက်စည်းစိမ်တိုလေရာသည်။ ထိုပြည်သူတို့၌လည်း ဘုရားမြတ်စွာ ဆုံးမတော်မူသော သာသနာတော်တရား မတည်လေ၍။ ရန်သူငါးပါး ရောနှောဆက်ဆံလျက်။ အတည်မရ ရှိတတ်ကြောင်းကို ထုံးဟောင်းသက်သေမှာ။ ဝေသာလီပြည်ကို အကြောင်းပြုလျက်။ ကျမ်းဂန်ထွက်ပါသည် တကာတော်မင်းတရား၊ ။ ထိုသို့ <u>ဆရာတော်တကျိပ်နှစ်ပါးတို့</u> ဆိုလေသော်။ ပြည့်ရှင်မင်းကလည်း ကြိုက်တော်မူ၍၊ သားတော်အကြီးကို ထီးနန်းမအပ်၊ သားတော်အလတ် မြို့သစ်စားသို့၊ ထီးနန်းတိုင်းပြည်ကို လွှဲအပ်တော်မူလေသည်။ ထိုပြည့်ရှင် နရပတိမင်းကြီးသည်၊ မိဖုရားခေါင်ကြီး နတ်ရှင်မယ်ကို မှာထားပြောဆိုသင့်သော စကားအရပ်ရပ်ကို မှာထားတော်မူခဲ့ပြီးမှ။ <u>အိမ်နိမ့်ငါးဆဲ့ခြောက်နှစ်၊ စည်းစိမ်ခုနစ်နှစ်၊ နှစ်စုသက်တော် ခြောက်ဆဲ့သုံးနှစ်တွင် လွှန်တော်မူလေ၏။</u>

ထိုမင်းလွှန်တော်မူလျှင်။ သားတော်အလတ် မြို့သစ်စား ဥပရာဇာသည် ရတနာကုမ္မာရီ မင်းသမီးနှင့်၊ အဘိသိက်ခံ၍၊ သက္ကရာဇ် ၁၁၃၂-ခုနှစ်၊ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ သတိုးလှမင်းတရားဟု ရွှေဘွဲ့နာမံကို ခံတော်မူလေ၏။ ထိုသတိုးလှမင်းတရား နန်းတက်၍ တဆဲ့သုံးရက်ရှိလျှင်။ မိဖုရားနတ်သျှင်မယ်ကို ရှေးဝင်းတော်၏ မြောက်ဘက်ဖြစ်သော ဟရီတောင်အရှေ့ဘက်တွင် နန်းတော်ဆောက်၍ ထားလေ၏။ ထိုနေ့ကစ၍ မယ်တော်နန်းဟု အစဉ်တွင်ကုန်၏။ ထိုမင်းသည် ကနက္ကဒဏ်ထီးဖြူကို ဖွင့်၍ပွင့်သောကြောင့်။ ထီးဖြူပွင့်မင်းဟု-တွင်၏။ ထိုမင်းသည် ရတနာမြတ်သုံးပါးကိုလည်း လွှန်စွာကြည်ညို၍၊ မဟာမြတ်မုနိဘုရား၊ ဦးရစ်တောင်ဘုရားတို့သို့ စစ်အင်္ဂါလေးပါးနှင့်၊ မိဖုရားမောင်းမမိဿံ ခြံရံလျက်ထွက်တော်မူ၍။ ကိုယ်တော်တိုင် ပူဇော်ကန်တော့တော်မူလျက်။ အလှူတော်များကို ပေးတော်မူသည်။ ဒါနသီလစသော ကောင်းမှုတရားကိုလည်း အလွှန်ဝမ်းမြောက်တော်မူ၏။ ထိုမင်းသည် သက်တော်

သုံးဆဲ့သုံးနှစ်ရောက်သောအခါ၊ မြစ်ညာသို့ သွားရာ။ ဝေဒနာကပ်ရောက်၍၊ ထိုဝေဒနာဖြင့် ငါသေရလိမ့်မည်ဟု သိတော်မူ၍၊ မိဖုရားခေါင်ကြီးအား သားတော်ကို စောင်မကြည့်ရှုရန် မှာတော်မူပြီးမှ၊ မှူးမတ်တို့ကိုခေါ်၍သားတော်ကို ထီးနန်းလွှဲတော်မူပြီးလျှင်။ အိမ်နိမ့်နှစ်ဆဲ့ခြောက်နှစ်၊ နန်းစည်းစိမ် ခုနစ်နှစ်၊ နှစ်စုသက်တော် သုံးဆဲ့သုံးနှစ်တွင်၊ နတ်ရွာစံတော်မူလေ၏။ ။ မဟာရာဇဝင်တော်ကြီး၌ကား။ ထိုသတိုးမင်းလှသည်။ အပျော်အရွှင်အမှုကိုသာ လေ့လာ၍၊ တောတောင်လှည့်ပတ်နေလေရာ၊ ရန်တင်အရပ်၌ ကျွဲရိုင်းခတ်၍ သေလေသည်။ ထိုမင်းအလောင်းတော်ကို မြို့တော်သို့ ရောက်မှ ရှစ်သောင်းဘုရား ရှေးမင်းတို့ သဂြိုဟ်သောအရပ်၌ သဂြိုဟ်တော်မူသည်ဟုဆိုသည်။ ။ (ထိုသတိုးမင်းလှ သေလွန်ပြီးသည်မှ နောက် စန္ဒသူရိယတိုင်အောင်။ မင်းဆဲ့တဆက်တို့၏ လက်ထက်တော်၌။ မှတ်သားရန် အဓိပ္ပါယ် စကား အထူးမရှိ၍ အကျယ်မရေးလိုက်သည်။ အကျဉ်းအားဖြင့် မှတ်လိုမူ ဂဏန်းပုံပြင်မှာ ကြည့်၍မှတ်လေ)။

ထိုတဆဲ့တဆက်သောမင်းတို့တွင် စန္ဒသူရိယမင်းလွန်တော်မူပြီးမှ၊ သင်းအမတ် မဟာတန္တဗိုလ်မင်းသည်။ နန်းတက်မိဖုရားရွှေကူနှင့် အဘိသိက်ခံ၍။ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူ၏။ စန္ဒဝိဇယရာဇာအမည်ကို ခံတော်မူသည်။ ထိုစန္ဒဝိဇယရာဇာမင်းသည်။ မင်းတဆဲ့တဆက်တိုင်တိုင်- ပြည်ရွာတိုင်းကား ပျက်ပြားရသည်မှာ။ အမတ်ကိုယ်ရံတော်အများ လှုပ်ချောက်ချားသဖြင့်၊ တိုင်းကားနိုင်ငံ- ရောက်ရက်ဆန်မျှ ရှိရချေသည်ဟု-မကောင်းသော ကိုယ်ရံတော်အများကို ဘမ်းဆီးထားပြီးမှ၊ အတွင်းထောင်-ပြင်ထောင်နှစ်ခုထား၍၊ လူသုံးထောင်နှင့် အစောင့်ထားတော်မူလေသည်၊ ထိုမင်းကြီးသည် မင်းတဆဲ့တဆက် ပျက်ပြားရှိလေရာ၊ ကုလား၊ မြန်မာ၊ တလိုင်း၊ ဟိန္ဒူ၊ ချင်း၊ လင်း၊ သက်၊ မြုံ၊ ဘုန်း၊ ဟာရီ၊ သဒ္ဒီ၊ စဏ္ဍာလ၊ ဟာရာ၊ လမိုင်း စသော လူအပေါင်းတို့သည် ရောနှောရှက်တင်သား မြေးမြင်၍ ရှိလေသည်။ မင်းကြီးလည်း ထိုအလုံးစုံသော လူတို့ကို စိစစ်မေးမြန်းတော်မူ၍၊ သင်းမှထုတ်ပြီးလျှင်- ဇာတ်တူသော ဘာသာအလျောက် မြို့ရွာချတော်မူလေ၏။ အမျိုးအနွယ် အစဉ်အဆက်မသိသော သူတို့အား၊ ရွှေးမကုန်-ပြင်ထောင်ဟု အစုဘွဲ့တော်မူ၏။ ။ သက္ကရာဇ် ၁၀၇၀-ပြည့်နှစ်တွင်။ ရတနာရွှေနန်းကို အသစ်စီရင်ပြုပြင်ဆောက်လုပ်တော်မူ၏။ ထိုစန္ဒဝိဇယရာဇာမင်းသည် မဟာမြတ်မုနိသိမ်တော်စသော သိမ်ပေါင်းရှစ်ရာ၊ ကျောင်းပေါင်းရှစ်ရာ၊ ကန်ပေါင်းရှစ်ရာတို့ကို၊ အရေအတွက် မှတ်သား၍ ကုသိုလ်ပွားတိုးအောင် လုပ်ဆောင်တော်မူ၏။ ထိုမင်းလက်ထက်တော်အခါ၊ ပြည်ရွာတိုင်းကားဒါန၊ သီလ စသော ကုသိုလ်တရားများ တိုးပွားကြလေကုန်သည်။ တိုင်းပြည်သာယာ၊ သတ္တဝါတို့၌ ကပ်ဥပဒ်မကျ ချမ်းမြကြသော ကြောင့်။ ထို စန္ဒဝိဇယမင်း စစ်အောင်ခြင်း၌။ ။ ဘဒ္ဒကမ္ဘာ၊ တည်လာအစ၊ နရသာမိ။ ဘူပတိလျှင်။ ရနိလောင်းလျာ၊ မဟာသမ္မတ။ ထိုကနွယ်လာ။ ဆက်ကာစိုးဘိ။ ဣန္ဒြေရဋ္ဌ၊ ဒေသထတိုင်း၊ ရှည်နှိုင်းထဝ၊ အယျုဇ္ဈနှင့်။ ရက္ခမဏ္ဍိုင်။ စိုးပိုင်ကြွင်းနန်း။ နန်းနှင့် ထီးမည်။ ပြည်နှင့်မင်းဆက်။ မပျက်မကွဲ၊ နန်းပွဲမြင့်ကြာ။ ယင်းသို့ရာတွင်။ နတ်ရှင်ဘုန်းရှိ ။ သီရိသုဓမ္မရာဇာ။ ညာပျော်စံမြဲ။ နန်းပွဲမနှော၊ အမစ္စောသွေး၊ ဆင်းငြိမ့်လေးကို။ ချစ်ကျွေးရှေးဝတ်၊ တောင်ညာနတ်က၊ မမြတ်ဇာတိ။ မသိတရား။ လောင်းကြက်စားနှင့်။ ယဉ်ပါးမိတ်ဝင်။ ရွှေစင်ရတနာ၊ သည်းချာလည်းဆုံး၊ ကိုယ်လည်းရှုံး၍၊ ရှေးထုံးတိမ်ပါး။ လောင်းကြက်စားလျှင်။ ထွတ်ဖျားရောက်လေ။ ကြယ်များကြွေသို့၊ အမြုတေဆီ၊ သာကီမြတ်မျိုး။ မှူးရိုးမတ်မွန်၊ သေလွန်ပျက်ပြုံး၊ ညှိုးသုံးမြို့ရွာ၊ နောက်မျက်နှာ၌၊ ဘင်္ဂါကုလား၊ သက်များလည်းရိုင်း၊ လူတိုင်းထွက်ဝင်၊ သဘင်မလွဲ၊ နန်းပွဲမလျော်။ ထောင်ပေါ်နှစ်ခု၊ ဂြိုဟ်စုကိန်းရောက်။ မင်းရိုးပျောက်၍၊ စည်ပေါက်ထီးကျိုး။ မတ်မျိုးဖွင့်လှစ်၊ တဆဲ့နှစ်တွင်။ တက်သစ်နေလ။ ဝိဇယလျှင်။ ထောင်ကစွန်းကယ်။ ခုနစ်ဆယ်နှစ်၊ သက္ကရာဇ်တွင်။ သုံးခေတ်စိုးအုပ်။ နိုင်ငံချုပ်သည်။ ။ မရှုပ်ပြည်ရေး၊ ရေနှယ်ဇေး။ ။ ယင်းသို့ ရှေးက ဆိုခဲ့သော ဝိဇယစစ်အောင်-ဧချင်းထွက်ရှိသည်။

ထိုမင်းလက်ထက် သက္ကရာဇ် ၁၀၇၃-ခုတွင်၊ ဝိဇယမင်း ပဲလွှန်းကြောင်းလမ်း-ချီသွားတိုက်သိမ်းစေသော်။ ဂေါ်တော်ပလ္လင်နှင့်၊ စစ်တကောင်းမြို့။ သက်-ကောင်းလှဖြူကိုသာ ရတော်မူသည်။ ထို့ပြင် ကုလားဆယ်မြို့ကို တိုက်၍ မရနိုင်လေလျှင်။ ပန်းဝါတွင် တပ်ချလျက်။ ဝိဇယမင်းနေပြီးမှ၊ ကံသာမြို့သို့ အမတ်ရိုးစားမြအောင်ကို စေတော်မူ၍။ ရှေ့မင်းဆွေမင်းမျိုး-အမတ်ကြီးတို့ သားမြေးများကို ခေါ်စေရာ။ သာကီဝင်သီရိသုဓမ္မရာဇာမင်းမြေးလှအောင်နှင့် ပညာရှိအမတ် လေးမြို့စား၊ ငလက်ရုံးသား ခင်ညို၊ ထိုနှစ်ယောက်သာ လိုက်လာသည်။ စန္ဒဝိဇယ ရာဇာမင်းလည်း ပြန်တော်မူခဲ့၍၊ မြို့တော်သို့ ရောက်သောအခါ၊ ခင်ညိုကို ကိုယ်ရံကြီးအမတ် ခန့်တော်မူသည်။ မင်းမြေးလှအောင်ကို သမီးတော်ဘုန်းကြွယ်နှင့် ပေးမြားတော်မူ၍၊ သာမဟူသော မင်းသားစားသော ကျေးကို ပေးတော်မူသည်။ ထိုမင်း လက်ထက်၊ သူငယ်တို့ဆိုခဲ့သော စကားတပေါင်သော်ကား။ ကျွန်နှင့်သူကောင်း။ အတူပေါင်းလျှင်။ သူကောင်းကျွန်စော် နံလိမ့်မည်။ ယင်းသို့ဆိုသောစကားကို ရှေးသာကီဝင်မင်းမြေး လှအောင်ကြားလေသော်။ ငါတို့သာကီဝင်မင်းမျိုး အရိုး အစဉ်သားမြေးတို့ စောင့်သော ဇာတိဝံသ မပျက်စေရာ။ စာမရိုင့ှက်ပမာ-အမျိုးစောင့်ထိန်းရာသည်။ ယင်းသို့ဆိုပြီးမှ၊

ယုံကျွန်တရာကိုခေါ်၍၊ ကံသာမြို့သို့ ထွက်သွားလေသည်။ ဝိဇယမင်းက သမီးဘုန်းကြွယ်ကို၊ ထိုမင်းအစ်ကိုသား-ချင်းတို့နှင့် ပေးမြားတော်မူ၍၊ သာမအရာကို ပေးပြန်သည်။ ကံသာမြို့တွင် ရှိနေသည့် သာကီဝင်မင်းမျိုး မရမာကြီးတို့သော်ကား။ ယောကျ်ားမိန်းမတို့သည်၊ မိမိအမျိုးချင်းကိုသာ ပေးမြားတော်မူသည်။ ထောင်ရှိသပြာ၊ ဥစ္စာပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ စည်းစိမ်ကြီးစွာရှိခြင်းကြောင့်လည်းကောင်း၊ ပေါင်းဘက်စပ်ရှက်၍ အခြားအမျိုးသားတို့နှင့်မပြု။ ။ ယင်းသို့ အမျိုးစောင့်ခြင်းမြဲသည်ဖြစ်၍။ ဝိဇယစစ်အောင်ဧးချင်းတွင်။ ။ သာကီဝင်ပေ၊ မှန်စေအမျိုး၊ ကျင့်ရိုးမဘောက်၊ မီတောက်ပျားစွဲ၊ စွန်ရဲပမာ၊ ဟသ်ာပုံညီ။ စာမရီသို့၊ မဘီတပါး၊ ယောကျ်ားမိန်းမ။ စာဂအစုံ။ ပိုက်ခြုံမဘိတ်။ သူ့စိတ်တချောင်း၊ အမျိုးကောင်းသား၊ မှောက်မှားတီမှာ။ ရှိနိုင်ရာလိမ့်။ ။ ထိုသို့ဆိုခဲ့လေသည်။ ။ ထိုစန္ဒဝိဇယမင်းကြီးသည် အိမ်နိမ့်လေးဆဲ့ငါးနှစ်၊ နန်းစည်းစိမ်နှစ်ဆဲ့တနှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းနတ်ရွာစံတော်မူပြီးလျှင်၊ သမက်တော် သာမမင်းသားသည် မိဖုရားမောက်တော်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၃-ခု၊ ကဆုန်လတွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ စန္ဒသူရိယရာဇာအမည်ကို ခံတော်မူလေ၏။ ထိုမင်းသည် ယောက်ဘတော် စန္ဒဝိဇယမင်း၏သားတော်တို့သည်၊ များစွာရှိသောကြောင့်။ ငါ့အားပုန်ကန်လတ္တံ့ဟု အမှတ်ရှိလျက်။ အိမ်ရှေ့မင်းသား ထားပိုင်ကြီး၊ စည်တင်စား၊ ကုလားတန်စား၊ မင်းသားပဖြူ ဤမင်းသား ငါးယောက်တို့ကို ဘမ်းဆီးလျှင်။ ကျင်းသို့ပို့လေဟု- သူသတ်တို့ကို အပ်လေ၏။ သူသတ်တို့လည်း မင်းသားငါးယောက်တို့ကို ယူဆောင်၍ သွားလေသော်။ ငါးရကောက်သို့ ရောက်လေလျှင်။ ရုပ်တုတော် မဟာထီးကို ပူဇော်ကန်တော့စေ၏။ မင်းသားတို့လည်း ငါတို့ကို သတ်သောသူအား တလှည့်တပြန် သတ်ရပါလို၏ဟု ဆုတောင်းပတ္ထနာပြုကြကုန်ပြီးလျှင်၊ သူသတ်တို့ဆောင်ယူလေ၍၊ ကျင်းသို့ ရောက်လေလျှင်။ မင်းသားကုလားတန်စား အိမ်ရှေ့မင်းက၊ ငါတို့ညီနောင် ငါးယောက်တို့သည် သေရမည်မချွတ် ဖြစ်သောကြောင့်၊ ကြောက်လန့်ခြင်းမရှိကြနှင့်။ ဟိရီဩတ္တပ္ပကို စောင့်ကြပ်မြဲစေဟု ဆုံးမ၏။ သူသတ်ပရဝါတို့လည်း မင်းသားတို့ကို သတ်လေ၏။ အငယ်ဖြစ်သော မင်းသားပဖြူသည် ကြောက်လှ၍ ထွက်ပြေးလေသော်။ သူသတ်တို့လည်း တဘန်ဘမ်းဆီးချုပ်နှောင်ပြီးလျှင်။ ကျောက်ထုပ်ဆွဲလျက်။ ရေတွင်ချ၍ သတ်လေ၏။ ထိုချရာအရပ်တွင် ကျွန်းတစ်ခုပေါ်လာ၍၊ ထိုကျွန်းကို*မင်းသားကျွန်းဟု အစဥ်တွင်၏။ ထိုမင်းသားငါးယောက်မှ ကြွင်းသောမင်းသားဟူသမျှကိုကား ရဟန်းပြု၍ အသီးအသီး ထားတော်မူလေ၏။ ထိုမင်းလက်ထက်-အမတ်ကိုယ်ရံကြီးခင်ညို သေလွန်လေရာ။ သားရဲအောင်ကို ထိုမင်းသမီးတော် နှောင်းမွေးနှင့်ပေးမြား၍၊ ကိုယ်ရံကြီးအမတ် အဘအရာကို ခံတော်မူလေ၏။ ထိုသူရိယရာဇာမင်းသည် သေရည်သေရက်တို့ကို နေ့တိုင်းသောက်၏။ နွားဝမ်းတွင်းသားကိုလည်း နေ့တိုင်းစား၏။ မင်းကျင့်တရားဆယ်ပါးမရှိ။ ကြမ်းတမ်းခက်ထန်၏။ မတရားသဖြင့် မှူးကြီးမတ်ကြီးလူကြီးတို့ကို များစွာသတ်၏။ ထိုမင်းကို နန်းတွင်းနန်းပြင်-လူသူခပ်သိမ်းမုန်း၏။ ကိုယ်လုပ်တော်တို့သည် ဆေးခပ်၍သတ်စေ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆဲ့ခြောက်နှစ်၊ နန်းစည်းစိမ်သုံးနှစ်၊ နှစ်စုသက်တော်၊ သုံးဆဲ့ကိုးနှစ်တွင် ကွယ်လွန်တော်မူလေ၏။ ။ (ထိုစန္ဒသူရိယရာဇာမင်းလက်ထက်တော်မှစ၍ ကုလားကတျာမင်းတိုင်အောင်။ မင်းငါးဆက်၏လက်ထက်တော်၌။ အဓိပ္ပါယ်စကားအထူးမရှိသည်ဖြစ်၍ အကျယ်မရေးလိုက်သည်။ ထိုမင်းငါးဆက်တို့၏ အိမ်နိမ့်၊ နန်းစံ၊ အသက်အပိုင်းအခြားကို အကျဥ်းပြဂဏန်းပုံပြင်မှာ ကြည့်ရှု၍မှတ်လေ)။ ။ ထိုမင်းငါးဆက်တို့တွင် ကုလားကတျာမင်း ကွယ်လွန်ပြီးနောက်၊ စန္ဒဝိဇယမင်းညီတော်ဝိဇိလ အိမ်ရှေ့မင်းသည်၊ မိဖုရားရွှေရည်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၉-ခု၊ တန်းခူးလတွင် ရွှေနန်းတက်တော်မူလေ၍။ မှူးမတ်ပြည်သူတို့သည်၊ အလွန်ချစ်မြတ်နိုးသောကြောင့်။ မတရာဇ်အမည်ကို ခံတော်မူလေ၏။ ထိုမင်းကား၊ ပဥ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့၌ မွေ့လျော်၏။ ကုသိုလ်ကောင်းမှုကို များစွာပြုတော်မူ၏။ မြတ်စွာဘုရားသာသနာတော်သည် မီးရောင်လရောင်ကဲ့သို့ တောက်ပ၏။ ထိုမတရာဇ်မင်း လက်ထက်တော်၌ သက္ကရာဇ် ၁၁၀၄ ခုနှစ်တွင်၊ အရှေ့ပြည်က ငစံဦး၊ ငရွှေလျော်၊ ငပုညိုတို့သုံးယောက်-လူပေါင်းယောကျ်ား မိန်းမတထောင်နှင့် ဝင်ရောက်လာ၏။ ပြည့်ရှင်မင်းတရာဇ်မင်းထံ လျှောက်သည်ကား။ အရှင်မင်းမြတ်၊ အဝမြို့မင်းသည် အကျင့်ပျက်၍၊ မှူးကောင်းမတ်ကောင်းတို့ စကားကို မနာမယူ။ သွမ်းသွပ်သော အလေ့အလာကိုသာ ကြိုက်တော်မူ၍။ တိုင်းပြည်မသာ။ အလိုလို သောင်းကျန်းလျက်၊ ပြည်သူတို့ ညှိုးငယ်လျက် ရှိပါသည်။ ချီသိမ်းတော်မူလျှင် လွယ်ကာနှင့်ရပါမည်။ လက်ဆောင်မြင်းကောင်း ငါးစီး၊ ပိုးထုပ်ငါးဆယ်များကို ဆက်လေ၍ လျှောက်လေသော်။ ယင်းသို့အခါ၊ ပညာရှိအမတ်မျိုးကိုယ်ရံကြီးလျှောက်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ငစံဦး၊ ငရွှေလျော်၊ ငပုညိုတို့လျှောက်ထားသော စကားအတိုင်း၊ အကယ်မှန်စေရာ။ ဥပမာထုံးသော်ကား။ ပျားတို့သည် အသီးအသီး ရောက်တတ်ရာပျံ၍ သွားသောအကြောင်း၊ အပြုအနေကွန်ခြေ မရရှိသော်။ ပျားအုံမှတုံသော်လည်း-လူတွေ့၍ ဖွပ်ယူလတ်မူ။ မိမိတို့သားမြေးစုလျက် ရှိလေသည်ကို

အကြောင်းစွဲ၍၊ သတ်နိုင်သမျှ မကွဲမသွား ကိုက်ခဲပုတ်ခတ်ကြပါသည်။ ထိုနည်းကို စာပါမူ။ လူသော်ကား ဆိုဘွယ်မရှိ။ မိမိတိုင်းသားချင်း နိုင်နင်းပြုလျက်ရှိစေကာ၊ ညီညာသဖြင့် မဆိုလေရာ။ တိုင်းတပါးက ဖျက်ဆီးမည် ရောက်လတ်လျှင်၊ ကိုယ်စီအရေးနှင့်ချည်း။ သားမယား မိဘ-ဆွေမျိုး-ကျေးကျွန်-ဥစ္စာအိမ်ထောင်ကို ခင်တွယ်လျက်နှင့် ဖြစ်ပါသည်။ အသီးသီးစည်းကြပ်ပေါင်းဘက်၊ ရန်မူခုခံကြမည်အမှန်။ လူသတ္တဝါတို့ ခလေ့မနိုင်သောအခါမှ။ တောတောင်ကြီးရာ ခိုမှီးထွက်သွားကြလေရာသည်။ ယင်းသို့ ခုခံချေကလည်း၊ ကိုယ့်လူအများ သေဆုံးပျက်စီးမှ သူ့လူကို ရပါမည်။ သူ့လူလည်း အများသေကြေပျက်စီးခြင်းသို့ ရောက်ရာသည်။ ရှေးသူဟောင်း စကားအလာ၌လည်း။ ။ တယောက်ချမ်းသာ၊ ကိုတို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆုံးကြောင်းပျက်ရ၊ အဓမ္မမူ၊ သူပြုသူ့ဝန်၊ သူ့ကံခေတ္တ၊ ရေပွက်မျှကို။ နိစ္စထင်မှား၊ တောသားလူဆိုး။ အားကြိုးမာန်တက်။ လက်နက်စွဲကိုင်။ ထိုမြိုင်ထိုတောင်။ ကုန်အောင်လှည့်ပတ်။ သားငါးသတ်သို့။ မတတ်စရာ။ ပမာထို့တူ။ အယူမှောက်လှန်။ ကျေးကျွန်ကိုယ့်သား။ သူတပါးကို။ မုန်းထားရန်စစ်။ လောဘမြစ်ကို။ နုတ်ပစ်လေပြီ။ မင်းထီးစောထွတ်။ နွယ်တော်မြတ်တို့။ ။ ထိုသို့စကား ကျမ်းဂန်အလာ၌။ ယောရာဇာ၊ အကြင်မင်းသည်။ အဇေယျံ၊ မအောင်အပ်သော အမှုကို။ ဇေယျံ၊ အောင်ခြင်းအောင်စေတတ်၏။ သောရာဇာ၊ ထိုမင်းသည်၊ အရာဇာ၊ မင်းမမည်။ ဗာလမဇ္ဈေ၊ လူမိုက်တို့အလယ်၌။ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ နဘဏန္တိ၊ မပြောမဟောကုန်ရာ။ တရားမဟောရာ တားမနာသောသူတို့၏ အလယ်၌ သူတော်ကောင်း မပေါ်မထွန်းနိုင်ရာ။ ။ ယင်းသို့ ထုံးသက်သေနှင့်လျှောက်လေလျှင် ပြည့်ရှင်မင်းကြီး ကြိုက်တော်မူလေသည်။ ငစံဦး၊ ငရွှေကျော်၊ ငပုညိုတို့နှင့်ပါသော လူတို့ကို၊ ပေချောင်းတွင် ချထားတော်မူ၍ လေးကြော့အစုံ ဘွဲ့တော်မူလေသည်။ ငပုညိုကိုလည်း လေးခက်ထောင်စားအရာ ခန့်တော်မူလျက် ထားလေသည်။ အမတ်ပညာရှိ ကိုယ်ကြီးသားအကြီး မြကျော်ဦးကို၊ သမီးတော်မြတ်ဘုန်းကြွယ်နှင့် ပေးမြားတော်မူ၍၊ အမိန့်တော်ရှိလေသည်ကား။ အမတ်ကိုယ်ရံကြီးတို့ အမျိုးသည် ပတ္တမြားကျောက်ကောင်းနှင့်တူသည်။ ထီးနန်းမင်းဆက်၊ အရှည်ဆက်ကာ မင်းတိုင်းပင်အမတ်ကြီး ထွန်းလျက်လာသည်။ မင်းအားလည်း ပြစ်မှားသည်မရှိ။ မင်းမမှားစေရ လျှောက်ထား၍ လာခဲ့သည်။ အမျိုးပညာရှိအရာ၊ အင်္ဂါပြည့်စုံစွာနှင့်၊ ရာဇဝင်သမိုင်း ထွက်ရှိသည်။ အရသာဩဇာရှိ အပင်အသီးတို့ကို မျိုးစေ့မပျောက်စေရ၊ ကောင်းမွန်စွာ ပျိုးသကဲ့သို့။ အမတ်ကြီးသားအငယ် ရွှေသဲကိုလည်း သားအမှတ် ငါမွေးတော်မူမည်။ နို့ထိန်းအချီအယအစုံ ပေးတော်မူပြီးသော်။ မိဖုရားကြီးသို့ အပ်တော်မူ၍ နန်းတော်မှာ ထားတော်မူလေသည်။ ထိုမတရာဇ်မင်းသည်၊ မှုးကောင်းမတ်ကောင်း ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဘက်ယှဉ်တွဲလျက်။ မင်းဆက်တကာတို့ကျင့်ရာ၊ ရာဇဓမ္မဆယ်ဖြာကို ကောင်းစွာကျင့်ဆောင်လျက်၊ တိုင်းသူပြည်သားတို့အား သင်္ဂဟတရားလေးပါး။ နာယကဂုဏ်ခြောက်ပါး၊ သတ္တအပရိဟာနီယတရားခုနစ်ပါးများကို နှလုံး၌ထားတော်မူ၍၊ သက်တော်နှစ်ဆဲ့ငါးနှစ်ရောက်သောအခါ၊ သင်္ခါရဓမ္မတာ။ အနိစ္စသဘောသို့ လိုက်ရရှာလေသည်။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ်ငါးနှစ်တွင် နတ်ရွာစံလွန်တော်မူလေသည်။

ထိုမင်းလွန်တော်မူလေလျှင်၊ ဘထွေးတော် အိမ်ရှေ့မင်း ခမည်းတော်သည်။ မိဖုရားစောသန္ဒာဝေနှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၁၁၀၄-ခု တပို့တွဲလွှန်းဆယ်ရက် တနင်္ဂနွေနေ့တွင်။ ပြည်ကြီးစည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ အမျိုးလေးပါးတို့၏ ဘေးရန်မရှိသည်ကို အကြောင်းပြု၍ *အဘယရာဇာအမည်ကို ခံတော်မူလေသည်။ ထိုအဘယရာဇာမင်းသည် ထိုအမတ် ပညာရှိသားကောင်းကျော်တင်စားကို။ သက္ကရာဇ် ၁၁၀၇ ခုနှစ်တွင်မ အနောက်သက်မြို့သို့ စေလွှတ်လိုက်ရာ။ ကောင်းကျော်တင်စား မြး-ကျော်ဦး နှလုံးရည် ပညာရည်ကြောင့်၊ သက်မြို့ စစ်တကောင်းမြို့၊ ဂေါ်တော်ပလ္လင်မြို့ ပေးမြဲအခွန်ဘဏ္ဍာကို ရလေသည်။ မြို့စား-ကျေးစား-ရွာစားပေးသော်ကား မခံလေ၊ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၁၅-ခုနှစ်တွင်၊ အဝံမင်းအမတ်- မင်းကြီးနန္ဒကျော်ထင် တယောက်။ ညီတိုင်တားစား ရွှေဆင်တယောက်။ လေးကိုင်းစားရာသီတယောက်။ အမတ်သုံးယောက်-ကျေးကျွန်နောက်ပါယောကျ်ား မိန်းမနှစ်ထောင်ရောက်လာ၏။ အရှေ့အဝမြို့အကြောင်းအရာကို မေးတော်မူလေသော်။ အမတ်ကြီးနန္ဒကျော်ထင် လျှောက်သည့်ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ ဘီဘေးစဉ်လာ၊ ဟံသာဝတီပဲခူးမြို့၊ မင်းဆက်များစွာ။ မှူးကြီးမတ်ကြီးအပေါင်းတို့နှင့်၊ တိုင်းပြည်ကို အုပ်ထိန်းလာခဲ့သော အမျိုးဖြစ်ပါသည်။ ပဲခူးမြို့သည် သတ္တဝါတို့ ကပ်ဥပဒ်အလျောက် ပျက်ဆုံး၍။ အဝမြို့၌၊ ဆင်ဖြူများရှင် မင်းတရားသားတော်။ ညောင်ရမ်းမင်းလက်ထက်တော်သို့ ရောက်သည်တွင်လည်း။ ခမည်းတော်ဆင်ဖြူများရှင် မင်းတရားမြှောက်မြင့်သည့်နည်း။ သားမြေးဆက်ကာ၊ အမတ်ကြီးနေရာနှင့်ချည်း။ တိုင်းမှူးပြည်မှူးများကို သုတ်သင်စီရင်ရပါသည်။ စနေမင်းသားတော် တနင်္ဂနွေမင်းလက်ထက်။ အဘသတိုးမင်းကြီးကျော်ခေါင်မှာ သားယောကျ်ားသုံးယောက် ရှိသည်အနက်။ သားအကြီးကို ရမည်းသင်းစား မိဖုရားမင်္ဂလာသီရိတွင်

ဘွားမြင်တော်မူသည့် သမီးတော် မင်းမြဦးနှင့် စုံဘက်တော်မူ၍ ကူးခန်းကြီးမြို့ကို ပေးတော်မူသည်။ သားတော်အလတ်မှာ သားတော်အိမ်ရှေ့မင်းထံ သူငယ်တော်ခံလျက် နေရပါသည်။ ညီအငယ်မှာ မိဘနှင့်အတူမကွဲ၊ ငယ်ရွယ်သူဖြစ်၍၊ နေရသည်နှင့်။ ထိုမင်းလွန်တော်မူရာ-သားတော် တနင်္ဂနွေမင်းဆင်ဖြူရှင်နန်းတက်၍၊ တနှစ်ရှိသောအခါ၊ အဘသတိုးမင်းကြီးကျော်ခေါင် သေလွန်လျှင်၊ အစ်ကိုကူးခန်းကြီးစားကို အဘအရာ အဆောင်အရွက်မည်ရည်နှင့်တကွ ဆက်ခံရပါသည်။ ကျွန်တော်မှာသော်ကား၊ မင်းကြီးနန္ဒကျော်ထင်အမည်နှင့်၊ ထိုမင်းမိဖုရား တောင်သာမြို့စားတွင်၊ ဘွားမြင်သောသမီးတော် ရွှေကုန်နှင့်ပေးမြား၍၊ အဝမြို့ဝန်ခန့်တော်မူပြီးလျှင် မိထိလာမြို့ကို စားရပါသည်။ ညီရွှေဆင်မှာ သားတော်အိမ်ရှေ့မင်းထံ သူငယ်တော်ခံ၍ နေရပါသည်။

ထိုမင်းလွန်တော်မူသော် သားတော် ကြာသပတေးမင်း နန်းတက်လေရာ၊ အထက်ကနည်းမြောက်မြှင့်တော်မူလျက်။ ညီရွှေဆင်ကို တိုင်တားမြို့စား ပေးတော်မူပါသည်။ သက္ကရာဇ် ၁၀၉၅-ခုနှစ်တွင် ကြာသပတေးမင်း နန်းတက်၍၊ သက္ကရာဇ် ၁၁၀၅-ခုတိုင်အောင် တိုင်းပြည်သာယာပါသေးသည်။ နောင်တော်ကား ယစ်မျိုးသောက်စား။ သားငါး သတ်ပစ်ယုတ်ညစ်သောအမှုကို ကျင့်ကြံလျက်။ အထိန်းတော်သား ငဖြိုးနှင့်ပေါင်းဘက်၍ မင်းကျင့်ပျက်လေရာ၊ အစ်ကိုအမတ်ကြီးပါ၊ လေးယောက်သောအမတ်ကြီးတို့ကို စီရင်လေရာသည်။ ယင်းနောက်သော်ကား ပြည်ပြိုငြင်သဖြင့်၊ အလိုလိုသောင်းကျမ်းဆိုးသွမ်းပြုလေရာ၊ ထိုမင်းအမတ် ပဲခူးမြို့ကနေ၍ ခြားနားချီတိုက်ဖျက်လာလျှင်။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင်၊ ကြာသပတေးမင်းလည်း ပဲခူးမြို့သို့ ပါသွားလေသည်။ အကြေအညာမြို့ရွာများကိုလည်း တလိုင်းတို့တိုက်ဖျက်၍ သေကြေများပြားသောကြောင့်။ လွတ်ရာလွတ်ကြောင်း တောင်ငူရာဇာနှင့် မင်းတုန်းမြို့တွင် နေကြရာ။ ပဲခူးတလိုင်းတို့ လာရောက်တိုက်ပြန်လာမူ။ မရပ်မခံနိုင်အောင်ရှိသည်တချက်။ ဥတုရာသီမညီမဖြောင့်၍။ အစာရှားပါးငတ်မွတ်သည်တခု။ ထိုသို့အကြောင်းဆိုက်လတ်သော်။ ဘုန်းတော်မြတ်ကို ခိုလှုံလို၍၊ သားမယားကျေးကျွန်တစုနှင့်ဝင်ရောက်လာကြောင်းကို တင်လျှောက်လေလျှင်။ အဘယရာဇာမင်းလည်း၊ မင်းကြီးနန္ဒကျော်ထင်အမျိုးနှင့် အရည်ကိုကြိုက်တော်မူသဖြင့် ဆင်ကဲကြီးအမတ် ခန့်တော်မူသည်။ ညီရွှေဆင်ကိုလည်း ကြွေတဲစား ရာသီကို ကြွေမသွေ့စားအရာပေးတော်မူ၍ ထားလေသည်။ သက္ကရာဇ် ၁၁၂၂-ခုတွင်၊ အမတ်ဆင်ကဲကြီးသမီး ရှင်စိုးကို ကောက်ယူတော်မူ၍၊ ခြောက်မိဖုရား ထားတော်မူသည်။ မြောက်မိဖုရားညီမ-မိပန်းရုံကိုလည်း ရှေးပညာရှိ အမတ်ကြီးရွှေသဲနှင့် ပေးမြားတော်မူပြီးလျှင် ရွှေတိုက်-ငွေတိုက် လက်နက်တိုက်များကို အပ်တော်မူ၍။ စားကျေးရိုးကျွန်းနှင့် စိန်တင်ကို ပေးတော်မူသည်။ ထုနရအဘယမင်းသည် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူသည်မှစ၍။ သက်တော်ရှည်သမျှ ကာလပတ်လုံး။ တနေ့တနေ့လျှင် ပဋ္ဌင်းတပါး။ ရှင်သာမဏေတပါး ရက်မပြတ်ပြုတော်မူ၏။ အလှူကြီးကိုလည်း လစဉ်အတိုင်းပြုတော်မူ၍၊ သားတော်-သမီးတော်-မှူးကောင်း-မတ်ကောင်း-သူရဲကောင်းတို့လည်း အလွန်ပေါ်များကုန်၏။ ထိုမင်းကား အိမ်နိမ့်လေးဆဲ့ရှစ်နှစ်၊ နန်းစည်းစိမ်တဆဲ့ကိုးနှစ်၊ နှစ်စုသက်တော်ခြောက်ဆဲ့ခုနစ်နှစ်တွင် နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင်။ သားတော် အိမ်ရှေ့မင်းရွှေရောက်သည် သက္ကရာဇ် ၁၁၂၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်းတစ်ရက်နေ့တွင် ရွှေနန်းတက်တော်မူ၍၊ သီရိသုဓမ္မရာဇာဟူသော အမည်ကို ခံတော်မူ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆဲ့သုံးနှစ်၊ နန်းစည်းစိမ်သုံးလ၊ နှစ်စုသက်တော်သုံးဆဲ့နှင့် ၃-လတွင် ကျောက်ရောဂါကပ်ရောက်၍ နတ်ရွာစံတော်မူလေ၏။

ထိုမင်းလွန်တော်မူလေလျှင် မင်း၏ညီတော် ထားပိုင်ကြီးသည်၊ သက္ကရာဇ် ၁၁၂၃-ခုနှင့် သုံးလအတွင်း တပို့တွဲလဆန်း တဆဲ့တစ်ရက်နေ့ ရွှေနန်းတက်တော်မူ၍၊ စန္ဒပရမရာဇာအမည်ကို ခံတော်မူ၏။ ထိုမင်းလက်ထက်၊ သားတော်တပါးဦးတိုးဝယ်ကို ဘွားမြင်တော်မူရာ။ ပြည့်ရှင်မင်း ပရမရာဇာ အမိန့်တော်ရှိသည်ကား။ မဟာသမ္မတ၊ မင်းကစဉ်လာ၊ သာကီဝင်မင်းမျိုးတို့၌ သားယောကျ်ားသော်လည်းကောင်း၊ သမီးမိန်းမသော်လည်းကောင်း၊ တောင်ညာတွင်ဘွားမြင်သော်။ မင်းဆွေမင်းမျိုး မှူးရိုးမတ်ရိုး မမည်သော မိန်းမအား။ နို့ထိန်းနို့တိုက်ထည့်မြဲ- ထုံးဟောင်းရှိမရှိ။ ရှေးထုံးတမ်းနှင့်လျှောက်ရမည် အမိန့်တော်ရှိသောအခါ၊ ရှေးပညာရှိ အမတ်ပညာရှိအမျိုးစဉ်လာဖြစ်သော စိန်တင်စား အမတ်ရွှေသဲလျှောက်သော ထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ လောကီဒီပဝင်ကျမ်း၌ အလာမူကား။ ရာဇဗြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည်။ ငယ်တော်မူစဉ် လက်ပမ်းသည်တဦးကျောက်ကုန်း၌ စီးတော်မူခဲ့သောကြောင့်၊ သားတော်ကို ဘွားမြင်လတ်မူ၊ သဝရဟူသော မယားလင်ဆိန္ဒပ္ပန္ဒလည်း သုတမရှိ။ သဝရလည်း ပညာမဲ့ထုံးဟောင်းစာဟောင်းမတတ်။ လက်ပမ်းသည်ရင်း ဆိန္ဒပ္ပန္ဒအမျိုး။ မှူးမတ်သမီး အရိုးအစဉ် မဟုတ်၍ နို့ထိန်းအင်္ဂါကိုမသိ၊ ခက်ထန်သောအလေ့နှင့် သာနေသောသူအား နို့ကိုစို့မိ လေ့လာချေသောကြောင့်။ အဇာတသတ် အရွယ်ရောက်လတ်မူ။ အဘဗိမ္ဗိသာရမင်းအား

ပြစ်မှားလေသည်။ အသိတဥ္စနပြည့်ရှင်းမင်းနှမတော်-ဒေဝဂဗ္ဘာသားတော် ဝါသုဒေဝညီနောင်တကျိပ်တို့ကို အန္ဒကဝေဏှုဟူသော စစ်မှူးမယား။ သာမန္တနိဂုံရွာသူ-နန္ဒိဂေါပါလာကို နို့ထိန်းအပ်လေ၍။ ထိုမိန်းမသော်ကား တရားမရှိ၊ လောဘတပ်သောမိန်းမနှင့်ငြားသဖြင့်။ ထိုမင်းသား ညီနောင်တကျိပ် အရွယ်ရောက်သောအခါ ဦးရီးတော်ကံသမင်းကို ပြစ်မှားလေသည်။ ဥတ္တရမဓုရပြည် ရှင်သာရဆိန္ဒမင်းကို။ သင်းဘောသူကြီး သန်မြင့်စွာက ထူးဆန်းသော ရထားတစ်ခုဆက်လေရာ။ သဒ္ဓါကြီး၍- မကရူပိတိုင်းကို စားကျေးပေးတော်မူသည်။ ထိုမင်း၌ မိဖုရားကြီးတွင် သမီးတော် သုဝဏ္ဏကုမ္မာကို ဘွားလေလျှင်။ သန်မြင့်စွာ၏မယားသဘင်သည်မကို နို့ထိန်းပေးလေသော်၊ ထိုမိန်းမ၌ အကျင့်မရှိ။ သွမ်းသွပ်သောအမူအရာကိုသာ လေ့လာ၍၊ မင်းသမီး သုဝဏ္ဏကုမ္မာ အရွယ်ရောက်လတ်ရာ စောင်းသမားနှင့်မှားဘူးသည်။ လူမှတပါး စကားမတတ်သော မြင်းသတ္တဝါသည်၊ ဗာရာဏသီပြည့်ရှင် ဥလ္လာကမင်း၌၊ သိန္ဓဝဟူသော မြင်းကို။ ငယ်စဉ်က-လူးကုန်းတယောက်အားအပ်၍ ထိန်းစေရာ။ ထိန်းသူအလိုက်-မြင်းတော်သိန္ဓဝလည်းကုန်း၍ သွားလေလျှင်။ လူစန့်တစ်ယောက်ကို တဘန်အပ်ပြန်သည်မှ၊ မြင်းတော်သိန္ဓဝဖြောင့်ဖြောင့် သွားကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ အသက်မရှိသော အဝိဉာဏက၊ ကာသိကတိုင်း-ဗာရာဏသီပြည့်ရှင် ဒမိဝါဟနမင်းတရား၊ စားတော်ခေါ်သော သရက်ချိုပင်အပါး၌၊ ဥယျာဉ်မှူးက တမာပင်-ခွေးတောက်ပင်တို့ကို စိုက်ပျိုးလေရာ။ သရက်ချိုပင် ခါးသောအရသာ ရှိသောကြောင့်၊ အမတ်လိမ္မာတယောက်ကို မင်းကစေလွှတ်ကြည့်စေသည်တွင်။ သရက်ချိုပင်အနီး၌ တမာ ခွေးတောက် ပင်တို့ကို မြင်၍၊ ထိုအပင်တို့ကို ကုန်စင်အောင်နုတ်ပြီးမှ။ အမြစ်တို့ကိုလည်း တူးဆွယူစေသည်။ ယင်းသို့ပြီးမှ၊ ပျားတင်လဲ သကာတို့ကို အရည်ဖျော်စေလျက်။ သရက်ပင်ပတ်လည် ဖျန်းစေလျက်။ သရက်ပင်ပတ်လည်၌ မပြတ်သွန်းလောင်းစေရာ။ ခါးသောအရသာကွယ်၍ ရှေးအတူချိုသော အရသာရောက်မြဲရောက်ကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ အရှင်မင်းမြတ်။ မင်းသားမင်းသမီး စသော သဝိညာဏကတို့၌။ အာဒိအစ-ထိန်းသူသာမူလ။ မိဘထိန်းသူတို့ မလိမ္မာ။ လက်ရုံးမာန၊ ကြမ်းတမ်းခက်ထန်၊ ထောင်လွှားဆိုးသွမ်းချေက။ ထို့အတူ သားသမီးဆိုးသွမ်းလေရာ။ လာခြင်းကောင်းသော အတိဇာတသားဖြစ်ပါမှ၊ ထိုးထွင်း၍ သိမြင်သော သတ္တိကြောင့်၊ အတိဇာတသားလည်း အလွန်ရှားပါးသော အကြောင်းကို ကျမ်းဂန်၌ပြဆိုပါသည်။ အဝိဉာဏက ဥယျာဉ်လယ်ယာတို့မှာလည်း၊ စောင့်ထိန်းသူ မကောင်းက ပျက်စီးခြင်းသို့ ရောက်လေရာသည် အရှင်မင်းမြတ်။ ထိုမှတပါး-တုံလည်း၊ အသားဖြူသောမိန်းမ၏နို့ရည်ကား ချိုသော အရသာရှိသည်။ ထိုနို့ရည်ကို စို့သောသူအား လေရောဂါမြဲ၏။ အသားညိုသောမိန်းမ၏နို့ရည်ကား ဖန်သောအရသာ ရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ဦးခေါင်း၌ရောဂါမြဲ၏။ အသားရွှေရောင်ရှိသော မိန်းမနို့ရည်ကား ဆိမ့်သောအရသာရှိသည်။ ထိုနို့ရည်ကိုစို့သောသူအား မြတ်သောနှလုံးမြဲ၏။ အသားပြာသော မိန်းမနို့ရည်ကား ချဉ်သောအရသာ ရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ဒွါရတို့၌ ရောဂါဝေဒနာမြဲ၏။ အသားမည်းသော မိန်းမနို့ရည်ကား ခါးသောအရသာ ရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ခြေလက်ဦးခေါင်းတို့၌ ဝေဒသနာမြဲ၏။ အသားနီသော မိန်းမနို့ရည်ကား စပ်သော အရသာရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ရင်၌ ဝေဒနာမြဲ၏။ ယင်းသို့ ထုံးဟောင်းသက်သေနှင့် ပညာရှိအမတ်လျှောက်လေသော်။ ပြည့်ရှင်မင်း အမိန့်တော်ရှိပြန်သည်မှာ။ စိန်တင်စားတို့အမျိုးသည်-ဓညဝတီ ဒုတိယမြို့တည်ကံရာဇာကြီးမင်းက ဆင်းသက်၍။ မူးရိုးမတ်ရိုးအစဉ်သားမြေးပညာရှိဟု တွင်လျက်။ မင်းဆက်အများနှစ်ပေါင်းအရှည်၊ စိန်တင်စားတို့အမျိုးမတိမ်၊ လရောင်ပမာချမ်းဧးစွာလျှင်၊ မင်းထံလျှောက်ထားကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ စိန်တင်စားမယားအမိလည်း အဝမင်း-သမီးတော်။ အဘမင်းကြီးနန္ဒကျော်ထင် ဘီဘေးလည်း ပဲခူးမင်းကျော်ထင်နော်ရထာ သားမြေးဆက်ကာ၊ အဝမင်းလက်ထက် ဆင်ကဲကြီးအမတ်တို့၊ အမျိုး၊ မှူးရိုးမတ်ရိုးမပျက်၊ အဝမြို့သည် ကာလဝိပတ္တိအလျောက်ဖြစ်ခဲ့၍၊ ရက္ခပူရတိုင်း-မြောက်ဦးမြို့သို့ ရောက်လာပြန်လျှင်၊ အမျိုးစောင့်သောတရားမလွတ်၊ မှူးမတ်အင်္ဂါနှင့်ပြည့်စုံသူဖြစ်၍၊ ခမည်းတော် နရအဘယမင်းက ဆင်ကဲကြီးအရာကို ပေးတော်မူသည်။ ဆင်ကဲကြီးသမီး မိပန်းရုံလည်း၊ မှူးရိုးမတ်ရိုးသမီးမှန်၍၊ သတ္တိပညာနှင့် အဆင်းအင်္ဂါလက္ခဏာ ပြည့်စုံပေသည်။ ငါ့သားတော် ဦးဘိုးဝေကို တတ်သိလိမ္မာအောင် စိန်တင်စား ထိန်းသိမ်းပြုသ ဆုံးမသွန်သင်စေ။ စိန်တင်စားမယား မိပန်းရုံကို နို့တိုက်စေ အပ်တော်မူလေရာ။ ထိန်းသိမ်းတိုက်ကျွေးရလေသည်။ ။ထိုမင်းသည် အိမ်နိမ့်နှစ်ဆယ်၊ နန်းစည်းစိမ်သုံးနှစ်၊ နှစ်စုသက်တော် နှစ်ဆဲ့သုံးနှစ်တွင်။ ယောက်ဘတော် လက်ဝဲမြန်-ပုန်းစား၍ နန်းကျလေလျှင် ရဟန်းပြု၍ထားလေ၏။

ထိုမင်းနန်းကျလေလျှင်၊ ယောက်ဘတော်လက်ဝဲမြန်သည် သက္ကရာဇ် ၁၁၂၆-ခု၊ ကဆုန်လဆန်း တစ်ရက် အင်္ဂါနေ့တွင် ရွှေနန်းတက်တော်မူ၏။ အဘယမဟာရာဇာ အမည်ကို ခံတော်မူ၏။ ထိုအဘယမဟာရာဇာမင်းလက်ထက် မင်းကြီးသည် ငယ်ကျွန်သက်လူမျိုး ငသောက်ကြာ ညီအစ်ကိုနှစ်ယောက်ကို သဒ္ဓါတော်မူ၍၊ အမတ်ကြီးခန့်မည်ရှိလေရာ၎

<u>ရှေးပညာရှိ အမျိုးအတွင်းတော်မှူး စိန်တင်စား ရွှေသဲ</u>လျှောက်သောထုံးသော်ကား။ ။ အရှင်မင်းမြတ်။ ရှေးပညာရှိတို့ဆိုခဲ့သော ရာဇဝ့လက်သုံးထုံးဟောင်း စာတမ်းအလာ ထွက်ရှိသည်မှာ။ ။ရေမြေသနင်း၊ မင်းတို့ကျင့်သုံး၊ ရှေးထုံးမသုန်။ ရာဇဂုဏ်မြတ်၊ နဝရတ်ကိုးခိုင်၊ မဏ္ဍိုင်မပျက်၊ မင်းလက်နက်တည်း။ ဝေဝက်စိတ်ဖြာ၊ မလိမ္မာငြား၊ သူမိုက်သားကို၊ မှား၍ပြည့်ရှင်၊ သူကောင်းတင်လျက်။ တိုင်းခွင်ခရိုင်၊ အပိုင်ကံကျွေး၊ မင်းခွင့်ပေး၍။ မှူးရေးမတ်ရာ၊ နှင်းအပ်ပါမူ၊ ပဇာကျိုးရှိ၊ နွမ်းရိသတ္တဝါ၊ မြို့ရွာတုန်လှုပ်၊ မင်းကျိုးယုတ်၏။ စက်ဆုပ်သဘွယ်၊ ပြက်ရယ်တန္တု၊ ပြည်မှုရှုပ်ထွေး၊ တိုင်းဝေးတပါး၊ စကားမတည်။ အရှည်မကောင်း၊ ဗူးတောင်းဝမာ၊ မိစ္ဆာငှက်ဆိုး၊ လင်ကောင်ပိုးသို့၊ ဆိုရိုးတချက်၊ ကြွက်နှင့်မြွေတူ၊ သူ့မူမဖျောက်၊ မျောက်နှင့်မြေခွေး၊ ဆိုရေးတသီး၊ ကျီးနှင့်ဝက်တူ၊ အမူယုတ်သွမ်း၊ သူကန်းအကြံ။ လောဘလျှံသစည်။ ။ မင်းထံနီးစပ်-မသုံးအပ်။ ။ ထိုသို့ဆိုသော ပညာရှိစကားအရ၊ ကျမ်းဂန်တွင်လည်း၊ ဒေဝပုတ္တာနတ်သား။ ဗာလာနံ၊ သူမိုက်တို့အား။ ယာအသေဝနာစ၊ အကြင်မမှီဝဲရခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ၊ ပညာရှိသူတော်ကောင်းတို့အား၊ ယာသေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့အား၊ ယာပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်လည်းကောင်း၊ အတ္တိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသောတရားသည်၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ၊ မင်္ဂလာဟူ၍၊ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။ ယင်းသို့မြတ်စွာဘုရား ဟောတော်မူသော တရားရှိပါသည်။ ။ အရှင်မင်းမြတ်၊ တတိုင်းတပြည်ကို အစိုးရသောမင်းတို့သည် သူမိုက်ကို မရှောင် ပေါင်းလေငြားအံ့။ ထိုသူမိုက်ကြောင့်၊ တိုင်းပြည်ပြိုပြင်လျက်နှင့် မင်းလည်းပျက်လေရာသည်။ တစ်တိုင်းတစ်ပြည် မိတ်ပြုရာ၌လည်း ထိုပြည်၏အကြောင်းကို စုံစမ်းပြီးမှ၊ ဝံသူတော်ကဲ့သို့ ကျင့်သောမင်းကို။ ဆည်းကပ်မိတ်ဝင်ရမူ။ အကျိုးထွန်းလင်းနိုင်ရာသည်။ ကြောင်သူတော်နှင့်တူသော မင်းဖြစ်ချေက၊ ထိုမင်းပျက်၍၊ ကိုယ့်ပြည်ပျက်စီးခြင်းသို့ ရောက်လေရာသည်။ သူမတော်ကျင့်တတ်သော်၊ လူအများကမ္ဘာရှည်သမျှ၊ ကောင်းကျိုး မကောင်းကျိုးကိုသော်လည်း မသိရကြ ဖြစ်နေရာသည်။ ပညာရှိတစ်ယောက် အချီးအမွမ်းကိုသာ ကြိုက်တော်မူရာသည်။ ကဲ့ရဲ့ချေသော်-ကြောက်ရှက်ရတတ်ပါသည်။ ထိုသို့ပညာရှိအမတ် လျှောက်လေရာ၊ အမတ်တော်သို့ စားကျေးထပ်၍ မြို့သစ်ကို ပေးတော်မူလေသည်။ အမတ်ပညာရှိမယား မိပန်းရုံကိုလည်း၊ ရှေးမင်းများနည်း အသုံးအဆောင်ကို ပေးတော်မူ၍၊ နန်းတွင်း၌ မိဖုရားမောင်းမတို့အား နားလည်အောင်၊ ရှေးအသုံးအဆောင်၊ အသွားအနေ၊ မင်းခမ်းစသောအမှုများကို ပြသဆုံးမထိန်းသိမ်းရမည်ဟု အပ်တော်မူလေသည်။ ထိုမင်း ကျွန်နှစ်ယောက်အား လျှောက်သောအကြောင်းမှာ နာတော်မမူ၍၊ အစ်ကိုငယ်ကျွန်-သောက်ကြာကို လက်ျာမြန်အမတ်၊ ညီတော်သောကြာကိုကား ထားပိုင်ကြီးအမတ် ခန့်ထားတော်မူလေသည်။

တရံရောအခါ၌၊ ပြည့်ရှင်မင်း အဘယ ရာဇာက၊ အုန်းကျွန်းနေ လယ်တော်လုပ် လမိုင်းအစုသား- မင်းတရားကျွန်းလမိုင်း အစုသားတို့ကို သူရဲအမတ်ပြု၍၊ ထား-လှံ-ကာ-ဒိုင်းလွှားလက်နက် အပ်တော်မူမည်ရှိရာ၊ အမတ်ပညာရှိမြို့သစ်စား၊ ရွှေသဲလျှောက်သောထုံးသော်ကား။ ။ အရှင်မင်းမြတ် မင်းတရားကျွန်လမိုင်း အစုသားတို့သို့ လက်နက်အပ်တော်မူချေသော်။ မျောက်ကို ချူဆွဲသည်နှင့်တူပါသည်။ မျောက်ကိုသနား၍ ချူဆွဲလေမူ အငြိမ်မနေ။ ခုန်ပေါက်ပြေးလွှားလျက်နှင့်သာ ရှိလေရာသည်။ ထို့အတူ သူမိုက်အလေ့၊ ကိုယ့်ဘို့သာ လုံးပမ်းရှာ၍၊ သူ့ကိုသော်ကား သနားကြင်နာခြင်းမရှိ၊ သားငါးပစ်ခတ် ထိုးသတ်သောက်စား၊ အတ္တနောမတိ ကျင့်ကြံလျက် နေလေ့ရှိသော အမျိုးသားတို့၌ လက်နက်ရောက်လေသော်။ သတ္တဝါချမ်းသာအတီမှာ ရပါအံ့နည်း။ ဝိလ္လပ္ပနု-ရက်ရောကြမ်းတမ်း၊ တမြို့တရွာကို ဖျက်ဆီးလုယူ၊ နိုင်ထက်စီးနင်း၊ အမျိုးသားချင်းလည်း မခင်မင်သော စာရိတ္တ၊ သီလမမြဲ၊ ဘောက်လွဲဘောက်ပြန်၊ မမှန်သော အသိအမြင်ဖြင့် လောဘ-ဒေါသ-မောဟ လွှမ်လေရာသည်။ ထို့ကြောင့် ရှေးပညာရှိစကား၌။ ။ သူမိုက်တို့မှာ။ အင်္ဂါလေးမည်။ စည်စည်ကားကား။ ရမ္မက်များသည်။ ။ ယင်းသို့အဆိုသော်ကား။ လေးပါးဟူသည်မှာ အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်း၊ ဥစ္စာရအောင် ရှာမှီးခြင်း၊ သူမိုက်မိစ္ဆာ-အင်္ဂါလေးပါးဟူလျှက်။ ရှေးသူ့မြတ်တို့ အဆိုရှိပါသည်။ မင်းတရား ကျွန်းလမိုင်း အစုသားတို့ကို လက်နက်အပ်၍ မသင့်ပါ။ နောင်သောအခါ၊ လူကောင်းလူဆိုးရောနှောလျက်၊ စီရင်ရပါလိမ့်မည် လျှောက်လေသော်။ ပြည့်ရှင်မင်း မနာမယူ။ မင်းတရားအစုသား ကျွန်လမိုင်းတို့ကို လက်နက်အပ်လေသည်။ တနှစ်ခန့်ရှိလတ်သော်။ ရမ်းဗြဲမြစ်ဝကို အသွားအလာမျှ မပြုဝံ့ကြ။ မင်းတရားကျွန်လမိုင်း အစုသားတို့ ထားပြတိုက်လုယက်၍ရှိလေရာ။ ပြည့်ရှင်မင်း အဘယရာဇာ အမျက်တော်ဝင်၍၊ လူပေါင်းငါးရာကျော်ကို ကုန်စင်အောင်သတ်ပြီးမှ လက်နက်ကို သိမ်းတော်မူရလေသည်။

တရံရောအခါ စစ်တွေကျွန်းကုလားတို့ကို ထားပိုင်ကြီးသောကြာက ခေါ်၍၊ ဆုလာဘ်ပေးကြောင်း၊ <u>ပညာရှိအမတ်မြို့သစ်စား ရွှေသဲဆိုလေလျှင်၊</u> ထိုအကြောင်းကို မင်းထံလျှောက်လေသော်။ ယုံတော်မမူရှိသောအခါ။ အမတ်

ပညာရှိလျှောက်ထုံးသော်ကား။ ။အရှင်မင်းမြတ်၊ ရှေးဘားမဲ့သစ်။ ဘားပုသစ်အတွက်မူလည်း။ ထောင်ရာဗီသ။ ဆတိုင်ကလျှင်၊ ပေတပင်ကို၊ ရေလျှင်သွန်းကြ။ မိုယ်းကိုးလ၊ ယင်းသို့အဆိုကို၊ ယတြာပြန်၊ နန်းစံတော်မူလျှင်၊ ဘားပုတောင်တွင်နန်းတော်ကို၊ နဝကိန်းခတ်၊ ပါပခတ်ရုပ်၊ စုတ်လာဘ်ပြု၍၊ ယတြာထားတော်မူရမည်။ ထိုကိန်းခတ်အလို နန်းစံကိုးနှစ်ကိုးလထွက်ပါသည်။ အရှင်မင်းနောက်ကို သောကြာမင်းဖြစ်ရန် သိုက်ရှိပြန်သည်မှာ။ ကြွက်ကိုချောင်းသည်။ ဗူးတောင်းမောင်သောကြာ ဆိုလေသောကြောင့်၊ ထားပိုင်ကြီးလည်း သောကြာသား။ အရှင်မင်းမြတ်၊ ရှေးပညာရှိတို့ထားခဲ့သော မြောက်ဦးမြို့ခတ်သိုက်အလို၌လည်း၊ ရလုရလု၊ ကိုးရလု၊ ရလုကိုးမည်၊ မြောက်ဦးပြည်၊ သာစည်တသောသော၊ ရလုလည်းကုန်၊ ပျက်ကိန်းကြုံ၊ လူပုံညာကြေမျော။ ထိုသို့ထွက်ရှိသည်။ သိုက်တချက်- မြို့တည်တြင်း-ရှစ်ရပ်၊ ဂြိုဟ်သက်-စန်းလက်နှင့် ကိန်းထားသောမြို့လက်။ ကိန်းထားသော မြို့သက် ၃၃၃-ခုနှစ်တွင်သာ ပါရှိသည်။ သို့ရာတွင်ကိုယ်ကျင့်သာ မူလမှန်သည်။ အရှင်မင်းမြတ်၊ သူမိုက်တို့သည်၊ ပိဋကတ်ဗေဒင်ကို သင်ကြား၍ တတ်စေကာ၊ အလင်္ကာရုပမာသာ။ ပညာရှိသူတော်ကောင်းစသော အမြင့်အနိမ့် အယုတ်အမြတ်။ အနာဂတ်ကို ဆုံးဖြတ်သိနိုင်သည် မဟုတ်ပါ။ အတတ်ပညာကြောင့်ချင်း နစ်လေရာသည်။ ပညာသည် နေရောင် လရောင်နှင့်သော်လည်းကောင်း၊ ကေသရာခြင်္သေ့မင်းအဆီနှင့်သော်လည်းကောင်း၊ တူပါသည်။ နေလတို့သည်မူလည်း အခန့်သင့်သော်၊ ဖလ်မှန်၌သာလျှင်၊ မီးရေစွဲရောက်ပါသည်။ ကေသရာခြင်္သေ့မင်း အဆီတုံသော်လည်း ဇမ္ဗူရာဇ်ရွှေခက်၌သာ၊ တည်နိုင်ရာသည်။ ထို့အတူ ပညာရှိတယောက်စကားကို၊ ပညာရှိတယောက်မှ သိနိုင်ပါသည်။ ရှေးသူဟောင်းအမှာတွင်၊ ဟုတ်မှန်သောစကားကိုဆိုလျက်ခံသူမကြိုက်က အပြစ်ရောက်ရာသည်။ မဟုတ်မမှန်သောစကားကို ဆိုလေမူလည်း ခံသူကြိုက်မူ အကျိုးဖြစ်ရာသည်။ ထိုသို့ထုံးသက်သေနှင့်၊ ပညာရှိမြို့သစ်စား မင်း၌အပြစ်ကိုမြင်၍၊ လျှောက်တင်မြဲ ရှေးထုံးဟောင်းနှင့်အညီ လျှောက်တင်လေသော်။ ထိုမင်းအကုသိုလ်အလျောက် သူမကောင်းကို ယုံသောသတ္တိစွဲသဖြင့်၊ မည်သို့မဆို နေတော်မူ၍၊ ကောင်းကျော်တင်စားသာ၊ မင်းတရားကျွန်လမိုင်းရွှာကိုသာ။ အမတ်ကြီးမြို့သစ်စား ရွှေသဲသို့ ပေးသနားတော်မူလေသည်။ ထိုအဘယရာဇာမင်းလည်း ပညာရှိစကားကို မနာမယူ၊ ကျူးလွန်လျက်၊ ငယ်ကျွန်သောကြာကို၊ သဒ္ဒါရေကြီး၍၊ ထားပိုင်ကြီးအမတ်ခန့်ထားလေရာ <u>သက္ကရာဇ် ၁၁၃၅ ခုနှစ်သို့</u> ရောက်လတ်သောအခါ၊ ထားပိုင်ကြီး ငသောက်ကြာပုန်စား၍ အဘယရာဇာမင်း လွန်တော်မူလေသည်။

ငသောက်ကြာလည်း စန္ဒသုမနအမည်ကို ခံလျက် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူလေသည်။ ထိုစန္ဒသုမနမင်းသော်ကား။ အလွန်ဆိုးသွမ်းသောမင်းကြမ်းမင်းယုတ်၊ အကျင့်မရှိ။ အမျိုးမစောင့်။ ပညာရှိကိုမသုံး။ ရှေးပညာရှိမှူးကောင်း မတ်ကောင်းတို့ကို နှိပ်စက်ညှင်းပန်း သတ်ဖြတ်ပြုလတ်သော်။ အသီးအသီးလွတ်ရာလွတ်ကြောင်း၊ ထွက်ရှောင် ပြေးပုန်းလေ၏။ ကန်သာမြို့သို့ ရွှေ့ပြောင်းနေကြလေသည်။ ယင်းသောအခါ၊ စန္ဒသုမနမင်းက၊ ပြည်သူတို့တွင်၊ ကျွန်ရှိသမျှကို သင်းထုတ်သည်ဆို၍ အကုန်အစင်လွှတ်ကြရသည်။ ရှေးမင်းတို့ ဘွဲ့ခဲ့သောအစို့ ကိုယ်တော်ရံတို့ကိုလည်း ဖျက်၍၊ အသည်သားဖြစ်စေသည်။ မြောက်ဦးမြို့ကိုတည်ရင်း။ မြို့ချာတိုင်ယတြာကိုလည်း နုတ်ပစ်လေသည်။ ထိုသို့တရားအလွန်ပြုလေရာ။ အမတ်ပိုးရွှေ-ပုန်စားလေသော်။ <u>သက္ကရာဇ် ၁၁၃၈-ခုနှစ်တွင်၊</u> စန္ဒသုမနမင်းကိုဘမ်းရလေလျှင်။ အမတ်ပိုးရွှေသည် ဝိမလအမည်ကို ခံတော်မူ၍၊ မင်းပြုပြန်သည်။ ဝိမလမင်း နန်းတက်လတ်သော်အလွန်ဆိုးသွမ်းသော စန္ဒသုမနမင်းကို၊ ပြည်သူတို့ သတ်၍အပ်၍သတ်လေမူ။ ထိုစန္ဒသုမနမင်းအကောင်ကို၊ ဒီရေတက်-သုံးရက်ရေတွင်၊ မျောနေစေရလေသည်။ ထိုဝိမလမင်းသော်ကား၊ ရှေးမှူးဟောင်း-မတ်ဟောင်းများကို စိစစ်၍၊ ပညာရှိအလျောက် မြှောက်မြှင့်တော်မူလျက်။ အထက်ပညာရှိအမတ်မျိုး-မြို့သစ်စားရွှေသဲကို၊ စန္ဒသုမနမင်း စီရင်ကွပ်မျက်လေ၍၊ မယားမိပန်းရုံသို့၊ စားကျေးရိုးနှင့် စိန်တင်ကို ပေးတော်မူပြီးမှ၊ ရှေးမင်းတို့နည်း၊ နန်းသူမိဖုရားမောင်းမများကို၊ ရှေးထုံးမှန်အောင် ပြုသရမည်ဟု အပ်တော်မူလေသည်။ <u>သားကျော်စံကိုလည်း ပညာရှိအမျိုး။ မှူးရိုးမတ်မွန်</u> သားမြေးဖြစ်သည်။ ပညာကို သင်စေရမည် အမိန့်တော်ရှိ၍ ဆရာတော်စန္ဒရာမသို့ အပ်တော်မူသည်။

ထိုမင်းနန်းတက်၍ နှစ်ဆဲ့ရှစ်ရက်ရှိသောအခါ၊ နန်းတော်မှာ ဖွတ်တက်လာသည်။ ကျားမြို့တွင်း ဝင်လာပြီးသော်မြူးခုန်ပြီးလျှင် ပြင်းစွာဟုန်းမြည်ပြီးမှ သွားလေသည်။ နွေကာလ မိုယ်းကြီးစွာရွာ၍၊ နန်းထောင့်စွန်းကို မိုးကြိုးပစ်သည်။ ယင်းသို့ အကြောင်းနိမိတ်တို့ကို၊ ပြည့်ရှင်မင်းက မြို့သစ်စား မိပန်းရုံကို အမိန့်တော်ရှိသည်ကား။ မြို့သစ်စားလည်းပညာရှိအမတ်မျိုး၊ သာကီဝင်မင်းဆက်-အရှည်မင်းတိုင်ပင် ပညာရှိ အမတ်ခံလျက်။ ဆင်းသက်လာခဲ့သောသူ၏သားမြေးကို စဉ်လျက်။ စန္ဒသုမနမင်းသည် အကျင့်မရှိ ပြည်တန်သောပတ္တမြားကို၊ စပါးတစ်ခွက်နှင့် ရောင်းသောသူနှင့်တူသည်။ ဆိုးကောင်းမသိတတ်လေ၊ မြို့သစ်စားကဲ့သို့ အသိအမြင်ထူးသော မှူးမတ်မရှိပြီ။ ယခုနိမိတ်အကြောင်းမှာ၊ ရဟန်းပုဏ္ဏား

စသော မှူးမတ်တို့ လျှောက်ကြလေသော်လည်း၊ ငါအယုံမရှိ။ မြို့သစ်စားမယားလည်း ပညာရှိနှင့် ပေါင်းဘက်ခဲ့သူဖြစ်သည်။ မြို့သစ်စား မသေမီ၊ တိုင်းပြည်အကြောင်းအရာများကို မည်သို့ပြောဆိုဘူးသည်။ မှတ်သားမိသမျှကို လျှောက်ရမည် အမိန့်တော်ရှိလေသော်။ ပညာရှိနှင့် ပေါင်းဘက်မိသည့်ကျေးဇူးနှင့် မင်းတိုင်ပင်ခံရကြောင်း၊ ထုံးဟောင်းထွက်သည်။ ပညာရှိမယား မိပန်းရံလျှောက်သောထုံးသော်ကား။ ။ အရှင်မင်းမြတ်၊ အမတ်မြို့သစ်စား ပြောဆိုသောစကား၊ ခတ်ကိန်းခန်းအလို မှတ်သားမိသည်မှာ၊ မျှောက်ဦးမြို့ကို ဂေါဇာသက္ကရာဇ် ၇၉၂ ခုနှစ်တွင်။ မင်းစောမွန် နံတော်ကြာသပတေးသား တည်တော်မူသောအခါ၊ တြင်းအလို စာဟောင်းဆိုသည်မှာ။ *မျှောက်ဦးဟူသောအရာသည်။ ရှေးကမျှောက်နှင့် ဒေါင်းမအိမ်ထောင်ဖက်၍၊ ဤမြို့ရွာ၌ နေကြလေသော်။ ဒေါင်းဥကို မျှောက်ယူ၍ ဘုရားသခင်ကိုလှူကြောင်း၊ စာဟောင်းအရ မျှောက်မှာ ယာယီ။ ဒေါင်းမှာမူလ။ ကြာသပတေးသားအစ မင်းပြုလေသည်။ စနေသားမင်းလက်ထက်မှ။ မြို့တန်းခိုးပေါ်သည်။ မြို့ချာတိုင်စိုက်သော တွင်းက။ ကြွက်ဖြူတဆဲ့ကိုးကောင် သက်ဆင်းလေရာ။ ဆယ်ကောင်ကြွက်ကို၊ ကျီးချီယူသည့်အလို။ မင်းဆယ်ဆက် ကုလားပိုင်ရာသည်။ ဤမြို့တွင်လည်း သာကီဝင်မင်းတဆဲ့ခြောက်ဆက်သာ ဖြစ်လေရာသည်။ မြို့တည်တြင်း၌၊ မျှောက်၊ ဒေါင်း၊ ကြွက်၊ ဗုဇွန်၊ ကျီး၊ ဘား၊ တောက်တဲ့၊ ကြောင်၊ ထိုနိမိတ်ရှစ်ရပ်ကို၊ ဂြိုဟ်သက်ထား၍၊ မြို့တည်စန်းလက်နှင့်နှောမူ။ နှစ်ခုစွန်းကို ခတ်ကိန်းပြုလျက် မြောက်သော်၃၃၃-ခု မြို့သက်ထွက်ပါသည်။ မြို့တည်ဂေါဇာ ၇၉၂-ခုတွင် လောင်းသော်။ သက္ကရာဇ် ၁၁၂၅-ခုတွင်သာ၊ ဤမြို့၌ မင်းဆက်ရှိသည်။ ၁၁၂၅-ခုတွင်၊ မြို့ပြောင်းကိန်းရောက်သော်လည်း၊ မင်းနှင့်အမတ်တို့ ကိုယ်ကျင့်သာမူလဖြစ်ကြောင်း၊ မဟာရာဇာလျှောက်သောထုံး၊ ပိဋကတ်ဗေဒင် လောကုတ္တရာ လောကီမှုများကို ပြသင်ခဲ့ပါသည်။ ဖွတ်တက်, မိုးကြိုး, ပျားစွဲ, ငှက်နား, တောသားမြို့ဝင် စသော အကြောင်းမှာ။ ပါရာကျမ်းအထွက်မူ။ ။ မှတ်လောရှင်လူ၊ ခပ်သိမ်းသူတို့။ စွဲယူသင့်ကြောင်း။ နိမိတ်ပေါင်းကို။ သူဟောင်းစကား။ တောသားသတ္တဝါ၊ မြို့ရွာသို့ရောက်။ လန့်ကြောက်၍သာ၊ ပြေးခဲ့လာမူ။ ပစ္စာမရှိ မိမိအလျောက်၊ ဝင်ရောက်မြူးခုံ၊ ပြုတုံသောထွေ၊ နေလာပေက၊ ရွာနေအကြီး။ အပြီးစိုးနှောင်း။ ခန္ဓာပြောင်းလိမ့်။ တကြောင်းအမှာ၊ သတ္တဝါပင်၊ ပြင်းစွာအသံ။ မြည်ပြန်တုံလတ်။ မချွတ်မြို့ရွာ။ ပျက်တတ်စွာတည့်။ မြွေ၊ ဘား၊ ဖွတ်၊ မျှောက်၊ အိမ်သို့ရောက်သော်။ နောက်ကိုမနေ။ စွန့်ပစ်ပေရှင့်၊ လင်းမြွေငန်းကျား၊ တက်လာမှားအံ့။ အလားသင့်ပင်။ အိမ်ရှင်နွမ်းရိ၊ ရှိသူမှန်စေ၊ ဒီရေကဲ့သို့။ တက်ဘို့စီးပွား။ ချမ်းသာများလိမ့်။ ကြီးမားဂုဏ်ရှင်၊ ဖြစ်ခဲ့လျှင်လည်း။ ကုန်စင်နိမ့်ကျ၊ ပျက်ရမချွတ်၊ အမှတ်ရှေးလာ၊ စာ, ကျီ, ဆက်ရက်။ သုံးရပ်ငှက်မှ၊ နားသမျှမှာ၊ ယတြာပေ၊ ပြုလေခေါင်းဆေး၊ အရေးသင့်လှ၊ ထိုမှတခြား၊ တည်းပျားအိမ်တွင်၊ ဝင်၍ခေတ္တ၊ နိမိတ်ပြသော်။ ကြေမွထွားညက်။ အသက်ကိုမျှ။ အရကျိုးလေ။ အနေသင့်စွာ။ ကာလအရှည်။ အုံနှင့်ထည့်၍။ ပျံသည့်အခါ၊ အရသာထွေ၊ သူ့အရေကို၊ ယူလေဆောင်ငြား။ ထိုပျားသွားရာ။ ယတြာဖြင့်။ နံ့သာမွှေးပေါင်း၊ ဘယောင်းဆီမီး။ သစ်သီးပန်းမျိုး။ ရေပြည့်အိုးတွင်၊ မညိုးသပြေ၊ မြေဇာစကား။ စိုက်ထားစေလျှင်း။ သဲကိုခင်းလျှင်။ နေ့ချင်းတွင်ပင်။ လင်နှင့်မယား။ နှစ်ပါးစုံစွာ၊ ခေါင်းဆေးရာ၏။ ရသာစုံပေ။ ထိုပျားရေကို၊ အနေမပျက်။ ထားလျက်ပျံသော်။ ကောင်းကြီးကျော်၍။ လိုတော်ရှိကုန်။ ပြီးပြည့်စုံရှင့်။ လူ့ဘုံထင်ရှား။ အကျိုးများလိမ့်။ မှတ်သားစွဲသုံး။ ရှေ့ထုံးကဝိ၊ ပညာရှိတို့၊ အသိလိမ္မာ။ အက္ခရာစည်း၊ ကမ္ပည်းအထွက်၊ မိုးကြိုးစက်လည်း။ လူထက်တွင်သာ။ ကျပြန်လာမူ။ ထိုသူ့ကိုယ်၌၊ မခိုက်မထိ။ ပကတိလျှင်၊ ရှိသည်ဖြစ်သော်။ တန်းခိုးကျော်၍၊ ထင်ပေါ်တရိုး၊ ဘုန်းတန်းခိုး၏။ ပုထိုးကျောင်းသိမ်၊ အချိန်သင့်ခြင်း။ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး။ နတ်ဆိုးမိစ္ဆာ။ ခိုဝင်လာသည်။ အိမ်မှာကျလတ်။ ဥပဒ်မဖြေ။ မနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ ။လောကမှတ်သုံး၊ ရှေးကျင့်ထုံး။ ။ထိုသို့ ပညာရှိမယား လောကီထုံးဟောင်းနှင့် လျှောက်လေသော်။ စန္ဒဝိမလမင်းလည်း အလွန်ကြိုက်တော်မူ၍ သီရိမလ္လာဟူသောအမည်ကို ပေးတော်မူလေသည်။

ထိုမင်းလက်ထက်၊ ကာလမမြင့်မီ၊ တောင်စဉ်သား ချီလာကြောင်းကို ကြားသိတော်မူလတ်၍၊ စနည်းနာစေရာ၊ စကားတောင် တံခါးဝတွင်၊ မိန်းမတယောက်က အိမ်တွင် မွေးထားသည့်ကြွက်။ ညောင်ခေါင်းက တောင်းသည်နှင့်၊ ကြောင်ဆိုးလာလျှင် သေမည စိုးလှသည်။ ကျောင်းသို့ပို့ထားရမည်။ ။ ထို့နောက် စနည်းသော်ကား၊ ပက်ကျိနှစ်ကောင် အိမ်မိုးခေါင်သို့ တက်လေရာ၊ ဥဗျိုင်းအများ နား၍ အိမ်မိုးပျက်သည်။ ။ထို့နောက်မူကား၊ ဈေးချောင်းတွင်၊ လူတယောက်ဆိုနေသည်မှာ။ ကြွက်စားသည် ခွေးကြောင့် အိပ်ပုပ်သည်။ မြုံလာလျှင် ပေးလိုက်ရမည်။ ယင်းသို့ စနည်းသုံးရပ်တြင်းအလို ထားပိုင်ကြီးအမတ်တို့ လျှောက်သောထုံးသော်ကား၊ ။အရှင်မင်းမြတ်၊ ပဌမစနည်းမှာ အိမ်ဟူသည်ကား ဤမြောက်ဦးမြို့တော်။ ကြွက်မူကား အရှင်မင်းမြတ်နံတော်။ ကြောင်ဆိုးလာလျှင် သေမည်စိုးလှသည်မှာ ယခုလာသော တောင်စဉ်သားတို့သည်၊ ကြောင်သူခိုးနှင့်တူပါသည်။ အရှင်မင်းမြတ်၊ စစ်ပြိုင်၍နိုင်မည်မဟုတ်။ ကျောင်းသို့သွား၍

ရပဟန်းပြုတော်မူရမည် ဆိုလိုသည်။ ။ ဒုတိယစနည်းအရသော်ကား။ ပက်ကျိနှစ်ကောင်၊ အိမ်မိုးခေါင်သို့ တက်သည်မှာ။ ကမ်းရံဘလဲမျိုးတို့သည် ပက်ကျိကို စားသည့်လူမျိုး၊ ဤမြို့တော်မှာ ကမ်းယံဘလဲမျိုးတို့သည် ပက်ကျိကို စားသည့်လူမျိုး။ ဤမြို့တော်မှာ ကမ်းရံဘလဲ ပက်ကျိစား နှစ်ဆက်မင်းဖြစ်မည် ဟူလိုသည်။ ဇျိုင်းနား၍ အိမ်မိုးပျက်သည်ကား။ ဇျိုင်းနံသည် မရမာကိုလည်း ရပါသည်။ ပြူကိုလည်း ဆိုသင့်ပါသည်။ ရှေးဓာတ်ကိန်းထားခဲ့သော မြောက်ဦး နတ်သမီးသိုက် အဆိုမူလည်း။ ကုလားကဘိ၊ ပြူကအိ၊ မရှိမရမာ၊ ဘေးလွတ်ကိုခို၊ သဟာသပေါ်၊ ရောကျော်စတု၊ ဆဗသျှူတွင်။ မြောက်ဦးမြို့ကြီး။ သမထီး။ ဒိုင်းကြည်းဘုရားပေါ်။ လေှမရှားစည်ကား။ တံတားခင်းလိမ့်မည်။ ထီးစည်မရှိ။ ဝါလလိ။ ကောင့်ရှိအင္ဂ။ သဟာသ၊ ဆသို့ရောက်ခါ။ တရုပ်ကမိုး။ ပြူကငြိုး။ ပဲခိုးကထောင်။ ရှမ်းကမြှောင်။ တစောင်ကုလား။ မီးပွားစစ်ကြီးဖြစ်လိမ့်မည်။ ယင်းသောအခါ၊ မရမာတို့၊ ချမ်းသာစေကြောင်း၊ မရိမ်းချောင်းသို့ခိုဟုဆိုသောသိုက်လည်း၊ ရှိပါသည်။ ။ ကြွက်စားသည့် ခွေးကြောင့်၊ အိမ်ပုပ်သည်၊ မြုံလာလျှင် ပေးလိုက်ရမည် အလိုသော်ကား။ အရှင်မင်းမြတ်ကို ဖျက်ဆီးမည်။ ယခုလာသော တနင်းလာသား ဖြစ်ပါသည်။ အရှင်မင်းလည်း ပျက်ပါမည်။ ထိုသူတို့ကိုလည်း မြုံလာမည်ဟူသော စကားအရ မြုံနံသည် ပြူကိုရသည်။ ပြူတို့ထိုမင်းကို ဖျက်ဆီးခိုးယူလေသော အကြောင်း ဟူလိုသည်၊ တကြောင်းတုံလည်း အရှင်မင်းမြတ်၊ မင်းတို့အထွတ်သို့ ရောက်သောအခါ၌၊ ထိုမင်းသည် နန်းသက်မည်မျှ နေရအံ့သောအကြောင်းကို၊ နိမိတ်တြင်း ထင်မြင်မြဲ။ ရှေးပညာရှိတို့ဆိုခဲ့သော ထုံးဟောင်းနှင့်အညီ။ အရှင်မင်းမြတ်၊ နန်းသိမ်းတက်တော်မူသောအခါ၊ ကျွန်တော်မျိုးနှလုံးသွင်း၍ ကြည့်သော်။ ကျွန်တော်မျိုးယပ်ကိုချ၍ ထားရာ။ အောက်၌ကြွက်တကောင် ဝင်လာသည်။ ထို့နောက် ကြိုးကြာငှက်မြည်သံကြားပါသည်။ ထို့နောက် နန်းတက်မီးပေါက် ပစ်လေရာ၊ နှစ်ချက်သာ အသံထွက်သည်။ ထို့ပြင်မီးပေါက်မှာ ရှုပါသည်၊ ယင်းသို့နိမိတ်အလို ယပ်ကို ကြွက်ဝင်သည်မှာ၊ ကြွက်သော်ကား အရှင်မင်းနံတော်။ ယပ်မှာလေးခုပါသည်။ နန်းသက်လေးရက်၊ ထိုကလွန်သော် အရက်လေးဆယ်။ ထိုကလွန်သော် လေးနှစ်၊ ဤသုံးချက် မလွန်ပြီ။ ယပ်သည် ရဟန်းနံ။ အရှင်မင်းမြတ်လည်း ရဟန်းပြုတော် မူရအံ့ယူပါသည်။ ထို့နောက် ကြိုးကြာငှက်မြည်သံ ကြားပြန်သည်မှာ နောက်ကို တနင်းလာသား မင်းဖြစ်အံ့ ယူပါသည်။ မီးပေါက်နှစ်ချက်သာ အသံထွက်သည့်အလိုမှာ။ ဤမြို့တော်တွင်၊ နောက်ကို မင်းနှစ်ဆက်သာ ရှိတော့သည်။ အရှင်မင်းမြတ်၊ <u>ရှေးပညာရှိ ရွှေသဲ</u>ဆိုခဲ့သောစကား၊ ဓာတ်ကိန်းခန်းကို၊ <u>မယား သီရိမာလာ</u>လျှောက်သော အကြောင်းလည်း စာဟောင်းထွက်မှန်ပါသည်။ ထိုသို့ <u>ထားပိုင်ကြီး</u> လျှောက်တင်လေသော်။ စန္ဒဝိမလမင်း အမိန့်တော်ရှိသည်ကား သတ္တဝါတို့ ဥပဒ်အလျောက် ဆိုက်ရောက်သောအကြောင်း။ တောင်စဉ်သားဘလဲလည်း မင်းဖြစ်အံ့သော နိမိတ်တြင်းပြလာသည်။ ရှေးအကျိုးပေးရာ ကံကုသိုလ်မြောက်၍၊ တယောက်ပေါ်မူ။ ရှိရင်းသူက လုံ့လဝီရိယထုတ်သော်လည်း။ ကံပေးအကျိုးကုန်ခြင်းကြောင့်၊ ပျောက်ပျက်ရသည်သာ ဓမ္မတာဖြစ်ချေသည်။ ပြည်ကို ပြည်သူပင်ပန်းအောင်၊ ငါစစ်မထိုးပြီ အမိန့်တော်ရှိပြီးမှ။ နန်းတက်၍ အရက်လေးဆယ်တွင် ရဟန်းပြုတော်မူလေသည်။

တောင်စဉ်သား ပဆိန်သည်။ ဗိုလ်မင်းအောင်စုံလည်း ချီလာခဲ့၍။ အသာလွယ်လင့်စွာ သက္ကရာဇ် <u>၁၁၃၉-ခုနှစ်၊ နယုန်လပြည့်ကျော် ဆဲ့သုံးရက်</u> ကြာသပတေးနေ့တွင် အဘိသိက်ခံ၍၊ ပြည့်စည်းစိမ်ကို စိုးအုပ်တော်မူလေ၏။ သတိဝီရိယမြဲစွဲသည်ကို အကြောင်းပြု၍၊ စန္ဒသတိဿအမည်ကို ခံတော်မူလေ၏။ (မဟာရာဇဝင်ကြီး၌ ဓမ္မရာဇ်ရာဇာအမည်ကို ခံတော်မူသည်ဟု ဆိုသည်)။ ။ <u>ထိုဓမ္မရာဇ်ရာဇာမင်းသည် အိမ်နိမ့်ငါးဆယ်၊ နန်းစည်းစိမ်ငါးနှစ်၊ နှစ်စုသက်တော် ငါးဆဲ့ငါးနှစ်တွင် လွန်တော်မူလေ၏။</u>

ထိုမင်းလွန်တော်မူလျှင်၊ ထိုမင်း၏တူမတော်လင်ဖြစ်သော လက်ဝဲပြန် သတိုးအောင်သည် သက္ကရာဇ် ၁၁၄၄-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့လေးရက်။ တနင်းလာနေ့တွင် ရွှေနန်းတက်တော်မူ၏။ ထက်ဝန်းကျင် ပြည်သူလူအပေါင်းတို့သည် ညီညွတ်၍မင်းပြုပါဟု တောင်းပန်သည်ကို အကြောင်းပြု၍၊ မဟာသမ္မတဟူသောအမည်ကို ခံတော်မူသည်။ <u>ထိုမင်းလက်ထက်၊ ရက္ခိုင်ပြည်သူတို့သည် မီးကဲ့သို့ပူကြလေသည်။</u> အလိုလို သောင်းကြမ်း တိုက်ခိုက်လုယက်ဖျက်ဆီး၍ မင်းမူကြသည်ကား။ ငကြီးတောင်မှာ-ထားမနိုင်တမင်း။ ။ ရိုးကျွန်းတွင် ကုလားရွှေစားတမင်း။ ။ပိန္နဲချောင်းတွင် ကောင်းညွှန့်ရန်တိုင်တမင်း။ ။ ကြပ်စင်ကျွန်းတွင်-ငသံထွေတမင်း။ ။ တန်းလွှဲတွင် ကျော်ထွေးတမင်း။ မာရ်အောင်ကျွန်းတွင် သတိုးဖြူတမင်း။ ။ ယင်းသို့ ဝိပလ္လာသဖြစ်လျက် သောင်းကြမ်းပုန်ကန် လုယက်တိုက်ခိုက်ရှိလေရာ။ သာသနာ့ဒါယကာ၊ လောင်းလျာမှန်သော။ သီရိပဝရဝိဇယာနန္တယသတြိဘဝနာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာတိရာဇာ၊ တဆိပ်နာမံတော်ရှိသော အဝရွှေနန်းရှင် တရားမင်းမြတ်သည်။ ဝေနေယျသတ္တဝါအပေါင်းတို့အား။ သနားကရုဏာမေတ္တာတော်သက်သဖြင့်။ ဂရုဓမ္မဖြင့် သိမ်းပိုက်မစလိုသည်ဖြစ်၍၊ အလောင်းအိမ်ရှေ့နန်းလျာ သားတော်အကြီးကို

အုပ်ချုပ်စေလျက်။ သားတော်နှစ်ပါး စကုမြို့စား၊ ကာမမြို့စားတို့ကို နောင်တော်အိမ်ရှေ့မင်း လက်ဝဲလက်ျာ။ မြင်းမိုရ်တောင်မင်းကို ယုဂန္ဓရစသောတောင်တို့သည် ခြံရံကာဘိသကဲ့သို့။ အထောင်မကသော မှူးတော်-မတ်တော်တို့နှင့် အကုဋေမကသော ဗိုလ်ခြေသူရဲပေးတော်မူ၍၊ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင်၊ ရက္ခပူရတိုင်း ဓညဝတီအမည်ရှိသော ရက္ခိုင်ပြည်ကြီးသို့ ချီစေတော်မူသည်။ အရှေ့မြန်မာစစ်သည်တို့ လာသည်ဟု ကြားလေလျှင်။ တောင်ခွင်ကြိမ်သလီ၊ သံတွဲမြို့ ခုနစ်ခရိုင်၊ ရမ်းဗြဲကျွန်းသူအပေါင်းတို့သည် ရက္ခိုင်ပြည်သို့ ပြေးဝင်လေကုန်၏။ ရက္ခိုင်ဘုရင် မဟာသမ္မတ-အဂေါပုညရာဇာမင်းတရားသည်။ မှူးတော်မတ်တော်တို့နှင့် တိုင်ပင်တော်မူ၍၊ မြေကျုံး-ရေကျုံး-ကျုံးချောက်-ကျုံးပင်လယ်-တံခါးကြီး-တံခါးငယ်-တံခါးကွေ့-မလွယ်ပေါက်-တန်ဆောင်းပြအိုး-ပစ္စင်-ရင်းတားကို ခိုင်ခန့်စွာလုပ်တော်မူစေ၏။ မြို့ပြင်ရင်းတားပတ်လည်တွင်လည်း၊ များမြောင်စွာသော ပြောင်းလက်နက်တို့ကို၊ ထားစေ၍၊ အရှေ့ကွမ်းဈေး-ပေါင်းဝတွင်။ ခံတပ်တည်လုပ်ပြီးလျှင်၊ များမြောင်စွာ လက်နက်နှင့် သူရဲပေါင်းတို့ကို အစောင့်ထားစေ၏။ အမရပူရ အဝ ရွှေနန်းရှင်သားတော် အိမ်ရှေ့မင်းလည်း ရက္ခိုင်ပြည်သို့ ချီလေသော်။ ငါးစင်ရိုင်းချောင်းတွင် စစ်ပင့်ခေါ်လာသူ ထားပိုင်ကြီး ငသံတွဲ၊ လေးတောင်စားထွန်းစံတို့ကို ခေါ်ယူ၍။ သက္ကရာဇ် ၁၁၄၆ခု၊ ပြာသိုလ်လပြည့်ကျော် ၆ရက်သောကြာနေ့တွင်၊ လောင်းကြက်မြို့ဟောင်းဝယ်၊ တပ်တည်တော်မူလာ၏။ ကြည်းကြောင်းချီလာသော ရှမ်းစော်ဘွားတို့လည်း။ ပြိုင်းတိုင်တောင်ခြေတွင် ရောက်လာ၍။ ပိုးချည်ကျွန်းတွင် တပ်ချတော်မူသည်။ ရက္ခိုင်ပြည်သူလူအပေါင်းတို့သည်။ တိုင်းကားပြည်ရွာကို သာယာစည်ပင်အောင် ပြုပြင်တတ်သော မင်းကောင်း ရောက်လာသည်ဟု အလွန်ဝမ်းသာရွှင်လန်း၍။ ကခုန်မြူးထူးလျက်။ လက်ပမ်းပေါက်ခတ်၍။ အောင်ပွဲအောင်သေစာ-စားသောက်လျက် အောင်ပွဲခံကြကုန်၏။

ရက္ခိုင်တိုင်းပြည်ကို အစိုးရတော်မူသော မဟာသမ္မတမင်းတရားလည်း ညီတော်အိမ်ရှေ့မင်း ယောက်ဘတော် ထားပိုင်ကြီးကျော်ပုံ။ လက်ဝဲမြန်ကုန်အောင်သာ။ လက်ျာမြန် မောင်ထွေး စသော မှူးတော်မတ်ပေါင်း ရဟန်းပညာရှိ လူပညာရှိတို့နှင့် တိုင်ပင်တော်မူလေသော်။ ယောက်ဘတော်ကျော်ပုံက အမရပူရမင်းချီလာသော စစ်အရေးသည်။ အားအံကြီးကျယ်လှသည်ဖြစ်သောကြောင့်။ လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်သမှ-ပြည်ထည်းအရေးသည် ငြိမ်းပါမည်ဟုလျှောက်လေသော်။ မဟာသမ္မတမင်းလည်း၊ ရှေးဘေးလောင်းတော်တို့သည်၊ ဤရက္ခိုင်ပြည်ကို-တတိုင်းတနိုင်ငံက စစ်ပြိုင်လာသော မင်းတို့ကို။ လက်ဆောင်ဘဏ္ဍာနှင့် သမီးကညာဆက်သဘူးသည် မရှိလေ။ ငါတို့ရက္ခိုင်ပြည်ကိုသာ ထိုထိုတိုင်းပြည်က- လက်ဆောင်ဘဏ္ဍာသမီးကညာဆက်သဘူးသောအကြောင်းကို သမိုင်းရာဇဝင်ရှိသည်။ ယခုလက်ထက်တွင် လက်ဆောင်ဘဏ္ဍာ သမီးကညာဆက်သလေလျှင်။ နောက်နောင်သော မင်းတို့သည် ကဲ့ရဲ့ဘွယ်ဖြစ်၍၊ ကမ္ဘာကြေလည်း-ဥဒါန်းမကျေရှိလိမ့်မည်ဟု-မိန့်တော်မူပြီးလျှင်။ အိမ်ရှေ့မင်းကို ဗိုလ်ချုပ်ခန့်၍၊ လက်ဝဲမြန်၊ လက်ျာမြန်၊ ထားပိုင်ကြီး စသည်တို့ကို၊ ပြောင်တင်လှေရှစ်ဆယ်နှင့်၊ ရေကြောင်းချီစေ၏။ သမ္မတရာဇာမင်းတရားလည်း၊ ကိုယ်ရံကြီးထွန်းခိုင်၊ ဆင်ကဲကြီးထွန်းပေါ်၊ ရမ်းဗြဲစား၊ တောင်ဘက်စားစသော မှူးမတ်အပေါင်းခြံရံလျက်။ မြှောက်စည်တိုက်စည်တို့ကို ထိမ့်ရိုက်အောင်တီး၍၊ ကြည်းကြောင်း အရှေ့ဘက် ကွမ်းဈေးပေါင်းဝသို့ ချီတော်မူလေ၏။ ကြည်းအားရေအားစည်းကြပ်ပြီးလျှင်၊ သက္ကရာဇ် ၁၁၃၆-ခု၊ ပြာသိုလပြည့်ကျော်-၆ရက် သောကြာနေ့တွင်။ လောင်းကြက်မြို့ဟောင်းဝယ် တပ်တည်၍ နေလာသော၊ မြန်မာစစ်ကို တိုက်လေသော်။ စစ်ရေအားအင် မတူသောကြောင့်။ ကြည်းအားရေအားနှစ်ဦးလုံးပင်၊ တပြိုင်နက်ဆုတ်၍ လာပြီးလျှင် ရွှေမြို့တော်သို့ ရောက်လာ၏။ ။ မဟာသမ္မတရာဇာလည်း၊ မှူးမတ်သူရဲတို့ကို များစွာဆုလာဘ်ပေး၍။ ရွှေဝင်းတော်အထဲက ဆီးခံတိုက်မည်ကြံသော်။ ထားပိုင်ကြီးကျော်ပုံသည် တပြည်စစ်ကို တိုက်သော် နိုင်ရာသလောဟုဆို၍၊ မယားသားတို့ကို ယူပြီးလျှင်၊ မိမိနေသောအိမ်ကိုမီးတိုက်လျက်၊ တိုက်လှေငါးစင်းနှင့် ရွှေမြို့တော်မှ ထွက်ပြေးလေသည်။ မဟာသမ္မတရာဇာလည်း ညီတော်အိမ်ရှေ့မင်းစသော မှူးမတ်လူသူအပေါင်းနှင့်။ ညဥ့်သန်းခေါင်အချိန်တွင်၊ ရွှေမြို့တော်ကထွက်၍၊ လှေစီးပြီးလျှင်၊ တိုက်လှေသုံးဆယ်နှင့် ပြေးလေသော်။ အနောက်ရိုးကျွန်းသို့ရောက်လတ်လျှင်။ ဘဏ္ဍာအုပ်ရဲဘော်နှင့် ငဝမ်းပေါက်တို့၊ သမ္မတရာဇာကို ဘမ်းဆီး၍၊ အရှေ့မြန်မာမင်းသို့ ပို့အပ်မည့်အကြံကို သိသောကြောင့်။ မိမိချက်မြှုပ်နေရင်းအရပ်ဒေသဖြစ်သော ရမ်းဗြဲကျွန်းသို့ သွားလေသော်။ သူပုန်ရန်သူထူထပ်လှသည်ဖြစ်၍၊ မပေါက်မရောက်နိုင်သဖြင့်။ ယခုကွမ်းချောင်းခေါ်သော ကျွန်းသာယာတွင် နေလေ၏။ အဝရွှေနန်းရှင်သားတော် အိမ်ရှေ့မင်းလည်း။ ဂေါဇာသက္ကရာဇ် ၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော် ခုနစ်ရက်၊ စနေနေ့-ရက္ခိုင်ပြည် မြောက်ဦးမြို့ကို ရလေ၏။ ကျေးလက်ခရိုင်တို့၌ရှိသော ထားပြသူပုန်တန္တတို့ကို လိုက်လံရှာဘွေသော်။ ပိန္နဲချောင်းတွင် ကောင်းညွန့်ရန်တိုင်၊ ထွန်းပေါ်ဝယ်တို့ကို တွေ့လေလျှင်၊ မြန်မာတပ်မှူးတို့လည်း၊ အဝင်ခံလေ၏။

ကောင်းညွန့်ရန်တိုင် ထွန်းပေါ်ဝယ်တို့ကို လှေထက်တင်ယူ၍၊ မြန်မာတပ်မှူးတို့ ဆောင်ယူလေသော်။ ဦးရာဇ်တောင် မြစ်သို့ ရောက်လေလျှင်။ ကောင်းညွန့်ရန်ဝယ်-ထွန်းပေါ်ဝယ်တို့သည် ဥပါယ်ဖြင့် လွတ်အောင်ကြံ၍၊ တိမ်းရှောင်ပြေးလေ၏။ မြန်မာတပ်မှူး ဗိုလ်မှူးတို့လည်း၊ နောက်ထပ်၍လိုက်လေသော်။ ရသေ့တောင်မြို့တွင် တိုက်ကြလေရာ။ မြန်မာတပ် ဗိုလ်မှူးနှင့်တကွ ရက္ခိုင်ဗိုလ်မှူး ကောင်းညွန့်ရန်တိုင်၊ ထွန်းပေါ်ဝယ်တို့နှစ်ဘက်လုံးပင်၊ သေကြေပျက်ဆုံးခြင်းသို့ ရောက်ကုန်၏။ ရက္ခိုင်မင်းသမ္မတရာဇာသည် ကွမ်းချောင်းကျွန်းသာယာတွင် ရှိကြောင်းကို၊ ကာမမြို့စားသခင်၊ တပ်မှူးဗိုလ်မှူးတို့ ကြားသိလေ၏။ လိုက်လံရှာဖွေတိုက်ခိုက်လေသော်၊ ပြာသိုလ်လပြည့်ကျော် ၁၅-ရက်တွင်၊ ရက္ခိုင်မင်းသမတရာဇာသည် အိမ်နိမ့်လေးဆယ်၊ စည်းစိမ်နှစ်နှစ်၊ နှစ်စုသက်တော် လေးဆဲ့လေးနှစ်တွင် မြန်မာတပ်မှူးဗိုလ်မှူးတို့ ဘမ်းရလေလျှင် နောင်တော်အိမ်ရှေ့မင်းသို့ ဆက်သလေရာ၊ ခြေချင်းခတ်၍ အကျဉ်းထားလေ၏။

အဝရွှေနန်းရှင်ထံ စစ်ပင့်ခေါ်ယူလာသော ရက္ခိုင်မင်းသားဟရီလည်း၊ မြန်မာအစိုးမင်းတို့၊ ရက္ခိုင်ပြည်ကို ဝင်ရောက်သောအခါ၊ ကပ်ရောဂါမိသဖြင့်၊ သေလွန်သည်ဖြစ်သောကြောင့်။ ကျောက်ပေါက်ဘုရင်သား မုတ်ဆိတ်မင်းသားကို နန်းတင်မည်ဖြစ်၍၊ ရက္ခိုင်ပြည်သူ ပြည်သားတို့ မထိတ်မလန့်ရအောင်၊ အရပ်ရပ်မြို့ရွာ ဇနပုဒ်တို့၌၊ လက်နက်ကိုင်သူရဲတို့က အစောင့်ထား၍၊ ရွာသူကြီးတို့ကိုလည်း စာချွန်တံဆိပ်ပေးအပ်ပြီးမှ၊ ပေရွက်ထန်းရွက်တို့တွင်၊ နေထွက်ဘုရင် ကျွန်တော်မျိုးဟု၊ စာရေးသားပြီးလျှင်၊ ဦးခေါင်းလည်ပင်း၌ဆွဲ၍၊ ချောင်းနားမြစ်နား၌နေသော လူတို့ကို ငါတို့လူဖြစ်သည်ဟု မှတ်သားကုန်၏။ စာမဆွဲသောလူတို့ကို ကျော်ထွေးလူဟု အမှုပြု၍၊ ကြေးငွေများစွာ ယူကုန်၏။ ။ အဝရွှေနန်းရှင်သား အိမ်ရှေ့မင်းသည်။ မဟာမုနိဘုရားကို ပင့်ဆောင်အံ့သောငှါ၊ ဗိုလ်မင်းသီရိကျော်ထင်ကို၊ စေတော်မူလိုက်၍၊ သွားလေသဖြင့်။ မဟာမုနိဘုရားထံ ရောက်လေသော်၊ ရွှေငွေ၊ ဆန်ပန်းပေါက်ပေါက်တို့ဖြင့်၊ ရှိခိုးပူဇော်ကန်တော့ပြီးမှ၊ ပင့်တော်မူလေ၏။ မဟာမုနိဘုရားရှင်လည်း၊ ပုဗ္ဗနိမိတ်ကိုပြ၍၊ ကိုယ်တော်အလုံးမှ၊ ချွေးထွက်ပြီးလျှင်၊ ယိုစီး၍ကျလေ၏။ ဗိုလ်မင်းသီရိကျော်ထင်လည်း လုံးပတ်သုံးထွာရှိသော ရွှေဖလားနှင့်ခံလေလျှင်၊ ချွေးတော်ရေအပြည့်ရ၍၊ အိမ်ရှေ့မင်းထံ ဆက်သလေသော်။ အိမ်ရှေ့မင်းလည်း အလွန်ထိတ်လန့်၍၊ ဩ-အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ခဲ့တကားဟု ဆိုပြီးလျှင်၊ ဗိုလ်တပ်ထဲတွင် ခိုဝင်၍နေလေ၏။ ကုလားပြို့သွေးသောက်တို့လည်း၊ မဟာမုနိဘုရားရှင်ကို တမုတ်ကြိုးဖြင့် စက်နှင့်လှည့်၍ ကြွတော်မူလေသော်၊ ပလ္လင်တော်ထက်က ဆံခြည်တတန့်မျှ မရွေ့ရှားဘဲ နေလေ၏။ မိုးချုပ်သွားလေလျှင်၊ ဗိုလ်မင်းသီရိကျော်ထင်လည်း၊ အရပ်လေးမျက်နှာက သေနတ်လက်နက်လေးရာ အစောင့်ထားလေ၏။ ညဥ့်မိုက်လတ်သော် ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်သွယ်သည် တပြိုင်နက် ကွန့်မြူးတော်မူ၍၊ ကုန်းတော်အပြင်အလုံးသည် နေ့အခါကဲ့သို့ ပြောင်ပြောင်တောက်လင်း ထိန်ထိန်ဝင်း၏။ အထက်ကောင်းကင်အပြင်၌လည်း၊ မဲမှောင်ဖုံး၍၊ မိုယ်းရွာမည့်အဟန် ဖြစ်ပေါ်၏။ အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာတို့မှ တူရိယာငါးရပ် တီးခတ်သောအသံပမာ။ အလွန်သာယာသော စည်စောင်းညင်းအသံတို့ကို၊ တညံညံ ကြားကြကုန်၏။ ကုလားပြို့ သွေးသောက်တို့လည်း မိုးသောက်လင်းစင်ပြန်လျှင်၊ တဘန်စက်ဖြင့် လှည့်ကြပြန်၍၊ ရထားရှင်တွင် ထင်လေပြီးသော်။ တမုတ်ကြိုးဖြင့် ငင်လေပြီးလျှင်၊ မဟာမုနိဘုရားရှင်သည်၊ အရှင်ရှုရှုသွားဘိသကဲ့သို့ ကြွတော်မူလေ၏။ သက္ကရာဇ် ၁၁၄၆ ခု၊ တပို့တွဲလွှန်း ၁၃ ရက်၊ တနင်္ဂနွေနေ့၊ ဈေးချောင်းဆိပ်ဝယ်၊ ဘောင်တော်နှင့် တင်လေသော်။ ဘောင်တော်သည် ကွဲအက်စိတ်ဖြာလျက်။ ဘုရားကိုယ်တော် ရုပ်ရှင်တော်မြတ်သည်၊ ရေတွင်ကိန်းဝပ်လျက်၊ အထက်ကောင်းကင်မှ၊ ထန်းလုံးပမာဏရှိသော ပြိုးပြိုးပြက်ပြက်ထိန်ထိန်လက်မျှ ထွန်းပသော ရောင်ခြည်တော်သည် တက်တော်မူလေ၏။ ကုလားပြို့သွေးသောက်တို့လည်း၊ ဘောင်တော်တွင် ရုပ်ရှင်တော်ကွယ်ပျောက်သဖြင့်၊ မင်းဒဏ်ရာဇဝတ်မှ ကြောက်၍ ရှာဘွေကြလေသော်။ မဟာမုနိရုပ်ရှင်တော်နှင့် အဆင်းသဏ္ဌာန်တူသော ရုပ်ပွားတော်တဆူကိုရ၍၊ ဘောင်းတော်တွင် တင်ကြပြန်လေ၏။ ထို့ကြောင့် ရှေးရှေးရခိုင်ပြည်တွင်၊ လူပညာရှိ-ရဟန်းပညာရှိတို့သည်၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီးသည်၊ အဝရွှေနန်းရှင် အမရပူရမြို့တော်သို့ ပင့်ဆောင်လေသောအခါ၊ ပါလေသည်။ မပါဘဲရှိလေသည်ကို၊ ငြင်းခုံစကား အလွန်များကြကုန်၏။ ယခုလက်ထက်တိုင်အောင်လည်း၊ ရက္ခိုင်ပြည်သူ ပြည်သားတို့သည် ရုပ်ရှင်တော်မြတ်ဘုရားကား၊ ပါသွားသည်။ မပါဘဲ ကွယ်ပျောက်၍နေသည်ဟု ယုံမှားလျက် ငြင်းခုံစကားပြောကြားကြသူ အနည်းငယ်ရှိကြကုန်သေးသည်။

အဝရွှေနန်းရှင်သားတော် ဥပရာဇာအိမ်ရှေ့မင်းကြီးလည်း၊ ရက္ခိုင်မြို့တော်တွင် နန္ဒပကျန်ကို၊ မြို့ဝန်ခန့်၍၊ အဝမြို့တွင်၊ စစ်ပင့်ခေါ်သူ-လေးခက်တောင်စား- ငထွန်းအား မြို့သူကြီးအရာကိုခန့်၏။ ကိုးမြို့ဝန်သခင်နှင့်၊ လမိုင်းဝန်ငအိုတို့ကို သူရဲတထောင်နှင့် မြို့စောင့်ထားခဲ့၏။ ရမ်းဗြဲကျွန်းတွင်၊ နရအမိုင်းကျော်ကို၊ သူရဲငါးရာနှင့်အစောင့်ထားခဲ့၍၊ မာန်အောင်ကျွန်းကို ရမ်းဗြဲက အပိုင်ပြုစေ၏။ နောက်နောင် ရက္ခိုင်ပြည်သားတို့သည် လှန်ပြန်လတ်သော်၊ ခရီးလမ်း

ထောက်ရစေဟု-အမှတ်သညာထားသဖြင့်၊ မီးချောင်းတွင် သစ်တပ်တည်၍၊ သွေးသောက်ကြီးဝယ်လူကို အုပ်ချုပ်စောင့် စေ၏။ အရပ်ရပ်ကျေးရွာများတွင်လည်း၊ အစောင့်အရှောက်ထားခဲ့ပြီးလျှင်၊ မဟာမုနိရုပ်ရှင်တော် ဘုရားမြတ်စွာကို လုပ်ကျွေးသောလူ။ မင်းမိဖုရားတို့ကို လုပ်ကျွေးပြုစုသောသူ။ ပိဋကတ်ခြောက်ဆဲ့လေးကျမ်း၊ ယိုးဒယားပြည့်ရှင်မင်း အရုပ်၊ အတောင်နှစ်ဆယ်-လုံးပတ်သုံးခြောက်တောင်၊ နားမဘောက်သေးသော ပြောင်းကြီးနှင့်တကွ၊ တဆဲ့ငါးတောင်-ဆဲ့ခြောက်တောင်အစရှိသော သုံးသောင်းသော ပြောင်းလက်နက်။ မြစ်စ-ကမ်းခြေနေသော လူယောကျ်ားမိန်းမ၊ ရွှေငွေဆင်မြင်းအစရှိသော၊ ဝတ္ထု-ဝန်-ဆန်တို့ကို၊ သိမ်းယူကြဉ်းဆောင်၍ ယူပြီးလျှင် ပြန်တော်မူခဲ့၍၊ တောင်ကုပ်မြို့သို့ ရောက်တော်မူလာ၏။ ရှမ်းစော်ဘွား၊ ဗိုလ်မှူးတပ်မှူးတို့လည်း၊ လေးမြို့ကြောင်း ခုနစ်ခရိုင်က အသီးသီးပြန်လေ၏။ အဝရွှေနန်းရှင်သားတော် အိမ်ရှေ့မင်းသည်၊ တောင်ကုပ်မြို့မှ ရထားထက်တင်၍၊ စင်နှင့်ငင်စေသော်။ နေမွန်းရိမ်းလျှင် ငင်၍မရနိုင်သည်ကို၊ ရုပ်ရှင်တော်မြတ် ကျိန်းစက်တော်မူသည်ဟု ပြောဆိုကြကုန်၏။ ရုပ်ရှင်တော် မဟာမုနိဘုရားသခင် သည် အစဉ်အားဖြင့် ပန်းတောင်းမြို့သို့ ရောက်လေလျှင်၊ ရောင်ခြည်တော်ခြောက်သွယ်သည် တစ်ပြိုင်နက် ကွန့်မြူး လျှက်။ တောင်တော်ထက်သို့ ထက်ကြွတော်မူလေ၏။ အမရပူရအဝရွှေနန်းရှင်ထံ ဆက်သလေလျှင်။ မဟာမုနိရုပ်ရှင် တော်မြတ်ကြီးကို၊ တန်ဆောင်းတော်ကြီးဆောက်၍ ကိုးကွယ်တော်မူလေ၏။ ။ လက်ရဘမ်းယူခဲ့သော လူနှစ်သိန်းကျော်ကို၊ အသီးသီးရွာတည်၍ထားလေ၏။ ရက္ခိုင်ဘုရင် မဟာသမ္မတမင်းကိုမူကား။ ညီတော်ပုခန်းမင်း အိမ်တော်တွင် ထားလေ ၏။ မေးဘွယ်ကိစ္စတို့ကို၊ သံတော်ဆင့်တို့ကို စေလွှတ်၍ မေးစေတော်မူ၏။ အဝရွှေနန်းရှင်လည်း ရက္ခိုင်မင်းအား မေးတော်မူသည်မှာ၊ ရက္ခိုင်မင်းသည် အဘဲ့ကြောင့် စစ်ဆိုင်၍ မတိုက်လေသနည်းဟု မေး၏။ ရက္ခိုင်မင်းက အဝမင်း စစ်ထိုးမည့်အကြောင်းကို၊ ရာဇသံတမန် မရောက်သောကြောင့် မတိုက်နိုင်ဟု ဆိုပေ၏။ ရက္ခိုင်မင်းသည် နန်းကဆင်း၍၊ အဘဲ့ကြောင့်ပြေးသနည်းဟု- အဝရွှေနန်းရှင်က မေးတော်မူပြန်၏။ ဘုရားသခင် လက်ထက်တော်အခါ၊ ဗိမ္ဗိသာရ မင်းကြီးသည်၊ ဇမ္ဗုပတိမင်းကို ကြောက်၍ ပြေးဘူးသည်ဟု ဖြေ၏။ အဝရွှေနန်းရှင်ကလည်း၊ ပြေးလေလျှင် ရက္ခိုင်ရွှေနန်း ရှင်၊ အဘဲ့ကြောင့်မလွတ်လေသနည်းဟု မေးတော်မူ၏။ ရက္ခိုင်ဘုရင် မဟာသမ္မတမင်းလည်း၊ သက်တော်စောင့်တို့ မရှိလေသောကြောင့်၊ မလွတ်နိုင်ဖြစ်လေသည်ဟု ဆိုတော်မူ၏။ အဝရွှေနန်းရှင်လည်း၊ ရက္ခိုင်မင်းမှာ ပိဋကတ်- ဗေဒင် တတ်သိလိမ္မာသူ ရှိပါ၏လောဟု မေးတော်မူ၏။ ရက္ခိုင်ပြည့်ရှင်မင်း မဟာသမ္မတလည်း၊ အဝမင်းထံ ပိဋကတ် ဗေဒင်သိမြင်သူ မရှိသောကြောင့်၊ သူတပါးနိုင်ငံကို တိုက်ဖျက်လုယူလေသလောဟု ဆိုတော်မူလေလျှင်၊ အဝရွှေနန်းရှင်- နောက်ဆက်လက်၍ မမေးဘဲ တိတ်ဆိတ်စွာ နေတော်မူလေ၏။ ရက္ခိုင်ပြည့်ရှင် မဟာသမ္မတမင်းလည်း။ တန်ဆောင် မိဖုရားမြသန္ဒာသည်၊ အဆင်းအရောင်အားဖြင့်၊ အလွန်အကဲ လှပသောကြောင့်။ အဝရွှေနန်းရှင်သည်။ အလွန်လျှင် တက်မက်မောသော နှလုံးရှိတော်မူကုန်၏။ တန်ဆောင်မိဖုရားနှင့် ပူးပေါင်းပြီးလျှင်၊ ရက္ခိုင်မင်းသမတရာဇာကို၊ မလိုဟူ ၍ တရားစွဲဆိုလျှက်၊ အတင်းအမာခွာပြီးလျှင်၊ တရားစရိတ်ငွေတထောင် အဝရွှေနန်းရှင်က အမတ်လေးယောက်တို့အား ပေး၍၊ တန်ဆောင်မိဖုရားမြသန္ဒာကို သိမ်းပိုက်မြှောက်မြှင့်တော်မူလေသည်။ ထားပိုင်ကြီး ယောက်ဘတော်ကျော်ပုံ ပြည် ရက္ခိုင်ပြည်သူအပေါင်းတို့နှင့်၊ အရှေ့မြန်မာစစ်သည်တို့ကို၊ တိုက်ခိုက်မည်ဟု သက္ကရာဇ် ၁၁၄၆ခု၊ တပေါင်းလတွင်၊ ချီလာခဲ့သော်၊ မြန်မာစစ်သည်တပ်သားတို့သည် ဆီးခံတိုက်ကြလေသော်။ ရက္ခိုင်ကျော်ပုံတပ် ပျက်စီး၍ ပြေးလေ၏။ ကျိန်းအရပ်၌ အစောင့်အနေထားသော မြန်မာတပ်သားတို့ကိုလည်း၊ ရက္ခိုင်ဘုရင်၏ အိမ်ရှေ့မင်း စစ်ကဲရဲဘော်သည် တိုက်လေသော်။ မြန်မာစစ်သည်တပ်သားတို့ ပျက်ပြား၍ မြောက်ဦးမြို့သို့ ပြေးဝင်ကြလေ၏။ မြို့ဝန်နန္ဒပကျန်က တပ်မှူးတပ်စီးတို့ကို စေလွှတ်စေ၍၊ တိုက်စေသော်။ အိမ်ရှေ့မင်းစစ်ကဲ ရဲဘော်နှင့်တကွ လူများစွာတို့ကို ဘမ်းရ၍ အကုန်သတ်ပစ်ကုန်၏။ ထို့နောက် မြို့ဝန်နန္ဒပကျန်၊ မြို့သူကြီး လေးခက်ထောင်စားတို့က များစွာအမျက်ထွက်၍၊ ရက္ခိုင်နိုင်ငံအလုံး၌ရှိသော လူတို့ကို။ ပြောင်းလက်နက်ချမည်ဟု ခေါ်ပြီးလျှင်၊ <u>ပေါင်းထွတ်အရပ်၌၊ လူပေါင်းတထောင်။ သရက်အုပ်အရပ်၌ လူပေါင်းတထောင်။ ကြက်ရိုးတောင်အရပ်၌ လူပေါင်းတသောင်း။</u> စကားတောင်အရပ်၌ လူပေါင်း ခုနစ်ထောင်။ ရွှေမြို့တော် ပရိဇ္ဆေဒ၌ လူပေါင်းသုံးသောင်းခုနစ်ထောင်၊ ပုခက်တွင်း-သားသူငယ်များကို၊ ထားကစား သည့် သူငယ်တသောင်း။ ဘုရားပေါ်၊ ဒိုင်းကြီး၊ မောင်းဆွဲ၊ ငါးရကောက်၊ ဒေါင်းဖြူတောင်၊ ပရိမ်ပေါင်းထုပ်၊ ရတနာပြင်၊ လက်မဘက်၊ တောတန်း၊ ထိုဆိုခဲ့ပြီးသောအရပ်တို့၌ သက်သေလူများအရေအတွက် လူပေါင်းကိုးထောင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်အရပ်ရပ်တို့၌၊ သတ်လေသည့်လူပေါင်းကား။ တသိန်းရှစ်သောင်းတို့ကို၊ သတ်လေကုန်၏။ ။ ဤရာဇဝင်၌ လာသောစကားများကို၊ ကြားသိရကုန်သော သူတော်ကောင်းအပေါင်းတို့သည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ရလျက်ရှိသော သတ္တဝါဟူသမျှမူကား။ သမ္ပတ္တိအခါများ၌သာ အသက်ရှည်စွာ ကံကိုယုံကြည်ရာသည်။ ဝိပတ္တိအခါ

ကြံ့ကြိုက်ပါလျှင် ကံသာမုချဟု ယုံကြည်ရမည်မဟုတ်ပါ။ သင်္ခါရသဘောအားလျော်စွာ၊ အနိစ္စသဘောသို့ ရောက်ရကြ ရှာသည်ဟု သံဝေဂဖြစ်ဘွယ် ကောင်းလှပေ၏။

အနိစ္စာဝတ သင်္ခါရာ၊ သပ္ပါဒဝယခမ္မိနော။
ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။ ။

-----------***----------

## ၂၈- မြန်မာမင်းတို့နှင့် အင်္ဂလိပ်မင်းတို့ အချင်းချင်းမသင့်၊ စစ်မက်ကြီးစွာ ဖြစ်ပေါ် လာသော အဋ္ဌုပ္ပတ္တိကို အကျယ်ပြဆိုခြင်း။

အဝရွှေနန်းရှင် အမရပူရ ပဌမမြို့တည် ဘိုးတော်မင်းကြီးလက်ထက် ရက္ခိုင်ပြည်ကို သိမ်းတော်မူသည်။ စစ်ကိုင်းမြို့စား ဘိုးတော်ဘုရားမြေး နောင်တော်ကြီးလက်ထက်၊ ရက္ခိုင်ပြည်ကို လန်ဒန်ပြည်ကြီးအရှင်-ဘုရင်အင်္ဂလိပ် မင်းတို့က၊ မြန်မာမင်းလက်ရှိ ရက္ခိုင်နိုင်ငံ၊ မြိတ်၊ ထားဝယ်၊ ရေး၊ တနင်္သာရီမြို့များကို တိုက်ခိုက်သိမ်းမြန်းတော်မူသည်။ မြန်မာနေထွက် ဘုရင်မင်းတို့သည်။ မင်းနှစ်ဆက် အနှစ်လေးဆယ်မျှသာ ရက္ခပူရတိုင်းကို စိုးအုပ်တော်မူရသည်။ လူသတ္တဝါအပေါင်းကို ပြုန်းတီးအောင် သတ်ဖြတ်သည့် အပြစ်ဒေါသအလျောက် ထီးနန်းစံအသက် တာမရှည်သည်များ ကို ထောက်ထားဆင်ခြင်သဖြင့်။ ပြည့်ရှင်မင်းတို့သည် သတ္တဝါဗိုလ်လူအများကို၊ ရင်ဝယ်သားကဲ့သို့ ကရုဏာမေတ္တာတရား ကို၊ ပွားစေသဖြင့်။ တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့အား မတရားအဓမ္မအမှုဖြင့်၊ ညှဉ်းဆဲသတ်ဖြတ်ခြင်းအမှုကို မပြုအပ် မကျင့်ကောင်း။ မင်းဆက်တာမရှည်သည်ဖြစ်၍၊ ပြည့်ရှင်မင်းတို့ ပျက်စီးဆုံးပါးခြင်းသို့ ရောက်ရာ၏။ တိုင်းနိုင်ငံ ပင်လျှင် ပျက်ပြားရသည် အရာများကို နှလုံးသက်ဝင် ဆင်ခြင်ကုန်ကြလျက်။ သံဝေဂယူဘွယ်ကောင်းလှ၏။ အရှေ့ မြန်မာအစိုးရမင်းတို့သည် ရက္ခပူရတိုင်းသူတိုင်းသားတို့ကို။ မှု-ပြစ်ရှာကြံ၍၊ သတ်ဖြတ်သော လူအရေအတွက် များစွာ ရှိသေးကြောင်းကို၊ ရာဇဝင်ဟောင်းတွင် များစွာအထွက်အဆို ပါရှိသော်လည်း။ ရာဇဝင်ရှိတိုင်း ရေးသားပြသထုတ်ဆို လိုက်ပါလျှင်။ ရခိုင်တိုင်းသူ တိုင်းသားတို့သည် အရှေ့မြန်မာအစိုးရမင်းတို့၌ အပြစ်ဒေါသ-ကောဓ၊ ဥပနာဟ တရားတိုး ပွားရန်ရှိသဖြင့်၊ မကောင်းမှုအကုသိုလ် မပွားများကြစေခြင်းငှါ၊ အကျဉ်းမျှသာ ရေးသားလိုက်သည်။

ရက္ခိုင်ပြည့်ရှင် မင်းတို့သည် တရားပျက်သဖြင့်။ မျိုးကောင်းမတ်ကောင်းတို့ နည်းပါး။ မတရားသောမင်းတို့ ပေါ်ပေါက်ဖြစ်ပွားသည်မှစ၍၊ အကုသလဓမ္မ တနေ့တခြားကြီးပွားသဖြင့်၊ ဆုတ်ယုတ်ပျက်စီးလာရာ၊ <u>ဘုရားသခင် သာသနာတော်မှာလည်း၊ သီလသက္ခာ-အကျင့်အာစာရ-ဝိနည်းအာဏာတော်</u> ကွယ်ပျောက်တိမ်မြုပ်သဖြင့်၊ အကျင့်ယုတ် သော အလဇ္ဇီဒုဿီလရဟန်းတို့သာ တိုင်းပြည်၌ အနှံ့အပြားများစွာ ဖြစ်ရှိကုန်၏။ အရှေ့မြန်မာ အစိုးရမင်းတို့ စိုးအုပ်တော်မူသောအခါ။ ရက္ခိုင်တိုင်းပြည်မှာ ရဟန်းသင်္ဃာတော်တို့သည်။ (ဧကစာရဂိုဏ်း) (ဗဟုစာရဂိုဏ်း) ဟူ၍ နှစ်ဂိုဏ်းရှိကြကုန်၏။ ထိုနှစ်ဂိုဏ်းတို့တွင် ဂန္ထာဓူရ-ဝိပဿနာဓူရနှစ်ပါးတို့ကို၊ အားထုတ်ကျင့်ဆောင်တိုးပွားစေလျက်၊ ဥမင်လိုဏ်ခေါင်း။ တောကျောင်းအရညဝါသီအရပ်တို့၌ ငြိမ်သက်စွာ သီတင်းသုံးနေသော ရဟန်းတို့ကို ဧကစာရဂိုဏ်း ဟု သမုတ်ခေါ်ကြကုန်၏။ ထိုဧကစာရဂိုဏ်းတို့သည် နောက်ကာလတိမ်မြုပ် ကွယ်ပသွားလေကုန်၏။ ဗဟုစာရဂိုဏ်းသား ရဟန်းများတို့သည် ဝိညတ်ဖြင့် တောင်းစားသုံးစွဲကုန်၏။ လူဒါယကာတို့အား ဒင်္ဂါးပိုက်ဆံချေးငှါး။ အတိုးရင်းပွားချထား ၍၊ စားသောက်ကြကုန်၏။ မင်းထံမပြတ် ညီလာခံဝင်ရ၏။ ပွဲလမ်းသဘင် ကြည့်ရှုကုန်၏။ လူတို့၏ မြုံး၊ ပိုက်၊ ကွန်၊ လက်နက်ကြိယာဟူသမျှတို့ကို ကျောင်းကလက်ခံသိမ်းထားကုန်၏။ ရပ်ရွာမြို့တွင်းတို့၌။ ထီးဆောင်း၊ ဘိနပ်စီး၊ လှည်းယာဉ်စီး၍သွားကုန်၏။ ညနေအခါ၊ ပျားသကာ၊ တင်းလဲတို့နှင့် လဘက်ရည်သောက်ကြကုန်၏။ ဤသို့ ဝိနည်း အကျင့်ပျက်စီး၍၊ မိမိသဘောအလျောက်၊ ဘောက်လွဲဘောက်ပြန်သော အကျင့်များစွာနှင့်၊ အလိုရှိရာအကျင့်ရှိသော အကျင့်ရှိသော ရဟန်းများစွာ ရှိသောကြောင့်၊ ဗဟုစာရဂိုဏ်းဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။ ထိုဗဟုစာရရဟန်းတို့သည်၊ များစွာပြန့်ပွားလျက် ရှိကုန်၏။ အဝရွှေနန်းရှင် မင်းတရားက။ ထိုရဟန်းတို့အကြောင်းကို ကြားသိတော်မူရ၍။ ထိုဗဟု စာရရဟန်းတို့ကို အဝတ်ဖြူလဲစေ၍။ ရဟန်းအသစ်ခံယူစေခြင်းငှါ မုံတောဆရာတော်-ငှက်ပျောတောဆရာတော်- ရွှေကျင်ဆရာတော်-သံတွဲမြို့ ကဝိသာရဂိုဏ်းအုပ်ဆရာတော် ရမ်းဗြဲနှင့်မာရ်အောင်သို့ မလွန်ဆရာတော်၊ ဤဆရာတော်

တို့ကို ကြွစေတော်မူ၍၊ ရောက်တော်မူလျှင် ဗဟုစာရဂိုဏ်းသား ရဟန်းတို့ကို သိက္ခာချ၍ လူထွက်စေပြီးမှ။ သိမ်သမုတ်၍ သက္ကရာဇ် ၁၁၄၉-ခု တပေါင်းလတွင်၊ ကမ္မဥတ်တင်၍ ပဥ္စင်းအသစ်ခံယူစေ၏။ ရဟန်းငယ်တို့ကို ရှေးဦးစွာ ပဥ္စင်းခံစေ၍ ရဟန်းကြီးပြု၏။ ရဟန်းကြီးတို့ကို နောက်မှ ပဥ္စင်းခံစေ၍၊ ရဟန်းငယ် ဖြစ်စေကုန်၏။ သူကြွေး၊ သူ့ကျွန်၊ ဒွန်းစဏ္ဍား၊ ဟရား၊ ချင်း၊ တောင်သူတို့ကို၊ ရဟန်းပဥ္စင်း၊ ရှင်သာမဏေပြုပြီးလျှင်၊ လူအများတို့ကို ရှိခိုးစေ၏။ မင်းဆွေမင်းနွယ်ဖြစ်သော မြတ်သောသူတို့ကို နှိမ့်ချ၍၊ ဗဟုကိစ္စ နဝကမ္မတို့ကို ပြုလုပ်စေကုန်၏။ ထိုထိုရွာရှိသမျှ၌ သိမ်သမုတ်လေ၏။ ထိုအခါကစ၍၊ ရက္ခိုင်နိုင်ငံရှိ ရဟန်းတော်တို့- သိက္ခာအကျင့်သည် တိမ်မြုပ်ပျောက်ကွယ်လေ၏။ အရှေးမြန်မာရဟန်းတို့ သိက္ခာအကျင့်တည်ကုန်၏။ အဝရွှေနန်းရှင် အမရပူရမင်းက။ ရက္ခိုင်ပြည်သည် အင်ရှစ်ပါးနှင့် ပြည့်စုံပေသည်။ နောက်နောင်လှန်ပြန် တိုက်ဆိုင်လတ္တံ့။ ရက္ခိုင်ပြည့်ရှင် အဘယရာဇာမင်းသား။ ပတဉ်းစား စံရွှေပေါ်။ သာမသား ကျော်စံ၊ ထားပိုင်ကြီးဓမ္မရာဇ်ရာဇာသား- သထော်ဦး။ မင်းသမီး၊ ဝိနည်းမိုရ်၊ ရှစ်သောင်းဘုန်းကြီး၊ တေဇရာမ ဆရာတော်၊ သကျမဥ္ဇူဆရာတော်၊ ရတနာစံဦးဆရာတော်၊ ဇိနမာရ်အောင်ဆရာတော်၊ လောကမာရ်အောင်ဆရာတော်၊ ပုရောဟိတ် ပုဏ္ဏားရှစ်တိုင်၊ ပုဏ္ဏားစကြာဝတေး။ ဗေဒင်တတ်။ ဆေးသမားတော်ကြီး။ ကိုယ်တော်ရံယောကျ်ားရှစ်၊ မိန်းမခုနစ်ရာ၊ မိန်းမစိုးကုလား အစရှိသော လူရဟန်းတို့ကို၊ ရက္ခိုင်ဝန်-နန္ဒပကျန်ကို တောင်းတော်မူလေသောကြောင့်။ သက္ကရာဇ် ၁၁၄၉ ခု၊ တပေါင်းလအတွင်း အမရပူရမြို့သို့ ပို့ဆက်ရလေ၏။ ကြည်း၊ ရေ၌ရှိသော ပန်းများကိုလည်း ဆက်သွင်းရ၏။ သဇင်ပန်းကို နှစ်စဉ်ဆက်သရ၏။ ကြည်းရေ၌ရှိသောငါးတို့ကို နှစ်စဉ်ဆက်သရ၏။ ကျောက်ကြိုးသည် နှစ်စဉ် မင်းဘဏ္ဍာဖြစ်၍၊ ဆက်သရ၏။ မြောက်ဦးမြို့တော်တွင်။ ကျောင်းကြီးသုံးဆယ်၊ ကျောင်းငယ်သုံးထောင့်ခုနစ်ရာ၊ ရဟန်း၊ ပြည်နိုင်ငံအလုံး၌၊ သိမ်ကျောင်းစေတီများကို၊ ဖျက်စီးပစ်ကုန်၏။ ရွှေနန်းတော်နာရီစင်၊ ရွှန်းစည်။ မြို့ဝင်တိုင်။ ရင်တား။ ကျုံးမြောင်း၊ မြို့၏အင်္ဂါခုနစ်ပါး။ နဝရတ်ကိုးသွယ်တို့သည်၊ သက္ကရာဇ် ၁၁၅၀-ပြည့်နှစ်တွင် တိမ်မြုပ်ကွယ်ပျောက်လေ၏။ ဤမြို့ဝန် နန္ဒပကျန်ကား လေးနှစ်ရက္ခိုင်ပြည်တွင်နေ၍၊ သေလွန်လေ၏။ အနောက်ဘက်တိုက်ဝန်သည်၊ သက္ကရာဇ် ၁၁၅၀ ပြည့်၊ နတ်တော်လဆန်း ကိုးရက်နေ့တွင်၊ ရက္ခိုင်မြို့ကို ဝန်ပြုလာ၏။ ရက္ခိုင်မြို့၊ သံတွဲ၊ ရမ်းဗြဲ၊ မာရ်အောင်လေးမြို့ကို။ သူငယ်တော်တစ်ရာတစ်ကျိပ်တောင်းသောကြောင့် ၎င်နှစ်နတ်တော်လတွင် အမရပူရမင်းသို့ သူငယ်တော်ဆက်သရလေ၏။

ငါးဆဲ့ခုနစ်ခရိုင်တွင်၊ ဇယ်မည်ပြည်သည်၊ သောင်းကျန်းပုန်ကန်ပြုသည်ကို၊ အမရပူရမြို့၌နေသော ဗိုလ်မှူး တပ်မှူးတို့ကို စေလွှတ်၍ တိုက်စေသော် မနိုင်သောကြောင့် ရက္ခိုင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာရ်အောင် လေးမြို့ကို လက်နက်ကိုင် လူခြောက်ထောင်တောင်း၍၊ ခန့်ထားပြီးလျှင်၊ ပိန္နဲချောင်းဗိုလ်-စာငယ်ခွတ်ကို ဗိုလ်ချုပ်ခန့်၍၊ သက္ကရာဇ် ၁၁၅၁-ခု၊ နယုန်လတွင်၊ အမရပူရမြို့တော်သို့ စေလွှတ်၍၊ ဇင်းမယ်ကို တိုက်ရလေ၏။ ရက္ခိုင်သားတို့သည် ငှက်ဖျားရောဂါရောက်၍ များစွာသေလေကုန်၏။ ဤအနောက်ဘက်တိုက်ဝန်ကား၊ နှစ်နှစ်တွင် အရာထူးမှ လျှောကျ၍ သွားလေ၏။ ပုသိမ်သခင်သည် မင်းသီဟသူအမည်ကို ခံ၍။ သက္ကရာဇ် ၁၁၅၂-ခု တပေါင်းလတွင်၊ ရက္ခိုင်မြို့ဝန်ပြုလာပြန်၏။ ထိုမြို့ဝန်ကား မင်းမျိုး၊ မင်းဆွေဖြစ်သောကြောင့်၊ အမျိုးလေးပါးတို့အား သနားခြင်းရှိ၏။ ရွှေငွေဥစ္စာတောင်းခံ၍မယူ။ ထိုမင်းသီဟသူသည် ဒါန-သီလနှင့်ပြည့်စုံ၏။ ရက္ခိုင်ပြည်၌ တနှစ်ခန့်ရှိလျှင် သေလွန်လေ၏။ ။ တိုင်းတားဝန်သည် အာကာကျော်ထင် အမည်ကိုခံ၍ သက္ကရာဇ် ၁၁၅၃-ခု၊ တန်းခူးလတွင် ရက္ခိုင်မြို့ဝန်ပြုလာပြန်၏။ ဤအာကာကျော်ထင် မြို့ဝန်ကား၊ နှစ်နှစ်အတွင်းတွင်၊ အရာအထူးမှ လျှောကျလေ၏။ ။ မောင်ကျော်လှသည် မင်းလှရာဇာအမည်ကို ခံ၍။ သက္ကရာဇ် ၁၁၅၅-ခု၊ တပို့တွဲလဆန်း ကိုးရက်စနေနေ့တွင်၊ ရက္ခိုင်မြို့ဝန်ပြုလာပြန်၏။ ထိုမင်းလှရာဇာလက်ထက်၌ မြို့သူကြီးသံတွဲသား လေးမြို့သူကြီး သက်နှံဝယ်သည်။ စစ်တကောင်းသို့ ထွက်ပြေးတိမ်းရှောင်၍ နေသောငပိုးလုံး၊ ငခွက်ပေါက်၊ ကျွဲတကောင်နိုင်သုံးယောက်တို့ကို တောင်းအံ့ဟု အနောက်စစ်တကောင်းသို့ ချီလေ၏။ နေမျိုးကုန္တရာ သက်နှံဝယ်၊ ပေါတလီ၊ မြန်မာတပ်မှူးဗိုလ်တို့နှင့်။ စစ်တကောင်း အင်္ဂလိပ်ဗိုလ်မှူးထံ၊ မြန်မာအစိုးရတို့ပေးလိုက်သော၊ လက်ဆောင်ကိုယူ၍၊ အစေ့အစပ်ပြောဆိုပြီးလျှင်၊ ငပိုးလုံး၊ ခွက်ပေါက်၊ ကျွဲတကောင်နိုင်တို့သည်။ အမိဝမ်းက ဘွားမြင်သည်မှစ၍၊ တဆဲ့ငါးနှစ်အရွယ်သို့ရောက်လျှင်။ ထားပြတန္တ-သူပုန်-သူကန်ပြုလုပ်၍သာနေသည်။ စက္ကူတွင်စာရေး၍၊ ဘင်္ဂလားမြို့သို့ လျှောက်စာတင်လေ၏။ ဘင်္ဂလားမင်းကြီးလည်း လျှောက်စာကို ကြည့်ရှုပြီးသော်၊ လျှောက်ချက်အတိုင်းမှန်လျှင်၊ လုံခြုံအောင်ထားလေ။ မဟုတ်မမှန်လျှင် ရက္ခိုင်သို့စေဟု စစ်တကောင်းစားအထံသို့ အာဏာဆင့်လိုက်၏။ မြန်မာအစိုးရမင်းတို့လည်း ရက္ခိုင်, ရမ်းဗြဲ, သံတွဲ, မာရ်အောင်မြို့တွင်။ လင်စုံမယားနေသောသူ၊ တအိမ်တွင် ငွေဒင်္ဂါး ငါးကျပ်စီတောင်းခံ၍ရသည့် ငွေတသိန်းနှစ်ထောင်ကို စစ်တကောင်းစားပေးလျှင်၊ စစ်တကောင်းစား ယူလေ၏။

စစ်တကောင်းစားလည်း လိမ်လည်၍၊ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကိုခေါ်၍၊ ရက္ခိုင်ပြည်တွင် နေသော မြန်မာတို့ကို တိုက်လှန်ဖျက်ဆီးပြီးလျှင်။ ကိုယ်တို့သုံးယောက်တွင်။ တယောက်ယောက်ကို မင်းတင်မည်ဟု၊ လှည့်ပတ်ပြောဆိုပြီးမှ။ ဆင်ကျောက်ထက်၌တင်၍၊ မြန်မာအစိုးရမင်းတို့မြင်အောင် ပြလေ၏။ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့လည်း၊ မေ့မေ့လျော့လျော့နေကြလျှင်၊ စစ်တကောင်းစား အင်္ဂလိပ်ဗိုလ်မင်းလည်း၊ သက္ကရာဇ် ၁၁၅၆ ခု၊ ပြာသိုလပြည့်ကျော် ၂ရက် တနင်္ဂနွေနေ့၌ ပန်းဝါရာဇာဘက်အရပ်တွင်။ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို၊ မြန်မာတို့လက်သို့ ပေးအပ်လိုက်လျှင်။ စုရုံးလျက် သံခြေချင်းခတ်၍ အကျဉ်းထားလေ၏။ လေးမြို့သူကြီး သက်နှံ့ဝယ်လည်း၊ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို ဆောင်ကြဉ်း၍ သွားလေလျှင်၊ ဆယ်ရေးတရေး လမ်းစဉ်ကနေ၍၊ သူရဲလက်နက်ကိုင်တို့သည် ဆီးခံတိုက်ဖျက်လုယူလေသော်။ မခက်လေလောဟု- စစ်တကောင်းစားကို ပြောဆိုလေလျှင်၊ စစ်တကောင်းအင်္ဂလိပ်ဗိုလ်လည်း၊ သူရဲလက်နက်ကိုင်တို့ကို စည်းကြပ်၍၊ အကျဉ်းထားသော ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို၊ ကုလားဆင်းချောင်းဖျားတိုင်အောင် လိုက်ပို့လိုက်၏။ ငစိန်ရောင်၊ ငမြရောင်၊ ငပယ်လက်၊ ကိုးခွက်စား၊ ထွန်းဦး၊ မျက်မှောင်ဖြူ တိုင်းချင်ပရံ၊ နတ်တောင်စားရွှေကျော်၊ ဆယ်စင်းစီးလူကိုးယောက်တို့ကား ပြေးရှောင်တိမ်းလွှဲသဖြင့်၊ လွတ်လေကုန်၏။ အရှေ့မြန်မာအစိုးရမင်းတို့လည်း၊ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို၊ ရက္ခိုင်ပြည်သို့ ယူဆောင်၍ ရောက်လေလျှင်။ လေးမြို့သူကြီး သက်နှံ့ဝယ်ကို၊ မြန်မာအစိုးရမင်းတို့သည် အလွန်အားရဝမ်းမြောက်၍ အောင်ပွဲခံကုန်၏။ သက္ကရာဇ် ၁၁၅၇-ခု၊ ကဆုန်လဆန်းခြောက်ရက် ကြာသပတေးနေ့တွင်၊ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို၊ အမရပူရမြို့တော်သို့ ကြဉ်းဆောင်လေသော်၊ စလင်း-ဆင်ဖြူကျွန်းသို့ရောက်လေလျှင်၊ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့သည်။ သံခြေကျင်းကို ချိုးတဲ့ပြီးလျှင်၊ လက်လွတ်ပြေးလေကုန်သော်။ ယောကျ်ား၊ မိန်းမလူအပေါင်းတို့၊ ဝိုင်းရံဘမ်းဆီးလေလျှင်၊ ခွက်ပေါက်ကို ဘမ်းရလေပြန်၏။ ကျွဲတကောင်နိုင် လွတ်ထွက်သွားလေ၏။ ငပိုးလုံး-ခွက်ပေါက်တို့ကို၊ အမရပူရမြို့တော်သို့ ယူဆောင်လေ၍။ အစစ်ခံရုံးတော်တွင် အပ်ပေးလေ၏။ ဝန်ထောက်ငကျော်ခိုင်လည်း။ မောင်မင်းငပိုးလုံးသည် မုတ္တမတပ်သို့ စပါးပို့သွားရာတွင်၊ တားလက်ဝ၌ ငါ့ကိုတိုက်ပြီးလျှင်၊ အနောက်ကုလားပြည်သို့ ထွက်ပြေးလေသည်။ ယခုစကြာသခင် ရေမြေ့ရှင်၏ဘုန်းတော်ကြောင့်၊ မလွတ်နိုင်၍ ရောက်လာရသည်။ ညွှတ်ကွင်းတွင် ငြိသောငှက်ကဲ့သို့ ဖြစ်ခဲ့ပြီ။ ကိုယ့်ခန္ဓာအသက်ရှိသေး၏လောဟု မေး၏။ ရမ်းပြဲစား ငပိုးလုံးကလည်း၊ ဝန်ထောက်ငကျော်ခိုင်။ မောင်မင်းကို ငါသည်တိုက်လေလျှင်။ တားလက်ချောင်းသို့ ဝင်ပြေးလေသောကြောင့်၊ အသက်ချမ်းသာလေသည်။ အဓမ္မမတရားသောအကျင့်ဖြင့် စစ်တကောင်း အင်္ဂလိပ်မင်းသည်၊ ဥစ္စာရွှေငွေ-တံစိုးလက်ဆောင်စားပြီးလျှင်၊ ဘမ်းဆီးပေး၍သာ ရလေသည်။ မောင်မင်းအစွမ်းသတ္တိကြောင့် ရသည်မဟုတ်။ ကိုယ်၏ခန္ဓာအသက် ပျက်ရသည်ကား သုံးဆဲ့တဘုံတွင်းမှာ လွတ်သူမရှိဟုဆို၏။ ဝန်ကြီး-ဝန်ထောက်တို့လည်း ငပိုးလုံး-ခွက်ပေါက်တို့ ရွှေဘွားတော်အောက်သို့၊ ရောက်လာကြောင်းကို၊ အမရပူရအဝ ရွှေနန်းရှင်အား လျှောက်လေလျှင်၊ အသက်အဆုံးစီရင်စေဟု အမိန့်ပေးတော်မူလိုက်၏။ ။ ထောင်မှူးသူသတ်တို့လည်း၊ ငပိုးလုံး-ငခွက်ပေါက်တို့ကို၊ သုသာန်သို့ ယူဆောင်ပြီးလျှင်၊ သက္ကရာဇ် ၁၁၅၇-ခု၊ နယုန်လတွင်၊ လက်ဝါးကပ်ရိုက်လျက် သတ်ပြီးသော်။ အစောင့်ထား၍ နေစေကုန်၏။ ရက္ခိုင်လေးမြို့သူတို့ကိုလည်း ကြည့်စေရ၏။ ငပိုးလုံးသည် အမရပူရမင်းကို များစွာ ဆဲရေးမြည်တမ်းလေ၏။ လက်ဝါးကပ်ရိုက်သော နာရီမှစ၍ နှစ်ဆဲ့လေးနာရီအတွင်းမှာ ငခွက်ပေါက်သေလေ၏။ ငပိုးလုံးကား နာရီခြောက်ဆယ်ပြည့်မှသေလေ၏။

ကာသပ်အမည်ရှိသော အင်္ဂလိပ်မင်းသည်၊ ငပိုးလုံး-ခွက်ပေါက်တို့ကို၊ စစ်တကောင်းစားက ပေးအပ်လိုက်သောအကြောင်းကို၊ သူတပါးလျှောက်ကြား၍သိလေလျှင်။ ဘင်္ဂလားမြို့သို့ပြန်သွား၍၊ ဘိလပ်မြို့သို့ စာတင်လျှောက်ထားလေသော်။ ဘိလပ်အစိုးရမင်းတို့ အလွန်ရှုက်လှ၍၊ စစ်တကောင်းစားကို အပြစ်ဒဏ်ပေး၍၊ စစ်တကောင်းမြို့မှ နုတ်ယူပြီးလျှင်၊ ဗိုလ်မှူးခန့်၍ နိပေါမြို့သို့ စစ်တိုက်ထည့်လိုက်၏။ ငပိုးလုံး-ခွက်ပေါက်-ကျွဲတကောင်နိုင်တို့ကို မြန်မာမင်းလက်သို့ ပေးအပ်လိုက်သောကာလ၊ ဝိုင်းရံသော သူရဲတို့ကိုကား၊ ဘင်္ဂလားမြို့ အနောက်ဘက်အရပ်၌၊ မြေကိုတူးထွင်း၍၊ လမ်းတလျှောက်ဖို့ရန် စေခိုင်းလိုက်၏။ ဤမြို့ဝန် မောင်ကျော်လှ မင်းလှရာဇာသည်၊ နှစ်နှစ်ခန့်ရှိလျှင်၊ အရာမှလျှောကျ၍ သွားလေ၏။။ စိန်ဘူးသည် မင်းကြီးကျော်ထင်အမည်ကိုခံ၍၊ သက္ကရာဇ် ၁၁၅၇-ခု၊ နတ်တော်လတွင် ရက္ခိုင်မြို့ဝန်ပြုလာပြန်၏။ ထိုမင်းကျော်ထင်လက်ထက်၊ သက္ကရာဇ် ၁၁၅၉-ခု၊ တပို့တွဲလတွင်၊ ရက္ခိုင်ပြည်ကို စစ်တိုက်၍၊ သိမ်းယူသောအခါ။ ပိဋကတ်တော်ကို များစွာရလေ၏။ ထိုပိဋကတ်တော်တို့ကို အမရပူရမင်း အဝရွှေနန်းရှင်သည်၊ ရက္ခိုင်မြို့သို့ စေပြီးလျှင်၊ ရက္ခိုင်လေးမြို့တွင်၊ မြို့အရှေ့ဘက်၌၊ အုဋ်ကို ပိဋကတ်တိုက်လုပ်၍၊ တည်ထားစေ၏။ ထိုပိဋကတ်တိုက်မှ

အသစ်ရေးကူး၍ သင်ကြားစေ၏။ ရက္ခိုင်မြို့ဝန်ကို အမရပူရအဝ ရွှေနန်းရှင်က ခေါ်တော်မူလေလျှင်၊ မြောက်စစ်ကဲ နားခံကို မြို့စောင့်ထား၍၊ အမရပူရမြို့သို့ သွားလေ၏။ မင်းကွန်းစေတီတော်တည်ရန်၊ လူနှစ်ထောင်ပေးရမည်ဟု၊ အမရပူရအဝရွှေနန်းရှင်က တောင်းလေသော်၊ ရက္ခိုင်မြို့ဝန်၊ မြို့သူကြီး ငသံထွေ၊ သမက်လက်ရုံးပေါ် တို့ ရက္ခိုင်ပြည်သို့ လာလတ်၍၊ ရက္ခိုင်-သံတွဲ-ရမ်းဗြဲ-မာရ်အောင်တွင် အုငှလုပ်ရန် လူနှစ်ထောင်တို့ကို တောင်း၍နေစဉ်၊ လကျ်ာမြန်ရွှာအုပ် ငတုံးစံ၊ ငကာစွယ်၊ ဒဂီးတောင်းစား၊ တုံးစံရွှေတို့သည်၊ သက္ကရာဇ် ၁၁၆၀ ပြည့်၊ တန်ဆောင်မုန်းလ အင်္ဂါနေ့တွင်၊ တိုက်စည်တီး၍ သောင်းကြမ်းပုန်ကန်၏။ မြန်မာမင်း မြို့စောင့်တို့လည်း၊ ငတုံးစံ၊ ငကာစွယ်၊ တုံးစံရွှေတို့ကို၊ တိုက်အံ့သော ငှာ၊ များစွာသော ရဲမက်လက်နက်ကိုင်တို့နှင့်၊ ငချင်းပျံကို စေလိုက်၏။ ငချင်းပျံလည်း ချီသွားလေသော်။ အောင်တပ်သို့ ရောက်လေလျှင်။ ရက္ခိုင်သားတို့ လှည့်ပတ်သော စကားကို ယုံကြည်၍၊ ဗိုလ်မင်းသီရိကျော်ထင်နှင့်၊ အခွန်စာရေး နရဇေယျကျော်တို့ကို၊ ဘမ်းဆီးပြီးလျှင်၊ အကျဉ်းထား၍နောက်၌၊ သတ်ပစ်လေ၏။ ။ ငချင်းပျံလည်း အောင်တပ်ကနေ၍ ပုန်ကန်သောင်းကြမ်း၏။ ချင်းပျံနှင့် လက်ရုံးပေါ်တို့ကား ငါးရကောက်တွင် တပ်တည်၍နေ၏။ ရမ်းဗြဲဝန် လယ်ကိုင်စား လည်း၊ ရမ်းဗြဲမြို့သူကြီး လေးခက်တောင်စား စံမြကို လေးမြို့သူကြီး ချင်းပျံအဘ-ငသံထွေက- အတွင်းစာပေးသည်ဟု အမှုပြုလုပ်၍၊ သံခြေကျဉ်းနှင့်အကျဉ်းထားပြီးမှ၊ ရမ်းဗြဲဝန် လေးကိုင်းစား၊ မာရ်အောင်ဝန် လကျ်ာရွှေတောင်တို့ပေါင်း၍ ချီလာပြီးလျှင်၊ လမ်းခရီးတွင် မြို့သူကြီး စံမြကို သတ်၍ပြစ်ခဲ့ပြီးမှ၊ ချီသွားလေသော်။ ငါးရကောက်တွင် ရက္ခိုင်ဗိုလ် ဒဂီးတောင်စားနှင့်၊ သက္ကရာဇ် ၁၁၆၀ ပြည့်၊ နတ်တော်လတွင် တိုက်ကြလေသော်။ ဒဂီးတောင်စား တုံးစံရွှေသည် ပျက်စီးလျက်ပြေးလေ၏။ သံတွဲဝန်ကျော်ထင်သီဟသည်၊ များစွာသော ရဲမက်ဗိုလ်ပါနှင့်၊ ချီလာ၍ရက္ခိုင်ပြည်သို့ ရောက်လေလျှင်။ ရက္ခိုင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်လေးမြို့ဝန်တို့ ချီသွားလေ၍၊ မရူကမ်း ကွဲရိုင်းခုံတွင်နေသော ချင်းပျံလက်ရုံးပေါ်-ပလက်စား ငစံတို့ကို သက္ကရာဇ် ၁၁၆၀-ပြည့်၊ ပြာသိုလတွင် တိုက်ကြလေသော်။ ရက္ခိုင်သားတို့ တပ်စီးတပ်နင်း ပျက်စီးသဖြင့်၊ ပြေးလွှဲရှောင်တိမ်းသွားကြလေ၏။ ငချင်းပျံလည်း အနောက်စစ်တကောင်း ကုလားပြည် သို့ ဝင်နေလေ၏။ မြန်မာလေးမြို့ဝန်တို့လည်း နောက်ထပ်တိုက်လေ၏။ ပန်းဝါမြို့ ဂေါ်တော့်ပလ္လင်တွင် တပ်တည်၍ နေလာ၏။ ထိုအကြောင်းကို စစ်တကောင်းမြို့စား အင်္ဂလိပ်ဗိုလ်မှူးကပ်ထင်တို့ သိလေသော်။ များစွာသောသူရဲတို့ကို စေလိုက်၍ချီလာပြီးလျှင်။ ဂေါ်တော့်ပလ္လင်တွင် တပ်ပြိုင်၍နေလာ၏။ အမရပူရအဝ ရွှေနန်းရှင်က ထိုအကြောင်းကို ကြားသိတော်မူလေသော်။ ပင်းတလဲဗိုလ်ကို တောကြောင်းခရီး၊ အိမ်ရှေ့ဝင်းမှူးတောကို၊ ရေကြောင်းခရီး စေတော်မူ လိုက်၏။ ရေအားကြည်းအားချီလာပြီးလျှင်၊ ဂေါ်တော့်ပလ္လင်တွင် ရောက်လာပြန်၏။ ချင်းပျံ၊ လက်ရုံးပေါ်၊ ပလက်စား ငစံ၊ ကာစွယ်၊ တုံးစံတို့ကို သူပုန်သူကန်ဖြစ်သည် ပေးရမည်ဟု စစ်တကောင်းဗိုလ်မှူးထံ တောင်းလေ၏။ အင်္ဂလိပ်ဗိုလ်မှူး တို့ကလည်း၊ မပေးလိုသောကြောင့် ရန်စစ်-ကြီးစွာဖြစ်ကြကုန်၏။ သက္ကရာဇ် ၁၁၆၀-ပြည့်၊ တပို့တွဲလပြည့်နေ့တွင် မြန်မာနှင့်အင်္ဂလိပ်မင်းတို့၊ တိုက်ကြလေသော်၊ အင်္ဂလိပ်ဗိုလ်မှူးနှစ်ယောက်၊ လက်နက်ထိ၍သေလေ၏။ ကုလားသူရဲ တရာကျော်ခန့်၊ လက်နက်မှန်၍သေကုန်၏။ မြန်မာတပ်မှူးတို့သည် မြေကတုပ်ထဲက ပုန်းအောင်း၍နေသောကြောင့်၊ အသေအပျောက်မရှိကြကုန်။ ထို့နောက် မြန်မာအင်္ဂလိပ်အစိုးရ နှစ်ဦးလုံးပင် တပြိုင်နက်ဆုတ်၍ သွားကြလေ၏။ ရက္ခိုင်ပြည်တွင် ချင်းပျံ-သူရဲလက်နက်ကိုင်ဟု အပြစ်ပြုပြီးလျှင်၊ လူတို့ကို များစွာဘမ်း၍ သတ်ကုန်၏။

ချင်းပျံ၊ လက်ရုံးပေါ်၊ ပလက်စား ငစံ၊ တုံးစံ၊ ကာစွယ်၊ အရှေ့ဝင်းမှူး လက်ဝဲမြန်အောင်သာ စသောသူတို့ သည်။ အရှေ့မြန်မာ အစိုးရမင်းတို့၌၊ ရာဇသံတမန်ဖြင့်၊ ဘင်္ဂလားမြို့သို့သွား၍၊ အကြိမ်ကြိမ်ငါတို့ကို တောင်းကုန်၏။ အန္ဒိယတိုင်းကို အစိုးရသောအင်္ဂလိပ်မင်းလည်း၊ ပြည်ထည်းအရေးအရာ ငြိမ်အံ့သောငှါ။ ရွှေပေစက္ကူတွင် စာရေး၍၊ အကောက်ဝန် ဇတရကောက်ကို၊ ရာဇသံတမန်ပြု၍၊ ရက္ခိုင်ပြည်သို့ စေတော်မူ၍၊ ရက္ခိုင်ဝန်မင်းကြီးကျော်ထင်၊ သံတွဲ စား ကျော်ထင်သီဟ၊ ရမ်းဗြဲဝန်လေးကိုင်းစား၊ မာန်အောင်ဝန် လကျ်ာရွှေတောင်သို့ သွားလေ၍၊ မျက်နှာစုံညီ။ ဗားဗူ တောင်ဆိပ်တွင် အင်္ဂလိပ်သံတမန် ဇတရကောက်နှင့်၊ ၁၁၆၁-ခု၊ နတ်တော်လတွင် ပြည်ထည်းရေးရာကို၊ ပြောဆိုကြ လျှင်။ ပြည်ထည်းအရေးသည်၊ ငြိမ်းချမ်းသာယာ၍၊ ရွှေလမ်း-ငွေလမ်းပေါက်ရောက်လေပြီ။ အင်္ဂလိပ်မင်းတို့လက်က လွတ်ရာလွတ်ကြောင်းကို အကြံရှိသဖြင့်။ သတိပြုလျက် အချင်းချင်းတိုင်ပင်နိုးနှောလျက် နေကြကုန်၏။ ထိုသို့ အင်္ဂလိပ် အစိုးရမင်း၊ မြန်မာအစိုးရမင်းတို့ သင့်တင့်ညီညွတ်သည်မှစ၍၊ သက္ကရာဇ် ၁၁၆၂-ခု၊ ကဆုန်လကစ၍၊ ခေါ်မြကဆုန်ကို ပုံတော်ဝင်ဟုဆို၍၊ နှစ်လယ်အောင် လူစာရင်းမှတ်သားကြရ၏။ သက္ကရာဇ် ၁၁၆၂-ခု၊ နယုန်လတွင်၊ ရက္ခိုင်၊ သံတွဲ၊ ရမ်းဗြဲ၊ မာရ်အောင်ငင်းလေးမြို့တွင် နေထိုင်သောလူတို့ကို၊ တအိမ်လျှင် သုံးအိမ်ပြု၍၊ ရွာသူကြီးအမည် ထည့်ပြီးလျှင်၊ မြေတိုင်းစာရေးဟု၊ အဝရွှေနန်းရှင်ထံ လှည့်ဖြား၍ သွင်းလေ၏။ ငင်းနှစ်နတ်တော်လတွင်၊ ရက္ခိုင်လေးမြို့၌၊ အသုံးစေ

စားရန်ဆို၍၊ သူငယ်တော်သုံးရာ ဆက်သွင်းရ၏။ ၎င်းနှစ်တပေါင်းလတွင်၊ ဝေသာလီကို လက်ကိုင်လိုသည်ဟု ရက္ခိုင်လေးမြို့ကို လူတောင်းပြန်သောကြောင့်၊ လူတထောင်ပေးဆက်ရ၏။ ၎င်းနောက် သက္ကရာဇ် ၁၁၆၄-ခု၊ ကဆုန်လမှစ၍၊ သူငယ်ပုခက်တွင်းသားမျှ မလွတ်ရအောင်၊ လူတယောက်လျှင် ငွေဒင်္ဂါးတသပြာစီ၊ ဒသမကြေးထမ်းဆို၍၊ ရက္ခိုင်လေးမြို့က ပေးဆက်ကြရ၏။ ၎င်းနောက် (၁၁၆၅)ခု၊ တန်ဆောင်မုန်းလတွင် ဆင်ဖြူတော်ကို အကန်တော့ဟုဆို၍၊ ရက္ခိုင်လေးမြို့သူကြီး၊ လူကြီးတို့ကို ခေါ်၍၊ အမရပူရမြို့တော်သို့ သွားရလေ၏။ သက္ကရာဇ်(၁၁၆၇)ခု၊ တန်ဆောင်မုန်းလတွင်၊ ဒသမကြေးမဗိုဟူ၍၊ လူဦးရေတိုင်း ငွေဒင်္ဂါးတသပြာစီပေးရ၏။ သက္ကရာဇ်(၁၁၆၈)ခု၊ နယုန်လတွင် အမရပူရမြို့တော်တွင်နေသော၊ တပ်မှူးဗိုလ်မှူးတို့ကို။ ယိုးဒယားပြည်သို့ စစ်ချီရမည်ဖြစ်သောကြောင့်၊ ရခိုင်လေးမြို့တွင်နေသောလူများစွာတို့ကို လက်နက်ကိုင်ပေးရ၏။ လက်နက်ကိုင်မကျသောသူတို့ကို၊ စစ်-စရိတ်ငွေများစွာပေးရ၏။ သက္ကရာဇ်(၁၁၇၂)ခုနှစ်ရောက်လတ်သောအခါ၊ ကဆုန်လတွင် ရုပ်ရှင်တော်မဟာမုနိ မြတ်စွာ၏ဦးတော်ဆေးကန်၊ အစရှိသောချောင်းမြောင်း၊ မြစ်တို့သည်။ နီထွေးထွေးသွေးကဲ့သို့ ဖြစ်ကုန်၏။ ပိုး-ပုရွက်-ခြတို့သည် ရေတွင်ကျ၍ များစွာသေကုန်၏။ သစ်ပင်စောင့်နတ်တို့သည် များစွာငိုကုန်၏။ ရမ်းဗြဲကျွန်းတွင်လည်း၊ အလွန်မြင့်မောက်သော ကလန်ကြမ်းတောင်သည် ထိန့်ထိန့်ရစ်၍ ကြည်းဟည်းကုန်၏။ ရမ်းဗြဲကျွန်း၊ ရမ်းပေါက်ရွာ၌၊ တည်ထားသော လကျ်ားဘုရားရုပ်တုတော်လည်း၊ အနောက်ဘက်သို့ မျက်နှာပြု၍နေ၏။ ဤသို့များစွာသော နိမိတ်တို့သည် ထင်ကုန်၏။

စစ်တကောင်းစား အင်္ဂလိပ်မင်းတို့က ချင်းပျံ-လက်ရုံးပေါ်လူစုတို့ကို သံခြေချင်းခံလျက် အကျဉ်းထားမည့်အကြောင်းကို၊ ချင်းပျံ-လက်ရုံးပေါ် တို့ ရိပ်မိလေလျှင်၊ ချင်းပျံလူစုလူဝေးတို့သည် စစ်တကောင်းနယ်ပယ်မှ ရှောင်ရှားပြီးလျှင်၊ များစွာသောသူရဲအပေါင်းနှင့် ချီလာပြီးလျှင်။ ငတ်မြစ်လကျ်ာဘက်၌ အစောင့်ထားသော မြန်မာတပ်မှူးမုံတောစားကို တိုက်ဖျက်ပြီးလျှင်။ ရက္ခိုင်ပြည်သို့ ဝင်လျက်၊ အောင်တပ်ကနေ၍၊ သက္ကရာဇ်(၁၁၇၃)ခု၊ ကဆုန်လတွင် မြောက်ဦးမြို့ကိုတိုက်ဖျက်လာ၏။ မြို့တွင်ရှိသောလူတို့သည်၊ မြို့ပြင်သို့ထွက်၍၊ ရှောင်ရှားကုန်နေစဉ်၊ သံတွဲ-ရမ်းဗြဲ-မာရ်အောင်တွင်ရှိသော မြန်မာဟူသမျှတို့သည် လာ၍တိုက်လျှင်။ ချင်းပျံ-တပ်မှူး-ဗိုလ်မှူးလက်နက်ကိုင်သားတို့သည် ပျက်စီးသည်ချည်းဖြစ်သောကြောင့်။ တပ်ကိုနောက်ဆုတ်ပြီးလျှင်၊ ဆည်တိုင်ကန်ဆိပ်တွင် တပ်တည်၍နေလာ၏။ ချင်းပျံ-လက်ရုံးပျံတို့ပုန်ကန်သောအကြောင်းကို၊ ကြားသိတော်မူ၍။ မာရ်အောင်ဝန်ရန်တိုင်၊ ရမ်းဗြဲမြို့သူကြီး ငခဲတို့ များစွာသော သူရဲတပ်နှင့်တပ်ချီလာသည်ကို၊ ချင်းပျံ-လက်ရုံးပေါ်စသော တပ်မှူး ဗိုလ်မှူးတို့ သိလေလျှင်၊ သက္ကရာဇ်(၁၁၇၃)ခု၊ ကဆုန်လတွင် မိုယ်းသီးနတ်တောင်မြစ်ပြင်ဝယ်၊ လက်နက်ဆိုင်ပြိုင်၍၊ တိုက်ကြလေသော်။ မာရ်အောင်ဝန်ရန်တိုင် အစရှိသော သူရဲလက်နက်ကိုင် ဟူသမျှတို့သည်၊ တယောက်မျှမကြွင်းကျန် သေလေကုန်၏။ သံတွဲဝန်ရွှေပန်း၊ ရမ်းဗြဲဝန် လကျ်ာစည်သူနော်ရထာတို့သည်လည်း၊ အလွန်ကြောက်ရွံ့ထိတ်လန့်လျက်၊ တိုက်လေ့စီးပြီးလျှင် ပြေးလေကုန်၏။ ချင်းပျံ-လက်ရုံးပေါ်တို့လည်း၊ မြန်မာလူမျိုးတို့ကို များစွာသတ်ပစ်ကုန်၏။ လက်နက်ကြိယာများစွာ ရလိုက်၏။ ရက္ခိုင်ဗိုလ်ချုပ်မျက်တောင်ရှည်ကိုလည်း၊ နန္ဒိသေနဗန္ဓုလစစ်သူကြီးအမည်ကို ခံ၏။ ချင်းပျံ၏ဗိုလ်မှူးတပ်မှူးတို့သည် ရမ်းဗြဲ-မာရ်အောင်-သံတွဲစသော အရပ်ရပ်တို့၌ တပ်နှင့်ချည်း၊ စည်းအုပ်၍ထားလေ၏။ ရက္ခိုင်ပြည်တွင် လက်ယာမြန်အရပ်က၊ ပလက်ဝစားငစံ၊ တပ်မှူးမောင်ရွှေတို့ကို၊ တပ်နှင့်စောင့်စေ၏။ လောင်းကြက်မြို့ဟောင်းက ဗိုလ်စော်ကဲ-တပ်မှူးသောကြာတို့ကိုစောင့်စေ၏။ ရမ်းဝမြစ်က ဗိုလ်နန်းရွှေနှင့် တပ်မှူးသာရကန္တတို့ကို တိုက်အုံသောင်၊ ဗိုလ်တိုးအောင်ကျော်ကို အစောင့်ထားစေ၏။ ခုနစ်ခရိုင်တောင်စဉ်တွင်။ မြန်မာတို့လာသောလမ်းဖြစ်သော မဇီအရပ်က-ဗိုလ်တောင်စား၊ ဗိုလ်မှူးမောင်ညို၊ တပ်မှူးညိုရောင်ဖြူတို့ကို၊ အစောင့်ထား၏။ ယင်းသို့အသီးအသီးထားစောင့်စေပြီးမှ၊ ချင်းပျံသည် ကစ္ဆပနဒီမြစ်၏အနောက်ဘက်ဖြစ်သော ရိုးငူအရပ်၌၊ ဇေယျဝတီမြို့အမည်မှည့်လျက် သစ်တပ်မြို့တည်၍နေလေ၏။ ကြွင်းသော ဗိုလ်ရံတပ်ရံတို့ကိုကား၊ ခုနစ်ခရိုင်တောင်စဉ်တို့၌၊ အသီးအသီးတပ်နှင့် စောင့်စေ၏။ ထိုကဲ့သို့ ရက္ခိုင်ပြည်မှ၊ ချင်းပျံလက်ရုံးပေါ် သို့ တပ်စီးတပ်နင်းပြု၍ နေကြောင်းကို။ အမရပူရအဝ ရွှေနန်းရှင် ကြားသိတော်မူလေလျှင်။ မင်းလှစည်သူကို ခေါ်တော်မူ၍၊ ရခိုင်လေးမြို့ကို ဝန်းရံ၍နေသော ချင်းပျံလက်ရုံးပေါ်တို့ကို တိုက်ဖျက်ချေဟု၊ စေတော်မူလိုက်၏။ မင်းလှစည်သူလည်း ချီလာပြီးလျှင်၊ သရေခေတ္တရာပြည်မြို့တွင် တပ်တည်၍နေပြီးမှ၊ ရေကြောင်းကုန်းကြောင်း စေခိုင်းရမည့် အရေးလည်း၊ လေမိုယ်းများ၍၊ လမ်းခရီးမသာသောကြောင့်၊ သူရဲလက်နက်ကိုင်တို့ကို အသီးအသီးခန့် ပြီးလျှင် ဆိုင်းငံ့၍နေလေ၏။ ။ထိုနှစ်အတွင်းမှာ၊ ဗိုလ်မျက်တောင်ရှည်၊ လမ္ဗုစားရွှေလှတို့သည်၊ ရမ်းဗြဲမြို့-မြန်မာတပ်မှူးတို့နှင့်၊ တိုက်ခိုက်လေသော်။ ဗိုလ်မျက်တောင်ရှည်၊ လမ္ဗုစားတို့ စစ်ရေးမသာသောကြောင့်၊ ရမ်းဗြဲမြို့မှ စ၍၊ လက်ပံအရပ်သို့ ဆုတ်ခွာ၍၊ တပ်တည်၍နေလာ၏။ ထိုလက်ပံတပ်ကိုလည်း၊ ထားဝယ်ဗိုလ်ငစံသည် သူရဲလက်နက် ကိုင်တို့နှင့်၊

တိုက်ပြန်လေလျှင်၊ လက်ပံတပ် ပျက်လေ၏။ ဗိုလ်မျက်တောင်ရှည်၊ လမ္ဘူစားရွှေလူတို့သည်၊ သက္ကရာဇ်(၁၁၇၃)ခု၊ ဝါခေါင်လဆန်း(၂)ရက်၊ စနေနေ့တွင်။ စနည်းချောင်းဝ၌၊ လှေတပ်တည်၍ နေလေ၏။ သံတွဲမြို့ကို ဝန်းရံ၍နေ သော မြို့သစ်စား မောင်ငယ်၊ ဗိုလ်ဘချစ်ရီတို့သည်လည်း စစ်ရေးမသာသောကြောင့်၊ ၎င်းချောင်းဝတွင်၊ တပ်တည်၍ နေလာ၏။ ယင်းသို့ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲမြို့တို့၌၊ ချင်းပျံတပ်ပျက်စီးသည်ချည်း ဖြစ်ကြောင်းကို ကြားလေလျှင်၊ မြို့ဝန်မင်းလှစည်သူသည်၊ အသစ်ခန့်သော မာန်အောင်ဝန်ကို အရှေးခုနစ်ခရိုင်ကို၊ တိုက်လေဟု စေလိုက်၏။ ထိုမာန်အောင်ဝန်သည် သူရဲတထောင်နှင့်ချီလာပြီးလျှင်၊ သက္ကရာဇ်(၁၁၇၃)ခု၊ ဝါခေါင်လပြည့်နေ့၌၊ မအီချောင်းဝတွင် ရောက်လာသော မာရ်အောင်ဝန်သစ်ကို၊ လမ္ဘူစားရွှေလူ ဆီးခံတိုက်လေသောကြောင့်၊ အကြွင်းမဲ့ပျက်စီးလေ၏။ ဆင်ဖြူကျွန်းဗိုလ်လည်း လူတထောင်နှင့်ရောက်လာ၍၊ ၎င်းနှစ်တော်သလင်းလတွင်၊ တားလက်ချောင်း၌တပ်တည်၍ နေလေ၏။ ထိုရောက်လာသော ဆင်ဖြူကျွန်းဗိုလ်ကို၊ တိမ်ကြားဗိုလ်ဆီးခံ၍ တိုက်သောကြောင့် သေကြေပျက်စီး၍၊ ပြန်သွားလေကုန်၏။

ယင်းသို့ မြန်မာတပ်မှူးတို့၊ ရက္ခိုင်သို့ အကူးအသန်း လမ်းစမပေါက်ရောက်နေသောကြောင့်၊ ရက္ခိုင်ပြည်တွင် နေသော ဗိုလ်မှူးတပ်မှူးတို့သည်၊ မြုံးတွင်လှောင်ထားသော ကြက်ကဲ့သို့ဖြစ်နေကုန်၏။ ၎င်းနှစ်တွင် ရက္ခိုင်မြို့ဝန်မင်းကြီးကျော်ထင်လည်း၊ မြို့သူကြီးငရန်ကင်းကို၊ ဗိုလ်ချုပ်ခန့်ပြီးလျှင်၊ သူရဲလက်နက်ကိုင်တို့ကို စည်းကြပ်၍၊ ကြည်းအား-ရေအားလာပြီးလျှင်၊ တန်ဆောင်မုန်းလဆန်း ဆဲ့တရက် စနေနေ့တွင် လောင်းကြက်စား ဗိုလ်စော်ကဲ တပ်မှူးသောကြာတို့ကို တိုက်စေလေလျှင်၊ ဗိုလ်စော်ကဲတပ် ပျက်စီး၍ ပြေးလေ၏။ တပ်မှူးသောကြာကား သေနတ်လက်နက်မှန်၍ သေလေ၏။ ၎င်းနှစ်တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်တနင်းလာနေ့တွင်။ လကျ်ာမြန်ဗိုလ် ပလက်စား ငစံ။ တပ်မှူးမောင်ရွှေတို့ကို တိုက်စေလေလျှင်။ ဗိုလ်ပလက်စား ငစံ၊ တပ်မှူးမောင်ရွှေတို့သည်၊ မခံမရပ်နိုင်၍။ လှေတက် လက်နက်ကြိယာတို့ကို ပစ်၍ ကြည်းကြောင်း ပြေးသွားရ၏။ ငါးရကောက် တပ်စောင့်အောင်ကျော်။ ရွှေနတ်ပင်တပ်စောင့်အောင်ကျော်ရွှေတို့လည်း ဆုတ်သွားရလေပြီးလျှင်၊ ချင်းပျံနေသော ဇေယျဝတီမြို့သို့၊ ပြေးဝင်နေလာ၏။ ထိုအခါ၊ချင်းပျံလည်း ဇေယျဝတီမြို့၌ရှိသော တပ်မှူးဗိုလ်မှူးတို့နှင့် တိုင်ပင်နှီးနှောကြသည်မှာ။ ဤအရှေ့မြန်မာရန်စစ်ကို ငြိမ်းဇေးသောအခါ၊ လမ္ဘူစားရွှေလူ၊ ဗိုလ်မျက်တောင်ရှည်၊ ဗိုလ်တလိုင်းရှည်၊ ဒင်္ဂါးတောင်စား ထုံးစံရွှေ၊ ဗိုလ်စော်ကဲအစရှိသော တပ်မှူးတို့ကို ရွေးချယ်၍၊ သုံးရာ့ခုနစ်ကျိပ်သော လူတို့ကိုသတ်၍၊ ပစ်မည်ဟု တိုင်ပင်ကြံစည်ကြကုန်၏။ ထိုသို့ ချင်းပျံနှင့်တကွ တပ်မှူးဗိုလ်မှူးတို့ အကြံအစည်ကို သိလေကုန်သော အမြို့မြို့အရွာရွာ၌ရှိသော ဗိုလ်မှူးတပ်မှူး သူရဲအပေါင်းတို့သည်။ အရှေ့မြန်မာရန်စစ်ကို တိုက်လိုသော အာသာဆန္ဒယုတ်လျော့ကြကုန်၏။ ထိုနေ့ကစ၍၊ ချင်းပျံ၏စစ်သည်တပ်မှူးတို့သည်။ မတည်မရပ် မငြိမ်မသက် ဖြစ်ကြကုန်၏။

အမရပူရအဝရွှေနန်းရှင်လည်း။ တိုင်တားဝန်အာဏာကျော်ထင်ကို ရေကြောင်းခရီး၊ မြင်းဝန်ငမှိုင်း၊ ဗိုလ်မှူးတပ်မှူးတို့ကို၊ ကြည်းကြောင်းခရီးစေတော်မူလိုက်၏။ မြင်းဝန်ငမှိုင်းလည်း၊ ဗိုလ်မှူးတပ်မှူးသူရဲအပေါင်းတို့နှင့် ချီလာပြီးလျှင်၊ မအီချောင်းတွင် တပ်စခန်း တည်လာရပ်လာ၏။ မအီချောင်းတွင် ရှိနေသော ဗိုလ်မြုံတောင်စား၊ တပ်မှူးမောင်ညို၊ တပ်မှူးညိုရောင်ဖြူတို့သည် သူရဲလက်နက်ကိုင်တို့နှင့်၊ ဆီးခံတိုက်လေလျှင်၊ ဗိုလ်မှူးမောင်ညို၊ တပ်မှူးညိုရောင်ဖြူတို့သည် စစ်အင်အားနည်းသဖြင့်၊ ဆုတ်ခွာရှောင်ရှားသွားရလေ၏။ မြင်းဝန်ငမှိုင်းလည်း၊ မအီအရပ်မှသည် ရမ်းဗြဲကျွန်းသို့ကူးသန်းပြီးလျှင်၊ မြို့ဝန်လကျ်ာစည်သူ၊ နော်ရထာနှင့် ပေါင်းဘက်၍နေလေ၏။ ။ တိုင်တားဝန် အာကာကျော်ထင်လည်း။ နဂါးရာဇ်မော်တင်လမ်းကြောင်း ချီလာ၍၊ ပြည်-မန်ကျည်းအရပ်တွင်၊ ရောက်လာသော်။ စကုကျွန်းတပ်စောင့်-ဗိုလ်တိုးအောင်ကျော်သည် မခံမရပ်နိုင်ခဲ့သဖြင့်၊ သံတွဲမြို့သို့ ဝင်ပြီးလျှင်၊ သံတွဲမြို့ဝန်နှင့် ပူးပေါင်း၍နေလေ၏။ သံတွဲမြို့ကို ဝန်းရံ၍နေသော မြို့သစ်စား မောင်ဝယ် စသောတပ်မှူး-ဗိုလ်မှူး-ဗိုလ်ကျားကြီးတို့ပေါင်းဘက်၍၊ ချီသွားပြီးလျှင်၊ စကုမြစ်သို့ ရောက်လာ၏။ ချင်းပျံသူရဲ ဗိုလ်တိုးအောင်ကျော်၊ ဗိုလ်ကျားကြီးတို့နှင့်၊ ရေကြောင်းတိုက်ကြလေရာ၊ စကုတပ်ပျက်စီး၍၊ တိမ်းရှောင်လေကုန်၏။ ၎င်းစကုတပ်မှပျက်စီး၍၊ တိမ်းရှောင်သော လူအပေါင်းတို့သည်၊ ရမ်းဗြဲကျွန်းစနည်းတပ်သို့ ဝင်ရောက်ပေါင်းဘက် နေထိုင်ကြကုန်၏။ ။တိုင်တားဝန် အာကာကျော်ထင်၊ မြင်းဝန်ငမှိုင်းတို့သည်၊ ရေအား-ကြည်းအားစည်းကြပ်၍၊ ချီလေသော်- သန်စစ်မြစ်သို့ရောက်လျှင်။ စနည်းတွင် တပ်တည်၍နေသော။ ဗိုလ်မျက်တောင်ရှည် စသော ချင်းပျံတပ်မှူးတို့နှင့် တွေ့ကြုံ၍၊ ဆိုင်ပြိုင်၍ တိုက်ခိုက်ကြသော်။ ချင်းပျံစကားကိုကြားရသည့်နေ့ကစ၍။ အားလျှော့လျက်ရှိသော စစ်သည်သူရဲဗိုလ်မှူး-တပ်မှူးတို့သည်၊ အနည်းငယ်မျှ တိုက်ဆိုင်ပြီးလျှင်၊ တိမ်းရှောင်ထွက်သွားကြလေကုန်၏။ ချင်းပျံနေရာ ဇေယျဝတီမြို့သို့ချည်း ကူးပြောင်းလေ၏။ တိုင်တားဝန် အာကာ

ကျော်ထင်လည်း၊ ရမ်းဗြဲ-မာရ်အောင်-သံတွဲ သုံးမြို့ကို အစောင့်ထားခဲ့ပြီးလျှင်။ ရမ်းဗြဲဝန်၊ မာရ်အောင်ဝန်၊ သံတွဲဝန်တို့နှင့် စည်းကြပ်၍ ရက္ခိုင်မြို့သို့ ချီလေသော်။ ကျောက်ငှသွားအရပ်တွင်။ ချင်းပျံသူရဲ ဗိုလ်မှူးတပ်မှူးတို့နှင့် တိုက်ဆိုင်မိကြသောလည်း။ ချင်းပျံသူရဲတို့သည်၊ တိုက်ခိုက်လိုသော ဆန္ဒမရှိသဖြင့်။ ထိုမှ ဤမှရှောင်ရှားထွက်သွားကြကုန်၏။ ချင်းပျံလည်း မြန်မာစစ်နှင့်တိုက်ခိုက်ဘို့ရာ။ လမ္ဘူစား။ မြုံတောင်စားတို့ကို ထပ်လောင်း၍စေလေသော်။ တပ်မှူး-ဗိုလ်မှူးတို့သည် ချင်းပျံ၏အကြံအစည်ကို သိရင်းစွဲရှိကြသည်နှင့်။ ထိုမှဤမှရှောင်ရှား၍ နေလေ၏။ ချင်းပျံလည်း ဗိုလ်မှူးတပ်မှူးသူရဲလက်နက်ကိုင်တို့၊ ထိုထိုအရပ်သို့ ပြေးရှောင်သွားလေသည်ကို သိလျှင်၊ မတည်မရပ်နိုင်ဖြစ်၍၊ နောင်တပူဘန်၊ ယူပြန်မရ၊ အကြံမှားသည်ဟု၊ အားအံကျပြီးလျှင်၊ ရက္ခိုင်လေးမြို့နေ လူပေါင်းကိုးသောင်းကျော်ခန့်ရှိသော လူတို့ကို သိမ်းခေါ်ယူပြီးလျှင်၊ သက္ကရာဇ်(၁၁၃၃)ခု၊ ပြာသိုလ်လပြည့် ဗုဒ္ဓဟူးနေ့၊ ဇေယျဝတီမြို့ကသည် ကုလားပြည်သို့ ဝင်ပြေးတိမ်းရှောင်လေကုန်၏။ တိုင်တားဝန် အာကာကျော်ထင်သည် ဗိုလ်မှူး-တပ်မှူးတို့ကို ပေါင်းဘက်စည်းကြပ်၍၊ အနောက်ဘက် ကုလားပြည်သို့ ချီလေရာ။ မုံတောတပ်တွင် စခန်းရပ်၍နေလေ၏။ ထိုသို့ တိုင်တားဝန်တို့ နေလာကြောင်းကို၊ စစ်တကောင်းမြို့စား၊ အင်္ဂလိပ်မင်း-တပ်မှူး-ဗိုလ်မှူးတို့သိလေလျှင်။ အင်္ဂလိပ်အစိုးရမင်းတို့လည်း၊ သူရဲများစွာနှင့်၊ ငတ်မြစ်လက်ျာဘက်အရပ်ကနေ၍၊ တပ်တည်လာကုန်၏။ တိုင်တားဝန် အာကာကျော်ထင်လည်း။ ချင်းပျံ-လက်ရုံးပေါ်တို့သည်။ ငါတို့လက်နက်နိုင်ငံဖြစ်သော၊ ငါတို့ရက္ခိုင်ပြည်ကို သူပုန်ထားပြုလုပ်ပြီးလျှင်၊ လူအပေါင်းကိုးသောင်းကျော်၊ တသိန်းခန့်ရှိသော လူအပေါင်းကို၊ သိမ်းယူ၍။ ကိုယ်တို့အနောက်ပြည်သို့ ဝင်ပြေးလေသည်။ အင်္ဂလိပ်ဗိုလ်မှူး တပ်မှူးတို့က လက်ခံ၍မထားသင့်၊ ပေးအပ်ရမည်ဟု တမန်စေလွှတ်၍၊ တောင်းလေ၏။ အင်္ဂလိပ်ဗိုလ်မှူး-တပ်မှူးတို့ကလည်း။ ချင်းပျံ-လက်ရုံးပေါ်တို့ ရက္ခိုင်ပြည်ကို သူပုန်ထားပြုပြု၍၊ ငါတို့ပြည်သို့ ဝင်လာသည်မှန်စေကာမူ ငါတို့သာပိုင်သည်။ မြန်မာတို့လက်သို့ မအပ်သင့်ချေဟု၊ ဆိုလိုက်ပေ၏။ တိုင်တားဝန် အာကာကျော်ထင်လည်း၊ ချင်းပျံနောက်ပါသွားသောလူတို့ကို လှည့်ဖြား၍ခေါ်ပြီးလျှင်၊ ရောက်လာကုန်သောလူအပေါင်းတို့အား၊ ချီးမြှောက်သကဲ့သို့ပြောဆို၍၊ ညဉ့်အခါ သတ်ပစ်လေကုန်၏။ မိန်းမအိုတို့ကို စွန့်ပစ်ခဲ့၍၊ မိန်းမပျိုတို့ကို ယူဆောင်သွားပြီးလျှင်၊ မကြာမြင့်ခင် အမရပူရမြို့တော်သို့ ပြန်သွားလေ၏။ ရက္ခိုင်မြို့ဝန်မင်းကြီးကျော်ထင်လည်း၊ တပ်မှူးလွန်းပြေကို၊ ငကျေးတောင်အရပ်၌၊ တပ်စောင့်ထားခဲ့၍ ပြန်သွားလေ၏။ ရက္ခိုင်-သံတွဲ-ရမ်းဗြဲ မာရ်အောင်လေးမြို့အတွင်း ကျန်သောလူတို့ကိုလည်း၊ ထားပြသူပုန်ပြု၍၊ များစွာသတ်ပစ်ကုန်၏၊ အမရပူရမြို့တော်သို့ သွားလာကုန်သော ကုန်သည်များကို၊ ချင်းပျံထကြွစဉ်က ဘမ်းထားရှိနေသောကြောင့်။ ဓမ္မရာဇ်ရာဇာသားတော်-သထော်ဦးသည် အမရပူရအဝရွှေနန်းရှင်ထံ လျှောက်ထား၍၊ အရပ်ရပ်တွင်ရှိသော ရက္ခိုင်သားတို့ကို၊ အကျဉ်းထောင်မှ နုတ်ပြီးလျှင်၊ လွတ်စေ၏။ အချို့လည်း ဖိုးခေါင်တောင်ရိုးကို ကျော်၍ လာရာ။ ဖိုးခေါင်တောင်ရိုးတွင်နေသော မြန်မာအမှုထမ်းမင်းလုလင်တို့သည်။ ဘမ်းဆီးလျက် ခါးပိုက်ဥစ္စာတို့ကို ယူပြီးလျှင်၊ သတ်၍ပစ်ကုန်၏။ သံတွဲမြို့သို့ ရောက်သောရက္ခိုင်တို့ကိုလည်း သံတွဲမြို့စောင့် မြန်မာတပ်မှူးတို့ကို ဘမ်း၍ သတ်ပစ်ကုန်၏။ ချင်းပျံ-လက်ရုံးပေါ်တို့လည်း။ ဒုတိယအကြိမ် ရက္ခိုင်ပြည်တွင် စစ်ကပ်၍ တည်သည်ကား ကိုးလကြာ၏။ သုံးကြိမ်မြောက်-ချင်းပျံ၊ လက်ရုံးပေါ်တို့ကို တိုက်သည်ကား၊ စည်တင်စား ချင်းပျံသည်။ စစ်တကောင်းမြို့မှ ရှောင်ရှားထွက်ခဲ့ပြီးလျှင်။ ယောက်ဘတော်လက်ရုံးပေါ်နှင့်၊ စွမ်းရည်သတ္တိရှိသော၊ ဗိုလ်မှူးတပ်မှူးတို့ကို ရုံးစုပေါင်းစည်းပြီးလျှင်၊ သူရဲလက်နက်ကိုင်တို့ကို စေခိုင်း၍။ ငကျေးတောင်ဝယ် တပ်စောင့်နေသော တပ်မှူးလွန်းပြေကို။ သက္ကရာဇ် ၁၁၃၄-ခု၊ ကဆုန်လတွင် တိုက်စေသော်။ တပ်မှူးလွန်ပြေ သေကြေပျက်စီးလေ၏။

ထိုအကြောင်းကို ရက္ခိုင်ဝန်မင်းကြီး ကျော်ထင် သိလေသော်။ ဗိုလ်မှူး တပ်မှူးသူရဲလက်နက်ကိုင်တို့ကိုစေ၍ တိုက်စေသော်။ ချင်းပျံတပ်သားတို့သည် မရပ်မခံနိုင်သည်ဖြစ်၍၊ ကုလားပြည်သို့ဝင်လျက် ပုန်းအောင်နေပြန်လေ၏။ အင်္ဂလိပ်အစိုးရမင်းတို့သည် လမ္ဘူစားရွှေလူနှင့် ချင်းပျံမယားကို လှည့်ဖြားခေါ်ယူပြီးလျှင်၊ ဒီလီပဆာပြည်သို့ ကြဉ်းဆောင်၍ အစောင့်အရှောက်နှင့်ထားလေ၏။ ယောက်ဘတော်လက်ရုံးပေါ်ကိုကား ရက္ခိုင်ပြည်သားတို့ ဘမ်းဆီးပြီးလျှင်။ စစ်တကောင်းစား အင်္ဂလိပ်မင်းထံ ဆက်သလေလျှင်၊ စစ်တကောင်းမြို့ထောင်၌ အကျဉ်းထားလေရာ များမကြာခင် သေလွန်လေ၏။ စည်တင်စား ချင်းပျံလည်း ကုလားပြည်မှ ထွက်ခဲ့ပြီးလျှင်၊ ဗိုလ်မှူးတပ်မှူးတို့ကို ပေါင်းစု၍၊ ငတ်မြစ်လက်ျာဘက်ဖြစ်သော မင်္ဂလာကြီးအရပ်တွင် တပ်တည်ပြန်လာ၏။ နောင်တော်လေးမြို့စားအောင်ကျော်၊ ဒင်္ဂါးတောင်စား တုံစံရွှေ၊ ဗိုလ်စော်ကဲတို့ကို ပေါင်စည်းစုရုံးပြီးလျှင်။ ယောက်ဘတော်အသက်နှံကို အချုပ်ခံ၍- ရက္ခိုင်မြို့ဝန်ကျော်ထင်ကို တိုက်ချေဟု စေလိုက်ပြန်၏။ ရေအားကြည်းအားနှင့် ချီလေသော်။ ရက္ခိုင်မြို့ဝန်မင်းကြီးကျော်ထင် သိလေသောကြောင့်၊ ရက္ခိုင်လေးမြို့သူရဲတို့နှင့် ရမ်းဗြဲဝန်ရွှေတုတ်ကို ဗိုလ်ချုပ်ခန့်၍ ချီစေပြီးလျှင်။ ချင်းပျံသူရဲတို့နှင့်

မုံစဲမြစ်တွင် တွေ့ဆုံလေ၍၊ သက္ကရာဇ်(၁၁၃၄)ခု၊ ပြာသိုလတွင် တိုက်ခိုက်ကြလေသော်။ ချင်းပုံစစ်တပ်တို့သည် ပျက်စီးလျက်-လှေကိုပစ်၍ မုံစဲအရပ်သို့တက်၍ တိမ်းရှောင်သွားလေ၏။ မြန်မာဗိုလ်မှူး-တပ်မှူးတို့သည် မုံစဲအရပ်တွင် နေသောလူများကို၊ ချင်းပုံအပေါင်းအဘက် ဖြစ်သည်ဟု မြေလှန်လျက် သတ်ပစ်ကုန်၏။ ထိုသို့ပျက်စီးကြောင်းကို ကြားလေလျှင်၊ နောက်တပ်ချီလာသော ဗိုလ်အောင်ကျော်-မီးစားအသက်နှံ ဗိုလ်ချုပ်တို့ ကြားသိလေလျှင်။ မင်္ဂလာတပ်က ပြောင်းသွား၍ ရှောက်ချောင်းမြစ်ဖျား၌ သက္ကရာဇ်(၁၁၃၄)ခု တပို့တွဲလတွင် သရက်မြို့ကို တည်၍နေလေ၏။ ရက္ခိုင်ပြည်-ရက္ခိုင်မြို့မင်းကြီးကျော်ထင်သည်ကား။ တဆဲ့နှစ်နှစ်တွင် သေလွန်လေ၏။

ငင်းနောက် မဟာနော်ရထာသည်။ သက္ကရာဇ်(၁၁၃၅)-ခု၊ နတ်တော်လတွင် ရက္ခိုင်မြို့ဝန် ပြုလာ၏။ ချင်းပုံလည်း သမက်တော် တိမ်ကြားဗိုလ်မှူး-တပ်မှူးတို့ကို အသီးအသီးခန့်၍၊ သူရဲတောင်သူတို့နှင့် ရက္ခိုင်ဝန်မဟာနော်ရထာကို တိုက်ဖျက်ချေဟု စေလိုက်ပြန်၏။ ချင်းပုံဗိုလ်မှူး-တပ်မှူးတို့ချီသွားလေသော်။ ကစ္ဆပနဒီမြစ်ညာကူး-ဝတွင် ရောက်လတ်သော်။ အကြောင်းကို ရက္ခိုင်မြို့ဝန်မင်းကြီး နော်ရထားသိပြန်သောကြောင့်။ မြို့သူကြီးရန်ကင်းကို၊ ဗိုလ်ချုပ်ခန့်၍ များစွာသော သူရဲလက်နက်ကိုင်တို့နှင့် စေလွှတ်၍ ချီသွားကြလေသော်။ ကစ္ဆပနဒီမြစ်ညာကူး-ဝတွင် ချင်းပုံစစ်သည်တို့နှင့်တွေ့ကြ၍၊ သက္ကရာဇ်(၁၁၃၅)ခု ပြာသိုလတွင် တပ်ချင်းဆိုင်ပြိုင်၍ တိုက်ခိုက်ကြလေသော်။ ချင်းပုံသူရဲများစွာ ပျက်စီးကုန်၏။ ကြွင်းကျန်သော သူရဲတို့လည်း နောက်သို့မဆုတ်နိုင်။ မြန်မာတပ် ဝိုင်းဝန်း၍ရှိသဖြင့် မြေကတုပ်ထဲ၌ နေရှိသည်ကို၊ မြန်မာတပ်မှူး- ဗိုလ်မှူးတို့ မသိကြ၍ သေနတ်လက်နက် အထောင်အသောင်း ပစ်လွှတ်သော်လည်း၊ တစုံတယောက်မျှ ထွက်ဝင်သွားသည်ကို မမြင်သဖြင့်၊ သွား၍ကြည့်လတ်သော်။ ထမင်းငတ်၍လဲနေသော သူတို့ကို တွေ့လေလျှင်။ ထမင်းရေစာပေးပြီးမှ အသက်ရှင်ခြင်းကို ရကုန်၏။ မြန်မာတပ်မှူးတို့လည်း၊ ငင်းနေ့ညဉ့်စစ်သည်တို့ ထပ်လောင်း၍ တိုက်လေသော်။ ချင်းပုံသည် သရက်ချုံမြို့မှသည် ပြောင်းရွှေ့၍။ ပန်းဝါမြို့ ကုလားနိုင်ငံသို့ ဝင်အောင်း၍နေရလေ၏။ ထိုသို့ ချင်းပုံ၏အကြောင်းကို စစ်တကောင်းစား အင်္ဂလိပ်မင်းသိလေလျှင်။ ဗိုလ်ကပ်တင်ဘာပုသတ်ကို စေလွှတ်၍ ချင်းပုံကို ဘမ်းဆီးလေသော်။ ချင်းပုံသည် အရိုင်းထဲသို့ ရှောင်လွှဲ၍ သွားလေ၏။ ရက္ခိုင်ဝန်မင်းကြီး မဟာနော်ရထာသည် သက္ကရာဇ်(၁၁၃၅)ခုနှစ် တပေါင်းလအတွင်းကစ၍၊ အနောက်ကုလားပြည်က ပြန်လာသော ရက္ခိုင်တို့ကိုလည်းကောင်း၊ ရက္ခိုင်ပြည်တွင် နေကုန်သော လူသန်လူမြန်တို့ကိုလည်းကောင်း ချင်းပုံလူဟု စာရင်းတင်လျက်။ ထားနှင့်ခွဲပြီးလျှင် ကျီး-ငှင်းတ-ခွေး-ဝက်-အစာပေးကုန်၏။

သက္ကရာဇ်(၁၁၈၀)ပြည့် တပေါင်းလတွင်၊ ရမ်းဗြဲဝန် နေမျိုးသူရသည်။ ရက္ခိုင်သားတို့သည် ငါတို့မြန်မာလူမျိုးတို့ကို အကြိမ်ကြိမ်ပုန်ကန်လျက်၊ ပန်းဝါ-စစ်တကောင်း-ဒါဂါ- မောက်သူဇာမြို့တို့ကို ခိုဝင်၍၊ အိမ်ခြေကိုးသောင်းကျော်တသိန်းခန့်လူတို့ကို။ အင်္ဂလိပ်မင်းတို့က လက်ခံပြုပြီးလျှင်- အားအင်ပေး၍ ထားလေသည်။ ပန်းဝါ-စစ်တကောင်း-ဒါဂါ-မောက်သူဇာမြို့တို့သည် ရက္ခိုင်မင်းနိုင်ငံဖြစ်သည်။ အင်္ဂလိပ်မင်းတို့ လက်နက်နိုင်ငံ မဟုတ်သောကြောင့်။ ရက္ခိုင်ပြည်သား ကိုးသောင်းကျော် တသိန်းခန့် ရှိသောလူတို့ကို ထုတ်ပေးပြီးလျှင်။ အခွန်ဘဏ္ဍာကိုလည်း ပေးဆက်ရမည်။ ငင်းမှာကြားသည့်အတိုင်း မပေးနေလျှင်။ ဘုန်းတော်ကြီးလှသော အရှင်မင်းထံ ရွှေနားတော်ကြားလျှောက်တင်၍၊ ဗိုလ်မှူး-တပ်မှူး သူရဲလက်နက်ကိုင်တို့နှင့် စည်းကြပ်လျက်၊ ကြည်းရေပိတ်မျှ ချီလာပြီးလျှင်၊ အင်္ဂလိပ်အမျိုးသားတို့ကို၊ ကုန်စင်အောင်သတ်ဖြတ်မည်ဟု ဘင်္ဂလားမင်းကြီးထံသို့ စာပေးလေ၏။ ဣန္ဒြိယဘုရင်ခံမင်းလည်း၊ ရမ်းဗြဲဝန် နေမျိုးသူရစာကို ကြည့်ရှုသော်။ စစ်မက်ကြီးစွာ ဖြစ်အံ့သောအရေးကိုသာမြင်၍။ ဤစစ်မက်ကြီးစွာ တိုက်ခိုက်သော အရေးကြောင့် သတ္တဝါအပေါင်းထောင်သောင်းမက ပျက်စီးကြမည်အမှန် ဖြစ်သည့်ဟု သတ္တဝါတို့၌ သနားမေတ္တာကရုဏာစိတ်ဖြင့်၊ ရန်ကုန်မြို့ သတိုးမင်းလှထံသို့ တမန်စေလွှတ်၍၊ တိုင်းရေးပြည်ရေးကို ပြောဆိုကြရာ။ အမှုခပ်သိမ်းပြေငြိမ်းချမ်းသာ၏။ ဤရက္ခိုင်မြို့ဝန်မင်းကြီး နော်ရထာကား။ ခြောက်နှစ်အတွင်း အရာအထူးလျှော့ကျ၍ သွားလေ၏။ မြစ်စဉ်ဝန်ကြာရိုးသည် မင်းကြီးကျော်ထင်အမည်ကိုခံ၍။ သက္ကရာဇ်(၁၁၈၂)ခု၊ ကဆုန်လတွင် ရက္ခိုင်မြို့ဝန်ပြုလာ၏။ မြို့ဝန်မင်းကား လူတို့ကို သတ်ပစ်ခြင်းကားနည်း၏။ ရွှေငွေဥစ္စာ အကောက်အယူများ၏။ စကားပြောသည်မှာ မမှန်တခါမှန်တခါပြုတတ်၏။ အမရပူရမင်းကား ယိုးဒယားပြည်အတွက် တပ်ဆီးထားသည်။ မုတ္တမတပ်စောင့် လက်နက်ကိုင်တို့ သုံးစားရန်၊ စပါးသုံးသိန်းကျော်ကို ရက္ခိုင်လေးမြို့က ပို့ဆက်ရမည်ဟု ဝန်ထောက်ငရစ်ကို စေလွှတ်လိုက်၏။ ရောက်လာလျှင် ရက္ခိုင်ဝန်ကြာရိုး။ ရမ်းဗြဲဝန် နေမျိုးသူရ။ သံတွဲဝန်ငရဲ။ မာရ်အောင်ဝန် ရွှေကက်တို့အား။ စပါးသုံးသိန်းကျော်ကို တောင်းယူပြီးလျှင်။ သက္ကရာဇ်(၁၁၈၂)ခုနှစ်။ တော်သလင်းလတွင် ဝန်ထောက်ငရစ်သည် စည်းကြပ်၍၊ လှေအစင်းသုံးရာတို့ကို မုတ္တမသို့ပို့ရလေ၏။ ထိုနှစ်အမရပူရအဝ ရွှေနန်းရှင် ဘိုးတော်မင်းကြီးသည် နတ်ရွာစံတော်မူလေ၏။

မြေးတော် စစ်ကိုင်းမြို့စားသည် သီရိပဝရသုဓမ္မရာဇိန္ဒါဓိပတိ အမည်ကိုခံ၍။ နန်းတက်တော်မူလေလျှင်။ အဘိသိက်ခံရန် ဘုမ္မိနက်သန်မြေကြီးသည်။ ရက္ခိုင်ပြည် မြောက်ဦးမြို့ နန်းဦးရာမြေဖြစ်ပေသောကြောင့် ပေးရမည်။ တောင်းလေလျှင်၊ သက္ကရာဇ်(၁၁၈၂)ခုနှစ်၊ မြောက်ဦးနန်းဦးမြေရာကို တူး၍။ မြေချိန်တဆဲ့ခြောက်ပိဿာကို မင်းအားဆက်၏။ အဝန္ဒေနန်းရှင် ဘိုးတော်အရိုးကိုလည်း။ မဇ္ဈိမဒေသအရပ်သို့ သွား၍ သင့်တင့်သော အရပ်၌မြှုပ်လေဟု အာဏာရှိသည်အတိုင်း။ အရိုးတော်မြှုပ်ရန် မြိတ်ဝန်ငရဲကို။ သက္ကရာဇ်(၁၁၈၂)ခု၊ တပေါင်းလတွင် စေလွှတ်လိုက်သော်။ စစ်တကောင်းစား မင်းထံသို့ရောက်လေ၍။ အကြောင်းမျိုးကို ကြားလေလျှင်။ စစ်တကောင်းစား အင်္ဂလိပ်မင်းလည်း လန်ဒန်ပြည်ကို အစိုးရသော အရှင်မင်းမြတ်၏ ရွှေဘုန်းတော်ကြောင့်။ မနေပိုင်၍ အရိုးကိုယ်-လာလျက်။ ခညွတ်ဆက်သရသည် မည်သောကြောင့်။ ငါတို့နေသော နယ်ပယ်မှစ၍ အလိုရှိရာတွင် မြှုပ်လေတော့ဟု ခွင့်ပေးလေ၏။ မြိတ်ဝန်ငရဲလည်း၊ အရိုးကိုယူ၍၊ မဟာဗောဓိပင်အရင်း၌၊ မြှုပ်ခဲ့ပြီးမှ ပြန်လာ၍၊ အမရပူရမင်းအား အကြောင်းမျိုးကို ကြားလျှောက်လေ၏။ မြစ်စဉ်ဝန်မင်းကြီးကျော်ထင်ကား နှစ်နှစ်ခန့်ရှိလျှင် အရာရွှေ့လျော၍ သွားလေ၏။ အရှေ့မြန်မာပြည် အမရပူရမြို့တော်၌ ဘိုးတော်မင်းတရားကြီး နတ်ရွာစံတော်မူသည့်နောက်။ မြေးတော်စစ်ကိုင်းမင်းလက်ထက်၊ ခရာဖ်သက္ကရာဇ်(၁၁၈၂)ခု၊ မြန်မာသက္ကရာဇ်(၁၁၈၅)ခုနှစ်တွင်၊ တရုပ်မြို့ဝန် မောင်စံပျော်ကို ရက္ခိုင်မြို့ဝန်ခန့်ရာ။ များမကြာမီ အင်္ဂလိပ်ကုန်သင်္ဘောတစီးသည် ငတ်မြစ်ဝ-ရှင်မဖြူကျွန်း၌၊ ရေထင်းအလို့ငှါ ဆိုက်ကပ်လေလျှင်။ မြန်မာဘုရင်ပိုင်သော ကျွန်းဟူ၍ ရက္ခိုင်ဝန် မောင်စံပျော်က။ အင်္ဂလိပ်သင်္ဘောဆိုက်ရောက်ကြောင်းကို၊ ကြားလေသော်။ လူအများစေလွှတ်၍ အတင်းအဓမ္မနှင်ထုတ်လိုက်၏။ မြန်မာအောင်လံကိုလည်း၊ ထိုကျွန်းပေါ်၌ စိုက်လေ၏။ များမကြာမီ အင်္ဂလိပ်တို့လည်း စစ်သင်္ဘောနှင့်လာပြီးလျှင်၊ ထိုကျွန်း၌ မြန်မာမင်းအလံကို နုတ်၍နေစဉ်၊ ရက္ခိုင်ဝန်မောင်စံပျော်က စစ်မက်ဗိုလ်ခြေနှင့်လာပြီး၍၊ အင်္ဂလိပ်မင်းတို့ကို ရန်စပြုကြကုန်၏။ အင်္ဂလိပ်မင်းတို့လည်း နောက်သို့ဆုတ်သွားသဖြင့်၊ နေလေ၏။ အရှေ့မြန်မာတို့သည် ငတ်မြစ် လက်ျာဘက်ရေရိုးကို မြေခြား၍၊ အရှေ့ဘက်၌ သစ်တပ်တည်၍ တပ်စောင့်ထား၍ နေကြကုန်စဉ်၊ တဘန်လည်း၊ အင်္ဂလိပ်မင်းနယ်က လူတို့သည် ရှင်မဖြူကျွန်းသို့ ကူးသန်းသွားလာသည်ကို။ မြန်မာတို့သည် ငါ့တို့အပိုင်မြေပြောနယ်အရပ်သို့ သွားလာလှည့်ပတ်ရာသလောဟု သေနတ်လက်နက်ဖြင့် ပစ်လွှတ်လေသော် လူတယောက်သေဆုံးလေ၏။ ထိုအကြောင်းမျိုးကို အစောင့်နေသော ဒူရကာက-စစ်တကောင်းမြို့ဝန် ဝါတာသပ်အထံသို့ လျှောက်စာတင်လေသော်။ စစ်တကောင်းစား ဝါတာသပ်လည်း၊ ဗိုလ်သီသပ်ကို သူရဲတထောင်နှင့် စေလိုက်၍ ချီလာပြီးလျှင်၊ ငတ်မြစ်သို့ ရောက်လေသော်။ စစ်အားအံ့ပြ၍ သက္ကရာဇ် ၁၁၈၄-ခု တပေါင်းလတွင်။ ရှင်မဖြူကျွန်း၌ သစ်တပ်တည်၍ သူရဲအစောင့်ထားခဲ့ပြီးမှ- ဗိုလ်သီသပ်ပြန်၍ သွားလေ၏။ မြန်မာတို့လည်း ဆုတ်ခွာ၍ နေလေ၏။

ထားပိုင်ကြီးကျော်ပုံသား-အမ်းစားလည်း၊ အရှေ့ဘက်မြန်မာတို့ကို တိုက်ဆိုင်ရမည့်အကြောင်းနှင့် စစ်တကောင်းစားအား ဝါထာသင်ထံ စစ်ပင့်ပြန်၏။ ထိုအကြောင်းအလုံးစုံမျိုးကို ရက္ခိုင်ဝန်မင်းကြီး ကျော်စောကြားသိလေလျှင်။ အမရပူရမင်းထံ လျှောက်တင်လေသော်။ အင်္ဂလိပ်မင်းတို့အားအန်ပြ၍ နေသည်မှန်လျှင်။ တိုက်ဆိုင်လေဟု အာဏာပေးတော်မူလိုက်၏။ သက္ကရာဇ် (၁၁၈၅)ခု တော်သလင်းလတွင်၊ ရှင်မဖြူတပ်ကို မြန်မာတို့တိုက်လေသော်။ အင်္ဂလိပ်တပ်စောင့်သူရဲတို့သည် ပျက်စီး၍ ပြေးသွားလေ၏။ ရှင်မဖြူတပ် ပျက်စီးကြောင်းကို စစ်တကောင်းမြို့စား ဝါတာသပ်သို့ လျှောက်စာတင်လေ၏။ စစ်တကောင်းမြို့စား ဝါတာသပ်လည်း၊ ပြိုင်ကူသပ်၊ သီသပ်၊ ဇင်သပ် ဗိုလ်မှူးသုံးယောက်တို့ကို များစွာသော သူရဲတို့နှင့်။ ပန်းဝါမြို့သို့စေလွှတ်လိုက်၍ ရောက်လေလျှင်။ ပြိုင်ကူသပ်သည် ရက္ခိုင်သားတို့ကို သူရဲလက်နက်ကိုင် ရွေးချယ်၍ ဆုလာဘ်ပေးပြီးလျှင် သူရဲရုံးစု၍၊ ဗိုလ်သီသပ်မူကား၊ စစ်ပင့်ခေါ်သူအမ်းစားနှင့် ပြည်စိုးကြီးကျွန်းအုပ်အောင်ကျော်စံကို ရှင်မဖြူကျွန်းတွင် သစ်တပ်တည်ရန် လူတထောင်ကျော်ပေးရမည်ဟု တောင်းသောကြောင့်။ သက္ကရာဇ်(၁၁၈၅)ခု၊ သီတင်းကျွတ်လပြည့်ကျော်နှစ်ရက်နေ့တွင်။ ပန်းဝါ မြို့ ရက္ခိုင်သားလူတထောင်ကျော်ကို ခန့်ထား၍၊ ဗိုလ်ဇင်သပ်လက်သို့ ပေးရလေ၏။ ဗိုလ်ဇင်သပ်မူကား။ လူတထောင်ကျော်ကိုယူပြီးလျှင်။ ရှင်မဖြူကျွန်း-ငတ်မြစ်ဖျား-လပေါ်ထပ်၊ ဝင်းချောင်းဖျား-ဂေါ်စောင်ညာတပ်၊ ထိုတပ်စုကို တည်လုပ်ရ၏။ ရက္ခိုင်သူရဲခြောက်ရာ၊ ကုလားသူရဲခြောက်ရာတို့ကို။ ရှင်မဖြူတပ်-လပေါ်တပ်-ဂေါ်စောင်ညာတပ်တို့၌ အသီးအသီးအစောင့်ထားခဲ့ပြီးလျှင်၊ ဗိုလ်ပြိုင်ကူသပ်-သံသပ်-ဇင်သပ်တို့သည် စစ်တကောင်းမြို့သို့ ပြန်သွားလေ၏။ အရှေ့မြန်မာနှင့် အင်္ဂလိပ်တို့သည် တပ်ခြင်းပြိုင်၍။ စစ်ရေးဆိုင်၍နေကြစဉ်တွင်။ မြန်မာတပ်က တပ်စောင့်တစ်ယောက်သည် အင်္ဂလိပ်တစ်ယောက်နှင့်ခင်ပွန်းဘွဲ့သည်ဟု ဆိုပြီးလျှင်။ ကျွန်ုပ်တို့တပ်သို့ လာပါဟု ခေါ်လေ၏။ အင်္ဂလိပ်ကပ်တင်လည်း၊

အဟုတ်အမှန်ထင်၍၊ မြန်မာတို့တပ်သို့ ကူးသွားရောက်လေသော်။ မြန်မာတပ်မှူးတို့သည် ချုပ်ထားလေ၏။ ဤအကြောင်းကို ရာပသိန်သပ် ကြားပြန်လေသောကြောင့်။။ များစွာသော သူရဲလက်နက်တို့နှင့်ချီလာ၍၊ ပန်းဝါမြို့သို့ ရောက်လေလျှင်။ ရက္ခိုင်ပြည်၏ထုံးနည်းနိဿယကို သိသော လူကြီးလူကောင်းတို့အား ခေါ်ဝေါ်၍၊ ရက္ခိုင်ပြည်၏ အဋ္ဌုပ္ပတ္တိကို မေးမြန်းစုံစမ်းလျက်၊ ကြည်းကြောင်း-ရေကြောင်း လမ်းပေါက်ဝတို့ကို သိပြီးမှ၊ ရက္ခိုင်မင်းစဉ်မင်းဆက်ကို၊ နားလည်အောင်၊ ရက္ခိုင်ရာဇဝင်ကျမ်းများကို ရေးကူး၍၊ မှတ်သားလျက် နေဆဲတွင်။ မုံတောတပ်အုပ်-ဗိုလ်မင်းရဲလှကျော်သူက။ စစ်တကောင်းစား အင်္ဂလိပ်မင်းထံ စာပြန်ပေးလိုက်သည်မှာ။ ။ မဇ္ဈိမဒေသအရပ်၌ ဘင်္ဂလီကုလားလူမျိုးတို့သည် မင်းမဖြစ်စဘူး။ မြန်မာနိုင်ငံတွင်လည်း ရက္ခိုင်အမျိုးသားသည် မင်းမဖြစ်စဘူး။ ထို့ကြောင့် ရက္ခိုင်တိုင်းသားတို့ ပြောဟောသောစကားကို နားထောင်၍၊ စစ်မတိုက်ကောင်းပါဟု စာဖြင့်စေလွှတ်၍အကြောင်းကို၊ လျှောက်ကြားလာ၏။ စစ်တကောင်းစား အင်္ဂလိပ်မင်း ရာပသိန်သပ်လည်း။ စစ်တိုက်၍ သတ္တဝါတို့ ပျက်စီးကြလိမ့်မည့်အရေးကို ထောက်ထား ညာတာ၍၊ ငတ်မြစ်သို့ ကိုယ်တိုင်ချီ၍ ရောက်လေသော်။ မုံတောတပ်အုပ်-ဗိုလ်မင်းရဲလှကျော်သူနှင့် စစ်တကောင်းစား ရာပသိမ်သပ် အင်္ဂလိပ်မင်းတို့၊ တိုင်းမှုပြည်ရေးကို ဆွေးနွေးပြောဟောကြလျှင်၊ အချင်းချင်း ညီညွတ် သင့်တင့်ကြ၍၊ မိမိတို့ တည်လုပ်ထားပြီးသောတပ်ကို။ မီးနှင့်တိုက်ရှို့၍ ပြန်ကြအံ့ဟု နှုတ်ကတိထား၍၊ လက်ဝါးရိုက်ကြပြီးသော်။ စစ်တကောင်းစား အင်္ဂလိပ်မင်း ရာပသိမ်သပ်လည်း၊ ရှင်မဖြူတပ်ကို မီးတိုက်၍၊ စစ်တကောင်းမြို့သို့ ပြန်လေ၏။ မြန်မာတပ်အုပ် ဗိုလ်မင်းရဲလှကျော်သူကား အလိမ္မာဘက်ပြီးလျှင် ကောက်ရိုးပုံကို မီးတိုက်လေ၏။ တပြိုင်နက်မီးတိုက်ကြပြီးမှ၊ သက္ကရာဇ်(၁၁၈၅)ခု၊ ပြာသိုလတွင် အရှေ့မြန်မာ၊ အနောက်အင်္ဂလိပ်မင်း နှစ်ဦးသားတို့သည် ပြန်သွားလေကုန်၏။

ထိုသို့ပြန်သွားကြပြီးနောက် များမကြာခင်။ မြန်မာမင်း၏ ရက္ခိုင်ဝန် မင်းကြီးကျော်စွာလည်း၊ အမရပူရမင်းထံ လျှောက်စာတင်ပြန်သည်မှာ၊ အင်္ဂလိပ်တို့သည် ရှေးရှေးကာလနှင့်မတူ၊ ဗိုလ်မှူးတပ်မှူး သူရဲလက်နက်ကိုင်အများနှင့်၊ စစ်တကောင်းပန်းဝါ၌ လုံလောက်စွာပြုလျက်။ စောင့်ရှောက်၍နေလာသည်ဖြစ်သောကြောင့်။ အရေးကြီးတစ်စုံတရာ ပေါ်ပေါက်ပါလျှင်၊ လွန်စွာမခက်ပါလေလောဟု အမရပူရ ဒုတိယရွှေနန်းရှင်ထံ လျှောက်စာတင်လေသော်။ အမရပူရမင်းကလည်း အလုံဝန်မောင်ရစ်ကို ဗိုလ်ဗန္ဓုလဘွဲ့ကို ပေး၍၊ စစ်သူကြီးအရာဖြင့် ခန့်တော်မူ၍၊ တပ်မှူးသူရဲလက်နက် ကိုင် တသောင်းခြောက်ထောင်တို့ကို ပေးပြီးလျှင်၊ စေလွှတ်တော်မူလိုက်၏။ ဗိုလ်ဗန္ဓုလ၊ အတွင်းဝန်ငစတို့လည်း ရက္ခိုင်ပြည်သို့ ချီလာပြီးလျှင်၊ အောင်တပ်တွင် တပ်စခန်းချတော်မူ၍၊ ရက္ခိုင်လေးမြို့ဝန်တို့ကို၊ သူရဲလက်နက်ကိုင် တောင်း၍၊ စစ်သည်သူရဲတို့ရောက်လျှင်၊ အတွင်းဝန်ငစ-အတွင်းဝန်ငခိုင်တို့ကို ဗိုလ်မှူး-တပ်မှူး-သူရဲလက်နက်ကိုင် များစွာတို့နှင့်၊ ပန်းဝါမြို့၌ စစ်ရေးပြိုင်လေဟု စေလိုက်၏။ အတွင်းဝန်ငစ၊ အတွင်းဝန်ငခိုင်တို့သည်၊ သက္ကရာဇ် (၁၁၈၆)ခု၊ ကဆုန်လပြည့်ကျော်သုံးရက် စနေနေ့တွင်။ ပန်းဝါမြို့၌ တပ်စောင့်အင်္ဂလိပ်ဗိုလ်မှူးတို့ကို တိုက်လေသော်။ တပ်စောင့် အင်္ဂလိပ်ဗိုလ်မှူး-တပ်မှူးတို့သည် လက်နက်ထိမှန်၍ သေလေကုန်၏။ ကြွင်းကျန်သော သူရဲပေါင်းတို့နှင့်၊ ပန်းဝါမြို့တွင် နေထိုင်သော-ရက္ခိုင်သား ကုလားလူများစွာတို့သည်၊ စစ်တကောင်းမြို့သို့ ထွက်သွားကြကုန်၏။ ရက္ခိုင်လေးမြို့ မြန်မာ ဗိုလ်မှူးတပ်မှူး တပ်သားဟူသမျှတို့သည် ပန်းဝါချောင်း လကျ်ာဘက်အရပ်တွင် တပ်တည်၍နေလာကုန်၏။ ပန်းဝါမြို့တွင် ကြွင်းကျန်သောလူတို့ကို သိမ်း၍ယူကုန်၏။ ကျွဲ-နွား-ဆိတ်-ဝက်-ဝမ်းဘဲ-ကြက်စသည်တို့ကို သတ်ဖြတ်၍ များစွာစားသောက်ကြကုန်၏။ စစ်တကောင်းမြို့စား- ရာပသိန်သပ် အင်္ဂလိပ်မင်းသည်လည်း မြန်မာမင်းတို့ ပြုကျင့်သော အလုံးစုံသော အကြောင်းမျိုးတို့ကို စာရေး၍ ဘင်္ဂလားမြို့ ဘုရင်ခံမင်းကြီးထံ လျှောက်စာတင်လေ၏။ ဘင်္ဂလား ဘုရင်ခံမင်းလည်း လန်ဒန်ပြည်ကြီးကို အစိုးရသော စတုတ္ထဝေလာမင်းတရား၏ အထံတော်သို့ လျှောက်စာတင်လေ၏။ လန်ဒန်ပြည်ကြီးရှင် စတုတ္ထဝေလာမင်းတရားလည်း အရှေ့မြန်မာမင်းတို့အား အလွန် အမျက်တော်ပွားသဖြင့် အရှေ့ဘက်ရက္ခိုင်ပြည်၊ ပဲခူးနိုင်ငံကို တိုက်ရမည်ဟု အိန္ဒိယတိုင်းကို အုပ်ချုပ်စီရင်သော ဘုရင်ခံမင်းထံ အမိန့်အာဏာ တော်ဆင့်ဆိုလိုက်၏။ အိန္ဒိယအရှင်ဘုရင်မင်းလည်း။ ဆင်-မြင်း-ရထား--ခြေသဉ်သူရဲ-လေးပါးသော စစ်အင်္ဂါကြိယာ တို့ကို လုံလောက်အောင် စီရင်ပြီးလျှင်။ ကြည်းလေးသိန်း၊ ရေလေးသိန်း ရှစ်သိန်းသော ရဲမက်တော်သူရဲများတို့ကို စည်းကြပ်၍၊ ရေယာဉ်ပျံသင်္ဘောကြီး-သင်္ဘောငယ်-ကတ္တူ-လွှန်းကျင်-သမ္ဗန်များစွာနှင့်၊ ပဲခူးပြည်ကို တိုက်လေဟု၊ မျက်မှန်ဗိုလ်ချုပ်ကြီးကို စေတော်မူလိုက်၏။ စစ်တကောင်းရာပသိမ်သပ်ကိုကား-ရက္ခိုင်ပြည်ကို တိုက်လေဟု အမိန့်အာဏာ ပေးတော်မူလိုက်၏။ မျက်မှန်ဗိုလ်ချုပ်ကြီးလည်း ရန်ကုန်မြို့ကို စ၍တိုက်ခိုက်လေသော်။ သိင်္ဂုတ္တရကုန်းတော်ကို ရှေးဦးစွာ ရတော်မူ၏။ ထိုရန်ကုန်မြို့မှစ၍ မြန်မာ တပ်မှူး ဗိုလ်မှူး သူရဲလက်နက်ကိုင်ဟူသမျှတို့သည်၊ တိုက်လေသမျှ ထုံးပြာကျပမာ၊ ရန်ကုန်၊ ပဲခူး၊ ညောင်တုန်း၊ ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ မလွန် စသော ဧရာဝတီမြစ်စဉ်

တလျှောက်၊ အမရပူရမြို့တော်အောက်၊ ရံတပိုရောက်အောင်၊ အင်္ဂလိပ်အစိုးရမင်းတို့ တိုက်ဖျက်လေရာ။ မည်သည့်နေရာမှာမှ-မခံမရပ်နိုင် အတည်မရ၊ ဖွဲ့ထုံးပြာကျသည့်ပမာ၊ ပရမ်းပတာ ပြေးလွှားပျက်စီး၍၊ ပါလေကုန်၏။ စစ်တကောင်းစား-ရာပသိန်သပ်လည်း စစ်တကောင်းမြို့တွင်။ သူရဲလက်နက်စုပေါင်းစည်းကြပ်၍၊ ရက္ခိုင်ပြည်သို့ ချီမည်ကြံစည်သည်တွင်၊ လန်ဒန်ပြည်ကြီးကို အစိုးရသော စုတတ္ထဝေလာဘုရင်မင်း၏ ရွှေဘုန်းတော်အရှိန်ကြောင့်။ ပန်းဝါမြို့အနီးမှာကပ်ရောက်၍နေလာသော အတွင်းဝန်မင်း ငစ၊ အတွင်းဝန်မင်းငခိုင်၊ ဗိုလ်ချုပ်ကြီး ဗန္ဓုလစသော မြန်မာဗိုလ်မှူး-တပ်မှူး-ဗိုလ်ချုပ်စသော သူရဲလက်နက်ကိုင် ဟူသမျှတို့သည်။ သဘောအလျောက် ထိတ်လန့်ကြောက်ရွံ့သဖြင့်။ ပန်းဝါအရပ်မှ ဆုတ်ခွာပြီးလျှင်၊ သက္ကရာဇ် ၁၁၈၆-ခု၊ တော်သလင်းလတွင်၊ ရခိုင်ပြည်သို့ ပြန်လည်ဝင်ရောက် နေထိုင်ကြလေကုန်၏။ စစ်တကောင်းစား အင်္ဂလိပ်မင်း ဗိုလ်မင်းရာပသိန်သပ်လည်း၊ စစ်ပင့်ခေါ်ယူသော ထားပိုင်ကြီးကျော်ပုံသားအမ်းစားနှင့်၊ ရက္ခိုင်ပြည်သူလူအချို့တို့ကို၊ ခရီးလမ်းထောက် သိစိမ့်သောငှါ ခေါ်ဆောင်ယူသွား၍။ ကြည်းနှစ်သောင်း၊ ရေနှစ်သောင်း၊ လေးသောင်းသော လက်နက်ကိုင်သူရဲတို့နှင့်။ သက္ကရာဇ်(၁၁၈၆)ခု၊ ပြာသိုလ္ဆန်းတွင်၊ ရက္ခိုင်ပြည်သို့ အင်္ဂလိပ်စစ်သည်တို့သည် ချီလာ၍။ ကစ္ဆပနဒီမြစ်ကို ကူးသန်းပြီးလျှင်၊ ဆင်ခြံအရပ်တွင် တပ်တည်နေလာ၏။ ချောင်းဘီလာအရပ်တွင်။ တပ်တည်၍နေကုန်သော မြန်မာဗိုလ်မှူး-တပ်မှူး-တပ်ချုပ်သူရဲလက်နက်ကိုင်တို့သည်။ ငါတို့မြန်မာတို့၏ဂုဏ်သတ္တိကို၊ မသိသောကြောင့်။ အင်္ဂလိပ်အစိုးရမင်းတို့ စစ်မက်ကြီးစွာ ကပ်လာသည်။ တိုက်ကြရမှသာ-လူရဲစွမ်းသည့်အခြင်းအရာကို သိကြရမည်ဟု ဟောဆိုလျက် လက်ညှိုးညွှန်ပြကုန်၏။ ရာပသိန်သပ် အင်္ဂလိပ်ဗိုလ်မင်းသည်။ ဗိုလ်မှူး-တပ်မှူးတို့ကို စေခိုင်းပြီးလျှင် အချိန်အချက် အမှတ်သညာပေး၍၊ ပြောင်းလက်နက်ပစ်လွှတ်လေသော်။ ချောင်းဘီလာတပ်၌ ခံနေသော၊ မြန်မာတပ်မှူး-ဗိုလ်မှူးတို့သည်။ လက်နက်ထိမှန်သဖြင့် များစွာသေကြေကြကုန်၏။ ပျက်၍ပြေးလေလျှင်- မြောက်ဦးမြို့တော်သို့ ဝင်အောင်းခိုနေကြကုန်၏။ ရက္ခိုင်ဝန်မင်းကြီးကျော်စွာလည်း၊ မြို့၏ပရိဗ္ဗေဒကို လုံခြုံအောင် ပြုလုပ်လျက်။ သူရဲသူခက်လက်နက်တို့ကို ဆီးခံစောင့်ရှောက်လျက် နေစေ၏။ စစ်တကောင်းစား၊ ရာပသိန်သပ် အင်္ဂလိပ်ဗိုလ်မှူး တပ်မှူးတို့သည်၊ ဆင်ခြံတပ်မှ၊ ကျွဲခြံတောင်အရပ်သို့၊ ချီသွားလေ၍။ ထိုအရပ်မှ ခရီးလမ်းစဉ်အတိုင်း ချီလေလျှင်။ ငါးရကောက်အရပ်တွင် မြန်မာတပ်မှူး-ဗိုလ်မှူးတို့နှင့် တွေ့ဆုံကြလေကုန်သဖြင့်၊ တိုက်ကြလေသော်၊ မြန်မာတပ်မှူး ဗိုလ်မှူးသူရဲ လက်နက်ကိုင်တို့သည်။ တပ်လုံးကျွတ် သေကြေပျက်စီးကုန်၏။ စစ်တကောင်းစား အင်္ဂလိပ် ဗိုလ်မင်းရာပသိန်သပ်သည်၊ ကြည်းအား-ရေအားနှင့် စည်းကြပ်၍ချီသွားလေသော်။ ပေါင်းထုပ်ပြင်အရပ်၌ တပ်ချ၍နေပြီးလျှင်။ လက်နက်ကြီယာကို စုံလင်စွာ ပြင်ဆင်သဖြင့် နေရာချထားပြီးမှ၊ မြောက်ဦးမြို့တော်ကြီးတွင် စောင့်ရှောက်လျက်ရှိနေသော မြန်မာတပ်မှူး-ဗိုလ်မှူးသူရဲလက်နက်ကိုင်တို့နှင့်၊ ပြိုင်ဆိုင်၍ အကြီးအကျယ်တိုက်ခိုက်ကြရာတွင်၊ အယုဇ္ဈပူရအရှင်သိကြားနတ်မင်း၏ ဝဇိရာဝုဓပမာ။ အလွန်ပြင်းထန်ကြီးမားလှစွာသော ဗုံးပြောင်း-အမြောက်စကြာလက်နက်တော်ကြီးဖြင့်၊ ဖြောင့်မတ်စွာ ချိန်ရွယ်၍၊ ပြောင်းကြီးအမြောက်ကြီး စသည်တို့ကို ပစ်လွှတ်တော်မူလေလျှင်။ အရှေ့ပြည့်ရှင် မြန်မာမင်း၏ တပ်မှူး-ဗိုလ်မှူး သူရဲတော်များသည်၊ ထွားထွားကြေညက်-မြို့လုံးပျက်၍၊ အသက်မသေ ကြွင်းကျန်လျက်ရှိလေသော မြန်မာသူရဲတို့သည်လည်း။ အသက်ဘေးမှလွတ်ရာလွတ်ကြောင်းကို ဆုအကြိမ်ကြိမ်တောင်းလျက်၊ ဦးခေါင်းမျက်နှာမူမိသော အရပ်သို့သာ။ ပရမ်းပတာပြေးရှောင် ထွက်သွားကြကုန်၏။

အတွင်းဝန်ငစ၊ အတွင်းဝန် ငခိုင်၊ မြို့သူကြီး ငလွန်းပြေ၊ ရက္ခိုင်မြို့ဝန် မင်းကြီးကျော်စွာတို့သည် ကံကြမ္မာကုန်ခမ်း၍ ပျက်စီးချိန်နည်းလမ်းသို့ အမှန်ဆိုက်ရောက်ကြသဖြင့်။ <u>သက္ကရာဇ်(၁၁၈၆)ခု၊ တန်းခူးလဆန်း(၁၄)ရက်သောကြာနေ့တွင်။</u> ရခိုင်ပြည် မြောက်ဦးမြို့တော်ကြီး၌၊ အင်္ဂလိပ်ဘုရင်မင်းတို့၏ စက်နက်အာဏာ၊ ဘုန်းတေဇာတောက်လောင်လွှမ်းဘိ၍၊ သားမယားဥစ္စာ ရတနာရွှေငွေတို့ကိုမျှ ငဲ့တွယ်မညှာ၊ အလုံးစုံကို စွန့်ခွာလျက်။ အသက်ချမ်းသာရာအရပ်သို့၊ ပရမ်းပတာ ပြေးရှောင်ထွက်သွားရှာကြကုန်၏။ ယင်းသို့ အရှေ့မြန်မာမင်းတို့ ထွက်ခွာပြေးသွားကြ၍၊ မရှိလျှင်၊ စစ်တကောင်းစား အင်္ဂလိပ် ရာပသိန်သပ်သည်၊ သက္ကရာဇ်(၁၁၈၆)ခု၊ တန်းခူးလဆန်း(၁၄)ရက်၊ သောကြာနေ့နေ့တဗဟိုရ်လောက်တွင်၊ ရက္ခိုင်ပြည် မြောက်ဦးမြို့တော်ကို ရတော်မူလေသည်။ ထိုနေ့ကစ၍ ရက္ခိုင်ပြည်ကြီးသည် အိန္ဒိယတိုင်းရှင် ဘုရင်ခံမင်း၏ အာဏာစက်ချရာ ဖြစ်လေ၏။ စစ်တကောင်းစား အင်္ဂလိပ်ဗိုလ်မင်း ရာပသိန်သပ်လည်း မြောက်ဦးမြို့တော်ကြီးကို တပ်စောင့်တပ်နေ-အသေအချာထားခဲ့ပြီးမှ။ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲမြို့တို့တွင်ရှိသော မြန်မာတပ်မှူး-ဗိုလ်မှူး-မြို့ဝန်-မြို့စောင့် စသောသူရဲသူခက်တို့ကို တိုက်ခိုက်နှိပ်နင်းလေလျှင်၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲမြို့တို့၌ ရှိသမျှသော မြို့စောင့်-ကင်းစောင့်-တပ်စောင့်-ဗိုလ်မှူး-တပ်မှူးဟူသမျှတို့သည်။ အလွန်ထိတ်လန့်ကြ၍၊ ရပ်တန့်ရာမရ၊ ဖရိုဖရဲ၊ တကွဲတပြား၊ ရှောင်ရှားလျက် ထွက်သွားကြလေကုန်။ လန်ဒန်ပြည်ကြီးရှင်၊ လက်နက်စကြာသခင်၊ ဘိလပ်မြို့အရှင် စတုတ္ထဝေလာဘုရင်သည်၊ သက္ကရာဇ် ၁၁၈၆-ခု၊ တန်းခူးလဆန်း ၁၄-ရက်နေ့၊ ရက္ခိုင်ပြည်ကြီးအားလုံးကို၊ ဘုန်းမီးတေဇာ အာဏာလွှမ်းမိုးသဖြင့်၊ စိုးအုပ်တော်မူလေ၏။ ယင်းသို့ လန်ဒန်ပြည်ကြီးအရှင် အင်္ဂလိပ်ဘုရင်မင်းတို့သည် စိုးအုပ်တော်မူသည့်နေ့ရက်မှစ၍၊ သက္ကရာဇ် ၁၂၇၁ ခု၊ ယခု ဧဒွက်ဘုရင်မင်းလက်ထက်တိုင်အောင်၊ နှစ်ပေါင်းရှစ်ဆဲ့ငါးနှစ်ပတ်လုံး၊ သူပုန်၊ ထားပြထကြွလှုပ်ရှား မပေါ်ခြင်း။ ခိုးသားဒဏ္ဍာ၊ ငတ်မွတ်ခြင်းစသော ဘေးဥပဒ်ကင်းကွာ

## နိဂုံး

ယင်းသို့ဆိုခဲ့ပြီးသော ဓညဝတီရွှေပြည်ကြီး၌။ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသော ဓညဝတီပြည့်ရှင် မဟာသမ္မတမင်းကြီးနောက်။ အရှေ့မြန်မာမင်းတို့ ဆက်လက်စိုးအုပ်တော်မူလေသည်မှာ. ဂေါဇာသက္ကရာဇ် ၁၁၄၆-ခု၊ ဥတုဟေမန္တ-နတ်တော်လပင်တည်း။ အရှေ့မြန်မာမင်းတို့ စိုးအုပ်တော်မူစဉ် အနှစ်လေးဆယ်-မင်းနှစ်ဆက်မြောက်ရောက်သောအခါ၊ ဂေါဇာသက္ကရာဇ် ၁၁၈၆-ခုနှစ်တွင်။ အရှေ့မြန်မာမင်းတို့အထံမှ။ အိန္ဒိယနိုင်ငံ အရှင်-အင်္ဂလိပ်ဘုရင်မင်းတို့ ဆက်လက်စိုးအုပ်တော်မူပြန်သည်။ အင်္ဂလိပ်မင်းတို့ ရှေးဦးစွာ စိုးအုပ်သော ၁၁၈၆-ခုနှစ်၊ ယခုဂေါဇာသက္ကရာဇ် ၁၂၇၁-ခုကို ရေတွက်လေရာ၊ နှစ်ပေါင်း ၈၆-နှစ်ခန့် အင်္ဂလိပ်ဘုရင်မင်းတို့ စိုးပိုင်သည့်အရာ ထင်ရှားသည်။ ၎င်း ၈၆-နှစ်တွင် အရှေ့မြန်မာမင်းတို့ ပိုင်နှင်းစိုးအုပ်စဉ်က-နှစ်လေးဆယ်ကိုထည့်လျှင်၊ ရက္ခိုင်ဓညဝတီပြည်တွင်၊ မင်းဆက်ကင်းပျောက်သည့်အကြောင်းအရာ နှစ်ပေါင်း ၁၂၆-နှစ်ခန့် ကြာပေပြီ။ ယင်းသို့ ဓညဝတီရက္ခိုင်ပြည်ကြီးသည် အုပ်စိုးပိုင်နင်း၊ တိုင်းရင်းမင်းကင်းပြတ်၍၊ အရှေ့မြန်မ-အနောက်အင်္ဂလိပ် ကွပ်နှိပ်စိုးအုပ်သည့်အကြောင်းအရာ၊ နှစ်ကာလရှည်ကြာသဖြင့်၊ ရက္ခိုင်ဓညဝတီမှာ၊ ပြည့်ရှင်မင်းအကြောင်းအရာကို ဆိုသော မင်းစဉ်ရာဇဝင်ကျမ်းစာပင်၊ လွန်စွာနည်းပါးသဖြင့်။ ဓညဝတီမင်းတို့ အဌုပ္ပတ္တိကို နေရာကျ မပြောဆိုတတ်သူသာ၊ အရပ်ထက်ဝန်းကျင်ရှိကြလေရာသည်။ ဤဓညဝတီ ရာဇဝင်ကျမ်းကို ဆိုရာ၌။ ယခုအင်္ဂလိပ်ဘုရင်မင်းတို့လက်ထက်တော်တွင်၊ ယခုရှိသော ဓညဝတီတိုင်းသားလူအများတို့၏ အကြောင်းအဌုပ္ပတ်နှင့်တကွ။ ရုပ်ပွားတော်မြတ် မဟာမုနိ အဌုပ္ပတ်။ အသစ်ဆောက်လုပ်သော ဂန္ဓကုဋီတန်ဆောင်းတော်ကြီး၏ အဌုပ္ပတ္တိတို့ကို အနည်းငယ်မျှ ဆက်လက်၍ဆိုဦးအံ့။

ရက္ခပူရီဓညဝတီတိုင်းပြည်အဝင်။ မြောက်ဦးမြို့တော်ကြီး၌၊ ဘုန်းမီးအာဏာ-ထေဇာတောက်လင်းသော မဟာသမ္မတမင်းကို။ အမရပူရအဝရွှေနန်းရှင် ဘိုးတော်မင်းတရား-သိမ်းမြန်းတော်မူသောအခါ၊ သားတော်ကြီး ဥပရာဇာသည် မဟာစန္ဒသူရိယမင်း တောင်းပန်ခြင်းကြောင့်၊ ဘုရားသခင်ကိုယ်တော်တိုင် သွန်းလုပ်တော်မူခဲ့သော ရုပ်ရှင်တော်ပွား ဘုရားကိုယ်စားတော်ကြီးကို။ အမရပူရရွှေပြည်တော်ကြီးသို့ ပင့်ဆောင်ယူလေရာ။ ကာလရှည်ကြာသဖြင့်။ ဂန္ဓကုဋီတိုက်နေရာတော်နှင့် မဟာရံသုံးထပ်သာ ရှိလေတော့သည်။ ယင်းသို့နေရာတော်သာ ရှိသော်လည်း။ ၎က်ပျောပင်စိုက်၊ မိလိုက်ဘပါ။ ဆိုကြသည့်ပမာ။ ရက္ခိုင်တိုင်းသူရှင်လူအများတို့သည်။ ယနေ့တိုင် သွားရောက်ပူဇော်ရိုသေကိုင်းရှိုင်းလျက်ရှိနေကြရာ။ ဂေါဇာသက္ကရာဇ် ၁၂၆၁-ခုနှစ်ရောက်သောအခါ၊ ရက္ခပူရတိုင်းသား-ရှင်လူအများတို့သည်၊ သဒ္ဓါခြင်းပွား၍၊ ရုပ်ပွားတော်တဆူ၊ အသစ်သွန်းလုပ်တော်မူပြီးလျှင်၊ ရှေးရုပ်ရှင်တော်မြတ်မုနိကိန်းဝပ်ခဲ့ဘူးသောနေရာ၌၊ တည်ထားကိုးကွယ်တော် မူပြန်လေသတည်း။ ယင်းသို့ ရုပ်ပွားတော်တဆူ သွန်းလုပ်တော်မူသော ပြည်သူပြည်သား လူရှင်အများတို့။ အားထုတ်ပြုပြင်သောအကြောင်း အဌုပ္ပတ္တိကို ပြဆိုပေအံ့သတည်း။ ဂေါဇာသက္ကရာဇ် ၁၂၆၁-နှစ်ရောက်သောအခါ မဟာအယုဇ္ဈ၊ သုဒဿနပူရိန်၊ တာဝတိန်ဘုံနန်းက၊ ကြွမြန်းတော်မူပြီးခါ၊ သိကြာမင်းတမန်၊ ဝိသုကံနတ်လာ၍၊ မဟာရဋ္ဌ၊ ရက္ခပူရတိုင်းသူ-ရှင်လူအများတို့အား၊ ပြောကြားနှိုးဆော်သည့်ပမာ။ ထိုဆိုခဲ့ပြီးသော နှစ်သမအခါတွင်။ သဒ္ဓါပြည့်ဖြိုး၊ ကုသိုလ်စေတနာတိုးပွားသည်ကား-လူရှင်အများပင်တည်း။ အထူးအားဖြင့် မှတ်သားရန်အချက်မှာ။ သိကြားဝိသုကံ၊ နတ်ပေါင်းရံ၍၊ အကြံတော်ပြုပြီးခါ၊ အသီးအသီးကြွလာ၍။ ဤပြည်ရွာတိုင်းကားဝယ် ရတနာရွှေငွေလွန်ပေါကြွယ်သော သူဌေးဦးရဲကျော်သူသည်သာ။ ရှေးရှေးအန္တရက၊ ဒါနပါရမီ၊ စာဂီဖွံ့ဖြိုး လူထူးလူမွန်၊ ရှေးဘုရားတို့ထံ။ ပန္နက်ပန်အောင်လံစိုက်။ ဗျာဒိတ်ရမှန်ပေသည်ဟု-မဆိုသော်လည်း၊ ဆိုသည့်ပမာ။ ထို၁၂၆၁ ခုနှစ်သမယအခါတွင်။ သူဌေးမင်းစိတ်အကြံမှာ။ ဩော် ငါတို့ ယခုဘဝမှာ ပါရမီဒါန။ ရှေးရှေးကုသိုလ် စေတနာထောက်မ၍။ ဒါနပါရမီ။ စာဂီအကျိုး၊ ပြည့်ဖြိုးကြွယ်ဝရပေသည်မှာ။ သိန်းသောင်းကုဋေ၊ တွက်ရေများစွာ၊ နေ့ရှိတိုင်းတိုးပွားလာပေသတည်း။ လှူဘွယ်လှူမူ၊ ဒါနကုသိုလ်စုကို၊ ရှေးငယ်ရွယ်စဉ်က ဆည်းပူးပြုလုပ်ခဲ့သည်မှာလည်း။ ကျောင်းကန်ဘုရား-ဥဒ္ဒိဿစေတီအများပင် ရှိဘူးလေပြီ။ ထိုပြင်တခန်း၊ လောကီလူတို့ ထုံးတမ်းဆိုသည်မှာလည်း။ အသက်လေးဆယ်ကျော်အခါကပင်။ ကော်မတီလူကြီး-သမာဓိမြို့ဝန်ကြီးဟု လူသိလူမြင် အထင်အပေါ်။ ခြောက်ဆယ်ကျော်လျှင်-သူဌေးမင်းရွှေစလွယ်ရဘိလပ်ပိုင် ဘုရင်မက၊ ချီးပမြှောက်မြှင့်သည်များကိုလည်း ငါတို့ခံရလေပြီ။ ယင်းသို့လောကီအကျိုး-ဘဲ့လောက်ပင် ပွားတိုးသော်လည်း၊ အကျိုးမပါ။ ဘဝခန္ဓာဖြစ်ပေါ်လာလျှင်၊ သေနာအိုမြဲ-မှန်မလွဲတည်းဟု မြော်တွေးသိမြင်လေရာ။ သေရအံ့သောဘေးဇရာကို ရံခါရံခါသမ္ဗေဇဉ်ပညာဖြင့် ဆင်ခြင်လေရာ။ မိမိခန္ဓာကိုကြောက်လန့်သော သံဝေဂဉာဏ်ဖြစ်ပေါ်လာ၍။ ဩော်ငါတို့ ယခုအခါ၊ အသက်တမ်းတိုရာတွင်၊ ခန္ဓာရင့်ပြီး။ ခုနစ်ဆယ်နီး၍ သေရလုနီးဖြစ်ချေပြီ။

ဥစ္စာစည်းစိမ်၊ ကိုယ်နှင့်ချိန်၍ ပေးသော်လည်း။ သေဘေးမှ ကင်းဝေးမည်မဟုတ်ပေရာ၊ သဗ္ဗညုဘုရားမြတ်စွာ၏ တကာရင်းကြီးဖြစ်ပေကြသော ဇောတိက။ ဇဋိလ၊ မေဏ္ဍက၊ ဝိသာခါ၊ ကြော်ငြာထောက်ထိန်၊ အနာထပိဏ် သူဌေးတို့သည်လည်းကောင်း၊ ဗိမ္ဗိသာရ၊ ကောသလရာဇာ၊ သမ္ဘာရင့်ညောင်း၊ မင်းအပေါင်းတို့သည် လည်းကောင်း၊ ရွှေငွေရတနာ၊ ဥစ္စာချိန်လေး၊ တင်းခြင်ပေးသော်လည်း၊ သေဘေးမှလွတ်မြောက်ခွင့် မရ။ သေမင်း နောက်သို့သာ လိုက်သွားကြရရှာသည်။ ထိုနည်းကို ထောက်ဆသော်- ငါတို့မှာ ဆိုဘွယ်ရာမရှိ၊ အမိဝမ်းတွင်း- ကရဇသန္ဓေတည်ရင်းကပင်၊ သေစာရင်းလက်မှတ်၊ တံဆိပ်ခတ်အပြီးပါ၊ သေမင်းခံတွင်း အစာပါတကားဟု ထိတ်လန့်သော သံဝေဂစိတ်ထားဖြင့်၊ ဆင်ခြင်စဉ်းစား၍နေစဉ်။ သြော် ရှေးရှေးသော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ဝိသာခါ၊ အနာထပိဏ်၊ ဗိမ္ဗိသာရ၊ ကောသလမင်းတို့မှာ၊ ဘုရားပွင့်တော်မူခိုက်၊ ကြုံကြိုက်ကြသဖြင့်၊ သက်တော်ထင်ရှား၊ ဘုရားကိုယ်တော်မြတ်၏ ကျောင်း ဒယကာအရင်း ခံရကြပေသည်။ ယခုအခါ။ ငါတို့မှာကား။ အဘယ်မှာ ခံရအံ့နည်းဟု၊ အောက်မေ့တွေးဆပြီးခါ၊ တဘန်အကြံဖြစ်ပေါ်လာသည်ကား၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်ကို ရည်ရော်၍။ ရုပ်ပွားတော်တဆူ ကိုးကွယ်ရ ပေမူကား၊ ရှေးရှေးသောမင်းသူဌေးတို့နှင့် ပမာမခြား။ အမြတ်အကြီးဖြစ်သော အကျိုးများကို။ ငါတို့ ခံစားရပေမည်ဟု သူဌေးမင်း ဦးရဲကျော်သူသန္တာန်၌၊ စိတ်အကြံ ဖြစ်လေသတည်း။ ယင်းသို့ ဘိုးထိုက်-စိတ်အကြံဖြစ်သည့်အတိုင်းလည်း၊ စင်းစစ်မချွတ်၊ အမြတ်ကြီးပွား၊ အကျိုးများကို ခံစားရမည်ဖြစ်ပေသည်။ သာဓက-အာဂမ-ထုတ်ဆောင်၍ပြသော်။

**တိဋ္ဌန္တေ ပရိနိဗ္ဗုတေစ၊ သမေ စိတ္တေ သမံ ဖလံ။**
**စိတ္တပဏိဓိဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ၊ ။**

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်၌လည်းကောင်း၊ ပရိနိဗ္ဗုတေစ၊ ပရိနိဗ္ဗာန်စံယူပြီးသော ဓာတ်တော်မွေတော် ရုပ်ပွားဆင်းတုတော်၌လည်းကောင်း။ စိတ္တေ၊ ဩပက္ကမိကသဒ္ဓါဝင် ကြည်လင်သော ကုသိုလ်စိတ်သည်၊ သမေ၊ တူမျှကြလတ်သော်။ သမံ၊ သက်တော်ထင်ရှားဘုရားကို ကြည်ညိုသောကောင်းမှုနှင့်မျှသော။ ဖလံ၊ လောကီလောကုတ္တရာကျိုးနှစ်ဖြာကို၊ လဘန္တိ၊ ခံစားရကုန်၏။ စိတ္တပဏိဓိဟေတူဟိ၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်နှင့်အတူ ကြည်ဖြူဝမ်းမြောက်၊ စိတ်ကိုဆောက်တည်ခြင်း၊ ဟူသောအကြောင်းတို့ကြောင့်။ သတ္တာ၊ နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့သည်၊ သုဂတိံ၊ လူ့ဘုံနတ်ရပ်၊ အမြတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ကောင်းသောဂတိသို့သာ။ ဂစ္ဆန္တိ၊ သွားရောက်ကြကုန်၏။

ဤဓမ္မကွန်ပါဠိအနက် အဓိပ္ပါယ်ထွက်နှင့်၊ သင့်တင့်လျော်ကန်၊ သူဌေးမင်း စိတ်အကြံသည်။ အမှန်မဘောက်- အမြတ်အကြီးဆုံးအကျိုးသို့ ရောက်၍။ နိဗ္ဗာန်တိုင် ပေါက်မြောက်နိုင်လောက်ပေသည်။ ယင်းသို့ ဘုရားရှင်ကို ရည်စူး၍၊ ဥဒ္ဒိဿတဆူ သွန်းလုပ်ကိုးကွယ်မည်ဟု၊ စိတ်ဝယ်မြဲမြံ၊ သန္နိဋ္ဌာန်ပိုင်းခြားပြီးသော်။ ရုပ်ပွားတော်ဘုရားကို၊ ဘယ်နေရာများ၌၊ တည်ထားကိုးကွယ်ရမူ။ အထူးသင့်လျော်-တော်ပါအံ့နည်းဟု ကြံထွေးနှိုင်းဆလေရာ။ သြော်ရှေးရှေးသောခါ၊ မဟာစန္ဒသူရိယ။ ဘုန်းရောင်ပသည့်၊ နရခေါင်ထိပ်၊ ဓမ္မရာဇ်သခင်၊ ဘုရင်မင်းဖျား၊ တည်ထားကိုးကွယ်တော်မူသော၊ ကတညုတောင်နှာမောင်း၊ ပဌမတန်ဆောင်းတော်နေရာသည်သာ လွန်စွာမင်း သင့်လျော်ရာသည်။ အဘယ်သို့ သင့်လျော်ရာသနည်းဟုဆိုသော်။ ၎င်းနေရာသည် ကာလအရှည် တိမ်မြုပ်၍နေသဖြင့်၊ ပြည်သူတိုင်းသား ရှင်လူအများတို့သည်၊ ရှေးဘုရားနှင့်အတူ။ ကြည်ဖြူနှစ်သက်၊ စုံမက်မြတ်နိုး၊ ကိုးကွယ်ရာဖြစ်ပေလိမ့်မည်ဟု၊ ကြံစည်ပြီးခါ၊ သြော်ရုပ်ပွားတော်ကြီးတစ်ဆူ၊ သွန်းလုပ်မည်ဟု- အကြံယူသော်လည်း၊ ကိုယ်ထူးကိုယ်ချွန်၊ တယောက်တည်းပြုတန်သော အမှုကိစ္စမဟုတ်၊ မြို့ပြခရိုင်နိုင်ငံအတွင်း၊ ကြက်သရေထွန်းလင်းသော လူကြီးလူကောင်းမင်းတို့နှင့် ဆက်ဆံနှီးနှော-တိုင်ပင်သင့်သော ကိစ္စကြီးမျိုး ဖြစ်ပေသည်တကားဟု သဘောထားပြီးခါ၊ မြို့ရွာရှိ လူကြီးလူကောင်းများစွာကို ပင့်ဘိတ်ကာ စည်းဝေး၍၊ သူဌေးမင်းပြောဟောသည်မှာ၊ ရှေးရှေးသောခါ၊ စန္ဒသူရိယ၊ နရဥဿျောင်၊ မင်းကောင်းအထွတ်။ တည်ထားအပ်သော ရုပ်ရှင်တော်မဟာမုနိ ဘုရားမြတ်-ကိန်းဝပ်စမ္ပါယ်ရာ။ ရတနာဂန္ဓကုဋိနေရာတော်မှာ။ ရုပ်ပွားတော်တဆူ သွန်းလုပ်တော်မူ၍ ရှေးဘုရားမြတ်ပမာ၊ ကိုးကွယ်ကြပါမူ၊ သင့်လျော်ရာ-မသင့်လျော်ရာမည့်အရေးကို မေးမြန်းစုံစမ်းလေရာ။ ထိုအခါတွင်၊ ရောက်လာခပင်း လူကြီးလူကောင်းမင်းတို့က၊ နှစ်မြို့ကြည်ဖြူ သောင်းသောင်းဆူမျှ၊ သောမနစိတ်၊ ယိုဘိတ်တက်ကြွ၊ ဗလဝါသဒ္ဓါ၊ ဂွမ်းဆီထိ စေတနာဖြင့်၊ များစွာနှစ်သက်ကြလေရာ။ မြို့ရွာခဘင်း လူကြီးမင်းတို့က တဘန်၊ ပြောကြားပြန်သည်ကား၊ အကြံပျံ့မွှေး။ သူဌေးမင်းကျောင်းတကာ၊ ဤရုပ်ပွားသွန်းမည့်အရေးကိစ္စမှာ။ စေတနာ

မယုတ်၊ ပြီးမြောက်အောင် အားထုတ်ပါဟု သာယာညွတ်ပျောင်း တောင်းပန်ချီးမြောက်၊ ဝမ်းမြောက်ကြည်သာ၊ ခွင့်ပေးကြလေသည်။

ထိုရောအခါ သူဌေးမင်းဘုရားတကာလည်း၊ ဆင့်ပွားသဒ္ဓါ၊ ကုသိုလ်ဇောဝေဖြာ၍၊ လွန်မင်းစွာ ဝမ်းမြောက်သဖြင့်၊ ဤသို့သောအမှု ပြုလုပ် စီမံမည့်အရေးကိစ္စဟူသည်ကို၊ လူမည်ကာ သာမန်တို့၊ ကြံစည်ပြုလုပ်နိုင်ရန်။ အမှုမဟုတ်။ ငါကဲ့သို့သော ကံဉာဏ်ဝီရိယ၊ ဘောဂသမ္ပတ္တိ၊ ပြည့်စုံလျက် ရှိသောသူမှသာ။ ပြီးစီးအောင်မြင်နိုင်ရာသော အမှုဖြစ်ပေသည်တကားဟု၊ အားရနှစ်နော၊ သဒ္ဓါဇောတက်ပွား၊ ဂွမ်းဆီထိအလား၊ ပမာစေတနာကုသိုလ်တရား တိုးပွားလေသတည်း။ ထိုနောက်တဘန်၊ ဤသို့သောအကြံကို၊ နိုင်ငံပြည်သူ၊ ရှင်လူအများ၊ သိကြားစေရန်၊ စိတ်ရည်သန်လျက်၊ ကျေးလက်များစွာ၊ ထိုထိုမြို့ရွာသို့၊ ဒေသစာအစဉ်၊ သူဌေးမင်းကိုယ်တိုင်သွား၍၊ ရုပ်ပွားတော်ကြီးတစ်ဆူ၊ အသစ်သွန်းလုပ်တော်မူမည့်အကြောင်းနှင့်၊ ရှေးကဲ့သို့ပြန်ပြောင်းပြောကြားလေရာ။ ကျေးလက်မြို့ရွာနေရှိသူ၊ ရှင်လူအများလည်း၊ ရုပ်ရှင်တော်ပွား၊ မဟာမုနိဘုရားနှင့်၊ ပုံသဏ္ဌာန်မခြားဟု၊ ကြားကြလျှင်ပင်။ သဒ္ဓါစိတ်ကြည်လင်သဖြင့်၊ အလှူဝင်ဝတ္ထု၊ ပစ္စည်းစုတို့တွင်။ ရွှေငွေရတနာ၊ ကြေးဘဏ္ဍာတို့ကို၊ သဒ္ဓါသည့်အလျောက်၊ စေတနာပြတ်တောက်ပြီးခါ၊ အလှူစာရင်း၊ လက်မှတ်သွင်း၍၊ ချီးမြှင့်ကူပံ့ကြလေသတည်း။ ယင်းသို့ ကျေးလက်မြို့ရွာ နီးစပ်ရာအရပ်တို့သို့။ တတ်အားသရွေ့၊ သူဌေးမင်းသွားရောက်ဟောပြောပြီးခါ၊ မိမိနေထိုင်သည့် မြို့ရွာသို့ပြန်လာခဲ့၍။ ထိုထိုကိစ္စအဝဝအဖုံဖုံကို။ ထောက်လှမ်းတိုင်းထွာပြီးမှ။ သြော်ဤရုပ်ပွားတော်၏ အမှုကိစ္စကား ငါပင်ပဌာနဖြစ်၍ စင်စစ်ဧကေန် ငါကြံမှ၊ ကိစ္စခပ်သိမ်း။ ပြီးပြေငြိမ်းမည့် အရေးဖြစ်ပေသည်တကားဟု သဘောထားပြီးခါ၊ ရေနန်းစကြာ သဘော်တော်ယာဉ်သာဖြင့်။ ရတနာပုံ၊ မန်းဇေယုံရွှေမြို့ကြီးသို့ ကိုယ်တိုင်သွားရောက်လေရာ။ ထိုအခါ၌၊ မြို့တော်မှာနေရှိ၊ ကဝိအလောင်း၊ မှူးကောင်းမတ်မွန်၊ ကုံထံကြွယ်ဝ၊ ကြက်သရေရှိကြသူ၊ လူကြီးလူကောင်းမင်းတို့နှင့်၊ အကြောင်းသင့်စွာ၊ အလ္လာပ သလ္လာပကထာဖြင့်။ ဝမ်းမြောက်နှစ်သက်စွာ၊ သာယာသောစကားကို ပြောကြားပြီးမှ၊ ရုပ်ရှင်တော်မဟာမုနိနှင့်၊ အလားတူ၊ ရုပ်ပွားတော်တဆူ၊ ကိုးကွယ်မည်အကြံယူလျက်၊ ယခုအကျွန်ုပ်လာခဲ့သတည်းဟု-ရိုသေနိမ့်ချ၊ ဂါရဝစကားဖြင့်၊ ပြောကြားအမိန့်ရှိလေရာ။ မန်းမြို့နဂရာတွင်။ ပညာကဝိ၊ အသိထူးချွန်၊ ပညာဝန်ဖြစ်ကြသူ။ လူကြီးလူကောင်း၊ မင်းအပေါင်းတို့သည်၊ နှစ်ထောင်းချိုသာ၊ ပျူငှါလောကဝတ်၊ ပြောကြားသောစကားရပ်ကား၊ သူဌေးမင်းကြံစည်အပ်သောအမှုကိစ္စကား ဘုရားအစ၊ သဗ္ဗပဏ္ဍိတော၊ အရိယာလူနတ်။ ချီးမွမ်းအပ်ချီးမွမ်းထိုက်သောအရာ ဖြစ်ပေသည်ဟု နှစ်သက်ဘွယ်စကားဖြင့်။ အများလူကြီးတို့အားရ ဝမ်းသာကြပေသတည်း။ ထိုသည့်အခါ၊ မန်းနဂရာတွင်၊ ပညာလုံလောက်၊ လွန်တတ်မြောက်၍၊ အာသဘခေါ်လောက်သော လက်မှုအရာ။ လိမ္မာကျွမ်းကျင်၊ သိမြင်ရေးရာ၊ ဆရာအကြီးတို့အား။ လက္ခကံကျွေး။ များစွာပေး၍။ မနှေးလျင်မြန်။ ရုပ်ရှင်တော်မဟာမုနိ၏ပုံသဏ္ဌာန်နှင့်။ တဆံခြည်မယွင်း။ ရုပ်ရှင်ပွားတဆူ ပြုလုပ်တော်မူစေပြီးမှ။ ရုပ်ပုံတော်နှင့်တကွ၊ မန်းနဂရမှ၊ အားရဝမ်းသာ၊ သူဌေးမင်းပြန်လာခဲ့ရာ။ ရန်ကုန်မြို့ ဆိပ်ကမ်းပါးတွင် ခေတ္တမျှရပ်နား၍ နေလေသည်။ ယင်းသည့်အခါ၊ ရန်ကုန်မြို့နေ ကုန်သည်အပေါင်း၊ မိတ်ဆွေကောင်းတို့သည်။ သောင်းသောင်းဆူညာ၊ ရုပ်ရှင်တော်ဘုရားမြတ်စွာကို၊ ရိုသေစွာ ပူဇော်ပွဲသဘင် ပြုလေသည်။ ယင်းသို့ဆူညာ သောင်းသောင်း ကုန်သည်အပေါင်းတို့သည်။ ဦးခေါင်းညွတ်ချီး၊ ပူဇော်ပွဲမပြီးမီပင်၊ ရေယာဉ်စကြာ၊ သဘော်ဘောင်ပျံ၊ ရတနာသို့။ အသာလွယ်ကူ၊ ပင့်ဆောင်တော်မူပြီးလျှင်၊ ရေယာဉ်များစွာ၊ သမုဒ္ဒရာပင်လယ်ပြင်။ ဘေးအန္တရာယ်ပင်လယ်ပြင်။ ဘေးအန္တရာယ် သန့်ရှင်းလျက်။ နေရင်းဌာန၊ စစ်တွေမြို့ နဂရ၏ဆိပ်ကမ်းစသို့။ ရောက်တော်မူကြလေသည်။

ထိုသည့်အခါ၊ စစ်တွေမြို့ နဂရာတွင်၊ များစွာသောင်းပြောင်း လူအပေါင်းတို့သည်။ အကြောင်းခြင်းတာ-ရုပ်ပွားတော်ကြွရောက်လာမည်ကို၊ သိရင်းစွဲရှိပြီး ဖြစ်သည်နှင့်လျော်စွာ။ မြို့ရွာနေရှိ လူကြီးလူကောင်းများနှင့်တကွ။ မိန်းမယောကျ်ား၊ ကာလသား ကာလသမီး၊ အကြီးအငယ်၊ အရွယ်အလတ်၊ ပရိသတ်များစွာ၊ လူဗိုလ်ပါတို့သည်။ ညီညာစည်းဝေး၊ တပေါင်းတည်းစုရုံးပြီးခါ၊ ပတ်သာဒုံမင်း၊ ခရုသင်းနှင့်၊ လင်းကွင်းတံပိုး၊ မုရိုးတံမြှာ၊ ခရာပလွယ်၊ အသွယ်သွယ်တို့ကို၊ စည်စည်ညောင်းညောင်း၊ သောင်းသောင်းဆူညာ၊ ကြိုဆို၍နေလာကြပေသတည်း။ ယင်းသည့်အခါ သူဌေးမင်း ဘုရားဒါယကာနှင့် မြို့ရွာတွင်ရှိ လူကြီးလူကောင်းမင်းအပေါင်းတို့သည်၊ စုဆောင်းညီညာလျက်။ ရုပ်ပွားတော်ဘုရားမြတ်စွာကို။ ညဥ့်နေ့ကိန်းဝပ်ဘို့နေရာ။ ဝင်္က်ပါကွင်းသို့ ပင့်ဆောင်တော်မူလေရာ။ မြို့ရွာနေသူ ဗိုလ်လူအပေါင်းတို့သည်၊ သောင်းသောင်းကြေညာ၊ သဒ္ဓါဇောဝေဖြာ၍၊ တူရိယာအစုံ၊ တီးမှုတ်ကခုန်လျက် ပူဇော်ချီးမြောက်သူလည်း၊ ပူဇော်ချီးမြောက်၊ ပန်းပေါက်ပေါက်နှင့်၊ ကုက္ကား-တန်ခွန်-ရာဇမတ်ကာရံ၍၊ ဘိုးတန်ဘိုးနဲ၊ သဲသဲဆူဆူ။ အနည်းနည်း ပူဇော်သူလည်း၊ ပူဇော်ချီးမြှင့်၊ ကခုန်ရွှင်လန်း၊ ပီတိဇောစေတနာ ဖြန့်မွှန်းပြီးခါ၊ သံသာချိုဧး၊ ယဉ်ကျေးနူးညံ့သော

အမူအရာ၊ ဇးချင်းကဗျာတို့ကို၊ ဆန်းကြယ်သာယာအောင်ဆိုသဖြင့်၊ ချီးပင့်ပူဇော်သူလည်း ပူဇော်၊ ယင်းသို့ အုံးအုံးသဲသဲ ပူဇော်ပွဲပြုစဉ်ပင်၊ မင်္ဂလာသဘင်၊ ဝက်ပါကွင်းသို့ ဆိုက်ရောက်တော်မူလေသည်။ ရုပ်ပွားတော် ဘုရားမြတ်စွာ၊ ကြွရောက်လာသည်ကစ၍၊ နာရီလိတ္တာ၊ ဗီဇနာနှင့်၊ ခရာမလပ်၊ မပြတ်နေ့ည၊ ပျားပန်းပင်ကျပမာ။ ဆူညာသောင်းလျှံ၊ ကြွက်ကြွက်ညံမျှ၊ အသံမစဲ၊ သဲသဲရုံးရုံး၊ တအုံးအုံးပူဇော်လှူဒါန်းကြလေကုန်သတည်း။ ယင်းသည့်အခါ၊ သူဌေးမင်း ဒါယကာလည်း။ မြို့ရွာနေရှိ လူကြီးလူကောင်း အပေါင်းများစွာတို့နှင့်၊ ညီညာတိုင်ပင်၍၊ ရုပ်ရှင်ပွားအလောင်းကို၊ ကတညုတောင်တန်ဆောင်းတော်၊ မဟာရာမ်ရောက်အောင် ပို့ဆောင်လိုသည့်အကြောင်းဖြင့်၊ လှည်းဘောင်တော်ကြီးသို့ ပင့်ဆောင်တော်မူသည့်အခါ။ မြို့ရွာအတွင်း၊ ခပင်းများစွာ၊ လူဗိုလ်ပါတို့သည်၊ ဆူညာသောင်းသောင်း တူရိယာပေါင်းများစွာနှင့်၊ တီးမှုတ်ကခုန်ပြီးခါ၊ ရွှင်ပသောစေတနာဖြင့်၊ ဘောင်တော်ဆိပ်သာသို့အရောက်၊ ဝမ်းမြောက်ကော်ရော် ပူဇော်ချီးပင့်ကြလေသတည်း။ ယင်းသည့်အခါ ရုပ်ပွားတော် မြတ်စွာဘုရားသည်၊ သာယာကြွချီ၊ လှည့်လည်ဒေသစာ၊ သုံးရက်ခန့်ကြာမှ၊ ကတညုပဗ္ဗတ၊ ပါဒခြေရင်း၊ မြေခင်းသန့်ပြောင်၊ ပဌမတန်ဆောင်းတော်နေရာ မဟာရာမ်အတွင်းသို့ ဆိုက်ရောက်တော်မူလေသည်။ ထိုသည့်အခါ သူဌေးမင်း ဒါယကာလည်း၊ များစွာသောင်းပြောင်း၊ ရှင်လူအပေါင်းတို့နှင့်တကွ။ လှေဘောင်တော်မှ ပင့်ချဆောင်ယူပြီးခါ၊ မဟာရာမ်အတွင်း သင့်တင့်သောမြေအဘို့၌၊ သိုက်မြိုက်ကောင်းမွန်စွာ၊ နေရာချထားလေသတည်း။

ယင်းသို့ရုပ်ပွားတော် ဘုရားမြတ်စွာသည်၊ နေရာကျနု၊ မဟာရာမ်အတွင်း၊ ခင်းကျင်းစီမံ၊ ပရိကံအဝဝ၊ ကိစ္စကုံလုံ၊ ပြည့်စုံပြီးမှ၊ ဗြာဟ္မဏအဝင်၊ ဗေဒင်တတ်အကျော်၊ ပုဏ္ဏားတော်တို့ကို၊ အနီးသို့ ပင့်ခေါ်ပြီးခါ၊ သင့်လျော်အောင် ဆုလာဘ်သပ်ပကာပေး၍၊ သွန်းလုပ်ရေးချိန်အခါကို၊ မေးမြန်းလေရာ။ ဆရာအကျော်-ပုဏ္ဏားတော်တို့သည်၊ ဗေဒင်ကျမ်းလာ၊ ဟောပြောနည်းအမှာဖြင့်။ သံဝစ္ဆရ မာသဒိဝါ၊ လိတ္တာနာရီ၊ ယဋ္ဌီဗီဇနာ၊ ခရာအချိန်နှင့်တကွ၊ ဝါရမိတ္တု ရက်ယုတ်စုမှန်။ ရက်ကြမ်းရက်ကန်း။ ပြဿဒါးခံသန်းသောနေ့။ ပဉ္စပွတ်-ဆပွတ်၊ ကန့်လန့်မနေသောနေ့-ဂြိုဟ်ပူးဂြိုဟ်နင်းနှင့်တကွ၊ တြင်းနဝင်းတိန်သင်း-မသင့်သောနေ့တို့ကို ပယ်ရှားပြီးခါ၊ အခါနာရီ၊ အချိန်ကောင်းမြတ်၊ သုခနက္ခတ်၊ ဝန်းပတ်တာရာ၊ ပါပါဂြဟ၊ ကင်းလွတ်သောသမယ၊ ရက်ထွန်းရက်ရာဇာ ရသောနေ့အချိန်ကာလကို တွက်ဆန္နိုင်းညှိကြမူ၍၊ ၁၂၆၂-ခု၊ အကျူး။ သုံးခုနှစ်အဝင်၊ တန်းခူးလပြည့်ကျော်သုံးရက်၊ တနင်းလာနေ့သည်သာ။ အခါကောင်းလတ်၊ ရက်မြတ်ရက်ထွန်း၊ ရက်ရာဇာဖြစ်သတည်းဟု သံဇးချိုသာ။ ဗေဒင်ကျော်ဆရာတို့ ဟောပြောခါ အချိန်ပေးလေသည်။ ထိုသည့်အခါ၊ သူဌေးမင်းဘုရား ဒါယကာလည်း၊ မြို့ရွာနေရှိ၊ လူကြီးလူကောင်းမင်းတို့ထံ၊ ထိုအကြောင်းကို ပြန်ကြား၍၊ ဤအမှုကိစ္စကြီးကား၊ ဦးစီးနာယကံ၊ ငါပင်ပဌာနဖြစ်ပေသည်ဟု ကြံတွေးသိမြင်။ ပညာရှင်သူဌေးမင်းလည်း သဘောဖြူစင်၊ သဒ္ဒါဇောဝင်သဖြင့်၊ မွမ်းဖြင်ပြည်သူ၊ ရှင်လူအများတို့နှင့်တကွ။ ဗုဒ္ဓပရိကံ၊ ပြုလုပ်ရန်အရေးတွင်။ ခပဲရှင်လူ။ ပြည်သူတိုင်းသားတို့အား၊ စားနားရိက္ခာ၊ ထောက်ပံ့လှူဒါန်းမည့်အရာကို။ ပြီးစီးအောင်ရှာကြံစုဆောင်းထားပြီးမှ၊ ဝန့်ရှင်တော်မင်းကြီးထံ ခွင့်ပန်လျှောက်ကြား၍။ အရေးပိုင်-ဝန်ထောက်-မြို့အုပ်-ဌာနစသော မြို့စောင့် နယ်စောင့် ခပင်း၊ အစိုးရမင်းတို့အား ပင့်ဘိတ်ထားပြီးခါ၊ ပန်းတည်းအမော်၊ ဆရာကျော်တို့ကိုလည်း၊ ပုံတော်အတု၊ ရွှံ့ရုပ်တုကို၊ ရှေးဦးက တင်လုပ်ထားရမည့်အကြောင်းနှင့်၊ တိုက်တွန်းနှိုးဆော်လျက်။ ထိုထိုကိစ္စ၊ အဝဝသည်၊ ညီမျှပြည့်စုံ၊ ပုဏ္ဏားတော်တို့ ဟောပြောသော တန်ခူးလပြည့်ကျော်သုံးရက်နေ့၊ ကြုံလတ်လေက။ ဘုမ္မိကနက်၊ အောင်စည်နက်ရာ၊ မဟာရဋ္ဌ၊ ညောဝတီပြည်သား၊ ရဟန်းရှင်လူအများတို့သည်လည်းကောင်း၊ မြို့ပိုင် နယ်ပိုင်အစိုးရမင်းတို့သည်လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာ၊ ညီညာစုဆောင်း၊ မဟာမုနိရုပ်ရှင်ဘွား ကိန်းအောင်းဘူးသော ကတညုတောင်နှာမောင်း၊ တန်ဆောင်းတော်ဘူးရာ။ မဟာရာမ်အတွင်းသို့ သင်းပင်းခြွေရံတို့နှင့်တကွ၊ စည်းဝေးရောက်လာကြပေသတည်း။ ထိုရောအခါ၊ သူဌေးမင်း ဘုရားဒါယကာသည်၊ ရောက်လာရှင်လူ၊ ဆင်းရဲသူ-လူရတတ်၊ အရာရှိ အရာခံ၊ ထိုက်တန်သည့်အားလျော်စွာ၊ နေရာထိုင်ခွင့်၊ စားသောက်သုံးဆောင်ရန် အသင့်နှင့်၊ ဆီးကြိုထောက်ပင့်၊ ချီးမြှင့်ပေးကမ်း၊ လှူဒါန်းခြင်းအမှုကို၊ စေ့ငုအောင် ပြုပေသတည်း။ ယင်းသို့ ကိစ္စအဝဝကို၊ ချမ်းမြသာယာ၊ ပြီးစီးသောအခါတွင်၊ ဗိုလ်လူပရိသတ်၊ ဝန်းပတ်ရံကာ၊ သူဌေးမင်းဒါယကာသည်၊ မဟာဝိသိဋ္ဌ၊ လောကသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူမြတ်ဘုရား၏၊ ကိုယ်စားတော်စစ်၊ သစ်သစ်လျှံညီး၊ ရုပ်ပွားတော်ကြီးဖြစ်စေရန်၊ ဦးထိပ်ထက် ပန္နက်ပန်၍၊ အောင်ဇေယျံ ဇေယျတု၊ အောင်မင်္ဂလာအမှုဖြင့်၊ အောင်ဆုအောင်ရာ၊ အောင်ကြောင်းရှာ၍၊ အောင်ရာအောင်ကြောင်း၊ အောင်ပန်းလောင်း၍၊ အောင်မောင်းအောင်ခင်၊ အောင်စည်နှင်းသဖြင့်၊ အောင်ခြင်းပတ္တနာ၊ အောင်မင်္ဂလာကိုသာ၊ ဇောအာရုံသွယ်ဖြာသဖြင့်၊ ဖရဏာပီတိ၊ ကိုယ်လုံးအိအောင်၊ လှုံ့လိုမ့်နှိုးဆို၊ အဟိုဝတ၊ ဘဝသံသရာ၊ ရှေးရှေးသောကပ်ကမ္ဘာတို့ထက်။ ပွင့်တော်မူပြီး

သော သမ္ဗုဒ္ဓဟိန္ဒဂူ။ ဘုရားမြတ်အဆူဆူတို့ထံ၊ အောင်ပန္နက်ပန်၍၊ အောင်လံစိုက်ထူ၊ အောင်ဆုယူဘူးသော ရက္ခပူရ တိုင်းသား ရှင်လူအများတို့နှင့်တကွ၊ သူဌေးမင်း ဦးရဲကျော်သူ၊ သူဌေးကတော် မသန္ဒာဖြူတို့၏။ အမထပူရံ၊ နိဗ္ဗူနန်းကို ရည်သန်၊ ကြံဘန်လုံ့လ၊ ဝါယာမပြုကြကုန်ပေသတည်း။ ယင်းသို့ ရုပ်ပွားသဏ္ဍာန်၊ ကြံဘန်အားခဲ ပြုကြသောအရေးသည်၊ အကဲထိုက်၊ အဘိုးတန်၊ ပြိုင်စံမရ၊ အနဂ္ဃရတနာ၊ သာသနာတော် ငါးထောင်ပတ်လုံး၊ မဆုံးမခြင်း။ ခပင်းများစွာ။ နတ်လူပြဟ္မာ၊ သတ္တဝါပျားပိတုံးတို့၏။ နမ်းသုံးစားသောက်ရာ။ ထာဝရကုသိုလ်တော်ကြီးအရားဖြစ်၍၊ စင်စစ်ချီးမြှင့်၊ ထောက်ပင့်မစသင့်ပေသတည်းဟု-ဝစီမြွက်ကြားလျက် မဆိုသော်လည်း၊ ဆိုသည့်အလားပမာ၊ ထိုရုပ်ပွားတော် ဘုရားမြတ်စွာကို၊ သွန်းတော်မူသောအခါ၌၊ ရုက္ခဘုမ္မာ၊ အာကာသအပြင်၊ ကောင်းကင်အုပ်စိုး၊ ဒေဝရာဇ်နတ်အမျိုးမျိုး တို့သည်။ အဘိုးနိဂ္ဃိ၊ ဆုံးမရှိသည့်၊ မုနိထွတ်ထား၊ ဂေါတမမြတ်စွာဘုရား၏။ ကိုယ်တိုင်တော် သွန်းထားခဲ့သော မဟာမြတ်မုနိ၊ နိမ္မိတသခင်၊ ရုပ်ရှင်တော်ဘုရားမြတ်စွာ၊ ကိန်းဝပ်တော်မူရာအစစ်၊ ရတနာဂန္ဓကုဋီတိုက်နေရာတော်သည်၊ ဘိုးတော်မင်းတရားလက်ထက် ပန္နက်စိုက်ထူ၊ ရက္ခပူရတိုင်းအလုံးကို၊ သိမ်းကျုံးပိုက်ထုပ်တော်မူသော အခါကပင်၊ ရုပ်ရှင်တော်ဘုရားမြတ်စွာကို၊ ပင့်ဆောင်ကာယူသွား၍၊ ဘုရားကင်းဆိတ်၊ ဗုဒ္ဓသုညဖြစ်၍၊ နေသည့်အရာ။ နှစ်ပေါင်း ၁၁၅-နှစ်ခန့် ရှည်ကြာလေပြီ။ မဟီမဏ္ဍလာ၊ စက္ကဝါပတ်ဝိုက်၊ သောင်းတိုက်အတွင်း၊ ခပင်းများစွာ၊ နတ်ပြဟ္မာတို့သည်၊ ခြင်းရာဥသုံ၊ အလုံးစုံကို၊ အကုန်သိမြင်လျက် ရှိသည်နှင့်အညီ၊ ဤလက်ျာမဟီ၊ ဇမ္ဗူဒီအပြင်တွင်၊ သန့်ရှင်းပြေပြစ်၊ ဗုဒ္ဓါသနနေရာတော်ဖြစ်သော ကုန်းတော်စစ်လည်း၊ လူနတ်တို့မှ မကွယ်မဆိတ်သင့်သေး။ ရက္ခပူရတိုင်းသားရှင် လူအများ တို့လည်း၊ ကာလရှည်လျား၊ ကုသိုလ်ပွား၍၊ သုံးပါးသော ချမ်းသာမြတ်ကို၊ ဆတ်ဆတ်မုချ၊ ခံစံကြရမည်ဖြစ်ပေသည်ဟု သောင်းနေစက္ကဝါ၊ နတ်ပြဟ္မာတို့သည်၊ ဤသည်အခါကား၊ ဧည့ဝတီတိုင်းသား ရှင်လူအများတို့နှင့်တကွ၊ သူဌေးမင်း ဦးရဲကျော်သူ၊ သူဌေးကတော် မသန္ဒာဖြူတို့သည်၊ သက်တော်ထင်ရှား၊ ဂေါတမမြတ်စွာဘုရား၏။ ကိုယ်စားတော်အသွင်၊ ဘန်ဆင်းသွန်းလောင်းအပ်သောအခါပင် ဖြစ်သတည်းဟု ဆင်ခြင်တွေးတော၊ သဘောညီညာ၊ ဒေဝါဒေဝီ၊ မဟီရုက္ခ၊ အာကာသနန်း၊ ကွန့်မြန်းနေထိုင်ရှိသမျှ၊ ဒေဝကျော်သောင်း။ နတ်အပေါင်းတို့သည်၊ သောင်းသောင်းကြေညာ၊ ကတညု တောင်နှာမောင်း၊ တန်ဆောင်းတော်တည်ဘူးရာ။ မဟာရာမ်အတွင်းသို့၊ သက်ဆင်းဝင်ရောက်လာကြပေသတည်းဟု၊ မျက်မြင်ဒိဋ္ဌ၊ မဟုတ်ကြသော်လည်း၊ ဟုတ်သည့်အလား မှတ်ယူထားသင့်ပေသတည်း။

ယင်းသည့်အခါ၊ မဟာရဋ္ဌ၊ နာမပျံ့ချီ၊ ဧည့ဝတီပြည်သား၊ ရှင်လူအများတို့နှင့်တကွ။ ကြက်သရေဆောင် ရွှေစလွယ်ရ သူဌေးမင်း ဦးရဲကျော်သူ၊ သူဌေးကတော် မသန္ဒာဖြူတို့သည်၊ ပြည်နိဗ္ဗူအောင်နန်းကို။ နောင်ရောက်ရန် ရည်မှန်း၍၊ သွန်းဖျန်းကြည်သာ၊ ပတ္ထနာအောင်ဆု၊ ပြုစဉ်အခိုက်တွင်၊ တိုင်းခွင်ပြည်သား၊ ရှင်လူအများတို့လည်း၊ ပျော်ပါရွှင်လန်း၊ တကိုယ်လုံးပီတိမွှမ်း၍၊ ဝါဂွမ်းဆီထိပမာ၊ သဒ္ဓါဇောပျံ့လွှမ်းလာကြသဖြင့်။ ပတ်သာဒုံမင်း၊ လင်းကွင်း တံပိုး၊ မုရိုးခရာ၊ တံမြှာခရုသင်း၊ စောင်းညင်းပတ္တရား။ နှဲကြီးပလွေ၊ တွက်ရေများစွာ၊ တူရိယာအစုံတို့ကို၊ တပေါင်းတည်း ပေါင်းဆုံလျက်၊ တပြိုင်နက်ပဲ့တင်သံ၊ ညိုးညိုးညံ၊ အသံမစဲ၊ သဲသဲအုံးအုံး၊ ထက်ဝန်းကျင်ထိန်းကြုံးအောင်၊ တီးမှုတ်ကြလေ ကုန်သတည်း။ ထိုသည့်အခါ၊ အရေးပိုင်အမိန့်အာဏာကို ပန်ဆင်ကာ။ ဇဝါအမြောက်၊ အကြိမ်ကြိမ်ပစ်ဘောက်သဖြင့်။ မုးအောက်နဘံ၊ ဘဝက်လျှံမျှ၊ အသံမစဲ၊ တသဲသဲဖြင့်၊ မင်းပွဲကြီးပမာ၊ လူရှင်များစွာတို့မှာလည်း၊ ကိုသိုလ်စိတ်ဇော ဝေဖြာ၍၊ ဘယ်ဟာကားဘယ်ပုံ၊ ဘယ်နည်းတုံဟုပြောဆိုထုံးမရ၊ သမ္ဗုဒ္ဓဘဂဝါ၊ မြတ်ဗုဒ္ဓစိန္တေယျာကိုသာ။ အာရုံမှာ စွဲကပ်၍၊ လူနတ်ဗိုလ်ခြေ၊ ပူဇော်လျက်နေကြဆဲတွင်၊ ငါးအင်ကလျာ၊ လက္ခဏာသမ္ပတ်၊ လုံးရပ်သန့်စင်၊ အဆင်းအရောင်၊ တောက်လင်းပြောင်သော မိန်းမကောင်းတို့အဂ်ါ၊ ညီညာချိုမွှေး၊ ယဉ်ကျေးတင့်တယ်သော သူဌေးကတော် မသန္ဒာဖြူ သည်၊ ကြည်နူး။ညွတ်တွား၊ သဒ္ဓါဟုန်တက်ပွား၍၊ သွန်းစက်တော်အပါးသို့ ကပ်။ တစေ့စေ့ကြည့်ရှု ဖူးမြင်လတ်လေရာ။ ဗလဝကုသိုလ်စေတနာ၊ တကိုယ်လုံးလွှမ်းခြုံပျံ့တက်လာသဖြင့်၊ ဖရဏာပီတိ၊ ကိုယ်လုံးအိ၍၊ လှုံ့လှိမ့်နှိုးဆို၊ ဗိုလ်ဝင်သဒ္ဓါ၊ ထက်သန်သောစေတနာဖြစ်ပွားသဖြင့်၊ လက်မှာပန်ဆင်၊ ရွှေစင်သိဂ်ႆနိက်၊ ဘိတ်ဘိတ်လျှံထိန်၊ ကျပ်ချိန်နှစ်ဆယ်ရှိ၊ မိမိလက်ဝတ်တန်းဆာကို၊ ရုတ်တရက်ချွတ်ခွာ၍၊ မိတ်လုံးမှာထည့်သွင်း၍၊ ပုံတော်တွင် သွန်းလောင်းပူဇော်လေသတည်း။ ယင်းကဲ့သို့ ဗိုလ်ဝင်သဒ္ဓါ၊ ဗလဝစေတနာဖြင့်၊ ရုတ်တရက်ရှောင်တခင်၊ သူဌေးမပူဇော်၊ လှူဒါန်းသည်ကို၊ ပြည်သူ တိုင်းသား၊ လူရှင်အများတို့ မြင်လေလျှင်၊ တိုင်းခွင်ပြည်သား၊ ယောကျ်ားမိန်းမ၊ ဟူသမျှတို့သည်၊ ဗလဝသဒ္ဓါ၊ ဖြူဆွသော စေတနာဖြင့်၊ ရွှေပါသူရွှေ၊ ငွေပါသူငွေ၊ ကိုယ်ဝတ်-လက်ဝတ်-နားဝတ် တန်းဆာမျိုးအထွေထွေကို၊ ပုံတော်ထဲသို့ သွန်းလောင်းပူဇော် ကြလေကုန်သတည်း။ ထိုသည့်အခါ၊ ရုပ်ပွားတော် ဒါယကာရင်း၊ သူဌေးမင်းရွှေ စလွယ်ရ ဦးရဲ ကျော်သူသည်၊ ရက္ခပူရတိုင်းပြည်သူ-ဗိုလ်လူများစွာတို့။ သဒ္ဓါပွားတိုး ကြိုးကြိုးပမ်းပမ်း၊ စေတနာပွင့်လန်းသဖြင့်၊

အလွန်လျှင် ဝမ်းမြောက်ကြသည်ကို မြင်လေလျှင်။ မိုးအောက်မြေပြင်၊ ဤလူ့ခွင်မှာ၊ ငါလျှင်လူမြတ်၊ လူဖြစ်ကျိုးနပ်ပေသည်တကားဟု နှုတ်မြွက်မိန့်ရှိပြီးခါ၊ လက်ျာမောင်းကို ဆန့်တန်းချီးမြောက်၊ လက်ပမ်းပေါက်ခတ်လေသတည်း။ ထို့နောက် တဘန်၊ သူဌေးမင်းကြံပြန်သည်မှာ၊ လူ့ဘမြတ်စွာ၊ စိန္တေယျာ၏၊ ပမာအသွင်၊ ရုပ်ရှင်တော်ဘုရားမြတ်စွာ၏ ဒါယကာမှန်၊ ဥက္ကဋ္ဌအရင်းခံသောကြောင့်၊ အောင်နက်သန် ဇမ္ဗူတိုက်မှာ၊ ကြက်သရေဆောင်-ထင်ရှားအောင် ငါဖြစ်ရပေသတည်းဟု-ချီးပသံကြုံး၊ ညာလက်ရုံးကို မြှောက်၍၊ ဝမ်းမြောက်နှစ်လို၊ အကြိမ်ကြိမ်မြွက်ဆိုလေသတည်း။ ယင်းသို့ ရုပ်ပွားတော် ဘုရားမြတ်စွာ။ ဒါယကာရင်း သူဌေးမင်း ဦးရဲကျော်သူသည်။ ရဟန်းရှင်လူ၊ ပြည်သူတို့မျက်မြင်။ နှုတ်ဖြင့်မြွက်ဆို၊ ကိုယ်ကိုကြွမြောက်။ လက်ပမ်းပေါက်ခယ၊ ရပ်တည်ထိုင်မမြဲ၊ လှုစ်လှုစ်တုံ ရဲရဲတောက်၊ ဝမ်းမြောက်ကြည်ညိုသည်ကို၊ ပြည်သူခပင်း မြင်ကြလေသောအခါ၊ အချို့လူရှင်များတို့သည်၊ ရှေးအခါ ရုပ်ရှင်တော် မဟာမြတ်မုနိ ဒါယကာ မဟာစန္ဒသူရိယမင်းသည်၊ ဤသူဌေးမင်း ဖြစ်လေအံ့လော။ ဤယခုအသစ်သွန်းလုပ်သော ရုပ်ပွားတော် ဒါယကာ သူဌေးမင်းသည်၊ ရှေးရုပ်ရှင်တော်ပွား မဟာမြတ်မုနိဘုရားဒါယကာ-မဟာစန္ဒသူရိယမင်း ဖြစ်လေအံ့လောဟု တွေးတောသံသယ၊ ယုံမှားပြောဆို ကြလေကုန်သတည်း။

ယင်းသို့ ဝမ်းသာရွှင်မော ပြောဟောချီးပင့်စဉ်အခါပင်။ ဒါယကာရင်း သူဌေးမင်းနှင့်တကွ။ ရက္ခပူရတိုင်းသူ၊ ရှင်လူအပေါင်း၊ သိန်းသောင်းများစွာတို့သည်လည်းကောင်း၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာပိုင်မိုးထက်တရိုးနှင့်။ လောကပါလာ၊ ဘုမ္မာရုက္ခ၊ မဟေသွရ၊ သူရဿတီ၊ ဟိမဝါသတ္တရဘန်၊ တောင်ရံပတ်ဝိုက်၊ က္ကဒ္ဒိတေဇာ၊ ဒေဝါကျော်သောင်း၊ နတ်ပြဟ္မာအပေါင်းတို့နှင့်တကွ။ သာသနာတော်စောင့်နတ်၊ လောကပါလနတ်တို့သည်လည်းကောင်း၊ ရံပတ်ဝန်းကာ၊ ညီညာသောင်းသောင်း စောင်မကြည့်ရှုသဖြင့်၊ ၁၂၆၃-ခု၊ တန်းခူးလပြည့်ကျော်သုံးရက်။ ဒေါင်းစက်ရဝန်၊ နံနက်ကိုးနာရီအချိန်တွင်။ အစိန္တေယျ၊ ဗုဒ္ဓကိုယ်စား ရုပ်ပွားတော်ဘုရားကို၊ လူနတ်နဂါး သိကြားပြဟ္မာတို့သည်၊ ညီညာစောင့်ကြပ်၊ ချီးပင့်အပ်သဖြင့်။ ယင်းသို့ ရုပ်ပွားတော်ဘုရားသည်၊ အများဗိုလ်လူတို့အလယ်၊ အန္တရာယ်မသန်း၊ ဖြောင့်တန်းပြီးမြောက်လေလျှင်၊ ခပင်းများစွာ၊ နတ်လူပြဟ္မာတို့သည်၊ သဒ္ဓါပွားတိုး၊ အားရအောင်ရှိခိုးပြီးလျှင်၊ မိမိတို့နေရပ်သို့ ပြန်သွားကြလေသည်။ ထို့နောက်မကြာ။ ရုပ်ပွားတော်ဒါယကာအရင်း- ရွှေစလွယ်ရသူဌေးမင်းလည်း၊ ခပင်းများစွာ၊ လူဗိုလ်ပါတို့အား။ စားနားကံကျွေးလက္ခပေးပြီးခါ။ ဘုရားရင်ပြင်၊ ကုန်းတော်မြတ်အတွင်းမှာ။ သစ်ပင်မြက်ဝါး၊ မသန့်ရှင်းသောအရာများကို၊ ထား-ပေါက်တူ-တူးရွင်း-တို့ဖြင့် ရှင်းလင်းအောင် ပြုလုပ်စေသည်။ ပန်းတည်းဆရာကျော်တို့အားလည်း။ ပုံတော်မြေသရွတ်ကို ချွတ်ခွာ၍။ ချော့မွေ့သန့်ရှင်းစွာ တိုက်ပွတ်လုပ်ကိုင်စေသည်။ ယင်းကဲ့သို့ ပြုစေစဉ်အခိုက်၊ သဒ္ဓါဇောဆိုက်သဖြင့်။ မိမိအကြံဖြစ်သည်မှာ။ ဤနေရာတွင် ပလ္လင်၊ ဤနေရာမှာ တန်းဆောင်း၊ ဤနေရာမူဂူ၊ ယင်းကဲ့သို့ အကြံယူသဖြင့်၊ စိတ်ကူးပြီးခါ၊ နေရာသတ်မှတ်၊ လူတတ်-လူသိ-လူကဝိတို့နှင့် နှိုင်းညှိတိုင်းတာ၍၊ ပလ္လင်တော်တန်ဆောင်းတော်များ အလို့ငှါ။ အုဌ်အင်္ဂတေ၊ သည်တိုင်ထုပ်လျောက်၊ အဆောက်အဦးတို့ကို စိတ်ကူးနှင့် ရှာကြံလေရာ။

ကလျာဏကာရီစကလျာဏံ၊ ပါပကာရီစပါပကံ၊ ယာဒိသံဝပ္ပတေဗီဇံ၊ တာဒိသံဟရတေဖလံ။ ။ ကျမ်းဂန်အရ၊ ကလျာဏကာရီအဝင်- ရုပ်ပွားတော် ဒါယကာရင်း၊ သူဌေးမင်း ဦးရဲကျော်သူ-စိတ်ကူးရှာကြံလျှင်ပင်။ ဘုရားသခင်တန်းခိုးကြောင့်၊ လောကစောင့်နတ်အပေါင်းတို့သည်၊ စုဆောင်းရှာဘွေသဖြင့်၊ အသင့်ပို့ဆက်ရလေသည်။ ရလျှင်ရခြင်း၊ သူဌေးမင်းလည်း၊ အရင်းစေတနာ၊ သဒ္ဓါထက်သန်၊ ကြောင်းရင်းခံရှိသဖြင့်။ မငြိမတွယ်။ မဆွေမရော၊ ရက်ရက်ရောရော သဒ္ဓါဇောဖြင့်။ လောလောစင် ပြုပြင်ဆောက်လုပ်လိုသော်လည်း၊ ဗေဒင်ကျော် ဆရာပုဏ္ဏားတို့ကို အနားသို့ ခေါ်သဖြင့်၊ ပြဿဒါးပါပကာ၊ ဝါရမိတ္တူ၊ ရက်ယုတ်စုကင်း၊ ရက်မင်း-ရက်ထွန်း၊ ရက်ရာဇာ အခါကောင်းမြတ်သော အချိန်ကို မေးမြန်းလတ်လေရာ၊ ဗေဒင်ကျော် ပုဏ္ဏားတော်ဆရာတို့က။ ၁၂၆၃-ခု၊ နတ်တော်လဆုတ်တရက် တနင်းလာနေ့။ ပန္နက်သဲသင့်လျော်ကြောင်းနှင့် ကျမ်းဟောင်းအထွက် ဟောမြွက်ကြလေရာ။ ၎င်းနေ့ချိန်အခါတွင်။ မြို့ရွာတွင်းရှိ လူကြီးလူကောင်း၊ အပေါင်းသဟာယတို့ကို၊ ပင့်ခေါ်ပြီးခါ။ ပန်းတည်းပန်းရံ-ပန်းပု-အစုစုသော လက်မှုဆရာကျော်တို့ကို၊ ဂူတော်-တန်းဆောင်းတော်၊ ပလ္လင်တော်နေရာများကို၊ တိုင်းတာမှတ်သားလျက်။ တပြိုင်နက်ပန္နက်ချကြစေ၍၊ မိမိတို့၏ ဆိုင်ရာကိစ္စကို။ ကိုယ်စီကိုယ်ငပြုလုပ်ကြရန် စီမံပြောဆိုလေသတည်း။ ယင်းသည့်အခါ၊ သူဌေးမင်း ဒါယကာတို့မှာလည်း၊ ပန်းတည်း-ပန်းရံ-ပန်းပုလုပ်ကိုင်သူ တစ်စုတို့အားလည်းကောင်း၊ အုဌ်အင်္ဂတေသည် တိုင်ထုပ်လျောက်။ အဆောက်ဦ သမ္ဘာရဟူသမျှတို့ကို၊ အားထုတ်လုံ့လ၊ လုပ်ကိုင်ကြရာ။ သပြာသိန်းကျော်၊ ချင့်မျှော်စာရင်း၊ လက်ငင်းကုန်ကျသဖြင့်၊ ၁၂၆၅-ခု၊ ဥတုဂိမ္ဟန္တ၊ ဝေသာခနတ်၊ ပြည့်ယှဉ်လတ်သောအခါ။ မာသဆန်းထူး၊ ရတုကျူးသည်၊ နွားမြူးဥသဘ၊ ကဆုန်လ

တွင်၊ သမ္ဗုဒ္ဓရှင်ချစ်၊ ဓမ္မရာဇ်ဘုန်းခေါင်၊ ငါးမာရ်အောင်မြတ်ဘုရား၏၊ ကိုယ်သားတော်အစစ်ဖြစ်တော်မူသော **(မဟာမုနိသီရိပဝရသကျမာရဇိန်)** အမည်တော်ရှိသော ရုပ်ပွားတော်ကြီး၊ ၎င်းရုပ်ပွာတော်ကြီး၏ ကိန်းဝပ်ရာဖြစ်သော အပရာဇိတ ပလ္လင်တော်။ ၎င်းရုပ်ပွားတော်ကြီး၏ စံတော်မူရာ မဟာအတုလ ဝိစိတြဝေယန်မည်သော တန်ဆောင်းတော်ကြီးသုံးပါးတို့သည်၊ ထိန်ညီးပြောင်လက်၊ အောက်ထက်လုံခြုံ၊ ခြူးအုံပန်းကပ်၊ မုတ်ထွတ်အချက်။ စိန်ရွှက်စိန်တင်၊ တုရင်မှန်ကင်း၊ စုလစ်မွန်းချွန်၊ အတန်တန်သောအဆောက်အဦး၊ ကြည်ဖြူနှစ်သက်၊ စုံမက်မြတ်နိုးဘွယ်ရာ-အဖြာဖြာသော ရတနာတို့ဖြင့်၊ မွမ်းမံချယ်လှယ်။ တင့်တယ်သမ္မု ပြုအပ်လေရကား၊ သိကြားမင်းကြီးစေတမန်၊ ဝိသုကံနတ်သားသည်။ ခြားနားကောင်းမွန်၊ ဘန်ဆင်းစီမံ၍၊ အရံသင့်ထားသကဲ့သို့။ သားသားကွန့်ကွန့်၊ တိမ်ညွန့်တိမ်တောင်၊ တက်ထောင်မခန်း၊ အံ့ရှုမကုန်၊ ဥသုံကိစ္စ၊ ဟူသမျှသည်၊ လက်စသိမ်းရုံး ပြီးငြိမ်းခြင်းအဆုံးသို့ ရောက်လေသတည်း။

ထိုသို့ ဥသုံကိစ္စ၊ ဟူသမျှသည်၊ သဗ္ဗနိဋ္ဌိတံ၊ အောင်လံပြီးမြောက်၊ ၁၂၆၆-ခုသို့ အရောက်တွင်၊ သူဌေးမင်းဘုရားဒါယကာသည်၊ လှူဒါဝတ္ထု၊ အစုစု အဝဝ၊ လက္ခဏံကျွေး၊ သိန်းသောင်းကုဋေပေး၍၊ ဆည်းပူးထားပြီးသော ရုပ်ရှင်ပွား ဘုရားမြတ်စွာနှင့်တကွ၊ ဂူတန်ဆောင်းပလ္လင်တော်ကို၊ သာဓုနုမော်၊ ပူဇော်သက္ကာ၊ ပတ္တနာရေစက်၊ ပန္နက်ခ်ဋ္ဌာန်၊ ပြုရန်အရေးကို အားခဲကြံစည်လျက်။ ရှေးဦးကတင်ကူးပြီးခါ၊ မြို့ရွာခရိုင်၊ နိုင်ငံတော်အတွင်း၊ မင်းဆင်းရဲသား၊ ပုဏ္ဏားပုဏ္ဏေး၊ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ်၊ ယာခုတ်စူးထိုး၊ အမျိုးခြားဘာသာခြား၊ အမျိုးတူ-ဘာသာတူ၊ အလှူဝင်သူ မဝင်သူ၊ လူဟူသမျှတို့အား၊ တန်းဆောင်မုန်းလ၊ သရဒရာသီ၊ ပုဏ္ဏမီနေ့တွင်၊ အနုမောဒနာမှု-သာဓုခေါ်ကြရအောင်၊ သဒ္ဓါကို ရှေ့ဆောင်၍၊ ကြွလာစေလိုကြောင်းနှင့်၊ ကောင်းသောဘိတ်မန်စာကို၊ ပုံနှိပ်ကာ ကြော်ငြာလိုက်ပြီးလျှင်၊ သူဌေးမင်းရွှေစလွယ်ရ ဦးရဲကျော်သူမှာ ကတည္ဍုတောင်နှာမောင်း၊ တန်ဆောင်းတော်အပြင်မှာ သန့်ရှင်းစွာ သုတ်သင်၍၊ ပန်းကုန်အလား၊ တန်းခွန်ကုက္ကားနှင့်၊ မုလေးပွား ကြက်လျှာအဖြာဖြာတို့ဖြင့်။ ဆန်းကြယ်စွာ တန်းဆာဆင်လျက်။ ဝန်းကျင်ဒိသာ၊ ကုန်းတော်မြတ်ပတ်လည်မှာ၊ ဘွယ်ရာထူးဆန်း၊ ရဟန်းရှင်လူ၊ ပြည်သူတိုင်းသား၊ ဗိုလ်လူအများတို့တည်းနားခိုနေကြရန်၊ မဏ္ဍပ်ကန္နားကြီးကျယ်ခန်းနားသော အဆောက်အဦတို့ကို တင်ကူးဆောက်လုပ်ပြီးခါ၊ စားနားရိက္ခာ၊ အသုံးအဆောင်ဘဏ္ဍာများကို၊ လုံလောက်အောင်ပြင်ဆင်၍၊ ရှင်လူအများ ရောက်လာကြသူတို့အား၊ အစားအစာရိက္ခာပေးကမ်း၊ မပင်ပန်းစေရ၊ လူရဟန်းတို့အလိုကြ၊ ထောက်မပေးကမ်းပြီးလျှင်၊ သူဌေးမင်းလည်း သင်းပင်းခြွေရံနှင့်တကွ။ မြို့ရွာဂါမ-နိဂမတို့၌။ ကြက်သရေရှိ လူကြီးလူကောင်း အပေါင်းများစွာတို့နှင့်၊ ညီညာဖြဖြ စည်းဝေးကြပြီးလျှင်၊ တန်းဆောင်မုန်းလမပြည့်ခင်၊ ငါးရက်နေ့က တင်ပြီးလျှင်။ ဆင်ယင်ကျင်းပသည်မှာ၊ ဇာတ်ရုပ်သေးနှင့်မီးပွဲ၊ ရေပွဲ-ညဥ့်ပွဲ-နေ့ပွဲ- သဲသဲညာဆူ၊ အူအူသောင်းသောင်း၊ ဗိုလ်လူအပေါင်းတို့။ နှစ်ထောင်းသံသာ၊ သာယာချိုဗ္ဗဲ၊ ခြိမ့်ခြိမ့်သဲအောင်၊ ပွဲကြီးလမ်းကြီး၊ အတည်တည်ကျင်းပပြီးမှ၊ ၁၂၆၆-ခု၊ တန်းဆောင်မုန်းလ၊ သရဒအခါ၊ ကျတ္တိကာနှင့်၊ ဖြိစ္ဆာရာသီ၊ တိထိထွန်းစေ့၊ လပြည့်ပုဏ္ဏမိန်၊ ၉-နာရီအချိန်တွင်၊ ပရမတ္တသင်္ဃာ၊ အရိယာနွယ်ဝင်၊ သံဃာတော်မထေရ်မြတ်တို့ကို၊ တရားမဏ္ဍပ်သို့ ပင့်ဆောင်ပြီးခါ၊ ဓမ္မကွန်ဒေသနာကို၊ ရိုသေစွာ နာခံသည့်အဆုံးတွင်။ ဒါယကာရင်း-သူဌေးမင်းမြွက်ဆိုသည်မှာ၊ ယခုအခါ၊ အကျွန်ုပ်တို့နှင့်အတူ၊ နည်းများမဟူ၊ အလှူဝင်ကြသဖြင့်၊ သီရိပဝရသကျမာရဇိန်ရုပ်ပွားတော်ကြီးနှင့်တကွ၊ အတုလဝိစိတြဝေယန် တန်ဆောင်းတော်ကြီးများကို၊ တည်ထားဆောက်လုပ်လှူဒါန်းရခြင်း၊ ကုသိုလ်တို့ကြောင့်လည်းကောင်း။ ကထိနပရိက်၊ ဆောင်ရန်ပြီးစီး၊ ကထိန်လျာသက်န်းကြီးနှင့်တကွ၊ အရဟတ္တအမွန်၊ အောင်တန်းခွန်ဘိသိက်၊ တိစီဝရိတ်အစုံတို့ကို။ သင်္ဃာတော်အရှင်မြတ်တို့အား လှူဒါန်းရသော ကုသိုလ်တော်စေတနာတို့ကြောင့်လည်းကောင်း၊ ရဟန်းရှင်လူ၊ ပြည်သူခပင်းတို့အား၊ တတ်အားသမျှ လှူဒါန်းရသော ဒါနကောင်းမှု အစုစုအရပ်ရပ်တို့ကြောင့်လည်းကောင်း၊ သုံးဖြာဝဋ္ဋ၊ အာသဝဟု၊ ဩဃပြင်ကျယ်၊ သမုဒ်လယ်မှ၊ ထုတ်ကယ်တင်ဆောင်၊ ခေမာသောင်သို့၊ ရွှေဘောင်မဂ္ဂင်၊ ရွက်ဖြူဆင်သဖြင့်၊ ဆောလျှင်မကြာ၊ ရောက်နိုင်လိုပါကြောင်းကို၊ ပတ္တနာအောင်ပန်း၊ ရေစက်သွန်းပြီးခါ၊ လူနတ်ပြဟ္မာဝေနေယျာတို့အား ချမ်းသာစေမှု၊ အမှုပြုပြီးမှ၊ တခါတချက်တည်း- အောင်ပွဲသဘင်ဆင်ယင်ပြီးမြောက် နိဗ္ဗာန်ရောက်ဖြစ်လေသတည်း။ ဤဆိုအပ်ခဲ့ပြီးသော စကားအလုံးစုံတို့သည်ကား။ ဘုရားဒယကာရင်း ကြက်သရေဆောင် ရွှေစလွယ်ရသူဌေးမင်းသည်၊ ရုပ်ပွားတော်ဘုရားမြတ်စွာကို၊ သွန်းလုပ်တည်ထားကိုးကွယ်မည်ဟု၊ စိတ်အကြံဖြစ်သည်မှစ၍၊ အလုံးစုံပြီးမြောက်သည်တိုင်အောင် အကျယ်ပြဆိုခဏ်းတည်း။ ။ ဗုဒ္ဓပတိဋ္ဌာပနစာတမ်းပြီး၏။

ရက္ခပူရီ-ဓညဝတီရွှေပြည်တော်ကြီးသည်။ အုပ်စီးပိုင်နင်း၊ တိုင်းရင်းမင်းကင်း ပြတ်သည်ကစ၍။ ၁၁၁၅-ခုမြောက်တွင်၊ ရုပ်ပွားတော်တဆူ ပြည်သူအများနှင့်တကွ။ ကြက်သရေဆောင် ရွှေစလွယ်ရ သူဌေးမင်း-အရင်းဥက္ကဋ္ဌ၊

ဝါယာမစိုက်ထုတ်၊ ပြုလုပ်ပြီးမြောက်။ ထို့နောက်တတန်၊ ကြံဘန်ကြဉ်းဆောင်ကြရာ။ တန်ဆောင်းတော်-ဂူတော်စသော ဗုဒ္ဓါသနေ၊ အဝဝသောကိစ္စ ပြီးမြောက်ကြလေသဖြင့်၊ ရုပ်ပွာတော်ဘုရားရှင်၊ ဒါယကာရင်း-သူဌေးမင်း ဦးရဲကျော်သူ၊ သူဌေးကတော် မသန္တာဖြူတို့ကို၊ နတ်လူပတ္တနာ၊ မေတ္တာဝေငှ၊ ချီးပမြောက်မြှင့်သင့်ပေသည်။ ထိုသို့ချီးပမြောက်မြှင့်၊ တင့်တယ်သမှု၊ ယုယုယယ၊ ချီးပပြောဆို၊ ဂုဏ်ကို မြောက်တင်ပြန်လျှင်လည်း၊ နားမခံချင်၊ ကဲ့ရဲ့ပြစ်တင်သူ၊ မာန်တန်းခွန် ထူလျက်၊ နှုတ်ခမ်းတစူစူနှင့်၊ ပြူစူရှုတ်ရှယ်၊ သူတပါးကို၊ ဂုဏ်ပျက်ပြယ်အောင်၊ စကားမကောင်း၊ လူဖျင်းသောင်းတို့နှင့်၊ ရောပေါင်းစုရုံး၊ တော်သင့်ရာအိမ်ကြား- ဇရပ်ကြားမှာ၊ ဗလဘွာပြောကြား၍၊ တဟားဟား တဟီးဟီး၊ အထင်အမြင်ကြီး နှင့်၊ က္ကဿာမစ္ဆေရမီးကြီး လောင်စွဲ၍လည်း ရှိကြတတ်သည်။

ဂုဏာဝန္တာနဉ္စိဂုဏံ၊ ဗုဒ္ဓါဝေပါကင်္ဋကာတုံသက္ကောန္တိ။ အဝသေသဇနော ဂုဏာဝန္တာနံ ကထေန္တော မစ္ဆရာယတိ။ ဟူသော ဓမ္မပဒအဋ္ဌကထာ။ ဒုဇ္ဇနာဂုဏာဝန္တာနံ၊ ဥဿုယန္တိဂုဏာဂိဒ္ဓေန။ ဟူသော ကစ္စည်းကျမ်းအထွက်။ ။ ဤပါဠိအဋ္ဌ ကထာ။ ဒေသနာဓမ္မစက်ကို ဉာဏ်ဖြင့်ထောက်ချင့်၍။ သူတပါးဂုဏ်ကို ဖျင်းသုန်အောင် ပြောကြားခြင်း။ ထိုဂုဏ်၌ မက်မောသဖြင့် ပြူစူစောင်းမြောင်းခြင်း စသော ဝစီဒုစ္စရိုထ၊ မနောဒုစ္စရိယတများကို ပယ်ရှားရှောင်ကြဉ်ကြသဖြင့်။ ချီးမြောက်သင့် ချီးမြောက်ထိုက်သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သူတို့ကို။ အဆူဆူသောဘုရားမြတ်စွာတို့သည်သာ။ ထိုရအပ်သော ဂုဏ်ကျေးဇူးရှိသော သူတို့၏ ဂုဏ်ကို ထင်ရှားစွာဖြစ်စေရန်။ သူတပါးတို့ထက် သာလွန်၍၊ ချီးမွမ်းမြောက် စားတော်မူသောအကြောင်းအရာများကို ဆင်ခြင်စဉ်းစား၍၊ မမြောက်စား၊ မချီးမွမ်းလိုသော စိတ်နှလုံးထားရှိသော် လည်း၊ သူတပါးဂုဏ်ကို ချေဖျက်ပြောဆို ကဲ့ရဲ့လိုသောစကားများကို၊ ကြိုးစားရှောင်ပယ်စေလိုကြောင်း ဆုတောင်းမေတ္တာ ရပ်ခံလိုက်ပါသတည်း။

<u>မဟာမုနိသီရိပဝရသကျမာရဇိန် ရုပ်ပွားတော်ကြီးနှင့်တကွ</u> မဟာအတုလဝိစိတြဝေယန် တန်ဆောင်းတော် ကြီးတို့၏ ဒါယကာရင်း-သူဌေးမင်း ဦးရဲကျော်သူသည်။ ရှေးရှေးသော သယမ္ဘူအရှင်၊ ဘုရားသခင်တို့ထံ ဆုပတ္ထနာပန်၍၊ သံသရာမြစ်မ။ ပဋိစ္စစကြာဝယ်၊ သန္ဓေစုတိ၊ ဂတိမမြဲ ပြောင်းရွှေ့လှည့်လည်ရာ၊ ဂေါတမမြတ်စွာဘုရား၏ သာသနာတော် သက္ကရာဇ် ၂၃၇၅-ခု၊ ဂေါဇာသက္ကရာဇ် ၁၁၉၄-ခု၊ ဥတုဟေမန္တ၊ နတ်တော်လ္ဆုတ်ဆယ်ရက် တနင်းလာနေ့ည။ မာဃ နက္ခတ်၊ မွန်းလတ် (၁၀)နာရီဘွား၊ ယောကျ်ားအာဇာနည်၊ ဉာဏ်ရည်ထက်မြက်၊ စက်လက္ခဏာအင်္ဂါပြည့်ညီ၊ ပါရမီဘုန်းကံ သမ္ဘာသန်၍၊ နှိုင်းစံမလျော်၊ တန်းခိုးပေါ်သော သူဌေးမင်း ခေါ် ဦးရဲကျော်သူသည်၊ ရွှယ်တော်မူလ၊ ငယ်စဉ်ကပင်၊ ဆဲ့ရှစ်ဝအတတ်၊ ပိဋ္ဋကတ်ဗေဒင်၊ ပြီပြင်ကျနု၊ အာစရိယလဒ္ဓ၊ သုတပန်းခိုင်၊ လန်းလန်းကြိုင်သဖြင့်။ ရွှယ်တိုင်သက္ကရာဇ်၊ ဆဲ့ငါးနှစ်ကပင်၊ ပွင့်သစ်သောပန်း၊ ဆန်းသစ်သောလ၊ ပမာဏသို့၊ မဖ္ဖိမတိုင်းဝင်၊ လူရှင်အများတို့နှင့်လည်းကောင်း၊ မြန်မာနယ်ဝင်၊ တနင်္သာရီတိုင်းသားတို့နှင့်လည်းကောင်း၊ ဘောက်ကားရောင်းဝယ်၊ ကုန်သည်တို့အမှုကို ပြုနေစဉ်။ သာသနာတော်သက္ကရာဇ် ၂၃၆၈-ခု၊ ဂေါဇာသက္ကရာဇ် ၁၂၀၀ပြည့်၊ တန်းခူးလ္ဆုတ်၊ ရှစ်ရက်စနေနေ့ည၊ သုံးနာရီဘွား၊ ငါးပါးကောင်းခြင်း၊ ရုပ်ဆင်းကြည်လင်၊ ကင်းစင်အမျက်၊ မထွက်စဘူး၊ ဆုထူးပါရမီရှင်၊ လင်ကိုမြတ်နိုး၊ ဂူပုထိုးသို့၊ ညွှတ်လျှိုးခစား၊ ဝတ်ငါးပါးနှင့်၊ တရားစွဲကပ်၊ မိန်းမမြတ်တို့ လက္ခဏာ၊ ရုပ်ဝါနတ်မူ။ သန္တာဖြူခေါ်၊ သူဌေးကတော်မ အလောင်းနှင့်။ အကြောင်းပုည၊ ဘုံဘဝတွင်၊ ဆုံကြမပျက်၊ ပါရမီအကျိုးဆက်ကြောင့်၊ နှစ်သက်မေတ္တာ၊ မင်္ဂလာစုလျား၊ နှစ်ပါးဂဟော၊ မြနှင့်ရွှေသို့၊ နဘေးကုံးထပ်၊ ကုသိုလ်ကံစပ်မိလေလျှင်။ အတတ်ပညာ၊ ရောင်းဝယ်ကူးသန်းသောအရာတွင်။ လိမ္မာကြေပြွန်၊ ထူးချွန်ဝီရိယ၊ ကံဉာဏ်တန်းခိုး၊ တစတစတိုးသောကြောင့်၊ မျိုးရိုးဇာတိ၊ ကြွယ်ဝပြည့်စုံခြင်းမရှိသော်လည်း၊ ထုံးနည်းကျမ်းဝင်၊ လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်သူဌေးကဲ့သို့၊ ကျွန်ကျေးလယ်ယာ၊ ဥစ္စာခမ်းနား၊ ရထားဆင်မြင်း၊ မွမ်းဖျင်သောင်းသောင်း၊ ရေကြောင်းကြီးယာ၊ နာဝါသီးသီး၊ တိုက်ကြီးအဆောင်ဆောင်၊ အရောင်မြရွှေ၊ ပိုင်စားမြေနှင့် တကွ၊ အရေအတွက်မရ၊ ပေါများကြွယ်ဝ၍၊ ဇောတိကအနာထပိဏ်၊ ကျော်ရှိန်ပြန့်မွှေး၊ ရှေးသူဌေးတို့လို၊ ဂုဏ်သိမ် ထင်ပေါ်၊ သူဌေးမင်း ဦးရဲကျော်သူဆိုသောလူသည်၊ ရွှယ်မူပဌမ၊ ငယ်စဉ်ကလျှင်၊ စ၍မပျက်၊ ကြက်သရေမင်္ဂလာ၊ ရတနာရွှေငွေ၊ နေ့ရှိတိုင်းပွားတိုး၍နေသော။ အကြောင်းစဉ်ဆက်၊ အဋ္ဌုပ္ပတ္တိအချက်များကို။ ဆက်လက်ရေးသား၍ပြပေ အံ့သတည်း။

မဟာမုနိသီရိပဝရသကျမာရဇိန် ရုပ်ပွားတော်ကြီးနှင့်တကွ၊ အတုလဝိစိတြဝေယန်တန်ဆောင်းကြီး ဒါယကာ ရင်း သူဌေးမင်းရွှေစလွယ်ရ ဦးရဲကျော်သူသည်။ ဘဝန္တရက၊ ဒါနပါရမီ၊ သမ္ဘာရ စုံညီသော ယောကျ်ားအာဇာနည်။ ကံဖြိုးကြွယ်သည်၊ လူရည်လူမွန်၊ လူထူးချွန်ဟု ဧကန်စင်စစ် မြောက်စားထိုက်သော တံဆိပ်ရလူကျော်သည် သက်တော် နှစ်ဆယ်ပြည့်သည်က စ၍၊ သုံးဆယ်ကျသောအခါ၊ လူတို့ထုံးတမ်းစဉ်လာ၊ ရောင်းဝယ်ဘောက်ကားရာ၊ သပြာသုံးသိန်း

ကျော်ခန့် တိုးတက်ချမ်းသာလာသတည်း။ ထိုသည့်ကာလမှ၊ အသက်ခုနှစ်ဆဲ့ခုနစ်နှစ်ကျအောင်။ နှစ်စဉ်မပျက်ပြား၊ ငွေဒင်္ဂါးနှစ်သိန်းစီ၊ မျှညီတိုးပွား၊ အမြဲအားဖြင့်၊ ချမ်းသာလေသည်။ ယင်းသို့ ပွားတိုးချမ်းသာ၊ ထိုအခါမှစ၍ သဗ္ဗဒိသာ၊ ရှစ်မျက်နှာမှ ရောက်လာသမျှ မယ်သီလဘိုးသူတော်၊ ရဟန်းတော်သခင်၊ ယာစကာအရှင်တို့အား၊ ကြည်လင်သဒ္ဓါ၊ စေတနာအလျောက်၊ ထောက်မကြည့်ရှု၊ နိစ္စဒါနပြု၍၊ ကောင်းမှုကို ဆည်းပူးသဖြင့်သာ နေလေသတည်း။ ထို့နောက်တဘန်၊ သူဌေးမင်း အသက်သုံးဆဲ့ငါးနှစ်ရောက်ပြန်သောအခါ။ ကျောင်းအရံများစွာဆောက်၍၊ မန္တလေးမြို့တော်မှ ကြွရောက်လာသော ဆရာတော် ဦးဥတ္တမကို၊ အရံနှင့်တကွ။ ကျောင်းတော်ကို ရေစက်ချ၍၊ ပဌမကျောင်း ဒါယကာခံလေသည်။ ။ ထို့နောက်တသွယ်၊ သူဌေးမင်း အသက်သုံးဆဲ့ကိုးနှစ်အရွယ်တွင်၊ သားရင်းအစစ်၊ ချစ်၍မဆုံး၊ ဂမုံးပန်းအထူး၊ မောင်ကျော်ဦးကို၊ ကြည်နူးသဒ္ဓါ၊ မြတ်စွာဘုရားသာသနာသို့၊ ချီးပင့်မြှောက်မြှင့်၊ သွတ်သွင်း၍၊ သာမဏေရပဗ္ဗဇ္ဇ ပြုစေရာ။ သီးမျိုးစုံပဒေသာ နှစ်ဆဲ့ငါး။ သုံးတောင်ပါးရှိ တြိဒေါစင်၊ သန့်စင်တင့်ရှု ကြေးဆင်းတုတဆူ၊ ဓမ္မဒါနဖြစ်အောင်၊ ရည်စူးလျက်၊ သုံးဆူပိဋကတ်၊ ပရိယတ်ပေစာကို၊ သိုမှီးရာတိုက်နှင့်တကွ၊ ရှစ်ဝပရိက္ခရာ၊ အစုံပါလျက်၊ လှူဒါလှူမူ၊ ဒါနဝတ္ထု၊ အဖြာဖြာတို့ကို တင့်တယ်လှပစွာ ပြုပြင်ထားပြီးလျှင်၊ ရှေးခုနစ်ရက်ကတင်၍၊ လူရှင်အများ၊ လပ်လျားမရှိရ၊ နေ့ညဥ့်မရွေး၊ ပြည့်ဝအောင်ကျွေးမွေး၍၊ အဆုံးခုနစ်ရက်နေ့မှာ၊ သားကြီးရတနာကို၊ သာသနာတော်သို့ သွတ်သွင်းချီးမြှောက်၊ သာသနဒါယဇ္ဇနှင့်တကွ။ အာမိသာနုဂ္ဂဟ၊ နှစ်ဝအကျိုးကို ပြည့်ဖြိုးစွာ ခံယူလေသည်။ ။ ထို့နောက်တသွယ်၊ သူဌေးမင်း အသက်လေးဆယ်၊ လေးဆဲ့ငါးနှစ်အရွယ်တွင်၊ စစ်တွေမြို့မ အလယ်တွင် ကြီးကျယ်သော လေးထောင့်ကန် တစ်ခုနှင့်၊ ဦးရစ်တော်တောင်ထိပ်မှာ ဓာတ်တော်မွေတော်အစစ်၊ ရုပ်ပွားဆင်းတုတော်သစ်တို့ကို၊ သိုက်မြိုက်လှစွာ၊ ဌာပနာ၍၊ မြေစိုက်ဘုရားတဆူ တည်ထားတော်မူပြီးလျှင်၊ အထက်ခရားသီးမှ အောက်ဘိနပ်တော်ကျအောင်၊ ရွှေသင်္ကန်း လုံး ပြည့်ချ၍၊ ဒါနအရာ၊ မည်သညာမှန်၊ ကန်တကာနှင့်၊ ရွှေစေတီဒါယကာ ခံရလေသည်။ ထိုခါသမယ၊ မန္တလေးမြို့မှ၊ အာသဘခေါ်လောက်၊ ပရိယတ်တတ်မြောက်သဖြင့်၊ ပြန်ကြွရောက်လာသော၊ ဦးဝရသမ္ဘောဓိ ဘုန်းတော်ကြီးကို၊ သုံးထပ် ကျောင်းကြီး စီမံဆောက်လုပ်၍၊ အရံနှင့်တကွ ပစ္စယာနုဂ္ဂဟဓမ္မာ နုဂ္ဂဟနှစ်ပါးတို့ဖြင့် မြှောက်စားချီးမြှင့်၍၊ နှစ်ကြိမ်မြောက် ကျောင်းတကာ ခံလေသည်။

သူဌေးမင်း ဦးရဲကျော်သူသည်။ အသက်လေးဆဲ့ငါးနှစ်မှ ခုနှစ်ဆယ်ကျအောင်။ အလှူဒါနပြုပြုသမျှတို့ကို၊ သိမ်းရုံး၍ပြဦးမည်၊ ။ စစ်တွေမြို့ဒေသ၌။ မိန်းမဆေးရုံ တည်ထောင်ဆောက်လုပ်သည့်အရာမှာ။ သပြာဒင်္ဂါး(၃၇၀၀) အလှူဝင်သည်လည်းတစ်ရပ်။ ကျေးလက်မြို့ရွာတို့၌ ဒုဗ္ဘိက္ခကပ်၊ ငတ်မွတ်ခေါင်းပါးလေရာ (၄၀၀၀)တကြိမ်။ (၈၀၀၀) တကြိ၊ (၆၀၀၀)တကြိမ်၊ (၁၀၀၀)တကြိမ်၊ လေးကြိမ်လေးဘန်၊ ဆန်ဝယ်လှူဒါန်းသည်လည်း တဌာန။ ကျောက်ဖြူပိုင်- ရမ်းဗြဲမြို့ရွာဒေသ၌။ ဒုဗ္ဘိက္ခဘေး၊ ငတ်မွတ်ကြသည့်အရေးကို၊ သူဌေးမင်း ကြားသိရာ။ သပြာ(၁၀၀၀)ဆန်ဘိုး ထုတ်ဆောင် လှူဒါန်းလေသည်လည်းတရပ်၊ ရန်ကုန်မြို့ ခွေးရူးကိုက်ဆေးရုံအသစ် တည်ထောင်ရာ။ သပြာ(၁၀၀၀) အလှူဝင်လေသည်။ ယင်းသို့ သူဌေးမင်း ဘုရားဒါယကာသည် အရာရာတို့၌ ဒါနကုသိုလ်မျိုးစေ့ကို ချပျိုးလေ့ရှိသူဖြစ်၍၊ စင်စစ်ချီးမွမ်းမြှောက်စားထိုက်သည်ကိုလည်း သိကြပါလေ။

ဒါနတော ဟောတိ ဘောဂဝါ၊ သီလတော ဟောတိ သုခိတာ။ ဟူသောပါဠိတော်။ ။ ပုညာယသုဂတိံယန္တိ၊ စာဂါယဝိပုလံဖလံ။ ပညာယဝိမုတ္တိမနော၊ ဣဿရိယာယဇနံရက္ခတိရာဇာ။ ဟူသောပါဠိတော်။ ဓမ္မောဟဝေရက္ခတိ စမ္မစာရိံ၊ ဟူသော ပါဠိတော်အရ၊ ဘောဂရတနာ၊ ဥစ္စာရွှေငွေ၊ ဌေးကြွယ်ပြည့်ဝ၍ ဒါနကောင်းမှုကို ပြုရသောကြောင့်။ မျက်မှောက်ဒိဋ္ဌ၊ တမလွန်လောကတို့၌၊ ဘောဂသမ္ပတ္တိ၊ ကိတ္တိယသ၊ ကျော်စောထင်ရှားစွာ ဖြစ်ရပေကြောင်းဟု အဓိပ္ပါယ် ဗျဂ်္ဂျတ္ထစကားကျလာသည်အားလျော်စွာ။ သူဌေးမင်း ဘုရားဒါယကာမှာလည်း လှူဒါလှူမှုဒါနကုသိုလ်ကောင်းမှု တို့ကြောင့်။ ယခုပစ္စက္ခ၌ပင်၊ ကောင်းမှုအကျိုးအားလျော်စွာ၊ ထင်ရှားစွာ ဖြစ်ရသည့်အကြောင်းမှာ။ အသက်လေးဆဲ့ငါး နှစ်မြောက်တွင်၊ ရွှေးကောက်ထင်မြင်၊ ကော်မတီလူကြီးမင်းအရာဖြင့်။ မြို့ပိုင်မင်းတို့- လူကြီးစာရင်း တင်သွင်းချီးမြှောက် သည်တကြိမ်၊ ထို့နောက်တခါ၊ မြို့ရွာငြိမ်သက်စေဘို့ရာ၊ သမာဓိမြို့ဝန် ရာထူးအဖြစ်ဖြင့် ချီးကျူးထောပနာ၊ နောက်ထပ် ကာမြှောက်မြှင့်လေသတည်း။ ထို့နောက်တဘန်၊ သူဌေးမင်း အသက်ခြောက်ဆဲ့ငါးနှစ်အရွယ်တွင်။ အကျိုးပေးလွန်၊ နိုင်ငံပိုင်စိုး၊ တန်းခိုးပေါ်ထင်၊ ဧကရီဘုရင်မဘုရား။ အထူးမှတ်သားစစ်ထွက်၍၊ ကြက်သရေဆောင် ရွှေစလွယ်ရ သူဌေးမင်းဟူ၍၊ ရွှေဘွဲ့နာမံ၊ အောင်လံတံဆိပ်ကို၊ စလွယ်ရွှေကြိုးနှင့်တကွ။ ချီးပမြှောက်စား သူကောင်းပြုသောအရာ များ၊ ဦးထိပ်မှာ ပန်ဆင်ရသည်လည်းတကြိမ်၊ ထို့နောက်တဘန်။ သူကောင်းပြုခံရပြန်သည်မှာ။ ၎င်းသူဌေးမင်းအသက် ခုနစ်ဆယ်ပြည့်တွင်၊ ဘိလပ်မြို့ပိုင် ဘုရင်မင်းမြတ်၏သားတော် ဥပရာဇာသည်။ အိန္ဒိယနိုင်ငံသို့ ကြွလာတော်မူ၍၊

ဒီလီမြို့တော်မှာ ခေတ္တစံတော်မူစဉ်၊ သားတော်ဥပရာဇာအိမ်ရှေ့မင်းနှင့်၊ တွေ့ဆုံဖူးမြင်ရ၍၊ ပဋိသန္တာရစကားဖြင့် ဝမ်းမြောက်ဝမ်းသာ ပြောကြားပြီးလျှင်၊ သူဌေးမင်းအား တံဆိပ်တော်ငွေခွက်ဖြင့် ချီးမြှင့်သူကောင်းပြုလေသည်တကြိမ်။ ထို့နောက်တဘန်၊ မြန်မာပြည် ဥပဒေပြုအရေးနှင့်ဆိုင်ရာ အစည်းအဝေးတွင်။ မင်းတိုင်ပင်အမတ်ကြီး အဖြစ်ဖြင့်။ ထပ်မံလှစ်ကျူး။ သူကောင်းပြုခံရသည်လည်း တကြိမ်။ ထို့နောက်တဘန်၊ သူဌေးမင်းအသက်တော် ခုနစ်ဆဲ့ခြောက်နှစ် ရောက်သောအခါ၊ အန္ဒိယနိုင်ငံတွင်၊ မြို့ရွာအရပ်ရပ်၌။ ဒုဗ္ဘိက္ခန္တရကပ်-နှိပ်စက်လတ်သဖြင့်။ အရပ်ရပ်ငတ်မွတ်ကြသည့် အတွက်၊ ရက္ခိုင်ပြည်ဝန်ရှင်တော်မင်းကြီး သခင်ဘုရားက၊ အများရှင်လူတို့ကို ဘိတ်ကြားသည်မှာ။ မိမိတို့သဒ္ဓါအလျောက် ထောက်ပံ့ကြပါမည့်အကြောင်းနှင့်၊ ကောက်ခံလေရာ။ သူဌေးမင်းဘုရားဒါယကာသည် သပြာဒင်္ဂါးပြားရေ တသောင်းကို၊ ကောင်းမြတ်သောသဒ္ဓါဖြင့် ပံ့ထောက်ကာ အလှူဝင်လိုက်ပေသည်။ ထိုသို့ အလှူဝင်လျှင်ပင်၊ မကြာမြင့်ခင်၊ ဘိလပ်ဘုရင် မင်းမြတ်က နောက်ထပ်ကြားရပြန်သောကြောင့်၊ ရွှေစလွယ်ရမင်း ဦးရဲကျော်သူသည်။ လူထူးလူမြတ် ဖြစ်ပေရကား။ တိုင်းသားပြည်သူ ရှင်လူအပေါင်းအား၊ သင်္ဂဟတရားလေးပါး၊ အပရိဟာနီယတရားခုနစ်ပါး။ နာယကဂုဏ်ခြောက်ပါး နှင့်၊ တရားသဖြင့် စောင်မကြည့်ရှုသူဖြစ်၍၊ ငါအရှင် မင်းဧကရာဇ်သည်။ ထိုက်သင့်လျောက်ပတ်အောင်၊ ရွှေခွက်တံဆိပ်၊ ခတ်နှိပ်ချီးမြှောက်ထောက်ပံ့သင့်ပေသည်တကားဟု ရွှေနှလုံးတော်မြတ် ပြဋ္ဌာန်းသည့်အတိုင်း၊ ကိရှဲဆာရေဟိန်ဟူသော ဘွဲ့နာမဖြင့်၊ တံဆိပ်တော်ရွှေခွက်ကို။ ရက္ခိုင်ပြည်ဝန်ရှင်တော်မင်းကြီးထံသို့ လွှဲအပ်လိုက်ပြီးလျှင်။ ဤတံဆိပ်တော်ရွှေခွက် ကို ပေးဆင်ရမည့်အရာမှာ။ ဒရကာပွဲတော်ကြီးကို၊ ကောင်းမွန်စွာ စီရင်၍၊ ပွဲဝင်ထိုက်သူ- လူကြီးလူကောင်းတို့ကို စုဆောင်းစည်းဝေးပြီးမှ၊ ရွှေစလွယ်ရ ဦးရဲကျော်သူသို့၊ ဆောက်နှင်းပေးအပ်ရမည်ဟု အမိန့်ဗျာဒိတ်စကားဖြင့် မြွက်ကြား တော်မူလိုက်လေသတည်း။ ထိုသည့်အခါ၊ ဝန်ရှင်တော်မင်းကြီးသခင်မှာ၊ ဘုရင်မင်းမြတ်၊ မိန့်ဗျာဒိတ်စကားရပ်ကို၊ ဦးထိပ်မှာ ပန်ဆင်ပြီးလျှင်၊ အရေးပိုင်ဝန်ထောက် စသော ဌာနန္တရ၊ ရာထူးကြီးသူ။ မင်းစုံမင်းညီနှင့်တကွ။ စစ်တွေမြို့မ နေ၊ ဂုဏ်ကြက်သရေရှိ လူကြီးလူကောင်းတို့ကို၊ ဘိတ်မန်စည်းဝေးပြီးသော်။ ရေပွဲကုန်းပွဲ၊ သဲသဲရုတ်ရုတ်၊ အုတ်အုတ် ကျက်ကျက်၊ တခဲနက်သော ပွဲသဘင်ကို ဆင်ယင်ကျင်းပလျက် ၁၂၇၁-ခု၊ ဥတုဂိမှန္တ၊ ကဆုန်လဆန်းတရက်။ တနင်းလာနေ့ မွန်းလွဲ၂-ချက်တီးအချိန်ဝယ်၊ ထိန်ထိန်ညီးညီး၊ မဏ္ဍပ်ကြီးအလယ်တွင်၊ ဂုဏ်အင်ကြက်သရေနှင့်၊ ပြည့်စုံစေ၍။ ကိရှဲဆာရေဟိန်-ဟူသော တံဆိပ်တော်ရွှေခွက်ကို။ ဝန့်ရှင်တော်မင်းကြီးသခင်ဘုရားကိုယ်တိုင် ကိုင်လျက်။ ဆင်ဆွဲ ချီးမြှောက်သဖြင့်၊ သူကောင်းပြုခံရပေသတည်း။ ထိုသည့်အခါ၊ ရောက်လာသမျှ ပရိသတ်အပေါင်း။ သောင်းသောင်း ညီမျှ၊ သြဘာပြုလျှက်၊ ရွှင်ပဝမ်းမြောက်။ လက်ပမ်းပေါက်ဖြင့်။ လက်မြှောက်တီးဝှေး။ ကောင်းချီးပေးကြလေသတည်း။

သေဋ္ဌိဝံသစာတမ်း ဤတွင်ပြီး၏။

------------***------------

သာကီဝင်မင်းဆက် အိမ်နိမ့်စံနန်းစံအသက်။

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၁ | မာရယုမင်း | ---- | ၁၈ | ၆၂ | ၈၀ |
| ၂ | မာရဇေတုမင်း | ---- | ၃၆ | ၃၂ | ၆၈ |
| ၃ | မာရအုံးမင်း | ---- | ၂၀ | ၅၃ | ၇၃ |
| ၄ | မာရရွှယ်မင်း | ---- | ၃၀ | ၄၈ | ၇၀ |
| ၅ | မာရတင်မင်း | ---- | ၂၅ | ၅၅ | ၈၀ |
| ၆ | မာရဇိန်မင်း | ---- | ၃၁ | ၃၃ | ၆၄ |
| ၇ | မာရကင်မင်း | ---- | ၆၀ | ၂၂ | ၈၂ |
| ၈ | များခြားဆေတ်အိုမင်း | ---- | ၆၆ | ၂၁ | ၈၇ |
| ၉ | ဒေါစန္ဒရားမင်း | ---- | ၂၀ | ၄၀ | ၆၀ |
| ၁၀ | သောဋ္ဌသစန္ဒရားမင်း | ---- | ၂၃ | ၃၃ | ၅၆ |
| ၁၁ | စန္ဒသူရိယမင်း | ---- | ၄၀ | ၃၂ | ၇၂ |
| ၁၂ | ကာလစန္ဒရားမင်း | ---- | ၂၀ | ၄၀ | ၆၀ |
| ၁၃ | တဠ္စန္ဒရားမင်း | ---- | ၂၀ | ၃၁ | ၅၁ |
| ၁၄ | မဝုရစန္ဒရားမင်း | ---- | ၂၇ | ၂၀ | ၄၇ |
| ၁၅ | ဇေယျစန္ဒရားမင်း | ---- | ၂၃ | ၄၇ | ၇၀ |
| ၁၆ | မောက္ခစန္ဒရားမင်း | ---- | ၃၂ | ၃၆ | ၆၈ |
| ၁၇ | ဂုဏာစန္ဒရားမင်း | ---- | ၃၆ | ၁၂ | ၄၈ |
| ၁၈ | ကံရာဇာကြီးမင်း | ---- | ၂၇ | ၄၁ | ၆၈ |
| ၁၉ | ကံရာဇာငယ်မင်း | ---- | ၂၀ | ၃၆ | ၅၆ |
| ၂၀ | အသုရိန္ဒသူရိယမင်း | ---- | ၃၂ | ၃၀ | ၆၂ |
| ၂၁ | သီရိကုတ္တမင်း | ---- | ၂၄ | ၂၈ | ၅၂ |
| ၂၂ | သူရိယာမင်း | ---- | ၂၉ | ၃၁ | ၆၀ |
| ၂၃ | မင်းထီး | ---- | ၂၁ | ၂၂ | ၄၃ |
| ၂၄ | မင်းပါ | ---- | ၂၅ | ၂၂ | ၄၇ |
| ၂၅ | စည်အောင်မင်း | ---- | ၂၆ | ၂၈ | ၅၄ |
| ၂၆ | ညီတော်ကံတိုင်းမင်း | ---- | ၁၉ | ၃၁ | ၅၀ |
| ၂၇ | ၎င်းသားတော် ကျော်ခေါင်စင်မင်း | ---- | ၂၂ | ၃၁ | ၅၃ |
| ၂၈ | ၎င်းသားတော် သူရိနန္ဒမင်း | ---- | ၃၄ | ၂၁ | ၅၅ |
| ၂၉ | ၎င်းသားတော် အနန္တဘယမင်း | ---- | ၄၀ | ၃၁ | ၇၁ |
| ၃၀ | ၎င်းသားတော် လက်ျာစည်သူကြီး | ---- | ၃၀ | ၃၂ | ၆၂ |
| ၃၁ | ၎င်းသားတော် သီဟကုဋ္ဌိမင်း | ---- | ၄၁ | ၄၃ | ၈၄ |
| ၃၂ | ၎င်းသားတော် မင်းဘုန်းသံ | ---- | ၃၈ | ၃၁ | ၆၉ |

## သာကီဝင်မင်းဆက်အိမ်နိမ့်စံနန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၃၃ | ရင်းသားတော်ပဒပ်မွေးမင်း | --- | ၁၉ | ၄၉ | ၆၈ |
| ၃၄ | ရင်းသားတော်ဇေယနံသူ | --- | ၂၀ | ၅၁ | ၇၂ |
| ၃၅ | ရင်းသားတော်ကက္ကမင်း | --- | ၂၈ | ၄၆ | ၇၄ |
| ၃၆ | ရင်းသားတော်လက္ခဏမင်း | --- | ၃၁ | ၃၇ | ၆၈ |
| ၃၇ | ရင်းသားတော်ဂုဏ္ဏရာဇ်မင်း | --- | ၃၁ | ၄၈ | ၇၆ |
| ၃၈ | ရင်းသားတော်သီဝရာဇ်မင်း | --- | ၃၂ | ၄၁ | ၇၃ |
| ၃၉ | ရင်းသားတောမင်းလှမွေး | --- | ၃၃ | ၃၁ | ၆၄ |
| ၄၀ | ရင်းသားတော်ပရိန်နမင်း | --- | ၃၂ | ၆၂ | ၆၄ |
| ၄၁ | ရင်းသားတော်သိဒ္ဓတ်မင်း | --- | ၄၀ | ၂၂ | ၆၂ |
| ၄၂ | ရင်းသားတော်မင်းလှကြီး | --- | ၁၉ | ၄၂ | ၆၁ |
| ၄၃ | ရင်းသားတော်ထွေးလုံးကြီးမင်း | --- | ၂၀ | ၂၄ | ၄၄ |
| ၄၄ | ရင်းသားတော်စေရာဇ်မင်း | --- | ၃၁ | ၃၈ | ၆၉ |
| ၄၅ | ရင်းသားတော်မျက်နှာဝန်မင်း | --- | ၁၆ | ၃၁ | ၄၇ |
| ၄၆ | ရင်းသားတော်လက်ရုံးကြီးမင်း | --- | ၃၀ | ၂၇ | ၅၇ |
| ၄၇ | ရင်းသားတော်သီရိကမ္ဗသုန္ဒရမင်း | --- | ၂၂ | ၃၁ | ၅၃ |
| ၄၈ | ရင်းသားတော်စန္ဒကောမဘာယမင်း | --- | ၃၉ | ၂၇ | ၆၆ |
| ၄၉ | ရင်းသားတော်မင်းနန်ဖြူ | --- | ၂၄ | ၂၀ | ၄၄ |
| ၅၀ | ရင်းသားတော်မင်းနု | --- | ၄၀ | ၂၈ | ၆၈ |
| ၅၁ | ရင်းသားတော်မင်းခေါင်ငယ် | --- | ၃၁ | ၁၉ | ၅၀ |
| ၅၂ | ရင်းသားတော်မင်းခေါင်ရံ | --- | ၁၆ | ၄၀ | ၅၉ |
| ၅၃ | ရင်းသားတော်မင်းငယ်ပျောလှ | --- | ၂၀ | ၆ | ၂၇ |
| ၅၄ | ရင်းနောက်မြို့ ၃ယောက် | --- | | ၅-၂လ | |
| ၅၅ | ကံရာဇာမင်းကြီး | --- | ၃၀ | ၃၇ | ၆၇ |
| ၅၆ | ရင်းသားတော်သီဟရာဇာ | --- | ၂၃ | ၄၈ | ၇၁ |
| ၅၇ | ရင်းသားတော်ဝါသုရမင်း | --- | ၂၀ | ၃၁ | ၅၁ |
| ၅၈ | ရင်းသားတော်နန္ဒဝိသုရမင်း | --- | ၂၂ | ၄၀ | ၆၂ |
| ၅၉ | ရင်းသားတော်စန္ဒသူရိယမင်း | --- | ၃၀ | ၃၂ | ၆၂ |
| ၆၀ | ရင်းသားတော်သူရစန္ဒမင်း | --- | ၄၀ | ၂၃ | ၆၃ |
| ၆၁ | ရင်းသားတော်မန္ဒာတ်မင်း | --- | ၃၀ | ၃၇ | ၆၇ |
| ၆၂ | ရင်းသားတော်သီရိစန္ဒမင်း | --- | ၃၅ | ၄၀ | ၇၅ |
| ၆၃ | ရင်းမင်းညီတော်သီဟမင်း | --- | ၂၃ | ၄၆ | ၆၉ |
| ၆၄ | ရင်းသားတော်သီဟနုမင်း | --- | ၁၀ | ၂၀ | ၃၈ |

## သာကီဝင်မင်းဆက် အိမ်နိမ့်စံနန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၆၅ | ၎င်းသားတော်ပယောဂမင်း | ---- | ၂၀ | ၃၁ | ၅၁ |
| ၆၆ | ၎င်းသားတော်နိလဂုဏမင်း | ---- | ၁၈ | ၄၁ | ၅၉ |
| ၆၇ | ၎င်းသားတော်ရောဟဂုဏမင်း | ---- | ၃၈ | ၃၁ | ၆၉ |
| ၆၈ | ၎င်းသားတော်သီရိဂုဏမင်း | ---- | ၂၀ | ၂၄ | ၄၄ |
| ၆၉ | ၎င်းမင်း၏တူတော်သမန်ဇာမင်း | ---- | ၁၉ | ၃၉ | ၅၈ |
| ၇၀ | ၎င်းသားတော်ကုမာရမင်း | ---- | ၃၃ | ၂၀ | ၅၃ |
| ၇၁ | ၎င်းသားတော်သက်တင်ဖြူမင်း | ---- | ၂၈ | ၄၀ | ၆၈ |
| ၇၂ | ၎င်းသားတော်သက်တင်ဦးမင်း | ---- | ၂၁ | ၄၂ | ၆၃ |
| ၇၃ | ၎င်းသားတော်ဇေတဝန်မင်း | ---- | ၄၀ | ၃၆ | ၇၆ |
| ၇၄ | ၎င်းသားတော်မဋ္ဌိယမင်း | ---- | ၃၄ | ၄၄ | ၇၈ |
| ၇၅ | ၎င်းသားတော်ကုမ္မာရဝိသုကမင်း | ---- | ၂၀ | ၈၇ | ၁၀၇ |
| ၇၆ | ၎င်းသားတော်ဝါသုမဏ္ဍလမင်း | ---- | ၄၂ | ၃၄ | ၇၆ |
| ၇၇ | ၎င်းသားတော်သူရိန္ဒမင်း | ---- | ၂၈ | ၃၁ | ၅၉ |
| ၇၈ | ၎င်းသားတော်ရာလမာယုမင်း | ---- | ၃၁ | ၂၂ | ၅၃ |
| ၇၉ | ၎င်းသားတော်နာလမာယုမင်း | ---- | ၂၈ | ၃၁ | ၅၉ |
| ၈၀ | ၎င်းသားတော်ဝုတ္တဂုဏ်မင်း | ---- | ၂၈ | ၂၂ | ၅၀ |
| ၈၁ | ၎င်းသားတော်ဝိသုရာဇာမင်း | ---- | ၃၇ | ၂၁ | ၅၈ |
| ၈၂ | ၎င်းသားတော်မင်းသီရိရာဇာ | ---- | ၂၂ | ၃၅ | ၅၇ |
| ၈၃ | ၎င်းသားတော်မဟာစန္ဒသူရိယမင်း | ---- | ၂၁ | ၅၂ | ၇၃ |
| ၈၄ | ၎င်းသားတော်သူရိယာဓိပတိမင်း | ---- | ၂၉ | ၄၇ | ၇၆ |
| ၈၅ | ၎င်းသားတော်သူရိယမဏ္ဍလမင်း | ---- | ၁၄ | ၆၄ | ၇၈ |
| ၈၆ | ၎င်းသားတော်သူရိယာဝဏ္ဏမင်း | ---- | ၄၂ | ၄၄ | ၈၆ |
| ၈၇ | ၎င်းသားတော်နာဂမင်း | ---- | ၂၇ | ၄၀ | ၆၇ |
| ၈၈ | ၎င်းသားတော်သူရိယာဝံသမင်း | ---- | ၄၅ | ၉ | ၅၄ |
| ၈၉ | ၎င်းသားတော်သူရိယဗန္ဓမင်း | ---- | ၄၂ | ၆ | ၄၈ |
| ၉၀ | ၎င်းသားတော်သူရိယကလျာဏမင် | ---- | ၂၂ | ၁၈ | ၄၀ |
| ၉၁ | ၎င်းသားတော်သူရိယရက္ခမင်း | ---- | ၃၂ | ၃၁ | ၆၃ |
| ၉၂ | ၎င်းသားတော်သူရိယတေဇမင်း | ---- | ၄၀ | ၃၁ | ၇၁ |
| ၉၃ | ၎င်းသားတော်သူရိယပုညမင်း | ---- | ၂၂ | ၃၈ | ၆၀ |
| ၉၄ | ၎င်းသားတော်သူရိယကုလမင်း | ---- | ၂၄ | ၃၃ | ၅၇ |
| ၉၅ | ၎င်းသားတော်သူရိယပဗ္ဗမင်း | ---- | ၂၅ | ၂၅ | ၅၀ |
| ၉၆ | ၎င်းသားတော်သူရိယစိတြမင်း | ---- | ၃၂ | ၁၈ | ၅၀ |

သာကီဝင်မင်းဆက်အိမ့်နိမ့်စံနန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၉၇ | ၎င်းသားတော် သူရိယသေဋ္ဌမင်း | ---- | ၂၆ | ၂၂ | ၄၈ |
| ၉၈ | ၎င်းသားတော် သူရိယဝိမလမင်း | ---- | ၂၄ | ၄၈ | ၇၂ |
| ၉၉ | ၎င်းသားတော် သူရိရေနမင်း | ---- | ၂၈ | ၃၈ | ၆၆ |
| ၁၀၀ | ၎င်းသားတော် သူရိယကံသမင်း | ---- | ၂၂ | ၁၆ | ၃၈ |
| ၁၀၁ | ၎င်းမင်းဘထွေးတော်သူရိယသက္ယ | ---- | ၄၀ | ၈ | ၄၈ |
| ၁၀၂ | ၎င်းသားတော် သူရိယသီရိမင်း | ---- | ၁၉ | ၂၀ | ၃၉ |
| ၁၀၃ | ၎င်းသားတော် သူရိယကေသီမင်း | ---- | ၂၁ | ၃၉ | ၆၀ |
| ၁၀၄ | ၎င်းသားတော် သူရိယကုတ္တမင်း | ---- | ၃၇ | ၄၃ | ၆၀ |
| ၁၀၅ | ၎င်းသားတော် သူရိယကေတုမင်း | ---- | ၂၄ | ၄၂ | ၆၆ |
| ၁၀၆ | ၎င်းသားမဟာသူရိယတိုင်းစန္ဒရားမင်း | ---- | ၂၁ | ၂၂ | ၄၃ |
| ၁၀၇ | ၎င်းသားတော်သူရိယတိုင်းစန္ဒရားမင်း | ---- | ၃၃ | ၂၀ | ၅၃ |
| ၁၀၈ | ၎င်းသားတော်မောလတိုင်းစန္ဒရားမင်း | ---- | ၃၆ | ၁၉ | ၅၅ |
| ၁၀၉ | ၎င်းသားတော်ပေါလတိုင်းစန္ဒရားမင်း | ---- | ၃၀ | ၂၆ | ၅၆ |
| ၁၁၀ | ၎င်းသားတော်ကာလတိုင်းစန္ဒရားမင်း | ---- | ၃၂ | ၉ | ၄၁ |
| ၁၁၁ | ၎င်းသားတော်ထူလတိုင်းစန္ဒရားမင်း | ---- | ၂၂ | ၉ | ၃၁ |
| ၁၁၂ | ၎င်းသားတော်သီရိတိုင်းစန္ဒရားမင်း | ---- | ၁၇ | ၃၂ | ၄၉ |
| ၁၁၃ | ၎င်းသားတော်သိင်္ဂီတိုင်းစန္ဒရားမင်း | ---- | ၁၈ | ၁၆ | ၃၄ |
| ၁၁၄ | ၎င်းသားတော် စူလတိုင်းစန္ဒရားမင်း | ---- | ၂၀ | ၆ | ၂၆ |
| ၁၁၅ | မြို့မင်းအမြထူး | ---- | | ၇ | ၇ |
| ၁၁၆ | ၎င်းညီသားယေဖြူမင်း | ---- | | ၁၂ | ၁၂ |
| ၁၁၇ | ၎င်းနောက်ပေပင်ငတုံးမင်း | ---- | ၃၉ | ၂၄ | ၆၃ |
| ၁၁၈ | ၎င်းနောက် ခေတ္တသင်မင်း | ---- | ၂၄ | ၂၀ | ၄၄ |
| ၁၁၉ | ၎င်းညီတော် စန္ဒသင်မင်း | ---- | ၃၁ | ၄၁ | ၇၂ |
| ၁၂၀ | ၎င်းသားတော်မင်းရင်ဖြူ | ---- | ၅၅ | ၁၀ | ၆၅ |
| ၁၂၁ | ၎င်းသားတော် နာဂသူရိယမင်း | ---- | ၂၁ | ၃၁ | ၅၂ |
| ၁၂၂ | ၎င်းသားတော် သူရိယရာဇာမင်း | ---- | ၂၇ | ၂၂ | ၄၉ |
| ၁၂၃ | ၎င်းသားတော် ပုဏ္ဏကမင်း | ---- | ၂၂ | ၂၄ | ၄၆ |
| ၁၂၄ | ၎င်းသားတော် မင်းဖြူကြီး | ---- | ၂၂ | ၂၂ | ၄၄ |
| ၁၂၅ | မျိုးခြားစည်သဘင်မင်း | ---- | | ၁ | ၁ |
| ၁၂၆ | မင်းနန်ကြီး | ---- | ၄၉ | ၅ | ၅၄ |
| ၁၂၇ | ၎င်းသားတော် မင်းဘီလူး | ---- | ၂၆ | ၁၆ | ၄၂ |
| ၁၂၈ | ၎င်းသားတော် မင်းကုလား | ---- | ၁၉ | ၃ | ၂၂ |

## သာကီဝင်မင်းဆက် အိမ်နိမ့်စံနန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၁၂၉ | ၎င်းမင်းဘီလူးမင်းဘီလူး | ----- | ၃၀ | ၃ | ၃၃ |
| ၁၃၀ | ၎င်းနောက်ဝရောင်ငှက်စနည်မင်း | ----- | | ၁၄ | ၁၄ |
| ၁၃၁ | ၎င်းသားတော်မင်းသံ | ----- | ၃၄ | ၈ | ၄၂ |
| ၁၃၂ | ၎င်းသားတော်မင်းပတိ | ----- | - | - | - |
| ၁၃၃ | လက်ျာမင်းနန် | ----- | ၄၈ | ၂၀ | ၇၆ |
| ၁၃၄ | ၎င်းသားတော်မင်းသီဟ | ----- | ၃၂ | ၁ | ၃၃ |
| ၁၃၅ | ၎င်းသားတော်ရာဇာကြီးမင်း | ----- | ၃၆ | ၂ | ၃၈ |
| ၁၃၆ | ၎င်းသားတော်သာကီဝင်ကြီး | ----- | ၂၀ | ၃၀ | ၅၀ |
| ၁၃၇ | ၎င်းသားတော်သာကီဝင်ငယ် | ----- | ၁၈ | ၂၀ | ၃၈ |
| ၁၃၈ | ၎င်းသားတော်ဒသရာဇာမင်း | ----- | ၂၁ | ၂၃ | ၄၄ |
| ၁၃၉ | ၎င်းသားတော်အနံ့သီရိမင်း | ----- | ၂၁ | ၂၂ | ၄၃ |
| ၁၄၀ | ၎င်းညီတော်မင်းအုန်းစား | ----- | ၃၁ | ၇ | ၃၈ |
| ၁၄၁ | ၎င်းသားတော်ပဥ္စကာမင်း | ----- | ၁၈ | ၂ | ၂၀ |
| ၁၄၂ | ၎င်းသားတော်ကိန္နရုပ်မင်း | ----- | ၁၂ | ၃ | ၁၅ |
| ၁၄၃ | ပဥ္စကာလမင်း | ----- | ၂၄ | ၃၁ | ၅၅ |
| ၁၄၄ | ၎င်းသားတော်ငရန်မင်း | ----- | ၂၅ | ၂၂ | ၄၇ |
| ၁၄၅ | ၎င်းသားတော်ငပုဂံမင်း | ----- | ၂၂ | ၂ | ၂၄ |
| ၁၄၆ | ငရက္ခိုင်မင်း | ----- | ၂၀ | ၃ | ၂၃ |
| ၁၄၇ | ၎င်းသားတော်ငကြုံမင်း | ----- | ၁၁ | ၁၃ | ၂၄ |
| ၁၄၈ | ၎င်းနောက် ငဆူမင်း | ----- | ၁၆ | ၄ | ၂၀ |
| ၁၄၉ | ငစွယ်သင်မင်း | ----- | ၂၀ | ၁ | ၂၁ |
| ၁၅၀ | ၎င်းနောက်မင်းခေါင်ကြီး | ----- | ၂၇ | ၁ | ၂၀ |
| ၁၅၁ | မင်းခေါင်ငယ် | ----- | ၂၀ | ၁ | ၂၁ |
| ၁၅၂ | ကမ္ဘာလောင်ငယ် | ----- | ၃၃ | ၈ | ၄၁ |
| ၁၅၃ | ၎င်းသားတော်လက်ျာဝင်ငယ် | ----- | ၂၁ | ၁၁ | ၃၂ |
| ၁၅၄ | ၎င်းသားတော်သနှသင်မင်း | ----- | ၁၁ | ၃ | ၁၄ |
| ၁၅၅ | ၎င်းနောက်နေသိန်းမင်း | ----- | ၄၀ | ၂၂ | ၆၂ |
| ၁၅၆ | ၎င်းသားတော်အနလုံမင်း | ----- | ၂၅ | ၂၇ | ၅၂ |
| ၁၅၇ | ၎င်းသားတော်အလောမာဖြူမင်း | ----- | ၃၈ | ၆ | ၄၄ |
| ၁၅၈ | ရာဇသူကြီးမင်း | ----- | ၃၁ | ၃၃ | ၅၆ |
| ၁၅၉ | ၎င်းသားတော်စောလုမင်း | ----- | ၂၃ | ၂၅ | ၅၀ |
| ၁၆၀ | ၎င်းသားတော်ဥစ္စနာကြီး | ----- | ၄၆ | ၂၇ | ၇၃ |

သာကီဝင်မင်းဆက် အိမ်နိမ့်စံနန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၁၆၁ | ၒင်းသားတော်မင်းခိုးမှန်ကြီး | ---- | ၂၆ | ၁၈ | ၄၉ |
| ၁၆၂ | ၒင်းသားတော် နန်းကျကြီးမင်း | ---- | ၃၁ | ၁၄ | ၄၅ |
| ၁၆၃ | ၒင်းသားတော် မင်းဘီလူး | ---- | ၂၂ | ၄ | ၂၆ |
| ၁၆၄ | ၒင်းသားတော် မင်းထီး | ---- | ၇ | ၁၁၁ | ၁၁၈ |
| ၁၆၅ | ၒင်းသားတော် ရာဇသူကြီး | ---- | ၆၀ | ၂၅ | ၈၅ |
| ၁၆၆ | ၒင်းညီတော်သိဂ်သူ | ---- | ၃၂ | ၃ | ၃၅ |
| ၁၆၇ | ၒင်းနောက်မင်းစောမွန် | ---- | ၂၄ | ၁၇ | ၄၁ |
| ၁၆၈ | ၒင်းညီတော်အလိခင်မင်း | ---- | ၄၇ | ၂၅ | ၇၂ |
| ၁၆၉ | ၒင်းသားေ တာ်မင်းစောဖြူ | ---- | ၃၀ | ၂ | ၅၂ |
| ၁၇၀ | ၒင်းသားတော်ဇေပတိမင်း | ---- | ၁၆ | ၂ | ၁၈ |
| ၁၇၁ | မင်းစိုးအိုး | ---- | ၃၀ | ၃၃ | ၆၃ |
| ၁၇၂ | မင်းဒေါလျှာ | ---- | ၂၇ | ၂၀ | ၄၇ |
| ၁၇၃ | မင်းညို | ---- | ၃၀ | ၂-၆ | ၃၂-၆ |
| ၁၇၄ | ၒင်းနောက်မင်းရန်အောင် | ---- | ၄၉ | ၆လ | ၄၉-၆ |
| ၁၇၅ | ၒင်းနောက်စလက်သူမင်း | | ၄၀ | ၇ | ၄၇ |
| ၁၇၆ | ၒင်းသားတော်မင်းရာဇာကြီး | | ၃၉ | ၂၂ | ၆၁ |
| ၁၇၇ | ၒင်းနောက်သားတော်မင်းစောလှ | | ၂၄ | ၈ | ၃၂ |
| ၁၇၈ | ၒင်းညီစကြဝတေးမင်း | | ၁၉ | ၇ | ၂၆ |
| ၁၇၉ | ၒင်းဘထွေးတော်မင်းဖလောင်း | | ၃၆ | ၁၉ | ၅၅ |
| ၁၈၀ | ၒင်းသားတော်မင်းခမောင်း | | ၄၈ | ၂၀ | ၆၈ |
| ၁၈၁ | ၒင်းသားတော်သီရိသုဓမ္မရာဇာ | | ၂၀ | ၁၆ | ၄၆ |
| ၁၈၂ | ၒင်းသားတော်စနေနံမင်း | | ၁၈ | ၂လ | ၁၈-၂ |
| | သာကီဝင်မင်းဆက်ပြတ်လေ၏။ | | | | |
| ၁၈၃ | နရပတိကြီးမင်း | | ၅၆ | ၇ | ၆၃ |
| ၁၈၄ | ၒင်းသားတော်မြို့သစ်မင်း | | ၂၆ | ၇ | ၃၃ |
| ၁၈၅ | ၒင်းသားတော်စန္ဒသုဓမ္မရာဇာ | | ၁၇ | ၃၂ | ၄၉ |
| ၁၈၆ | ၒင်းသားတော်သီရိသုဓမ္မရာဇာ | | ၂၃ | ၁ | ၂၄ |
| ၁၈၇ | မဏိသုဓမ္မရာဇာမင်း | | ၃၅ | ၂ | ၃၇ |
| ၁၈၈ | စန္ဒသူရိယရာဇာမင်း | | ၂၂ | ၂ | ၂၄ |
| ၁၈၉ | နော်ရထာမင်း | | ၁၄ | ၁၅ရက် | ၁၄-၁၅ |
| ၁၉၀ | ၒင်းနောက်မာရုပ္ပိယမင်း | | ၆၀ | ၁ | ၆၁ |

## သာကီဝင်မင်းဆက် အိမ်နိမ့်စံ နန်းစံအသက်

| ဦးရေ | မင်းအမည် | | အိမ်နိမ့်စံ | ထီးနန်းစံ | နှစ်စုပေါင်း အသက်တော် |
|---|---|---|---|---|---|
| ၁၉၁ | ငှင်းနောက်ကိတ္တိမင်း | ---- | - | - | - |
| ၁၉၂ | စန္ဒဝိမလရာဇာမင်း | ---- | ၂၁ | ၆ | ၁၇ |
| ၁၉၃ | သီဟသတိုးမင်းလှ | ---- | - | - | - |
| ၁၉၄ | စန္ဒသူရိယရာဇာ | ---- | ၆ | ၄ | ၁၀ |
| ၁၉၅ | ငှင်းနောက်စန္ဒဝိဇယမင်း | ---- | ၄၅ | ၂၁ | ၆၆ |
| ၁၉၆ | သာမမင်းသား | ---- | ၃၆ | ၃ | ၃၉ |
| ၁၉၇ | နရာဓိပတိ | ---- | ၂၀ | ၁ | ၂၁ |
| ၁၉၈ | နရပဝရရာဇာမင်း | ---- | ၅၀ | ၂ | ၅၂ |
| ၁၉၉ | စန္ဒဝိဇယရာဇာမင်း | ---- | ၂၂ | ၈-လ | ၂၂-၈ |
| ၂၀၀ | ကုလားကတျာမင်း | ---- | ၂၀ | ၅ | ၂၅ |
| ၂၀၁ | နရအဘယရာဇာမင်း | ---- | ၄၈ | ၁၉ | ၆၇ |
| ၂၀၂ | သိရိသုရာဇာမင်း | ---- | - | - | - |
| ၂၀၃ | စန္ဒပရမရာဇာမင်း | ---- | ၂၀ | ၃ | ၂၃ |
| ၂၀၄ | အဘယရာဇာမင်း | ---- | ၅၅ | ၉ | ၆၄ |
| ၂၀၅ | စန္ဒသုမနရာဇာမင်း | ---- | ၅၀ | ၄ | ၅၄ |
| ၂၀၆ | စန္ဒဝိမလရာဇာမင်း | ---- | ၄၆ | ၄၀-ရက် | ၈၆ |
| ၂၀၇ | စန္ဒသတိဿမင်း | ---- | ၅၀ | ၅ | ၅၅ |
| ၂၀၈ | မဟာသမ္မတရာဇာ | ---- | ၄၀ | ၂ | ၄၂ |

ဂဏန်းပုံပြင်ပြီး၏။

ပဲခူးမြို့-မင်းကျောင်းဆရာတော် ဦးပဏ္ဍိ ပြုပြင်စီရင်အပ်သော ၊ ဩဿဝတီရာဇဝင်သစ်ကား သက္ကရာဇ် ၁၂၇၁-ခု၊ တန်ခူးလဆွတ် ရရက် ကြာသပတေးနေ့တွင် အောင်မြင်ပြီးစီးသတည်း။

ဓမ္မဒါနကုသိုလ်ပါဝင်သူများစာရင်း

| ကုသိုလ်ပါဝင်သူအမည် | | အုပ်ရေ |
|---|---|---|
| ဓညဝတီ-စစ်တွေမြို့။ | ------ | ၁၀၀ |
| သူဌေးကြီး ဦးရဲကျော်သူ | ------ | ၂၂၀ |
| ရမ်းဗြဲမြို့-ကြက်သရေရွှါနေ-ကျော်အောင် အမိ-စံဝန်း | ------ | ၁ |
| ပဥ္စင်းဘမောင်ဘိုးဦး | ------ | ၁ |
| သာပု | ------ | ၁ |
| ကာလု | ------ | ၁ |
| ဦးကျော်စံ | ------ | ၁ |
| ဆေးဆရာယက်သေ့အောင် | ------ | ၁ |
| စိန်ဦး | ------ | ၁ |
| ချစ်ဦး | ------ | ၁ |
| ဘားဦး | ------ | ၁ |
| ရွှေပန်း | ------ | ၁ |
| မောင်သာလှ | ------ | ၁ |
| ပိုးချေ | ------ | ၁ |
| စံဘိုးဦး | ------ | ၁ |
| ရွှေကျော် | ------ | ၁ |
| ချမ်းညို | ------ | ၁ |
| မောင်ကြာဖြူ | ------ | ၁ |
| ထွန်းသာဦး | ------ | ၁ |
| သာဇံ | ------ | ၁ |
| ငလုံးအောင် | ------ | ၁ |
| ငုင်းမြို့အောင်စေတီရပ်။ ထွန်းအောင် | ------ | ၂ |
| ငုင်းလက်ပံဘုန်းတော်ကြီး | ------ | ၁၂ |
| ဓညဝတီမြို့ဟောင်း-ညောင်ပင်ဈေးကျောင်းဘုန်းတော်ကြီး | ------ | ၄၂ |
| မာရ်အောင်မြို့မ-ဆရာတော်ကြီး | ------ | ၇ |
| သံတွဲမြို့ ဘုန်းတော်ကြီး ဦးလာဘ | ------ | ၅ |
| ဟံသာဝတီ-ပဲခူးမြို့ ဆရာဝန်ကြီး | ------ | ၅ |
| ရှေ့နေမောင်ဟန် | ------ | ၁ |
| မောင်အောင်ပွား | ------ | ၂ |
| တိုက်သူကြီး ဦးထွတ် | ------ | ၅ |
| ရှေ့နေဦးခင် | ------ | ၁ |
| ပန်းထိမ်ဆရာ မောင်ထွန်းဦး | ------ | ၂ |

မမွဒါနကုသိုလ်ပါဝင်သူများစာရင်း

| ကုသိုလ်ပါဝင်သူအမည် | | | အုပ်ရေ |
|---|---|---|---|
| စစ်တွေမြို့-လမ်းမတော်-စက်ပွဲစားကြီး<br>ခွေးတီးအောင်။ ဟံသာဝတီ-ပဲခူးမြို့။ | | ---- | ၅ |
| ပန်းလှိုင်ရပ်-ကုန်သည် ဦးမောင်ကြီး | | ---- | ၁ |
| ဇင်းကုန်သည် ဦးဘိုးကျော် | | ---- | ၁ |
| ပန်းထိမ်ဆရာ ကိုဘိုးသက် | | ---- | ၁ |
| ပွဲစားကြီး-ကိုခိုင် | | ---- | ၁ |
| ကုန်သည်-မညီး | | ---- | ၁ |
| မုံ့တီတန်းအောင်ထွန်း | | ---- | ၂ |
| မြို့တွင်း မရွှေမယ် | | ---- | ၃ |
| နာမည်မရှိ | | ---- | ၂ |
| လိပ်ပြာကန်ဆရာတော်ဘုရားကြီး | | ---- | ၂ |
| ဂန္ဓာရုံဘုန်းတော်ကြီး | | ---- | ၁၀ |
| စာရေးကြီး ဦးလူခင် | | ---- | ၁ |
| အထက်ဇိုင်းဂနိုင်းဆရာတော် | | ---- | ၇ |
| သာယာကုန်းဘုန်းတော်ကြီးဘုရား | | ---- | ၇ |
| ပဲခူးမြို့-ဒိစကြိတ်-မြေတဲစုရှာနေ ဦးချို လယ်လုပ် | | ---- | ၂ |
| ကိုအောင်ကြီး | | ---- | ၂ |
| ကိုရွှေလုံး | ဇင်း | ---- | ၂ |
| ကိုဘိုးဆင့် | | ---- | ၁ |
| ကိုဘိုးသိန်း | | ---- | ၁ |
| ကိုမှင် | | ---- | ၁ |
| ကိုယုံ | | ---- | ၁ |
| ကိုမဲ | | ---- | ၁ |
| ကိုထွန်း | | ---- | ၁ |
| ကုဘိုးစိန် | | ---- | ၁ |
| ကိုအုန်းခိုင် | | ---- | ၁ |
| ကိုညို | ဇင်း | ---- | ၁ |
| ကိုတောလူ | | ---- | ၁ |
| ကိုဘိုးညွန့် | | ---- | ၁ |
| ကိုဘိုးမြစ် | | ---- | ၁ |
| ကိုဘိုးအောင် | | ---- | ၁ |
| ကိုဘိုးကြီး | | ---- | ၁ |
| ကိုဘဆိုင် | | ---- | ၁ |
| ကိုထွန်းကျော် | | ---- | ၁ |

## ဓမ္မဒါနကုသိုလ်ပါဝင်သူများစာရင်း

| ကုသိုလ်ပါဝင်သူအမည် | | | အုပ်ရေ |
|---|---|---|---|
| ကိုဘိုးကာ | လယ်လုပ် | ---- | ၁ |
| မြေတဲစုရွာနေ ကိုသာအေး | လယ်လုပ် | ---- | ၁ |
| ကိုလှကျော် | | ---- | ၁ |
| ကိုထွန်းပိုး | | ---- | ၁ |
| ကိုရွှေအေး | | ---- | ၁ |
| မမယ် | | ---- | ၁ |
| မိဝိုင်း | ရင်း | ---- | ၁ |
| ပဲခူးမြို့ ဒိစကြိတ်ဆင်ရွာနေ ကိုဘိုးသင်း | လယ်လုပ် | ---- | ၄ |
| ကိုရွှေတိုင် | | ---- | ၁ |
| ကိုသာလွန်း | ရင်း | ---- | ၁ |
| ပဲခူးမြို့ ကျုံတကန်ရွာနေ ဦးခို | လယ်လုပ် | ---- | ၁ |
| ကိုညွန့် | | ---- | ၁ |
| ကိုပျားအုံ | ဈေးသည် | ---- | ၁ |
| ကိုဘိုးသာ | | ---- | ၁ |
| ကိုဘိုးနု | | ---- | ၁ |
| ကိုဘိုးချို | | ---- | ၁ |
| ဘိုးကွန်း | ဈေးသည် | ---- | ၁ |
| ကိုဘိုးလွန်း | လက်သွား | ---- | ၁ |
| မောင်ထွန်းအောင် | ကုန်သည် | ---- | ၁ |
| မောင်အောင်ညွန့် | | ---- | ၁ |
| မောင်ဘိုးညွန့် | | ---- | ၁ |
| ကိုဘိုးငို | | ---- | ၁ |
| မကျာရံ | ဈေးသည် | ---- | ၁ |
| မပုကို | ဈေးသည် | ---- | ၁ |
| မငွေမှုံ | လယ်လုပ် | ---- | ၁ |
| မရွှေကျော့ | ဈေးသည် | ---- | ၁ |
| ပဲခူးမြို့-ကမာနတ်ရွာ | | ---- | ၁ |
| ပဲခူးမြို့တွင်း ရှေနေကိုလူခင် | | ---- | ၁ |
| ရင်းစာရေးကြီး ဦးပွား | | ---- | ၁ |
| ရင်းငွေတိုက်စာရေး စံမြ | | ---- | ၁ |
| ရင်းမြို့တွင်း ဘိုးဦး | | ---- | ၁ |
| ပဲခူးမြို့ မင်းကျောင်း ဦးပဍွင်း သာဒိန | | ---- | ၂ |
| ရင်းနေ ဦးဝါယာမ | | ---- | ၂ |